A HOME CONTEST THAT'S ALL ABOUT STYLE INSIDE

မြန်မာတိုင်း(မ)

THE MYANMARTIMES

ဒဂုံ၇၉၀

သင်ယနေ့ဖတ်ရမည့် အနာဂတ်သတင်းစာစောင် www.mmtimes.com အတွဲ ၃၁၊ အမှတ် ၆၀၉ (၂၂ - ၂၈၊ ၂၊ ၂၀၁၃)

ရသင့်ရထိုက်သည့် လူ့အခွင့်အရေး ဆုံးရှုံးမှုအခြေအနေများ မဆိုးဝါးမီ ထိန်းသိမ်းရန်လိုဟု ကွင်တားနား သတိပေးပြော

ကချင်ပြည်နယ်ရှိ အစိုးရထိန်းချုပ်မှုအောက် မရှိသည့်နေရာများကို ကုလထောက်ပံ့မှုများပေးပို့ရန် အစိုးရက ခွင့်ပြုခဲ့ခြင်းကို ကြိုဆို သတင်းအပြည့်အစုံ၊ စာ–၃



ဟံသာဝတီ မော်တော်ယဉ်ရောင်းဝယ်ရေးစခန်းကို ယခင်သီရိမင်္ဂလာဈေးဟောင်းသို့ ပြောင်းရွှေ့ရန် ရန်ကုန်မြို့တော်စည်ပင်သာယာမှ ယခုလ ၂၀ ရက်နေ့က စာထုတ်ပြန်ခဲ့ပြီး နောက် ၎င်းယာဉ်ရောင်းဝယ်ရေးစခန်း၌ ဆန္ဒထုတ်ဖော်မှုများရှိခဲ့သည်ကို ယခုလ ၂၀ ရက်နေ့က တွေ့ရစဉ်။ သတင်း၊ စာ–၈ နှင့် ၂၈၊ ဓာတ်ပုံ-အောင်ဌေးလှိုင်

ရာသီပေါ်သီးနှံများ စိုက်ပျိုးမှု ဘိန်းစိုက်ပျိုးမှု ထက် လုံခြုံမှုပိုရှိ

နန်းတင်ထွေး

ရှမ်းပြည်နယ်တောင်ပိုင်း၌ နိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂတို့ ပူးပေါင်းလုပ်ဆောင်သော ဘိန်းအစားထိုးစီမံကိန်းအရ တောင်သူများမှာ ဘိန်းခင်းများအား စွန့်ခွာချိန်တွင် အခြားသော ဥပဒေနှင့်လွတ်ကင်းသည့် ရာသီပေါ်သီးနှံများအား စိုက်ပျိုးခြင်းမှာ ဘိန်းစိုက်ပျိုးစဉ်ကဲ့သို့မဟုတ်ဘဲ လုံခြုံစိတ်ချရမှုများ ပိုမိုခံစားရကြောင်းလည်း ထိုတောင်သူများက ပြောသည်။

ဘိန်းစိုက်ပျိုးမှုအား လွန်ခဲ့သည့်သုံးနှစ်ခန့်က ရပ်တန့်ခဲ့ကာ အခြားသီးနှံများစိုက်ပျိုးမှုမှာ ထင်သလောက် မအောင်မြင်သည်ကို တွေ့ရသည်။

"ဒါပေမယ့် အရင်ကလို ရဲတွေလာ ဖျက်ဆီးမှာလား၊ ဖမ်းမလားဆိုတာမျိုးတော့ မကြောက်ရတော့ပါဘူး"ဟု မနန်းမိုဟန်က ပြောသည်။

၂၀၁၂ တွင် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းတိုက်ဖျက်ရေး(UNODC)က ထုတ်ဝေသော အစီရင်ခံစာအရ ရှမ်းပြည်နယ်မှာ မြန်မာနိုင်ငံတစ်နိုင်ငံလုံး ဘိန်းစိုက်ပျိုးမှု၏ ၉၈ ရာခိုင်နှုန်းရှိကာ ဘိန်းစိုက်ပျိုးမှုမှာလည်း ၂၀၁၁ တွင် ပြန်လည် မြင့်တက်လာခဲ့သည်။

တောင်နက်ကျေးရွာ၌ နေထိုင်သူများမှာ ရှမ်းလူမျိုးများဖြစ်ကာ အိမ်ခြေ ၅၃ နှင့် လူဦးရေ ၃၅၀ ခန့်ရှိပြီး ပင်လုံမြို့အနီးအနားတွင် တည်ရှိသည်။

စာမျက်နှာ ၄ သို့





အင်းလေးဟိုတယ်ဇုန်စီမံကိန်း တားမြစ်သူ ရွာသားခုနစ်ဦး တရားစွဲခံရ

ဇွဲကူညစ္စာ

ညောင်ရွှေမြို့နယ်၊ အင်းလေးဟိုတယ်ဇုန် စီမံကိန်းနှင့်ပတ်သက်၍ ပုဒ်မ ၁၈၈ ထုတ်ပြန်ထားသည့် စီမံကိန်းဧရိယာအတွက် မြေနေရာရှင်းလင်းမှု လုပ်ငန်းခွင်ကို သွားရောက်တားမြစ်သည့်ဒေသခံရွာသား ခုနစ်ဦးအား ပုဒ်မ ၁၈၈ ဖြင့် တရားစွဲဆိုထားကြောင်း ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်တရားရုံးမှ သိရသည်။

အဆိုပါ ရွာသားခုနစ်ဦးသည် ဖေဖော်ရီလဆန်းပိုင်းတွင် ယင်းစီမံကိန်း တည်နေရာရှိ လမ်းဖောက်လုပ်မှုလုပ်ငန်းခွင် မြေနေရာရှင်းလင်းမှုကို သွားရောက်တားမြစ်ခဲ့ခြင်း အပေါ် ညောင်ရွှေမြို့နယ်အုပ်ချုပ်ရေးမှူးက ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် အာဏာဖီဆန်မှုပုဒ်မ ၁၈၈ ဖြင့် လည်းကောင်း၊ အဆိုပါရွာသား ခုနစ်ဦးထဲမှ သုံးဦးအား ထပ်မံ၍ နမ့်ပန်ရဲစခန်းမှ ယခုလ ၁၈ ရက်နေ့တွင် ဝတ္ထုရားနှောင့်ယှက်မှုပုဒ်မ ၃၅၃ ဖြင့် လည်းကောင်း တရားစွဲဆိုခဲ့သည်။

"ပုဒ်မ ၁၈၈ နဲ့တရားစွဲဆိုခံထားရတဲ့သူတွေကိုပဲ ဝတ္ထုရားနှောင့်ယှက်မှုပုဒ်မ ၃၅၃ နဲ့ နမ့်ပန်ရဲစခန်းက တရားစွဲဆိုထားတယ်။ ဒီနေ့ ခံဝန်ချုပ်မှာ လက်မှတ်ထိုးရတာ ကျွန်တော်တို့ ပါပါတယ်။ ကျွန်တော်တို့ကို ပုဒ်မ ၃၅၃ နဲ့ တရားထပ်စွဲဆိုထားတယ်လို့ ဒီနေ့လာပြောလို့သာ သိရတာပါ။ ခံဝန်ချုပ်မှာ လက်မှတ်သာ ထိုးပေးလိုက်တာ ပုဒ်မ ၃၅၃ က ဘာမှန်းမသိပါဘူး။ ပုဒ်မ ၁၈၈ နဲ့ အစွဲခံရတဲ့အထဲမှာလည်း တရားစွဲဆိုခြင်းခံထားရတဲ့ ခုနစ်ဦးထဲကမှ ကျွန်တော်ရယ်၊ ဦးချွေခဲ၊ ဦးအောင်ကျော်မျိုးတို့ ထပ်မံတရားစွဲဆိုခံထားရတာ ဖြစ်ပါတယ်"ဟု ကံဘဲ့ကျေးရွာမှ တရားစွဲဆိုခံရသည့် ဦးအောင်မြင့်က ပြောသည်။

တရားစွဲခံထားရသူများမှာ အင်ကြင်းကုန်းကျေးရွာနှင့် ကံဘဲ့ကျေးရွာမှ ဦးဇော်မင်း၊ ဦးသိန်းထွန်းဦး၊ ဒေါ်ခင်ဝင်း၊ ဦးကျော်စိန်၊ ဦးအောင်မြင့်၊ ဦးချွေခဲ၊ ဦးအောင်ကျော်မျိုးတို့ ဖြစ်ကြောင်း သိရသော်လည်း တရားလိုဖြစ်သူ ညောင်ရွှေမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းမောင်က ပြောသည်။

"စီမံရေးလုပ်ငန်းတွေကို ဟန့်တားခြင်း၊ နည်းမျိုးစုံနဲ့ ဖော်ပြစည်းရုံး လှုံဆော်ခြင်း မပြုရဆိုတဲ့ အချက်ကို ဖောက်ဖျက်ရာရောက်တယ်"ဟု အုပ်ချုပ်ရေးမှူးက ပြောသည်။

အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ အုပ်ချုပ်ရေးမှူး အမိန့်အာဏာကို ဖီဆန်ခြင်းမျိုးမဟုတ်ဘဲ ရင်တွင်းရှိသောဆန္ဒကို ပြသခဲ့ခြင်းသာဖြစ်ကြောင်း ရွာသားများက ပြောသည်။ ရွာသားများမှာ ဟိုတယ်ဇုန် တည်ဆောက်ခြင်းကို ကန့်ကွက်လိုခြင်းကြောင့်မဟုတ်ဘဲ လုပ်ကိုင်စားစရာ မြေပျောက်ဆုံးရသောကြောင့် မိမိတို့ပိုင်ဆိုင်မြေဖြစ်သည်ကိုသာ ဖော်ထုတ်လိုကြခြင်းဖြစ်ကြောင်း၊ လုပ်ကိုင်စားသောက်နိုင်ရန် တန်ရာတန်ကြေးလည်း ပေးစေလိုကြောင်း၊ စီးပွားရေးအလုပ်အကိုင်တစ်ခုမှတစ်ခုသို့ ပြောင်းလဲလုပ်ကိုင်ရန်မှာ မလွယ်ကူကြောင်း၊ မြေသိမ်းခံရသော ညောင်ရွှေမြို့နယ်၊ ကံဘဲ့ကျေးရွာနှင့် အင်ကြင်းကုန်းကျေးရွာမှ တောင်သူများက မြန်မာတိုင်း(မ်)ကို ယခုလ ၁၈ ရက်နေ့တွင် ပြောသည်။

"သီးစား လျော်ကြေးအတွက်ပဲပေးပြီး မြေရာကတော့ ကျွန်တော်တို့တွေ မပိုင်ဘူးလို့ ပြောလာတာ ဘာကြောင့်ပါလဲ။ ဂရန်တွေ၊ အခွန်အခတွေကောက်ခံတုန်းက ပြေစာတွေအကုန်ရှိပါတယ်။ ဒါတွေအလကားဖြစ်ကုန်ပြီလားလို့ သိချင်ပါတယ်"ဟု တောင်သူတစ်ဦးက ပြောသည်။



တရားစွဲခံ ရွာသားများနှင့်အတူ တရားရုံးသို့ လိုက်ပါလာသည့် အင်ကြင်းကုန်းနှင့် ကံဘဲ့ကျေးရွာမှ ရွာသူရွာသားများအား တရားရုံးရှေ့၌ တွေ့ရစဉ်။

ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် တိုက်နယ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးညီဦတင်၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီးနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ အဖွဲ့တို့က လျော်ကြေးလက်မခံသော ရွာသားများနှင့်တွေ့ဆုံဆွေးနွေးခဲ့ရာတွင် ရွာသားများက ထင်ဟဲ့များအား တစ်ဧကလျှင် ကျပ်သိန်း ၄၀၀ နှင့် လယ်ယာသီးနှံစိုက်ပျိုးမြေများအား တစ်ဧကလျှင် ကျပ်သိန်း ၁,၀၀၀ပေးရန်တောင်းဆိုထားသည်။

အဆိုပါတောင်းဆို ချက်များအရ အင်းဝန်ကြီးက ပြန်လည်တင်ပြပေးမည်ဟုပြောခဲ့ပြီး ဖော်ဝါရီလ ၂၀ ရက်နေ့

စာမျက်နှာ ၄ သို့

ပြည်တွင်းဒုက္ခသည်များအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဦးစားပေးမည်

အိအိဝိုးလွင်

ထိုင်းနိုင်ငံနယ်စပ်ရှိ ဒုက္ခသည်တစ်သိန်းကျော်အား မြန်မာပြည်တွင်းသို့ ပြန်လည်ခေါ်ယူမည်ဟု သတင်းများထွက်ပေါ်နေသော်လည်း ပြည်တွင်းဒုက္ခသည်များအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ဦးစားပေးဆောင်ရွက်ပြီးမှသာ ပြည်ပရှိ ဒုက္ခသည်များအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကရင်အမျိုးသားအစည်းအရုံး (ကေအင်နှ်ယူ)၏ ကာကွယ်ရေးဝန်ကြီး စောရော်ဂျာခင်က ပြောသည်။

"ပထမကတော့ ပြည်တွင်းဒုက္ခသည်တွေက ဘယ်မှမသွားကြတော့လုပ်ရတာ လွယ်တယ်။ မြို့ကျော်နေတဲ့ ရွာပုန်းရွာရှောင်တွေအတွက် စနစ်တကျ ပြန်လည်ထူထောင်ရေးလုပ်ပြီးမှပဲ တစ်ဖက်မှာရှိတဲ့သူတွေကို ဆောင်ရွက်ဖို့စီစဉ်နေပါတယ်"ဟု စောရော်ဂျာခင်က ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ကရင်ပြည်နယ်၊ ဘားအံမြို့၌ မီဒီယာများနှင့်တွေ့ဆုံစဉ် ပြောသည်။

ကရင်တိုင်းရင်းသားများသည် နှစ်ပေါင်း ၂၀ ကျော်ကြာ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ပဋိပက္ခများကြားတွင် မြေစာပင်များဖြစ်ခဲ့ကြောင်း၊ အဆိုပါ ကရင်ဒုက္ခသည်များမှာ ပြည်တွင်းနှင့် နယ်စပ်နိုင်ငံများတွင် ဒုက္ခသည်အဖြစ် နေထိုင်နေရကြောင်း၊ ယခု အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကြားတွင် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် ယခုအချိန်တွင် ပြည်နယ်ဖွံ့ဖြိုးရေးနှင့် ဒုက္ခသည်များအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အစိုးရနှင့် လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းကာ ဆောင်ရွက်နေကြောင်း စောရော်ဂျာခင်က ပြောသည်။

"တိုင်းရင်းသား ဒုက္ခသည်တွေအတွက် အရေးအကြီးဆုံးက အချက်အချက်တွေကို အစိုးရအာဏာပိုင်တွေရဲ့ ခွင့်ပြုချက်မပါဘဲ လုပ်လို့မရဘူး။ အားလုံး ပူးပေါင်းပါဝင်မှုနဲ့ အခက်အခဲတွေကို ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ၎င်းက ပြောသည်။

ကရင်ပြည်နယ်၌ ဒုက္ခသည်များ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အစိုးရနှင့် တိုင်းရင်းသားအဖွဲ့အစည်းများက ဒုက္ခသည်အရေအတွက်ကို စတင်စာရင်းကောက်ယူလျက်ရှိပြီး အရေအတွက် အတိအကျကိုမူ ပြောဆိုရန်ခက်ခဲကြောင်း၊ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းမှာပင် ဒုက္ခသည် ၂,၀၀၀ ကျော်ရှိကြောင်း၊ ထိုင်းနိုင်ငံနယ်စပ်တွင် ဒုက္ခသည်တစ်သိန်းခွဲကျော်ရှိမည်ဟု ခန့်မှန်းကြောင်း တာဝန်ရှိသူများက ပြောသည်။

"ကျွန်တော်တို့မြို့နယ်ခွဲကိုးခုမှာ အဖွဲ့ဖွဲ့ပြီး စာရင်းတွေ ကောက်နေတယ်။ တိုင်းရင်းသား အဖွဲ့အစည်းတွေကလည်း ထိုင်းဘက်မှာ စာရင်းကောက်နေတာ ရှိတယ်။ အခုမှ ကောက်နေတုန်းဆိုတော့ လုပ်ငန်းအစီအစဉ် အတိအကျတော့ မပြောနိုင်သေးပါဘူး"ဟုပြည်နယ်ကယ်ဆယ်ရေးမှူး ဦးအောင်ကျော်က ပြောသည်။

ထိုင်းနိုင်ငံနယ်စပ်၌ ဒုက္ခသည်စခန်းကိုးခုရှိပြီး အများစုမှာ ကရင်နှင့် မွန်တိုင်းရင်းသားများ ဖြစ်ကြောင်း၊ တရားဝင် ထုတ်ပြန်ချက်အရ ထိုင်းနယ်စပ်စခန်းများတွင် မြန်မာနိုင်ငံသို့ ပြန်ပို့မည့် ဒုက္ခသည်စုစုပေါင်း တစ်သိန်း ခြောက်သောင်းကျော် ရှိသော်လည်း လက်ရှိအနေအထားအရ မည်သည့်အချိန်နှင့် မည်သည့်နေရာသို့ ပြန်ရမည်ကို တိကျစွာ သတင်းထုတ်ပြန်မှုမရှိခြင်းကြောင့် စိုးရိမ်ပူပန်နေကြောင်း၊ မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများ အဖွဲ့၏ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဒေါ်ခင်ဥမ္မာက ယခုလ ၅ ရက်နေ့ တော်ဝင်နှင်းဆီ၌ ကျင်းပသော 'ပါဝင်မှု မရှိလျှင် သက်ဆိုင်မှု မရှိနိုင်၊ မြန်မာနိုင်ငံသို့ ပြန်လည်နေထိုင်ရေးအပေါ် ဒုက္ခသည်များ၏ ရင်ဖွင့်သံ' စာနယ်ဇင်းမိတ်ဆက်ပွဲတွင် ပြောသည်။

စာမျက်နှာ ၃ သို့



စက်မှုဇုန်တွေ အုပ်စုခွဲပြီး မီးပေးပြို

ထူးဇေအောင်နှင့် စိုးစန္ဒာဦး

ရန်ကုန်တိုင်းဒေသကြီးရှိ စက်မှုဇုန်များကို အလှည့်ကျ မီးပေးသည့်စနစ်ဖြင့် ဖေဖော်ဝါရီလ လလယ်ပိုင်းမှ စတင်ပြီး မီးပေးနေကြောင်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ထုတ်ပြန်ခဲ့သည်။

"စက်မှုဇုန်တွေကို အုပ်စုနှစ်စုခွဲပြီး အလှည့်ကျ မီးပေးတဲ့စနစ်ကို ဖေဖော်ဝါရီလက စတင်ခဲ့တာပါ။ မနက် ၇ နာရီမှ ၁၂ နာရီအထိတစ်စု၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ တစ်ဖွဲ့ဆိုပြီး မီးပေးတာပါ။ ကျန်တဲ့အချိန်ကိုမီးဖြတ်ပါတယ်" ဟုရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လတ်က မြန်မာတိုင်း(မ်)ကို ပြောသည်။

အဆိုပါ စက်မှုဇုန်များကို အလှည့်ကျ စနစ်ဖြင့် မီးပေးသည့်စနစ်သည် တတိယအဆင့်ဖြစ်ပြီး ဒုတိယအဆင့် အနေဖြင့် အစိုးရစက်ရုံများကိုဖြတ်ပြီး ပထမအဆင့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ စက်မှုလုပ်ငန်းများကိုစပြီး မီးဖြတ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌဦးအောင်ခိုင်က ဒီဇင်ဘာလ ၂၀၁၂ ခုနှစ်၌ ကျင်းပ ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ထို့နောက် ယခုအချိန်သည် လျှပ်စစ်ဓာတ်အား လိုအပ်သည့် ပမာဏသည်များပြီး ပေးနိုင်သည့် ပမာဏက နည်းနေသဖြင့် နည်းလမ်းများ ဆွေးနွေးနေကြောင်း ၎င်းက ပြောသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး (၁၂) ရက်မြောက်နေ့၌ ၂၀၁၃ ခုနှစ်နွေရာသီတွင် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အား လိုအပ်ချက်သည် မဂ္ဂါဝပ် ၂,၀၆၀ ခန့် ရှိမည် ဖြစ်သည်ဟု ပြောသည်။

လက်ရှိတွင် နွေရာသီကာလ ၂၀၁၃ ခုနှစ် မေလခန့်အထိ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုမှာ မဂ္ဂါဝပ် ၁,၅၅၀ ခန့် ရှိကြောင်း၊ ရန်ကုန် မြို့ရှိဓာတ်အားခွဲရုံကြီး လေးရုံနေရာ၌ ဂက်စ်တာဘိုင်များကို အသုံးပြုပြီး လည်ပတ်မည်ဖြစ်သဖြင့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂,၀၀ ခန့် တိုးလာမည်ဖြစ်ကြောင်းသိရသည်။ ■

ရသင့်ရထိုက်သည့် လူ့အခွင့်အရေးဆုံးရှုံးမှုအခြေအနေများ မဆိုဝါးမိ ထိန်သိမ်းရန်လိုဟု ကွင်တားနား သတိပေးပြော

ကချင်ပြည်နယ်ရှိ အစိုးရထိန်းချုပ်မှုအောက် မရှိသည့်နေရာများကို ကုလထောက်ပံ့မှုများပေးပို့ရန် အစိုးရက ခွင့်ပြုခဲ့ခြင်းကို ကြိုဆို

ဇော်ဝင်းသန်း

လွန်ခဲ့သောသီတင်းပတ်က ငါးရက်တာ ခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ လာရောက်ခဲ့သော လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန် မစ္စတာသော မတ်စ်အိုဟေးကွင်တားနားက မြန်မာနိုင်ငံတွင် ရသင့်ရထိုက်သော လူ့အခွင့်အရေးဆုံးရှုံးမှုများ ရှိနေဆဲဖြစ်ပြီး အခြေအနေမဆိုဝါးမီ ထိန်းသိမ်းရန် လိုအပ်ကြောင်းဖေဖော်ဝါရီလ ၁၆ ရက်နေ့ညနေ ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် သတိပေး ပြောကြားသည်။

"မြန်မာနိုင်ငံရဲ့ ရှေ့ဆက်သွားနေတဲ့ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်က နိုင်ငံရဲ့ လူ့အခွင့်အရေး အခြေအနေပိုမိုတိုးတက်လာတဲ့လက္ခဏာကို ပြပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံမှာ ရသင့်ရထိုက်တဲ့ လူ့အခွင့်အရေးဆုံးရှုံးမှုတွေရှိနေဆဲပါ။ ကျွန်တော်ယုံကြည်တာက အချိန်တွေ ကုန်တာနဲ့အမျှ ဒီလူ့အခွင့်အရေးဆုံးရှုံးမှု အခြေအနေ အခုထက် မဆိုဝါးလာခင် အမြန်ဆုံး ပဟျောက်အောင် ဆောင်ရွက်ဖို့ လိုပါတယ်"ဟု ၎င်းက ပြောသည်။

ကွင်တားနားသည် ၎င်း၏ခရီးစဉ် အတွင်း ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်ရှိ ဒုက္ခသည်စခန်းများသာမက ထိုပြည်နယ်များရှိအကျဉ်းထောင်များသို့ လည်းသွားရောက်ကာ လူ့အခွင့်အရေးဆိုင်ရာ အခြေအနေများကို လေ့လာခဲ့ကြောင်း ပြောကြားသည်။

"ရခိုင်ပြည်နယ်မှာဆို စစ်တွေ၊ မြေပုံနဲ့ ပေါက်တောမြို့တွေက ရွှေ့ပြောင်း ဒုက္ခသည်စခန်းတွေက အခြေအနေတွေကို သွားကြည့်ခဲ့ပါတယ်။ နောက် စစ်တွေက အကျဉ်းထောင်ကိုလည်း သွားခဲ့ပါသေးတယ်။ ကချင်ပြည်နယ် မြစ်ကြီးနားနဲ့ ဝိုင်းမော်မြို့တွေက ရွှေ့ပြောင်းဒုက္ခသည်စခန်းတွေကို သွားခဲ့သလို မြစ်ကြီးနားအကျဉ်းထောင်ကိုလည်း သွားခဲ့ပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

"ကချင်ပြည်နယ်မှာ ပြီးခဲ့တဲ့လတွေက မြန်မာစစ်တပ်က အရှိန်မြှင့် ထိုးစစ်ဆင်ခဲ့တဲ့အတွက် အရပ်သားသေဆုံးမှု၊ ထိခိုက် ဒဏ်ရာရမှုတွေနဲ့ အရပ်သား လူဦးရေ ကျဆင်း ဆုံးရှုံးခဲ့ပါတယ်။ လက်ရှိအဲဒီမှာ ရှိနေတဲ့ အစိုးရစစ်တပ်တွေကလည်း လုပ်ထုံးလုပ်နည်း တာဝန်ထက် ကျော်လွန်နေတဲ့အတွက် လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ဆက်လက်ရှိနေတုန်းပါပဲ။ မြစ်ကြီးနားက ဒုက္ခသည်စခန်းက ဒုက္ခသည်တချို့နဲ့အပြင် အကျဉ်းထောင်က အကျဉ်းကျခံသူတွေနဲ့လည်း တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ ကေအိုင်အေနဲ့ ဆက်သွယ်မှုရှိတယ်ဆိုပြီး တစ်ဖက်သတ် ဖမ်းဆီးချုပ်နှောင်၊ ညှဉ်းပန်းနှိပ်စက်မှု ခံနေရတဲ့ ကချင်အမျိုးသားတချို့နဲ့ ပတ်သက်ပြီးလည်း အလေးထား စိုးရိမ်မိပါတယ်။ အစိုးရနဲ့ ကေအိုင်အေတပ်တွေ အတင်းအကျပ် အလုပ်စေခိုင်းမှုတွေလည်း ရှိတယ်လို့ ကြားမိပါတယ်"ဟု ကွင်တားနားက ဆက်ပြောသည်။

ထို့ပြင် ကွင်တားနားက အပစ်အခတ် ရပ်ဆဲရေး အပြန်အလှန် ဆွေးနွေးပွဲအား အကောင်အထည်ဖော်ကာ မကြာမီ ကာလအတွင်း ပြုလုပ်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောသည်။

"နောက် ကချင်ပြည်နယ်က အစိုးရထိန်းချုပ်မှုအောက်မရှိတဲ့ နေရာတွေကို ကုလသမဂ္ဂထောက်ပံ့မှုတွေ ပေးပို့ဖို့ လတ်တလော အစိုးရက ခွင့်ပြုခဲ့တာကို လည်းကြိုဆိုပါတယ်။ အဲဒီဒေသတွေကို သွားမယ့် ဝန်ထမ်းတွေရဲ့လုံခြုံရေးလည်း ပိုပြီး ကောင်းမွန်လာလိမ့်မယ်လို့ယုံကြည်ပါတယ်"ဟု ၎င်းက ပြောသည်။

ထို့ပြင် ကွင်တားနားသည် ၎င်း၏ ငါးရက်တာခရီးစဉ်အတွင်း ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့ ပိုလ်အောင်ကျော်လမ်းရှိမြန်မာတိုင်း(မ်)ဂျာနယ်ရုံးချုပ်သို့ သွားရောက်လည်ပတ်ခဲ့ပြီး မန်နေဂျင်း ဒါရိုက်တာ မစ္စတာ ရော့စ်ဒန်ကလီနှင့် တွေ့ဆုံကာ မြန်မာနိုင်ငံ၏ လက်ရှိသတင်း လွတ်လပ်ခွင့်၊ မြန်မာတိုင်း(မ်)ဂျာနယ်၏ လက်ရှိ ရှယ်ယာပိုင်ဆိုင်မှုကိစ္စနှင့် ယခင် မြန်မာတိုင်း(မ်)ဂျာနယ် ပူးတွဲတည်ထောင်သူ တစ်ဖြစ်လဲ အဓိကရှယ်ယာဝင်ဖြစ်သူ အကျဉ်းကျခံနေဆဲ ဦးဆန်နီဆွေတို့နှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့သည်။

"မြန်မာတိုင်း(မ်)ဂျာနယ်ရုံးမှာ မစ္စတာ ရော့စ်ဒန်ကလီနဲ့ တွေ့ဆုံပြီး လက်ရှိသတင်းစာစောင်တွေရဲ့ သတင်းလွတ်လပ်ခွင့်နဲ့ပတ်သက်ပြီး ဆွေးနွေးဖြစ်ပါတယ်။ နောက်မြန်မာတိုင်း(မ်)ဂျာနယ်ရဲ့ ရှယ်ယာပိုင်ဆိုင်မှုနဲ့ ပတ်သက်ပြီး ဖြစ်ပေါ်နေတဲ့ အခြေအနေကိုလည်း ဆွေးနွေးခဲ့သလို လက်ရှိခိုနိုက်အထိ ဆက်တိုက် အကျဉ်းကျခံနေရတဲ့ သူရဲ့ ယခင် စီးပွားရေး လုပ်ဖော်ကိုင်ဖက်နဲ့ ပတ်သက်ပြီးလည်း ကျွန်တော် အလေးထားဆွေးနွေးခဲ့ပါတယ်"ဟု ကွင်တားနားက ပြောကြားသည်။

ထို့ပြင် ကွင်တားနားသည် ရခိုင်ပြည်နယ်အခြေအနေနှင့် ပတ်သက်၍ စိုးရိမ်ရသည့်အခြေအနေတွင် ရှိနေသေးရာ နိုင်ငံ၏ အခြားဒေသများသို့ ကူးစက်ပြန့်ပွားရန် ခြိမ်းခြောက်နေသည့်အတွက် မြန်မာနိုင်ငံ၏ လက်ရှိအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် အရှိန်အဟုန်အား ဟန့်တားနိုင်ဖွယ်ရှိကြောင်း ပြောသည်။

ထို့ပြင် ကွင်တားနားသည် ၁၉၈၂ နိုင်သားဖြစ်ခွင့် အက်ဥပဒေအား မြန်မာနိုင်ငံသား အားလုံးအတွက် တန်းတူ အခွင့်အရေးပေးသည့်၊ တိုင်းရင်းသားလူမျိုးစု၊ ဘာသာ စသဖြင့် ခွဲခြားမှုမရှိသည့် ဥပဒေအဖြစ် ပြင်ဆင်ဖြည့်စွက်ရန် လွှတ်တော်တွင် ထပ်လောင်းအကြံပြုတောင်းဆိုခဲ့ကြောင်း ပြောကြားသည်။

အလားတူ ကျန်ရှိနေသေးသည် နိုင်ငံရေးအကျဉ်းသားတချို့အား လည်း အသိတရားရှိစွာ အမြန်ဆုံးလွှတ်ပေးရန် တောင်းဆိုခဲ့သည်။

ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှ စတင်ခဲ့သော ၎င်း၏ မြန်မာနိုင်ငံခရီးစဉ် အတွင်း သက်ဆိုင်ရာအစိုးရဝန်ကြီးဌာန၊ လွှတ်တော်ကိုယ်စားလှယ်၊ အရပ်ဖက် လူ့အဖွဲ့အစည်း၊ ၈၈ ကျောင်းသား ဟောင်းတို့နှင့်ပါ တွေ့ဆုံခဲ့သည်။

ကွင်တားနားသည် ၎င်း၏ယခုခရီးစဉ် အတွင်း ရရှိထားသည့် အချက်အလက်များအား လာမည့်မတ်လတွင် ပြုလုပ်မည့် (၂၂) ကြိမ်မြောက် လူ့အခွင့်အရေး ကောင်စီသို့ အစီရင်ခံတင်ပြမည်ဖြစ်သည်။ ■

ပြန်လည်ထူထောင်ရေး လုပ်ငန်းများအား . . .

စာမျက်နှာ ၂ မှ

သို့ဖြစ်၍ နယ်စပ်တွင် ဒုက္ခသည်အဖြစ်နေထိုင်နေရသော တိုင်းရင်းသားများအား အစိုးရဘက်မှ ပြန်လည်ခေါ်ယူရာတွင် ၎င်းတို့ဘဝလုံခြုံရေး အာမခံချက်နှင့် ရပ်တည်ရေးအတွက် ကြိုတင်ပြင်ဆင်ပြီးသည့် အချိန်မှသာ ပြည်တွင်းသို့ခေါ်ယူသင့်ကြောင်း ကရင်အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ ဒါရိုက်တာ ဒေါ်စူဇန်နာလှလှစိုးက ပြောသည်။

"တိုက်ပွဲကြောင့် တောထဲမှာ ထွက်ပြေးနေရလို့ ကျောင်းမတက်ခဲ့ရဘူး။ မောင်နှမ ခုနစ်ယောက်ရှိတာ တစ်ယောက်မှ ကျောင်းမတက်ဖူးဘူး။ အခုပြန်လာတော့ တောင်ယာခုတ်တဲ့အလုပ်လုပ်တယ်။ ရွာမှာလည်း ကျောင်းမရှိဘူး။ အခု သူကြီးကတစ်ဆင့်ကြားလို့ ဆန်လာယူတာ။ ကျွန်တော်တို့အတွက် အလိုအပ်ဆုံးက အစာပေါ့"ဟု လှိုင်းဘွဲ့မြို့နယ်၊ ကေအင်န်ယူထိန်းချုပ်ရာ ဒေသရှိ ဝါးခယ်လ်ထရွာမှ စောမော်ခင်က ထိုးပိုးကွီးကျေးရွာတွင် ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းမှ လှူဒါန်းသော ဆန်များ လာရောက်ယူစဉ် ပြောသည်။ ■





MCM
MYANMAR CONSOLIDATED MEDIA Ltd.
အမှုဆောင်အရာရှိချုပ်နှင့် စာတည်းမှူးချုပ် (မြန်မာ) ဒေါက်တာတင်ထွန်းဦး
management@myanmartimes.com.mm
drtto@myanmartimes.com.mm
စာတည်းမှူးချုပ် (အင်္ဂလိပ်) ရော့(စ်)ဒန်ကလီ
rsdunkly@gmail.com
စီမံခန့်ခွဲမှုအရာရှိချုပ် ဝေလင်း
wailin@myanmartimes.com.mm
စီမံခန့်ခွဲမှုကော်မတီ ဒေါက်တာတင်ထွန်းဦး (ဥက္ကဋ္ဌ)
စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ ဒေါက်တာခင်မိုးမိုး၊ ရော့စ်ဒန်ကလီ၊ ဘေလ်ကလောက်၊ ဦးမင်းစိန်၊ ဦးဝေလင်း၊ သောမတ်စ်ကင်း(နှ်)၊ ဦးဇော်မြင့်
စာတည်းမှူး (မြန်မာ) ဇော်မြင့်
editormtm@myanmartimes.com.mm
စာတည်းမှူး (အင်္ဂလိပ်) သောမတ်စ်ကင်း(နှ်)
စာတည်းမှူး (အထူးအချပ်ပို့) မျိုးလွင်
myolwin@myanmartimes.com.mm
ဒု–စာတည်းမှူး ဆန်းဦး
sannoo@myanmartimes.com.mm
အကြီးတန်းစာတည်း မြင့်စိုး၊ မောင်သွေးသစ်
အတိုင်ပင်ခံစာတည်း မသိဂီ
ဒု–သတင်းစာတည်း ကျော်ဆုမွန်
စီးပွားရေးစာတည်း (အင်္ဂလိပ်) စတူးဝပ်ဒ်
အကြီးတန်းလက်ထောက်စာတည်း စန္ဒာလွင်
အိမ်ခြံမြေစာတည်း ထားထားဆင်
property@myanmartimes.com.mm
အားကစားစာတည်း ထွန်းနေအောင်
sports@myanmartimes.com.mm
လူမှုဘဝစာတည်း (အင်္ဂလိပ်) ဒေါက်ကလပ်လောင်း
လူမှုဘဝစာတည်း မိုမိုသော်
timeout2@myanmartimes.com.mm
နိုင်ငံတကာစာတည်း တင်စိန်
ဘာသာပြန်ဌာနတာဝန်ခံ ကိုကို
ဓာတ်ပုံဌာန (မန်နေဂျာ) ကောင်းထက်
ဓာတ်ပုံသတင်းထောက်များ ရတနာ၊ ဘူးသီး၊ ကိုတိတ်
မန်နေဂျာ (အထူးစီမံကိန်းများ) ဝေလင်း
wailin@myanmartimes.com.mm
စာအုပ်ထုတ်ဝေရေးအတိုင်ပင်ခံစာတည်း လှမိုး
စာအုပ်ထုတ်ဝေရေးစာတည်း ဝင်းထွန်း
မန္တလေးရုံးခွဲ
mdybranch@myanmartimes.com.mm
နေပြည်တော်ရုံးခွဲမန်နေဂျာ စိုးသန်းလင်း
capitalbureau@myanmar.com.mm
ထုတ်လုပ်ရေးမန်နေဂျာနှင့်
စာပေစိစစ်ရေးဆော်သွယ်ရေးအရာရှိ အောင်ကျော်ဦး
production@myanmartimes.com.mm
လ/ထ စာပေစိစစ်ရေးဆော်သွယ်ရေးအရာရှိ ရဲမင်းသူ
ကြော်ငြာဒီဇိုင်းတာဝန်ခံ တင်ဇော်ထွေး
ပုံနှိပ်ဝန်ဌာနမှူး ဌေးမောင်
printing@myanmartimes.com.mm
ကုန်လှောင်ရုံမန်နေဂျာ ရဲလင်းဌေး
မန်နေဂျာ (ပုံနှိပ်စက်) ခင်မောင်
ကြော်ငြာဌာနဒါရိုက်တာ ခင်သန္တာဌေး
advertising@myanmartimes.com.mm
ကြော်ငြာအရောင်းတာဝန်ခံ ညီညီထွန်း
အရောင်းမန်နေဂျာ (Classies) ခင်မွန်မွန်ရည်
ငွေစာရင်းမန်နေဂျာ မွန်မွန်သာဆိုင်
finance@myanmartimes.com.mm
စီမံရေးရာမန်နေဂျာ နန်းမေစိကျော်
administration@myanmartimes.com.mm
ထုတ်ဝေသူ ဒေါက်တာတင်ထွန်းဦး(မြေ–၀၄၁၄၂)
အိုင်တီမန်နေဂျာ ခင်မောင်သော်
webmaster@myanmartimes.com.mm
ဖြန့်ချိရေးမန်နေဂျာ
distmgr@myanmartimes.com.mm
မန်နေဂျာ ကိုကိုအောင်
circulation@myanmartimes.com.mm
ကြော်ငြာနှင့် လပေးဝယ်ယူရေး ကိစ္စများ စုံစမ်းရန်
ဖုန်း (၉၅၁) ၂၅၃ ၆၄၂၊ ၃၉၂ ၉၂၈၊ ဖက်စ် (၉၅၁) ၂၅၄ ၁၅၈
Email: management@myanmartimes.com.mm
မြန်မာတိုင်း(မ်)သတင်းနှင့် စီးပွားရေးဂျာနယ်ကို မြန်မာကွန်ဆိုလီဒိတ်တက် ဒီဒီယာ (Myanmar Consolidated Media) က ဝိုင်ဆိုင်ပြီး ၎င်းစင်ပုံနှိပ်တိုက် (၀၃၆) နှင့် စွယ်ဆိုဒီယာ (၀၈၁၂) က တာဝန်ယူ ပုံနှိပ်ထုတ်ဝေပါသည်။ ခေါင်းစီးစာသားမှာ အင်္ဂလိပ်ဘာသာအားဖြင့် The Myanmar Times ဖြစ်ပြီး မြန်မာဘာသာအားဖြင့် မြန်မာတိုင်း(မ်)ဟုၦ် ဖြစ်ကာ မြန်မာတိုင်း(မ်)၏အမှတ်တံဆိပ်ပိုဂို(Logo) အပါအဝင် သက်ဆိုင်သော သင်္ကေတအမှတ်အသားများအားလုံးကိုလည်းကောင်း စာစောင်များတွင် ပါရှိသော သတင်း၊ ဓာတ်ပုံ အစရှိသည့် အကြောင်းအရာအားလုံးကိုလည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုလည်းကောင်း မြန်မာကွန်ဆိုလီဒိတ်တက် ဒီဒီယာ (Myanmar Consolidated Media) ၏ စာပြင် ရေးသားခွင့်ပြုချက်မပါဘဲ ပြန်လည် ကူးယူဖော်ပြခြင်း မပြုကြရန်။
MCM
Myanmar Consolidated Media Ltd.
www.mmtimes.com
၃၉/၃၈၊ ဝိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း (၉၅၁) ၂၅၃ ၆၄၂၊ ၃၉၂ ၉၂၈။ ဖက်စ်(၉၅၁) ၂၅၄ ၁၅၈
မန္တလေးရုံးခွဲ– အမှတ် ၁၃၊ ၆၄လမ်း(၃၁နှင့် ၃၂လမ်းကြား)၊ ချမ်းအေးသာဇံ၊ မန္တလေး။ ဖုန်း (၀၂) ၂၄၄၅၀၊ ၆၅၃၉၁၊ ၆၅၃၉၂။ ဖက်စ် (၀၂) ၂၄၄၆၀
နေပြည်တော်ရုံးခွဲ– အမှတ် ၁၀/၇၂၊ ဗိုလ်တောက်ထိန်လမ်း၊
ရန်အောင် (၁)ရပ်ကွက်၊ ပျဉ်းမနား။ တယ်လီဖုန်း (၀၆၇) ၂၃၀၆၄ ၂၃၀၆၅။

အင်းလေးဟိုတယ်ဇုန်စီမံကိန်း တားမြစ်သူ . . .

စာမျက်နှာ ၂ မှ

တွင် သက်ဆိုင်ရာလူကြီးများနှင့် ရွာသားများ ပြန်လည်ညှိနှိုင်းမှုများပြုခဲ့သည်။

"ဒီလုပ်ငန်းခွင်ထဲမှာ ပုဒ်မ ၁၈၈ ဒီလို ဥပဒေထုတ်ပြန်ထားတယ်။ လုပ်ငန်းခွင်တာဝန်ကို ဆက်လက်မလုပ်နိုင်အောင် တားမြစ်တဲ့အတွက် ဒီခုနစ်ယောက်ကို တရားစွဲတာတော့ဟုတ်ပြီ။ ဝန်ကြီးချုပ် ဦးစဝင်းအောင်မြတ်၊ ဘဏ္ဍာအခွန်ဝန်ကြီး ဦးခွန်စိုင်းမောင်၊ ဟိုတယ်နဲ့ခရီးဝန်ကြီး၊ ရှမ်းပြည်နယ် ဒုဝန်ကြီးတွေနဲ့ အဆင့်ဆင့် ညှိနေတဲ့အချိန်၊ ၂၀ ရက်နေ့ ပြန်လည်ညှိနှိုင်းဖို့ ပြောထားတဲ့အချိန်၊ ညှိနှိုင်းဖို့လုပ်နေတဲ့အချိန်မှာ ခုလိုမျိုး ညောင်ရွှေမြို့နယ် အုပ်ချုပ်ရေးမှူးက ဒီရွာကလူတွေကို ပုဒ်မ ၁၈၈၊ အာဏာဖီဆန်မှုနဲ့ စွဲလိုက်တဲ့အတွက်ကြောင့် ဒါမစွဲသင့်ဘူးလို့ထင်တယ်။ ပုဒ်မရဲ့သဘောတရားအရဆိုရင် ဒဏ်ငွေဖြစ်စေ၊ ထောင်ဒဏ်ခြောက်လဖြစ်စေ ချမှတ်နိုင်တဲ့ ပုဒ်မဖြစ်ပါတယ်။ ဒေသခံပြည်သူတွေက ဒီပုဒ်မရဲ့သဘောတရားကိုမသိဘူး။ပြည်သူတွေအတွက် နစ်နာပါတယ်။ ဒီနေ့ တရားလိုဖြစ်တဲ့ ညောင်ရွှေမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပိုးဝင်းမောင်နဲ့ စွပ်စွဲခံရသူ ခုနစ်ဦးကို ရုံးတင်စစ်ဆေးပါတယ်"ဟု အဆိုပါအာဏာဖီဆန်မှုဖြင့် တရားစွဲခံထားရသူ ရွာသူရွာသားများဘက်မှ ဆောင်ရွက်ပေးသည့်အထက်တန်းရှေ့နေ ဒေါ်နန်းသူဇာက ယခုလ ၁၈ ရက်နေ့တွင် ပြောသည်။

ယခုလ ၁၈ ရက်နေ့တွင် ညောင်ရွှေမြို့နယ်အတွင်း တောင်သူ ၁၀၀ ကျော်က မြို့နယ်တရားရုံးရှေ့၌ တရားစွဲဆိုခံရသည့် တောင်သူ ခုနစ်ဦးအတွက် သွားရောက် ဆန္ဒထုတ်ဖော်ခြင်းများရှိခဲ့ကြောင်း သိရသည်။

"အခုဆန္ဒထုတ်ဖော်တဲ့အနေနဲ့ ကံဘဲ့ကျေးရွာနဲ့ အင်ကြင်းကုန်းကျေးရွာတို့ကနေ လာကြတာဖြစ်ပါတယ်။ ကျွန်မတို့ ခုလိုလာတာကတော့ ရွာနှစ်ရွာစလုံးက ကန့်ကွက်နေပါရက်နဲ့ အားလုံးကိုမဟုတ်ဘဲ ခုနစ်ဦးကိုပဲ တရားစွဲထားတယ်။ ဒါ ဘာကြောင့်လဲဆိုတာမသိပါဘူး။ ဒီတော့ ကန့်ကွက်တာမှာ တို့တစ်တွေလည်း ပါတယ်။ နင်တို့ကြီးပဲတော့ ဒီအတိုင်း အဖြစ်မခံဘူး။ တို့ပါလိုက်မယ်ဆိုပြီး အားလုံး လာကြတာဖြစ်ပါတယ်။ ကျွန်မတို့က ဟိုတယ်ဇုန် တည်ဆောက်တာကို ကန့်ကွက်တာမဟုတ်ပါဘူး။ ကျွန်မတို့မြေပဲပြန်လိုချင်တာပါ။ ဒါမှမဟုတ်ရင် တန်ရာတန်ကြေး လိုချင်တာပါ"ဟု အင်ကြင်းကုန်းကျေးရွာမှ ဒေါ်စိန်မြင့်က မြန်မာတိုင်း(မ်)ကို ပြောသည်။

"အလျှော့ပေးတဲ့အနေနဲ့ လျော်ကြေးကို ထိုက်ထိုက်တန်တန်ပေးရင် လက်ခံပေးမယ်ဆိုတာကို သူတို့က အဲလောက်မပေးနိုင်ဘူးပေါ့။ မိဘဘိုးဘွားပိုင် ပစ္စည်းကို ဘယ်လိုပဲ အခက်အခဲရှိခဲ့ရှိခဲ့မထိခဲ့ဘူး။ မရောင်းစားခဲ့ဘူး။ ခုတော့ အသိမ်းခံရတယ်ဆိုတော့ စဉ်းစားကြည့်ပေးပါ။ အရမ်းဝမ်းနည်းပါတယ်။ အခုလိုဖြစ်မယ်လို့ တစ်ခါမှလည်း မမျှော်လင့်ခဲ့ဘူး။ စီးပွားရေးအလုပ်အကိုင် ပြောင်းလဲလုပ်ကိုင်ဖို့ဆိုတာ အင်မတန်မလွယ်ပါဘူး။ ခဲယဉ်းပါတယ်။ ပညာရေးရော၊ ကျန်းမာရေးရော ဒီက ထင်းစိုက်ခင်း၊ သီးနှံစိုက်ခင်းတွေနဲ့ အားကိုးအားထားပြုပြီး နေရတာ။ ယောင်ချာချာဖြစ်နေပြီ။ စိတ်ဓာတ်လည်းအရမ်းကျနေပြီ။ သူတို့ပေးတဲ့အနေအထားက တခြားနေရာပြောင်းပြီးရင် လုပ်စားကိုင်စားလို့ရမယ့် အနေအထားမျိုးဖြစ်ရင်တော့ ကောင်းပါတယ်။ ကြည့်ရှုပေးမလားမျှော်လင့်ချက်နဲ့ပေါ့"ဟု ထင်းစိုက်ခင်းများနှင့် သီးနှံစိုက်ခင်းများ ပါဝင်သည့် စုစုပေါင်းဧက ၅၀ ခန့် ဟိုတယ်ဇုန်တည်ဆောက်ရေးနယ်မြေ လုပ်ကွက်အတွက် ဖယ်ရှားပေးရမည့် အင်ကြင်းကုန်းကျေးရွာမှ ဒေါ်စိန်မြင့်က ပြောသည်။

ဟိုတယ်ဇုန် လုပ်ကွက်များအတွက် လုပ်ငန်းဖော်ဆောင် လုပ်ကိုင်ရာတွင် လျော်ကြေးငွေ မယူသေးသည့် လယ်ယာမြေများအား တူးဆွခြင်းများရှိခဲ့သည့်အတွက် တားမြစ်ကြရခြင်း ဖြစ်ပြီး သုံးနှစ်စာ သီးနှံလျော်ကြေး တစ်ဧကသုံးသိန်းနှင့် ပေးခြင်းအပေါ် ပြန်လည်ညှိနှိုင်းပြင်ဆင်ပေးရန် တောင်းဆိုထားသည့်အချိန်တွင် ယင်းကဲ့သို့ပြုလုပ်ရန် မသင့်ကြောင်း ကံဘဲ့ကျေးရွာမှ တောင်သူကိုညီဇော်က ပြောသည်။

"ကျွန်တော်က ၁၄ ဧက ပါတယ်။ ခုထိတော့ လျော်ကြေးလက်မခံသေးပါဘူး။ ကျွန်တော် မျှော်လင့်တာကတော့ ကျွန်တော့်အနေနဲ့ ဒီနေရာအတွက် ဝယ်ယူတုန်းကလည်း ကာလပေါက်ဈေးနဲ့ ညှိနှိုင်းပြီးမှ ဝယ်ယူခဲ့တာဖြစ်တဲ့အတွက် အခုလည်း အဲဒီအတိုင်းပဲ ဖြစ်ချင်ပါတယ်"ဟု ပြောသည်။

ယခုကဲ့သို့ ဖြစ်ပွားလျက်ရှိသောအခြေအနေများနှင့် ပတ်သက်၍ တောင်ကြီးအခြေစိုက် ရှမ်းပြည်မျိုးဆက်အင်အားစုမှ ဒေသတွင်း ပဋိပက္ခအရေး တာဝန်ရှိသူ ဦးပိုးက "အဓိကကတော့ ပြေပြေလည်လည်နဲ့ ညှိနှိုင်းဖို့ လိုအပ်နေတာပါ။ ဘဝရပ်တည်မှုအတွက် ပေးနိုင်မယ်ဆိုရင်တော့ အဆင်ပြေမှာပါလို့ ပြောချင်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ရော ပြည်သူတွေရဲ့ အသံကို လေးလေးစားစား နားထောင်ဖို့တော့ လိုအပ်တယ်ဗျ။ ဒေသခံပြည်သူတွေရဲ့ ရင်ဘတ်ထဲမှာအသံတွေ ရှိနေတယ်။ တလေးတစား နားမထောင်ခဲ့ဘူးဆိုရင်တော့ မလိုလားအပ်တာတွေ ဖြစ်လာနိုင်ပါတယ်။ ဒါကတော့ လိုချင်တဲ့သူကတော့ ဖြစ်နိုင်ရင် အများဆုံးရချင်မှာပါပဲ။ ပေးဝယ်တဲ့သူအနေနဲ့လည်း အလကားနီးပါး ရချင်မှာပါပဲ။ အရေးကြီးနေတာက ညှိနှိုင်းမှုပဲ။ သုံးသိန်းနဲ့ သူတို့ဘဝတစ်ခုလုံးစာ အတွက် ရှင်သန်နိုင်မှာလား။

ဘိုးဘွား ဆွေစဉ်မျိုးဆက် လက်ထက်ကတည်းက လုပ်စားလာခဲ့ကြတယ်။ ဒါပေမဲ့ ညှိနှိုင်းမှုနဲ့ သူတို့အလုပ်အကိုင်အတွက် ဒေသတွင်းမှာ ဆင်းရဲမွဲတေမှုတွေ ပပျောက်ဖို့အတွက် ဆိုရင် ဒီမှာပဲ နေထိုင်စားသောက် ကြီးပြင်းလာကြတယ်ဆိုတော့ ပိုက်ဆံသုံးသိန်းနဲ့က သူတို့ရပ်တည်နိုင်ပြီလား။ တရားစွဲဆိုတာနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင်တော့ ဥပဒေတွေ၊ အာဏာတွေနဲ့ သုံးနေမယ့်အစား ညှိနှိုင်းမှုတွေမလုပ်ဘဲနဲ့ ဒီလိုနှိပ်ကွပ်မှုတွေနဲ့ လုပ်နေမယ်ဆိုရင်တော့ ဒေသတွင်း မငြိမ်းချမ်းမှုတွေ ဖြစ်လာနိုင်ပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ သွားနေတဲ့ လမ်းစဉ်ကိုတော့ အနှောင့်အယှက်ဖြစ်စေမှာပါ" ဟု ပြောသည်။

ဟိုတယ်ဇုန်အတွက် မြေနေရာဖယ်ရှားပေးရသည့်နေရာများရှိ ကျေးရွာများမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက လက်ခံရန် ဖိအားပေးမှုများရှိခဲ့ကြောင်း သိရသည်။

"လယ်ယာမြေတွေ ဖယ်ရှားပေးရခြင်းအတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေကတော့ သီးစားလျော်ကြေးပေးတာသာ ယူလိုက်ကြဖို့ လက်ခံဖို့ ပြောပါတယ်။ဆိုးတာက အုပ်ချုပ်ရေးမှူးတစ်ဦးက မောင်နှမပိုင်လယ်ယာမြေတွေကို အကြီးတွေအသိမပေးဘဲ အငယ်ဆုံးကိုပဲ လက်ခံလိုက်ဖို့ပြောပြီး လေးဧကအတွက် ငွေ ၁၂ သိန်းကို အတင်းပေးလိုက်တဲ့ ဖြစ်ရပ်ပါပဲ။ ဒီလိုလက်သိပ်ထိုးတာကို မောင်နှမတွေက မကျေနပ်ကြပါဘူး။ လက်လည်းမခံလိုပါဘူး။ ဒါ လုပ်လည်း မလုပ်သင့်တာပါ"ဟု အဆိုပါ ဒေသခံတစ်ဦးက ပြောသည်။

ဟိုတယ်ဇုန် တည်ဆောက်ရန်အတွက် မြေနေရာဖယ်ရှားပေးရာတွင် ပါဝင်သောဒေသများမှာ ညောင်ရွှေမြို့နယ် ကံဘဲ့၊ အင်ကြင်းကုန်း၊ ချောင်းပါး၊ ဘုရားဖြူ ဝက်သားကယ်၊ ညောင်ဝန်းစသည့် ကျေးရွာများဖြစ်ကြောင်း သိရသည်။

"ကျေးရွာတချို့ကတော့ သီးစားလျော်ကြေးငွေ လက်ခံခဲ့တဲ့ရွာသူရွာသား ၆၅ ဦး ရှိပါပြီ။ ကံဘဲ့၊ အင်ကြင်းကုန်းမှာတော့ ငွေလုံးဝမယူတဲ့ လယ်ယာမြေပိုင် ၁၈ ဦး ရှိနေပါသေးတယ်။ ထင်းစိုက်ခင်းပိုင်ရှင်တွေတော့ အများကြီးပေါ့။ ထင်းစိုက်ခင်းတွေအတွက်တော့ လုံးဝမရကြဘူး"ဟု ကံဘဲ့ကျေးရွာနေ တောင်သူ ဦးအောင်မြင့်က မြန်မာတိုင်း(မ်)ကို ပြောသည်။ ■

လူမှုအကျိုးပြုလုပ်ငန်းပြိုင်ပွဲ ဘိန်းမုန့်လုပ်ငန်း ပထမရ

ယွန်းနှင်း

လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်း ပြိုင်ပွဲ (Social Problem Sustainable Business)ကို MICTPark တွင်ဖေဖော်ဝါရီလ ၇ ရက်နေ့ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိကျင်းပခဲ့ရာ အဖွဲ့ပေါင်းရှစ်ဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့သည့်အနက် မြန်မာဘိန်းမုန့်လုပ်ငန်း Happy Pan Cake အဖွဲ့ကပထမဆုရရှိသွားသည်ဟု သိရသည်။

ၾကိုင်းနှင့် လပေးဝယ်ယူရေး ကိစ္စများ စုံစမ်းရန်
ဖုန်း (၉၅၁) ၂၅၃ ၆၄၂၊ ၃၉၂ ၉၂၈၊ ဖက်စ် (၉၅၁) ၂၅၄ ၁၅၈
Email: management@myanmartimes.com.mm

ၾကိုင်းတွင် စီးပွားရေးလုပ်ငန်း ပြိုင်ပွဲ (Social Problem Sustainable Business)ကို MICTPark တွင်ဖေဖော်ဝါရီလ ၇ ရက်နေ့ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိကျင်းပခဲ့ရာ အဖွဲ့ပေါင်းရှစ်ဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့သည့်အနက် မြန်မာဘိန်းမုန့်လုပ်ငန်း Happy Pan Cake အဖွဲ့ကပထမဆုရရှိသွားသည်ဟု သိရသည်။

ၾကိုင်း လုပ်ငန်းမှာ အသက် ၆၀ ကျော် လူကြီးပိုင်းများအား အလုပ်အကိုင်အခွင့်အလမ်းပေးရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့ရိုးရာမုန့်လုပ်ငန်း လုပ်ကိုင်သော လုပ်ငန်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်သည်။

ပထမရရှိသောအဖွဲ့အား အမေရိကန်ဒေါ်လာ ၁,၀၀၀ ဆီးမြှင့်ခဲ့ကာ ဒုတိယနှင့် တတိယဆုများကို ဒေါ်လာ ၅၀၀ နှင့် ၃၀၀ အသီးသီး ချီးမြှင့်ခဲ့သည်။

"စီးပွားရေးလုပ်ငန်းကို Social Enterprise လို့ခေါ်တယ်။ နှစ်ဦးနှစ်ဘက် အကျိုးမျှမျှတတဖြစ်ဖို့ အရင်တုန်းက Enterprise တွေက ဘာကိုအရေးထားသလဲဆိုရင် Shareholders တွေ အစုရှယ်ယာရှင်တွေကို ပိုအလေးထားတယ်။ Businessplan က အမြတ်အစွန်းကိုပဲ ကြည့်တယ်။ ဒါပေမယ့် Social Enterprise က နှစ်ဦးနှစ်ဖက် အကျိုးဖြစ်တဲ့ အလုပ်သမား၊ ပတ်ဝန်းကျင်၊ စီးပွားရေးလုပ်ကိုင်တဲ့ ဒေသခံတွေ အားလုံးတွေကိုပါကြည့်တယ်"ဟု စီစဉ်သူ PS Business School မှ ဦးမျိုးမင်းက ပြောသည်။

လူငယ်နှင့် လူမှုစီးပွားရေးလုပ်ငန်းများအတွက် ရည်ရွယ်ကာ ကျင်းပခြင်း ဖြစ်ပြီး အသက် ၁၈ နှင့် ၃၀ အကြား ပြိုင်ပွဲဝင် များအတွက်က ဝင်ပြိုင်လိုသော စီးပွားရေးလုပ်ငန်း အကြောင်းများကို အ ဆိုပြုလွှာတင်စေရာ အဖွဲ့ရှစ်ဖွဲ့ကိုရွေး ချယ်ယှဉ်ပြိုင်စေခဲ့သည်။ ■

ရာသီပေါ် သီးနှံများစိုက်ပျိုးမှု . . .

စာမျက်နှာ ၁ မှ

ဘိန်းစိုက်ပျိုးသည့်ရာသီမှာ ဆောင်းရာသီကာလအဖြစ် သတ်မှတ်ထားကာ ဩဂုတ်လမှ ဖေဖော်ဝါရီလပိုင်းတို့တွင် စိုက်ပျိုးသည်။ ၂၀၁၂ ကမ္ဘာမူးယစ်ဆေးဝါး အစီရင်ခံစာအရ မြန်မာတစ်နိုင်ငံလုံးတွင် ၂၀၁၁ ခုနှစ်က ဘိန်းခင်းဟက်တာပေါင်း ၇၂၉၈၆ အား ဖျက်ဆီးခဲ့သည်။

ပအိုဝ်းလူမျိုး အသက် ၅၆ နှစ်အရွယ် အဘတိန်းကမူ ဘိန်းခင်းများအား ရဲများမှ လာရောက်ဖျက်ဆီးသည်ကို တွေ့မြင်ခဲ့ရသည်။

"ဒါပေမဲ့ သူတို့တွေကို ရေရှည်သီးနှံတွေ အစားထိုးစိုက်ပျိုးနိုင်ဖို့ ကူညီပေးဖို့ လိုပါတယ်။

"ကော်ဖီ၊ ရော်ဘာ၊ လိမ္မော်၊ ထောပတ် စတာတွေပေါ့။ အဲဒီရေရှည်ပင်တွေစိုက်ရင် သူတို့အနေနဲ့ အရင်းအနှီး ပိုစိုက်ထုတ်ဖို့ လိုတယ်။ အဲဒီအခါမှသူတို့အနေနဲ့ ဘိန်းစိုက်တဲ့ဘက်ကိုလည်း လွယ်လွယ်နဲ့ ပြန်သွားတာမျိုး မဖြစ်တော့ဘူး"ဟု မစ္စတာ Hans-Jocheu Wiese က ပြောသည်။ ■

မြန်မာအင်ဂျင်နီယာများအား ဟီတာချိက သင်တန်းပေး

မြန်မာနိုင်ငံမှ အိုင်တီအင်ဂျင်နီယာ ခြောက်ဦးအား ဂျပန် ဟီတာချိကုမ္ပဏီက ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ဖေဖော်ဝါရီ လ ၄ ရက်နေ့မှ ၈ ရက်နေ့အထိ ဒေတာစင်တာနှင့်ပတ်သက်သည့် သင်တန်းကို ဖိတ်ခေါ်စီစဉ်ပေးခဲ့ကြောင်း သိရသည်။ မြန်မာအင်ဂျင်နီယာများအား ဂျပန်နိုင်ငံ၌အသုံးပြုနေသော နောက်ဆုံးပေါ်နည်းပညာများ၊ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများကို ပိုမိုသိရှိနားလည်စေရန် စီစဉ်ခြင်းဖြစ်ကာ ဟီတာချိမှ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေးတွင် ထိုကဲ့သို့အစီအစဉ်များဖြင့် ဆက်လက် ကူညီသွားမည်ဟု ဆိုသည်။ ■





TIGER BALM

နာချင်ရာ နာစမ်း . . . **TIGER BALM®**



Tiger Balm (White) သည် မူလဖြောင့်နှင့် အင်းဆက်ပိုးမွှားများကိုက်ခံရခြင်းဒဏ်နာ ကို ကုစားကင်းဝေပါသည်။

Reg No. 1308AA699

Tiger Balm (Red) သည် ပြာတ်သား နာကျင်ကိုက်ခဲခြင်းနှင့် အကျွံသားခြင်းများ ကို ကုစားပြီးနှစ်သက်သာစေပါသည်။

Reg No. 1402AA1320

Tiger Balm (Liniment) သည်မောပန်းနွမ်းနယ်ခြင်း၊ ပြာတ်သားခေတွေ့ ကင်ခြင်း၊ နာကျင်ခြင်းတို့ကို အလျင်မြန်ဆုံးပျောက်ကင်းစေပါသည်။

Reg No. 1308AA843

သင့်ရဲ့ နာကျင်ကိုက်ခဲမှုဒဏ်နာအတွက် သက်သာပျောက်ကင်းမှုကို အလျင်မြန်ဆုံးပေးစွမ်းမည့်

TIGER BALM® PLASTER



Cool သည်ဆီနံကံနာကျင်မှုများ၊ ကြွက်သားခေတ်ခြင်းခြင်းများ အတွက် အသုံးပြုရန် အထူးသင့်လျော်ပါသည်။

Reg No. 1407AA1733

RD Warm သည် ကြွက်သားနာကျင်ခြင်း၊ ကာကွယ်ပြုပြင်ခြင်း နှင့် ပါးနှာခေါင်းတက်ရောဂါအတွက် သုံးပြုရန် အထူးသင့်လျော်ပါသည်။

Reg No. 1407AA1734

- OVER 100 YEARS - OVER 100 COUNTRIES - MILLIONS OF USERS -

WORKS WHEREVER IT HURTS.

အလုပ်သမားဆေးရုံကို အဆင့်မြှင့်တင်ရန်စီစဉ်နေ

ယမုံပူးသစ်

ရန်ကုန် အလုပ်သမားဆေးရုံကြီးကို အဆင့်မြှင့်တင်ရန် စီစဉ်နေပြီး ပြည်တွင်းပြည်ပမှ အကူအညီများ ဖိတ်ခေါ်သွားမည်ဟု အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ် ဦးယုလွင်အောင်က မြန်မာတိုင်း(မဲ)ကို ပြောသည်။

အလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ပြီး အဆင့်မြင့် ဆေးရုံကြီးတစ်ခုဖြစ်လာရန် ဆောင်ရွက်မည်ဟု ၎င်းက ပြောသည်။

"ခေတ်မီဆေးရုံကြီးဖြစ်လာဖို့ တော်တော်များများ လုပ်ရဦးမယ်။ သက်တမ်းကြာနေတဲ့ အဆောက်အအုံဖြစ်တဲ့အတွက် အကုန်ပြိုဖျက်ပြီး အသစ်ပြန်ပြင်နိုင်ရင် ပိုကောင်းမယ်"ဟု ၎င်းက ပြောသည်။

ရန်ကုန် အလုပ်သမားဆေးရုံကြီးကို ၁၉၆၃ ခုနှစ်က စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ နှစ်ပေါင်း ၅၀ ခန့် သက်တမ်းရှိနေပြီဖြစ်သည်။

အဆင့်မြှင့်တင်ရန်အတွက် ပြည်ပမှ အလှူရှင်များကို ဖိတ်ခေါ်ထားပြီး လက်ရှိတွင် ဂျပန်နှင့် ကနေဒါနိုင်ငံတို့မှ လာရောက် ဆွေးနွေးထားသည်ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံတွင် အလုပ်သမားဆေးရုံကြီး(ရန်ကုန်)၊ အလုပ်သမားဆေးရုံကြီး(မန္တလေး)နှင့် ထန်းတပင်တိဘီရောဂါကုဆေးရုံကြီး အစရှိသည့် အလုပ်သမားဆေးရုံကြီးသုံးရုံနှင့် လူမှုဖူလုံရေးဆေးခန်း ၉၂ ခန်း ရှိသည်။ စုစုပေါင်းမြို့နယ် ၁၁၀ ကျော်တွင် အကျုံးဝင်အလုပ်ဌာနပေါင်း လေးသောင်းကျော်နှင့် အာမခံ အလုပ်သမားပေါင်း ခြောက်သိန်းနီးပါး ရှိနေသည်။

လူမှုဖူလုံရေးဥပဒေသစ် ပေါ်ထွက်လာပြီးနောက်တွင် အာမခံအလုပ်သမားအရေအတွက် တိုးတက်လာနိုင်သည်ဟု ဦးယုလွင်အောင်က ခန့်မှန်းပြောကြားခဲ့သည်။ ■



ချင်းလူမျိုးစုများထဲမှ ဒိုင်းလူမျိုးများ အောင်ပွဲခံရာတွင် ကပြဖျော်ဖြေလေ့ရှိသော အကတစ်မျိုးကို ဖေဖော်ဝါရီလ ၂၀ ရက်နေ့က ရန်ကုန်မြို့ လှိုင်မင်္ဂလာခန်းမတွင် ကျင်းပပြုလုပ်သည့် (၆၅) ကြိမ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားပွဲမှာ ကပြဖျော်ဖြေနေစဉ်။ ယခင်က နှစ်စဉ်ကျင်းပလေ့ရှိသော်လည်း ၁၉၈၈ ခုနှစ်မှစ၍ ချင်းအမျိုးသားနေ့အဖြစ် တရားဝင်ကျင်းပခွင့် ပိတ်ပင်ထားခြင်းခံရပြီး ချင်းအမျိုးသားတပ်ဦးနှင့် မကြာမီကရရှိခဲ့သည့် ငြိမ်းချမ်းရေးသဘောတူညီချက်အရ ပထမဆုံးအကြိမ် တရားဝင် ပြန်လည်ကျင်းပခွင့်ရခဲ့ခြင်းဖြစ်သည်။ သတင်း - နွမ်ဘွိုင်း၊ ဓာတ်ပုံ - လွင်ကိုတိတ်



လယ်ရေနစ်သည့်ကိစ္စ အောက်ခြေသို့ ကွင်းဆင်းမှုအားနည်း၍ လွှတ်တော်က မှားယွင်း အဖြေထုတ်

စိုးစန္ဒာဦး

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်ရှိ မုက္ခမူချောင်းနှင့် ချောင်းဟောင်းရေနုတ်မြောင်းများပေါ်တွင် ရေစီးလမ်းကြောင်း ပိတ်ဆို့ငါးဖမ်းမှုကြောင့် လယ်ကေများရေနစ်မြုပ်သည့် ကိစ္စကို လယ်သမားများက ဖျူးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်မှ တစ်ဆင့် လွှတ်တော်သို့ မေးမြန်းရာပဲခူးတိုင်းဒေသကြီးဝန်ကြီး မှားယွင်းဖြေကြားခြင်းသည် အောက်ခြေသို့ ကွင်းဆင်းလေ့လာမှု အားနည်းခြင်းကြောင့်ဖြစ်ကြောင်း အဆိုပါ လွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်လှိုင်က ပြောသည်။

"ဒီလိုကိစ္စမျိုးတွေက ကွင်းဆင်းလေ့လာဖို့ လိုပါတယ်။ ကွင်းဆင်းမှုအားနည်းတဲ့အတွက်ကြောင့် အောက်ကသတင်းပေးပို့တာတွေ မှားတဲ့အတွက် လယ်သမားဖြစ်နေတာကို သူတို့လွဲမှားစွာ အဖြေပေးတာ ဖြစ်ပါလိမ့်မယ်"ဟု ပြောသည်။

ဖျူးမြို့နယ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးညွှန့်လှိုင်သည် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ နေပြည်တော်သို့ ပေးပို့မေးမြန်းချက်အရ ညောင်လေးပင်မြို့နယ်အတွင်းရှိ မုက္ခမူချောင်း(ခိုန်းချောင်း)နှင့် ချောင်းဟောင်းရေနုတ်မြောင်းများပေါ်တွင် တရားဝင်ခွင့်ပြုထားသော အင်းလိုင်စင်အရ ရေစီးလမ်းကြောင်းကို ပိတ်ဆို့၍ ငါးဖမ်းခြင်းကြောင့် မိုးစပါး စိုက်ကေ ၂၀,၀၀၀ ကျော် ရေနစ်မြုပ် ပျက်စီးခဲ့သော ကျေးရွာများမှ လယ် သမားများ စားဝတ်နေရေး ဒုက္ခ၊ မိုး စပါးချေးငွေ ပြန်လည်ပေးဆပ်နိုင်ရေး ဒုက္ခများကြုံတွေ့နေရ၍ ယင်းပြဿနာအခက်အခဲများကို မည်ကဲ့သို့ ဖြေရှင်းပေးမည်ကို မေးမြန်းထားခြင်းဖြစ်သည်။

အဆိုပါမေးမြန်းချက်ကို တိုင်းဒေသကြီး ဝန်ကြီး ဦးမြင့်လွင်ဦးက ဝန်ကြီးချုပ်ကိုယ်စား အပိုဒ်သုံးပိုဒ်ဖြင့် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်တွင် ပြန်လည်ဖြေကြားခဲ့ရာ အပိုဒ်(ခ)တွင် ညောင်လေးပင် မြို့နယ်အတွင်း ငါးဖမ်းလုပ်ငန်းကြောင့် လယ်ကေ ၂၀,၀၀၀ ကျော် ပျက်စီးသည်ဟု တင်ပြတိုင်ကြားမှု တစ်စုံတစ်ရာမရှိပါကြောင်းနှင့် မုက္ခမူ(ခိုန်းချောင်း)မှာ နှစ်ကာလကြာမြင့်လာသည်ဖြစ်၍ တိမ်ကောလာပြီဖြစ်သဖြင့် စစ်တောင်းမြစ်ရေကြီးပါက အဆိုပါ ချောင်းသည်လည်း ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ရခြင်းဖြစ်ကြောင်း ဖြေကြားထားသည်။

ညောင်လေးပင်မြို့နယ် ရေပူကန်ကျေးရွာအုပ်စုမှ လယ်သမား ဦးညွှန့်လွင်က လယ်သမားများသည် ၂၀၀၅ ခုနှစ်မှ စတင်ခါ အဆိုပါဖြစ်ရပ်ကို သက်ဆိုင်ရာ အဆင့်ဆင့်သို့ အကြိမ်ကြိမ် တိုင်ကြားခဲ့ကြောင်း၊ ၂၀၀၇ ခုနှစ်တွင် နောက်ဆုံးတိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ တင်ပြစာကို ရရှိသည့်အတွက် ခရိုင်မှဆင်းကာ ဓာတ်ပုံရိုက်ခြင်း၊ စစ်ခြင်းများ လာရောက်ပြုလုပ်ခဲ့သည်လည်း ရှိခဲ့ကြောင်း မြန်မာတိုင်း(မဲ)ကို ပြောသည်။

"ဒီလို တိုင်ကြားထားတာကို မတိုင်ခဲ့ပါဘူးလို့ ဝန်ကြီးကဖြေတယ်။ တကယ်တော့ ဒီခိုန်းချောင်းက ကျောက်တခါးနဲ့ ညောင်လေးပင်မြို့နယ်က ရေတွေကို ထုတ်ဖို့ ပင်မရေနုတ်မြောင်းဖြစ်လို့ အရင်ကတည်းက အပိတ်အဆို့မရှိဘူး။ နောက်ပိုင်းမှာ ငါးဦးစီးက လေလံကောက်ပြီး အပိတ်အဆို့အတားအဆီးတွေရှိလာလို့ မိုးရွာလို့ ရေကြီးရင် မိုးတွင်းတစ်တွင်းလုံး ရေမြုပ်လို့ မိုးစပါးတွေ ပျက်စီးကုန်တယ်"ဟု ၎င်းက ပြောသည်။

လယ်သမားများအနေဖြင့် အဆိုပါ ၈က ၂၀,၀၀၀ ကျော်အတွက် မိုးစပါးချေးငွေ ပြန်လည်ပေးဆပ်နိုင်ရေး အတွက်ကိုလည်း ထည့်သွင်းမေးမြန်းထားခြင်းဖြစ်ရာ အဖြေတွင် မည်သို့မျှ အကြောင်းပြန်ရေးသားခြင်းမတွေ့ရှိရသောကြောင့် ချေးငွေပြန်ဆပ်မည့် ရက်ကို ဆိုင်းငံ့ပေးခြင်းမျိုး၊ သို့မဟုတ် မည်သို့ဖြေရှင်းညှိနှိုင်းပေးမည်ကို သိလိုကြောင်း ၎င်းက ပြောသည်။

"ကျွန်တော် ဒုတိယဝန်ကြီး ဦးခင်မောင်အေးနဲ့ ဆွေးနွေးပြီးပါပြီ။ နောက်နှစ်ကို ရေစီးရေလာကောင်းအောင် ဒီကိစ္စကို တားမြစ်ပေးမယ်လို့ ပြောပါတယ်။

"လယ်ကေ ၂၀,၀၀၀ ကျော်နစ်မြုပ်တဲ့ကိစ္စက ထူထည်လည်းကြီးလို့ပါ"ဟု ၎င်းက ပြောသည်။ ■



သာကေတ ၃/မာန်ပြေရပ်ကွက်ရှိ အဆောက်အအုံကို ချိပ်ပိတ်

ချယ်ရီသိန်း

ရန်ကုန်မြို့၊ သာကေတမြို့နယ် ၃/မာန်ပြေရပ်ကွက် ၁၉ လမ်းနှင့် ၁၈ လမ်းထောင့်ရှိ အစ္စ လာမ် စာသင်ကျောင်းအဖြစ်အသုံးပြုနေသော အဆောက်အအုံအား သက်ဆိုင်ရာမြို့တော်စည်ပင်က ဖေဖော်ဝါရီ ၁၉ ရက်နေ့ ညနေ ၄ နာရီဝန်းကျင်တွင် ချိပ်ပိတ်လိုက်သည်။

"အခု ဒီအဆောက်အအုံကိုချိတ်ပိတ်လိုက်ပြီ။ ဒီအဆောက်အအုံနဲ့ပတ်သက်ပြီး ဘာမှလုပ်ပိုင်ခွင့်မရှိဘူး။ သက်ဆိုင်ရာဥပဒေအတိုင်း ဆောင်ရွက်သွားမှာကို လိုက်နာဖို့လိုအပ်တယ်"ဟု ၈၈ မျိုးဆက်အဖွဲ့မှ ဦးကိုကိုကြီးက အဆိုပါ အဆောက်အအုံအား ချိပ်ပိတ်လိုက်သောနေ့တွင် ပြောသည်။

အဆိုပါ ဘာသာရေးကျောင်း အဆောက်အအုံအား ပြန်လည်ပြင်ဆင်မွမ်းမံခွင့်ကို ခရိုင်သာသနာရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးကော်မတီတို့ထံတွင်တင်ပြခဲ့ရာ ပြင်ဆင်ရန်ခွင့်ပြုမိန့်ရရှိခဲ့သော်လည်း မူလပုံစံထက် ကျော်လွန်ကာ တည်ဆောက်ခဲ့ခြင်းကြောင့် ရပ်ကွက်နေပြည်သူတချို့နှင့် ဘာသာဝင်တချို့အကြား အချင်းပွားရာမှ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဗုဒ္ဓဘာသာဆရာတော်များဝင်ရောက် ထိန်းသိမ်းရသည့် အနေအထားသို့ ရောက်ရှိခဲ့သည်။



ချိတ်ပိတ်ထားသော အဆောက်အအုံအတွင်းသို့ ရပ်ကွက်နေပြည်သူတစ်ဦး လေ့လာကြည့်ရှုနေစဉ်။ ဓာတ်ပုံ - လွင်ကိုတိတ်

သက်ဆိုင်ရာက ဆုံးဖြတ်ချက်ချသည့် ဖေဖော်ဝါရီလ ၁၉ ရက်နေ့အထိ အဆောက်အအုံအား အဖွဲ့အစည်းများက စောင့်ကြပ်ပေးခဲ့ရကြောင်း ရပ်ကွက်နေ ပြည်သူများက ဆိုသည်။

"ဒီကိစ္စကဖြစ်နေတာ နှစ်နဲ့ချီ ကြာနေပြီ။ မနှစ်ကလည်းဖြစ်ခဲ့တယ်။ ရပ်ကွက်အမြင်မှာ စာသင်ကျောင်းကို အယောင်ပြပြီး ဗလီဆောက်တာလို့ ယူဆကြတယ်။ ဒါပေမဲ့ အရင်ဖြစ်ခဲ့တာတွေကတော့ ရပ်ကွက်အုပ်ချုပ်ရေးနဲ့ပဲ ကိစ္စကပြီးသွားပြီး အပေါ်မရောက်ဘူး။ အခုတစ်ခေါက်ကတော့ လုံခြုံရေးပါချထားရတယ်ဆိုတဲ့အနေအထားဖြစ်သွားတယ်"ဟု မာန်ပြေရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောသည်။

အဆောက်အအုံအား ဘာသာရေးသင်စာသင်ကျောင်းအဖြစ် အသိများကြသော်လည်း အဆောက်အအုံအားပြုပြင်မွမ်းမံခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် ခွင့်ပြုချက်ထက် ကျော်လွန်၍ ဆောက်လုပ်ခဲ့သည်ဟုဆိုသည်။

ပုဇွန်တောင်မြို့နယ်၊ ရွှေဝါရောင် ပညာဒါနမှ ဆရာတော် ဦးပဏ္ဍိတ၀သ (ခ) ပြည်ကျော်က ဘာသာရေးကိုအကြောင်းပြု၍ မလိုလားအပ်သော ပဋိပက္ခအခြေအနေများအား နှစ်ဖက်ငြိမ်းချမ်းရေးကို ရှေးရှု၍ ထိန်းသိမ်းသွားနိုင်ရန် လိုအပ်ကြောင်း ပြောကြားသည်။

"ကိစ္စဖြစ်တော့ ဦဇင်းတို့လာတယ်။ ဖြေရှင်းမလဲဆိုတာက အရေးကြီးဆုံးပါ"ဟုဆရာတော်က မိန့်သည်။

လက်ရှိအချိန်တွင် မာန်ပြေရပ်ကွက်နေပြည်သူများအနေဖြင့် ပဋိပက္ခများထပ်မံဖြစ်ပွားလာမည်ကို စိုးရိမ်နေကြကြောင်းနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များကလည်း စောင့်ကြပ်ပေးလျက်ရှိကြောင်း ရပ်ကွက်နေ ကိုကျော်ဇင်ဦးက မြန်မာတိုင်း(မ်)ကို ပြောသည်။

"အခုချိန်က ၁၀ တန်းစာမေးပွဲနီးနေပြီ။ အငယ်တန်းလေးတွေတောင် စာမေးပွဲဖြေနေကြပြီ။ ရပ်ကွက်က ဆူဆူပူပူကို မဖြစ်ချင်ကြတာ။ ခက်တာက ဘယ်က မှန်းမသိ မှောင်ရိပ်ခိုပြီး မငြိမ်းချမ်းအောင် နှောင့်ယှက်နေသူတွေကရှိတယ်။ ဒါကြောင့်လည်း အခုထိ လုံခြုံရေးချထားရတယ်။ ရပ်ကွက်က သူတို့စိုးရိမ်လို့ လမ်းတွေကိုပိတ်ထားချင်ပေမယ့် ပြဿနာနောက်ထပ်တက်မှာစိုးလို့ ပိတ်ဖို့ မပြောကြဘူး။ ဒါပေမဲ့လည်း စိုးရိမ်နေကြတယ်" ဟု ကိုကျော်ဇင်ဦးက ပြောသည်။

လက်ရှိအချိန်တွင် သက်ဆိုင်ရာမှ အဆောက်အအုံအား တရားဝင်ချိပ်ပိတ်ထားပြီးဖြင့်လည်း အခုထိ သက်သက်သည့်အရေးယူဆောင်ရွက်မှုမျှကိုလည်း ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း သိရှိရသည်။ ■

စပစ်ဖိုင်းယားလေယာဉ် အိပ်မက်မက် ကောင်းနေဆဲ

ကျော်ဆုမွန်

ဝေဖန်မှုများစွာ ရှိနေသည့်ကြားမှ ဗြိတိသျှ တိုက်လေယာဉ် စပစ်ဖိုင်းယားများ ရှာဖွေရေးကို ဆက်လက်လုပ်ဆောင်နေရာ ကောင်းမွန်သည့် ရလဒ်များကို မကြာမီ ရက်ပိုင်းအတွင်း ကြေညာနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း စပစ်ဖိုင်းယား တူးဖော်ရေးအဖွဲ့ ခေါင်းဆောင် ဗြိတိန်နိုင်ငံသား ဒေးဗစ်ဂျေကင်ဒယ်လ်က ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ထပ်မံပြောဆိုလိုက်သည်။

၁၉၄၅ ခုနှစ်နှင့် ၁၉၄၆ ခုနှစ်များအတွင်းက ဗြိတိန်နိုင်ငံမှ ထုတ်လုပ်သည့် ရှားပါးသော စပစ်ဖိုင်းယား တိုက်လေယာဉ်များကို မြန်မာနိုင်ငံအတွင်းရှိ မင်္ဂလာဒုံလေဆိပ်အနီး၊ မြစ်ကြီးနားနှင့် မိတ္ထီလာမြို့များအနီးတွင် အချက်အလက်များအရ ရှာဖွေရန် ၂၀၁၂ ခုနှစ် အောက်တိုဘာလခန့်မှ စတင်ကြိုးပမ်းခဲ့သည်။

ယင်းသို့ ရန်ကုန်၊ မင်္ဂလာဒုံလေဆိပ်အနီးတွင် စမ်းသပ်မှုများ လုပ်ဆောင်နေစဉ်အတွင်းမှာပင် ထိုစီမံကိန်းကို ငွေကြေးထောက်ပံ့ပေးနေသော ဘီလာရုစ်နိုင်ငံအခြေစိုက် အွန်လိုင်း ဝီဒီယို ဂိမ်းကုမ္ပဏီက မည်သည့်စပစ်ဖိုင်းယားမျှ ရှာဖွေတွေ့ရှိခြင်းမရှိဟု သတင်းထုတ်ပြန်ပြီးနောက် ထောက်ပံ့မှုများကို ရပ်ဆိုင်းခဲ့သည်။

ထို့ကြောင့် အဆိုပါ စီမံကိန်းနှင့် ပတ်သက်ပြီး ယင်းဂိမ်းကုမ္ပဏီနှင့် ဆက်လက်လုပ်ဆောင်ခြင်း မရှိတော့ကြောင်း ဒေးဗစ်ဂျေကင်ဒယ်လ်က မြန်မာတိုင်း(မ်)ကို ပြောသည်။

စပစ်ဖိုင်းယားများ ဆက်လက်ရှာဖွေရန်အတွက် စတင်လုပ်ဆောင်စဉ်ကပင် တည် ထောင် ထား သည် ဟု ဆို သည့် ရန်ပုံငွေများနှင့် ဆက်လက်စမ်းသပ်လုပ်ဆောင်နေသည်ဟုလည်း ၎င်းက ပြောသည်။ သို့ရာတွင် ယခုအချိန်အထိ ငွေကြေးမည်မျှသုံးစွဲပြီးသည်ဆိုသည်ကို မသိကြောင်း မစ္စတာကင်ဒယ်လ်က ဆိုသည်။ ■





ကလေးစစ်သားလွတ်ပေးရေး အရှိန်မြှင့်ရန် ကုလတိုက်တွန်း

အိအိထိုးလွင်

တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတွင် တပ်သားအဖြစ် စုဆောင်းထားသော ကလေးများအား တရားဝင်လွှတ်ပေးရေးအတွက် အရှိန်မြှင့်တင်ဆောင်ရွက်ရန် ကုလသမဂ္ဂက တိုက်တွန်းလိုက်သည်။

မြန်မာ့တပ်မတော်သည် ကုလသမဂ္ဂနှင့် ၂၀၁၂ခုနှစ်၊ ဇွန်လတွင် လက်မှတ်ရေးထိုးထားသော အရွယ်မရောက်သေးသော ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်အရ တပ်မတော်တွင် စစ်မှုထမ်းဆောင်နေသော ကလေးစစ်သားများအား တရားဝင်နုတ်ထွက်ခွင့်ပေးလျက်ရှိရာ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ကလေးစစ်သား ၂၄ ဦးအား ထပ်မံလွှတ်ပေးခဲ့သည်။

"အခုလို ကလေး ၂၄ ယောက်ကို တရားဝင်နုတ်ထွက်ခွင့် ပြုလိုက်တာဟာ လုပ်ငန်းစီမံချက်ကို အစိုးရရဲ့ အကောင်အထည်ဖော်မှုမှာ ကြိုဆိုရမယ့် ခြေတစ်လှမ်းပါပဲ။ အစိုးရရဲ့ သန္နိဋ္ဌာန်ကိုလည်း ထပ်ဟပ်ဖော်ပြရာရောက်ပါတယ်။ တပ်မတော်အနေနဲ့ အရှိန်မြင့်ပြီး ကလေးအားလုံးကို တရားဝင်နုတ်ထွက်ခွင့်ပြုဖို့၊ လက်နက်ကိုင်အဖွဲ့တွေကလည်း အလားတူနုတ်ထွက်ခွင့်ပြုပေးကြဖို့ ကျွန်တော်တောင်းဆိုပါတယ်"ဟု ကုလသမဂ္ဂ နိုင်ငံအဆင့် လုပ်ငန်းအဖွဲ့ (CTFMR) ပူးတွဲသဘာပတိနှင့် ကုလသမဂ္ဂ ဌာနေဒုနိုင်းရေးမှူး မစ္စတာ အျွပ် နီဂမ်က ရန်ကုန်မြို့၌ ကျင်းပသည့် ကလေးစစ်သား ၂၄ ဦးအား တရားဝင်နုတ်ထွက်ခွင့်ပေးသည့် အခမ်းအနားတွင်ပြောသည်။

ယခုကဲ့သို့ ကလေးသူငယ် ၂၄ ဦးအား တရားဝင်နုတ်ထွက်ခွင့် ပေးလိုက်ခြင်းသည် အခြေခံကျသည့် ကလေးသူငယ်အခွင့်အရေးများချိုးဖောက်မှုကို အဆုံးသတ်စေသည့်မြန်မာအစိုးရ၏ သန္နိဋ္ဌာန်ဖြစ်ပြီး မြန်မာနိုင်ငံဥပဒေနှင့်အပြည်ပြည်ဆိုင်ရာကျင့်ထုံးများနှင့် ကိုက်ညီကြောင်း၊ ကုလသမဂ္ဂဆုံးဖြတ်ချက် အမှတ် ၁၆၁၂ အရ မြန်မာအစိုးရနှင့် အခြေခံကျသော ကလေးသူငယ် အခွင့်အရေးချိုးဖောက်မှုအခြေအနေကို လေ့လာစောင့်ကြည့်ခြင်းအစီရင်ခံစာ ကုလသမဂ္ဂနိုင်ငံအဆင့်လုပ်ငန်းအဖွဲ့ (CTFMR) တို့အကြား သဘောတူလက်မှတ်ရေးထိုးထားသည့် အချက်တစ်ချက်ဖြစ်သည်။

"တပ်မတော်က နုတ်ထွက်ရတာဟာ အမှားတစ်စုံတစ်ရာ ကျူးလွန်ခဲ့လို့ မဟုတ်ပါဘူး။ စတင်စုဆောင်းကတည်းက အသက် ၁၈ နှစ်မပြည့်ခင်မှာ မှားယွင်းစုဆောင်းခံခဲ့ရတဲ့အတွက် အခုလို တပ်ထွက်မိန့်နဲ့ တပ်မတော်မှ နုတ်ထွက်ရတာဖြစ်ပါတယ်။ အခုမင်းတို့သတ္တိရှိကြဖို့လိုပြီး မင်းတို့ရဲ့ မျှော်လင့်ချက်အိပ်မက်တွေကို အကောင်အထည်ဖော်ရမယ့် သတ္တိမျိုးရှိကြရမယ်"ဟု CTFMR ၏ ပူးတွဲသဘာပတိနှင့် ယူနီဆက်မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်မစ္စတာ ဘာထရန်ဘန်ဘယ်လ်က နုတ်ထွက်ခွင့်ရ ကလေးများနှင့် မိသားစုများအား ပြောသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ လုံခြုံရေးကောင်စီသို့ တင်သွင်းသော နှစ်ပတ်လည်အစီရင်ခံစာ၌ မြန်မာနိုင်ငံတွင် ကလေးစစ်သားများကို စုဆောင်းအသုံးပြုသောအဖွဲ့ရှစ်ဖွဲ့ကို စာရင်းပြုစုထားရာ မြန်မာ့တပ်မတော်၊ ဒီမိုကရက်တစ် ကရင်ဗုဒ္ဓဘာသာစစ်တပ်၊ ကချင်လွတ်မြောက်ရေးတပ် (ကေအိုင်အေ)၊ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်၊ ဇြိမ်းချမ်းရေးကောင်စီ၊ ကရင်နီတပ်၊ (ရှမ်းပြည်နယ်တပ်) အက်စ်အက်စ်အေ တောင်ပိုင်းနှင့် 'ဝ' အမျိုးသားတပ်မတော်တို့ဖြစ်သည်။

ထို့ပြင် မကြာသေးမီကထွက်ပေါ်လာသော Child Soldiers International ၏ "Ending the recruitment and use of child soldiers in Myanmar" အစီရင်ခံစာတွင်လည်း မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများတွင် အရွယ်မရောက်သူ ကလေးများအား စစ်မှုထမ်းဆောင်ရန် စုဆောင်းမှုများ ရှိနေဆဲဖြစ်ကြောင်း၊ အစိုးရနှင့် ကုလသမဂ္ဂတို့အကြား ကတိကဝတ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော ကလေးစစ်သားပယ်ဖျောက်ရေးစီမံချက်အား အရှိန်မြှင့်ဆောင်ရွက်ရန် လိုကြောင်း ဖော်ပြထားသည်။ ■

ဟံသာဝတီဝင်းယာဉ်များသာရွှေ့ရန်လိုအပ်

ဟံသာဝတီ မော်တော်ယာဉ်ရောင်းဝယ်ရေးစခန်းအား ဖေဖော်ဝါရီ ၂၀ရက်နေ့အပြီး ယခင်သီရိမင်္ဂလာစျေးအဟောင်းသို့ ပြောင်းရွှေ့ရန် ရန်ကုန်မြို့တော်စည်ပင်မှ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် စာထုတ်ပြန်ခဲ့ပြီး ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် လူအင်အား ၅၀၀ ကျော်မှ အဆိုပါကားဝင်းမပြောင်းရွှေ့ရေးကို ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

မြို့တော်စည်ပင်သာယာရေးအခွန်ဌာနမှ ဌာနမှူး ဦးကျော်မင်းနှင့် ဟံသာဝတီမော်တော်ယာဉ်ရောင်း ဝယ်ရေးစခန်းမပြောင်းရွှေ့ရေးကော်မတီတို့ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်းခဲ့ပြီး အဆိုပါ ပြောင်းရွှေ့ရေးအစီစဉ်တွင် မော်တော်ယာဉ်များကိုသာ ပြောင်းရွှေ့ခိုင်းခြင်းဖြစ်ကြောင်းနှင့် ဆိုင်ခန်းများ၊ ကားရေဆေးလုပ်ငန်းများကိုပါ တပူးတွဲတည် ပြောင်းရွှေ့ရန်အဆင်မပြေနိုင်ကြောင်း ဌာနမှူး ဦးကျော်မင်းက ပြောကြားသည်။

လက်ရှိ ဟံသာဝတီကားဝင်းအား ပုဂ္ဂလိကပိုင် ပြုလုပ်ပြီး လူနေအိမ်ခန်းများ၊ Shopping Mall များ၊ အရောင်းပြခန်းများနှင့် အများပြည်သူ ယာဉ်ရပ်နားစခန်းများ တည်ဆောက်သွားမည်ဟုလည်း ၎င်းက ပြောပါသည်။

မပြောင်းရွှေ့ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းကိုဦးက "ကျွန်တော်တို့အားလုံးကတော့ ပြောင်းရွှေ့ဖို့ကို လုံးဝဆန္ဒမရှိပါဘူး၊ ရန်ကုန်မြို့တော်စည်ပင် အတွင်းရေးမှူး ဦးကျော်စိုး ပြောခဲ့သလိုပါပဲ အပိုင်း (၁) မှာ ဆောက်လုပ်နေစဉ်အတွင်းမှာ အပိုင်း (၂)မှာ အရောင်းအဝယ်မပြတ်ဆောင်ရွက်ချင်ပါတယ်။ ဌာနမှူးကြီးပြောတဲ့အနေအထားအတိုင်း ကျွန်တော်တို့အနေနဲ့ သီရိမင်္ဂလာစျေးကို ပြောင်းရွှေ့လို့မရပါဘူး။ ကျွန်တော်တို့အနေနဲ့ မေတ္တာရပ်ခံချင်တာကတော့ လက်ရှိဖွင့်လှစ်ထားတဲ့ ဟံသာဝတီကားဝန်းကို လက်ရှိအတိုင်း ဆက်လက်ဖွင့်ထားပေးပါ။ ကျွန်တော်တို့အနေနဲ့ ဖေဖော်ဝါရီလ ၂၈ ရက်၊ လမကုန်ခင်မှာ အကြောင်းပြန်ပါ့မယ်"ဟု ညှိနှိုင်းပွဲတွင် ပြောကြားခဲ့သည်။ **မြတ်မေဇင်** ■

အခြေခံပညာကဏ္ဍအတွက် ဘီလျံ ၃၀ ကျော် ပိုမိုသုံးစွဲရန် အတည်ပြု

စိုးသန်းလင်း

ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့၊ ဖေဖော်ဝါရီ ၂၀ ရက်၌ အရေးကြီးအဆိုအဖြစ် ဇလွန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွတ်က တင်သွင်းလာသည့် အခြေခံပညာကဏ္ဍ မူလတန်းပညာရေးဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်း ပံ့ပိုးပေးရန်အဆို နှင့် ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဆင့်မြင့်ပညာကဏ္ဍအတွက် လျာထားငွေမှ ဘီလျံ ၃၀ ကျော်ခန့်ကို အခြေခံပညာကဏ္ဍသို့ လွှဲပြောင်းသုံးစွဲရန် သဘောတူ ကတိပြုပြီး ပြည်သူ့လွှတ်တော်က အတည်ပြုနိုင်ခဲ့သည်။

"၂၀၁၃-၁၄ ဘဏ္ဍာနှစ်၊ ပညာရေးဝန်ကြီးဌာနရဲ့ လုပ်ငန်းစီမံကိန်းနဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို လေ့လာကြည့်တဲ့အခါ အခြေခံကဏ္ဍအတွက် ဖြည့်စွက်လုပ်ငန်းများ သုံးစွဲရန် လျာထားငွေမှာ ကျပ်သန်း ပေါင်း ၆၅,၂၇၃ ဒသမ ၂ ဖြစ်ပြီး ရုံးသုံးစက်ကိရိယာများ၊ ပရိဘောဂများနှင့် ယာဉ်များအတွက် သုံးစွဲမည့်ငွေမှာ ကျပ်သန်း ၁၁,၃၂၃ ခန့် ဖြစ်ကြောင်း တွေ့ရပါတယ်။ အခြေခံပညာကဏ္ဍတွင် အခြေခံကျောင်းများ မွမ်းမံပြင်ဆင်ခြင်း၊ အသစ်ဆောက်လုပ်ခြင်းအတွက် ကျပ်သန်းပေါင်း ၈၈,၂၀၃ ဒသမ ၅၂၄ လျာထားပြီး အဆင့်မြင့် ပညာကဏ္ဍတွင် ကျပ်သန်း ၁၂၆,၆၄၃ ဒသမ ၄၀၃ လျာထားကြောင်း တွေ့ရှိရသည့်အတွက် အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍ နှစ်ခု၏ ဘတ်ဂျက် လျာထားငွေကို နှိုင်းယှဉ်ပါက အခြေခံပညာကဏ္ဍက အဆင့်မြင့်ထက် ကျပ်သန်း ၃၈,၄၃၉ ခန့် လျော့နည်း လျာထားကြောင်း တွေ့ရပါတယ်။

"ထို့ပြင် ပညာရေးဝန်ကြီးဌာန အောက်ရှိ ဌာနအသီးသီး၏ ရုံးသုံး စက်ကိရိယာများ၊ ပရိဘောဂများနှင့် ယာဉ်များဝယ်ယူရန်လျာထားငွေမှာကျပ်သန်း ၃၁,၂၆၅ ဒသမ ၆၇၆ ဖြစ်ကြောင်း၊ ၎င်း လျာထားငွေမှာ လွန်စွာများပြားနေကြောင်း တွေ့ရပါတယ်။ ဒီအသုံးစရိတ်တွေကို စိစစ်လျှော့ချနိုင်မယ်ဆိုရင် ကျေးလက်ပြည်သူများက ငှားရမ်းခန့်ထားသည့် ဆရာ၊ ဆရာမများအစား အစိုးရက ခန့်ထားမည့် ဆရာ၊ ဆရာမများအတွက် နိုင်ငံတော်မှ လစာစရိတ်များ သုံးစွဲနိုင်မယ်လို့ သုံးသပ်ရရှိပါတယ်"ဟု ဦးတင်ထွတ်က ထောက်ပြဆွေးနွေးခဲ့သည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက "ဒီမနက်ပိုင်းမှာပဲ ဘတ်ဂျက်နဲ့ ပတ်သက်ပြီး ပြန်စီစစ်ပါတယ်။ မှန်ပါတယ်။ ငွေလုံးငွေရင်းဆိုရင် အဆင့်မြင့်ပညာ ကဏ္ဍအတွက် ၂၆ ဒသမ ၃၇၆ ဘီလျံ သုံးပါတယ်။ စုစုပေါင်းတွက်လိုက်ရင် အဆင့်မြင့်ပညာကဏ္ဍအတွက် ၁၃၂ ဘီလျံသုံးပြီး အခြေခံပညာကဏ္ဍအတွက် ၁၄၁ ဘီလျံသုံးပါတယ်။ ၃၁ ဒသမ ၂၆၅ ဘီလျံဟာ ပရိဘောဂပစ္စည်း၊ ဖိမ်ခံပစ္စည်းတွေဖြစ်ဖို့ များပါတယ်။ မလိုလားအပ်တဲ့ ဆက်တိုတို့၊ ၄၁ လက်မ တီဗီလို ဖိမ်ခံပစ္စည်းတွေက မလိုပါဘူး။ ဒါတွေအတွက် ၃၁ ဒသမ ၂၆၅ ဘီလျံပိုသုံးထားသလိုဖြစ်နေပါတယ်။ ဒါကြောင့် ဥပဓိရုပ် မကောင်းတဲ့ ကျောင်းတွေ ပျက်စီးနေတဲ့ အသစ်ဆောက်ရမယ့် ကျောင်းတွေအတွက် မလိုသေးတဲ့ ပရိဘောဂပစ္စည်းတွေ ဝယ်မယ့်အစား လွှဲပြောင်းသုံးသွားဖို့ ကျွန်တော် ကတိပြုပါတယ်"ဟု ပြောသည်။

ထို့ပြင် ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြားသော အခက်အခဲများနှင့်လည်း ကြုံတွေ့လျက်ရှိကြောင်း၊ အချို့ဒေသများတွင် ခိုးပြီး တွဲဖက်လုပ်ထားသည့် ခိုးတွဲကျောင်းများလည်းရှိကြောင်း၊ ၎င်း ခိုးတွဲကျောင်း ၁,၅၀၀ ရှိသည့်အနက် ယခု ၁,၂၀၀ ကျော်အား တွဲဖက်မူလတန်းကျောင်းများ၊ တွဲဖက်အလယ်တန်းကျောင်းများအဖြစ် ချမှတ်ပေးခဲ့ကြောင်း ၎င်းက ပြောသည်။

"နောက်ပြီး ၁၀ တန်းအောင်တဲ့ ကလေးတွေကို နေ့စား ဆရာ၊ ဆရာမ တွေအဖြစ် ခန့်ဖို့ ပြီးတော့မှ ကျောင်းပိတ်ရက်မှာ အချိန်တိုဆရာအဖြစ် သင်တန်းတွေလုပ်ပေးပါမယ်။ ဘွဲ့ရ ကလေးတွေကို ဆွဲခန့်ဆရာခန့်ဖို့လည်း အစီအစဉ်တွေ လုပ်နေပါပြီ။ လက်ရှိမှာ ဆရာ၊ ဆရာမတွေလိုနေတာ ကျွန်တော် သိပါတယ်။ ဖြည့်လို့မနိုင်အောင် ဖြစ်နေပါတယ်။ အခြေခံကျောင်းတွေ ပြုပြင်ခြင်း၊ ဆရာတွေလိုနေတဲ့ကျောင်းတွေမှာ တိုးခန့်ထားခြင်းတွေကိုလည်း စီစဉ်နေပါပြီ။ ဒါတွေအားလုံးကို စိမံကိန်းမှာ ထည့်ဖို့ဒီညနေမှာပဲ လုပ်ပါ့မယ်"ဟု ဒေါက်တာမြအေးက ပြောကြားခဲ့သည်။ ■



GREEN HILL HOTEL YANGON
VACANCY ANNOUNCEMENT

1. Duty Manager	Male	2. Posts
2. Sales Manager	Male / Female	1. Post
3. Sales Executive	Male / Female	2. Posts
4. Chief Accountant	Male / Female	1. Post
5. HR Manager	Male / Female	1. Post
6. Training Manager	Male / Female	1. Post
7. Reservation Executive	Male / Female	2. Post
8. Steward Supervisor	Male	1. Post

All above positions except Steward supervisor require at least 2 to 3 years experience in Hotel and Restaurant field. Fluent in English, Computer Knowledge and able to plan for their Departments concerned.

Steward supervisor position need at 1 years experience.

No. 12, Pho Sein Road, Tamwe Township, Yangon
Tel : 95-1 209299, 209300, 209343, 209345, 209346
Fax : 95-1 209344, E-mail : greenhill@myanmar.com.mm.

မူးယစ်ဆေးဝါးအမှု ထောင်ဒဏ် ၁၄ နှစ်စီ ချမှတ်

မင်းသုဇနာနှင့် လင်းဦး

စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများ သိမ်းဆည်းရမိခဲ့မှုဖြင့် ဖမ်းဆီးတရားစွဲဆို ထားခြင်းခံရသော သယ်နန်းကျွန်းမြို့နယ်၊ သုဝဏ္ဏမီးဒုံးလမ်းနေ ဦးဝင်းဌေး၊ နေမျိုးလင်း (ခ) ကိုမျိုးနှင့် ပြည်မြို့နေ စည်သူဇော် (ခ) ဘိုဖြူတို့အပေါ် ၁၉၉၁ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က) အရ အပြစ်ရှိ၍ ထောင်ဒဏ် ၁၄ နှစ်စီ ကျခံကြစေရန် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးက ဖေဖော်ဝါရီ ၁၉ ရက်နေ့က စီရင်ချက်ချမှတ်လိုက်သည်။

မှုခင်းဖြစ်စဉ်မှာ ၁၈-၁၁-၂၀၁၁ ရက်နေ့ ညနေ ၃ နာရီခန့်တွင် ရန်ကုန်အနောက်ပိုင်း မူးယစ်အဖွဲ့ကြီးကြပ်သူ အရာရှိ ဒုရဲမှူး ခင်မောင်သိန်း ဦးစီးတပ်ဖွဲ့ ဝင်များနှင့် ဗဟန်းရဲစခန်းမှ နယ်ထိန်း အရာရှိ ဒုရဲအုပ် တင်လှိုင် ပူးပေါင်းပါဝင်လျက် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ဗဟန်းမြို့နယ်၊ ပိုလ်စိန်မှန်ရပ်ကွက်၊ ပိုလ်တေဇလမ်းနှင့် ပိုလ်သူရလမ်းထောင့်၌ စောင့်ဆိုင်းနေစဉ် အဌားယာဉ်တစ်စီးပေါ်တွင် ဝင်းဌေးနှင့် စည်သူဇော်တို့လိုက်ပါလျက် ထိုကားပေါ်တွင် Tramadol HCL 50 mg ဆေးလုံးစုစုပေါင်း ၁၈၄,၈၀၀ လုံးနှင့် စည်သူဇော်၏ ညာဘက်လက် အတွင်းမှ NOKIA အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးတွေ့ရှိ၍ သိမ်းဆည်းခဲ့သည်။ ဝင်းဌေး၏ဖော်ထုတ်ချက်အရ နေမျိုးလင်း နေထိုင်ရာအိမ်ကို သွားရောက်ရှာဖွေရာ နေအိမ်အောက်ထပ် အိပ်ခန်းမှ ဒိုင်ယာဆီပင်ဆေးပြား ၅၂၆,၀၀၀ ပြား၊ ပန်းရောင်စိတ်ငြိမ် ဆေးပြား ၅၆,၀၀၀၊ ထိုးဆေးအလုံးပေါင်း ၄,၅၁၀ နှင့်နေမျိုးလင်း၏ ညာဘက်လက်မှ NOKIA အမျိုးအစား လက်ကိုင်ဖုန်း တစ်လုံး စသည်တို့ကို သိမ်းဆည်းခဲ့သည်။ ထို့နောက် ဗဟန်းရဲတပ်ဖွဲ့စခန်းက တရားခံများအား ၁၉၉၁ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅၊ ၁၉(က)/၂၁ အရတရားစွဲသို့တရားစွဲဆို တင်ပို့ခဲ့မှုဖြစ်သည်။

အနောက်ပိုင်းခရိုင်တရားရုံး၏ စီရင်ချက်တွင် "ယခုအမှု၌ တရားခံ ဦးဝင်းဌေးနှင့် တရားခံ စည်သူဇော်တို့ စီးနင်းလာသည့်ကားပေါ်မှ စိတ်ကိုပြောင်းလဲစေသည့် သက်သေခံဆေးဝါးများ ဖမ်းဆီးရမိကြောင်း အငြင်းမပွားချေ။ ထို့အတူ နေမျိုးလင်း နေထိုင်ရာ အိမ်အောက်ထပ်မှ စိတ်ကိုပြောင်းလဲစေသည့် သက်သေခံဆေးဝါးများတွေ့ရှိခဲ့ သည်မှာလည်း အငြင်းမပွားချေ။

"တရားခံများအနက် တရားခံ ဦးဝင်းဌေးသည် အမှုမှသက်သေခံပစ္စည်းများ အားလုံးမှာ သူ၏မိတ်ဆွေ ဒေါက်တာ အောင်ကျော်ဦး ဆိုသူ၏ ပစ္စည်းများ ဖြစ်ပြီး ၎င်းကမသိဘဲ လက်ခံခြင်း၊ သယ်ယူခြင်း ပြုမိသည်ဟုဆိုလိုသည်။ တရားခံ စည်သူဇော်ကမူ ကားပေါ်သို့ လမ်းကြုံလိုက်ပါခဲ့ခြင်းသာဖြစ်ပြီး သက်သေခံပစ္စည်းများနှင့် စပ်လျဉ်း၍ မသက်ဆိုင်ဟုဆိုလိုသည်။ တရားခံ နေမျိုးလင်းကလည်း ၎င်းနေထိုင်ရာ အိမ်အောက်ထပ်၌ တွေ့သောပစ္စည်း များမှာ ၎င်းမသိ၊ ၎င်းနှင့်မသက်ဆိုင်ဟု ဆိုလိုခြင်းဖြစ်သည်။

"အမှု၌ သက်သေခံ စိတ်ကိုပြောင်းလဲ စေသည့်ဆေးဝါးများကို သိမ်းဆည်း ထားသည့် ရှာဖွေပုံစံအသီးသီးပေါ်တွင် တရားခံအသီးသီးက လက်မှတ်ထိုးထား ကြသည်။ ရှာဖွေပုံစံကို လက်မှတ်ရေးထိုး စဉ်ငြင်းဆန်ကြသည်ဟု အရပ်သက်သေ တို့က ထွက်ဆိုကြသော်လည်း ရဲတပ်ဖွဲ့ ဝင်သက်သေများက ထိုသို့ထွက်ဆိုခြင်း မရှိချေ။ ရဲသက်သေများမှာလည်း တရား ခံများနှင့် ရန်ငြိုးဒေါသရှိသူများဖြစ် ကြောင်း မပေါ်ပေါက်သဖြင့် ၎င်းတို့၏ ထွက်ဆိုချက်များကို အလွယ်တကူ ပစ်ပယ်ရန် မဖြစ်နိုင်ချေ။

"တရားခံ စည်သူဇော်ထံမှ သိမ်းဆည်း သောလက်ကိုင်ဖုန်းနှင့် တရားခံ နေမျိုး လင်းထံမှသိမ်းဆည်းသော လက်ကိုင် ဖုန်းတို့မှာ စကားပြောဆိုဆက်ဆံမှုရှိ ကြောင်း အမှုစစ်အရာရှိက မြန်မာ့ ဆက်သွယ်ရေးမှ မှတ်တမ်းရယူထား သည်။ ထို့ကြောင့် တရားခံသုံးဦးတို့သည် အချိတ်အဆက်များ ရှိကြကြောင်း ပေါ်ပေါက်သည်။ ထို့ပြင် တရားခံများ အား ကြဲကြိုက်၍ ဖမ်းဆီးခဲ့ခြင်းမဟုတ် ဘဲ သတင်းအရစောင့်ဆိုင်းဖမ်းဆီးခဲ့ရာမှ သက်သေခံပစ္စည်းများတွေ့သဖြင့် အချင်းချင်း အချိတ်အဆက်များရှိ ကြောင်း ပို၍ထင်ရှားစေသည်။ တရားခံ ဦးဝင်းဌေးက ပစ္စည်းများအားလုံးကို ဒေါက်တာအောင်ကျော်ဦး၏ ပစ္စည်းများ ဖြစ်သည်ဟု ပုံချလိုသည်။ ရဲများက ဒေါက်တာ အောင်ကျော်ဦးကို တရားခံ ပြေးအဖြစ် စွဲဆိုခဲ့ခြင်းမရှိသည်သာမက ဖမ်းဆီးရန်ပင် အားထုတ်ခဲ့ကြောင်း ပေါ်ပေါက်ခြင်းမရှိသဖြင့် သက်သေခံ ပစ္စည်းများမှာ တရားခံများနှင့်သာ သက်ဆိုင်သည်ဟုသာ ကောက်ယူရန် ဖြစ်သည်။ ထို့ကြောင့် တရားခံများ အပေါ် စွဲချက်တင်ထားသည့်အတိုင်း ပြစ်မှုများကို အသီးသီးကျူးလွန်သည်ဟု ဆုံးဖြတ်၍ ထောင်ဒဏ် ၁၄ နှစ်စီ ကျခံ ကြစေရန် အမိန့်ချမှတ်လိုက်ကြောင်း" စီရင်ချက်တွင် ဖော်ပြထားသည်။ ■

ခေါင်းဖြတ်အသတ်ခံရသည့် အမျိုးသမီးအမှု သံသယရှိသူကို ရဲတပ်ဖွဲ့က စတင်စစ်ဆေးနေ

ထူးဇော်

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်း ဖေဖော်ဝါရီလ ၁၄ ရက်နေ့က ရက်စက်စွာ အသတ်ခံထားရသည့် အမျိုးသမီး အမှုနှင့်ပတ်သက်ပြီး သံသယရှိသူ တစ်ဦးကို စစ်ဆေးမေးမြန်းနေကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုရဲမှူးကြီးဝင်းစိန်က မြန်မာတိုင်း(မဲ)ကို ပြောသည်။

"အလောင်းနားမှာ သံသယရှိသူရဲ့ အမည်နဲ့ စာရွက်တစ်ရွက်တွေ့လို့ ခေါ်ယူမေးမြန်းနေတာပါ။ အသက် ၃၀ လောက်ရှိပြီ"ဟု ၎င်းက ပြောသည်။

အဆိုပါဖြစ်စဉ်မှာ ဖေဖော်ဝါရီလ ၁၄ ရက်နေ့ နံနက် ၉ နာရီတွင် ဖြူးမြို့၏ တောင်ဘက် နှစ်မိုင်ခွဲခန့်တွင် ရန်ကုန်-မန္တလေး ကားလမ်းဟောင်းပေါ်ရှိ သပြေလှကျေးရွာ ဇလားချောင်းတံတား အောက် ချောင်းထဲတွင် မသက်ာဖွယ် ပိန်အိတ်တစ်အိတ် တွေ့ရှိသဖြင့် ဖြူးရဲစခန်း၏ တာဝန်မှူးတာဝန်ယူလျက် ရှိသည့် ဒုရဲအုပ်ဇော်ဝင်းနှင့်အဖွဲ့သည် ချင်းခင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး နှင့် ရာအိမ်မှူးတို့နှင့်အတူ သွားရောက် စစ်ဆေးခဲ့ရာ သွေးများပေကျံနေသည့် ပိန်အိတ်ကို တွေ့ရှိပြီး ဖြူးမြို့နယ်ဆေးရုံသို့ ပေးပို့ခဲ့သည်။ ဖြူးမြို့နယ် ဒုရဲမှူး စိုးသိန်း၊ ဖြူးရဲစခန်း ရဲအုပ်သောင်းဝင်းတို့က တာဝန်ကျဆရာဝန်နှင့်အတူ ပိန်အိတ်ကို ဖွင့်ဖောက်စစ်ဆေးခဲ့သည့် အချိန်တွင် ခြေနှင့်လက်တို့ကို ကြိုးတုပ်ပြီး ဦးခေါင်းမပါ၊ အဝတ်ဗလာဖြင့် အမျိုးသမီးအလောင်းတစ်လောင်းကို တွေ့ရှိခဲ့သည်။

၎င်းအလောင်း၏ ကိုယ်ပိုင်းကို ဖေဖော်ဝါရီလ ၁၅ ရက်နေ့ နံနက် ၃ နာရီ ၁၅ မိနစ်တွင် တွေ့ရှိခဲ့ပြီး ချောင်းတံတား၏ အရှေ့ဘက်ဘေးတွင် ဦးခေါင်းပြတ် တစ်ခုကို တွေ့ရှိခဲ့သဖြင့် ဦးခေါင်းပြတ်ကို ဆေးရုံသို့ ယူဆောင်ပြီး ကိုယ်ပိုင်းနှင့် ဆက်စပ်ကြည့်ရာတွင် ကိုက်ညီမှုရှိကြောင်း၊ ဦးခေါင်းပြတ်နှင့်အတူ အမျိုးသမီးထဘီ၊ အင်္ကျီတို့အပြင် အမျိုးသားဝတ် ပုဆိုးအနီတစ်ထည်ပါ သိမ်းဆည်းရရှိခဲ့သည့်အမှု ဖြစ်သည်။

ယင်း အမှုကို ပ/၃၆၊ ပုဒ်မ (၃၀၂) ဖြင့် ဖြူးရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။ ■



အလုပ်ကြော်ငြာ

Ruby Dragon Group Of Companies

A well-established New Resort is looking for following position who have expperience energetic, competent candidates to joint our New Hotels Group in Myanmar.

(ပြည်တွင်းခ်ိသာ မြန်မာကျပ်ငွေဖြင့် ခန့်ထားရန်)

(1)	Residence Manager	M/F	(3)Post
(2)	F.O Manager	M/F	(5)Post
(3)	Sales Manager	M/F	(3)Post
(4)	Sales Executive	M/F	(3)Post
(5)	Reservation Supervisor	M/F	(2)Post
(6)	F&B Manager	M/F	(2)Post
(7)	F&B Supervisor	M/F	(5)Post
(8)	Bar Supervisor	M	(3)Post
(9)	Chief Engineer	M	(2)Post
(10)	Duty Engineer	M	(5)Post
(11)	Executive Housekeeper	M/F	(2)Post
(12)	Housekeeping Supervisor	M/F	(5)Post
(13)	Chief Accountant (Experience in hotel)	M/F	(2)Post
(14)	Sous Chef	M	(2)Post
(15)	Security Manager		(2)Post

Personal Assistant (age within 30-50) M/F (5) Post

(Gems, Mining, Production Factory, Hotel and Law Firm experience must need fluent in English (or) Russian (or) Chinese (Mandarin) and have oversea experience.)

Interested candidate shall submit an application letter, C V with recent photo, copies of NRC and labour registration card. Educational Certificate and other testimonials to (N0.39/A, 7½ miles, Pyay Road, Mayangone Township. Tel: 95-1-664158,652662. Fax: 95-1-652793) Admin Department **not later than 5th March 2013**. Only short-listed candidates will be contacted for interview.

Vacancy Notice
(For Myanmar Nationals only)

Post Title: Monitoring and Evaluation Specialist
Level: NO-C with good benefits

Purpose: To assist in the development of national capacities for monitoring, evaluation and research and to ensure that UNICEF Myanmar Country Office has useful, valid and reliable information on the performance of UNICEF-supported programmes and the situation of children's and women's rights.

Requirements:

- Advanced University degree in Social Sciences preferably with specialized training in Social Statistics, Economics or related field. Training in project monitoring and evaluation essential and 5 years of progressively responsible professional work experience in programme monitoring and evaluation, statistics or social science research including experience in computer analysis of social services data.
- Myanmar national with excellent spoken and written English and Myanmar.
- Skills and personal characteristics: knowledge of recent development and technology in monitoring and evaluation; analytical, negotiating, communication and advocacy skills, supervisory and managerial capability; knowledge of computer management and applications. Good interpersonal skills and the ability to work as part of a team as well as individually. Prior UN/INGO and field experience an advantage.

Detailed Job Description may be requested by writing to UNICEF Myanmar: wmyint@unicef.org and thoo@unicef.org

Please note that:

1. UNICEF does not discriminate in regard to race, ethnicity and gender or persons living with disabilities.
2. UNICEF fosters a climate of impartiality, fairness and objectivity and assures the equitable application of UNICEF regulations, rules and policies.
3. Female qualified candidates are encouraged to apply.
4. UNICEF is a smoke free environment.

Qualified candidates may submit application with updated CV form to UNICEF Myanmar Office (Ms. Wai Wai Myint, HR Unit, email address: wmyint@unicef.org)
Closing date: 10th March, 2013



မူးယစ်ဆေးပြဿနာကို လျှော့မတွက်ကြနဲ့

SATIRE

မာဂျေ

လွန်ခဲ့တဲ့ နှစ် ၂၀ လောက်က ထိုင်းနိုင်ငံက ဆယ်ကျော်သက်လူငယ်တွေကြားမှာ မူးယစ်ဆေးပြဿနာ အကြီးအကျယ် ဖြစ်ပွားခဲ့တယ်။ အဲဒီတုန်းက ထိုင်းအစိုးရတာဝန်ရှိသူတွေကိုယ်တိုင် ခေါင်းခြောက်ခဲ့ရတဲ့ ကိစ္စပါ။ အခုတော့ ထိုင်းမှာ အဲဒီအသံမကြားရတော့ဘဲ မာဂျေတို့နိုင်ငံက လူငယ်တွေကြားမှာ မူးယစ်ဆေးစွဲတဲ့ ပြဿနာက တဖြည်းဖြည်း ကြီးထွားလာနေပြီ။ သက်ဆိုင်တဲ့တာဝန်ရှိပုဂ္ဂိုလ်တွေ သတိပြုမိမပြုမိတော့ မာဂျေလည်း လက်လှမ်းမမီပေဘူး။ ဒါပေသည့် ရန်ကုန်မှာ မူးယစ်ဆေးကို ပေါပေါသီသီ ဝယ်လို့ရနေတာ။ ညဘက် လူငယ်တွေ ကလပ်တွေမှာ၊ ဒါမှမဟုတ် သူတို့စုဌားထားတဲ့ အိမ်တွေမှာတွေ့ဆုံပြီး မူးယစ်ဆေးကို အုပ်စုဖွဲ့ သုံးနေကြတာ ကြောက်စရာကောင်းလောက်အောင် ဖြစ်နေပြီ။

လက်တွေ့ပြောရရင် ပြီးခဲ့တဲ့အပတ်က မြရိပ်ညိုမှာ ရှိုးပွဲလုပ်တယ်။ စပွန်ဆာပေးတဲ့ ဆီလီဗင်းက မာဂျေနဲ့ လက်ဝှေ့ပွဲတွေလုပ်နေကျဆိုတော့ လှုပ်းဖိတ်လို့ သွားခဲ့တယ်။ မြရိပ်ညိုအဝင်ဝမှာတော့ ထုံးစံအတိုင်း အဝင်ကားတွေ အထွက်ကားတွေ ကျပ်နေတယ်။ အဲဒီအချိန်မှာ လူငယ်တစ်စုက သူတို့ကားထွက်တာ လမ်းတွေပိတ်နေရပုံ့မလားဆိုပြီး ကားပေါ် ကဆင်းလို့လမ်းတစ်လျှောက် အဝင်ကားတွေကို မအေနဲ့ ငါနဲ့ ကိုင်တုတ်ပါတော့တယ်။ ကားတန်းကြီးရဲ့နောက်ဆုံးမှာက မာဂျေရဲ့ကားဆိုတော့ ဒီပြဿနာငါမှမရှင်းရင် မရပေတော့ဘူးဆိုပြီး ကားကို နောက်ဆုတ်ပေးလိုက်တယ်။ ဘယ်အထိ ဆုတ်ပေးရသလဲဆိုရင် ကမ္ဘာအေးဘုရားလမ်းပေါ်က မီးပွိုင့်အထိပေါ့။ တကယ်ဆိုရင် အဲဒီချာတိတ်တွေက မာဂျေ့ကိုလာပြီး ကျေးဇူးတင်ပါတယ်ပြောရမှာ။ ဒါပေသည့် လက်တွေ့မှာတော့ အဲဒီလိုမဟုတ်ဘဲ အဲဒီချာတိတ်တွေက မာဂျေ့ကားနားလာပြီး တစ်ချိန်လုံး လက်ညှိုးထိုးပြီး ဆဲကြပါလေရော။

ထုံးစံအတိုင်း သူတို့ရဲ့ ယုတ်မာညစ်ညမ်းတဲ့ ဆဲနည်းတွေနဲ့ပေါ့။ အဲဒီလို လာဆဲနေလို့ဒီကလေးတွေကို ကလေကချေလို့ မပြော်ရပါဘူး။ သူတို့စီးတဲ့ကားက နောက်ဆုံးပေါ် ၇ဃ နံပါတ်နဲ့ ကားဗျ။

မာဂျေဆိုတဲ့ကောင်က နဂိုအခံကိုက မိုက်စိတ်ရှိတယ်။ ဒါကြောင့် ကားမောင်းရင် ဘီးဖြုတ်တဲ့သံဂေါက်ကို ဘေးနားထား မောင်းနေကျ။ ဒါပေသည့် ခက်တာက ကိုယ့်ကိုဆဲနေတဲ့ကလေးတွေက ကိုယ့်သားလောက်တွေ။ ဆင်းပြီးရိုက်ရ အောင်ကလည်း ကိုယ်ကရိုက်လည်း မကောင်း၊ ကိုယ်အရိုက်ခံရလည်း မကောင်းနဲ့ တော်တော်ဆိုးတဲ့ အခြေအနေ။ သူတို့မျက်နှာတွေကြည့်လိုက်ပြန်တော့ မျက်လုံးတွေက ကြောင်စီစီနဲ့ ပုံမှန်အနေအထားမဟုတ်ဘူး။ ဆဲနေတဲ့ပုံက လည်း ပါးစပ်ကထွက်တာကို မထိန်းနိုင်မသိမ်းနိုင်ဘဲ ဒီအဆဲစကားတစ်လုံးကိုပဲ အထပ်ထပ် ဆဲနေတဲ့ပုံမျိုးဆိုတော့ သုံးနေကြပြီ။ အရင်ခေတ်ကလို မှတ်မှတ်သားသားဖြစ်အောင် ဖမ်းပြီး မူးယစ်ဆေးဖြတ်စခန်းကို ပို့ထားလိုက်စေချင်တယ်။

ဒီအတိုင်းသာ ဆက်ပြီး လွှတ်ထားကြည့်၊ လမ်းပေါ်မှာ လူသတ်မှုတွေ၊ ရိုက်ပွဲတွေ ထိန်းမနိုင် သိမ်းမရ ဖြစ်လာတော့မယ်။ အခုအချိန်ကတော့ထိန်းရင်မီသေးတယ်နော်။ ဝိုဏ်းတွေဖွဲ့ပြီး အမှုတွေကျူးလွန်တဲ့အချိန်ရောက်ရင် အပ်နဲ့ထွင်းရမှာ ပုဆိန်နဲ့ ပေါက်ရမှာစိုးလို့ ကြိုသတိပေးနေရတာပါ။

မူးယစ်ဆေးဆိုတာ ရောင်းသူမှ မဟုတ်ဘူး၊ သုံးစွဲသူကိုပါ ဖမ်းလို့ရတယ်လေ။ သုံးတဲ့သူကိုဖမ်းမိရင် ရောင်းတဲ့သူကို ဆက်ဖမ်းဖို့ဆိုတာက လွယ်မှလွယ်ပေါ့။ သုံးတဲ့သူကို ဖမ်းချင်ရင် လွယ်လွယ်လေးပါ။ ညဘက်ကလပ်တွေရှေ့ သွားစောင့်ဖမ်းရင် ကားတောင် ဆုံမှာ မဟုတ်ဘူး။ အစိုးရမှာလည်း မူးယစ်ဆေးဖြတ်စခန်းတွေ ရှိတာပဲလေ။ တလောက ရန်ကုန်မှာဖမ်းမိတဲ့ မူးယစ်ဆေးတွေလည်း နည်းမှတ်လို့။ ကြည့်လုပ်ကြဦးဗျ။

တိုင်းပြည်ရဲ့ အဆိုးအကောင်းကို သူတို့က ထိန်းသိမ်းဆောင်ရွက်နေတာ၊ သူတို့က လိုရင် လွှတ်တော်ထဲမှာ မေးခွန်းတွေ မေးကြမှာ၊ အခုထိ သူတို့က ...

သေချာတာတစ်ခုက ဒီကလေးတွေ မူးယစ်ဆေး သုံးထားတာပဲ။

ကောင်းပြီ၊ အခုတစ်လော ဒီမိုကရေစီရပြီဆိုတာနဲ့ ရောပြီး မူးယစ်ဆေးကို လူငယ်တွေကြားမှာ ကျယ်ကျယ်ပြန့်ပြန့် ရောင်းချသုံးစွဲနေကြတယ်။ အနုပညာသမားတွေကြားမှာ၊ မော်ဒယ်တွေကြားမှာ၊ ကလပ်တက်တဲ့ လူငယ်တွေကြားမှာ ယုတ်စွအဆုံး အထက်တန်းကျောင်းသူကျောင်းသားလေးတွေကြားမှာ မူးယစ်ဆေး သုံးစွဲမှု အရမ်းမြင့်တက်လာနေတယ်။ တာဝန်ရှိသူတွေ ဒီအတိုင်းကြည့်နေတော့မှာလား။ ကြားနေရတာတော့ လူငယ်တွေကြားမှာ မြင်းစီးတယ်လို့ ခေါ်တဲ့ မြင်းဆေးတွေ၊ ရာဘလို့ခေါ်တဲ့ အင်္ဂေ့ရျှတဲ့ မူးယစ်ဆေးတွေ အရမ်းဆေးဝါးတိုက်ဖျက်ရေးအဖွဲ့တွေ ရှိတာပဲလေ။ တလောက ရန်ကုန်မှာဖမ်းမိတဲ့ မူးယစ်ဆေးတွေလည်း နည်းမှတ်လို့။ ကြည့်လုပ်ကြဦးဗျ။

မူးယစ်ဆေးဆိုတာမျိုးက သုံးလိုက်ရင် သူတို့ဖြစ်ချင်တဲ့ဆန္ဒတွေ သူတို့စိတ်ထဲမှာ ဖြစ်လာကြတာလေ။ ဒီတော့ ကားမောင်းတဲ့သူကလည်း သူ့ကိုယ်သူ ပြိုင်ကားမောင်း ချန်ပီယံလို့ ထင်ရင် လမ်းမှာ ဘာတွေ့တွေ့ ဂရုမစိုက်တော့ဘူး။ မောင်းချင်သလိုမောင်းတော့တာပဲ။ ဒီလိုတွေကြောင့် တလောက ပြိုင်ကားတွေကို စီမံချက်ချ နှိမ်နင်းခဲ့ရပြီးပြီ။ ခက်တာက လူငယ်တွေဆိုရာ အမျိုးသားတွေသာမက အမျိုးသမီးလေးတွေပါ မူးယစ်ဆေးသုံးနေတာကိုစိတ်မချမ်းသာစရာ တွေ့နေရတာပါပဲ။ ဘယ်လောက်တောင် အသက်ငယ်ငယ်လေးတွေ မူးယစ်ဆေး သုံးနေသလဲဆိုရင် အသက် ၁၆ နှစ်ဝန်းကျင်လေးတွေပါ သုံးနေကြတယ်။

ဖြစ်နေတာက မူးယစ်ဆေးမသုံးရင်ဘဲ သူတို့အုပ်စုအသိုင်းအဝိုင်းမှာ လူရာမဝင်တော့သလိုမျိုး ဖြစ်ရာကသုံးကြတော့တာတွေပါ။ ငွေရှိတဲ့သူကတော့ အကြောင်းမဟုတ်ပေမယ့် ငွေမရှိတဲ့ မိန်းကလေးတွေဘဝက ဘာဖြစ်သွားမလဲဆိုတာ စဉ်းစားသာကြည့်ကြပါတော့။ မူးယစ်ဆေးသုံးမှ လူရာဝင်မယ်ဆိုတဲ့ မဟုတ်တရုတ် အတွေးအခေါ်ကြီးကို ပြင်နိုင်အောင် လုပ်ကြပါဦး။

စာရေးနေတုန်း တပည့်ကျော်မောင်ဆိတ်သိုးရောက်လာလို့ ဒီကိစ္စကို သူနဲ့တိုင်ပင်မိတယ်။ သူကတော့ ပြတ်သားတယ်။ အိုးကမပူ စလောင်းကပူ ခင်ဗျားကြီးက ဘာဖြစ်နေတာလဲတဲ့။ ဒီနိုင်ငံမှာ မဏ္ဍိုင်ကြီးသုံးရပ်လည်း ရှိပြီးသား။ ပြည်သူတွေရွေးချယ်ထားတဲ့ ပြည်သူတွေရဲ့ ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းထားတဲ့ လွှတ်တော်လည်း ရှိပြီးသား။ တိုင်းပြည်ရဲ့ အဆိုးအကောင်းကို သူတို့က ထိန်းသိမ်းဆောင်ရွက်နေတာ၊ သူတို့က လိုရင် လွှတ်တော်ထဲမှာ မေးခွန်းတွေမေးကြမှာ၊ အခုထိ သူတို့က မူးယစ်ဆေးနဲ့ပတ်သက်ပြီး ဘာမှ မမေးသေးတာ။

ခင်ဗျားကြီးက ဘာကောင်မှလည်း မဟုတ်ဘူး။ လျှောက်လျှောက်ရေးမနေနဲ့၊ တော်ကြာ မူးယစ်ဆေးသမားတွေကအုပ်စုဖွဲ့ပြီး သတ်လို့ သေနေဦးမယ်။ ကိုယ့်ဟာကိုယ် အေးအေးနေ၊ ပြီးတော့ သူတို့ကိုယ်သူတို့ စတုတ္ထမဏ္ဍိုင်ဆိုလား စတုတ္ထမဏ္ဍပ်ဆိုလား ပြောပြောနေတဲ့ မီဒီယာတွေကလည်း အများကြီး။ ပွဲလမ်းသဘင်ဆိုရင် သက်ဆိုင်တဲ့ပွဲလုပ်တဲ့သူနဲ့ ပရိသတ်က နည်းနည်း၊ အဲဒီမီဒီယာသမားတွေက များများ။ သူတို့တောင် ဘာမှမရေးတာ၊ ခင်ဗျားကြီးလည်း ရေးမနေနဲ့တော့ ဆိုပြီး ဆုံးမနေလို့ ရေးလက်စကို ဘယ်လိုအဆုံးသတ်ရမှန်းမသိအောင် ဖြစ်သွားတော့တယ်ဗျာ။ ■

ကာတွန်း



သတင်းတို

အသည်းရောဂါ အလုပ်ရုံ ဆွေးနွေးပွဲကျင်းပ

အသည်းရောဂါဆိုင်ရာ ဘွဲ့လွန်သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၁၈ ရက်နေ့က ရန်ကုန်မြို့ ဆေးတက္ကသိုလ်(၁) ဇီဝကခန်းမ၌ ကျင်းပခဲ့ပြီး အမေရိကန်နှင့် ထိုင်းနိုင်ငံတို့မှ အသည်းရောဂါအထူးကုဆရာဝန်ကြီးများ လာရောက်ပို့ချပေးခဲ့သည်။ ဆွေးနွေးပွဲတွင် အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုး ဗိုင်းရပ်စ်များအကြောင်း၊ အသည်းကင်ဆာရောဂါများနှင့် နောက်ဆုံးပေါ်ကုသမှုနည်းပညာများကို ဆွေးနွေးခဲ့ကြသည်။ အဆိုပါ ဆွေးနွေးပွဲကို အမေရိကန်နိုင်ငံ ပင်ဆီလ်ဗေးနီးယားတက္ကသိုလ်နှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းပညာအဖွဲ့တို့ ပူးပေါင်း၍ ကျင်းပခြင်း ဖြစ်သည်။

ရောဝတီမြစ်မှ လျှပ်စစ် ထုတ်နိုင်ရန် လေ့လာမည်

ဝင်းကိုကိုလတ်

မြန်မာနိုင်ငံ၌ ပထမဦးဆုံးအဖြစ် ရောဝတီမြစ်အတွင်း ရေထိန်းနံရံ ၁၂ ခု တည်ဆောက်ကာ လျှပ်စစ်ဓာတ်အား ထုတ်ယူရန် စီမံကိန်းအတွက် ဖြစ်နိုင်ခြေ လေ့လာမှုများကို လာမည့် မတ်လမှ စတင် ဆောင်ရွက်သွားမည်ဟု ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း အောင်က ယခုလ ၁၁ ရက်က ပြောသည်။

"အစိုးရအဖွဲ့က အတည်ပြုပြီးသားကို လုပ်တာပါ" ဟု ၎င်းကပြောသည်။

သို့သော် လွှတ်တော်၏ လုပ်ထုံးလုပ်နည်းများအတိုင်း တင်ပြဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူများ ဘက်မှ လက်မခံပါက ဆောင်ရွက်မည်မဟုတ်ဟုလည်း ၎င်းက ပြောကြားခဲ့သည်။

အဆိုပါစီမံကိန်းအတွက် လေ့လာမှုများအနေဖြင့် ရောဝတီမြစ်အထက်ပိုင်း ဗန်းမော်မှ ဟင်္သာတမြို့အထိ မြစ်ကြောင်းတစ်လျှောက်တွင် လောလောဆယ် လေ့လာမှုများအရ ရေအားလျှပ်စစ် ထုတ်ယူနိုင်သော ရေထိန်းတမံ ၁၂ ခု တည်ဆောက်နိုင်ရန် လျာထားပြီး ရေအားလျှပ်စစ် မဂ္ဂါဝပ် ၂,၅၂၀ ထုတ်ယူနိုင်ရန် ခန့်မှန်းထားသည်ဟု ဦးဉာဏ်ထွန်း အောင်က ပြောသည်။

ရေထိန်းတမံများသည် ဆည်များကဲ့သို့ စီးဆင်းနေသော ရေကြောင်းအား ပိတ်ပင်တားဆီးခြင်းမဟုတ်ဘဲ သတ်မှတ်အတိုင်းအတာတစ်ခုဖြစ်သော ရေပမာဏကိုသာ ထိန်းသိမ်းထားပြီး ကျန်ပမာဏကို တမံများအား ဖြတ်ကျော် စီးဆင်းစေမည်ဖြစ်သဖြင့် ရေကြောင်းကို မထိခိုက်နိုင်ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက ပြောသည်။

မြန်မာနိုင်ငံ၌လည်း ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ ဩစတြီးယားနှင့် အမေရိကန်နိုင်ငံ များကဲ့သို့ Weir ship Locks များ တည်ဆောက်နိုင်ပါက ရေကြောင်းသွားလာမှုအတွက် အနည်းဆုံး ရရှိနိုင်မည့် မြစ်ရေအနက် ပိုမိုတိုးတက်ရရှိနိုင်ခြင်း၊ ရေမျက်နှာပြင်ဧရိယာ ပိုမိုကျယ်ပြန့်လာပြီး ရာသီဥတု ပိုမိုကောင်းမွန်စေခြင်း၊ ငါးမွေးမြူရေးအတွက် အထောက်အကူပြုဖြစ်စေခြင်း၊ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများအတွက် ရေချိုအပြည့်အဝရရှိနိုင်ခြင်း၊ သန့်စင်လျှပ်စစ်စွမ်းအင် ထုတ်လုပ်ရရှိခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဟု သိရသည်။

ဘီအိုတီစနစ်ဖြင့် တည်ဆောက်မည့် အဆိုပါစီမံကိန်းမှာ အမေရိကန်ဒေါ်လာသန်း ၃၀၀ ခန့် ကုန်ကျနိုင်ပြီး သုံးနှစ်ခန့်အချိန်ယူရမည်ဖြစ်သည်။

"ရင်းနှီးမြှုပ်နှံမယ့်သူကို ဘီအိုတီစနစ်နဲ့ ဖိတ်ခေါ်ပါမယ်"ဟု ၎င်းက ပြောသည်။ ■

သီလဝါဒေသခံများ ခေတ္တဆက်လက်နေထိုင်ခွင့်ရရှိ

နိုနိုဇော်

သီလဝါ အထူးစီးပွားရေးဇုန်စီမံကိန်းနယ်နိမိတ်အတွင်း ပါဝင်နေသော သန်လျင်နှင့် ကျောက်တန်းမြို့နယ်ရှိ ကျေးရွာအချို့အား ဖေဖော်ဝါရီလ ၁၃ ရက်နောက်ဆုံးထား၍ ဖယ်ရှားရန် အမိန့်ထုတ်ထားသော်လည်း ဖေဖော်ဝါရီ ၁၄ ရက်နေ့တွင် တိုင်းဒေသကြီးဝန်ကြီးနှင့် ဒေသခံများ၏ တွေ့ဆုံပွဲမှ ရလဒ်အရ အဓိုးရထံမှ ဆုံးဖြတ်ချက်တစ်စုံတစ်ရာ မရရှိသေးမီအထိ ဒေသခံများအနေဖြင့် မိမိတို့နေရာများတွင် ဆက်လက်နေထိုင်နိုင်မည်ဖြစ်သည်။

သန်လျင်နှင့် ကျောက်တန်းမြို့နယ်မှ ကျေးရွာများနှင့် အချို့သော လယ်ယာမြေများမှာ မြန်မာအဓိုးရနှင့် ဂျပန်နိုင်ငံတို့ ပူးပေါင်းလုပ်ဆောင်မည့် အရှေ့တောင်အာရှတွင် ဒုတိယအကြီးဆုံးဖြစ်လာမည့် သီလဝါ အထူးစီးပွားရေးဇုန် စီမံကိန်းအတွက် သတ်မှတ်ထားသည့် ဧရိယာပေါ်တွင် တည်ရှိနေမှုကြောင့် ယခုလ ၁၃ ရက်နေ့ နောက်ဆုံးဖယ်ရှားပေးရန်၊ သို့မဟုတ် ရက် ၃၀ ထောင်သွင်းအကျဉ်းချရန် မြို့နယ်အုပ်ချုပ်ရေးမှူးလက်မှတ်များဖြင့် အမိန့်စာ ထုတ်ပြန်ခဲ့သည်။

သို့သော် အဆိုပါ ဒေသခံအများအပြားနှင့် လယ်သမားများမှာ ရွှေ့ပြောင်းနေထိုင်ရန် နေစရာမရှိဟုဆိုကာ သတ်မှတ်ကာလအတွင်း ရွှေ့ပြောင်းခြင်း မရှိခဲ့ကြပေ။ ဖေဖော်ဝါရီ ၁၄ ရက်နေ့တွင်မူ ရန်ကုန်တိုင်းဒေသကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုးမင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန၏ ဒုတိယဝန်ကြီး ဦးဆက်အောင်တို့ ဦးဆောင်ကာ ဖယ်ရှားပေးရမည့်ဒေသခံများနှင့်တွေ့ဆုံ၍ ဆွေးနွေးခဲ့ကြသည်။

"ကျွန်တော်တို့ ဒီအစည်းအဝေးကို လုပ်တာကလည်း မိဘပြည်သူတွေရဲ့ အခက်အခဲ ဘာတွေရှိလဲ သိချင်လို့ပါ။ အခု မိဘပြည်သူတို့ပြောသမျှတွေကို မှတ်သားထားပြီးတော့ ထိခိုက်နစ်နာမှုအနည်းဆုံးဖြစ်စေမယ့် အစီအစဉ်တစ်ခုစဉ်းစားရမှာပါ"ဟု ဦးစိုးမင်းက ပြောသည်။

"စဉ်းစားဆုံးဖြတ်ရာမှာလည်း လယ်ယာမြေ နည်းဥပဒေအသစ်နဲ့ ဆောင်ရွက်မှာပါ။ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအတိုင်း ဆောင်ရွက်မှာ။ လယ်သမားတွေ၊ ရွာသူရွာသားတွေအနေနဲ့ နစ်နာမှုနည်းတဲ့ ဆုံးဖြတ်ချက်တစ်ခုဖြစ်မှာပါ"ဟု ၎င်းက ပြောသည်။

ဦးဆက်အောင်ကမူ အထူးစီးပွားရေးဇုန် စီမံကိန်းသည် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေလိမ့်မည်ဟု ဆိုသည်။

"ဒီ အထူးစီးပွားရေးဇုန်ကြီး ပေါ်ပေါက်လာတဲ့အခါကျရင် အလုပ်သမားတွေ အများကြီးလိုတဲ့ စက်ရုံတွေဖြစ်လာမယ်။ ဒေသခံတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီး ပေါ်လာမယ်။ ကျွန်တော်တို့က လယ်ပဲလုပ်တတ်တာလို့ ပြောနေလို့တော့ မရတော့ဘူး။ တောင်သူလယ်သမားဦးကြီးတွေလည်း ပူးပေါင်းပေးဖို့ လိုပါတယ်။ ကျွန်တော်တို့က တစ်ဖက်၊ ဒေသခံတွေက တစ်ဖက်ဖြစ်နေလို့တော့ မရဘူး။ ကျွန်တော်တို့ကလည်း စက်မှုဇုန်တွေသာ တိုးတက်လာတာ၊ ဒေသခံတွေ ဒုက္ခရောက်သွားတယ် ဆိုတာမျိုး မဖြစ်အောင် လုပ်ရမှာပါ"ဟု ဦးဆက်အောင်က ပြောသည်။

သို့သော် ကြုံခဲ့ပြီးသော အတွေ့အကြုံများအရ စက်ရုံများပေါ် ပေါက်လာလျှင် ဒေသခံနှင့် လယ်သမားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာမည်ဆိုရာတွင် ဒေသခံများအတွက် မျှော်လင့်စရာ ကြီးကြီးမားမားမရှိကြောင်း သန်လျင်မြို့နယ်၊ အလွမ်းဆွတ်ကျေးရွာမှ လယ်သမားတစ်ဦးဖြစ်သူ ဦးမြလှိုင်က ပြောသည်။

"အရင်တုန်းက စက်ရုံဆောက်ဖို့ဆိုပြီး သိမ်းခဲ့ဖူးပါတယ်။ စက်ရုံတွေပေါ် လာတော့ စက်ချုပ်သမားတစ်ယောက်ဟာ ရှစ်တန်းအောင်မှ ရတယ်။ လယ်သမားကြီးတွေအများစုက ဘုန်းကြီးကျောင်းစာပဲ ရတာပါ။ သားသမီးတွေဆိုတာလည်း တချို့ကျောင်းမနေရဘူး၊ တချို့က မူလတန်းအောင်၊ အလယ်တန်းအောင်။ အဲဒီအခါမှာ ညစောင့်နဲ့ လုံခြုံရေးပဲ ဖြစ်သွားတာပါပဲ"ဟု ၎င်းက ပြောသည်။

"နို့တစ်စာကို ဖတ်ကြည့်ပါ။ တာဝန်ရှိသူတွေက ကျူးကျော်တဲ့နဲ့ အဆောက်အအုံတွေကိုပဲ ဖျက်တာပါ။ မြေကို သိမ်းတာ မဟုတ်ဘူး။ ကျူးကျော်တဲ့မဟုတ်ရင် အထောက်အထားပြပါ။ ဥပဒေအရ နေထိုင်တဲ့၊ တရားဝင်ရထားတဲ့လယ်တွေဆိုရင် ခံစားခွင့်ရမယ်။ တရားဝင်ပိုင်ဆိုင်တယ်ဆိုရင် မဆုံးရှုံးစေရဘူး။ တာဝန်ယူတယ်။ မဟုတ်ရင်တော့ ဘာခံစားခွင့်မှ ရမှာမဟုတ်ဘူး" ဟု ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင် ဥပဒေအရာရှိဆိုသူက အစည်းအဝေးတွင် ပြောသည်။

"လယ်သမားဟာ ကျွန်တော်တို့ နိုင်ငံရဲ့ ဦးစားပေးလူတန်းစားပါ။ ဥပဒေကို မလိုက်နာဘဲနဲ့ ခံစားခွင့်ကျမှ ဥပဒေအတိုင်းလို့ ပြောလို့မရဘူး။ ဥပမာ အခုခင်ဗျားတို့ကို ဖယ်ခိုင်းတယ်။ ရက်စေ့ရင် ထောင်ချမယ်ပြောတယ်။ ခင်ဗျားတို့ ဖယ်လား။ ဒါဥပဒေကို မလိုက်နာတာပဲ။ ဒါပေမဲ့ တာဝန်ရှိသူတွေ ခင်ဗျားတို့ကို ဘာလုပ်လဲ။ လုပ်ပိုင်ခွင့်မရှိလို့ မဟုတ်ဘူး။ ညှာတာလို့ မလုပ်တာ" ဟု ၎င်းက ပြောသည်။

"ကျွန်တော်ကတော့ အားလုံးရှင်းရှင်းလင်းလင်း ဖြစ်သွားမှ တာဝန်ယူဆောင်ရွက်ရမယ့် လူပါ။ အားလုံး ညှိညှိနှိုင်းနှိုင်းနဲ့ ပြေလည်စေချင်ပါတယ်။ ကျွန်တော်တို့ အချက်အလက်တွေ ပြန်စုမယ်၊ တွေ့ဆုံ ဆွေးနွေးဦးမယ်။ ဒါကြီးအောင်မြင်ဖို့ ဒီလူတွေ ဘဝရင်းလိုက်ရတာမျိုးမဖြစ်အောင် ကြိုးစားပါ့မယ်" ဟု ဦးဆက်အောင်က ပြောသည်။ ■



ဘိုးတော်ဘုရားလက်ထက်တွင် မြုပ်နှံခဲ့သော ထိုင်းဘုရင် အုတ်ဂူဟောင်းကို ပြန်လည်ရှာဖွေ

ဖြိုးဝေကျော်နွဲ့ သန်းနိုင်စိုး



ထိုင်းဘုရင့်အုတ်ဂူဟောင်းဟု ယူဆသော အဆောက်အအုံပတ်လည်၌ ခြံစည်းရိုးကာရန် အလုပ်သမားတစ်ဦး မြေကျင်းတူးနေသည်ကို ယခုလ ၂၀ ရက်က တွေ့ရစဉ်။ ဓာတ်ပုံ-ဖြိုးဝေကျော်

ဘိုးတော်ဘုရားလက်ထက် အမရပူရမြို့၌ ကွယ်လွန်ခဲ့သော ထိုင်းဘုရင်အုတ်ဂူဟောင်းကို အဆိုပါမြို့ရှိ လင်းဇင်းကုန်းသုသာန်၌ ယခုလ တတိယပတ်အတွင်း စတင်ရှာဖွေနေသည်။

၁၈ ရာစုနှစ်အတွင်း အင်းဝတွင် နန်းတက်ခဲ့သော ဆင်ဖြူရှင်မင်းမှာ ယိုးဒယားနိုင်ငံသို့ ချီတက်တိုက်ခိုက်အောင်မြင်ခဲ့ရာတွင် ယိုးဒယားမိသားစု ၂၀၀,၀၀၀ ကျော်ကို မြန်မာနိုင်ငံသို့ ခေါ်ဆောင်ခဲ့ရာ၌ ထိုင်းမင်းမျိုးမင်းနွယ် ၂, ၀၀၀ ကျော်လည်း ပါလာခဲ့ကြောင်း၊ ၎င်းမင်းမျိုးမင်းနွယ်များတွင် ထိုင်းဘုရင် Udombhara[Dok Dua] လည်း ပါဝင်ခဲ့ကြောင်း၊ ၎င်းဘုရင်မှာ မြန်မာပြည်၌ ဘုန်းကြီးဝတ်ဖြင့် ၂၉ ဝါအရတွင် ဘိုးတော်ဘုရားလက်ထက်၌ ပျံလွန်တော်မူခဲ့ရာ ဘိုးတော်ဘုရားက လင်းဇင်းကုန်းသုသာန်တွင် အခမ်းအနားဖြင့် သင်္ဂြိဟ်ကာ အုတ်ဂူတည်ထားခဲ့ကြောင်း သမိုင်းအထောက်အထား အခိုင်အမာရှိထားသည်ဟု လာရောက်ရှာဖွေသော ထိုင်းနိုင်ငံအခြေစိုက် The Association of Siamese Architect မှ ဒုဥက္ကဋ္ဌ မစ္စတာမစ်ကီဟတ်က ယခုလ ၂၀ ရက်တွင် ပြောသည်။

အဖွဲ့တွင် သမိုင်းသုတေသီ၊ ဗိသုကာပညာရှင်များ အပါအဝင် အဖွဲ့ဝင် ၂၀ ဦးပါဝင်ကာ လုပ်ငန်းစဉ်မှာ ရက် ၃၀ မှရက် ၄၀ အတွင်း ကြာမြင့်မည်မှန်းကြောင်း သိရသည်။

"အခုိန်တွေက ကြာလာတော့ ဘယ်အုတ်ဂူဟာ ယိုးဒယားဘုရင်ရဲ့ အုတ်ဂူဆိုတာ အတိအကျမသိတော့ပါဘူး။ အထောက်အထားရှာဖို့မြန်မာအစိုးရကို ဆက်သွယ်ခွင့်တောင်းပြီး နှစ်နိုင်ငံချစ်ကြည်ရေးအရ လေ့လာရှာဖွေရေး လုပ်ဖို့ ပထမဆုံးရောက်လာတာပါ"ဟု မစ္စတာမစ်ကီဟတ်က ပြောသည်။

ရရှိထားသော အထောက်အထားများအရ စေတီသဏ္ဌာန်ရှိသော အဆောက်အအုံနှင့် အုတ်တိုင်ကို လေ့လာရှာဖွေသွားရမည်ဖြစ်ပြီး မူလပုံစံမပျက်အောင် လုပ်ဆောင်သွားမည်ဟု ပြောသည်။ စေတီသဏ္ဌာန် အဆောက်အအုံတွင် အောက်ခြေ၌ ဖောက်ထားသော အပေါက်တစ်ခုကို တွေ့ရကြောင်း၊ မြန်မာပြည် လွတ်လပ်ရေးမရမီကာလက ဖောက်ထားသောအပေါက်ဖြစ်နိုင်ကြောင်း၊ အတွင်းအထိ ဖောက်ထားခြင်း ရှိမရှိကိုမူ မသိရသေးသော်လည်း အောင်မြင်အောင် ဖောက်ထားခြင်းမရှိဟု ယူဆသောကြောင့် ဘုရင့်အုတ်ဂူဟောင်း ဟုတ်မဟုတ် အတည်ပြုရန် မျှော်လင့်ချက်ရှိသေးကြောင်း ပြောသည်။

"ဘုရင့်အုတ်ဂူဟောင်း အစစ်အမှန်ဖြစ်ခဲ့ရင် ဘယ်လိုဆက်လုပ်မယ်ဆိုတာကတော့ နှစ်ဖက်နိုင်ငံအစိုးရအပေါ်မှာ မူတည်ပါတယ်။ ဘုရင့်အုတ်ဂူကိုတော့ ထိုင်းနိုင်ငံကိုပြန်ယူသွားဖို့ အစီအစဉ် မရှိပါဘူး။ ထိုင်းဘုရင်က မြန်မာပြည်မှာပဲ နတ်ရွာစံလို့ ဒီမြန်မာပြည်မှာပဲထားမယ်။ ထိုင်းပြည်သူတွေအနေနဲ့ သူတို့ဘုရင်ကို ပူဇော်ချင်တယ်ဆိုရင် အရိုးပြာအနည်းငယ်ကိုသော် လည်းကောင်း၊ အရိုးအနည်းငယ်ကိုသော် လည်းကောင်း မြန်မာအစိုးရရဲ့ ခွင့်ပြုချက်နဲ့ ပြန်ယူသွားမယ်။ အုတ်ဂူအစစ်အမှန်ဖြစ်ခဲ့ရင်တော့ နွေးဟောင်းအဆောက်အအုံတစ်ခုအဖြစ် သတ်မှတ်သွားရမှာပါ"ဟု ၎င်းက ပြောသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန၊ နွေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနအနေဖြင့် ရှာဖွေရေးအဖွဲ့ကို လိုအပ်သလို ပံ့ပိုးမှုပေးမည်ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။ ■

ကျောက်ပန်းတောင်း နှစ်ကျပ်ခွဲရွာ မီးလင်းရေးကော်မတီဥက္ကဋ္ဌ တရားစွဲခံရ

စိုးစန္ဒာဦး

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိနှစ်ကျပ်ခွဲကျေးရွာ မီးလင်းရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ဆရာတော်ဦးကောသလ္လကို မြို့နယ်ရဲတပ်ဖွဲ့မှာ ဝတ္ထရားနှောင့်ယှက်မှုဖြင့် အမှုဖွင့်ဆောင်ရွက်နေပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စက်မှုနှင့် လျှပ်စစ်ဝန်ကြီးဒေါက်တာမြင့်ကြူက မြန်မာတိုင်း(မ်)ကို ပြောသည်။

"ဥပဒေအထက်မှာ ဘယ်သူမှ မရှိဘူး။ ဥပဒေချိုးဖောက်လာရင် ဘယ်သူပဲဖြစ်ဖြစ် ဥပဒေအတိုင်းဆောင်ရွက်ရမှာပါ။ ပြဿနာစဖြစ်ကတည်းက ရဲတွေကို အင်အားမသုံးဖို့ ဘာမှ မလုပ်ဖို့ညွှန်ကြားထားပြီးသားပါ။ ဒါကိုဘုန်းကြီးကတာဝန်ဆောင်ရွက်တဲ့ ဝန်ထမ်းကို လည်ပင်းညှစ်တာတွေ ဘာတွေ လုပ်လာတယ်။ ဒါက ဝတ္ထရားနှောင့်ယှက်မှုပါ"ဟု ၎င်းက ပြောသည်။

အဆိုပါ နှစ်ကျပ်ခွဲကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ၂၀၀၉ ခုနှစ်တွင် ကျေးရွာသူကျေးရွာသားများ၏ လျှောက်ထားမှုကြောင့် ဆရာတော်က မီးလင်းရေး

ခရိုင်လျှပ်စစ်အင်ဂျင်နီယာ၏ တိုင်ကြားချက်အရ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူးတို့ ...

ကော်မတီဖွဲ့စည်းပြီး အဆင့်ဆင့်ထောက်ခံလျှောက်ထားခဲ့သဖြင့် အိမ်သုံးမီတာ ၁၄၅ လုံးရရှိခဲ့ပြီး ကျေးရွာတစ်ရွာလုံးသတ်မှတ်ဓာတ်တိုင် (၁၁ကေဗီ) ၆၃ တိုင်စိုက်ထူပြီး မီးလင်းရေးဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။

"တကယ်တော့ အဲဒီရွာက နှစ်ခြမ်းကွဲနေတယ်။ မီးလင်းတဲ့ အိမ်ထောင်စု ၁၄၅ စုရှိပေမယ့် မီးမလင်းသေးတဲ့ အိမ်ထောင်စုက ၈၀၀ ရှိသေးတယ်။ သူတို့လည်း မီးလင်းချင်တော့ နောက်ထပ်မီးလင်းရေးကော်မတီဖွဲ့ဖို့လုပ်လာတယ်။ ရွာတစ်ရွာမှာ မီးလင်းရေးကော်မတီက နှစ်ဖွဲ့ဖွဲ့လို့ မရဘူး။

"ပထမအဖွဲ့ကလည်း တကယ်တော့ ဘုန်းကြီးကျောင်းအတွက် လုပ်တာဆိုလို့ ဘာသာသာသနာအတွက်ပေးထားတာ။ ဘုန်းကြီးက ရွာကို ပြန်ပေးထားတဲ့သဘောပဲ။ သူတို့အချင်းချင်းလည်း ငွေကြေးအရှုပ်အရှင်းတွေ ရှိနေပြန်တယ်"ဟု ဝန်ကြီးက ပြောသည်။

နိုင်ငံတော်က ခွင့်ပြုသတ်မှတ်ထားသော မီးလင်းရေးကော်မတီဖွဲ့စည်းခြင်းဆိုင်ရာအချက် ၂၄ချက်တွင်ငွေရေးကြေးရေး အရှုပ်အရှင်းများကို ပါဝင်ဖြေရှင်းပေးရန် မပါဝင်ကြောင်း၊ နွေရာသီမီးဖြတ်သည့်အချိန်တွင် သာသနာအဆောက်အအုံဖြစ်သော ဘုန်းကြီးကျောင်းကို ၂၄ နာရီ မီးပေးမည်ဖြစ်သော်လည်း အဆိုပါ ဘုန်းကြီးကျောင်းနှင့်တွဲလျက် မီးချိတ်ထားသော ၁၄၅ အိမ်ကို ၂၄ နာရီမီးပေးရန်မှာ မဖြစ်နိုင်ကြောင်း ပြောသည်။

"အဲဒီ ၁၄၅ အိမ်ကိုပထမဆုံးမီးမလင်းသေးတဲ့ အိမ် ၈၀၀ နဲ့ပေါင်း ပြီး တစ်လိုင်းတည်းလုပ်ရမယ်။ ဘုန်းကြီးကျောင်းကို သီးသန့်တစ်လိုင်း လုပ်ပေးရမယ်။ ဒါကို ဘုန်းကြီးနဲ့ အဲဒီ ၁၄၅ အိမ်နဲ့က လက်မခံဘူးဖြစ်နေတယ်။ မီးမလင်းတဲ့ အိမ် ၈၀၀ကို တစ်လိုင်းခွဲပေးဖို့ကျတော့ ရွာသေးသေးထဲမှာ ၁၁ ကေဗီဓာတ်အား လိုင်းနှစ်လိုင်းယူထားတာက အဓိပ္ပာယ်မရှိဘူး" ဟု ဒေါက်တာမြင့်ကြူက ပြောသည်။

ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ခရိုင်လျှပ်စစ် အင်ဂျင်နီယာ၏ တိုင်ကြားချက်အရ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူးတို့ ရောက်ရှိလာပြီး လူ ၂ ဦးအား အမှုဖွင့်ထားကြောင်း နှစ်ကျပ်ခွဲကျေးရွာမှ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဆရာတော်ဦးကောသလ္လက ယခုလ ၈ ရက်နေ့ မြန်မာဂျာနယ်လစ်ကွန်ရက်ရုံးခန်း၌ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် မိန့်သည်။

"မတရားသဖြင့် လုပ်တဲ့သူတွေကပဲ တရားဥပဒေနဲ့အညီ လုပ်ဆောင်ဖို့ဆိုတဲ့ အကြောင်းပြချက်နဲ့ တရားစွဲဆိုနေကြတယ်။ မတရားလုပ်တဲ့သူတွေကပဲ အမှုဆင်ပြီး ပုဒ်မအမျိုးမျိုးတပ် ဖမ်းဆီးတော့မယ့်ကိစ္စကို မလိုက်လျောနိုင်တဲ့အတွက် ထွက်ဆိုချက်တွေအတွက်လည်း လက်မှတ်ထိုးပေးဖို့ မလိုက်လျောနိုင်ကြောင်း ပြောခဲ့တယ်"ဟု ၎င်းက မိန့်သည်။ ■

လေနွေးများကြောင့် ဒေသအများအပြားခြံ အပူချိန်များမြင့်တက်နေ

ဘင်္ဂလားပင်လယ်အော်ဘက်မှ တိုင်ဝင်လာသော လေနွေးများကြောင့် မြန်မာနိုင်ငံ ဒေသအများအပြားခြံ အပူချိန်များ မြင့်တက်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးချစ်ကျော်က ပြောသည်။

"ဖေဖော်ဝါရီလမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်း၊ မန္တလေးတိုင်းဒေသကြီးစတဲ့ ဒေသတွေဟာ ပုံမှန်အားဖြင့် ဖေဖော်ဝါရီလမှာ အေးရမှာဖြစ်ပေမယ့် ပုံမှန်ထက် နွေးနေမယ်လို့ခန့်မှန်းခဲ့ပါတယ်။ ဘာကြောင့်လဲဆိုရင် ဘင်္ဂလားပင်လယ်အော်ရဲ့ ပင်လယ်ရေမျက်နှာပြင်အပူချိန်တွေဟာ တက်နေတယ်။ အဲဒီလို ပင်လယ်ရေအပူချိန်တွေတက်တဲ့အတွက် မြောက်ပိုင်းက လေအေးတွေက မဆင်းတော့ဘဲ တောင်ပိုင်းက လေနွေးတွေပဲတက်မယ်။ ဒီလေနွေးတွေက မြန်မာနိုင်ငံမြောက်ပိုင်းအထိ သွားမယ်။ အဲဒီလေနွေးတွေမှာ ရေငွေ့ပါရင်မိုးရွာမယ်။ ရေငွေ့မပါရင်နွေးမယ်။ ဒီလိုအခြေအနေတွေကြောင့် အခုလို ညအပူချိန် မြင့်တက်မှုတွေဖြစ်တာပါ"ဟု ၎င်းက ပြောသည်။

ယခုလနောက်ဆုံး ၁၀ ရက်ပတ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေး၊ မကွေး၊ ရန်ကုန်၊ ဧရာဝတီနှင့် တနင်္သာရီတိုင်းဒေသကြီးတို့၌ ညအပူချိန်များသည် ပုံမှန်ပျမ်းမျှအပူချိန်တို့ထက် ပိုနိုင်သည်ဟု ခန့်မှန်းထားသည်။

ဖေဖော်ဝါရီလအတွင်း ထူးခြားမှုအနေဖြင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်ကြောင်းလည်း ခန့်မှန်းထားကြောင်း ၎င်းက ပြောသည်။

"လေဖိအားနည်းရပ်ဝန်းကြောင့် ရွာတဲ့မိုးရေချိန် ပမာဏကတော့ နည်းနည်းပိုများနိုင်ပါတယ်"ဟု ၎င်းက ပြောသည်။

အေးစေယဉ်ဖြူ



မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်း လုပ်ငန်းဌာနက မြန်မာမက်ခရိုအင်ဒတ်စ်ထရီ ကုမ္ပဏီကို တရားစွဲရန် စီစဉ်နေ

မြတ်ငြိမ်းဇော်

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ မွေးမြူရေး အစားအစာနှင့် နို့ထွက်ပစ္စည်းဌာနသည် မြန်မာ မက်ခရိုအင်ဒတ်စ်ထရီ ကုမ္ပဏီအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အခွင့်ရအာဏာ အပ်နှင်းကြောင်းစာ ရရှိပါက ပုဒ်မ-၃(၁) အရအိမ်ဥပစာ (နှင်ထုတ်ခြင်း) နို့တစ်စာ ပေးပို့ပြီး ဖယ်ရှားရှင်းလင်းရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၄ ရက်နေ့တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ မွေးမြူရေး အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဒေါက်တာပြည့်စုံက ပြောသည်။

"သာကေတ စည်သွတ်စက်ရုံကို လေလံတင်တဲ့အခါမှာတော့ ဒေါ်မေအေးမွန်က ကော်မရှင်ကနေ သတ်မှတ်ဈေး ကျပ် ၃,၃၀၀ သန်းကို ကျပ်သန်း ၃,၂၉၀ အမြင့်ဆုံးဈေးနဲ့ ဝယ်ယူခဲ့ပြီး ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှာ အပြည့်ငွေသွင်းခဲ့ပါတယ်။ ဒါပေမဲ့မြန်မာမိုက်ခရိုကုမ္ပဏီကို သတိပေးစာတွေ အကြိမ်ကြိမ် ပေးခဲ့ပေမယ့်လည်း အခုထိ ဖယ်ရှားခြင်းမရှိတာကြောင့် ကျွန်တော်တို့က မွေးမြူရေးဝန်ကြီးဌာနကို အကြောင်းကြားပြီး အဲဒီမှတစ်ဆင့် ဆောက်လုပ်ရေးဝန်ကြီးဌာနကို ဆက်သွယ် ညှိနှိုင်းခဲ့တယ်။ လိုအပ်တဲ့ အချက်အလက်တွေကိုလည်း ကျွန်တော်တို့ ပေးခဲ့တယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက အခွင့်ရအာဏာအပ်နှင်းကြောင်း စာရရင်တော့ ၁၉၅၅ ခုနှစ် အစိုးရ အိမ်ဥပစာ (နှင်ထုတ်ခြင်း)နဲ့ ဖယ်ရှားရှင်းလင်းသွားမှာပါ"ဟု ၎င်းက ပြောသည်။

ထို့ပြင် ယခုကဲ့သို့ လွဲပြောင်းမှုဆိုင်ရာ အငြင်းပွားမှုမျှကြောင့် သာကေတ စည်သွတ်စက်ရုံအား ဝယ်ယူထားရှိသော ဒေါ်မေအေးမွန်တို့ဘက်ကလည်း ဝန်ကြီးဌာနအနေဖြင့် တစ်စုံတစ်ရာ စွမ်းဆောင်ပေးမှုမရှိသည့် ပြောဆိုချက်များကြောင့် ဝန်ကြီးဌာနသည် ယခု တစ်ခေါက် ပေးပို့သည့် သတိပေးစာနှင့် တကွ ထပ်မံအချိန်စောင့်ဆိုင်းရန် မရှိတော့ကြောင်း ၎င်းက ပြောသည်။

ဝန်ကြီးဌာနမှနေ၍ မြန်မာမက်ခရိုကုမ္ပဏီအား အဆင့်ဆင့်အကြောင်းကြားစာများ ပေးပို့ဆောင်ရွက်ခဲ့သော်လည်း စက်ရုံအား ဌာနသို့ ပြန်လည်လွှဲပြောင်းအပ်နှံခြင်း၊ စက်ရုံမြေဥပစာမှ ဖယ်ရှား ပြောင်းရွှေ့ပေးခြင်း မရှိသည့် အတွက် ဥပဒေအကြောင်းအရာအရ ဆက်လက်ဆောင်ရွက်နိုင်ရန် တရားလွှတ်တော်ရှေ့နေတစ်ဦးအား ငှားရမ်း၍ ကိုယ်စား ဆောင်ရွက်စေခဲ့သည်။

မြန်မာမက်ခရိုကုမ္ပဏီမှ အကြီးပေးအရာရှိဖြစ်သူ ဒေါ်ဆွေဆွေညွှန့်က အခွင့်အရေးရလျှင် ကုမ္ပဏီအနေဖြင့် ကနဦးသက်တမ်းကုန်ဆုံးမည့် အချိန်ဖြစ်သည့် ၂၀၁၇ ခုနှစ်အထိ အချိန်ယူချင်ကြောင်းနှင့် ယခုကဲ့သို့ ဌာနမှနေ၍ ၁၉၅၅ ဥပဒေဖြင့် ပြုလုပ်ခြင်းများကို တရားမကြောင်းဖြင့် ပြန်လည်၍ ရင်ဆိုင်ချင်လိုကြောင်း ပြောသည်။

"ဌာနက ဒီလို ၁၅ ရက်အတွင်း မဖယ်ပေးရင် ဆွဲချမယ်တို့ ဘာတို့ ပြောတယ်။ ဒါပေမဲ့ တကယ်တမ်း အဲဒီလိုလုပ်ရင် ကျွန်မတို့ရဲ့ဝန်ထမ်းတွေကို ဘယ်လို လုပ်ရမလဲ။ ဒီလိုလုပ်တာဟာ ဥပဒေကြောင်း မဟုတ်တော့ဘူး။ ၁၉၅၅ ဥပဒေနဲ့ အစိုးရအချင်းချင်း လုပ်သွားတာတော့ ကျွန်မတို့ နစ်နာပါတယ်။ ဌာနဘက်က ၁၉၅၅ ဥပဒေနဲ့သွားမယ်၊ အိုးအိမ်နဲ့သွားမယ်၊ ကျွန်မတို့ဘက်ကလည်း တရားမ အကြောင်းအရာနဲ့သွားမယ်" ဟု ၎င်းက ပြောသည်။

ထို့ပြင် စာချုပ်ပါ မလွန်ဆန်နိုင်သော ဖြစ်ရပ်များနှင့်ပတ်သက်၍ တရားလွှတ်တော်ရှေ့နေချုပ် အဋ္ဌမ်းစားတစ်ဦးဖြစ်သူ ဦးဇော်ဝင်းက "စာချုပ်ရဲ့ သဘောသဘာဝက နှစ်ဖက်ချုပ်ရတာပါ။ တစ်ဖက်က သဘောမတူရင် ချုပ်စရာမလိုပါဘူး။ တစ်ဖက်က လွန်ကျူးထားတယ်ဆိုရင်တောင် တစ်ဖက်က ဒါကို လက်ခံလို့ စာချုပ်ချုပ်ခဲ့တာပါပဲ။ ဒီကိစ္စမှာ နှစ် ၃၀ BOT ရခဲ့တယ်ဆိုရင် နှစ် ၃၀ ပြည့်ရင် သူပစ္စည်းတွေ ထားခဲ့ရမှာပဲ။ ဒါပေမဲ့ စာချုပ်ချုပ်တဲ့အခါမှာ မမျှော်မှန်းနိုင်တဲ့ အခြေအနေဆိုတာ ဖြစ်ပေါ်တတ်လို့ ထည့်သွင်းထားတာပေါ့။ ဒါပေမယ့် ဘေးလူတွေအနေနဲ့ ကြည့်ရင်တော့ အစိုးရဘက်ကပဲ လွန်သလိုလို ဖြစ်နေတယ်" ဟု ပြောသည်။

"ကျွန်မတို့က ဒီမလွန်ဆန်နိုင်သော ဖြစ်ရပ်များကို ဘောင်အတွင်းမှာ အစိုးရနဲ့ ငြင်းမှရပါတော့မယ်။ ဒီစာချုပ်ပါကိစ္စဖြစ်တဲ့ မလွန်ဆိုင်နိုင်သော ဖြစ်ရပ်များကို ကျွန်မတို့က လက်မခံပါဘူး။ နောက်ပြီး မွေးရေက ကျွန်မတို့ကို သတိပေးစာ ပေးပါတယ်။ ကျွန်မတို့ကလည်း ပြန်စာပေးပို့ထားပါတယ်။ ကျွန်မတို့က ဒေါ်မေအေးမွန်နဲ့ ဘာမှမဆိုင်တဲ့အတွက် ဆက်လက်ဖြစ်ပေါ်မယ့်ကိစ္စတွေကို ကျွန်မတို့ အနေနဲ့ မွေးရေးနဲ့ပဲ စကားပြောပါတော့မယ်" ဟု ဒေါ်ဆွေဆွေညွှန့်က ပြောသည်။

ဒေါ်မေအေးမွန်ဘက်မှ တာဝန်ရှိသူ တစ်ဦးကလည်း "ကျွန်တော်တို့ဘက်က မြန်မာမိုက်ခရိုကုမ္ပဏီကို ဘာမှ မှတ်ချက် မပေးလိုပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့က ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်ကို အမြင့်ဆုံးဈေးနဲ့ လေလံအောင်ပြီးသားဖြစ်တဲ့အတွက် မွေးမြူရေး အစားအစာနှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်ရေးဌာနနဲ့ပဲ ပိုင်ဆိုင်မှုအပြည့်အဝ လွှဲပြောင်းရရှိဖို့ကိုပဲ မျှော်လင့်ပါတယ်" ဟု ပြောသည်။

မြန်မာမက်ခရိုကုမ္ပဏီသည် ၁၉၉၇ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် မွေးမြူရေး အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ပိုင် သာကေတ စည်သွတ်စက်ရုံအား နှစ်ရှည် ကနဦး သက်တမ်း နှစ် ၂၀ ဖြင့် စတင်ငှားရမ်း လုပ်ဆောင်ခဲ့သည်။ မြန်မာမက်ခရိုကုမ္ပဏီတွင် ဝန်ထမ်းပေါင်း ၂၀၄ ဦးရှိကြောင်းနှင့် မြန်မာ မက်ခရိုကုမ္ပဏီမှ Ready ငါးသေတ္တာကို တစ်နှစ်လျှင် ဘူးရေတစ်သိန်းကျော်ခန့် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချကြောင်း မြန်မာမက်ခရိုကုမ္ပဏီမှ ဒါရိုက်တာ တစ်ဦးဖြစ်သူ ဦးဝင်းနိုင်က မြန်မာတိုင်း(မဲ)ကို ပြောသည်။ ■

ဂျပန်ပညာရေး ပြပွဲတွင် ဂျပန် တက္ကသိုလ်သုံးခု ပါဝင်ပြသ

ဂျပန်ပညာရေးပြပွဲ ၂၀၁၃ ကို ဂျပန်သံရုံးနှင့် ဂျပန်ပြန် မြန်မာကျောင်းသားဟောင်းများအသင်း (MAJA)၊ JASSO အဖွဲ့တို့မှ ပူးပေါင်းကာ ဖေဖော်ဝါရီ ၁၆ ရက်နေ့က ရန်ကုန်မြို့ကုန်သည်စက်မှု အသင်းချုပ်တွင် ကျင်းပခဲ့သည်။

အဆိုပါပြပွဲတွင် ဂျပန်နိုင်ငံမှ ဟိုကိုင်းဒိုးတက္ကသိုလ်၊ ကိုကုရှိကန် တက္ကသိုလ်နှင့် ရစ်ဆူမီကန် အာရှ ပစိဖိတ် တက္ကသိုလ်တို့ ပူးပေါင်းပါဝင်ခဲ့ပြီး၊ ပညာသင်ဆုရရှိသော ဂျပန်ကျောင်းသားဟောင်းများက ပါဝင်ဆွေးနွေးခဲ့သည်။

MAJA မှ အုပ်ချုပ်ရေးတာဝန်ခံ ဦးမြင့်သောင်းက "ဂျပန်မှာတက္ကသိုလ် ပညာသင်ချင်တဲ့ ကလေးတွေအတွက် နည်းလမ်းတွေ၊ ဘယ်ဘာသာရပ်ကို ရွေးမလဲ၊ ဘာသွား သင်မလဲ၊ ဘယ်လောက်ကြာမလဲ၊ ဘယ် လောက်ကုန်ကျမလဲ၊ ဘာကို အခြေခံပြီး သင်ရမလဲ။ ဟိုမှာဆိုရင် အင်္ဂလိပ်လိုသင်တာ ရှိတယ်၊ ဂျပန်လို သင်တာ ရှိတယ်။ ဘာပဲဖြစ်ဖြစ် ဒီလို လာနားထောင်တဲ့အတွက် ဂျပန်နိုင်ငံမှာရှိတဲ့ တက္ကသိုလ်တွေဆီကို မြန်မာကျောင်းသားတွေက ပုဂ္ဂလိက တစ်ဆင့်လည်း သွားနိုင်တယ်။ အစိုးရကတစ်ဆင့်လည်း သွားနိုင်တယ်။ ဟိုမှာသွားသင်ရင်လည်း ပညာသင်ဆု ဘယ်လိုရအောင် လုပ်ရမလဲဆိုတာသိမယ်" ဟု ပြောကြားသည်။ **ယွန်းနှင်း**



လယ်ယာမြေကော်မရှင်၏ ပထမဆုံးအစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်တင်မည်

ဝင်းကိုကိုလတ်

လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု စုံစမ်းရေးကော်မရှင်၏ ပထမဦးဆုံး အစီရင်ခံစာကို ယခုလ နောက်ဆုံးပတ်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆွေးနွေးသွားမည်ဟု အဆိုပါကော်မရှင် ဥက္ကဋ္ဌဖြစ်သူ ဇလွန်မြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်ထွတ်က ပြောသည်။

"ကျွန်တော်တို့အဖွဲ့ရဲ့ လုပ်ဆောင်မှုဟာ လွှတ်တော်ရဲ့ သမိုင်းမှတ်တမ်းကျန်မှာ ဖြစ်ပါတယ်" ဟု ဦးတင်ထွတ်က ယခုလ ၁၄ ရက်က ပြုလုပ်သည့် အစည်းအဝေးတွင် ပြောကြားခဲ့သည်။

ပထမအစီရင်ခံစာတွင် တပ်မတော်မှ သိမ်းဆည်းခဲ့သည့် လယ်ယာမြေသိမ်းကိစ္စများ ပါဝင်မည်ဖြစ်ပြီး စက်မှုဇုန်များ၊ အိမ်ရာများ တည်ဆောက်ခြင်းကြောင့် မြေသိမ်းခြင်းများ၊ စိုက်ပျိုး၊ မွေးမြူရေး အကြောင်းပြု မြေသိမ်းမှုများနှင့် အခြားမြေသိမ်းမှုများကိုလည်း အစဉ်လိုက် တင်ပြသွားမည်ဟု ၎င်းက ပြောသည်။

> **ဥပဒေကိုလိုက်နာခြင်း မရှိခဲ့သဖြင့် မြေယာသိမ်းခံရသည့် ပြည်သူများ နစ်နာမှုများရှိခဲ့...**

အဆိုပါအစီရင်ခံစာကို ပြည်ထောင်စုအဆင့်ဝင် အစိုးရအဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအား ဖြန့်ဝေသွားမည်ဖြစ်ပြီး ကောင်းမွန်သေသပ်စွာ ချုပ်လုပ်ထားမည်ဟုလည်း ၎င်းက ပြောကြားသည်။

"လူမျိုး၊ ပါတီတွေ ကွဲပေမယ့် ကျွန်တော်တို့ စည်းစည်းလုံးလုံးနဲ့ အဂတိတရားကင်းစွာ လုပ်နိုင်ခဲ့ပါတယ်" ဟု ၎င်းက ပြောသည်။

ဒီမိုကရေစီနိုင်ငံ တည်ဆောက်နေဆဲ အချိန်တွင် တရားဥပဒေအရ ဆောင်ရွက်တတ်စေသည့် အလေ့အထရှိစေရန် ကော်မရှင်ဘက်မှ ကြိုးစားဆောင်ရွက်သွားမည်ဟုလည်း ၎င်းကပြောသည်။

မြေယာသိမ်းမှုများသည် နိုင်ငံတော်မှ ဖွံ့ဖြိုးမှုလုပ်ငန်းများ၏ လိုအပ်ချက်အရ သိမ်းဆည်းခဲ့သော်လည်း ဥပဒေကို လိုက်နာခြင်းမရှိခဲ့သဖြင့် မြေယာသိမ်းခံရသည့်ပြည်သူများ နစ်နာမှုများရှိခဲ့သည်ဟု ပြောကြားခဲ့ကြောင်း အစည်းအဝေး ပါဝင်တက်ရောက်ခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသူက ပြောသည်။

"ဥက္ကဋ္ဌပြောတဲ့အထဲမှာ အထူးခြားဆုံးက အဲဒါပါပဲ။ ၁၈၉၄ မြေသိမ်းဥပဒေကို မလိုက်နာခဲ့လို့ဖြစ်တာလို့လည်း ပြောပါတယ်"ဟု ဦးမင်းသူက ပြောသည်။

ထိုအချက်ကို သင်ခန်းစာယူသင့်ပြီး မြေယာသိမ်းခံရခြင်းကြောင့် နစ်နာသူများ ဥပဒေနှင့်အညီ ရသင့်ရထိုက်သည်များ ရရှိစေရန် ဆောင်ရွက်ပေးမည်ဟုလည်း သိရသည်။

စုံစမ်းရေးကော်မရှင်အဖွဲ့ခွဲများ၏ တွေ့ ရှိချက်များတွင် မြေယာသိမ်းမှုများ လျော်ကြေးပေးရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများက ရသင့်ရထိုက်သူများကို မပေးဘဲ အခြားသူများကို ပေးခြင်း၊ လျော်ကြေးလျော့နည်းရရှိခြင်း၊ မရသင့်သူများ ရယူခြင်းများလည်း ရှိသည်ဟု ဦးမင်းသူက ပြောသည်။

လယ်ယာမြေများကို မြို့ပြများတိုးချဲ့တည်ဆောက်ရေးအတွက် သိမ်းဆည်းခြင်း၊ စက်မှုဇုန်များတည်ဆောက်ရေးအတွက် သိမ်းဆည်းခြင်း၊ တပ်မတော်တပ်ရင်းတပ်ဖွဲ့များ တိုးချဲ့ဖွဲ့စည်းရာတွင် တပ်မြေအဖြစ် သိမ်းဆည်းခြင်း၊ နိုင်ငံတော် စီမံကိန်းဖြစ်သည့် ရထားလမ်းများ၊ ကားလမ်းများ၊ လေယာဉ်ကွင်းများ တိုးချဲ့တည်ဆောက်ရေးအတွက် သိမ်းဆည်းခြင်း၊ နိုင်ငံတော်ပိုင်စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်ရေးအတွက် သိမ်းဆည်းခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးစီမံကိန်းများ ဆောင်ရွက်ရန် ပဂ္ဂလိကကုမ္ပဏီများသို့ မြေနေရာချထားပေးရာတွင် တောင်သူလယ်သမားများ လက်ရှိလုပ်ကိုင်နေသည့် လယ်ယာမြေများ ပါရှိသွားခြင်းကြောင့်ဖြစ်သည်ဟု ကော်မရှင်က ဖော်ပြထားသည်။

မြေယာသိမ်းမှုများသည် နိုင်ငံတော်မှ ဖွံ့ဖြိုးမှုလုပ်ငန်းများ၏ လိုအပ်ချက်အရ သိမ်းဆည်းခဲ့သော်လည်း ဥပဒေကို လိုက်နာခြင်းမရှိခဲ့ဟု ဦးတင်ထွတ်က ပြောကြားခဲ့သည်။ ■



လယ်မြေများအတွင်း ဖြတ်သန်းကာ ဆည်မြောင်းစီမံကိန်းတည်ဆောက်နေသည်ကို ဖေဖော်ဝါရီလလယ်က တွေ့ရစဉ်။ ဓာတ်ပုံ-ထူးအောင်

လယ်ဆုံးရှုံးခဲ့သည့် ဖြူးလယ်သမားများ ၂၀၁၂ လယ်မြေဥပဒေအတိုင်း လျော်ကြေးရယူလို

စိုးစန္ဒာဦးနှင့် ထူးအောင်

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်းရှိလယ်သမားများသည် အစိုးရစီမံကိန်းများဖြစ်သော ကွန်းချောင်း ဘက်စုံစီမံကိန်း၊ ဖြူးချောင်း ဘက်စုံစီမံကိန်း၊ ငမွေဆည်၊ အမြန်လမ်းမကြီး၊ ၁၁၅ မိုင် ယာဉ်ရပ်နားစခန်းအတွက် ဆုံးရှုံးခဲ့ရသော လယ်မြေကေများ၏ တန်ဖိုးကို ၂၀၁၂ လယ်မြေဥပဒေအတိုင်း လျော်ကြေးငွေ ရယူလိုကြောင်း ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ဖြူးမြို့၌ ပြုလုပ်သော ဖြူးမြို့နယ် ဖွံ့ဖြိုးတိုးတက်ခြင်း နောက်ကျမှုဆိုင်ရာ သတင်းစာရှင်းလင်းပွဲတွင် တင်ပြတောင်းဆိုသည်။

"ဖြူးတစ်မြို့နယ်လုံးမှာ တောင်သူလယ်သမားက ၇၀ ရာခိုင်နှုန်းကျော်ရှိပါတယ်။ ဒီစီမံကိန်းတွေအတွက် အသိမ်းခံရတဲ့လယ်မြေကေ စုစုပေါင်း ၈က ၈၀၀ ကနေ ၁,၀၀၀ ကြားရှိနေပြီး နစ်နာကြေးတစ်ဦးမှ မရရှိသေးပါဘူး။ ဒီလို နစ်နာနေရတာတွေကို နိုင်ငံတော်သမ္မတကြီး သိစေချင်လို့ပါ"ဟု ဖြူးဒေသခံ လယ်သမားတစ်ဦးဖြစ်သူ ဦးခင်ဇော်က ပြောသည်။

လတ်တလောတွင် ဖြူးချောင်းရေလွှဲဆည်နှင့် ရေသောက်စနစ်စီမံကိန်းတွင် လိပ်သေကျေးရွာအုပ်စုမှ ရွာများမှာ လယ်သိမ်းခံရမှုကို ရင်ဆိုင်ရလျက်ရှိသည်။

"စပါးပင်တွေကြားကို အလံလာထောင်တော့ ဘာအတွက်မှန်းမသိခဲ့ဘူး။ နောက် ၂၀၁၂ ခုနှစ် ၁၀ လပိုင်းကျမှ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးနဲ့ ဌာနဆိုင်ရာတွေက အစည်းအဝေးခေါ်ပြီး ဆည်မြောင်းထိုးမယ်၊ နစ်နာကြေးပေးမယ်ဆိုပြီး လက်မှတ်ထိုးခိုင်းပါတယ်။ နစ်နာကြေး တစ်ပြားမှမရမှာစိုးလို့ လက်မှတ်ထိုးခဲ့ကြတာပါ။ ခုတော့ နစ်နာကြေးကလည်း မရသေးဘူး။ ၂၀၁၂ ဒီဇင်ဘာလ ၂၈ရက်မှာမတ်ပဲစိုက်ခင်းတွေကို မြေတူးစက်နဲ့ ထိုးချတော့တာပဲ။ ဆည်မြောင်းက အဲလိုလုပ်တဲ့အချိန်မှာ ကျွန်တော်တို့စိုက်ခင်းမှာ မတ်ပဲတွေက ပန်းတွေလည်းရနေပြီ။ အသီးရတော့မှာ။ အဲဒီအတွက်လည်း စိုက်ပျိုးရေးဘဏ်က ငွေချေးပြီး ရင်းနှီးထားရတာပါ။ ခုတော့ လယ်လည်းမရှိတော့ဘူး။ ဘဏ်ကြွေးကိုလည်း ဘယ်လိုပြန်ဆပ်ရမှန်း မသိသေးဘူး။ ဒါတွေကို ဘယ်သူလာဖြေရှင်းပေးမှာလဲဆိုတာကို သိချင်ပါတယ်"ဟု ဖြူးမြို့နယ်၊ လိပ်သေကျေးရွာအုပ်စု အုတ်ဖိုကုန်းကျေးရွာမှ လယ်သမားဦးတင်စိုးက ပြောသည်။

အဆိုပါကိစ္စများနှင့်ပတ်သက်၍ ဖြူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်လှိုင်က "ဒီနေရာမှာ ပြည်သူနဲ့ ညှိနှိုင်းရမှာပဲ။ အကြေအလည် မညှိနှိုင်းဘဲ ဘာမှလုပ်လို့မရဘူး။ တောင်သူလယ်သမားအများစုက စာပေမတတ်ဘူး။ အမြင်ကျဉ်းကြတယ်။ သူတို့ကို ဘယ်လိုလျော်ကြေးပေးမလဲ။ သူတို့ရဲ့ စိတ်ပိုင်းဆိုင်ရာ ခံစားမှုအတွက် ဘယ်လို နှစ်သိမ့်ဆွေးနွေးမလဲဆိုတာ စဉ်းစားရမယ်။ လူသားချင်း ကိုယ်ချင်းစာနာနိုင်ရမယ်"ဟု ပြောသည်။

နိုင်ငံတော်စီမံချက်များအရ ဆည်များကြောင့် တစ်နှစ်ပတ်လုံးရေရရှိနိုင်ပြီး သီးနှံများ စိုက်ပျိုးနိုင်သောကြောင့် ကောင်းမွန်သော အစီအစဉ်ဖြစ်သော်လည်း ညှိနှိုင်းမှု၊ နားလည်မှု လိုအပ်နေသေးကြောင်း ၎င်းကပြောသည်။

"ဒီကိစ္စကို လွှတ်တော်မှာ ဌာနဆိုင်ရာနဲ့ လွှတ်တော်နဲ့ အကြိမ်ကြိမ် အထပ်ထပ် ညှိနှိုင်းမှာပါ။ လယ်သမားတွေအားလုံးက တစ်နှစ်၊ သို့မဟုတ် ခြောက်လအတွင်း လျော်ကြေးတွေ ပြန်ရတော့မှာပါ။ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ဆိုတော့ နည်းနည်းတော့ စောင့်ရပါမယ်။ ဒါကိုပထမပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ ပါတီစုံ အကြီးအကျယ် ဆွေးနွေးဆုံးဖြတ်ပြီးသားပါ။ မကြာခင်မှာလည်း ကော်မတီ တစ်ရပ်ဖွဲ့ပြီး စုံစမ်းစစ်ဆေးသွားမှာပါ" ဟု ပြည်သူ့လွှတ်တော် စိုက်ပျိုးမွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်တစ်ဦးက ပြောသည်။

ဆည်မြောင်းဦးစီးဌာနမှ မြို့ပြဦးစီးမှူး ဦးသိန်းသန်းထွန်းက "ဆည်မြောင်းတွေ မဆောက်လုပ်ခင်ကတည်းက သက်ဆိုင်ရာ မြို့နယ်၊ တိုင်းဒေသကြီးအထိ စာတင်ပြီးသားပါ။ လယ်သမားတွေကလည်း သဘောတူကြောင်းကို တစ်ဦးချင်း လက်မှတ်ထိုးပြီးဖြစ်လို့ တည်ဆောက်တာပါ။ လက်ရှိမှာတော့ မြေယာကော်မတီဖွဲ့ပြီး ရပ်မိရပ်ဖ၊ မြို့နယ်၊ မြေစာရင်းနဲ့ ဧကသတ်မှတ်ပြီး တန်ဖိုးဖြတ်ဖို့ စီစဉ်နေတုန်းပါ"ဟု ပြောသည်။

အဆိုပါ ဆည်မြောင်းစီမံကိန်းအတွက် လွှတ်တော်တွင် ဘတ်ဂျက်တောင်းခံခြင်းရှိခဲ့သော်လည်း ဆည်မြောင်းတည်ဆောက်ခြင်း ခွင့်ပြုမိန့်ကို သီးသန့်တင်ပြခွင့်ပြုချက်ရယူခဲ့ခြင်းမရှိကြောင်း ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိတစ်ဦးက ပြောသည်။

"လျော်ကြေးကိစ္စကို ကျွန်တော်တို့က မဆုံးဖြတ်ဘူး။ အခု လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီကို အုပ်ချုပ်ရေး၊ မြေစာရင်း၊ စိုက်ပျိုးရေးကနေ ရပ်ကွက်အဆင့်ထိပါ ပါဝင်ဖွဲ့စည်းဖို့ အမြန်ဆောင်ရွက်နေကြတယ်။ ကျွန်တော်တို့က အဲဒီကော်မတီရဲ့ ဆုံးဖြတ်ချက်အတိုင်း ခံယူမယ်။ နိုင်ငံတော်က သတ်မှတ်ချက်အတိုင်း ခံယူမယ်ဆိုတဲ့သဘောပါပဲ"ဟု ၎င်းကပြောသည်။

အဆိုပါ ဖြူးချောင်းရေလွှဲဆည်နှင့် ရေသောက်စနစ်စီမံကိန်းသည် စုစုပေါင်း ၁၇၅ ပေ နေရာအကျယ်အဝန်းယူမည်ဖြစ်ပြီး ပြီးစီးပါက မဂ္ဂါဝပ် ၃၀ ရေအားလျှပ်စစ် ထုတ်ယူနိုင်မည်ဖြစ်ကြောင်း၊ လယ်မြေကေ တစ်သိန်းကို ရေပေးဝေနိုင်မည်ဖြစ်ပြီး ဒေသတွင်းသောက်သုံးရေပါ ရရှိလာမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။ ■





"မျိုးသိန်း" အီလက်ထရောနစ် မှ ၂၀၁၂ ခုနှစ်အတွင်း ဝယ်ယူအားပေးခဲ့ကြသော ကျေးဇူးရှင် Dealers များအား ဂုဏ်ပြုဆုချီးမြှင့်မဲ့ အခမ်းအနား



အကြီး ဆိုင်တန်းအလုပ်ရှင်များမှ Bella Car


ဒုတိယဆင့် ဆိုင်တန်းအလုပ်ရှင်များမှ AD Van Car


တတိယ ဆိုင်တန်းအလုပ်ရှင်(မြို့နယ်)များမှ AD Van Car



ကုမ္ပဏီ ဆိုင်တန်းအလုပ်ရှင်(ဘန်း)များမှ AD Van Car


YGN ဆိုင်တန်းအလုပ်ရှင်များမှ AD Van Car





ကျော်ဝေဆိုင် ဆိုင်တန်းအလုပ်ရှင်(တပ်ကြီး) ၃-ဆိုင် | ဝိဇ္ဇာဆိုင် ဆိုင်တန်းအလုပ်ရှင်(တပ်ကြီး) ၃-ဆိုင် | NStar ဆိုင်တန်းအလုပ်ရှင်(မြို့တွင်း) ၃-ဆိုင် | ထိပ်ဆုံး ဆိုင်တန်းအလုပ်ရှင် (ပင်လုံ) ၃-ဆိုင်



ကလျာဆိုင် ဆိုင်တန်းအလုပ်ရှင် (ကမာရွတ်) ၃-ဆိုင် | ဆုံ နန်းကုလား ၃-ဆိုင် | ပြောက်ဆိုင် ဆိုင်တန်းအလုပ်ရှင်(မြို့တွင်း) ၃-ဆိုင် | သစ်ပင်ဆုံ ဆိုင်တန်းအလုပ်ရှင်(ပုဇွန်တောင်) ၃-ဆိုင်


ဆင်ပေါ် ဆိုင်တန်းအလုပ်ရှင်(ပုဇွန်တောင်) ၃-ဆိုင် | သက္ကရာဆိုင် ဆိုင်တန်းအလုပ်ရှင်(ဗဟန်း) ၃-ဆိုင် | ပေသာဆိုင်တန်းအလုပ်ရှင် (မြို့ပြင်) ၃-ဆိုင် | ကျွတ် ဆိုင်တန်းအလုပ်ရှင် (မရမ်း) ၃-ဆိုင်


Grand ဆိုင်တန်းအလုပ်ရှင် (ကိုကုံ) ၃-ဆိုင် | MUN ဆိုင်တန်းအလုပ်ရှင် (ဂုဏ်ပြု) ၃-ဆိုင် | Instrument ဆိုင်တန်းအလုပ်ရှင် (မော်ကွင်း) ၃-ဆိုင် | ဖွင့် ဆိုင်တန်းအလုပ်ရှင် (ရန်ကုန်) ၃-ဆိုင် | ဆင်ဦး ဆိုင်တန်းအလုပ်ရှင် (မြို့ပြင်အပ) ၃-ဆိုင်

စဉ်	အမည်	မြို့	ဆိုင်ကာသူ
၁။	ဇင်မိုး ဆိုင်တန်းအလုပ်	သံလျက်	(၂၄)ဆိုင်
၂။	ELECTRIMART ELECTRONIC	မုံရွာ	(၁၈)ဆိုင်
၃။	ဝင်းဝင်း ဆိုင်တန်းအလုပ်	မုံရွာ	(၁၈)ဆိုင်
၄။	မောမုံရွာ ဆိုင်တန်းအလုပ်	ကလေး	(၁၈)ဆိုင်
၅။	ဦးဘွား ဆိုင်တန်းအလုပ်	ပခုက္ကူ	(၁၈)ဆိုင်
၆။	Playboy Electronic	ကလေး	(၁၈)ဆိုင်
၇။	မြိုသူ ဆိုင်တန်းအလုပ်	မုံရွာ	(၁၇)ဆိုင်
၈။	နုဝဏ္ဏစံ	မြင်း	(၁၇)ဆိုင်
၉။	ကျိုင်းဆဲစံ ဆိုင်တန်းအလုပ်	ကျိုင်းတံ	(၁၄)ဆိုင်
၁၀။	တင်တောင်စံ	ကလေး	(၁၃)ဆိုင်
၁၁။	Lucky Electronic	ချောက	(၁၂)ဆိုင်
၁၂။	နန်းမြိုင် တင်ဆင် ဆိုင်တန်းအလုပ်	ပခုက္ကူ	(၁၂)ဆိုင်

စဉ်	အမည်	မြို့	ဆိုင်ကာသူ
၁၃။	ထွဋ်ဝင်းဦး ဆိုင်တန်းအလုပ်	သင်္ကန်း	(၁၂)ဆိုင်
၁၄။	သောင်းကျော် ဆိုင်တန်းအလုပ်	ပြဿဒ်	(၁၂)ဆိုင်
၁၅။	ကြည့် ဆိုင်တန်းအလုပ်	မြစ်ကြီးနာ	(၁၂)ဆိုင်
၁၆။	ဦးမြင့်ဝင်းဝင် ဆိုင်တန်းအလုပ်	ပမြဲသိမ်	(၁၂)ဆိုင်
၁၇။	Family ဆိုင်တန်းအလုပ်	မြိတ်	(၁၂)ဆိုင်
၁၈။	တေဇ ဆိုင်တန်းအလုပ်	စစ်ကိုင်း	(၁၀)ဆိုင်
၁၉။	ဆက်ဆက် ဆိုင်တန်းအလုပ်	တောင်ငူ	(၁၀)ဆိုင်
၂၀။	ဆန်းဆန်း ဆိုင်တန်းအလုပ်	တောင်ကြီး	(၁၀)ဆိုင်
၂၁။	ပြောင် ဆိုင်တန်းအလုပ်	ပဒေသ	(၁၀)ဆိုင်
၂၂။	ဖူး ဆိုင်တန်းအလုပ်	ဒီးပုတ်	(၁၀)ဆိုင်
၂၃။	ပြည်ဝင် ဆိုင်တန်းအလုပ်	ကျိုင်းတံ	(၁၀)ဆိုင်
၂၄။	ထွန်းကော်ဇင်	ကလေး	(၁၀)ဆိုင်

စဉ်	အမည်	မြို့	ဆိုင်ကာသူ
၂၅။	တင်ဝင့် ဆိုင်တန်းအလုပ်	မြိတ်	(၈)ဆိုင်
၂၆။	ထူးမြင့်ဦး ဆိုင်တန်းအလုပ်	မြင်းခြံ	(၈)ဆိုင်
၂၇။	ဟင်းတင်ဆု ဆိုင်တန်းအလုပ်	တောင်ငူ	(၈)ဆိုင်
၂၈။	ဒိုးဝင်း ဆိုင်တန်းအလုပ်	ပဲခူး	(၈)ဆိုင်
၂၉။	တောင်ကွင်း ဆိုင်တန်းအလုပ်	ပခု	(၈)ဆိုင်
၃၀။	SL ဆိုင်တန်းအလုပ်	ကျုံးကျီ	(၈)ဆိုင်
၃၁။	ထွဋ် ဆိုင်တန်းအလုပ်	ကျိုက်ထို	(၈)ဆိုင်
၃၂။	မြိုး ဆိုင်တန်းအလုပ်	တာမံ	(၈)ဆိုင်
၃၃။	GEG ဆိုင်တန်းအလုပ်	ကျုံးကျီ	(၈)ဆိုင်
၃၄။	ဦးကျော် ဆိုင်တန်းအလုပ်	ဒဂုံ	(၈)ဆိုင်
၃၅။	တင်ဇင် ဆိုင်တန်းအလုပ်	ထံသဲကူ	(၈)ဆိုင်
၃၆။	Top Electronic	တန်းတူ	(၈)ဆိုင်

စဉ်	အမည်	မြို့	ဆိုင်ကာသူ
၃၇။	မိုးဝင်း ဆိုင်တန်းအလုပ်	သီတ	(၈)ဆိုင်
၃၈။	ထိပ်တို့	ဒဂုံတံ	(၈)ဆိုင်
၃၉။	တော့် ဆိုင်တန်းအလုပ်	ဒီးပုတ်	(၆)ဆိုင်
၄၀။	ဘွဲ့သောက	ထံသဲကူ	(၆)ဆိုင်
၄၁။	ဟန်ဆွေ ဆိုင်တန်းအလုပ်	မြိတ်ကြီးနာ	(၆)ဆိုင်
၄၂။	ကြိုးကုတ်•တောင်ကြိုင် ဆိုင်တန်းအလုပ်	နှင်းတာ	(၅)ဆိုင်
၄၃။	တာဝဏ်မြင့် ဆိုင်တန်းအလုပ်	တန်ဆည်	(၅)ဆိုင်
၄၄။	ထွဋ် ဆိုင်တန်းအလုပ်	ပုသိမ်	(၅)ဆိုင်
၄၅။	ထံသဲကြီ	ချောက	(၅)ဆိုင်
၄၆။	Nation ဆိုင်တန်းအလုပ်	တောင်ကြီ	(၅)ဆိုင်

မသန်စွမ်းသူများ၏ စာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်းနိုင်

ချယ်ရီသိန်း

စာပေနှင့် အသိပညာတိုးတက်ဖွံ့ဖြိုးရေးအတွက် စာအုပ်လှူဒါန်းလိုသူများသည် မသန်စွမ်းသူများအတွက် ပညာရေး၊ အသက်မွေးဝမ်းကျောင်းနှင့် သင်တန်းဖောင်ဒေးရှင်း DELTA Disabilities Education Livelihood and Training သို့ ဆက်သွယ်လှူဒါန်းကြရန် ဖိတ်ခေါ်လျက်ရှိသည်။

ကျန်းမာရေး၊ ပညာရေး၊ သဘာဝပတ်ဝန်းကျင်၊ သုတ၊ ရသစာအုပ်များ ကျောင်းသုံးဖတ်စာအုပ်များ၊ ဂျာနယ်မဂ္ဂဇင်း စသော မိမိတို့အိမ်တွင်အသုံးမလိုတော့သည့် စာအုပ်များအား မသန်စွမ်းသူများ၏ စာကြည့်တိုက်တွင်အသုံးပြုရန် လှူဒါန်းနိုင်သည်။

မသန်စွမ်းလူငယ်များ ဖွင့်လှစ်သော စာကြည့်တိုက်များသို့ ပညာဒါန စာအုပ်လှူဒါန်းလိုသူများသည် ဗြိတိသျှကောင်စီ၊ ActionAid (Myanmar) ၊ ရုံးများသို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

အဆိုပါ စာအုပ်လှူဒါန်းမှုများသည် မသန်စွမ်းလူငယ်များ၏ ပညာရေးနှင့် လူမှုဘဝ တိုးတက်ဖွံ့ဖြိုးရေး အထောက်အကူပြု အစီအစဉ်တစ်ရပ်အဖြစ် DELTA မှ စီစဉ်ခြင်းဖြစ်သည်။

ဗြိတိသျှသံရုံးတွင် အင်္ဂလိပ်စာသင်ကြားနေသော သြစတြေးလျလူမျိုး မစ္စတာ ပီတာ ဘာခရီးသည် DELTA အစီအစဉ်ကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လတွင် စတင်ခဲ့သည်။

DELTA အစီအစဉ်ဖြင့် ဧရာဝတီတိုင်း၊ ဖျာပုံမြို့နယ်ရှိမြို့များမှ မသန်စွမ်းသူလူငယ်များအတွက် တစ်နိုင်စာကြည့်တိုက်များအား တည်ထောင်ပေးနိုင်ရန် မည်သည့်စာအုပ်အမျိုးအစားကိုမဆို အလှူခံလျက်ရှိကြောင်း မစ္စတာ ပီတာက ပြောသည်။

"မသန်စွမ်းသူဟာ မစွမ်းနိုင်သူတွေ မဟုတ်ပါဘူး။ လူတစ်ယောက်ဟာ ခြေမသန်ဖြစ်နေမယ်၊ ဉာဏ်ရည်မမီ ဖြစ်နေမယ်ဆိုတာနဲ့ သူ့ရဲ့ရည်မှန်းချက်နဲ့ အိပ်မက်တွေဟာ ဒီအားနည်းချက်တွေကြောင့် မှေးမှိန်မသွားသင့်ဘူး။ သူတို့စွမ်းနိုင်တဲ့အပိုင်းကို မြှင့်တင်ပေးဖို့လိုတယ်။ ဒီအတွက် အဓိကလိုအပ်ချက်ကတော့ ပညာရေးနဲ့အလုပ်အကိုင် အခွင့်အလမ်းတွေပါပဲ။ တစ်ခုခုကြောင့် မသန်စွမ်းဖြစ်နေပေမယ့် သူတို့တွေဟာ ပညာသင်ကြားခွင့်၊ အလုပ်အကိုင်ရရှိခွင့်ရှိတယ်။ ဒါဟာ မသန်စွမ်းသူမှမဟုတ်တဲ့ အားလုံးနဲ့သက်ဆိုင်တဲ့ အခြေခံ လူ့အခွင့်အရေးတွေပါ။ ပတ်ဝန်းကျင်ကလည်း မသန်စွမ်းသူတွေအပေါ် ထားရှိတဲ့ ရှေးရိုးစွဲအမြင်၊ အယူအဆတွေကို ပြောင်းလဲဖို့လိုအပ်တယ်။ ဒါတွေဟာ ခွဲခြားဆက်ဆံမှုကို ဖြစ်ပေါ် စေတယ်။ အားလုံးပူးပေါင်းပါဝင်တဲ့ လူ့အဖွဲ့အစည်း ဖြစ်ဖို့မသန်စွမ်းသူတွေအတွက်လည်း ထည့်သွင်းစဉ်းစားဖို့ လိုအပ်ပါတယ်"ဟု မစ္စတာ ပီတာ ဘာခရီးက ပြောသည်။

ကျေးလက်လူထု အဖွဲ့အစည်းများတွင် စာဖတ်ခြင်းအလေ့အထ တိုးပွားလာစေရန်လိုအပ်သည်။ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာစေရုံသာမက လူသားအကျိုးပြုလုပ်ငန်းများအတွက်လည်း အသိပညာပွင့်လင်းလာမည်ဖြစ်ကြောင်း ၎င်းကပြောသည်။



စာကြည့်တိုက်တစ်ခုတွင် လာရောက် ဖတ်ရှုလေ့လာနေသည့် ဒေသခံ အမျိုးသမီးငယ်တစ်ဦး။ ဓာတ်ပုံ-ပီတာ

DELTA အစီအစဉ်မှ မသန်စွမ်းလူငယ်များအား ပံ့ပိုးပေးသော စာကြည့်တိုက်များသည် ၎င်းတို့၏ဘဝအတွက် အသိပညာဖွံ့ဖြိုးရေးသာမက ၎င်းတို့ကျင်လည်နေသော လူမှုဘဝနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သလို လူမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တတ်စွမ်းနိုင်သည့်ဘက်မှ ပါဝင်ကူညီနိုင်စေရန် ရည်ရွယ်ကြောင်း ပီတာက ပြောသည်။

မစ္စတာ ပီတာသည် ActionAid (Myanmar)၊ Burnett Institute၊ LRC နှင့် ကံကော်ပညာရေးအဖွဲ့များနှင့် ဧရာဝတီတိုင်း ဖျာပုံရှိ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးနှင့် သုတေသန စစ်တမ်းကောက်ယူ ကွင်းဆင်းလေ့လာသည့် လုပ်ငန်းများတွင် ပါဝင်ကူညီရာမှ မသန်စွမ်းလူငယ်များ၏ ဘဝရပ်တည်နိုင်ရေးလိုအပ်ချက်နှင့် အသိပညာဖွင့်လုပ်ငန်းများဆောင်ရွက်ပေးရန် အကြံဉာဏ်ရရှိလာပြီး REAL Rural Education and Active Learning Libraries ဟူသောကျေးလက်ဒေသ ပညာရေးမြှင့်တင်မှု စာကြည့်တိုက်အစီအစဉ် ပြုလုပ်ခဲ့သည်။

ဖျာပုံမြို့နယ် အပေါင်နှင့် ဘန်ဘွေးစုရွာရှိ မန္တယ်နီခိုင်နှင့် မပန်းအိတို့အား ဗြိတိသျှကောင်စီတွင် စာကြည့်တိုက်သင်တန်းကိုပေးခဲ့ပြီး ကိုယ်ပိုင်စာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် DELTA အစီအစဉ်ဖြင့် ကူညီပံ့ပိုးပေခဲ့သည်။ ၎င်းတို့၏ စာကြည့်တိုက် နှစ်ခုအတွက်လည်း စာအုပ် ၁၀၀ ကို လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း မစ္စတာ ပီတာက ပြောသည်။

"ဖျာပုံမြို့နယ်ပြင်ပက မသန်စွမ်းသူလူငယ်လေးတွေကလည်း ဒီလိုစာကြည့်တိုက်လေးတွေ ဖွင့်ချင်တယ်ဆိုရင် ကူညီပေးသွားဖို့ရှိတယ်။ ဒီလိုလုပ်ခြင်းအားဖြင့် ရပ်ရွာလူထုအချင်းချင်း အပြန်အလှန်ဗဟုသုတ၊ သတင်းအချက်အလက် ကူးလူးဆက်သွယ်မှုရရှိမှုကို အထောက်အကူဖြစ်စေမှာပါ"ဟု ပီတာက ပြောသည်။

အလားတူ ထိခိုက်ဒဏ်ရာကြောင့် ဖြစ်စေ၊ မွေးရာပါအခြေအနေကြောင့် ဖြစ်စေ၊ ကိုယ်အင်္ဂါမသန်စွမ်းသူများ၏ ဆေးဝါးကုသစရိတ်ကို DELTA မှ ထောက်ပံ့ပေးခဲ့ရာ လက်ရှိအချိန်တွင် ခွဲစိတ်ကုသရန်လိုအပ်သော ကိုယ်အင်္ဂါမသန်စွမ်းသူ ၁၀ ဦးအား ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

"DELTA ရဲ့လုပ်ငန်းတွေ စလုပ်ဖြစ်ဖို့ အဓိကတွန်းအားတစ်ခုကတော့ နွယ်နီခိုင်ပါပဲ။ ကလေးမလေးဟာ မွေးရာပါကျောရိုးအောက်ပိုင်း ထိခိုက်ထားလို့ လမ်းမလျှောက်နိုင်ရှာဘူး။ ထိုင်ဖို့လည်း အရမ်းခက်ခဲတယ်။ ၂၀၀၈ ခုနှစ် နာဂစ်အပြီးမှာ ဧရာဝတီတိုင်းကို လူမှုရေးအဖွဲ့တွေရောက်တော့ ကလေးမရဲ့ အခြေအနေကို မြင်ကြရတယ်။ ဒါနဲ့ အကြောပညာရှင်အဖွဲ့က သူ့ကိုလေ့ကျင့်မှုတွေ စပေးတယ်။ သူ့ရဲ့ခါးရိုးကို ခွဲစိတ်ဖို့ဆိုတာ အမှန်တော့ တကယ့်ကို ခက်တဲ့အလုပ်ပါ။ ဒါပေမဲ့ သူကိုယ်တိုင်ကလည်း စိတ်ဓာတ်ခိုင်မာတဲ့သူ ဖြစ်တဲ့အတွက် ခွဲစိတ်ဖို့ကို DELTA က ပံ့ပိုးပေးခဲ့တယ်" ဟု ပီတာက ပြောသည်။

DELTA ၏ ပံ့ပိုးမှုဖြင့် ခွဲစိတ်ကုသမှု ခံယူလျက်ရှိသော မောင်ကောင်းမြတ်သူက တက္ကသိုလ်ဘွဲ့ရသည်အထိ ပညာသင်ကြားလိုကြောင်း အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ၌ ဆေးကုသမှုခံယူနေစဉ် မြန်မာတိုင်း(မ်)ကို ပြောသည်။

"ဆေးရုံမှာ လေ့ကျင့်ခန်းလုပ်ရင်း စာဖတ်ရအောင် ပီတာက စာအုပ်တွေယူလာပေးတယ်။ ဒီနှစ် ခွဲစိတ်ဖို့အတွက် ကျောင်းနားထားရတယ်။ နောင်နှစ်မှ ငါးတန်းကိုတက်ရမှာ။ ခွဲစိတ်ပြီး လမ်းမလျှောက်နိုင်ရင်တောင် wheelchair ကို ကျွန်တော်ကိုယ်တိုင် တွန်းနိုင်ရင် ကောင်းမယ်။ အခုလက်တွေက အဲဒါကိုတောင် မတွန်းနိုင်ဘူး။ ဒါပေမဲ့ကျွန်တော် ကတော့ ကျောင်းဆက်တက်မှာပါ"ဟု မောင်ကောင်းမြတ်သူက ပြောသည်။

မောင်ကောင်းမြတ်သူသည် အသက် ၁၄ နှစ်ရှိပြီဖြစ်ပြီး ငယ်စဉ်က မြစ်ထဲပြုတ်ကျရာမှ ခါးဆစ်ရိုးစောင်းသွားပြီး အကြောသေရောဂါကို ခံစားနေရသူဖြစ်သည်။

အလားတူ ကိုသန်းကျော်ဌေးမှာလည်း DELTA ၏ပံ့ပိုးမှုဖြင့် လမ်းပြန်လျှောက်နိုင်ရန် မျှော်လင့်လျက်ရှိသည်။

"ကျွန်တော့်အသက် ၂၀ မှာ ဘောလုံးကန်ရင်း ခြေထောက်က ခွေကျသွားတယ်။ ဘာမှခံစားမှုမရှိတော့ဘူး။ ဆေးသောက်၊ ဆေးထိုးလုပ်တယ်။ ပြန်မကောင်းလာဘူး။ နောက်အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံမှာ လေ့ကျင့်ခန်းလုပ်ရတာ တစ်နှစ်နီးပါးကြာတယ်။ ပြန်ကောင်းမလာဘူး။ အခုအသက် ၂၆ မှ ဒီဆေးရုံကို ပြန်တက်ရတယ်။ ကိုယ့်ခြေထောက်နဲ့ ပြန်လမ်းလျှောက်နိုင်ဖို့ ကျွန်တော့်ဘဝအတွက် အိပ်မက်ပဲ။ ဒီကြားထဲမှာလည်း စာဖတ်ရင်း ကိုယ့်ကိုယ် ကိုယ်အားပေးနေတယ်"ဟု ကိုသန်းကျော်ဌေးက ပြောသည်။

မသန်စွမ်းသူများအား ထောက်ပံ့ကူညီပေးရာတွင် ၁၀ နှစ်မှ ၁၈ နှစ်အတွင်း ရှိကလေးများအား ပညာရေးထောက်ပံ့မှုအစီအစဉ်ဖြင့်လည်းကောင်း၊ အသက် ၁၈ မှ ၃၀ အတွင်းရှိ လူငယ်များအား အသက်မွေးဝမ်းကျောင်း ပညာရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက်လည်းကောင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မစ္စတာ ပီတာက ပြောသည်။

အမျိုးသားအဆင့် စစ်တမ်းကောက်ယူချက်အရ မြန်မာနိုင်ငံတွင် ၁ ဒသမ ၃ သန်းတွင် မသန်စွမ်းသူ ၂ ဒသမ ၃၂ ရာခိုင်နှုန်းရှိသည်။ ၁၀ အိမ်ထောင်တွင် မသန်စွမ်းသူတစ်ဦး ပါဝင်ပြီး ၁၆ ရာခိုင်နှုန်းနှင့်အထက် ဆင်းရဲနွမ်းပါးသူများသည် မသန်စွမ်းသူများအား စောင့်ရှောက်နေရသည်။ မသန်စွမ်းသူများ၏ ၈၅ ရာခိုင်နှုန်းမှာ အလုပ်အကိုင်အခွင့်အလမ်းနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာအခွင့်အလမ်း မရရှိကြပါ။ ■



အပေါင်နှင့် ဘန်ဘွေးစုရွာရှိ မန္တယ်နီခိုင်၏ စာကြည့်တိုက်။ ဓာတ်ပုံ-ပီတာ

မြန်မာ့ရေအရင်းအမြစ်များ ထိန်းသိမ်းရေးအတွက် ကော်မရှင်တစ်ရပ် ဖွဲ့စည်းရန်အကြံပြု

မြစ်ကြီးများ၏ မြစ်လက်တက်များ၊ ရေဝေရေလဲဒေသများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ယိုယွင်းမှုများကို စောင့်ကြည့်ကာကွယ်မှုများလည်း လိုအပ်နေ

ဒေးစပယ်ဖြူ

မြန်မာ့ရေအရင်းအမြစ်များ ထိန်းသိမ်းမှုအတွက် ကော်မရှင်တစ်ရပ်ဖွဲ့စည်းရန် လိုအပ်ကြောင်း ရန်ကုန်မြို့ တော်ဝင်နှင်းဆီတွင် ကျင်းပသော ဧရာဝတီမြစ်ဝှမ်းဒေသ ဖွံ့ဖြိုးရေးအတွက် လူထုအကြံပြုအစည်းအဝေး တက်ရောက်လာသူများက အကြံပြုကြသည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများသည် မြစ်ချောင်းများ၏ စီးဆင်းမှုအပေါ် အကျိုးသက်ရောက်မှုရှိလာသဖြင့် မြစ်ချောင်းများ အပါအဝင် ရေအရင်းအမြစ်များထိန်းသိမ်းမှုမှာ အရေးတကြီး လိုအပ်လာလျက်ရှိကြောင်း အောင်ပင်လယ် သဘာဝပတ်ဝန်းကျင်မဂ္ဂဇင်း၏ အယ်ဒီတာချုပ် ဒေါ်ဒေဝီသန့်စင်က ပြောသည်။

"နိုင်ငံတော်သမ္မတရုံးကို ကျွန်မတို့ ဒီအစည်းအဝေးကနေ အကြံပေးချင်တာက မြန်မာ့ရေအရင်းအမြစ်ထိန်းသိမ်းရေးကော်မရှင်လုပ်ပါလို့။ မြန်မာနိုင်ငံမှာဆိုရင် အဓိကကျတဲ့ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်ဆိုပြီး မြစ်ကြီးလေးစင်းရှိတယ်။ ကျွန်မတို့က အခု ဧရာဝတီအကြောင်းပြောနေပေမယ့် သံလွင်မြစ်အကြောင်းပြောဖို့ ရှိတဲ့သူတွေလည်း ရှိနေမှာပါပဲ"ဟု ဧရာဝတီမြစ်ဝှမ်း ဒေသဖွံ့ဖြိုးမှု အခွန့်ရှည်ရေးဆိုင်ရာ သုတေသနအဖွဲ့၏ နာယက ဒေါက်တာ ခင်နီနီသိန်းက ပြောသည်။

အဆိုပါမြစ်ကြီးများ၏ မြစ်လက်တက်များ၊ ရေဝေရေလဲ ဒေသများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ယိုယွင်းမှုများကို စောင့်ကြည့် ကာကွယ်မှုများလည်း လိုအပ်နေကြောင်း ဒေါ်ခေါ်ဂျာက ပြောသည်။

"ဧရာဝတီလို့ပြောရင် မေခနဲ့ မလိခ မြစ်နှစ်သွယ်က စပြောရပါမယ်။ အဲဒါ မပါဘဲနဲ့တော့ ဧရာဝတီဆိုတာ မဖြစ်နိုင်ပါဘူး။ မေခမြစ်ရဲ့တစ်ဖက်တစ်ချက် သုံးဖာလုံလောက်မှာ ရွှေထူးမှတွေတွေ့နိုင်ပါတယ်။ ဒီလိုကမ်းတွေကိုတစ်ဖက် သုံးဖာလုံလောက် ရေဖျော်ချနေတဲ့အခါ ဧရာဝတီမြစ်ကြီးက ကျန်းမာနိုင်ပါဦးမလား။ ပါသွားတဲ့ကမ်းတွေနဲ့အတူ ကျေးရွာရွှေ့ပြောင်းရတာတွေလည်း ရှိနေပါတယ်။ မြစ်ဆုံရဲ့ရေဟာလည်း ဘယ်လိုမှ မကြည်လင်နိုင်တော့ပါဘူး။ နောက် ဒီဖျော်ချလိုက်တဲ့မြေတွေဟာ မြစ်ရဲ့တစ်နေရာမှာသွားပြီး သောင်တွေအဖြစ် အနည်ထိုင်နေမှာပဲ။ မေခ၊ မလိခ မှာဖြစ်နေတဲ့ပြဿနာတွေဟာ အောက်ဘက်က မြန်မာတစ်နိုင်ငံလုံးကို စီးဆင်းသွားမှာဖြစ်ပါတယ်။ မေခ၊ မလိခ အပါအဝင် အားလုံးကိုခြုံကြည့်မှပဲ ဧရာဝတီကို ကယ်တင်နိုင်မှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

မြစ်များကို ၎င်းတို့၏သဘာဝအတိုင်း စီးဆင်းနိုင်စေရန် ဂေဟစနစ်နှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာ ပေါင်းစပ်ထားသည့် စီမံခန့်ခွဲမှုကို ကျင့်သုံးသင့်ကြောင်း Ecodev မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းမျိုးသူက ပြောသည်။

"ကျွန်တော်တို့မှာမြစ်တွေရဲ့ ဇလဗေဒပိုင်းဆိုင်ရာ အပြောင်းအလဲတွေနဲ့ ပတ်သက်တဲ့ ဗဟုသုတပိုင်းဆိုင်ရာ လိုအပ်မှုတွေက အကြီးကြီးဖြစ်နေတယ်။ ဒါတွေကိုသေချာမသိဘဲ ဆည်ဆောက်မယ်၊ ရေထိန်းတံခါးလုပ်မယ်ဆိုရင် တော့ ကျွန်တော်တို့က ပြဿနာကို ဖြေရှင်းတာမဟုတ်ဘဲ တစ်နေရာကို တွန်းပို့ပြီး ကြီးသထက်ကြီးအောင် လုပ်နေသလိုဖြစ်နေပါလိမ့်မယ်" ဟု ၎င်းကပြောသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့တွင်လည်း ဧရာဝတီ ထာဝရရှင်သန်စေရေးအတွက် ဧရာဝတီမြစ်ကော်မရှင်ဖွဲ့စည်းဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ကို တင်သွင်းရာ လွှတ်တော်မှ အတည်ပြုခဲ့သည်ဟု သိရသည်။ ■

ဂျာမနီနိုင်ငံ ကိုလုံးတက္ကသိုလ်မှ ဧည့်ပါမောက္ခနှင့် တွေ့ဆုံခြင်း

ယွန်းနှင်း

နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများအရ ရန်ကုန်တက္ကသိုလ်တွင် ဧည့်ပါမောက္ခအဖြစ် လာရောက်သင်ကြားပေးနေသည့် ဂျာမနီနိုင်ငံ ကိုလုံးတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာ Frauke Krass အား မြန်မာတိုင်း(မ်)က ဖေဖော်ဝါရီလ ၇ ရက်နေ့က ရန်ကုန်တက္ကသိုလ်၌ တွေ့ဆုံမေးမြန်းခဲ့သည်။

*** မြန်မာနိုင်ငံမှာ ယခင်က ဘယ်လို လုပ်ငန်းတွေ ပါဝင်ဆောင်ရွက်ဖူးသလဲ။**

တကယ်တော့ ကျွန်မ မြန်မာနိုင်ငံမှာ လာရောက်လုပ်ကိုင်နေတာ ၁၉၉၆ ကတည်းကဆိုတော့ ၁၈ နှစ်လောက်ရှိပါပြီ။ ပထမဆုံး မြန်မာနိုင်ငံကို ရောက်တော့ ပထဝီဌာနက ဒေါက်တာ ဒေါ်မိမိကြီးနဲ့ တွေ့ပြီးနောက် စပြီး ပညာရပ်ဆိုင်ရာ သုတေသနတွေ၊ သင်ကြားနည်းပုံစံတွေ ဖလှယ်ခဲ့ကြပြီး၊ ၂၀၀၃ ခုနှစ်မှာတော့ နားလည်မှုစာချွန်လွှာ MOU ကို Cologne တက္ကသိုလ်နဲ့ ရန်ကုန်တက္ကသိုလ်ကြားထဲမှာ ရေးထိုးခဲ့ပါတယ်။ MOU အရဆိုရင် တစ်နှစ်ပတ်လုံး ကျောင်းနှစ်ကျောင်းအကြား ပူးတွဲသင်ကြားမှုတွေ၊ ပူးတွဲသုတေသနလုပ်ငန်းတွေ၊ ပါရဂူဘွဲ့သမားတွေကို ကြီးကြပ်မှုတွေ၊ ပူးပေါင်းစာအုပ်ထုတ်ဝေမှုတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ၊ ပြင်ပခရီးတွေ၊ တက္ကသိုလ်စီမံခန့်ခွဲမှု ပုံစံတွေနဲ့ အုပ်ချုပ်မှုလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး အတူတကွ လုပ်ကိုင်ကြပါတယ်။ ၂၀၀၃ နောက်ပိုင်းမှာ ကာလတို လာရောက်သင်ကြားတဲ့ ပါမောကအနေနဲ့ လာရောက်လုပ်ကိုင်ပြီး၊ တစ်နှစ်မှာတစ်ကြိမ်၊ သို့မဟုတ် နှစ်ကြိမ်လောက် လာရောက်သင်ကြားပြီး၊ တစ်ခါလာရင် တစ်လ၊ နှစ်လလောက် ကြာပါတယ်။ အခုဆိုရင် Cologne တက္ကသိုလ်ကနေ လာရောက်တဲ့ ပညာရှင် သုံးဦးရှိပြီး၊ မြန်မာနိုင်ငံက ပညာရှင်ငါးဦးအပြင် အခြား Ph.D တွေ၊ ပါမောက္ခချုပ် ကိုယ်တိုင်လည်း ဂျာမနီမှာရှိတဲ့ Cologne ကို လာရောက်လေ့လာကြပါတယ်။ အခုလက်ရှိ COE (Centre of Excellence) အဖြစ် ရန်ကုန်တက္ကသိုလ် အဆင့်မြှင့်တင်တဲ့ လုပ်ငန်းစဉ်တွေမှာ အတူတကွ ပါဝင်ဆောင်ရွက်ပါတယ်။ သင်ကြားမှုအနေနဲ့ ရန်ကုန်နဲ့ မြန်မာတက္ကသိုလ်တွေမှာ ရှိတဲ့ ပထဝီဌာနအပြင် အခြားဌာနတွေက မဟာဘွဲ့ရသူ ၁၄၀ ကျော်နဲ့ ပါရဂူတန်းကျောင်းသား ၆၀ ကျော်တို့ကို သင်ကြားပို့ချခဲ့ပြီး၊ ဝန်ထမ်း ၁၂၀ ကျော်တို့လည်း ပါဝင်တယ်။ ပညာရပ်နယ်ပယ်တစ်ခုမက သက်ဆိုင်တာတွေကို ဓာတုဗေဒ၊ ဇီဝဗေဒနဲ့ နိုင်ငံတကာဆက်ဆံရေး (IR) က လုပ်ဖော်ကိုင်ဖက်တွေနဲ့ပါ ဝိုင်းဝန်းဆွေးနွေးကြတယ်။ လွန်ခဲ့တဲ့ ၂၀၁၂ ဇွန်လက ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်က မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနဲ့ ကိုလုံးတက္ကသိုလ်အကြားမှာလည်း သုတေသနလုပ်ငန်းအတွက် နားလည်မှုစာချွန်လွှာ ရေးထိုးထားတယ်။ ပြီးတော့ ဒီသုတေသနလုပ်ငန်း မြန်မာနိုင်ငံ မြို့ပြစနစ်ကို ဗဟိုထိန်းချုပ်မှု မရှိဘဲ ထိန်းသိမ်းဖို့အတွက်နဲ့၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်ဖို့နဲ့ ပတ်သက်ပြီး ဆောင်ရွက်တာဖြစ်ပြီး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်ပြီး အလုပ်ရုံဆွေးနွေးပွဲတွေ အများကြီး လုပ်ခဲ့တယ်။ ပူးတွဲထုတ်တဲ့စာအုပ်တွေ၊ ဆောင်းပါးတွေ အများကြီးရေးခဲ့တယ်။

*** ကိုလုံးတက္ကသိုလ်က လာရောက်တဲ့ ပါမောက္ခအနေနဲ့ ရန်ကုန်တက္ကသိုလ်မှာ ဘယ်လိုပညာရပ်ဆိုင်ရာတွေကို လုပ်ဆောင်နေလဲ။**

အခုတော့ ဧည့်ပါမောက္ခအနေနဲ့ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်အပြင် အခြားတက္ကသိုလ်တွေမှာ သင်ကြားတယ်။ တောင်ကြီးတက္ကသိုလ်ကို သွားရောက်သင်ကြားမယ်။ အဓိက ဦးစားပေးတာကတော့ စွမ်းဆောင်ရည်မြှင့်တင်တဲ့ သင်ကြားမှုတွေဖြစ်တဲ့ ခေါင်းဆောင်မှု၊ သိပ္ပံနည်းကျ ဆောင်ရွက်မှု၊ ရေးသားပုံ၊ အဆင့်မြင့် ပညာရေးကျွမ်းကျင်မှုတွေကို ဘောင်တစ်ခုအတွင်းမှာ သင်ကြားမှာမဟုတ်ဘဲ၊ ပင်ကိုအရည်အသွေး တက်လာဖို့ကို ဦးစားပေး သင်ကြားတာဖြစ်တယ်။ ကျွန်မအမြင်အရဆိုရင် ဗဟုသုတဆိုတဲ့ စကားလုံးတစ်လုံးတည်းထက်၊ ကျောင်းသားတွေရဲ့ တွေးခေါ်ပုံစွမ်းရည်၊ လုပ်ကိုင်ပုံတွေဖြစ်တဲ့ သုတေသနတွေကိုလုပ်ခိုင်းပြီး၊ ဒီသုတေသနတွေဟာ နိုင်ငံတကာ သတ်မှတ်ချက်နဲ့ ကိုက်ညီတဲ့ အပြင်၊ ယုံကြည်စိတ်ချရတဲ့ စာတမ်းတစ်ခုဖြစ်ဖို့ လုပ်သင့်တယ်။ ပြီးတော့ ရန်ကုန်တက္ကသိုလ်မှာ လာရောက်သင်ကြားတဲ့ ပြင်ပကဆရာတစ်ယောက်ထက်၊ တကယ့်အဖွဲ့ဝင်တစ်ယောက်လို ခံစားပြီး အလုပ်တွေကို လုပ်ချင်တယ်။ ပြီးတော့ ရန်ကုန်တက္ကသိုလ်မှာ ယခင်က ရှိတဲ့ ပညာရေးဓလေ့ထုံးတမ်းတွေ၊ ဆွေးနွေးပွဲတွေ၊ ပညာရေးဖလှယ်ရေး လုပ်ငန်းတွေနဲ့ အရင်ကရှိခဲ့တဲ့ ဂုဏ်သတင်းလို ပြန်လည်ကျော်ကြားစေချင်တယ်။ ပြီးတော့ ကျွန်မလာရောက်တဲ့ တစ်လျှောက်အတွင်းမှာလည်း တကယ့်ကို တော်တဲ့၊ နှံစပ်တဲ့ ပညာရှင်တွေကို တက္ကသိုလ်ထဲမှာ တွေ့ရတယ်။ ဒီနှစ်မေနဲ့ ဇွန်ကြားထဲမှာပဲ ကိုလုံးတက္ကသိုလ်က ပထဝီဌာနက တင်မဟုတ်ဘဲ၊ ဓာတုဗေဒ၊ နိုင်ငံတကာဆက်ဆံရေး (IR) နဲ့ ဇီဝဗေဒစတဲ့ အခြားဌာနတွေက မြန်မာတက္ကသိုလ်တွေကို လာရောက် သင်ကြားမှာ ဖြစ်တယ်။ ကျွန်မကတော့ ၂၀၁၄ ဧပြီလအထိ နေဖြစ်မယ်ထင်တယ်။

*** ကိုလုံးတက္ကသိုလ်အနေနဲ့ မြန်မာနိုင်ငံတက္ကသိုလ်တွေနဲ့ ဆောင်ရွက်မယ့် ရှေ့လုပ်ငန်းစဉ်တွေက ဘာတွေလဲ။**

တက္ကသိုလ်နှစ်ကျောင်းက ပါမောက္ခတွေအချင်းချင်း ကျောင်းချင်းဖလှယ်လေ့လာတာတွေ၊ ဝန်ထမ်းချင်းဖြစ်တဲ့ ကထိကတွေ ကျောင်းချင်း ဖလှယ်လေ့လာတာတွေ၊ ကျောင်းသားချင်း ဖလှယ်တာတွေ ပါတယ်။ အခုလက်ရှိတော့ ကိုလုံးတက္ကသိုလ်ကျောင်းသားသုံးယောက် ရန်ကုန်တက္ကသိုလ်ထဲမှာ လာရောက်လေ့လာနေပြီး၊ Ph.D ကျောင်းသားတွေ၊ မဟာဘွဲ့ရသူတွေ ပါဝင်တယ်။ တကယ်တော့ ကျောင်းချင်း ချိတ်ဆက်လုပ်ကိုင်တယ်ဆိုတာ အလွှာပေါင်းစုံ၊ ဦးတည်ရာပေါင်းစုံက ချိတ်ဆက်တာဖြစ်တယ်။ COE အဆင့်မြှင့်တင်တာကို ရန်ကုန်တက္ကသိုလ်ထဲမှာ စတင်လုပ်နေပြီဖြစ်ပြီး နိုင်ငံတကာက ကထိကတွေ လာရောက်သင်ကြားတဲ့ အလုပ်ရုံဆွေးနွေးပွဲက လေးကြိမ်၊ ဆွေးနွေးပွဲတွေက ခုနစ်ကြိမ်ရှိပါပြီ။ လာမယ့် ကျောင်းသားတွေက ပညာရပ်ပိုင်းဆိုင်ရာ အင်္ဂလိပ်စာအားနည်းတယ်။ ဒုတိယတစ်ချက်ကတော့ ခေတ်သစ်သုတေသနနည်းပညာမှာ အားနည်းတယ်။ အာရှတက္ကသိုလ်တွေ တော်တော်များများက သင်ကြားရေးကိုပဲ အဓိကအာရုံစိုက်ပြီး၊ သုတေသနစာတမ်းတွေလုပ်ဖို့ကို အားနည်းနေကြတယ်။ ဒါကလည်း ကျောင်းအပေါ်မူတည်ပြီး အနည်းနဲ့အများ ကွာဟတာဖြစ်တယ်။ ပြီးတော့ ကျောင်းသားတွေမှာ သူတို့တွေ ရှိချက်တွေကို ပံ့နှိပ်ဖော်ပြခွင့်မရှိဘူး။ ပံ့နှိပ်ဖော်ပြခွင့် ရှိတာဟာ သုတေသနလုပ်ဖို့ အားပေးရာရောက်တယ်။

တတိယတစ်ချက်ကတော့ မြန်မာကျောင်းသားတွေ တော်တော်များများက နိုင်ငံတကာနဲ့ ထိတွေ့မှုမရှိဘူး။ ကျွန်မ မန္တလေးတက္ကသိုလ်ကို သွားရောက်သင်ကြားတဲ့အခါကျောင်းသားတွေက နိုင်ငံတကာနဲ့ထိတွေ့တော့ အရမ်းအားတက်ကြတယ်၊ ဆွေးနွေးပွဲတွေကို ပါဝင်ကြတာတွေ့ရပါတယ်။ ■

သတင်းတိုများ

ကိုရီးယား အစိုးရ ပညာသင်ဆုခေါ်ယူ

ကိုရီးယားနိုင်ငံရှိ National Institute for International Education (NIIED) သည် ကိုရီးယားနိုင်ငံ နည်းပညာ၊ သိပ္ပံနှင့် ပညာရေးဝန်ကြီးဌာနအောက်ရှိပြီး ၂၀၁၃ ခုနှစ်အတွက် ကိုရီးယားအစိုးပညာသင်ဆုအတွက် နိုင်ငံတကာ ကျောင်းသားများ လျှောက်ထားနိုင်ပြီဖြစ်ရာ မြန်မာကျောင်းသားငါးဦးအား ရွေးချယ်ပေးအပ်မည်ဖြစ်သည်။ စက်တင်ဘာလ ၁ ရက်နေ့တွင် စတင်တက်ရောက်နိုင်မည်ဖြစ်ပြီး လျှောက်ထားလိုသူများသည် လိုအပ်သော စာရွက်စာတမ်းများနှင့် အတူ မတ်လ ၂၂ နေ့ထက် နောက်မကျစေဘဲ လျှောက်ထားရန် လိုအပ်သည်။ ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့အထက် မွေးဖွားသူများသာ လျှောက်ထားနိုင်မည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက http://www studyinkorea.go.kr တွင် ဝင်ရောက်လေ့လာနိုင်သည်။ **ယွန်းနှင်း**



အမေရိကန်တက္ကသိုလ်များပြပွဲ

ရန်ကုန်မြို့၊ တော်ဝင်စင်တာ၌ ဖေဖော်ဝါရီလ ၁၃ ရက်နေ့က ကျင်းပသည့် အမေရိကန်တက္ကသိုလ်များပြပွဲတွင် ပြသထားသည့် အမေရိကန်တက္ကသိုလ်တစ်ခု၏ပြခန်း။ အဆိုပါပြပွဲသို့ အမေရိကန်ပညာရေးနှင့် ယဉ်ကျေးမှုရေးရာလက်ထောက်ဝန်ကြီးအန်းစတော့နှင့် အမေရိကန်သံအမတ်ကြီး ဒဲရစ်မစ်ချယ်တို့ တက်ရောက်ခဲ့ကာ စိတ်ပါဝင်စားသူ ကျောင်းသားလူငယ် ၁,၀၀၀ ခန့် လာရောက်လေ့လာခဲ့ကြသည်။ ဓာတ်ပုံ-ဘူးသီး



ရွှေပါရမီဖောင်ဒေးရှင်းက သာယာဝတီမြို့၌ အခမဲ့ဆေးကုသမှုအလှူ သုံးရက်ကြာပြုလုပ်ခဲ့

သီဟတိုး



အခမဲ့ ဆေးကုသပေးရာသို့ ရောက်ရှိလာကြသော ဒေသခံများ။ ဓာတ်ပုံ-သီဟတိုး

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင်နာယကပြုသော ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်းသည် ယခုလ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ သာယာဝတီမြို့ရှိ မင်္ဂလာအုဋ္ဌကျောင်းတွင် အခမဲ့ဆေးကုသမှုအလှူကို သုံးရက်ကြာ ပြုလုပ်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီး ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းနှင့် သာယာဝတီမြို့ရှိ ဗိုလ်ကျော်သန်း ပရဟိတအကျိုးတော်ဆောင်အဖွဲ့တို့ ပူးပေါင်းပြီး ရန်ကုန်မြို့မှ အထူးကုဆရာဝန်ကြီးများကိုယ်တိုင်လာရောက်၍ မျက်စိဝေဒနာ၊ ခွဲစိတ်၊ အရိုးအကြော၊ နား-နှာခေါင်း၊ ကလေးရောဂါများ၊ အရေပြား၊ သွားနှင့် ခံတွင်း၊ လည်ပင်းကြီးရောဂါ၊ ဆီးနှင့် ကျောက်ကပ်၊ မီးယပ်သွားဖွားနှင့် အထွေထွေရောဂါများအား သုံးရက်တိုင်တိုင် အခမဲ့ဆေးကုသမှု အလှူပြုခဲ့ခြင်း ဖြစ်သည်။

“ဘယ်လိုရည်ရွယ်ချက်၊ စိတ်ထားမျိုးနဲ့ ဒီအလှူကို ဆောင်ရွက်သလဲဆိုတော့ လောကမှာ အနာရောဂါရှိတဲ့လူတွေ ရှိတယ်။ အဲဒီလူတွေ ဆေးဖိုးဝါးခ မတတ်နိုင်လို့ မကုသဘဲ ရောဂါကို ဒီအတိုင်းပဲ ငုံ့ခံနေကြရတဲ့လူတွေရှိတယ်။ ဒါမှမဟုတ် တတ်နိုင်ပေမယ့်လည်း ကိုယ့်ရောဂါနဲ့ သက်ဆိုင်တဲ့ ဆရာဝန်ကြီးတွေက ကိုယ့်အနီးနားမှာမရှိလို့ ကုသခွင့်မရတာတွေလည်း ရှိတယ်။ ဒါမှမဟုတ် ကုသပေးနိုင်တဲ့ ဆရာဝန်တွေရှိတဲ့ နေရာကိုလည်း ကိုယ်က မသွားရောက်နိုင်လို့ မကုသရတာလည်း ရှိတယ်။ အကြောင်းအမျိုးမျိုးကြောင့် ဆေးဝါးကုသခွင့်မရဘဲနဲ့ အနာဖြစ်ပြီးတော့ အဖြစ်နာနေကြတဲ့သူတွေ ရှိတယ်။

“အဖြစ်နာတယ်ဆိုတာက ရောဂါမပျောက်ဘဲနဲ့ ဝေဒနာကိုခံစားနေရတာ၊ သို့မဟုတ် အသက်ဆုံးရှုံးသွားရတာပေါ့။ အဲဒီတော့ အဖြစ်နာတယ်ဆိုတာ အဖြစ်ဆိုးတာပါပဲ။ အနာဖြစ်ပြီးတော့ အဖြစ်နာနေကြတဲ့သူတွေ အဖြစ်မနာရပါစေနဲ့ ဆိုပြီး မေတ္တာစေတနာနဲ့၊ စေတနာရှိတဲ့သူ၊ မေတ္တာရှိတဲ့သူ၊ ပရဟိတစိတ်ရှိတဲ့သူတွေက ကိုယ်စွမ်းနိုင်သမျှ ကျန်းမာရေးအကူအညီတွေ အခမဲ့ဆေးကုသမှု အလှူအတန်းတွေ ပြုလုပ်ကြတာဖြစ်တယ်” ဟု ဆရာတော် အရှင်ဆန္ဒာဓိကက မိန့်ကြားသည်။

သုံးရက်ကြာ အခမဲ့ဆေးကုသမှု အလှူတွင်လူနာပေါင်း၉,၀၀၀ကျော်အားကုသပေးခဲ့ပြီး ခွဲစိတ်ကုသရန် ကျန်ရှိနေသေးသော မျက်စိရောဂါသည်များအား ယခုလ ၂၃ ရက်နေ့နှင့် ၂၄ ရက်နေ့တို့တွင် ထပ်မံ ကုသပေးသွားမည်ဖြစ်သည်။

“အခုလိုမျိုး ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်ကို လာပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ အခမဲ့ဆေးကုသမှု အလှူများ ပြုလုပ်ဆောင်ရွက်ပေးတဲ့ အတွက်ကြောင့် ပြည်သူလူထုရဲ့ကိုယ်စား၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ကိုယ်စား၊ အစိုးရအဖွဲ့ခေါင်းဆောင် ဝန်ကြီးချုပ်အနေနဲ့ သော်လည်းကောင်း များစွာ ဝမ်းသာဂုဏ်ယူမိပါတယ်”ဟု ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းကပြောသည်။

“မျက်စိလူနာတွေအတွက် လွန်ခဲ့တဲ့ နှစ်ပတ်ကတည်းက ရွာထဲ ကွင်းဆင်းပြီး ကုသပေးခဲ့ပြီး လူနာတွေကို မှတ်တမ်းပြုလုပ်ခဲ့ပါတယ်။ မျက်စိရောဂါအနေနဲ့ ပြောရရင် လူနာကို အတွင်းတိမ်ရောတိမ်ကြည့်ပေးတယ်။ လိုအပ်တဲ့ ဆေးဝါးပေးတယ်။ မျက်စိမှုန်နေရင် မျက်မှန် အခမဲ့ပေးတယ်။ ပါဝါ၊ ဆလင်ဒါမျက်မှန်တွေကို ငွေကြေးတစ်ပြားမှမယူဘဲ အခမဲ့တပ်ဆင်ပေးတယ်။ အတွင်းတိမ်နဲ့ ပတ်သက်ပြီး သာယာဝတီဆေးရုံကြီးမှာ ခွဲစိတ်ပေးတယ်။ ပြန်ခေါ်စရာရှိတဲ့လူနာတွေကိုလည်း ပြန်ခေါ်ပြီး ကြည့်ရှုစောင့်ရှောက်ပေးတယ်။ သာမန်ခွဲစိတ်ကုသမှုတွေကို သာယာဝတီဆေးရုံကြီးမှာ ခွဲပေးပြီး အရေးကြီး ခွဲစိတ်ကုသမှုတွေကိုတော့ ရန်ကုန်ဆေးရုံကြီးမှာ ခွဲပေးတယ်။ ဥပမာ လည်ပင်ကြီး၊ နှုတ်ခမ်းကွဲ အာခေါင်ကွဲ ရောဂါတွေလိုမျိုးပေါ့။ ဒီအလှူဟာ ပဲခူးတိုင်းဒေသကြီးအတွင်းမှာ ပထမဦးဆုံး အကြိမ် လာရောက်လှူဒါန်းခြင်း ဖြစ်ပါတယ်”ဟု ရွှေပါရမီကျန်းမာရေး ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးရှိန်ဝင်းက ပြောသည်။

“ကျွန်မက မျက်စိတစ်ဖက်ခွဲထားတဲ့ လူနာပါ။ ရန်ကုန်ဆေးရုံကြီးမှာ သွားခွဲခဲ့တာပါ။ အခု နောက်တစ်ဖက် ထပ်ခွဲရတော့မယ်။ အခုလို သာယာဝတီနယ်မှာ ဆရာတော်က အခမဲ့ဆေးကုသမှုအလှူ လာပြုပေးတဲ့အတွက် ကျွန်မ အရမ်းကို ဝမ်းသာမိပါတယ်” ဟု သာယာဝတီမြို့နယ်မှ အသက် ၆၉ နှစ် အရွယ် မျက်စိရောဂါ လာရောက်ခွဲစိတ် ကုသမှုခံယူသူ ဒေါ်ခောကပြောသည်။

ရွှေပါရမီ ကျန်းမာရေး ဖောင်ဒေးရှင်းအား ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင်နာယကပြု၍ စတင်ဖွဲ့စည်းခဲ့သည်။ ယခု သာယာဝတီမြို့နယ်၌ ပြုလုပ်သော အခမဲ့ဆေးကုသမှုအလှူ အပါအဝင် (၁၃)ကြိမ်မြောက် ရှိပြီဖြစ်ပြီး လူနာပေါင်း ခုနစ်သောင်းခန့်ကို ဆေးကုသပေးပြီးဖြစ်သည်။ ■

ဦးသိန်းစိန်၏ ဇာတိကျေးရွာ၌ ကိုရီးယားဆရာဝန်များက အခမဲ့ ဆေးဝါးကုသပေးမည်

ယမုံဟူးသစ်

အထွေထွေ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ကိုရီးယားအခြေစိုက် ဆရာဝန်အဖွဲ့က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇာတိကျေးရွာတွင် ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှ ၂၇ ရက်နေ့အထိ ပြုလုပ်ပေးသွားမည်ဖြစ်သည်။

တောင်ကိုရီးယားအခြေစိုက် လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သော ကိုရီးယားပါကျူးနတ်သမီး ကူညီမှုအသင်းအဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး ငပုတော မြို့နယ် ကျဲကူးကျေးရွာနှင့် နီးစပ်ရာ ကျေးရွာများတွင် အခမဲ့ ဆေးကုသပေးခြင်းနှင့် ဆေးဝါးလှူဒါန်းခြင်းများကို ပြုလုပ်သွားမည်ဟု အဆိုပါအစီအစဉ်ကို စီစဉ်သူ Life Umbrella ခရီးသွားကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်မင်းခိုင်က ပြောသည်။

အဖွဲ့ဝင် ၂၁ ဦးပါဝင်သော အဆိုပါအဖွဲ့သည် ပြီးခဲ့သည့် ဒီဇင်ဘာလက ကျဲကူးရွာသို့ သွားရောက်၍ ဒေသခံများ၏ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို သွားရောက်လေ့လာခဲ့ကြသည်ဟု ဂင်းက ပြောသည်။

“ကျန်းမာရေး စောင့်ရှောက်မှုမှာ လိုအပ်ချက်တွေ အများကြီးရှိနေတာတွေ့လို့ အရင်သတ်မှတ်ထားတဲ့ရက်ထက်စောပြီး သွားရောက်ကုသပေးကြတာပါ”ဟု ဂင်းက ပြောသည်။

ဒေသခံများ၏ လိုအပ်ချက်ဖြစ်သော အထွေထွေ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ သွားကျန်းမာရေးကုသပေးခြင်းနှင့် ခွဲစိတ်ကုသပေးခြင်းများကို ပြုလုပ်ပေးသွားမည်ဖြစ်သည်။ ကုသမှုများကို ကျဲကူးရွာအပါအဝင် နီးစပ်ရာ ကျေးရွာများမှ လူနာ ၂,၀၀၀ ခန့်ထိ ရောက်ရှိရန် စီစဉ်ထားသည်။

ကျဲကူးကျေးရွာသည် လူဦးရေ ၅၀၀ ခန့်ရှိသောရွာဖြစ်ပြီး ဒေသခံများသည် ကျန်းမာရေး စောင့်ရှောက်မှုအတွက် ပုသိမ်မြို့ကို အားကိုးနေရသည်။ ■

တီဘီတိုက်ဖျက်ရေးဆောင်းပါးနှင့် စာစီစာကုံး ပြိုင်ပွဲ ဖိတ်ခေါ်

ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားတီဘီတိုက်ဖျက်ရေးဌာနနှင့် The Union office in Myanmar PICTS တို့ပူးပေါင်းပြီး ကမ္ဘာ့တီဘီတိုက်ဖျက်ရေး အထိမ်းအမှတ်အဖြစ် “တစ်သက်တာ တီဘီကင်းဝေးရေး အားလုံးပါဝင်ဆောင်ရွက်ပေး” ခေါင်းစဉ်ဖြင့် ဆောင်းပါးကို ပြိုင်ပွဲနှင့် အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသားများ ပါဝင်နိုင်သော ‘တီဘီကင်းစင် တို်ပြည်တစ်ခွင်’ စာစီစာကုံး ပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။

“ပထမ၊ ဒုတိယ၊ တတိယအနေနဲ့ ကျောင်းသားသုံးဦးကို ရွေးချယ် ဆုချီးမြှင့်မှာဖြစ်တယ်။ မတ်လ ၈ ရက်မတိုင်ခင် ပေးပို့ဖို့လိုအပ်ပြီး၊ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ဖြစ်တဲ့ မတ်လ ၂၀ မတိုင်မီ ဆုရစာမူတွေကို မန္တလေးရတနာပုံတက္ကသိုလ်မှ ဆရာများနှင့် ရွေးချယ်ပြီး၊ ဆုရစာမူများကို သတင်းစာကတစ်ဆင့် ကြေညာပေးမယ်။ ကမ္ဘာ့တီဘီတိုက်ဖျက်ရေးနေ့တွင် ဆုများကို ပေးမှာပါ”ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။ စာမူများကို မန္တလေး၊ ချမ်းအေးသာစံမြို့နယ် အမှတ်(၃၆)၊ ၇၂/၇၃လမ်းကြား၊ ၂၇လမ်း၊ The Union Office in Myanmar သို့ ပေးပို့နိုင်ပြီး၊ ဖုန်း ၀၉၄၀ ၂၆၀၆၅၀၅၊ ၀၂ ၇၁၀၈၂ သို့ မေးမြန်းနိုင်သည်။ **ယွန်းနှင်း**



Golden

Golden Myanmar Airlines

ရွှေမြန်မာ လေကြောင်းလိုင်း

မန္တလေး ⇌ ရန်ကုန် US $ 34++

ရန်ကုန် ⇌ စင်္ကာပူ US $ 59++

မန္တလေး ⇌ စင်္ကာပူ US $ 93++

(One Way)

DAILY FLIGHT






လေယာဉ်လက်မှတ် အရောင်းကိုယ်စားလှယ်များ။ CB ဘဏ်ခွဲများနှင့် လေဆိပ်ရှိ
အရောင်းကောင်တာများ ထံတွင်လည်း တိုက်ရိုက်ဝယ်ယူနိုင်ပါသည် . . .

FREE AIRPORT SHUTTLE BUS

တံတားဦးလေဆိပ် မှ
မန္တလေးကုန်းတော် သို့
အဆင်ပြေသလောက်
အလွတ်အပြည့် **3000**
ဝိုဏ်ဆောင်ပေးပါသည် . . .





ရန်ကုန် - 01-860 4035 ~ 8, 09-7325 6067

မန္တလေး - 09 - 507 1873, 09 - 9104 3607

ရွှေမြန်မာလေယာဉ်လက်မှတ် အရောင်းကောင်တာ

ဆရာစံပလာဇာ၊ တက္ကသိုလ်ဂိုဏ်းသာလမ်းနှင့် ဆရာစံလမ်းထောင့်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

ထိုင်နံအရောအတွက် ကန့်သတ်သားရှိသည်ဖြင့် ကြိုတင်ဝယ်ယူခြင်းအမြဲပါစေ လေယာဉ်လက်မှတ်များ ရရှိနိုင်မည်မဟုတ်ပါ
လေဆိပ်ပို့ခ နှင့်အခြားဝန်ဆောင်မှုများ ပေးဆောင်ရမည်။ အခြားလေကြောင်းသတ်မှတ်ချက်များလည်း အကျုံးဝင်သည်။

မုန်းဒေသမှ မြေမြှုပ်မိုင်းတို့၏ သားကောင်များ

မုန်းသားငယ်

‘ဂျီမံး’

“ဟာ မိုင်းကွဲပြန်ပြီ”

မနက်စောစော အိပ်ရာထချိန် ကြားရသော အသံကျယ်ကြီးမှာ မင်္ဂလာအသံတော့ မဟုတ်ပါ။ အမင်္ဂလာအသံ။ မြေမြှုပ်မိုင်းပေါက်ကွဲသံ။ လူနင်းတာလား၊ သားကောင် နင်းတာလား၊ သို့လော သို့လောနှင့် တွေးပြီး စိုးရိမ်ရလေပြီ။ ဘယ်သောအခါမှ မြေမြှုပ်မိုင်းသံသရာဆိုးကြီး ပြီးဆုံးမှာလဲဟု ကျွန်တော်နှင့် ထိုပေါက်ကွဲသံကြားသောသူအားလုံး တွေးမိသောအတွေးပင် ဖြစ်ပါတော့သည်။

ကျွန်တော်နေခဲ့ဖူးသော မုန်းဒေသသည် စစ်တောင်းမြစ်အရှေ့ဘက်ကမ်းကျောက်ကြီးမြို့နယ်အတွင်း တည်ရှိပြီး ပဲခူးတိုင်းနှင့် ကရင်ပြည်နယ်စပ်ကြားနယ်မြေဖြစ်သည်။ ရန်ကုန်-မန္တလေးကားလမ်းပေါ်ရှိ ဖြူးမြို့၊ အဝေးပြေးလမ်းမမှ ဆိုလျှင် ၁၁၅ မိုင်မှတစ်ဆင့် စစ်တောင်းမြစ် အနောက်ဘက်ကမ်းအုတ်ဖြတ်သို့ရောက်ပြီး စစ်တောင်းမြစ်ကို ဖောင်ဖြင့်ကူးကာ အရှေ့ဘက်ကမ်းသန်လျက်စွန်းသို့ ရောက်သည်။ ထိုမှ တစ်ဆင့် ဆိုင်ကယ်ကယ်ရီများဖြင့် ခရီးဆက်ကြရသည်။ စစ်တောင်းမြစ်ရေနည်းခါခိုက်တွင် ယာယီတံတားဖြင့် မုန်းမြို့သို့ တိုက်ရိုက်သွားနိုင်သည်။ သာယာလှပသော မုန်းမြို့သည် ရန်ကုန်-မန္တလေး မီးရထားလမ်းပေါ်မှ မြင်ရသော မှိုင်းပျပျ အရှေ့ရိုးမတောင်တန်းများ၏ အခြေတွင် ရှိသည်။ ကရင်၊ ဗမာ၊ ရှမ်း၊ ပအိုဝ်း တိုင်းရင်းသားလူမျိုးများအပြင် ဟိန္ဒူနှင့် မွတ်စလင်ဘာသာဝင်များ စုပေါင်းနေထိုင်ကြပြီး လယ်ယာ၊ ဥယျာဉ်ခြံလုပ်ငန်းတို့ဖြင့် မိရိုးဖလာ အသက်မွေးဝမ်းကျောင်း ပြုကြသည်။

၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေးကာလမတိုင်ခင်အထိ မုန်းဒေသ၌ ဝါဒဖွဲ့၊ လူမျိုးစွဲများကြောင့် အဖွဲ့အစည်းတစ်ခုနှင့် တစ်ခု လက်နက်ကိုင် တိုက်ပွဲများပြီး ခြေ၊ လက် အင်္ဂါအစိတ်အပိုင်းများ ဆုံးရှုံးကြရသည်။ ၂၀၀၆ မှ ၂၀၁၁ အထိ မုန်းဒေသတွင် အကြောင်းအမျိုးမျိုးကြောင့် မြေမြှုပ်မိုင်းထိပြီး အသက်ဆုံးရှုံးရသူနှင့် ခြေထောက်ဆုံးရှုံးရသူများမှာ အရေအတွက်အားဖြင့် ၅၀ ထက်မနည်း ရှိခဲ့သည်။ ကိုယ်ပိုင် လယ်ယာ၊ ဥယျာဉ်ခြံလုပ်ငန်းမရှိသော ဒေသခံပြည်သူတို့မှာ တောတက်၍ သစ်ဝါးခုတ်ခြင်း၊ ဒူးရင်း၊ တညင်း ခူးခြင်း၊ မျှစ်ချိုးခြင်း၊ အင်ဖက်ကောက်ခြင်းတို့ဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြရသည်။

ထိုသို့ပြုလုပ်ရာတွင် လက်နက်ကိုင်အဖွဲ့အစည်းတို့က ၎င်းတို့သတ်မှတ်ထားသော ကန့်သတ်နယ်မြေသို့ အကြောင်းအမျိုးမျိုးဖြင့် ရွာသားများ ကျူးကျော်ဝင်ရောက်လာမည်ကို စိုးရိမ်သောကြောင့် မိုင်းထောင်၍ နယ်မြေကန့်သတ်ထားကြသည်။ မိုင်းထောင်ခြင်းကို လှည်းလမ်းကြောင်းများ၊ လူသွားလမ်းများ၊ လမ်းဟောင်းများ၊ သစ်ပင်ကြီးတို့၏ အခြေများ၊ ချောင်းစပ်နေရာများတွင် ပြုလုပ်လေ့ရှိသည်။ မြေမြှုပ်မိုင်းပေါက်ကွဲမှုကို ညဘက်ဆိုလျှင် ငါးမိုင်အကွာအဝေးမှပင် ကြားနိုင်သည်။ မြေမြှုပ်မိုင်းနင်းမိသူမှာ ကျယ်လောင်သော ပေါက်ကွဲသံကြီးနှင့်အတူ အပေါ်သို့ ငါးပေခန့် မြောက်တက်သွားသည်။ မီးခိုးလုံးကြီးမှာလည်း ပတ်ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းသွားသည်။ ပို၍ဆိုးသည်မှာ ထိုအနီးအနားဝန်းကျင်တွင် အခြားမြေမြှုပ်မိုင်းများ ရှိနေခြင်းပင်ဖြစ်သည်။ မိုင်းနင်းမိသူအား လာရောက်ကူညီရင်း ထပ်၍ မိုင်းနင်းမိသူများလည်း ရှိကြသည်။ ဒဏ်ရာရရှိထားသော ခြေထောက်ကို ချက်ချင်းဖြတ်ပစ်ရသည်။ ဆေးဝါးကုသခြင်းမှာလည်း အခြိုန်နှင့်ဒီရေအလား တန်ဖိုးရှိလှသည်။ မြေမြှုပ်မိုင်းနင်းမိ၍ နာကျင်မှုဝေဒနာ ခံစားရကာ အော်ဟစ်ညည်းညူနေသူကို ကြည့်ရင်း ‘ငါ့အလှည့် ဘယ်တော့ရောက်မလဲ’ ဟု စိတ်ထဲမှ စိုးရိမ်နေခဲ့မိသည်။ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာသို့ ခြေချရသည့် ခြေထောက်များမှာ ‘ခြေတစ်လှမ်း ကုဋေတစ်သန်း’ ဆိုသည့် စကားအတိုင်း တန်ဖိုးရှိနေခဲ့သည်။

တစ်နေ့အလုပ်လုပ်မှ တစ်နေ့စားကြရသော ဒေသခံပြည်သူတို့မှာ မိမိဝမ်းရေးအတွက် စွန့်စွန့်စားစား ရှာဖွေစားသောက်ကြရသည်။ တစ်နေ့ထက် တစ်နေ့၊ တစ်နှစ်ထက် တစ်နှစ် ရှားပါးလာသော သစ်ဝါးများ၊ စားပင်သီးပင်များကို ရှာဖွေရင်း ကန့်သတ်ထားသော နယ်မြေသို့ ကျော်လွန်ဝင်ရောက်မိကြပြီး မြေမြှုပ်မိုင်းနှင့် စတင်ရင်ဆိုင်ကြရတော့သည်။ ရွာသားများကတော့ “မြေကြီးထဲက မိုးကြိုးပစ်တယ်”ဟု ပြောလေ့ရှိသည်။ အချို့သော ဒေသခံတိုင်းရင်းသားတို့၏ ဘဝမှာ သနားစရာကောင်းလှသည်။ ယခင်က မြေမြှုပ်မိုင်းနင်းမိ၍ ခြေတစ်ဖက်စွန့်လွှတ်ထားရပြီး ခြေတုတပ်ကာ အင်ဖက်ကောက်သောအမျိုးသမီး တစ်ဦးသည် နောက်တစ်ကြိမ် မြေမြှုပ်မိုင်းနင်းမိ၍ ခြေနှစ်ဖက်စလုံး ဆုံးရှုံးရသောဘဝသို့ ရောက်ရရှာသည်။ အချို့သော ကလေးများမှာ ကျောင်းနေအရွယ်ပင် ဖြစ်သော်လည်း ပညာမသင်ကြားရဘဲ တောတက်၍ ဝါးခုတ်၊ မျှစ်ချိုးရင်း မိုင်းနင်းမိကာ ငယ်ငယ်ရွယ်ရွယ်နှင့် ခြေထောက်ဆုံးရှုံးပြီး အနာဂတ်မလှပ လေ့ မရှိပေ။ ပေါက်ကွဲမှုအားနည်းပြီး အချို့သော မြေမြှုပ်မိုင်းတို့မှာ ချောင်းရေစီးမှာပင် မျောပါလာကြသည်။ ပွင့်လင်းရာသီရောက်ပြီဆိုလျှင်တော့ မြေမြှုပ်မိုင်းပေါက်ကွဲသံတို့မှာ နေ့စဉ်လိုလို ကြားနေရပြီး ခြေထောက်စွန့်လွှတ်ရသူများသည် အရေအတွက် တိုးလာခဲ့သည်။ သူတို့၏ ခြေထောက်များမှာလည်း ဘယ်သောအခါမှ အကောင်းပကတိ ဘဝသို့ ပြန်ရကြတော့မည် မဟုတ်ပါ။

မြန်မာနိုင်ငံသို့ ကမ္ဘာ့ပေါ်တွင် သက်တမ်းအရှည်ကြာဆုံး ပြည်တွင်းစစ်နှင့် ရင်ဆိုင်နေရသည့် နိုင်ငံဖြစ်ပြီး စစ်တို့၏ သဘောတရားအတိုင်း တစ်ဖက်နှင့် တစ်ဖက် တိုက်ခိုက်ရန်ဖြစ်စေ၊ မြေမြှုပ်မိုင်းများကို နှစ်လရှည်ကြာစွာ အသုံးပြုခဲ့ကြသည်။ ၁၉၉၉ ခုနှစ်မှ စတင်၍ ၂၀၁၁ ခုနှစ် ကုန်ဆုံးခါနီအထိ မြန်မာနိုင်ငံ၌ မြေမြှုပ်မိုင်းများကြောင့် ဒဏ်ရာရသူပေါင်း ၃,၂၄၂ ဦး ရှိခဲ့ကြောင်း၊ မြေမြှုပ်မိုင်း အသုံးပြုမှု စောင့်ကြည့်လေ့လာရေး အစီရင်ခံစာ မိတ်ဆက်ရှင်းလင်းပွဲတွင် ယင်းအစီရင်ခံစာကိုရေးသားပြုစုခဲ့သည့် သုတေသီ Mr. Yeshua Moser-Paungsuwan က ပြောကြားခဲ့သည်။

မြေမြှုပ်မိုင်း၏ သားကောင်ဖြစ်ရသော မုန်းဒေသနေ ပြည်သူတို့၏ လက်နက်ကိုင်အဖွဲ့များသည် မြေမြှုပ်မိုင်းများကို ဆက်လက်အသုံးပြုနေသေးသော်လည်း ယခုနှစ်တွင် မြေမြှုပ်မိုင်းများနှင့်ပတ်သက်၍ အသိအမှတ်ပြုမှုများ၊ အသိပညာပေးမှုများ၊ နိုင်ငံတကာသို့ အကူအညီတောင်းခံမှုများ ရှိလာကြောင်း ၂၀၁၂ ခုနှစ်မြန်မာနိုင်ငံဆိုင်ရာ မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်များ စောင့်ကြည့်လေ့လာရေး အစီရင်ခံစာ မိတ်ဆက်ရှင်းလင်းပွဲတွင် ယင်းအစီရင်ခံစာကိုရေးသားပြုစုခဲ့သည့် သုတေသီ Mr. Yeshua Moser-Paungsuwan က ပြောကြားခဲ့သည်။

မြေမြှုပ်မိုင်း၏ သားကောင်ဖြစ်ရသော မုန်းဒေသနေ ပြည်သူတို့၏ စိတ်ဓာတ်မှာ လေးစားအတုယူဖွယ်ကောင်းလှသည်။ ဆိုင်ကယ်၊ စက်ဘီးနင်းခြင်း၊ ကွမ်းသီးခြွန်ခြင်း၊ ရော်ဘာခြမ်းများတွင် ဥယျာဉ်ခြံလုပ်သားအဖြစ် လုပ်ကိုင်ခြင်း၊ စိုက်ပျိုးရေး၊ ရောင်းဝယ်ရေး လုပ်ငန်းများတွင် လုပ်ကိုင်နေကြသည်မှာ သာမန်လူကောင်းတစ်ယောက်ကဲ့သို့ပင် ဖြစ်သည်။ မိုင်းထိလူငယ်အချို့မှာ ခြေတုဖြင့် ဘောလုံးကန်ခြင်း၊ ခြင်းလုံးနှင့် ဘော်လီဘောကဲ့သို့ အားကစားနည်းများ ကစားခြင်းတို့ပင် ပြုလုပ်နိုင်ကြသည်။ မြေမြှုပ်မိုင်းကြောင့် ကိုယ်အင်္ဂါစွန့်လွှတ်ခဲ့ရသောသူတို့အား စိတ်ပိုင်း ဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ပေးသည့် သင်တန်းများ၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်ကာ ထိထိရောက်ရောက် အကူအညီပေးမှုများ အကောင်အထည်ဖော် ဆောင်ရွက်ပေးသင့်သည်။

ယခုအခါ နိုင်ငံတော်အစိုးရနှင့် KNU/KNLA တို့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိခဲ့ပြီဖြစ်ရာ မုန်းဒေသ၌လည်း သေနတ်သံများ၊ မြေမြှုပ်မိုင်း ပေါက်ကွဲသံများ မကြားရသည်မှာ တစ်နှစ်ကျော်လာပြီဖြစ်သည်။ မုန်းဒေသနေ တိုင်းရင်းသားပြည်သူတို့မှာလည်း ယခင်ကထက် အေးချမ်းပျော်ရွှင်စွာ၊ စိုးရိမ်သောကကင်းစွာ အသက်မွေးဝမ်းကျောင်းပြုနိုင်ကြပြီဖြစ်သည်။ အပစ်ရပ်ဒေသများ၌ မိုင်းရှင်းလင်းရေးလုပ်ငန်းများကို နှစ်ဖက်တပ်များ ပူးပေါင်း၍ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့ ဒု-ဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက မြန်မာ့ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန (Myanmar Peace Centre)၌ ၂၀၁၃ ဇန်နဝါရီလ ၂၇ ရက်က ပြုလုပ်သော အရပ်ဘက်လူအဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲတွင် ပြောကြားခဲ့ကြောင်း သိရ၍ ကျွန်တော် အပါအဝင် မုန်းဒေသနေ တိုင်းရင်းသားပြည်သူတို့မှာ ပျော်ရွှင်နေကြသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရနှင့် KNU/KNLA တို့အကြား အပစ်အခတ်ရပ်စဲရေးမှသည် ထာဝရငြိမ်းချမ်းရေးဆီသို့ အတူလက်တွဲလျှောက်လှမ်းရင်း မုန်းဒေသနေ တိုင်းရင်းသားပြည်သူတို့၏ ‘မြေကြီးထဲမှ မိုးကြိုးပစ်သံ’ များကို ဘယ်သောအခါမှ မကြားရစေသားဟု ဆုတောင်းနေမိသည်။ ထာဝရငြိမ်းချမ်းရေးဖော်ဆောင်လျက်ရှိကြသော ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့၊ တပ်မတော်နှင့် KNU/KNLA မှ တာဝန်ရှိသူများအားလုံး၊ မိုင်းရှင်းလင်းရေး ဆောင်ရွက်လျက်ရှိကြသော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများအားလုံးအား မုန်းဒေသနေ ပြည်သူများ၏ကိုယ်စား အတိုင်းမသိ ကျေးဇူးတင်မိပါကြောင်း ရေးသားအပ်ပါသည်။ ■

> **“၂၀၁၂ အောက်တိုဘာလ ၁ ရက်နေ့အထိ ကမ္ဘာ့နိုင်ငံပေါင်း ၈၀ ကျော်က မြေမြှုပ်မိုင်း အသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်း သဘောတူစာချုပ်အား လက်မှတ်ရေးထိုးခဲ့ပြီး နိုင်ငံပေါင်း ၁၁၁ နိုင်ငံက ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်များ အသုံးပြုမှုပိတ်ပင်...”**



ပျောက်ဆုံးဖုန်းကတ် ပြန်လျှောက်ရာတွင် စျေးမြင့်မား

စုလှိုင်ထွန်း

မြန်မာနိုင်ငံ၌ စျေးအနိမ့်ဆုံးသောစျေးနှုန်းဖြင့် ရောင်းချပေးနေသော နှစ်သိန်းတန် မိုဘိုင်းဖုန်းကတ်များ ပျောက်ဆုံးသွားပါက ပြန်လည်လျှောက်ထားရာတွင် မတန်တဆ စျေးနှုန်းမြင့်မားနေကြောင်း ပြန်လည်လျှောက်ထားသူများက ပြောသည်။

“ခါးပိုက်နှိုက်ခံရတာက နှစ်သိန်းတန်ဖုန်း ပြန်လျှောက်ရတာက ကျပ် ၃၅,၀၀၀ ထပ်ကုန်သွားတယ်။ ဆက်သွယ်ရေးကို တကယ်တမ်းပေးရတာက နှစ်သောင်းကျော်တယ်တဲ့။ အဲဒါကြောင့် တစ်ဆင့်လုပ်ပေးတဲ့သူတွေက နှစ်ခါပြန်သွားရလို့ ဝန်ဆောင်ခပါ များလာပြီး စျေးကြီးကြီးနဲ့ ပြန်လျှောက်ရတာပေါ့”ဟု ဖုန်းကတ်ပြန်လျှောက်ထားခဲ့သူ မစန္ဒာကပြောသည်။

ကျပ်ငါးသိန်းဖုန်းများ ပျောက်ဆုံးပါက ကျပ် ၁၅,၀၀၀၊ ကျပ်နှစ်သိန်းဖုန်း ပျောက်ဆုံးပါက ကျပ် ၂၀,၀၀၀ တို့ဖြင့် ပြန်လည်လျှောက်ထားနိုင်ပြီး ကတ်ပျက်စီးပါက အခမဲ့ ပြန်လည်ထုတ်ပေးကြောင်း သိရသည်။

သို့သော် ကျပ်နှစ်သိန်းတန်ဖုန်းများ ပျောက်ဆုံးပါက တစ်လနီးပါးခန့် ကြာမြင့်ကြောင်း ပြန်လည်လျှောက်ထားသူများက ပြောသည်။

“တကယ်တမ်းဆို အဲဒီလောက် မဖြစ်သင့်ဘူး။ ပြည်သူကို သက်သာတဲ့ စျေးနှုန်းနဲ့ ချထားပေးပါ့မယ်နဲ့ တာဝန်ရှိသူတွေက ပြောတာပဲရှိတယ်။ ခုရှိပြီးသားလေး ပြန်လျှောက်တာတောင် ဒီလောက် ကုန်တယ်။ အရမ်းစိတ်ပျက်ဖို့ ကောင်းတယ်။ မကြာမီဆိုတဲ့စကားလုံးလေးနဲ့ပဲ စျေးပေါပေါဖုန်း ဘယ်တော့ ရောင်းပေးမလဲ မသိဘူး”ဟု မစန္ဒာကပြောသည်။

“အခုပဲ ဒီမိုဘိုင်းဖုန်းတွေနဲ့ပတ်သက်လို့ အလွဲသုံးစားလုပ်ထားတဲ့သူတွေ တရားစွဲခံရပြီလို့ ဂျာနယ်တွေထဲမှာ ဖတ်ရတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆို တရားခံတွေက ဒီထက်များနိုင်တယ်။ ဒါတွေကို အမြစ်ပြတ်အောင် လုပ်သင့်တယ်။ ဥပဒေကို လက်တစ်လုံးကြား လုပ်ပြီး အပြစ်ပေါ့အောင် မလုပ်နိုင်ဖို့လည်း စောင့်ကြည့်သင့်တယ်”ဟု ပျဉ်းမနားမြို့ခံ ဦးတင့်က ပြောသည်။

ယခုအခါ စျေးထပ်မံလျှော့ချထားသည့်ဖုန်းများ ရောင်းချတော့မည်ဟု သတင်းများထွက်ပြီးနောက် ကျပ်နှစ်သိန်းတန် ဖုန်းများကိုလည်း ကျပ် ၁၂,၀၀၀၊ ကျပ် ၁၅,၀၀၀ တို့ဖြင့် မိုဘိုင်းဖုန်းအရောင်းဆိုင် အသီးသီးတို့က ရောင်းချနေကြသည်။ ■

ဒဂုန်တိုင်းမဂ္ဂဇင်း
Capital News
မြန်မြန်မော်သတင်း
သောကြာနေ့၊ ဖေဖော်ဝါရီ ၂၂ - ၂၈၊ ၂၀၁၃

သစ်တောကြိုးဝိုင်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများတွင် ဒေသခံများအား တရားဝင်လုပ်ကိုင်ခွင့်ပေးရန် စီစဉ်

ပြည့်သက်ဖြိုး

နိုင်ငံအတွင်းရှိ သစ်တောကြိုးဝိုင်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများတွင် နေထိုင်လုပ်ကိုင်နေသည့် ဒေသခံပြည်သူများ အခြေမပျက် ဆက်လက်လုပ်ကိုင်စားသောက်နိုင်ရန်နှင့် မိရိုးဖလာ လုပ်ကိုင်ခွင့်ပြုရန် ဆောင်ရွက်နေသည်ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ဖေဖော်ဝါရီလ ၁၄ ရက်က ပြုလုပ်သည့် လူသားနှင့် ဇီဝအဝန်း ကြိုးဝိုင်းသတ်မှတ်ရေး ဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

လက်ရှိတွင် သစ်တောဥပဒေ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေများတွင်လည်း ကြိုးဝိုင်းတောဖွဲ့သည်ဖြစ်စေ၊ သဘာဝထိန်းသိန်းရေးနယ်မြေ ဖွဲ့သည်ဖြစ်စေ လုပ်ကိုင်ခွင့်ရှိသည့် အခွင့်အရေးများကို ခွင့်ပြုထားသည်ဟုလည်း ၎င်းက ပြောသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အနေဖြင့် အဆိုပါနယ်မြေများအတွင်း မြေပိုင်ပေးနိုင်သည့်အထိ ဆောင်ရွက်ပေးရန် စာရင်းကောက်နေပြီဟုလည်း ညွှန်ကြားရေးမှူး ဦးဝင်းနိုင်သော်က ပြောသည်။

"မြေပိုင်ပေးဖို့အထိ စာရင်းကောက်နေပါတယ်။ ဒီလိုလုပ်ပေးမယ်ဆိုပေမယ့် လည်း အဲဒီနယ်မြေမှာ အနေကြာတဲ့သူကိုပဲ ပေးမှာပါ"ဟု ၎င်းကပြောသည်။

အဆိုပါ စာရင်းကောက်ခြင်းလုပ်ငန်းကို ကချင်ပြည်နယ်တစ်ခုသာ နိုင်ငံရေးအခြေအနေကြောင့် ကျန်ရှိနေကြောင်း အင်းတော်ကြီး ဘေးမဲ့တောမှ တောအုပ်ဦးဝင်းဇော်လွန်းက ဖေဖော်ဝါရီလ ၁၉ ရက်က မြန်မာတိုင်း(မ်)ကို ပြောသည်။

"နိုင်ငံတကာက သတ်မှတ်ထားတဲ့ ဘောင်အတွင်းကနေ လုပ်ကိုင်ရမယ်။ စိုက်ပျိုးရေးဆိုရင်လည်း ပိုးသတ်ဆေး မသုံးဖို့၊ အိမ်သုံးထင်းဆိုရင်လည်း သတ်မှတ်ထားတဲ့ ဧရိယာကနေပဲ ဒေသခံတွေ အားလုံး ခွင့်ပြုပေးသွားမယ်၊ ငါးဆိုရင်လည်း သတ်မှတ်ချက်အတိုင်းပဲ တစ်နှစ်ပတ်လုံး စနစ်တကျ ထုတ်ယူခွင့်ပေးမယ်၊ ဒေသခံတွေကလည်း လိုက်နာဖို့တော့လိုတယ်"ဟု ၎င်းကပြောသည်။

ပြုလုပ်ခဲ့သည့် လူသားနှင့် ဇီဝအဝန်းကြိုးဝိုင်းသတ်မှတ်ရေး ဆွေးနွေးပွဲဆုံးဖြတ်ချက်အရ အင်းတော်ကြီးနှင့် မိန်းမလှကျွန်းတို့တွင်လည်း ဆောင်ရွက်သွားမည်ဟုလည်း ဦးဝင်းဇော်လွန်းက ပြောသည်။

"အဲဒီနေရာတွေမှာ လုပ်မယ်ဆိုတာ လုံလောက်တဲ့ အကောင်မျိုးစိတ်တွေလည်း ရှိတယ်။ ဒေသယဉ်ကျေးမှုတွေလည်းရှိနေတဲ့အတွက်ကြောင့်ပါ" ဟု ၎င်းက ပြောသည်။

လူသားနှင့် ဇီဝအဝန်းကြိုးဝိုင်း သတ်မှတ်နိုင်ရေးအတွက် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ယူနက်စကိုအနေဖြင့် မြန်မာနိုင်ငံတွင် အထက်ပါအစီအစဉ်နှင့်ပတ်သက်ပြီး ဆောင်ရွက်မှုမှာ အသစ်ဖြစ်သည်ဟုလည်း ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပြောကြားသည်။

မြန်မာနိုင်ငံအတွင်း သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် ၄၂ နေရာသတ်မှတ်ထားသည့်အနက် ကချင်ပြည်နယ်တွင် ခုနစ်ခု၊ ကရင်၊ ချင်းနှင့် မွန်ပြည်နယ်များတွင် နှစ်ခုစီ၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် တစ်ခုစီ၊ ရှမ်းပြည်နယ်၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ငါးခုစီ၊ တနင်္သာရီတိုင်းဒေသကြီးတွင် ခြောက်ခု၊ ပဲခူး၊ မကွေးနှင့် ရေဝတီတိုင်းဒေသကြီးတို့တွင် နှစ်ခုစီ ဖြစ်သည်ဟု တောရိုင်းတိရစ္ဆာန်များစောင့်ရှောက်ရေးအသင်း (အင်္ဂလိပ်အို ဒဗ္ဗလျူ)မှ တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီလ ၁၈ ရက်နေ့က ပြောသည်။

သို့သော် ကယားပြည်နယ်၌မူ သဘာဝထိန်းသိမ်းရေးနယ်မြေ သတ်မှတ်ထားခြင်း မရှိသေးပေ။

ယခုအခါ ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်ဘေးမဲ့တောကို ဇီဝကြိုးဝိုင်းအဖြစ် သတ်မှတ်ရန် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းတစ်ခုဖြစ်သည့် UN-Habitat နှင့်ပူးပေါင်းကာ ၁၄ လစီမံကိန်းချမှတ်၍ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လမှ စတင်ဆောင်ရွက်နေသည်။

၁၉၉၅ ခုနှစ်က ထုတ်ပြန်ထားသည့် မြန်မာ့သစ်တောမူဝါဒအရ သဘာဝထိန်းသိမ်းရေးနယ်မြေများကို နိုင်ငံဧရိယာ၏ ငါးရာခိုင်နှုန်း သတ်မှတ်ရမည့် ပြဋ္ဌာန်းချက်အား သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တွင် ရေဆွဲခဲ့သည့် နှစ် ၃၀ အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်း၌ နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် တည်ထောင်ရန် တိုးမြှင့်သတ်မှတ်ခဲ့သည်။ ■

သတင်းတို

ကျပ်နှစ်သိန်းတန် ဂျီဖုန်းများ ပြန်လည်ရောင်းချနေ

ဈေးနှုန်းလျော့ချထားသည့် မိုဘိုင်းဖုန်းများကို ဇန်ဝါရီ ၁ ရက်နေ့မှသာ ရောင်းချပေးတော့မည်ဟူသည့် သတင်းကြောင့် ကျပ်နှစ်သိန်းတန် ဂျီအက်စ်အမ်ဖုန်းများကို ပြန်လည် ရောင်းချနေရသည်ဟု မိုဘိုင်းဖုန်းဆိုင်များထဲမှ သိရသည်။ ''တစ်နေ့ကို အနည်းဆုံး လေးငါးလုံးလောက် ရောင်းရတယ်။ အချုံးနည်းအောင် မြန်မြန်ပြန်ထုတ်တာပေါ့။ ကတ် အသစ်တွေ ချထားမပေးတော့တဲ့ အတွက် ကိုယ့်ဆီမှာလည်း နှစ်သိန်းတန်တွေ ရောင်းစရာကိုမရှိဘူး''ဟု ပျဉ်းမနားမြို့ရှိ SKY LIGHT မိုဘိုင်းဆိုင်မှ မရတနာက ပြောသည်။ ထို့ပြင် အသုံးပြုပြီးသား ကျပ်နှစ်သိန်းတန်ဖုန်းများကို အဆိုပါဆိုင်များက ကျပ်တစ်သိန်း လေးသောင်း ဝန်းကျင်ဖြင့် နေ့စဉ်ပေါက်ဈေးအလိုက် ပြန်လည် ဝယ်ယူနေကြောင်း သိရသည်။ ထပ်မံထွက်ရှိမည့် တန်ဖိုးနည်းဖုန်းများကို ကျပ် ၂၀,၀၀၀ နှင့် ကျပ် ၅၀,၀၀၀ ဖြင့်လည်းကောင်း ရောင်းချပေးမည်ဟူသောသတင်းများလည်း ထွက်ပေါ်နေသည်။

စုလှိုင်ထွန်း

နေပြည်တော်၌ လျှပ်စစ်မီး အလှည့်ကျပေးမည်မဟုတ်

စုလှိုင်ထွန်း

အုပ်ချုပ်ရေးမြို့တော် နေပြည်တော်ကောင်စီနယ်မြေတွင် နွေရာသီကာလအတွင်း လျှပ်စစ်ဓာတ်အားများ လျော့ချခြင်းနှင့် အလှည့်ကျ ဖြန့်ဝေခြင်းများ ပြုလုပ်ရန်အတွက် အစီအစဉ်မရှိကြောင်း နေပြည်တော်ခရိုင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ သိရသည်။

သို့ရာတွင် လုပ်ငန်းသုံးများအတွက်ကိုမူ ညနေ ၄ နာရီမှ ၁၁ နာရီအတွင်း ဓာတ်အားသုံးစွဲခြင်းမပြုရန် သတိပေးနှိုးဆော်ထားသည်။

"သမ္မတတိုက်ရိုက်အုပ်ချုပ်တဲ့ မြို့တော်မှာ လုံခြုံရေးအရ လျှပ်စစ်မီးမပြတ်လွတ်ပေးမှာပါ။ မနှစ်ကလည်း လမ်းမီးတွေတော့ ဓာတ်တိုင်သုံးတိုင်မှာ တစ်တိုင်လျှော့ခဲ့တယ်။ ခုထိတော့ မီးနဲ့ပတ်သက်ပြီး ညွှန်ကြားချက် မလာသေးပါဘူး။ ပုံမှန်အတိုင်းပါပဲ"ဟု နေပြည်တော်ခရိုင် အင်ဂျင်နီယာမှူး ဦးအောင်မြင့်က ပြောသည်။

"ရာသီဥတုက အရမ်းပြင်းလို့ မီးသုံးသူတွေ သတိထားစေချင်တယ်။ ဓာတ်ကြိုးတွေကို ၁၀ နှစ်ကျော် သက်တမ်းလွန်တွေဆို လဲလှယ်ဖို့ ရုံးချုပ်က စာပို့ထားတယ်" ဟု ၎င်းကပြောသည်။

နေပြည်တော်ခရိုင် ပျဉ်းမနားမြို့၏ တစ်ရက် လျှပ်စစ်ဓာတ်အား သုံးစွဲယူနစ်သည် ၄၈,၆၂,၀၄၂ ယူနစ်ခန့် ဖြစ်သည်။

နေပြည်တော် နယ်မြေအတွက် ဓာတ်အားခွဲရုံ နှစ်ရုံဖြင့် ဖြန့်ဝေလျက်ရှိရာ ဦးမင်းဒင်ရပ်ကွက်တွင် ၁၀ MWA ခွဲရုံထပ်မံတိုးချဲ့လျက်ရှိသည်။ ထို့ခွဲရုံပြီးပါက ပျဉ်းမနားမြို့တွင် ၁၀ MW နှစ်လုံးနှင့် ၁၅ MW တစ်လုံးတို့ဖြင့် ဓာတ်အား လုံလုံလောက်လောက်ဖြင့် ပေးဝေမည်ဖြစ်သည်။ ပျဉ်းမနားမြို့သည် တစ်နေ့လျှင် ၇ ဒသမ ၅ မဂ္ဂါဝပ်ဝန်းကျင် သုံးစွဲလျက်ရှိသည်ဟု ဆိုသည်။ ■

ဘင်္ဂလီများအား အလုပ်ကြမ်းနှင့်ထောင်ဒဏ် ချမှတ်

ပြည်ထောင်စုနယ်မြေ နေပြည်တော်သို့ ရခိုင်ပြည်နယ်မှ ဘင်္ဂလီ ၁၂ ဦး တရားမဝင်နယ်မြေ ဖြတ်ကျော်လာသည့်အတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ဖမ်းဆီးတရားစွဲဆိုခဲ့ရာ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ ၃ အရ ပြစ်မှုထင်ရှားသဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ်တစ်နှစ်ကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တရားရုံး၌ ဖေဖော်ဝါရီ ၁၃ ရက်နေ့တွင် အမိန့်ချမှတ်လိုက်သည်။

"စစ်ကြောရေးမှာ သူတို့တွေက ဝန်ခံတယ်။ နိုင်ငံသားကတ်ပြားလည်း လုံးဝမပါပါဘူး"ဟု ရဲတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အမျိုးသမီးလေးဦးအပါအဝင် အမျိုးသားရှစ်ဦးတို့သည် ရခိုင်ပြည်နယ် ကျောက်တော်၊ ရမ်းဗြဲတို့မှ မကွေး၊ နေပြည်တော်နှင့် ရန်ကုန်အမြန်လမ်းအတိုင်းဖြတ်ကာ မြဝတီနယ်စပ်မှ မလေးရှားသို့ အလုပ်လုပ်ရန် ဖြတ်သန်းလာခြင်းဖြစ်သည်။

"တနလ်ာနေ့မှာ မိတယ်၊ ဗုဒ္ဓဟူးနေ့မှာ ပြစ်မှုထင်ရှားလို့ အမိန့်တန်းချလိုက်တယ်။ စနေနေ့မှာ ရမည်းသင်းထောင်ကို ပို့လိုက်ပါပြီ"ဟု အဆိုပါအရာရှိက ပြောကြားသည်။

မကွေးမြို့နှင့် နေပြည်တော်သို့ အသစ်ဖောက်လုပ်ထားသော ကန်ပြားလမ်းမှ ဝင်ရောက်လာသည်ကို မကွေးတိုင်းဒေသကြီး တိုးဂိတ်တာဝန်ခံက ကြိုတင်အကြောင်းခဲ့သည်ဟုဒင်းကပြောသည်။

ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် နေပြည်တော် တိုးဂိတ်သို့ ဖြတ်သန်းခို်က်တွင် စစ်ဆေးနေစဉ် ထွက်ပြေးတိမ်းရှောင်သဖြင့် အမြန်လမ်းရဲတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးရာ ဒဂ္ဂိဏာသီရိမြို့နယ် ဒိုးနွယ်ကျေးရွာတောင်ဘက် အမြန်လမ်းမိုင်တိုင်အမှတ် ၂၀၀/၆ အနီးလယ်ကွင်းတွင် ဖမ်းမိခဲ့သည်။

ပြစ်ဒဏ်ချမှတ်ခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ ၃ သည် နိုင်ငံသားစိစစ်ရေးကတ်ပြားအား မဟုတ်မမှန်ဖော်ပြခြင်း၊ လိမ်လည်ကြံစည်မှုဖြင့်ဖော်ပြခြင်း၊ ပြင်ဆင်လွဲပြောင်း ကိုင်ဆောင်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်းတို့ကို ပြစ်မှုထင်ရှားတွေ့ရှိပါက အနည်းဆုံးထောင်ဒဏ် ခြောက်လနှင့်အထက် ငါးနှစ်အထိကျခံနိုင်ခြင်း၊ ထောင်ဒဏ်နှင့် ငွေကျပ် ၅,၀၀၀ ဒဏ်နှစ်ရပ်စလုံး ပူးပေါင်းချမှတ်ခံရနိုင်သည်။

စုလှိုင်ထွန်း



အခမဲ့ကြော်ငြာ ဝက်ဘ်ဆိုက်ကို ဝင်ရောက်ကြည့်ရှုသူ တစ်ပတ်လျှင် ငါးသောင်းခန့်ရှိ

ထူးဒေါ်

အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် ads.com.mm ဝက်ဘ်ဆိုက်ကို ၂၀၁၂ ခုနှစ် မေလတွင် စတင်ပြီး လွှင့်တင်ခဲ့ရာ ယခုအချိန်တွင် ရောင်းလိုဝယ်လိုသည့် ပစ္စည်းအမျိုးပေါင်း ငါးသောင်းကျော်ဖြင့် ရပ်တည်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ကြည့်ရှုသူ အရေအတွက်မှာလည်း တစ်ပတ်လျှင် ငါးသောင်းဝန်းကျင်ခန့်ရှိသည်ဟုဆိုသည်။

"ဝက်ဘ်ဆိုက်ကို ၂၀၁၂ ခုနှစ်၊ မေလအလယ်လောက်စပြီး လွှင့်တင်ခဲ့တာပါ။ နိုင်ငံတကာနဲ့ ယှဉ်ပြောမယ်ဆိုရင် Classified Website တစ်ခုအနေနဲ့ တည်ထောင်ခဲ့တာပါ။ မြန်မာမှုပြုရရင် ကဏ္ဍစုံအခမဲ့ကြော်ငြာလို့ ပြောရမှာပါ။ ဝက်ဘ်ဆိုက်က ဂျာမနီ အခြေစိုက်ပါ။ Hosting က ဟိုမှာထိုင်တာပါ" ဟု အဆိုပါဝက်ဘ်ဆိုက်၏ မန်နေဂျင်းဒါရိုက်တာ Mr.Steven Jonker က ပြောသည်။

ads.com.mm ၏ မန်နေဂျာဖြစ်သူကိုကျော်ဌေးက လာတင်သည့်ကြော်ငြာအရေအတွက် ငါးသောင်းအထိရှိပြီး ကြော်ငြာတစ်ခုလျှင် ရက် ၅၀ သက်တမ်း သတ်မှတ်ပေးထားသော်လည်း အကန့်အသတ်မရှိ ကိုယ်ပိုင်ထပ်တိုးနိုင်ကြောင်း ပြောသည်။

မြန်မာနိုင်ငံ၌ အင်တာနက်နှင့် ပတ်သက်သည့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် အလားအလာများစွာရှိသည်ဟု ယုံကြည်ပြီး ဝင်ရောက်လာသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခုဖြစ်ကာ လက်ရှိအချိန်တွင် Website လေးခုကို လွှင့်တင်ပြီးဖြစ်ကြောင်း၊ ၎င်း Website များမှာ မြန်မာနိုင်ငံသားများအတွက် ရည်ရွယ်လုပ်ကိုင်နေခြင်းဖြစ်ကြောင်း Mr.Steven Jonker က ပြောသည်။ ■



ဘရာဇီးလ်နိုင်ငံ၊ Gradiente **မှ ထုတ်လုပ်လိုက်သည့်** 3G **စမတ်ဖုန်းကို ဆာပေါ်လိုမြို့ရှိ ဈေးဝယ်စင်တာတစ်ခုတွင် ဖေဖော်ဝါရီလ ၁၆ ရက်နေ့ကတွေ့ရစဉ်။ အဖြူနှင့်အနက် အရောင်နှစ်မျိုး ထုတ်လုပ်သည့် အဆိုပါစမတ်ဖုန်းများကို အမေရိကန်ဒေါ်လာ ၃၀၀ ခန့်ဖြင့် ရောင်းချနေသည်။ ကမ္ဘာကျော်ကုမ္ပဏီကြီးဖြစ်သည့်** Apple **က ၎င်း၏** iPhone **အမှတ်တံဆိပ်ကို မှတ်ပုံတင်ရန် လျှောက်ထားမှုအား ဘရာဇီးလ်တာဝန်ရှိသူများက ပယ်ချလိုက်ပြီး ပြည်တွင်းကုမ္ပဏီ၏ အမှတ်တံဆိပ်ပိုင်ဆိုင်မှုကို အသိအမှတ်ပြုခဲ့သည်။** ဓာတ်ပုံ - အေအက်ဖ်ပီ

ပြိုင်ဘက်တွေထက်သာအောင် အက်ပဲလ်မှာ တီထွင်နိုင်စွမ်းရှိသေး

စမတ်ဖုန်းနဲ့ တက်ဘလက်လို အဓိက ကဏ္ဍတွေမှာ အက်ပဲလ်ဟာ အကြိတ်အနယ်ယှဉ်ပြိုင်နေရပေမယ့် အသစ်အဆန်းတွေ တီထွင်ဖန်တီးနိုင်စွမ်းမှာတော့ ပြိုင်ဘက်တွေထက် သာနေဆဲပဲလို့ အက်ပဲလ်ရဲ့ အမှုဆောင် အရာရှိချုပ် တင်မ်ကွတ်ခ်က ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ပြောကြားခဲ့ပါတယ်။

ဟာဒ်ဝဲ၊ ဆော့ဖ်ဝဲနဲ့ ဝန်ဆောင်မှုပိုင်းတွေမှာ တစ်ပြိုင်နက် ဆောင်ရွက်နိုင်တဲ့ အက်ပဲလ်ရဲ့ စွမ်းဆောင်နိုင်မှုတွေကြောင့် ကုမ္ပဏီရဲ့ တိုးတက်မှုအလားအလာက ခိုင်မာအားကောင်းနေဆဲပါလို့ ကွတ်ခ်က ပြောပါတယ်။

"အက်ပဲလ်ဟာ ဒီနယ်ပယ်သုံးခုစလုံးမှာ အသစ်အဆန်းတွေကို ဖန်တီးနိုင်စွမ်းရှိသလို ထူးခြားဆန်းပြားတာတွေကိုလည်း ဖန်တီးနိုင်စွမ်းရှိပါတယ်"လို့ Goldman Sachs Technology and Internet ညီလာခံမှာ အမေးအဖြေပြုလုပ်စဉ် ကွတ်ခ်ကပြောကြားခဲ့ပါတယ်။

"ဒါက ခုချက်ချင်းစတင်ပေးလိုက်တဲ့ အရာမျိုးမဟုတ်ပါဘူး။ နှစ်ပေါင်းများစွာ တည်ဆောက်ခဲ့တဲ့ အရာမျိုးပါ" လို့လည်း သူကပြောပါတယ်။

အက်ပဲလ်က အသစ်ထွက်မယ့် ပစ္စည်းနဲ့ပတ်သက်ပြီး မေးမြန်းခဲ့ရာမှာ ကွတ်ခ်က ဖြေကြားခြင်းမပြုခဲ့ပေမယ့် ကမ္ဘာ့ဈေးကွက်အတွင်းမှာ အိုင်ဖုန်းနဲ့ အိုင်ပက်ရောင်းအားတွေ မြင့်နေစေတဲ့ အရည်အသွေးမြင့် ပစ္စည်းတွေပဲ ထုတ်ပါတယ်"လို့ သူက ပြောပါတယ်။

လာမယ့်နှစ်တွေမှာ ရောင်းအားသုံးဆလောက် တက်လာနိုင်ဖွယ်ရာရှိတဲ့ ဈေးကွက်တစ်ခုအတွင်းမှာ အက်ပဲလ် အိုင်ဖုန်းတွေရဲ့ အလားအလာဟာ အရှိန်ကောင်းနေပါတယ်လို့ သူက ယုံကြည်ထားပါတယ်။

အက်ပဲလ်ရဲ့ တိုးတက်မှုအရှိန်အဟုန်ဟာ အထွတ်အထိပ်ကို ရောက်သွားပြီး တန့်သွားတဲ့ အခြေအနေမျိုးမှာ ရှိနေသလားဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ကွတ်ခ်က "ကမ္ဘာပေါ်က ဖုန်းအသုံးပြုသူအားလုံးရဲ့ ၅၀ ရာခိုင်နှုန်းလောက်သာ အိုင်ဖုန်းကို အသုံးပြုနိုင်ကြပါတယ်။ ကျယ်ပြန့်တဲ့ နယ်ပယ်တစ်ခုကို ကျွန်တော်တို့ တွေ့နေရပါတယ်။ ဒါပေမဲ့ ဒီမှုပိုင်းနဲ့ ပတ်သက်ပြီးတော့လည်း အက်ပဲလ်ထက် ပိုကောင်းတဲ့နေရာ မရှိပါဘူး"လို့ သူကပြောပါတယ်။

အက်ပဲလ်ဟာ သူ့ရဲ့ စံချိန်စံညွှန်းနဲ့ မကိုက်ညီတဲ့ ဈေးပေါပေါပစ္စည်းတွေ ထုတ်လုပ်ရောင်းချဖို့ အစီအစဉ် မရှိပေမယ့် အက်ပဲလ်ထုတ်တချို့ ပစ္စည်းကို သုံးစွဲသူတချို့ ဝယ်ဖို့မတတ်နိုင်တာကို သတိပြုမိတယ်လို့ သူကပြောတယ်။

"ကွန်တော်တို့ ကုမ္ပဏီကတော့ အနေအထားဟာ အကန့်အသတ်ရှိတဲ့နေရာလို့ ကွန်တော်မဆင်ပါဘူး" လို့ ပြောကြားခဲ့ပါတယ်။

တကယ်လို့ အက်ပဲလ်ကို ပြိုင်ဘက်တွေက ကျော်တက်သွားတာမျိုး ဖြစ်နိုင်မလားဆိုတာနဲ့ ပတ်သက်ပြီး မေးမြန်းကြတဲ့အခါကွတ်ခ်က လူတွေရဲ့အကြိုက်ဟာ စကရင်အရွယ်အစား၊ ပရော်ဆက်ဆာမြန်နှုန်း စတဲ့အချက်တွေကို တစ်ခုချင်းကို အခြေခံတာမဟုတ်ဘူးလို့ သူ့ရဲ့ ထင်မြင်ချက်ကိုပြောပြပါတယ်။

"စားသုံးသူတွေဟာ ထူးခြားတဲ့ အတွေ့အကြုံတွေကိုပဲ လိုချင်ပါတယ်။ သူတို့က အရည်အသွေးမြင့်ပြီး သုံးစွဲတဲ့ အခါ စိတ်ကျေနပ်မှုရတာမျိုးကိုပဲ လိုချင်ကြတာပါ"လို့ သူက ပြောပါတယ်။

"အက်ပဲလ်ထုတ်ပစ္စည်းတွေကို သုံးစွဲသူတွေအသုံးပြုတဲ့အခါ ရလာတဲ့ အတွေ့အကြုံတွေဟာ တခြားရိုးရိုးဟာတွေထက် အမြဲထူးခြားပါတယ်"

အက်ပဲလ်ရဲ့ အိုင်ပက်ရောင်းအားဟာ ကွန်ပျူတာကုမ္ပဏီHewlett-Packard ထက် ပိုရောင်းရပြီး အက်ပဲလ်ရဲ့ ဈေးကွက်ရှယ်ယာကျနေတာတောင် အိုင်ပက်ဈေးကွက်ကတော့ ဆက်ပြီး ကြီးထွားလာနေတယ်လို့ သူကပြောတယ်။

သုံးစွဲမှုအရ ယှဉ်ကြည့်မယ်ဆိုရင် လည်း အိုင်ပက်သုံးစွဲမှုဟာ အန်းဒရွိုက် ပစ္စည်း အသုံးပြုမှုရဲ့နှစ်ဆရှိပြီး ဒီလိုဖြစ်ရတာဟာ အိုင်ပက်မှာပေးထားတဲ့ ထူးခြားတဲ့ စွမ်းဆောင်မှုတွေကြောင့်လို့ စောဒက တက်ထားပါသေးတယ်။

မကြာသေးခင်က တရားစွဲဆိုထားတဲ့ ရှယ်ယာရှင်အမှုနဲ့ပတ်သက်ပြီး မေးမြန်းကြည့်တဲ့အခါ ကွတ်ခ်က သူတို့ ကုမ္ပဏီဟာ ရှယ်ယာရှင်တွေကို ငွေသားတွေ ပိုပြီး ပေးနိုင်မယ့် နည်းလမ်းတွေကို လေ့လာဆန်းစစ်နေကြောင်းနဲ့ တရားစွဲတဲ့ကိစ္စကတော့ "မိုက်မဲတဲ့ ကိစ္စတစ်ရပ်"ပဲလို့ သူက ပြောပါတယ်။

"ဒါက ရှယ်ယာရှင်တွေရဲ့ ငွေတွေကို ဖြုန်းပစ်လိုက်တာပဲ"လို့ ရှယ်ယာရှင်ရဲ့ ခွင့်ပြုချက်မပါဘဲ ကိုယ်ကြိုက်ရာ ရှယ်ယာကို အက်ပဲလ်ဘုတ်အဖွဲ့က ထုတ်ရောင်းလို့ မရအောင် ပြုလုပ်ပေးနိုင်တဲ့ စီမံမှုပိုင်းက ထောက်ခံပေးထားတဲ့ အဆိုတစ်ရပ်ပါဝင်တဲ့ ရှယ်ယာရှင်အဆိုတစ်ရပ်ကို တားဆီးဖို့ ကြိုးပမ်းနေတဲ့ Greenlight Capital ကတရားစွဲဆိုမှုနဲ့ ပတ်သက်ပြီး ကွတ်ခ်ကပြောခဲ့တယ်။

ဒီလိုတရားစွဲတာဟာ ကုမ္ပဏီက စုဆောင်းရရှိထားတဲ့ ငွေသားဒေါ်လာ ၁၃၇ သန်းကို ဘယ်လိုအသုံးပြုမလဲဆိုတာ ဆုံးဖြတ်ပေးမယ့်အနေအထား တစ်ရပ်ကို ပြသနိုင်မယ့် အခွင့်ထူး တစ်ရပ်ဖြစ်ပြီး "ကျွန်တော်တို့ကတော့ ဒီကိစ္စနဲ့ ပတ်သက်လို့ ချင့်ချိန်စဉ်းစားပြီး ဆောင်ရွက်သွားမှာပါ"လို့ ကွတ်ခ်က ပြောကြားခဲ့ပါတယ်။


ဒါပေမဲ့ ဒီတရားစွဲဆိုမှုဟာ ကုမ္ပဏီအတွက် အမြတ်ငွေရစေမှာတော့မဟုတ်ပေမယ့် ရှယ်ယာထုတ်ရောင်းမှုကို ခွင့်ပြုပေးနိုင်ဖို့ ရှယ်ယာရှင်တွေအတွက်တော့ လုပ်ပိုင်ခွင့်ရလာစေမှာ ဖြစ်တယ်လို့ သူက ပြောပါတယ်။

"ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ရှယ်ယာရှင်တွေအတွက် ကောင်းကျိုးရှိမယ့် အရာတွေ ပြုလုပ်တဲ့ကိစ္စအတွက် တရားစွဲခံရတာကတော့ အဓိပ္ပာယ် မရှိပါဘူး"လို့ သူကပြောပါတယ်။ ဒါ့ပြင် သူတို့ကုမ္ပဏီဟာ သတ်မှတ်ထားတာမျိုး မရှိရင်တောင်မှ ရှယ်ယာရှင်တွေရဲ့ ခွင့်ပြုချက်ရဖို့ ကြိုးပမ်းဖွယ်ရာရှိလိမ့်မယ်လို့လည်း သူကပြောခဲ့ပါတယ်။

"ကွန်တော့်ဆန္ဒကတော့ နှစ်ဖက်စလုံးကသူတွေ တရားတဘောင်မှာ သုံးမယ့်ငွေတွေကိုယူပြီး တန်ဖိုးရှိတဲ့ ကိစ္စတွေအတွက် လှူဒါန်းပေးလိုက်တာကမှ ပိုကောင်းမယ်ဆိုတာပါပဲ"လို့ ကွတ်ခ်က ပြောကြားခဲ့ပါတယ်။ **(အေအက်ဖ်ပီ)**

သီရိမင်းထွန်း ဘာသာပြန်သည်။ ■





ဆက်သွယ်ရေးအော်ပရေတာ လုပ်ကိုင်ခွင့် နှစ်နေရာအတွက် ပြည်တွင်းပြည်ပ အဖွဲ့ ၉၀ ကျော်က လျှောက်လွှာတင်ထား

ထူးအောင်

ဆက်သွယ်ရေးဝန်ဆောင်မှု အော်ပရေတာ နေရာနှစ်ခုအတွက် တင်ဒါခေါ်ယူခဲ့ရာ စိတ်ဝင်စားမှု လျှောက်လွှာများကို အဖွဲ့ ၉၁ ဖွဲ့ထံမှ လက်ခံရရှိခဲ့ကြောင်း Telecommunication Operator တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီက ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

စိတ်ဝင်စားမှုဖော်ပြသည့် လျှောက်လွှာတင်သွင်းရမည့် ရက်ကို ဇန်နဝါရီလ ၁၈ ရက်နေ့မှ ဖေဖော်ဝါရီလ ၈ ရက်နေ့အထိ တင်ဒါစိစစ်ရွေးချယ်ရေး ကော်မတီက တိုးမြှင့်ပေးခဲ့ပြီးနောက် ယခုလက်ခံရရှိထားသည့် လျှောက်ထားမှုများတွင် မြန်မာနိုင်ငံထဲမှ ကုမ္ပဏီများသာမက ကမ္ဘာ့ထိပ်သီး ဆက်သွယ်ရေးကုမ္ပဏီများထံမှလည်း လျှောက်ထားကြရာ အာရှ၊ အမေရိကန်နှင့် လက်တင်အမေရိကနိုင်ငံများ၊ အရှေ့အလယ်ပိုင်း၊ ဥရောပ၊ အာဖရိကအစရှိသည့် နိုင်ငံများမှလည်း ပါဝင်သည်။

နော်ဝေနိုင်ငံ Telenor ဆက်သွယ်ရေး ကုမ္ပဏီမှ ပြန်ကြားရေးအရာရှိ Mr.Glenn Mandelid က Telenor ကုမ္ပဏီအနေဖြင့် မြန်မာ့ဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားကြောင်း၊ စိတ်ဝင်စားမှု ဖော်ပြသည့် လျှောက်လွှာတင်ထားပြီးဖြစ်ကြောင်း မြန်မာတိုင်း(မ်)ကို ပြောသည်။

ထို့နောက် စင်ကာပူနိုင်ငံအခြေစိုက် SingTel၊ မလေးရှားနိုင်ငံမှ ဆက်သွယ်ရေးကုမ္ပဏီဖြစ်သည့် Axita နှင့် ဒီယက်နမ်၏ VMS တို့အပြင် အခြားနာမည်ကြီး ဆက်သွယ်ရေးအော်ပရေတာများကလည်း ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံ၏ဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလိုမှုနှင့် အော်ပရေတာအနေဖြင့် လုပ်ကိုင်ရန် ဆန္ဒပြင်းပြမှုရှိကြောင်း နိုင်ငံတကာ သတင်းစာမျက်နှာများပေါ်တွင် ဖော်ပြမှုများလည်း ရှိသည်။

၂၀၁၃ ခုနှစ်၏ ပထမနှစ်ဝက်အတွင်းတွင် နိုင်ငံတစ်ဝန်းလုံး ဆက်သွယ်ရေးအတွက် ဝန်ဆောင်မှုလုပ်ငန်းနှစ်ခုအား ခွင့်ပြုသွားမည်ဖြစ်ပြီး ဆက်သွယ်ရေးနှင့် အိုင်စီတီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အတွက် ယှဉ်ပြိုင်ဝန်ဆောင်မှုပေးမည့် အော်ပရေတာများအား ရွေးချယ်ရန် ခေါ်ယူခြင်းဖြစ်ကြောင်း၊ ရည်မှန်းချက်မှာ ၂၀၁၅-၁၆ ခုနှစ်တွင် တယ်လီဖုန်းသိပ်သည်းဆ ၇၅ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းသို့ မြှင့်တင်နိုင်ရန်ဖြစ်ပြီး ဆက်သွယ်ရေးဝန်ဆောင်မှုကို အများပြည်သူများအနေဖြင့် သက်သာသည့် နှုန်းထားများနှင့် စိတ်ကြိုက်ရွေးချယ် အသုံးပြုနိုင်စေရန် ဖြစ်သည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့က လိုင်စင်ကို အပြီးသတ်ရွေးချယ်ရန် အဆင့်သုံးဆင့်ဖြင့် ရွေးချယ်ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။ ပထမအဆင့်တွင် စိတ်ဝင်စားမှု ဖော်ပြခြင်းအဆင့်ဖြစ်ပြီး ကော်မတီမှ ရွေးချယ်သော အော်ပရေတာများအား Telecommunication ဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်း၊ ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဖြန့်ချိရေးလုပ်ငန်းများ ဆောင် ရွက်ခြင်း၊ Customer Service အစရှိသည့် လုပ်ငန်းများကို ဆောင်ရွက်စေမည် ဖြစ်သည်။

ဒုတိယအဆင့်တွင် လျှောက်လွှာတင်ထားသည့် ကုမ္ပဏီများကို အခြေခံလိုအပ်ချက်ပြည့်စုံမှု၊ ငွေကြေးအင်အား၊ အတွေ့အကြုံစသည့်တို့ကို စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ တတိယအဆင့်တွင် လုပ်ကိုင်ခွင့်ရလိုင်စင်များကို အရည်အသွေးကြည့်ပြီး ဆုံးဖြတ်ရွေးချယ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

မြန်မာ့ဆက်သွယ်ရေးကဏ္ဍတွင် အဆိုပါ ဆက်သွယ်ရေးအော်ပရေတာလိုင်စင်ရရှိသူနှစ်ဦးသည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ရတနာပုံဆက်သွယ်ရေးကုမ္ပဏီတို့နှင့် စွေးကွက်အတွင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍတွင် ဖုန်းလိုင်းသိပ်သည်းဆအနေဖြင့် ၉၁ ဒသမ ၅၆ ရာခိုင်နှုန်းရှိပြီး မိုဘိုင်းဖုန်းများနှင့် အော်တိုတယ်လီဖုန်းများ၏ လိုင်းအင်အားမှာ ၅,၇၇၁,၂၆၂ ရှိကာ ယခုနှစ် မတ်လကုန်တွင် တယ်လီဖုန်းသိပ်သည်းဆမှာ ၁၀ ရာခိုင်နှုန်းကျော် အထိ ရှိလာမည်ဟု ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။ ■

တကယ်လိုအပ်မယ့် မိုဘိုင်းကြော်ငြာ ပို့ပေးနိုင်ဖို့ ဂူးဂဲလ်က ကြော်ငြာဝန်ဆောင်မှုကို အဆင့်မြှင့်ထား

စမတ်ဖုန်းအသုံးပြုသူတွေ ဆိုင်နဲ့ ဘယ်လောက်အကွာအဝေးမှာ ရှိနေတယ် ဆိုတဲ့ အချက်တွေနဲ့ နေ့တစ်နေ့ရဲ့အချိန်တစ်ချိန်မှာ သူတို့ အရမ်းလိုချင်တဲ့အရာဖြစ်ကောင်းဖြစ်နိုင်တဲ့အချက်တွေကို အခြေခံပြီး စားသုံးသူတွေဆီ မိုဘိုင်းကြော်ငြာတွေပေးနိုင်အောင် ဂူးဂဲလ်က ဖေဖော်ဝါရီလ ၆ ရက်နေ့မှာ စတင်ဝန်ဆောင်ပေးထားပါတယ်။

စမတ်ဖုန်း၊ ဒါမှမဟုတ် တက်ဘလက် ကွန်ပျူတာတွေနဲ့ အင်တာနက်သုံးလာကြတဲ့ စားသုံးသူတွေနဲ့ ပိုကောင်းတဲ့ ဆက်သွယ်မှုမျိုး ရရှိနိုင်ဖို့ ကြိုးစားနေတဲ့ ကြော်ငြာရှင်တွေအတွက် ဂူးဂဲလ်ဟာ သူ့ရဲ့ AdWords ဝန်ဆောင်မှုကို enhanced campaigns နဲ့ အဆင့်မြှင့်ပေးထားပါတယ်။

“အခုအချိန်မှာ သုံးစွဲသူတွေဟာ အင်တာနက်ကိုအဆက်မပြတ်ချိတ်ဆက်အသုံးပြုနေကြပြီး အချင်းချင်း ဆက်သွယ်ဖို့၊ ဆိုင်တွေကနေ ပစ္စည်းဝယ်ယူဖို့နဲ့ ရုပ်ရှင်၊ သီချင်း စတဲ့ ဖျော်ဖြေမှုတစ်မျိုးမျိုးကို ကြည့်ရှုနားဆင်ဖို့အတွက် ပစ္စည်း တစ်မျိုးမဟုတ် တစ်မျိုးကို အသုံးပြုနေကြပါတယ်” လို့ ဂူးဂဲလ် အင်ဂျင်နီယာဌာနရဲ့ ဒုတိယဥက္ကဋ္ဌ Sridhar Ramaswamy က ဘလော့မှာ ရေးတင်ထားပါတယ်။

“enhance campaign ဟာ သုံးစွဲသူ တည်ရှိရာနေရာ၊ အချိန်ကာလနဲ့ အသုံးပြုနေတဲ့ပစ္စည်းအမျိုးအစား စတာတွေကို အခြေခံပြီး တကယ်လိုအပ်တဲ့ ကြော်ငြာတွေ သုံးစွဲသူတွေဆီရောက်ရှိအောင် ကူညီပေးပါတယ်”

ဥပမာ - ကော်ဖီသောက်ဖို့ ဆိုင်ရှာနေတဲ့သူဆီ သူ့ဆိုင်ကြော်ငြာရောက်စေချင်တဲ့ ကော်ဖီဆိုင်အတွက် ဆိုင်ရဲ့ အနီးဆုံး ပတ်ဝန်းကျင်မှာရှိနေတဲ့သူစာရင်းတွေ စီစဉ်ပေးတာမျိုးပါ။

ဘယ်ကြော်ငြာကို ပို့ပေးသင့်တယ် ဆိုတာ ဆုံးဖြတ်ပေးနိုင်ဖို့ AdWords မှာ bidding process အသုံးပြုထားပါတယ်။

တခြားကြော်ငြာရှင်တွေက သူတို့ကြော်ငြာအတွက် ဒက်စ်တော့ပ် ကွန်ပျူတာကနေ အွန်လိုင်းသုံးနေတဲ့ သုံးစွဲသူတွေကိုပဲ ဆိုင်ရဲ့ဝက်ဘ်ဆိုက်လင့်ခ်ပေးနိုင်တဲ့ အချိန်မှာ ဒီဝန်ဆောင်မှုနဲ့ ကြော်ငြာတဲ့သူတွေဟာ စမတ်ဖုန်း အသုံးပြုတဲ့သူတွေဆီကိုပါ ကြော်ငြာတွေကို one-touch calling option အပြင် map direction နဲ့လည်း သုံးစွဲသူအကြိုက် ပို့ပေးနိုင်ပါတယ်။ **(အေအက်ဖ်ဒီ)**

သီရိမင်းထွန်း ဘာသာပြန်သည်။ ■



HTC၏ **တရားဝင်ဆားဗစ်စင်တာကို ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်တွင် ဖေဖော်ဝါရီလ ၁၆ ရက်နေ့က ဖွင့်လှစ်လိုက်ရာ လာရောက်လေ့လာနေသူများကို တွေ့ရစဉ်။** ဓာတ်ပုံ - သီရိ



သမိုင်းမှတ်တမ်းတင်ရမယ့် အကြောင်းအရာတွေ
(၁၀(ခ)အစ အစ်မက)

မိုယိုးလင်း

(ယခင်ပတ်မှအဆက်)

အစ်ကိုခ ထောင်ဒဏ် နှစ် ၂၀ ကျသွားပြီလည်း ဆိုရော ဆရာခရဲ့အိမ်ထောင်ဖက်က ကွာရှင်းစာ လာတောင်းလို့ ရုံးခန်းမှာသွားပြီး လက်မှတ်ထိုးပေးရပါတယ်။ ပြန်လာတော့ သူ့ရင်ထဲမှာ စိတ်မကောင်းလည်း ဖြစ်ရသလို ဒေါသလည်း ဖြစ်ရတယ်လို့ အစ်ကိုခက ပြောပြပါတယ်။ ထောင်ဝင်စာကိုတော့ ဆရာခရဲ့ အမေရယ်၊ ညီ ကိုဝင်းဇော်၊ ညီမ မီးမီးနဲ့ ညီငယ်အဆုံးတို့က လာပို့ကြပါတယ်။ စာပေထုတ်ဝေသူ မဌေးကလည်း ကူညီပံ့ပိုးပေးပါတယ်။ ၁၉၉၀ ပြည့်နှစ်၊ ဧပြေလထဲမှာ ကျွန်တော်တို့အုပ်စုထဲက နှစ်ယောက်ကို စတင်လွှတ်ပေးပါတယ်။ အဲဒါကို ဆရာခကသိတော့ ကျွန်တော့်ကို မှာပါတယ်။ "ဟေ့ကောင်၊ မင်းတို့အုပ်စုက စောလွတ်မယ့်ကောင်တွေ၊ မင်းက လူမှုရေးစိတ်ဓာတ်ရှိတယ်။ ငါ့အမေ့အိမ်ကိုသွား၊ ငါ့အမေ၊ ငါ့ညီ၊ ငါ့ညီမတွေနဲ့တွေ့၊ ထောင်ဝင်စာတွေ့တဲ့အချိန်မှာ ငါပြောထားမယ်" ဆိုပြီး မှာပါတယ်။

တကယ်လည်း ကျွန်တော်ထောင်ထဲက လွတ်လာတဲ့အခါမှာ အစ်ကိုခ မိသားစုကို သွားတွေ့ပါတယ်။ ဆရာခ မိခင်ကြီးရယ်၊ ညီ ကိုဝင်းဇော်ရယ်၊ ညီမ မီးမီးရယ်၊ ညီအငယ်ဆုံးရယ် တွေ့ရပါတယ်။ ရင်းနှီးဖော်ရွေစွာ ဆက်ဆံကြပါတယ်။ ထောင်ထဲက အကြောင်းတွေ မေးမြန်းလို့ နေထိုင်ကြတွေ့ရတာတွေ ပြောပြရပါတယ်။ ဆရာခအကြောင်းတွေ ပြောပြတော့ ဆရာခမိခင်ကြီးက ရယ်ပြီး နားထောင်ပါတယ်။ သတိထားမိတာက ဆရာခတို့မောင်နှမတွေဟာ မျက်နှာတွေ သိပ်မတူကြပါဘူး။ ဆရာခ ညီမငယ် မီးမီးက အချောဆုံးပါပဲ။ (အပျိုကြီးဇာတာပါလို့နဲ့ တူတယ်၊ အခုခိုန်အထိ အပျိုကြီးဘဝနဲ့ အစ်ကိုဖြစ်သူ ကိုဝင်းဇော်ရဲ့ စောင့်ရှောက်မှုအောက်မှာ နေထိုင်လျက်ရှိပါတယ်။) အပတ်စဉ် တနင်္လာနေ့ ပါဆယ်ပို့နဲ့ စနေနေ့ ထောင်ဝင်စာပို့တဲ့နေ့၊ အင်းစိန်ထောင်မှာ နိုင်ငံရေးအကျဉ်းကျ မိသားစုတွေကို ကူညီဖို့သွားတဲ့အခါ ဆရာခမိသားစုနဲ့လည်း အမြဲတွေ့ပါတယ်။ ၁၉၉၂ ခုနှစ် အထိ တိုင်အောင်ပါ။ ကျောက်မြောင်းဘက် သွားတဲ့အခါ ဆရာခမိသားစုအိမ်ဖြစ်တော့ပါဘူး။ ၂၉ လမ်းထိပ်က အိမ်မှာပဲ အစ်ကိုခနဲ့ တွေ့ဖြစ်ပါတယ်။ သုဝဏ္ဏာပြောင်းသွားတော့လည်း အစ်ကိုခနဲ့ သုဝဏ္ဏာအိမ်မှာပဲ တွေ့ဖြစ်ကြပါတယ်။ ကျောက်မြောင်းအိမ်ဘက် မရောက်ခဲ့ပါဘူး။ အစ်ကိုခ မရမ်းတလင်းရောက်တော့လည်း လေးခေါက်လောက် ရောက်ပါတယ်။

အစ်ကိုခဆုံးတော့ နေ့စဉ်တာဝန်က ပျက်ကွက်လို့မရတာနဲ့ ကျောက်မြောင်းအိမ်ကို ရက်လည်နေ့မတိုင်ခင် သင်္ဃန်းသွားပို့ပေးပါတယ်။ ကိုဝင်းဇော်တို့ မောင်နှမက မရမ်းတလင်း ရောက်နေပါတယ်။ အိမ်မှာရှိနေတဲ့ ကလေးမလေး တစ်ယောက်ကို ပေးခဲ့ပြီး ဘယ်သူလာပို့ရပါတယ်။ ကြားဖြတ်ရွေးကောက်ပွဲ ရလဒ် မဲစာရင်းတွေ ကြေညာတဲ့နေ့ ရွှေဂုံတိုင်က အဖွဲ့ချုပ်ရုံး အိမ်ရှေ့မှာ ကိုဝင်းဇော်တို့မောင်နှမက ဘေးနားမှာ ရပ်နေတယ်၊ မသိဘူး။ ကိုဝင်းဇော်က "ကိုမြင့်စိုးမို့လား" ခေါ်တော့ လှည့်ကြည့်လိုက်တယ်။ အမှတ်တမဲ့ ဖြစ်သွားတယ်။ "ဟာ ကိုဝင်းဇော်တို့မောင်နှမပဲ" ဆိုပြီး ဖက်လဲတကင်း နှုတ်ဆက်ကြပါတယ်။ မတွေ့ကြတာ ဆယ်စုနှစ်နှစ်ခုနီးပါး ရှိနေကြပြီလေ။ အကြောင်းစုံတွေ ပြောပြကြပါတယ်။ အစ်ကိုခ နောက်ဆုံးခရီးကို သ

ဧရာဝတီ
Business Times
သောကြာနေ့၊ ဖေဖော်ဝါရီ ၂၂ - ၂၈၊ ၂၀၁၃

စီးပွားရေးကဏ္ဍတွင် ဂျပန်၏ နည်းပညာနှင့် အကူအညီ လိုအပ်

အေးသီတာကျော်

မြန်မာနိုင်ငံတွင်း လာရောက်ရင်းနှီးမြှုပ်နှံမှုတွင် နည်းပညာနှင့်အရင်းအနှီး မြင့်မားသော ဂျပန်လုပ်ငန်းရှင်များကို အခြေခံအဆောက်အအုံဆောက်လုပ်မှု၊ ကုန်ထုတ်လုပ်မှုနှင့် လူ့အရင်းအမြစ်ကဏ္ဍများတွင် လုပ်ကိုင်ဆောင်ရွက်စေလိုကြောင်း ဖေဖော်ဝါရီလ ၁၉ ရက်နေ့က ကျင်းပသော Kyushu Economic Federation နှင့်မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူတို့ စီးပွားရေးဆိုင်ရာ နားလည်မှုစာချုပ်ရေးထိုးပွဲတွင် နှစ်နိုင်ငံ တာဝန်ရှိသူများက ပြောသည်။

Kyushu Economic Federation သည် မြန်မာနိုင်ငံသို့ ဂျပန်နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၅၀ ကျော်ဖြင့် လာရောက်ကာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

"အစိုးရစီးပွားရေးပြုပြင်ပြောင်းလဲမှုတွေပြုလုပ်ပြီး ဥပဒေခဲ့လုပ်ထုံးလုပ်နည်းတွေကို ပြုပြင်ပြီးရင်းနှီးမြှုပ်နှံသူတွေကို စွဲဆောင်လျက်ရှိပါတယ်။ စက်မှုနိုင်ငံဖြစ်အောင် တိုတောင်းတဲ့အချိန်ကာလအတွင်း ထူထောင်နိုင်ဖို့ဂျပန်နိုင်ငံရဲ့ ပံ့ပိုးမှုလိုအပ်ပါတယ်။ နိုင်ငံရဲ့အဓိကကျတဲ့ စိုက်ပျိုးရေးကဏ္ဍနဲ့ စက်မှုကဏ္ဍကိုဦးစားပေးနေပါတယ်"ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောသည်။

ကုန်ထုတ်ကဏ္ဍတိုးမြှင့်ရန်အတွက် သီလဝါ၊ ကျောက်ဖြူ ထားဝယ်စသော အထူးစီးပွားရေးဇုန်များကို ဖော်ဆောင်လျက်ရှိပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် လုပ်ထုံးလုပ်နည်းများလည်း ပြဋ္ဌာန်းပြီးဖြစ်ရာ ပြည်တွင်းပြည်ပလုပ်ငန်းရှင်များအနေနှင့် မြန်မာနိုင်ငံတွင် လုပ်ကိုင်ဆောင်ရွက်ရန် အချိန်ကောင်းဖြစ်ကြောင်းလည်း ၎င်းက ပြောသည်။

Kyushu Economic Federation ဥက္ကဋ္ဌ Mr Shingo Matsuo က ၎င်းတို့အသင်းချုပ်သည် အာရှနိုင်ငံများဖြစ်သော ဟောင်ကောင်၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်စသောနိုင်ငံများနှင့် နားလည်မှုစာချုပ်များရေးထိုးပြီးဖြစ်ကာ မြန်မာနိုင်ငံသို့ လာရောက်ခြင်းဖြစ်ကြောင်း ပြောသည်။

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအေးလွင်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအနက် စွမ်းအင်ကဏ္ဍမှာအများဆုံးဖြစ်ပြီး ဂျပန်လုပ်ငန်းရှင်များအနေဖြင့် ကုန်ထုတ်လုပ်မှု၊ ဟိုတယ်နှင့်ခရီးသွားလာရေး၊ ပို့ဆောင်ရေးနှင့် အိမ်ခြံမြေစသော ကဏ္ဍများတွင် လာရောက်စေလိုကြောင်း ပြောသည်။

"ကျွန်တော်တို့နိုင်ငံအတွက် ဒီကဏ္ဍတွေမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလိုအပ်နေပါတယ်။ လက်ရှိမှာ တရုတ်ရဲ့ရင်းနှီးမြှုပ်နှံမှုက အမြင့်ဆုံးပါ။ မကြာခင် ဂျပန်က နံပါတ်တစ်ဖြစ်လာဖို့အလားအလာရှိနေပါတယ်" ဟု ၎င်းက ပြောသည်။

ယခုနှစ် ဇန်နဝါရီလကုန်အထိ ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာအမေရိကန်ဒေါ်လာ ၂၆၈ သန်းသာ ရှိသေးသည်။

ဂျပန်လုပ်ငန်းရှင်များအနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် နည်းပညာပံ့ပိုးပေးနိုင်မည့် အသေးစားနှင့်အလတ်စားလုပ်ငန်းများတွင် ဝင်ရောက်စေလိုပြီး အထူးသဖြင့် အသေးစားအလတ်စားလုပ်ငန်းကဏ္ဍ၏ ၆၅ ဒသမ ၄ ရာခိုင်နှုန်းဖြစ်သော အလားအလာကောင်းသည့် စားသောက်ကုန်လုပ်ငန်းမျိုးတွင် ရင်းနှီးမြှုပ်နှံစေလိုကြောင်း ၎င်းက ပြောသည်။

ထို့ပြင်စက်မှုဇုန်အများဆုံးဖြစ်သည့် ရန်ကုန်နှင့် မန္တလေးမြို့များတွင်သာမက စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ထားဝယ်စသည့်နေရာများတွင်လည်း ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ကြောင်းလည်း ဦးအေးလွင်က ပြောသည်။

"ကျွန်တော်တို့ အသေးစားအလတ်စားလုပ်ငန်းတွေဖွံ့ဖြိုးဖို့ဆိုရင် ငွေကြေးအထောက်အပံ့၊ နည်းပညာပံ့ပိုးမှု၊ စျေးကွက်ပံ့ပိုးပေးမှုတွေ လိုအပ်ပါတယ်။ နိုင်ငံရဲ့ကုန်ထုတ်ကဏ္ဍမှာ အများစုက စက်ထက် လက်နဲ့လုပ်ရတာတွေများနေတယ်"ဟု ၎င်းက ပြောသည်။

Kyushu ၏ ဥက္ကဋ္ဌကြီးရေးမှူးချုပ် Mr Ikuro Hirozane က အဖွဲ့၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ လိုအပ်ချက်များကိုဖြေရှင်းပြီး စီးပွားရေးအရပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောသည်။ ■



ဦးဇော်မင်းဝင်းနှင့် Kyushu Economic Federation **ဥက္ကဋ္ဌ** Mr Shingo Matsuo **တို့ စီးပွားရေးနားလည်မှုစာချုပ်တွင် လက်မှတ်ရေးထိုးစဉ်။** ဓာတ်ပုံ - သီရိလူ



ငွေကြေးဈေးကွက်

နိုင်ငံတကာ ငွေကြေးဈေးကွက်		ပြည်တွင်း ငွေကြေးဈေးကွက်	
		သိမ်းဖြူငွေလဲကောင်တာဈေးနှုန်း	
▪ ဝ. ၇၄၉၈	ယူရို	'ကန်'တစ်ဒေါ်လာ	▪ ကျပ် ၈၅၆-၈၆၃
▪ ဝ. ၆၄၅၅	ဗြိတိသျှပေါင်	FEC တစ်ယူနစ်	▪ ကျပ် ၈၅၆-၈၆၃
▪ ၁. ၂၃၈၄	စင်ကာပူဒေါ်လာ	ပြင်ပဝေါက်ဈေး	
▪ ၆. ၂၄၆၆	တရုတ်ယွမ်	'ကန်'တစ်ဒေါ်လာ	▪ ကျပ် ၈၆၀-၈၆၁
▪ ၂၉. ၈၇၇၄	ထိုင်းဘတ်	FEC တစ်ယူနစ်	▪ ကျပ် ၈၆၀-၈၆၃
▪ ၃. ၁၀၂၄	မလေးရှားရင်းဂစ်	ပို့ကုန်ရတစ်ဒေါ်လာ	▪ ကျပ် ၈၆၄
		ဗဟိုဘဏ်ဈေးနှုန်း	▪ ကျပ် ၈၆၀

(ဖေဖော်ဝါရီ ၁၉ ရက်နေ့ ဈေးနှုန်းများ)

ပြည်ပမော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းများ ဝင်ရောက်လာနိုင်

နေးသီတာကျော်

ဧနှစ်ဝါရီလကုန်ပိုင်းက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာနည်းဥပဒေ ပေါ်ထွက်ခဲ့ပြီးနောက်ပိုင်း ပြည်ပမော်တော်ယာဉ်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းဖြစ်သော Suzuki ကုမ္ပဏီက မြန်မာနိုင်ငံတွင် မော်တော်ယာဉ်ထုတ်လုပ်မှုကို မေလတွင် ပြန်လည်စတင်မည်ဖြစ်ပြီး Nissan ကလည်း လာရောက်ရင်းနှီးမြှုပ်နှံရန် အလားအလာများရှိနေသည့် အပြင် အခြားနိုင်ငံများမှ လုပ်ငန်းများကလည်း ပိုမိုဝင်ရောက်လာနိုင်ခြင်းကြောင့် မော်တော်ယာဉ်စျေးနှုန်းများ ပိုမိုတည်ငြိမ်လာနိုင်ဖွယ်ရှိကြောင်း စီးပွားရေးအသိုင်းအဝိုင်းမှ ကျွမ်းကျင်သူများက သုံးသပ်သည်။

သို့ရာတွင် ထိုကဲ့သို့ပြည်ပမှမော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းများ ဝင်ရောက်လာမှုသည် ပြည်တွင်းမော်တော်ယာဉ်စျေးကွက်ကိုမူ အခြိန်တိုကာလအတွင်း သိသာစွာ အကျိုးသက်ရောက်မှုရှိလာနိုင်ဦးမည်မဟုတ်ကြောင်းလည်း အဆိုပါ ကျွမ်းကျင်သူများက ပြောသည်။

“ထုတ်လုပ်မှုအရေအတွက် ကန့်သတ်မထားတော့ဘဲ လိုင်စင်ကိစ္စတွေလည်း ဖြေလျှော့ပေးလိုက်တဲ့အတွက် နိုင်ငံခြားကုမ္ပဏီတွေ ပိုပြီးရောက်လာနိုင်ပေမယ့် သူထုတ်လုပ်တဲ့ အရေအတွက်ကြောင့် ပြည်တွင်းစျေးကွက်ကို ထိခိုက်နိုင်လောက်တဲ့ အနေအထားအထိတော့ မဖြစ်နိုင်သေးပါဘူး။ အဟောင်း စျေးကွက်ကလည်း ဆက်ပြီးရှိနေဦးမှာပဲ။ ဒါပေမဲ့ အစိုးရကကန့်သတ်မထားရင် သူတို့ဘက်ကလည်း စျေးကွက်ဝယ်လိုအားရှိသလောက်ထုတ်လာမှာပါ။ ခန့်မှန်းပြီး ထုတ်တဲ့အတွက် စျေးတွေတော့ တည်ငြိမ်သွားမယ်လို့ ထင်ပါတယ်” ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

Nissan Tanchong ကုမ္ပဏီသည် မော်တော်ယာဉ်အပိုပစ္စည်း အရောင်းပြခန်းကို ဖေဖော်ဝါရီလဆန်းပိုင်းက ဖွင့်လှစ်ခဲ့ပြီး နောက်ပိုင်းတွင် ကားထုတ်လုပ်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်းလည်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့အခြေစိုက် Japan External Trade Organization (JETRO) ၏ အုပ်ချုပ်မှုဒါရိုက်တာ Mr. Masaki Tak-ahara က ဂျပန်ကုမ္ပဏီများသည် နည်းဥပဒေထွက်ပေါ်ပြီးနောက်ပိုင်းတွင် လုပ်သားအင်အားများပြားစွာ ခန့်ထားနိုင်သော ထုတ်လုပ်မှုလုပ်ငန်းများတွင် ဝင်ရောက်လာမည်ဖြစ်ကြောင်းနှင့် သီလဝါစက်မှုဇုန်တည်ဆောက်ပြီးစီးပါက မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းများလည်း ဝင်ရောက်လာနိုင်ကြောင်း ပြောသည်။

“ကျွန်တော်တို့ရဲ့ လုပ်ငန်းရှင်အများစုဟာ သူတို့အတွက် အသစ်ဖြစ်နေသေးတဲ့ သန်း ၆၀ လူဦးရေရှိတဲ့ ဒီစျေးကွက်ကို စိတ်ဝင်စားနေကြပါတယ်” ဟု ၎င်းက ပြောသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အတိုင်ပင်ခံဖြစ်သူ ဒေါက်တာမောင်အောင်က “Suzuki ကလည်း လာမယ့်မေလထဲမှာ ကားထုတ်လုပ်မှုကို ပြန်စတော့မှာဖြစ်ပြီး Nissan ကလည်း နောက်ပိုင်းမှာလာပြီး ထုတ်လုပ်နိုင်ဖို့ အလားအလာရှိပါတယ်။ အခုလောလောဆယ်တော့ လက်ရှိပြည်တွင်းမှာလုပ်နေတဲ့ မော်တော်ကားအရောင်းအဝယ်လုပ်ငန်းတွေကိုတော့ သိသိသာသာ မထိခိုက်နိုင်သေးပါဘူး။ ဒီလိုမော်တော်ယာဉ်ထုတ်လုပ်မှုဆိုင်ရာရင်နှီးမြှုပ်နှံမှုက ရေရှည်အတွက် မျှော်မှန်းပြီး လုပ်ရတာပါ။ ပေါ်လစီလည်း ထပ်ပြောင်းစရာမရှိသေးပါဘူး။ ထုတ်လုပ်မှု ပြည်တွင်းထက် ပြည်ပစျေးကွက်ကို အဓိကထားမှာဆိုတော့ ပြည်ပကိုပဲ တင်ပို့မှာပါ”ဟု ၎င်းက ပြောသည်။



ရန်ကုန်မြို့ရှိ Suzuki **မော်တော်ကားအရောင်းပြခန်းသို့ လာရောက်ကြည့်ရှုသူများကို ယခုလဆန်းပိုင်းက တွေ့ရစဉ်။** ဓာတ်ပုံ - အေအက်ဖ်ပီ

လက်ရှိတွင် Toyota ကားကုမ္ပဏီကလည်း ရင်းနှီးမြှုပ်နှံမှုအတွက် လာရောက်ဆွေးနွေးခဲ့သော်လည်း အင်ဒိုနီးရှားနိုင်ငံတွင် စက်ရုံရှိနေသည့်အတွက် ဝင်ရောက်နိုင်ရန် အလားအလာနည်းကြောင်း ၎င်းက ပြောသည်။

ကားဝယ်ရောင်းလုပ်ငန်းရှင်ဖြစ်သူဦးအောင်သန်းဝင်းက နိုင်ငံခြားမော်တော်ယာဉ်ကုမ္ပဏီများ ဝင်ရောက်လာခြင်းကြောင့် ပြည်တွင်းသုံးစွဲသူများအတွက် ပိုမိုအဆင်ပြေလာနိုင်သော်လည်း ပြည်တွင်းစျေးကွက်အပေါ် သက်ရောက်မှုမှာ အဓိကအားဖြင့် စျေးကွက်တွင်းသို့ မည်သည့်ပုံစံဖြင့် ဝင်ရောက်လာမည်ဆိုသည့် အခြေအနေပေါ်တွင်သာ မူတည်ကြောင်း ပြောသည်။

“သူတို့ ထုတ်လုပ်မယ့်မော်ဒယ်အပေါ် မူတည်ပြီး ထူးခြားမှုရှိနိုင်တယ်။ ပြည်တွင်းစျေးကွက်ကို ဘယ်လိုပေးမလဲဆိုတာလည်းရှိသေးတယ်။ အရေအတွက် အကန့်အသတ်ထားတာတို့၊ အရင်တုန်းကလို ဌာနဆိုင်ရာမဲပေါက်တယ်ဆိုပြီး အလှည့်ကျပေးနေတာမျိုး ဆိုရင်တော့ ဘာမှသိပ်ပြီးထူးခြားမှာ မဟုတ်ဘူး”ဟု ၎င်းက ပြောသည်။

Suzuki မှ စတင်ထုတ်လုပ်မည့်ကားများမှာ ထရပ်ကားများဖြစ်ခြင်းကြောင့် လက်ရှိပြည်တွင်းစျေးကွက်တွင် Nissan၊ Mitsubushi နှင့် Toyota တို့မှ ထုတ်လုပ်သော ထရပ်များကိုသာ ဝယ်ယူမှုများကြောင်း ၎င်းက ပြောသည်။

“အစိုးရကချပေးတဲ့စျေးနှုန်းအပေါ် မူတည်ပြီး ပြည်တွင်းစျေးကွက်ကို ပျံ့နှံ့သွားမှာပါ။ ပြည်တွင်းမှာထုတ်တာဆိုရင် သဘော်တင်ခတို့၊ ပါမစ်ခတို့မပါတဲ့အတွက် ပိုပြီးအဆင်ပြေနိုင်တယ်”ဟု ၎င်းက ပြောသည်။

ပြည်တွင်းသို့ ကားတင်သွင်းမှုတွင် အိမ်စီးကားမှာ ၇၀ ရာခိုင်နှုန်းခန့်ရှိပြီး ၂၀၀၇ နှင့်အထက်မော်ဒယ်များတွင် ကျပ်သိန်း ၁၀၀ မှ ၁၃၀ အထိရှိသည့် Probox၊ AD Van ၊ Suzuki Swift၊ Toyota Belta နှင့် Toyota Vitz ကားများမှာ တင်သွင်းမှုအများဆုံးကားများဖြစ်ကြောင်း ၎င်းက ပြောသည်။ ■

ပြည်တွင်းအဝတ်အထည်ထုတ်လုပ်မှုလုပ်ငန်းများ ယှဉ်ပြိုင်မှု ပိုများလာ

စမ်းယမင်းဇော်

ဖေဖော်ဝါရီလအတွင်း နိုင်ငံခြားကုန်ကြမ်းသုံး ပြည်တွင်းအဝတ်အထည်စျေးကွက်တွင် ချည်ထည်များအရောင်းသွက်လာသော်လည်း ပြည်တွင်းအဝတ်အထည်လုပ်ငန်းလုပ်ကိုင်သူ များလာခြင်းကြောင့် ရောင်းအားကျဆင်းလာကြောင်း လုပ်ငန်းရှင်များက ပြောသည်။

“အခု ပွင့်လင်းရာသီရောက်လာတော့ ရောင်းအားက အရင်လတွေနဲ့ ယှဉ်ရင် နည်းနည်းတက်လာပေမယ့် ပြည်တွင်းမှာ အဝတ်အထည်လုပ်ငန်းလုပ်တဲ့သူများလာတဲ့အတွက် ရောင်းအားကတက်သင့်သလောက်တော့ မတက်ဘူး” ဟု BFC Men's Fashion လက်လီလက်ကားရောင်းဝယ်ရေးမှ တာဝန်ရှိသူဦးဇော်ဝင်းက ပြောသည်။



ရန်ကုန်မြို့ ယုစနပလာဇာရှိ BFC Men's Fashion **အဝတ်အထည်ဆိုင်၏ ထုတ်ပိုးမှုအား တွေ့ရစဉ်။** ဓာတ်ပုံ - သီရိလူ

BFC Men'sFashion လုပ်ငန်းအတွက် ကုန်ကြမ်းကို တရုတ်နှင့် ထိုင်းနိုင်ငံတို့မှ တင်သွင်းပြီး လက်ရှိတွင် တရုတ်မှအော်ဒါမှာပါက ထိုင်းနိုင်ငံထက် စျေးသက်သာပြီး အရည်အသွေးအပြည့်ရရှိနိုင်ခြင်းကြောင့် ပေါ်လီအက်စတာနှင့် ရာနှုန်းပြည့်ချည်ထည်များကို တရုတ်မှ အများဆုံးတင်သွင်းပြီး ထိုင်းနိုင်ငံမှ ရာနှုန်းပြည့်ချည်ထည်များကို အနည်းငယ်သာ တင်သွင်းကြောင်း ၎င်းက ပြောသည်။

“ရာသီဥတုကပူလာတော့ ပြည်တွင်းချုပ်ချည်ထည်လေးတွေကအရင်လတွေကထက် ရောင်းကောင်းလာပေမယ့် အရင်နှစ်တွေကနဲ့ ယှဉ်ရင်တော့ ထင်သလောက်မတက်ဘူး။ ကိုယ်ပိုင်အမှတ်တံဆိပ်နဲ့ ပြည်တွင်းအဝတ်အထည်လုပ်ငန်းလုပ်တဲ့သူတွေ များလာတော့ အတင်းတိုးနေရတယ်။ အရင်ကကိုက်ထိုးရောင်းတဲ့သူတွေကလည်း ဒီလုပ်ငန်းဘက်ကို အကူးများလာကြတယ်” ဟု ရွှေဝတ်စံအမျိုးသမီးဝတ်စုံရောင်းဝယ်ရေးမှ တာဝန်ခံက ပြောသည်။

စျေးကွက်အတွင်းသို့ ပြည်ပအထည်များဝင်ရောက်မှုရှိသော်လည်း တရုတ်နှင့် ထိုင်းနိုင်ငံတို့မှတင်သွင်းသည့် ကုန်ကြမ်းများဖြင့် ချုပ်လုပ်သည့် ပြည်တွင်းအဝတ်အထည်စျေးကွက်ရှိအထည်များမှာ အရည်အသွေးကောင်းကာ စျေးနှုန်းသင့်ခြင်းကြောင့် စျေးကွက်ကို သိသာစွာထိခိုက်မှုမရှိကြောင်း ၎င်းက ပြောသည်။

“ပြည်တွင်းချုပ်ထည်တွေက ပြည်ပကကုန်ကြမ်းတွေကို ရောပြီးသုံးထားတဲ့အတွက် တရုတ်ထည်တွေထက်အရည်အသွေးကောင်းသလို ထိုင်းအထည်တွေလောက်လည်း စျေးကမကြီးတော့ ပြည်တွင်းချုပ်ထည်တွေက ရောင်းရပါတယ်” ဟု ၎င်းက ပြောသည်။

အမျိုးသား၊ အမျိုးသမီးလူငယ်ဝတ်အဝတ်အထည်များမှာ လက်ကားစျေးတစ်ထည် ကျပ် ၅,၀၀၀ မှ ကျပ် ၁၁,၀၀၀ အထိရှိပြီး ယခုနှစ်ဖေဖော်ဝါရီလတွင် ရောင်းအား ငါးဆယ်ရာခိုင်နှုန်းတိုးလာကြောင်း Step Fashion မှ မန်နေဂျင်း ဒါရိုက်တာဦးထွန်းကျော်က ပြောသည်။

“အထည်လုပ်ငန်းတွေက နိုင်ငံခြားမှာ ခေတ်စားနေတဲ့ဒီဇိုင်းကို ဒီမှာထုတ်မယ်ဆိုရင် နှစ်လလောက် အချိန်ယူရတယ်။ လိုအပ်တဲ့ ကုန်ကြမ်းတွေကို စောင့်ရတာနဲ့ဆိုတော့ ကုန်ချောက သုံးလလောက်နေမှ ထွက်လာတယ်။ ချက်ချင်းမထုတ်နိုင်ဘူး” ဟု ၎င်းက ပြောသည်။

ထုတ်လုပ်မှုစရိတ်မှာ မြင့်တက်လျက်ရှိကာ အထည်ချုပ်လုပ်သားတစ်ဦးကို တစ်လလျှင် ကျပ် ၇၀,၀၀၀ မှ ၁၀၀,၀၀၀ အထိပေးရပြီး စက်ရုံခန့်ထမ်း ၆၀၀ ခန့်ရှိကြောင်း ဦးထွန်းကျော်က ပြောသည်။

“တယ်လီဖုန်းတွေချပေးမယ့် ဆီကိုပဲ အာရုံရောက်နေတော့ အဝတ်အစားကို သိပ်မဝယ်ဖြစ်ကြတဲ့အတွက် ရောင်းအားကျပါတယ်” ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံစျေးကွက်တွင် ပေါ်လီအက်စတာနှင့် ရာနှုန်းပြည့်ချည်ထည်များကို တရုတ်နိုင်ငံမှ အများဆုံးတင်သွင်းလျက်ရှိပြီး တရုတ်နိုင်ငံသည် ကမ္ဘာ့အများဆုံးစိုက်ပျိုးနိုင်သော နိုင်ငံများတွင် တစ်ခုအပါအဝင် ဖြစ်သည်။ ■

ရန်ကုန်ကားဈေးကွက်အတွင်း အရောင်းအဝယ် ပြန်သွက်လာ

တိုးဝေဒဿင်

ဖေဖော်ဝါရီလ တတိယပတ်အတွင်း ရန်ကုန်ကားဈေးကွက်တွင် ကားဈေးနှုန်းများ သိသာစွာမြင့်တက်လာခဲ့ပြီး အဝယ်လိုက်လာခဲ့ခြင်းကြောင့် ယခင်လများထက်ပိုမိုအရောင်းအဝယ်ကောင်းလာကြောင်း ဈေးကွက်အတွင်းရှိ ကားဝယ်ရောင်းလုပ်ကိုင်သူလုပ်ငန်းရှင်များက ပြောသည်။

"ကားဈေးတွေ ကောင်းလာသလို အဝယ်လည်း လိုက်လာတယ်။ အရင်လတွေနဲ့စာရင် တော်တော်လေးအရောင်းအဝယ်ဖြစ်လာတယ်။ ၁,၃၀၀ စီစီ ကားတွေကတော့ပိုပြီး အရောင်းဝယ်ဖြစ်တယ်။ လုပ်ငန်းသုံး ခွေးဘီလူးကားတွေကို အခုနောက်ပိုင်း လူကြိုက်များလာတယ်။ ဈေးသင့်တာလည်းပါတာပေါ့"ဟု ကားဝယ်ရောင်းလုပ်ကိုင်သူ ကိုသူရိန်ထွန်းက ပြောသည်။

ယခင်လများက ကားဈေးကွက်တွင် အရောင်းဝယ်ပါးခဲ့သော်လည်း 'ဘ'အက္ခရာကားဟောင်းများအပ်နှံရန် ကြေညာခဲ့ပြီးသည့်နောက်ပိုင်းမှစတင်ခါ အရောင်းဝယ်ပြန်လည်ကောင်းမွန်လာခဲ့ခြင်းဖြစ်ပြီး ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်း ပြောင်းရွှေ့ရန်ကြေညာချက်ထွက်ပေါ်လာသော်လည်း အရောင်းအဝယ်ကို ထိခိုက်မှုမရှိသေးကြောင်း လုပ်ငန်းရှင်များက ပြောသည်။

"'ဗ'အက္ခရာကားတွေအပ်ဖို့ကြေညာခဲ့ပြီးနောက်ပိုင်း 'ဘ'အက္ခရာကားဟောင်းတွေအပ်ဖို့ ဆက်ကြေညာမယ်ထင်ပြီးတော့ ငွေတတ်နိုင်တဲ့သူတွေက ရသလောက် လိုက်ဝယ်ကြတယ်။ ရှိတဲ့သူတွေ ကဝယ်သလို တချို့ကလည်း လုပ်ငန်းအတွင်း ငွေပြန်ပေါ်နိုင်မယ်အထင်နဲ့ ချေးငှားပြီးတော့ ဝယ်ကြတာတွေ ရှိတယ်။ တကယ်တမ်းကြေညာချက်ထွက်ပေါ်လာတဲ့အခါကျတော့ မာဇဒါအုပ်စုဝင်လက်ကျန်ကားတွေ ဖြစ်နေတော့ ငွေနစ်နာဆုံးရှုံးမှုတွေ ရှိခဲ့တယ်။ အဲဒီနောက်ပိုင်းကတည်းက အရောင်းအဝယ်တွေအေးသွားခဲ့တာ။ မာဇဒါအုပ်စုဝင်တွေအလှည့်ပြီးတော့ 'ဘ'အက္ခရာကားတွေအပ်နှံဖို့ ကြေညာခဲ့တဲ့အတွက် ငွေနစ်နာသူတွေငွေ ပေါ်လာပြီးတဲ့ နောက်ပိုင်း ဒီရက်ပိုင်းတွေမှာ ကားအရောင်းအဝယ် ပြန်ကောင်းလာတာဟု" ကားဝယ်ရောင်းလုပ်ကိုင်သူ ကိုအောင်သူရက ပြောသည်။

ကားအရောင်းအဝယ်များဖြစ်ပေါ်နေခြိန်တွင် ဈေးကွက်အတွင်း Hire-Purchase စနစ်ဖြင့် ဝယ်ယူထားသည့် ကားများတစ်ဆင့်ပြန်လည်ရောင်းချမှုများရှိလာသည့်အတွက် ဝယ်ယူမိသူများအနေဖြင့် နစ်နာမှုများကြုံတွေ့ခဲ့ရခြင်းများရှိသဖြင့် ကားဝယ်လိုသူများအနေဖြင့် အဆိုပါကားများကို သေချာစွာ စိစစ်ဝယ်ယူရန်လိုအပ်ကြောင်း ကားဝယ်ရောင်းလုပ်ကိုင်သူများက ပြောသည်။

"လတ်တလောကားဈေးတွေ တော်တော်လေးတက်လာတယ်။ အဝယ်လည်း လိုက်လာတယ်။ ကားအရောင်းပြခန်းတွေလည်း အရောင်းအဝယ်ဖြစ်လာတယ်။ ကားပြပွဲတွေ ဒီရက်ပိုင်းတော်တော်လေး ကျဲသွားတယ်။ အရောင်းပြပွဲတွေမှာလည်း ဈေးနှုန်းအပြိုင်အဆိုင်ရောင်းကြပေမယ့် အခုလိုကားဈေးတွေ ကျနေခြိန်မှာ အဝယ်ပြန်လိုက်လာတဲ့အတွက်ကြောင့် ဈေးကွက်ပြန်ကောင်းလာတယ်လို့ ပြောလို့ရမယ် ထင်ပါတယ်"ဟု ကားဝယ်ရောင်းလုပ်ကိုင်သူ ကိုလင်းလင်းစိုးက ပြောသည်။

ပြီးခဲ့သည့်အပတ်မှစတင်ခါ စက်မှုဇုန်ထုတ်ကုန်ကားများအား လူစီးအပြင် အပိုကုန်ပစ္စည်းများပါ တင်ဆောင်နိုင်သော station wagon အဖြစ် ပြောင်းလဲရန် သက်ဆိုင်ရာကခွင့်ပြုခဲ့သော်လည်း ဈေးကွက်အတွင်း အဆိုပါကုန်ကားများပုံစံပြောင်းလဲရန်ကုန်ကျစရိတ်မှာ ကျပ်သိန်း ၂၀ ဝန်းကျင်ခန့်ရှိနေခြင်းကြောင့် ကုန်ကားပိုင်ရှင်များအနေဖြင့် ငွေကုန်ထပ်မခံတော့ဘဲ မူလကုန်ကားများကိုသာ လက်ရှိပေါက်ဈေးဖြင့် ပြန်လည်ရောင်းချကာ ကုန်ကားများဖြင့် အစားထိုးသုံးစွဲရန် ဆန္ဒရှိကြကြောင်း ကားဝယ်ရောင်းလုပ်ကိုင်သူများက ပြောသည်။

လတ်တလောကားဈေးကွက်တွင် အပ်နှံကားစလစ် ကျပ် ၈၅ သိန်းဝန်းကျင်ခန့်ရှိပြီး ကျန်အက္ခရာကားများမှာ ၆၅ သိန်းမှ သိန်း ၇၀ ဝန်းကျင်ရှိကာ ၁,၃၀၀ စီစီကားဈေးများမှာလည်း ကျပ် ၁၀ သိန်းမှ ၁၅ သိန်းဝန်းကျင်ခန့်အထိ ဈေးတက်လာကြောင်း ကားဝယ်ရောင်းလုပ်ကိုင်သူများက ပြောသည်။ ■

ကုန်စည်ဈေးနှုန်း

ရန်ကုန်

ရွှေ(တစ်ကျပ်သား)	ကျပ်	၇၄၉,၀၀၀
ဆီဈေးနှုန်း(တစ်ပိဿာနှုန်း)		
ပဲဆီ	ကျပ်	၄,၂၀၀
စားအုန်းဆီ	ကျပ်	၁,၄၃၀
နှမ်းဆီ	ကျပ်	၃,၇၀၀
ဆန် (တစ်ပြည်)		
ပေါ်ဆန်း(ရှယ်)	ကျပ်	၁,၅၀၀
တောင်ပြန်(ရှယ်)	ကျပ်	၁,၂၀၀
ဧည့်မထ	ကျပ်	၈၀၀
အသားဈေးနှုန်း (တစ်ပိဿာနှုန်း)		
ကြက်	ကျပ်	၅,၀၀၀
ဝက်သား	ကျပ်	၆,၀၀၀
အမဲသား	ကျပ်	၄,၀၀၀
ဆိတ်သား	ကျပ်	၈,၀၀၀
ကြက်သွန်ဖြူ (လက်လီ)		
အမြင့်/အနိမ့်	ကျပ်	၇၅၅-၆၀၀
ကြက်သွန်နီ (လက်လီ)		
အမြင့်/အနိမ့်	ကျပ်	၈၆၀ - ၅၅၀
စက်သုံးဆီဈေးနှုန်း (တစ်ဂါလန်)		
ဓာတ်ဆီ	ကျပ်	၃,၇၀၀
ဒီဇယ်	ကျပ်	၃,၉၀၉

မန္တလေး

ရွှေ (တစ်ကျပ်သား)	ကျပ်	၇၅၁,၀၀၀
ဆီ(သန့်)		
ပဲဆီ	ကျပ်	၃,၂၅၀
စားအုန်းဆီ	ကျပ်	၁,၅၄၀
နှမ်းဆီ	ကျပ်	၃,၇၀၀
သန့်စင်ပြီးဆန် (တစ်တင်းခွဲဆိတ်)		
ပေါ်ဆန်း	ကျပ်	၃၇,၀၀၀
မနော	ကျပ်	၃၁,၀၀၀
မဂျမ်းတော	ကျပ်	၃၅,၀၀၀
အသားဈေးနှုန်း (တစ်ပိဿာနှုန်း)		
ကြက်(စီပီ)	ကျပ်	၄,၀၀၀
ကြက်(မြန်မာ)	ကျပ်	၅,၀၀၀
ဝက်သား	ကျပ်	၆,၀၀၀
ဆိတ်သား	ကျပ်	၇,၀၀၀
ကြက်သွန်ဖြူ (ပွဲရုံဈေးနှုန်း)		
ရှမ်းကြက်သွန်ဖြူ	ကျပ်	၂,၀၀၀ - ၄၀၀
ကြက်သွန်နီ (လက်ကား)		
အမြင့်/အနိမ့်	ကျပ်	၅၀၀ - ၃၅၀
စက်သုံးဆီဈေးနှုန်း (တစ်ဂါလန်)		
ဓာတ်ဆီ	ကျပ်	၄,၀၀၀
ဒီဇယ်	ကျပ်	၃,၈၀၀


နေပြည်တော်ပျဉ်းမနား

ရွှေ(တစ်ကျပ်သား)	ကျပ်	၇၄၈,၅၀၀
ဆန်(တစ်ပြည်) (အသစ်)		
ပေါ်ဆန်း	ကျပ်	၁,၂၀၀-၁,၀၀၀
လုံးဆန်မွှေး	ကျပ်	၁,၃၀၀
မဂျမ်းတော	ကျပ်	၁,၂၀၀
မနောသုခ	ကျပ်	၈၀၀
ဆီ (တစ်ပိဿာနှုန်း)		
မြေပဲဆီ	ကျပ်	၃,၈၀၀
နှမ်းဆီ	ကျပ်	၃,၈၀၀
စားအုန်းဆီ	ကျပ်	၁,၅၅၀
ကြက်သွန်နီ (တစ်ပိဿာနှုန်း)		
အမြင့်/အနိမ့်	ကျပ်	၁,၀၀၀ - ၈၀၀
ကြက်သွန်ဖြူ (တစ်ပိဿာနှုန်း)		
အမြင့်/အနိမ့်	ကျပ်	၂,၀၀၀ - ၁,၈၀၀
တရုတ်ကြက်သွန်ဖြူကြီး		
တစ်ပိဿာ	ကျပ်	၂,၄၀၀
ငရုတ်ခြောက်	ကျပ်	၂,၅၀၀
အသားဈေးနှုန်း (တစ်ပိဿာနှုန်း)		
စီပီကြက်	ကျပ်	၅,၀၀၀
မြန်မာကြက်	ကျပ်	၆,၀၀၀
ဝက်	ကျပ်	၄,၅၀၀
ဆိတ်	ကျပ်	၁၂,၀၀၀
အာလူး (တစ်ပိဿာနှုန်း)		
အကြီး	ကျပ်	၁,၀၀၀
အသေး	ကျပ်	၈၀၀
စက်သုံးဆီဈေးနှုန်း (တစ်ဂါလန်)		
ဓာတ်ဆီ	ကျပ်	၄,၃၀၀
ဒီဇယ်	ကျပ်	၃,၆၀၀

ရန်ကုန်ကားဈေးကွက်

Toyota Harrier (2.2)	**Pajero**(ဖားပြုပ်)
၁၉၉၉ (၆ဂ)-သိန်း ၂၁၀	၂၀၀၀ (၁ဃ) - ၂၇၅ သိန်း
Toyota Hilux Surfs (SSRG)	**Toyota Belta** - ၁၇၅ သိန်း
၁၉၉၉ သိန်း ၂၇၀	**Suzuki Swift** - သိန်း ၁၃၀
Suzuki R+ - ၇၅ သိန်း	**Honda Fit** - ၁၆၅ သိန်း
Nissan Ad Van - သိန်း ၁၂၀	**Probox** (၁,၅၀၀ စီစီ) - သိန်း ၁၁၀
Toyota Mark X	(၁,၃၀၀ စီစီ) - သိန်း ၁၀၀
၂၀၀၄ - သိန်း ၃၂၀	**Honda CRV** သိန်း ၁၈၅
Mark II ရွှေငါး(၁ဃ) ၂၀၀၁- ၂၀၅ သိန်း	

(ဖေဖော်ဝါရီ ၁၉ ရက်နေ့ ပေါက်ဈေး)





ကမာရွတ်မြို့နယ်အတွင်းရှိ ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်းကို ဖေဖော်ဝါရီလ ၁၉ ရက်နေ့က တွေ့ရစဉ်။ အဆိုပါနေရာအား ရွှေ့ပြောင်းရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက စီစဉ်လျက်ရှိကြောင်း အဆိုပါရောင်းဝယ်ရေးစခန်းအတွင်းမှ လုပ်ငန်းရှင်များက ပြောသည်။ ဓာတ်ပုံ - အောင်ဌေးလှိုင်

ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်း ရွှေ့ပြောင်းရန် စီစဉ်နေ

မြတ်မေဇင်

မြန်မာနိုင်ငံ၏ အကြီးဆုံးမော်တော်ယာဉ်ရောင်းဝယ်ရေးစခန်းဖြစ်သည့် ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်းအတွင်း အရောင်းအဝယ်လုပ်ကိုင်လျက်ရှိသော လုပ်ငန်းရှင်များနှင့် ထိုနေရာတွင် အခြေချကာ နေထိုင်လုပ်ကိုင်နေသူများအား အဆိုပါနေရာမှ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ နောက်ဆုံးထားကာ ဖယ်ရှားပြီး သီရိမင်္ဂလာစျေးဟောင်းနေရာသို့ ပြောင်းရွှေ့ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက သတိပေးခဲ့ခြင်းကြောင့် ထိုကားရောင်းဝယ်ရေးစခန်းမှ လုပ်သားများနှင့် ကားဝင်းအတွင်း စီးပွားရေးလုပ်ကိုင်နေသူများက ၎င်းတို့အကျိုးစီးပွားအတွက် တစ်စုံတစ်ရာစဉ်းစားပေးခြင်းမရှိဟုယူဆကာ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ရောင်းဝယ်ရေးစခန်းဝင်းအတွင်း၌ ဆန္ဒထုတ်ဖော်ပွဲပြုလုပ်မည်ဖြစ်ကြောင်း ပြောသည်။

ဖေဖော်ဝါရီလ ၁၆ ရက်နေ့က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းများက ယာဉ်ရောင်းဝယ်ရေးဝင်းအတွင်း လက်ကမ်းစာများ ဖြန့်ဝေကာ ထိုကဲ့သို့ပြောင်းရွှေ့ရန် သတိပေးခဲ့ခြင်းဖြစ်ကြောင်း အဆိုပါဝင်းအတွင်းရှိ မော်တော်ကားဝယ်ရောင်းလုပ်ကိုင်သူများနှင့် စီးပွားရေးလုပ်ငန်း ရှင်များက ပြောသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ၂၀၁၂ ခုနှစ်၊ မတ်လ ၂၈၊ ၂၉ နှင့် ၃၀ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်းနေရာ၌ ဟိုတယ်၊ Shopping Mall၊ ကလေးကစားကွင်း၊ အထူးကုဆေးရုံအစရှိသည့် မြို့ပြပွဲဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့်လုပ်ငန်းများကို တိုးချဲ့ လုပ်ကိုင်နိုင်ရန်အတွက် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအား လာရောက် လုပ်ကိုင်နိုင်ရန် တင်ဒါခေါ်ယူခဲ့သည်။

အဆိုပါ တင်ဒါခေါ်ယူအပြီးတွင် ကားဝယ်ရောင်းများနှင့် ကားဝယ်ရောင်းအကျိုးဆောင်များက ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်း မပြောင်းရွှေ့ရေးကော်မတီကို ဖွဲ့စည်းခဲ့ကြောင်း ကားဝင်းအတွင်းမှ လုပ်ငန်းရှင်များက ပြောသည်။

"၂၀၁၂ ခုနှစ်၊ မေလ ၂၂ ရက်နေ့မှာ ကျွန်တော်တို့မပြောင်းရွှေ့ရေးကော်မတီနဲ့ မြို့တော်စည်ပင်ဘက်က တာဝန်ရှိသူတွေ ရန်ကုန်မြို့တော်ခန်းမက အစည်းအဝေးခန်းမမှာ တွေ့ဆုံခဲ့ပါတယ်။ အဲဒီအစည်းအဝေးမှာ မြို့တော်စည်ပင်အတွင်းရေးမှူးဦးကျော်စိုးက ဒီကားဝိုင်းကို အဆင့်မြှင့်တင်တဲ့နေရာမှာ ကားဝိုင်းကိုဖျက်သိမ်းပြီး တည်ဆောက်မှာ မဟုတ်ပါဘူး။ သူ့အနေနဲ့ ပြောခဲ့တာက ကားဝိုင်းဘေးမှာ ယာယီကားတွေကို ရွှေ့ပြောင်းပြီး အဲဒီနေရာမှာ အရောင်းအဝယ်လုပ်လို့ရတယ်။ တည်ဆောက်မှုပြီးရင် အရင်လိုမဟုတ်တော့ဘဲ ဆိုင်ခန်းတွေနဲ့ စနစ်တကျရောင်းချခွင့်ပေးမယ်လို့ ပြောခဲ့တာ။ အခုကျတော့ အပြောနဲ့ လက်တွေ့မညီဘူး။ ရုတ်တရက် စည်ပင်ဝတ်စုံနဲ့ လူတွေရောက်လာပြီး ကားဝင်းထဲက တွေ့သမျှလူတွေကို လေးရက်အတွင်း ပြောင်းခိုင်းတဲ့ လက်ကမ်းစာတွေ လိုက်ဝေတယ်။ သက်ဆိုင်ရာ အဖွဲ့အစည်းနဲ့ ပတ်သက်တဲ့တံဆိပ်နဲ့ ဘာအထောက်အထားမှမပါဘူး။ စည်ပင်ရုံးကို သွားမေးတော့ ခင်ဗျားတို့ဝေတာ ဟုတ်လားဆို တော့ ဟုတ်တယ်လို့ ပြောတယ်။ ဒါဆို

ရုတ်တရက် စည်ပင်ဝတ်စုံနဲ့ လူတွေ ရောက်လာပြီး ကားဝင်းထဲက တွေ့သမျှ လူတွေကို...

ရင် ဒီစာဟာ စည်ပင်ရုံးကနေ တရားဝင်ထုတ်ပြန်တဲ့ ရုံးစာဖြစ်ကြောင်း လက်မှတ်ထိုးပေးပါလို့ ပြောတော့ အဲဒီစည်ပင်အရာရှိက လက်မှတ်ထိုးမပေးလိုက်ဘူး"ဟု ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်း မပြောင်းရွှေ့ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းကိုမြင့်က ပြောသည်။

"ကျွန်တော်သိချင်တာက ဘယ်လိုစီစဉ်တာလဲ၊ ဘယ်လိုလုပ်မှာလဲ။ တစ်စုံတစ်ရာ ကျွန်တော်တို့ကို လာရောက်ပြောဆိုခြင်းလည်းမရှိ၊ ညှိနှိုင်းခြင်းလည်း မရှိဘူး။ ကားဝိုင်းတစ်ခုလုံးကို သီရိမင်္ဂလာစျေးဟောင်းကို ရွှေ့မယ်ဆိုတာ ဘယ်လောက်ကြာမှာလဲ။ ပြီးရင်ဘယ်မှာထားမှာလဲ။ ဒီဝိုင်းထဲမှာ ကားဝယ်ရောင်း၊ ကားဝယ်ရောင်းအကျိုးဆောင်၊ ကားရေဆေး၊ ထမင်းဆိုင်ကအစ ကွမ်းယာဆိုင်အထိ ဒီဆိုင်ခန်းတွေကို ဘယ်ကို ပို့ပြီး ဘယ်လိုစီစဉ်မှာလဲ"ဟု ၎င်းက ပြောသည်။

အဆိုပါ ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်းအတွင်း ကားဝယ်ရောင်း လုပ်ကိုင်သူ ဦးရေ ၃,၀၀၀၊ ကားဝယ်ရောင်းအကျိုးဆောင် ၃,၅၀၀၊ ကားရေဆေးလုပ်သား ၂၀၀ မိသားစုလိုက်နေထိုင်ကာ စျေးဆိုင်ရောင်းချသူ ဆိုင်ခန်း ၂၂ ခန်းနှင့် စျေးဆိုင်ငယ်ပေါင်း ၁၀၀ ကျော် ရှိသည်။

ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်းကို ၁၉၉၇ ဇန်နဝါရီလ ၂၉ ရက်နေ့က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တရားဝင်ဖွင့်လှစ်ပေးခဲ့ပြီး မော်တော်ယာဉ်အရောင်းအဝယ်ကို တရားဝင်စတင်လုပ်ကိုင်ခဲ့ကြခြင်းဖြစ်သည်။

"လွန်ခဲ့တဲ့ ၁၈ နှစ်လောက်က ဒီနေရာက သုသာန်မြေပါ။ ၂၀၀၁ ခုနှစ်မှာ ကျွန်တော်တို့မိသားစု ဒီကို စရောက်တယ်။ အုတ်ဂူတွေ ရှိနေသေးတယ်။ နောက်ပိုင်း စည်ပင်ကပဲ တရားဝင်ကားဝယ်ရောင်းစခန်းလုပ်ဖို့ခွင့်ပြုမိန့်ကျတယ်။ ကျွန်တော်တို့မိသားစု ထမင်းဆိုင်တည်ထောင်ခဲ့တယ်။ လစဉ်ဆိုင်ခန်း၁၊ အမှိုက်ခွန်၊ ရေခွန်၊ မီးခွန်ဆောင်ပါတယ်။ ကျွန်တော်တို့ပြောင်းလာခါစက ဆိုင်ခန်းခတစ်လကို ကျပ် ၃၅,၀၀၀ ပါ။ အခု ၂၀၁၃ မှာဆိုင်ခန်းခကျပ် ၉၀,၀၀၀ ပါ။ ကျွန်တော် တို့ဘက်က လစဉ်ပေးပါတယ်။ ကျွန်တော် တို့လို မိသားစုလိုက်နေပြီး အခန်းယူရောင်းချတဲ့ အဆင့်မြင့်ဆိုင်ခန်း ၂၂ ခန်းရှိပါတယ်"ဟု စူပါမေတ္တာ ထမင်းနှင့် လက်ဖက်ရည်ဆိုင်ပိုင်ရှင် ကိုနေမင်းသစ်က ပြောသည်။

"ကျွန်တော်တို့ ဆိုင်ခန်းတွေကို ဘယ်မှာနေရာချပေးမယ်၊ ဘယ်လိုလုပ်ပေးမယ် ဘာတစ်ခုမှ မပြောဘူး။ သီရိမင်္ဂလာစျေးဟောင်းကိုလည်း သွားကြည့်ပြီးပြီ။ ဆိုင်ခန်းလုပ်လို့ရတဲ့ အခန်းဘာမှ မရှိဘူး ဟင်းလင်းပြင်ကြီးပဲ ရှိတယ်" ဟု ၎င်းက ပြောသည်။

ကားဝယ်ရောင်းအကျိုးဆောင် ဦးအောင်မြတ်က "ကျွန်တော့်ရဲ့ အမြတ်မဲ့ဝယ်လက်ဖောက်သည်တွေက ကျွန်တော့်ကိုရှာရင် ဖုန်းဆက်မရရင်တောင် ကားဝင်းထဲလာလိုက်ရုံပဲ။ ကျွန်တော် ဘယ်နေရာမှာရှိမယ်ဆိုတာကအစ သိကြတယ်။ အဲလိုမဟုတ်ဘဲ သီရိမင်္ဂလာစျေးကို ပြောင်းမယ်ဆို ဒီကကား အကုန်မပြောင်းနိုင်ဘူး။ နေရာက မဆံ့ဘူး။ ပင်မဝင်းထဲမှာဆို ကုန်ကား၊ ဒိုင်နာ၊ ခြောက်ဘီးကားတွေကို ဘယ်လိုမှ အဲဒီစျေးမှာ ထားဖို့ အဆင်မပြေဘူး။ အားလုံးတကွဲတပြားဖြစ်ကုန်ရင် စျေးကွက်ပျောက်သွားနိုင်တယ်"ဟု ပြောသည်။

ဟံသာဝတီကားဝိုင်းသည် ပင်မကားဝိုင်း၊ ဝိုင်းတစ်၊ ဝိုင်းနှစ်နှင့် တိုးချဲ့ကားဝိုင်းဟူ၍ စုစုပေါင်းကားဝိုင်းလေးခုရှိကြောင်းလည်း ကားဝင်းအတွင်းမှ လုပ်ငန်းရှင်များက ပြောသည်။

"ကားဝိုင်းတစ်ခုချင်းစီက ၈၀ လောက်ရှိတယ်။ အခု ပြောင်းရွှေ့ရမယ့် သီရိမင်္ဂလာစျေးဟောင်းက ပုဂ္ဂလိက ပိုင်တာ။ Auto Farmer ကုမ္ပဏီက ပိုင်တာ။ ကုမ္ပဏီက တရားဝင်တစ်နေ့ကို ကားဝင်ကြေး ၁,၀၀၀ ကောက်မယ်လို့ ပြောထားတယ်။ လက်ရှိကျွန်တော်တို့က တစ်နေ့ဝင်ကြေး ၂၀၀၊ ညအိပ်ကြေး ၃၀၀ နဲ့ အလုပ်လုပ်နေတာ"ဟု ဦးမင်းကိုမြင့်က ပြောသည်။

မြန်မာမော်တော်ကားရောင်းဝယ်ရေးဗဟိုအသင်းချုပ် (ရန်ကုန်)ကို ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး အဆိုပါအဖွဲ့အစည်းက ဟံသာဝတီကားရောင်းဝယ်ရေးစခန်း မပြောင်းရွှေ့ရေးဥပဒေကြောင်းအရ ကူညီပံ့ပိုးမှုများပြုလုပ်နေသည်ဟု အဆိုပါအသင်းဥက္ကဋ္ဌဦးအောင်သန်းဝင်းက ပြောသည်။

"ကျွန်တော်တို့က ဥပဒေကြောင်းအရ အားလုံးလုပ်ဆောင်သွားမှာပါ။ ဒီ ကားဝိုင်းမပြောင်းရွှေ့ရေး ဆန္ဒပြုလက်မှတ်ရေးထိုးသူ ၂,၀၀၀ ကျော်နဲ့အတူ မြို့တော်စည်ပင်ဝန်ကြီး ဦးလှမြင့်၊ မြို့တော်ဝန် ဦးမြင့်ဆွေ၊ သမ္မတဦးသိန်းစိန်၊ လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ဆီ လိပ်မူပြီး စာတင်ပို့ပြီးပါပြီ။ ကျွန်တော်တို့နဲ့ တွေ့ဆုံညှိနှိုင်းမှုမပြုသ၍ ကတော့ ကျွန်တော်တို့အစွမ်းရှိသလောက် အစွမ်းကုန်ဆောင်ရွက်သွားမှာပါ"ဟု မြန်မာမော်တော်ကားရောင်းဝယ်ရေးဗဟိုအသင်းချုပ် (ရန်ကုန်)၏ ဘဏ္ဍာရေးမှူး ဦးသိန်းသန်းက ပြောသည်။ ■

ရန်ကုန်မြို့တော်စည်ပင်နှင့် JICA တို့ပူးပေါင်း၍ မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအတွက် ဆွေးနွေးပွဲကျင်းပခဲ့

ထားထားဇင်

မဟာရန်ကုန် မြို့ပြဖွံ့ဖြိုးရေးမဟာဗျူဟာ စီမံကိန်းနှင့်သက်ဆိုင်သည့်ပြည်သူများနှင့် ပထမအကြိမ်တွေ့ဆုံ ညှိနှိုင်းအစည်းအဝေး(1st Stakeholder Meeting on the Strategic Urban Development Plan of the Greater Yangon)ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ မြို့တော်ခန်းမတွင် ဇန်နဝါရီ တတိယပတ်က ကျင်းပခဲ့ရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှအဆင့်မြင့်တာဝန်ရှိသူများနှင့် JICA Study Team မှ တာဝန်ရှိသူများက မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေးမဟာဗျူဟာစီမံကိန်းအတွက် ဆွေးနွေးတင်ပြသွားခဲ့ကြသည်။

ဆွေးနွေးပွဲအခမ်းအနားသို့ JICA အဖွဲ့မှ တာဝန်ရှိသူများ၊ မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်းမှ ဦးဆောင်ကော်မတီဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးဦးကျော်စိုးနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အဆင့်မြင့်အရာရှိများ၊ JICA Study Team နှင့် JICA Myanmar ရုံးမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မီဒီယာများနှင့် မြို့ပြဖွံ့ဖြိုးရေးနှင့်သက်ဆိုင်သည့် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍများမှ ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

"ဒီနေ့ ဆွေးနွေးပွဲမှာတော့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနဲ့ JICA တို့ပူးပေါင်းပြီးတော့ ပြောင်းလာတဲ့ ခေတ်စနစ်နဲ့အညီ တိုးတက်လာတဲ့ လူဦးရေအတွက် လိုအပ်တဲ့ ပြင်ဆင်ပြောင်းလဲမှုများနဲ့ ရေရှည်ဖွံ့ဖြိုးမှုစီမံကိန်းရေးဆွဲပြီး ရန်ကုန်မြို့အား နိုင်ငံတကာအဆင့် မိသန့်ရှင်းသာယာလှပတဲ့ မြို့တော်အဖြစ် အကောင်အထည်ဖော်သွားဖို့ဖြစ်ပါတယ်၊ ရန်ကုန်မြို့ဟာ ၂၀၄၀ ပြည့်နှစ်မှာ လူဦးရေ ဆယ်သန်းကျော် ရှိလာမယ့် Mega City အဆင့်ကို ရောက်ရှိလာမှာဖြစ်တဲ့အတွက် လက်ရှိ မြို့ပြဆိုင်ရာအခြေခံအဆောက်အအုံများအပြင် Mega City ရဲ့စိန်ခေါ်မှုများအတွက်ကိုပါ ကြိုတင်ပြင်ဆင်ရမှာဖြစ်ပါတယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးကျော်စိုးက ပြောကြားခဲ့သည်။

"ဒီနေ့ပြုလုပ်တဲ့ ဆွေးနွေးပွဲမှာ မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေးမဟာဗျူဟာ စီမံကိန်းနဲ့ သက်ဆိုင်တဲ့ ပြည်သူများနဲ့ ပထမအကြိမ် တွေ့ဆုံဆွေးနွေးပွဲကို ရေးမဟာဗျူဟာစီမံကိန်း၏ မြို့ပြဖွံ့ဖြိုးရေးမျှော်မှန်းချက်များနှင့် တည်ဆောက်မှုပုံစံ(Development Vision & Structure Plan) နှင့်မြို့ပြတည် ဆောက်မှုပုံစံအပေါ် မဟာဗျူဟာကျသော ပတ်ဝန်းကျင်လေ့လာဆန်းစစ်ချက်(Strategic Environmental Accessment -SEA-for the Structure Plans) နှင့် ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဌာနမှ ဒုတိယဌာနမှူး ဦးတိုးအောင်က ရှင်းလင်းတင်ပြခဲ့သည်။

"ကျွန်တော်ဒီနေ့တင်ပြမှာကတော့ ရန်ကုန်မြို့တော်စည်ပင်က ဦးဆောင်ပြီး စီမံကိန်းဆောင်ရွက်မယ့် နောက်ခံအကြောင်းအရာ၊ ရည်ရွယ်ချက်၊ နယ်မြေ၊ ကာလ စတာတွေကို တင်ပြထားပါတယ်၊ ရည်ရွယ်ချက်မှာတော့ မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲနိုင်ရေးအတွက် မျှော်မှန်းထားတဲ့ ပြီးပြည့်စုံတဲ့ အလယ်အလတ်ကာလနဲ့ ဖွံ့ဖြိုးရေးမျှော်မှန်းချက်တွေကို တင်ပြနိုင်ဖို့ လေ့လာဆန်းစစ်ချက်တွေအပေါ်မှာ အသုံးချပြီးအခြေခံအဆောက်အအုံစီမံကိန်းတွေ မြှင့်တင်ရေးမဟာဗျူဟာတွေ တင်ပြနိုင်ဖို့၊ လေ့လာဆန်းစစ်ချက်အကျိုးရလဒ်တွေ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ဖို့၊ လေ့လာဆန်းစစ်မှု ကဏ္ဍရဲ့ စွမ်းဆောင်မှုမြင့်တင်ရေးနဲ့ မဟာဗျူဟာတွေကိုတင်ပြနိုင်ဖို့အတွက်ဖြစ်ပါတယ်" ဟု ရှင်းလင်းတင်ပြခဲ့သည်။

ရန်ကုန်မြို့ဟာ ၂၀၄၀ ပြည့်နှစ်မှာ လူဦးရေ ဆယ်သန်းကျော်ရှိလာမယ့် Mega City အဆင့်ကို ရောက်ရှိလာမှာဖြစ်တဲ့အတွက် လက်ရှိမြို့ပြဆိုင်ရာအခြေခံအဆောက်အအုံများအပြင် . . .

ကျင်းပရခြင်းကလည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနဲ့ JICA တို့ ပူးပေါင်းဆောင်ရွက်နေတဲ့မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းတွေကို ပြည်သူများသိရှိစေဖို့အတွက် ကျင်းပရတာလည်းဖြစ်ပါတယ်"ဟုလည်း ၎င်းက ပြောကြားခဲ့သည်။

ထို့နောက်တွင် JICA Study Team ၏ Strategic Environmental Assessment/ Environmental and Social Consideration Expert ဖြစ်သူ Mr.Shigeru SAI မှ မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေးမဟာဗျူဟာ စီမံကိန်းအစည်းအဝေးကျင်းပရသည့်အကြောင်းကို ရှင်းလင်းဆွေးနွေးတင်ပြခဲ့သည်။

ဆက်လက်၍ မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးဆောင်ရွက်နေတဲ့ မြို့ပြစီမံကိန်းမှာ အကောင်အထည်ဖော်လုပ်မှုရေး မျှော်မှန်းချက်တွေအရ အဆိုပြုမယ့် မြို့တည်ဆောက်မှုပုံစံကို တင်ပြသွားမှာဖြစ်ပါတယ်၊ မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်းရဲ့ ကြားဖြတ်အစီရင်ခံစာကို စီမံကိန်းရဲ့ သတ်မှတ်ကာလအတွင်းမှာ အပြီးပြုစုပြီးတော့ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်နေ့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှာကျင်းပတဲ့မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာ စီမံကိန်း ဦးဆောင်ကော်မတီ တတိယအကြိမ်အစည်းအဝေးမှာ ကြားဖြတ်အစီရင် ခံစာရဲ့နိဒါန်းပိုင်းမှာ ဒဂုနခွဲမှအရာထမ်းအမှုထမ်း ၇၀ဦး၊မြို့ပြစီမံကိန်းအကြံပေးအရာရှိတစ်ဦးစသည်ဖြင့် ဖွဲ့စည်းပြီးတော့စီမံကိန်းဆောင်ရွက်ခဲ့ပါတယ်၊ စီမံကိန်းတွေ့ရှိချက်အရ လက်ရှိ ရေသုံးစွဲမှုမှာ ရန်ကုန်မြို့တော်အတွင်းမြို့ပြရေသုံးစွဲမှု ၅၇ ရာခိုင်နှုန်းရှိပြီးတော့ ဆက်စပ်မြို့နယ်တွေမှာ ရေသုံးစွဲမှု ၂၉ ရာခိုင်နှုန်းရှိတာတွေ့ရပါတယ်" ဟု ၎င်းက ဆက်လက်ရှင်းပြခဲ့သည်။

ဦးတိုးအောင်က ဆက်လက်ရှင်းလင်းတင်ပြခဲ့ရာတွင် ရန်ကုန်မြို့တည်ဆောက်မှု ပုံစံကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့ပြဖွံ့ဖြိုးမှုလူနေထိုင်မှုပုံစံနှင့်ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်ရှိ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့၏ မြို့ပြဖွံ့ဖြိုးမှုလူနေမှုပုံစံတို့ကို နှိုင်းယှဉ်တင်ပြခဲ့ပြီး ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီမှ အခြားသော အစိုးရဌာနများ၊ ကုမ္ပဏီ၊ အသင်းအဖွဲ့များနှင့် ရန်ကုန်မြို့ဖွံ့ဖြိုးတိုးတက်မှုအတွက် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖော်ထုတ်ခဲ့သည့် မြို့ပြအဆိုပြုပုံစံသုံးခုကို အဆိုပြုတင်ပြခဲ့ပါတယ်၊ ပုံစံ(၁)ကတော့ မြို့နယ်ဗဟိုပြု Sub-Centre System ၊ပုံစံ(၂)ကတော့ စိမ်းလန်းမြေတွေပါဝင်တဲ့ Sub-Centre with Green Isle System နှင့်ပုံစံ(၃)ကတော့ ဗဟိုစီးပွားရေးဇုန်တွေကို ဗဟိုပြုတဲ့ Super CBD Single-core System တို့ဖြစ်ပါတယ်၊ ဒီမြို့ပြဖွံ့ဖြိုးရေးပုံစံသုံးခုကို ဖော်ထုတ်ခဲ့ပြီး ခန့်မှန်းရရှိသော မြို့ပြတည်ဆောက်မှုပုံစံသုံးခုကို မြို့နယ် ၃၃ မြို့နယ်ရှိ အိမ်ထောင်စုများကို လူမှုရေးစစ်တမ်းကောက်ယူခဲ့ရာတွင် ၂၁ ရာခိုင်နှုန်းက ပုံစံ (၁)ကိုအဆိုပြုကြပြီး ၇၄ ရာခိုင်နှုန်းက ပုံစံ(၂)ကိုအဆိုပြုကြ၍ ကျန် ၅ ရာခိုင်နှုန်းမှာ မေးမြန်းချက်ကို နားမလည်

စာမျက်နှာ ၃၀ သို့

စိုင်းခွန်နောင်ကုမ္ပဏီမှ မင်္ဂလာတောင်ညွန့်ရုံးခွဲဖွင့်လှစ်

ထားထားဇင်

စိုင်းခွန်နောင် အိမ်ခြံမြေနှင့် ဥပဒေအကြံပေးလုပ်ငန်း၏ မင်္ဂလာတောင်ညွန့် ရုံးခွဲဖွင့်လှစ်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်နေ့တွင် ရုံးခွဲတည်ရှိရာ အမှတ် ၁၀၉၊ ပထမထပ်၊ စက်ရုံလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ လမင်းသာယာကွန်ဒို၌ ကျင်းပခဲ့သည်။

"အဓိကကတော့ မင်္ဂလာတောင်ညွန့် အနီးတစ်ဝိုက်မှာရှိတဲ့ ကျွန်တော့်မိတ်ဆွေတွေကို ရည်ရွယ်တာပါ။ ယုဇနပလာဇ၊ မင်္ဂလာစျေးတစ်ဝိုက်က မိတ်ဆွေတွေပေါ့။ နောက်အကြောင်းတစ်ချက်က ဒီကမိတ်ဆွေတွေက တာမွေရုံးချုပ်ကို လာဖို့ကျတော့ ယာဉ်ကြောတွေ အရမ်းကျပ်တဲ့အတွက် ခရီးကြန့်ကြာပြီး အလွယ်တကူမရောက်နိုင်ဘူး။ ဒါကြောင့် ဒီအနီးအနားမှာရှိတဲ့ မိတ်ဆွေတွေအဆင်ပြေအောင် မင်္ဂလာတောင်ညွန့် ရုံးခွဲကို ထပ်ဖွင့်လိုက်ရတာပါ"ဟု စိုင်းခွန်နောင် အိမ်ခြံမြေနှင့် ဥပဒေအကြံပေးလုပ်ငန်းမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုင်းခွန်နောင်က မြန်မာတိုင်း(မ်)သို့ ပြောသည်။

မင်္ဂလာတောင်ညွန့်ရုံးခွဲတွင် အိမ်၊ ခြံမြေ ရောင်း၊ ဝယ်၊ ငှားဝန်ဆောင်မှုလုပ်ငန်း၊ ပိုင်ဆိုင်မှုနှင့် မြေရာဇဝင်စိစစ်ခြင်း၊ ဂရန်အမည်ပေါက် လျှောက်ထားခြင်း၊ ရောင်းမှား၊ ဝယ်မှားမဖြစ်ရအောင် ဥပဒေအကြံပေးခြင်း၊ အိမ်၊ ခြံ၊ မြေရင်းနှီးမြှုပ်နှံရန် စျေးကွက်အလားအလာအကြိုပြုခြင်း စသည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ■



MYANMAR CONSTRUCTION INDUSTRY DIECTORY

တစ်ပတ်အတွင်း အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

အုတ်			
၅၅၅-(လက်အုတ်)	တစ်လုံး	၈၀	ကျပ်
ကွန်ကရစ်အုတ်	တစ်လုံး	၇၅	ကျပ်
၈-ပေါက်အုတ်	တစ်လုံး	၁၂၀	ကျပ်
ဘီလပ်မြေ			
SCG-Elephant	တစ်အိတ်	၄,၉၀၀	ကျပ်
သွပ်			
Super Star ကြယ်စိမ်း	၁ ပေ	၄၃၅	ကျပ်
ဆင်တံဆိပ် (အထူ)	၁ ပေ	၂၆၀	ကျပ်
ဆင်တံဆိပ် (အပါး)	၁ ပေ	၂၄၀	ကျပ်
Colour Steel			
အထူ 0.3 mm	၁ ပေ	၅၀၀	ကျပ်
အထူ 0.32 mm	၁ ပေ	၆၈၀	ကျပ်
အထူ 0.34 mm	၁ ပေ	၇၅၀	ကျပ်
သဲနှင့် ကျောက်အမျိုးမျိုး			
ကျောက်	၁ ကျင်း	၅၀,၀၀၀	ကျပ်
သဲ (ကြမ်း)	၁ ကျင်း	၈,၀၀၀	ကျပ်
သဲ (နု)	၁ ကျင်း	၆,၀၀၀	ကျပ်
အထပ်သား			
(၅)ထပ်သား (အကြမ်း)	၈ ပေ × ၄ ပေ	၇,၂၀၀	ကျပ်
(၅)ထပ်သား (အချော)	၈ ပေ × ၄ ပေ	၈,၂၀၀	ကျပ်

*ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။

Yangon : 554 776, 559 768, Fax : 554 776
Mandalay : 09-910 23733, 910 24733

အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရှိ လေးထပ်ခွဲ United Plaza အကြိုဖွင့်လှစ်

ထားထားခင်

အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း၊ ဆယ်မိုင်ရှိ လေးထပ်ခွဲ United Plaza ဟု အမည်ပေးထားသည့် အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်အကြိုဖွင့်လှစ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ရန်ကုန်မြို့၊ အလံပြဘုရားလမ်းရှိ Park Royal ဟိုတယ်၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ဆောက်လုပ်ရေးကုမ္ပဏီများ၊ ကန်ထရိုက်တာများ၊ အိမ်ဆောက်ပစ္စည်းကုမ္ပဏီများ၊ United Plaza မှ အများဆုံးဝယ်ယူအားပေးခဲ့သည့် customer များ၊ အခြားသည့်သည်တော်များနှင့် စာနယ်ဇင်းမှတ်ဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အကြိုဖွင့်လှစ်ပွဲအခမ်းအနားတွင် United Plaza ၏ အုပ်ချုပ်မှုဒါရိုက်တာဦးမြင့်စိုးက United Plaza ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို အကြိုဖွင့်လှစ်ခြင်း အခမ်းအနားမစတင်မီတွင် ရှင်းလင်းပြောကြားခဲ့သည်။

"ကျွန်တော်တို့ United Steel Group ကုမ္ပဏီက အိမ်ဆောက်ပစ္စည်းရောင်းဝယ်ခြင်းလုပ်ငန်းကို လွန်ခဲ့တဲ့ ၁၅ နှစ်လောက်ကတည်းက လုပ်ကိုင်ခဲ့ပါတယ်၊ မူလနေရာ ကုန်ဈေးတန်းမှာ ဖွင့်လှစ်ခဲ့ရာကနေ အိမ်ဆောက်ပစ္စည်းခေတ်တွေ ခေတ်ကောင်းလာတဲ့အချိန်မှာ ပြည်လမ်းမပေါ်မှာနေရာလည်း ရရှိတဲ့အတွက် ဆယ်မိုင်၊ စော်ဘွားကြီးကုန်းကို ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါတယ်၊ အဲဒီမှာ ပေ ၁၂၀× ပေ ၈၀ ရရှိတဲ့ လေးထပ်ခွဲ United Plaza အဆောက်အအုံကို ဆောက်လုပ်ခဲ့ပြီး အိမ်ဆောက်ပစ္စည်းအားလုံးကို တစ်နေရာတည်းမှာ one stopped service ပေးသွားနိုင်အောင် ရည်ရွယ်ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်"ဟု United Plaza အုပ်ချုပ်မှုဒါရိုက်တာ ဦးမြင့်စိုးက မြန်မာတိုင်း(မဲ)သို့ ပြောသည်။

၂၀၁၂ ဖေဖော်ဝါရီလတွင် United Plaza ၏ logo ပြိုင်ပွဲကို Park Royal ဟိုတယ်၌ပင် ကျင်းပခဲ့ပြီး ဆိုင်နာမည်ကိုလည်း ရွေးချယ်ခဲ့ကြကြောင်းသိရသည်။ လက်ရှိအချိန်တွင် United Plaza ကို soft opening အဖြစ် မြေညီထပ်တစ်လွှာကိုသာ ဖွင့်လှစ်ရသေး၍ ကျန်သုံးလွှာကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ယခုနှစ်ထဲတွင် ဖွင့်လှစ်သွားနိုင်မည်ဖြစ်သည်ဟုလည်း ဦးမြင့်စိုးက ပြောသည်။

"မြေညီထပ်မှာတော့ အိမ်ဆောက်ပစ္စည်းတွေ တော်တော်စုံစုံလင်လင်ပြသရောင်းချထားပါတယ်၊ အပေါ်ထပ်တွေမှာတော့ ရုံးသုံး၊ အိမ်သုံးပရိဘောဂတွေ၊ decoration အလှဆင်ပစ္စည်းတွေ၊ ready-made ကြမ်းခင်းတွေ၊ sanitary wares တွေ ရောင်းချသွားမှာဖြစ်ပါတယ်၊ လှေကားထစ်ဂရင်းနိုက်၊ ဓာတ် လှေကားရှေ့နေရာမှာ သုံးတဲ့ ဂရင်းနိုက်စသဖြင့် ဂရင်းနိုက်ပစ္စည်းအမျိုးအစားစုံလင်စွာ ပြသရောင်းချသွားမှာဖြစ်ပါတယ်၊ United Plaza ရဲ့ grand opening ကိုတော့ Plaza မှာပဲ ဒီနှစ် နှစ်ကုန်ပိုင်းလောက်မှာဖွင့်ပွဲ ကျင်းပသွားဖို့ရှိပါတယ်"ဟု ဒင်းက ပြောသည်။

အိမ်ဆောက်ပစ္စည်းအများစုကို တရုတ်နိုင်ငံမှတင်သွင်းသကဲ့သို့ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဂျပန်နှင့် အီတလီနိုင်ငံများမှ တင်သွင်းသည့် ပစ္စည်းများကိုလည်း ပြသရောင်းချထားမည်ဖြစ်သည်ဟုလည်း သိရသည်။ ထို့ပြင် မန္တလေးစက္ကူတောင်မှ စက္ကူကျောက်များကို ဝယ်ယူ၍ ကိုယ်ပိုင်စက်ဖြင့်ပိုင်းဖြတ်အရောင်တင်၍ ကိုယ်တိုင်ထုတ်လုပ်ရောင်းချခြင်းများလည်း ရှိကြောင်း ဒင်းကရှင်းပြခဲ့သည်။

ဆောက်လုပ်ရေးပစ္စည်းများထဲတွင် နံရံကပ်ကြွေပြားနှင့် ကြမ်းခင်းကြွေပြားများမှာ ရောင်းအားအကောင်းဆုံးဖြစ်သည်ဟုသိရပြီး United Plaza မှ ပထမဆုံးတင်သွင်းသည့် လှေကားထစ်ဂရင်းနိုက်များမှာလည်း ရောင်းအားအကောင်းဆုံးထဲတွင် ပါဝင်ကြောင်း ဒင်းက ဆက်လက်ရှင်းပြခဲ့သည်။

"ကျွန်တော်တို့ ၂၀၁၁ နှစ်စပိုင်းထဲက ဈေးကွက်ထဲစဖြန့်ပါတယ်၊ လက်ကားစနစ်ပေါ့၊ demand ကောင်းပါတယ်၊ ဆောက်လုပ်ရေးလုပ်ငန်းတွေကလည်း ပိုပြီးတော့ကောင်းလာပြီဖြစ်တဲ့အတွက် ဝယ်လိုအားများလာပါတယ်၊ ဆောက်လုပ်ရေးသမားတွေ၊ home decorators တွေက ဝယ်ကြပါတယ်၊ ၂၀၁၂ ထဲမှာ ဝယ်လိုအားပိုကောင်းခဲ့ပါတယ်၊ ၂၀၁၃ မှာ ဝယ်လိုအားဒီထက်ပိုကောင်းမယ်လို့ မျှော်မှန်းပါတယ်"ဟု ဦးမြင့်စိုးက ပြောသည်။

ရန်ကုန်မြို့၊ မန္တလေးမြို့များမှ မှာယူမှုများအပြင် နေပြည်တော်ဟိုတယ်များမှ မှာယူကြောင်းလည်း သိရသည်။ နေပြည်တော်၌ ၂၀၁၄ ခုနှစ်ထဲတွင် ဆောက်လုပ်ရေးပစ္စည်းဆိုင် ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်ဟုလည်း ဒင်းကပြောသည်။

United Plaza အကြိုဖွင့်လှစ်ပွဲ အခမ်းအနားတွင် ဝယ်အားအကောင်းဆုံး member များကို ကျေးဇူးတင်ပြန်သောအားဖြင့် top-ten buyers များကို ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ ဝယ်ယူအားပေးခဲ့ကြသူများထဲမှ United Plaza ၏ logo အရောင်အတိုင်းဝတ်ဆင်လာသူများကို လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့သည်။ ■

ရန်ကုန်မြို့တော်စည်ပင်နှင့် JICA တို့ပူးပေါင်း၍ မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေး . . .

စာမျက်နှာ ၂၉ မှ

ကြောင်း ကွင်းဆင်း စစ်တမ်းကောက်ယူချက်အရ တွေ့ရှိရကြောင်းလည်း ပြောကြားခဲ့သည်။

ဒင်းက ၂၀၄၀ တွင် ရှိမည့်ရန်ကုန်မြို့ပြဖွံ့ဖြိုးမှုမျှော်မှန်းချက် (၄)ရပ်ကိုလည်း ရှင်းလင်းပြသခဲ့ပြီး International Hub အဖြစ် နိုင်ငံတကာကို ဝင်ထွက်သွားလာနိုင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်သောနိုင်ငံ၏အဓိကအရေးပါသည့် ဖွံ့ဖြိုးတိုးတက်မှုဗဟိုဌာနအဖြစ် နိုင်ငံတကာ၏အချက်အချာ မြို့ဖြစ်လာမည့် စက်မှုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပညာရေး၊ ရှေးဟောင်းအနုပညာအမွေအနှစ်ထိန်းသိမ်းရေးလုပ်ငန်းများ အပြင် ဘေးအန္တရာယ်လျော့ချနိုင်ပြီး လူနေမှုအဆင့်အတန်းမြင့်မားချမှတ်ထားကြောင်းလည်း ဦးတိုးအောင်က ဆက်လက်ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါနေ့ဆွေးနွေးပွဲတွင် မြို့ပြစီမံကိန်းဌာနခွဲမှ လက်ထောက်ဌာနမှူး ဦးဝင်းလှိုင်ထွန်းက မြို့ပြအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးမဟာဗျူဟာ (Urban Infrastructure Development Strategy)နှင့်ပတ်သက်၍ ဖတ်ကြားဆွေးနွေးခဲ့ပြီး မြို့ပြစီမံကိန်းဌာနခွဲမှ ဌာနခွဲမှူးဒေါ်ခိုင်မိုးညွှန့်က မြေအသုံးချမှုစီမံကိန်းအတွက်ကြိုတင်ကြံဆချက် (Preliminary Idea of Land Use Plan) ခေါင်းစဉ်အားဖတ်ကြားဆွေးနွေးခဲ့သည်။ ထို့နောက်တွင် မြို့ပြစီမံကိန်းအကြံပေး ပညာရှင်ဒေါက်တာကျော်လတ်မှလည်း မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေးမဟာဗျူဟာစီမံကိန်းအပေါ် သုံးသပ်ဆွေးနွေးခဲ့သည်။ အဆိုပါဆွေးနွေးမှုတွင် ရန်ကုန်မြို့ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်မှုများတွင် ရင်ဆိုင်နေရသည့်အခက်အခဲများ၊ စိန်ခေါ်မှုများကို ဆွေးနွေးသုံးသပ်တင်ပြသွားခဲ့သည်။

ထို့နောက်တွင် ပြည်တွင်းပြည်ပမီဒီယာများနှင့် ရန်ကုန်တိုင်းဒေသကြီးမှလွတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

ပြန်လည်ဖြေကြားချက်များထဲတွင် JICA Study Team မှ ၂၀၁၈ ခုနှစ်အထိ မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေးမဟာဗျူဟာစီမံကိန်းအတွက် ကန်ဒေါ်လာ ၂,၂၄၅ ဘီလျံသုံးစွဲသွားရန် ခန့်မှန်းလျာထားကြောင်း ပြန်လည်ဖြေကြားချက်မှ သိရှိရသည်။ ထို့ပြင် On Line မှမြို့ပြ မြေဂရန်လျှောက်ထားနိုင်မှုနှင့် ပတ်သက်၍မေးမြန်းမှုကို မြို့ပြမြေယာဌာန၏ ဌာနမှူး ဦးမြတ်သက်ကရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏လမ်းညွှန်ချက်နှင့် အညီ မကြာမီကာလတွင် e-application လျှောက်ထားနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး e-application ဆောင်ရွက်ရန်အတွက် ဝန်ထမ်းများကို သင်တန်းပေးသွားနိုင်ရန် KMD Computer Group နှင့် ပူးပေါင်းစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆောင်ရွက်ပြီးစီးသွားပါက ရန်ကုန်မြို့တော် စည်ပင်ဝက်ဘ်ဆိုက်မှတစ်ဆင့် e-application ကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ရန်ကုန်မြို့နေပြည်သူများကို မြေဂရန်လျှောက်ရာတွင် e-application ကိုသုံးစွဲတတ်လာအောင် အလေ့အကျင့်ရလာစေရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ဌာနမှူးဦးမြတ်သက်က ပြန်လည်ဖြေကြားခဲ့သည်။

ထို့ပြင်ရန်ကုန်မြို့ရှိ တိုးတက်လာသော လူဦးရေနှင့် အနာဂတ်တွင် ဆောင်ရွက်မည့်စီမံကိန်းများတွင် ကားပါကင်လုံလောက်စွာ ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ဖေးလမ်းကြား အမှိုက်ပစ်ခြင်းအတွက် ပညာပေးဆောင်ရွက်ခြင်းနှင့် လမ်းဘေးစွေးသည်စည်းကမ်းထိန်းသိမ်းမှုများ ဆောင်ရွက်နေခြင်းများ၊ ရေနုတ်မြောင်းနှင့် ဘတ်စ်ကားမှတ်တိုင်ဆောင်ရွက်မှုအခြေအနေစသည့် အချက်များသည်လည်း မေးမြန်းမှုများတွင် ပါဝင်ခဲ့သည်။ ■





ထုထည်ကြီးမားခန့်ညားတဲ့ မရမ်းကုန်းမြို့နယ်က လုံးချင်းအိမ်



မြတ်ငြိမ်းအေး
အိမ်ဧကပြေသတင်းထောက်

တည်နေရာ - မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းသွယ်။
ဈေးနှုန်း - ဒေါ်လာ ၄,၀၀၀ (အငှား)(တစ်လ)။ **ဖုန်း** – ၀၁-၉၆၆၉၀၆၁။
ဆက်သွယ်ရန် – မိုးမြင့်သော်တာ အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်း။



ဒီဇာန်ပတ်အတွက်တော့ မရမ်းကုန်းမြို့နယ်အတွင်းမှာရှိတဲ့ လုံးချင်းအိမ်လေးကို ဖော်ပြပေးလိုက်ပါတယ်။ ဒီအိမ်လေးက အငှားအိမ်ဖြစ်ပြီး အိမ်ထောင်ပရိဘောဂတွေလည်း အပြည့်အစုံပါဝင်တဲ့အပြင် ပြင်ဆင်တည်ဆောက်ထားမှုကလည်း အိမ်တွင်းရော အိမ်ပြင်ပါ လှပတာမို့ ငှားလိုသူတွေစိတ်ကြိုက်ဖြစ်စေမှာပါ။

ဒီအိမ်လေးက အရင်အိမ်ဟောင်းကို ပြန်လည်ပြုပြင်မွမ်းမံ ပြီးစီးတာ တစ်နှစ်ပဲ ရှိပါသေးတယ်။ ဒါကြောင့်မို့ အိမ်ရဲ့ ဒီဇိုင်းနဲ့ ပြင်ဆင်မှုတွေက သစ်လွင်ဆန်းသစ်နေတဲ့အတွက် အိမ်သစ်၊ အိမ်ကောင်းကိုမှ ငှားလိုသူတွေအတွက် အကြိုက်တွေ့စေမှာပါ။

ဒီခြံရဲ့ အကျယ်အဝန်းကတော့ စတုရန်းပေ ၆,၄၀၀ ရှိပြီး အိမ်ရဲ့ အကျယ်အဝန်းကတော့ စတုရန်းပေ ၂,၄၀၀ ရှိပါတယ်။ အိမ်နဲ့ ခြံကို မျှမျှတတ ဆောက်ထားတာမို့ ခြံထဲမှာလည်း နေရာလွတ်တွေ ရှိတာကို တွေ့ရပါတယ်။ ဒါကြောင့် ခြံဝင်းကျယ်ကျယ်မှာ နေချင်သူတွေအတွက် အဆင်ပြေမှာပါ။ နောက်ပြီး ကားနှစ်စီးစာ ကားဂိုဒေါင်ကိုလည်း သီးသန့်ပြုလုပ်ထားတဲ့အတွက် ကားထားဖို့ကိုလည်း ခေါင်းစားနေစရာမလိုဘဲ ကားကိုလည်း လုံခြုံစိတ်ချစွာ ထားနိုင်မှာပါ။

အိမ်ရဲ့ခြံဝင်းနဲ့ ခြံတံခါးကိုလည်း ထုထည်ကြီးကြီးမားမားနဲ့ ခိုင်ခိုင်ခံ့ခံ့ ဆောက်လုပ်ထားတဲ့အတွက် အိမ်ရဲ့ လုံခြုံမှုကလည်း စိတ်ပူစရာ မလိုလောက်အောင်ပါပဲ။ အိမ်ရှေ့မှာ အရိပ်ရအပင်ကြီးနှစ်ပင်ရှိပြီး သစ်ပင်စိုက်နိုင်တဲ့ မြေခုံလေးလည်း ရှိပါတယ်။

အိမ်ထဲကို ဝင်ကြည့်မယ်ဆိုရင်တော့ ဖိနပ်စင်ထားတဲ့ နေရာကို အရင်တွေ့ရပြီး အထဲကိုဆက်ဝင်ရင်တော့ ဘယ်ဘက်ခြမ်းမှာ ည့ဉ်နန်းကို တွေ့ရပါလိမ့်မယ်။ ည့ဉ်နန်းကို တွေ့လိုက်တယ်ဆိုရင်ပဲ ဆိုဖာခင်းထားတဲ့ သစ်သား ဆက်တီ၊ တီဗီ၊ stand အဲကွန်း တစ်လုံး၊ ခန်းဆီးလိုက်ကာလေးတွေ အပြင် လျှပ်စစ်မီးအိမ်လေးတွေနဲ့ မွမ်းမံပြင်ဆင်ထားတဲ့ ပြီးပြည့်စုံလှတဲ့ ဖွဲ့စည်းမှုကို တွေ့ရပါတယ်။ အိမ်ထဲကို ဝင်လာတဲ့ ဘယ်သူပဲဖြစ်ဖြစ် အမောပြေစေမယ့် ည့ဉ်နန်းလေးလို့ မြင်မိပါတယ်။

နောက်ဘက်ကို ဆက်သွားရင်တော့ ထမင်းစားခန်းကို တွေ့ရပါလိမ့်မယ်။ ထမင်းစားခန်းကိုတော့ သီးသန့် အခန်းမဖွဲ့ထားပဲ အလှပစ္စည်းလေးတွေ တင်တဲ့ သစ်သားစင်လေးနဲ့သာ ကာရံထားတာကို တွေ့ရပါတယ်။ သူ့ရဲ့ ဘယ်ဘက်မှာတော့ ရေချိုးခန်း အိမ်သာ တစ်ဆက်တည်းပါတဲ့ အိပ်ခန်းကျယ် ရှိပါတယ်။ ဆက်လျှောက်သွားရင်တော့ မီးဖိုချောင်ကို တွေ့ရမှာပါ။

မီးဖိုချောင်ကလည်း သပ်သပ်ရပ်ရပ် ဖွဲ့စည်းထားပါတယ်။ မီးဖိုချောင်ပြီး ရင်တော့ အောက်ထပ်မှာ ကြည့်စရာတွေ ကုန်ပြီမို့ အပေါ်ထပ်ကို တက်ခဲ့ပါတယ်။ အိမ်ပေါ်မှာတော့ ဘုရားစင်ထားလို့ ရတဲ့ နေရာလွတ်တစ်ခုရယ် သူ့ရဲ့ နောက်ဘက်မှာတော့ အိပ်ခန်းသုံးခန်း ရှိတာကို တွေ့ရပါတယ်။

အိပ်ခန်းကျယ်တစ်ခုရှိပြီး ရေချိုးခန်း အိမ်သာ တစ်ဆက်တည်းပါတဲ့အပြင် နံရံကပ် ဗီရိုကြီးတစ်ခုလည်း ပါဝင်ပါတယ်။ နောက်ပြီး ဒီအခန်းအတွက် သီးသန့်ဝရန်တာလေးကိုလည်း ပြုလုပ်ပေးထားပါတယ်။ နောက်ထပ် အိပ်ခန်းနှစ်ခန်းကတော့ ရိုးရိုးအိပ်ခန်းပါ။ အရှေ့ဘက်မှာတော့ ဝရန်တာကျယ်တစ်ခုလည်း ရှိတဲ့အတွက် ညနေဘက်မှာပဲ ဖြစ်ဖြစ် ညဘက်တွေမှာပဲ ဖြစ်ဖြစ် မိသားစုတွေနဲ့ စိတ်အပန်းဖြေနိုင်မှာပါ။

အိမ်ရဲ့ အပေါ်ထပ်တစ်ခုလုံးကို ကျွန်းပါကေး ခင်းထားပြီး အောက်ထပ်ကိုတော့ ကျောက်ပြား ခင်းထားပါတယ်။ ဒီအိမ်လေးမှာ အသုံးပြုထားတဲ့ ပစ္စည်းတွေကလည်း ခေတ်မီဒီဇိုင်းဆန်း ပစ္စည်းတွေမို့ နေထိုင်သူတွေအတွက် အဆင့်မြင့်မြင့်နဲ့ အဆင်သင့်နေထိုင်နိုင်မယ့် အိမ်လေး တစ်လုံးလို့လည်း မြင်မိပါတယ်။

ဒါကြောင့် အိမ်ငှားလိုနေတဲ့ နိုင်ငံခြားည့ဉ်သည်တွေပဲဖြစ်ဖြစ်၊ ရုပ်ဝေးကနေ ရန်ကုန်မြို့မှာ အိမ်ငှားလိုတဲ့ မိသားစုတွေအတွက်ပဲဖြစ်ဖြစ် ဈေးနှုန်းသင့်တင့်ပြီး တည်နေရာနဲ့ တည်ဆောက်မှု ကောင်းမွန်တဲ့ လုံးချင်းအိမ်လေးကို ရွေးချယ်မယ်ဆိုရင်တော့ ဒီအိမ်ကို ရွေးချယ်တာက မမှားဘူးလို့ ဆိုချင်ပါတယ်။

ဒီအိမ်လေးမှာ အဲကွန်း စုစုပေါင်း ငါးလုံးပါဝင်ပြီး လိုင်းဖုန်းတစ်လုံးလည်း ပါဝင်ပါတယ်။ ကိုယ်ပိုင်မီတာအပြင် ရေကတော့ အဝီစရော ဂျိုးဖြူပါ ရပါတယ်။ ခြံထဲကိုလည်း ကွန်ကရစ် အပြည့် ခင်းထားပါတယ်။ ■



အရေးကြီးကြေညာချက်

လူတွေဟာ တစ်ခါတစ်ရံ အငြင်းအခုံဖြစ်ကြရတတ်ပါတယ်။
စာဖတ်ပရိသတ်အပေါ်ထားရှိတဲ့ ကျွန်ုပ်တို့ရဲ့
အာမခံမှုကတော့ ရှိနေဆဲပါ။

ဟိုတလောက မြန်မာတိုင်း(မ)မှာအငြင်းအခုံဖြစ်တဲ့ သတင်းကို စာဖတ်သူတချို့သတိထားမိကြမှာပါ။
ဘာတွေဖြစ်နေဖြစ်နေ စာဖတ်သူတို့ထံကို မြန်မာတိုင်း(မ်)စာစောင် အချိန်မှန်မှန်
မပျက်မကွက်ရောက်လာရမယ်ဆိုတဲ့ အာမခံချက်ကတော့ မပြောင်းလဲတစ်သမတ်တည်း ရှိနေပါတယ်။
ဒါကြောင့် မြန်မာတိုင်း(မ်)ကို ယုံကြည်မှုအပြည့်နဲ့ လပေးမှာယူ ဖတ်ရှုနိုင်ပါတယ်။ စာဖတ်သူတို့ထံ
မြန်မာတိုင်း(မ်)စာစောင် ရောက်မလာနိုင်ခဲ့ရင် စာဖတ်သူတို့ထံက ကြိုတင်ငွေလက်ကျန်ကို
အပြည့်ပြန်အမ်းပေးပါမယ်။ မှန်ပါတယ်။ ကြိုတင်ငွေလက်ကျန်အပြည့် ပြန်အမ်းပေးဖို့အာမခံပါတယ်။
ယနေ့ကစပြီး မတ်လ (၃၁) ရက်နေ့အတွင်း လပေးမှာယူဖတ်ရှုဖို့ ငွေပေးသွင်းမယ်ဆိုရင်
ကျွန်ုပ်တို့ရဲ့နေ့စဉ်သတင်းစာအသစ်ကို အပတ်စဉ်ထုတ်ဝေနယ် နှုန်းနဲ့
နေ့စဉ်ဖတ်ရှုနိုင်တော့မှာဖြစ်ပါတယ်။

ဒါကိုပဲ ကျွန်ုပ်တို့က နေ့စဉ် "အပေးအယူ" လို့ ခေါ်တာပါ။

ဒီ အီးမေးလ်ကို ပို့လိုက်ပြီး ယခုပင် မှာယူနိုင်ပါပြီ။

IwantmyMTnow@gmail.com

မြန်မာတိုင်း(မ်) မှ လည်း သင့်အီးမေးလ်လက်ခံရရှိသည်နှင့် စာစောင်ကိုအမြဲတိုင်ရာရောက် အမြန်ဆုံးပို့ဆောင်ပေးပါလိမ့်မယ်။
သင့်အိမ်အထိ လာရောက် ဆွဲယောက်ယူခြင်းမြင့် အဖကောင်းဆုံးဝန်ဆောင်မှုပေးမှာပါ။
ကျွန်ုပ်တို့ အာမခံချက်ကိုလည်း မခမဲ့ပါနဲ့။

၂၀၁၃ မတ်လ ၃၁ ရက်အထိ အထူးဈေးနှုန်းများကို အောက်မှာ ဖော်ပြထားပါတယ်။

MYANMARTIMES	၆ လ - ၂၇,၀၀၀ ကျပ်	MYANMARTIMES	တစ်နှစ် - ၅၁,၀၀၀ ကျပ်
မြန်မာတိုင်း(မ်)	၆ လ - ၁၇,၀၀၀ ကျပ်	မြန်မာတိုင်း(မ်)	တစ်နှစ် - ၃၀,၀၀၀ ကျပ်
MYANMARTIMES မြန်မာတိုင်း(မ်)	၆ လ - ၄၀,၀၀၀ ကျပ်	MYANMARTIMES မြန်မာတိုင်း(မ်)	တစ်နှစ် - ၇၀,၀၀၀ ကျပ်

မှတ်ချက် ။ ။ ကျွန်ုပ်တို့ဘာတော်မထုတ်ဝေမိုင်ဒိုရင် ဂျွတ်ြိုးပေးသွင်းထားတဲ့ ငွေရှိသက်ကန့်ကို ပုန်စရက်ကဘွင်းကြည်ပြီးနောက်ပါ MCM တာဘာမဆိုပါတယ်။
မကြာမီရက်ပိုင် သတင်းစာအကြောင်းကားပြီးလို့ တစ်ပတ်ရာနှုန်းယ် တစ်ဖတ်ရှုနိုင်ရန် ပေးသွင်းထားတဲ့ ငွေကိုရပြီး တစ်ပတ်ကမှ စသတင်းကြား တစ်ပတ်သိမ်းဆုံးရက်သတင်းစာကို သင့်လျော်အပြီးပါတယ်။
ဝယ်ယူနိုင်စေရန်သွင်းထားကိုသဲ လက်ခံမှုကြည်ပါတယ်။ တစ်နှစ်ထားတော့ ပိုမေးသွင်းကိုမရပါ။ ဒီအကြောင်းလျှောနှုန်းရှောမှုမရတော်ဆုံးရက်ကတော့ ၂၀၁၃ ခုနှစ် မတ်လ ၃၁ ရက်ပြီးပါတယ်။

Classifieds

■ အိမ်ခြံမြေကဏ္ဍ ■ ကွန်ပျူတာနှင့် အိုင်တီ

သောကြာနေ့၊ ဖေဖော်ဝါရီလ ၂၂ - ၂၈၊ ၂၀၁၃

ဘယ်လို ကြော်ငြာရမလဲ

ဖက်စ်နံပါတ်လိုလျှင် – ၉၅၁- ၂၅၄၁၅၈

အီးမေးလ်ပို့လိုလျှင် – classified@myanmartimes.com.mm, advertising@myanmartimes.com.mm

စာတိုက်မှတဆင့် – ၁၀၉ ၃၀၁၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဒီဇနေ့ကျမှာကြော်ငြာပို့လျှင်

ခင်မွန်မွန်ရည်- ၉၅၁-၃၉၂၆၇၆၊ ၃၉၂၉၂၈
classified@myanmartimes.com.mm

အိမ်ခြံမြေ (အငှား)

ဗဟန်း

တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ၆ လွှာ၊ အိမ်ခန်း ၃ ခန်း၊ ရေချိုးခန်း ၂ ခန်း၊ အဲကွန်း ၂ လုံး၊ ဖုန်း- ၀၉-၄၃၁၆-၄၁၆၂။

ဗဟန်း

ရွှေတောင်ကြား-ကမ္ဘောဇလမ်း၊ ပေ ၈၀ နှင့် ပေ ၁၀၀ (2RC), ပေ ၅၀ နှင့် ပေ ၆၀ (4MBR, 1BR, Ph, Generator, Full Furnished, ပါကေးခင်း၊ ကြေပြားကပ်)။ US$ 5000. ကိုဝင်းထွန်း-ဖုန်း-၀၉-၄၃၀၃-၁၆၉၉။

ရန်ကင်း

သုခဝတီရှိ နိုင်ငံခြားသားနေရန် လုံးချင်းအိမ်၊ အဆင့်မြင့် ပြင်ဆင်ပြီး။ ကိုနေလင်းဦး-ဖုန်း-၀၉-၄၂၁၁-၀၀၉၉၇။

မရမ်းကုန်း/ တောင်ဥက္ကလာ / တာမွေ

(၁) နဂါးရုံဘုရားလမ်း၊ ပေ ၈၀ နှင့် ပေ ၂၀၀၊ 2RC (၂) ဝေဃယန္တာလမ်းမ၊ ပေ ၄၀ နှင့် ပေ ၆၀၊ 4RC (သစ်) (၃) ဦးချစ်မောင်အိမ်ရာ၊ ၂၅ ပေနှင့် ပေ ၆၀၊ 5RC။ ဖုန်း-၀၉-၈၃၀-၆၁၆၊ ၀၉-၅၂၀-၅၂၆၊ ၀၉-၅၀၅-၅၄၅၂။

ဗဟန်း

ဗိုလ်ချုပ်ပန်းခြံအနီး၊ စားသောက်ဆိုင်ဖွင့်ရန် အသင့်ပြင်ဆင်ပြီး၊ ကားပါကင်ကျယ်၊ အဆောက်အအုံ ၃ ခု၊ စုစုပေါင်းအကျယ် 3000 Sqft. ဖုန်း-၅၄၆၉၃၅၂၊ ၀၉-၄၂၀၀၁-၂၂၂၂

၁၀ မိုင်

(၁) ခြံ- ပေ ၁၅၀ နှင့် ပေ ၁၂၀၊ အိမ်-ပေ ၁၀၀ နှင့်ပေ ၈၀၊ ၂ ထပ် RC, 5MBR,3BR, 9AC, Ph, Full Furniship. ကားအစီး ၁၀၀ ဆန်။ US-$ 600. (၂) ပြည်လမ်းမပေါ်၊ ပေ ၅၀ ပတ်လည်၊ RC ၃ ထပ်၊ တိုက်သစ်၊ 5AC, 2MBR, 2BR. ၁၅ သိန်း။ (၃) မြဝတီမင်းကြီးလမ်း၊ ၅၈ ပေနှင့် ပေ ၁၀၀၊ RC ၂ ထပ်၊ 3MBR, 4AC. ၁၅ သိန်း။ (၄) လေဆိပ်ရိပ်သာ၊ ပေ ၂၀၀ နှင့် ပေ ၁၀၀၊ 1RC, 2MBR, 5AC, 2Ph, ခြံဝင်းကျယ်။ သိန်း-၂၀။ (၅) လေဆိပ်ရိပ်သာ၊ ပေ ၄၀ နှင့် ၁၅ ပေ၊ ပျဉ်ထောင်၊ ရေမိုး၊ ၈ သောင်း။ ဖုန်း-၀၉-၄၂၀၀-၁၄၃၆၃။

အလုံ

နိုင်ငံခြားသားများအတွက် အဆင့်မြင့် ပြင်ဆင်ပြီး၊ River View & Shwedagon Pagoda View Condo. ဖုန်း-၀၉-၅၁၃၃-၃၉၉၈၊ ၀၉-၅၀၀-၅၄၂၂။

ပုဇွန်တောင်

ရေကျော်လမ်းမ၊ ၁၉ ပေနှင့် ၆၅ ပေ၊ မြေညီ၊ ဟော။ ၈ သိန်း။ ဖုန်း-၁၉-၀၃၂၄-၃၉၈၂၊ ၀၉-၅၀၅-၁၆၅၈။

၈ မိုင်

(၁) Junction 8 အနီး၊ ပေ ၄၀ နှင့် ပေ ၈၀၊ RC ၂ ထပ်၊ M1, B2, 5AC, Ph. US 2500. (၂) Garden Home, ပေ ၆၀ နှင့် ပေ ၈၀၊ M3, B1, 6AC, Ph, RC ၂ ထပ်။ ၁၃ သိန်း။ ဖုန်း-၀၉-၈၅၈-၆၁၀၃။

အင်းစိန်လမ်းမ

နေရာကောင်း၊ ၁၅ ပေနှင့် ပေ ၆၀၊ မြေညီ၊ အပြန်ဂွာမည်။ ညှိနှိုင်းစရာ။ ဖုန်း-၀၉-၄၂၀၀-၀၆၂၅။

တာမွေ/ ကျောက်တံတား

(၁) ကျိုက္ကဆံလမ်း၊ ၁၅ ပေနှင့် ပေ ၅၀၊ GF, Hall. ၇-သိန်း။ (၂) ဆူးလေဘုရားလမ်း၊ ၁၃ ပေနှင့် ပေ ၆၀၊ 1F, Hall. ၂.၅ သိန်း။ ဖုန်း-၀၉-၅၀၀-၃၁၀၈၊ ၀၉-၅၀၁-၂၆၃၅။

ပုဇွန်တောင်/ အလုံ

(၁) 1700sq.ft, 1MB, 2SB, 2AC, CABINET, SOFA, မီးစက်ပါ။ ၁၀-သိန်း။ (၂) ကမ်းနားလမ်း၊ ၃၆ ပေနှင့် ၃၈ ပေ၊ တိုက်ခန်း၊ 1MB, 2SB, AC, ပါကေးခင်း၊ ၄-သိန်း။ ဖုန်း-၀၉-၄၂၀၀-၀၆၂၅၆။

၁၀ မိုင်

ပြည်လမ်းသွယ်၊ 2 RC, တိုက်သစ်၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ မီးစက်၊ AC ပါ။ Fully Furnished $ 6000. ဖုန်း-၀၉-၄၂၀၀-၀၆၂၅။

ပြည်လမ်း

ပေ ၃၀ နှင့် ပေ ၅၀၊ ထပ်မိုးပါ၊ lift ပါ၊ အဆင့်မြင့်ပြင်ပြီ။ $2250. ဖုန်း-၀၉-၄၂၀၀-၀၆၂၅၆။

သာကေတ/ တာမွေ/ စမ်းချောင်း

(၁) ၁၁၅ ပေနှင့် ၀၅၅ ပေ၊ Lift, 01 MBR (၂) ပေ ၁၁၀ နှင့် ပေ ၁၆၀၊ 4½RC, 2½RC, Lift, 48MBR. (၃) ဗားဂရာလမ်းမ၊ ပေ ၈၀ ပတ်လည်၊ 9RC, Lift. ဖုန်း-၀၉-၀၃၁၀-၆၂၆၊ ၀၉-၅၀၀-၅၄၅၂။

ကျောက်တံတား

၃၅ လမ်းနှင့် ၃၆ လမ်းကြား၊ အနော်ရထာလမ်းမပေါ်၊ ၃၂ ပေ နှင့် ၄၅ ပေ၊ ပထပ်၊ တော်ဝင်ပြန်မာတိုက်သစ်။ ဖုန်း-၂၅၃၄၃၃။

ဟိုတယ်

လက်ရှိမွှင့်လှစ်နေသော ရခိုင်ပြည်နယ်ရှိ ကမ်းခြေဟိုတယ် ငှားမည် (သို့) အကျိုးတူ ပူးပေါင်းမည် (သို့) အသစ်ဆောက်လုပ်ရန် မြေကွက်ကျယ် နှစ်ရှည်ငှားမည်။ ကမ်းခြေနှင့် ဆက်စပ်လျက်ရှိသော ကျွန်းနှစ်ရှည်ငှားမည်။ ဖုန်း-၀၉-၈၆၃-၈၁၉၃၊ ၀၉-၅၀၁-၂၆၃၅။

မြေကွက်ကျယ်

မော်တော်ယာဉ် စက်ပြင်လုပ်ငန်း၊ ဘော်ဒီရုံ၊ အောက်ပိုင်းဝပ်ရွှေ့ဖွင့်လိုသူများအတွက် ရန်ကုန်မြို့နှင့်အနီးဆုံး ငငုံးရိပ်တံတားအနီး မြေကွက်ကျယ် ငှားရန်ရှိသည်။ ဖုန်း-၀၉-၄၉၆၆-၆၃၀၈၊ ၀၉-၅၀၁-၂၆၃၅။

ပြည်လမ်း

၆၄၊ အင်းယားပျဉ်းကွန်ဒို။ ဖုန်း-၀၉-၄၃၀၀-၄၄၂၃။

ဒဂုံမြို့နယ်

ကွန်ဒို၊ ပြင်ဆင်ပြီး၊ ၃၃ ပေနှင့် ၅၅ ပေ၊ ၈-သိန်း။ ဖုန်း-၀၉-၄၂၀၀-၀၆၂၅၆။

လှိုင်သာယာ

(ဂိုဒေါင်) စက်မှုဇုံ (၁)၊ အမှတ် ၃၄၊ ပန်းတဉ်း၀နဲ့ ဦးသွေးလင်းမဏ္ဍိ ပေ ၁၀၀ နှင့် ပေ ၂၀၀၊ ဂိုဒေါင်မြေ အကျယ်မပါ၊ ပေ ၂၀ နှင့် ပေ ၄၀၊ နှစ်ထပ်ခွဲနေခန်းပါ၊ ဖုန်း ၁ လုံး၊ 315 KV ရှိ ပါဝါဓိတာ၊ သိန်း ၄၀၊ အငှား/ညှိနှိုင်းမှု၊ ဖုန်း-၀၉-၅၁၀၁-၃၃၄၂၊ ၀၉-၀၂၁-၀၀၀၃၀။

လသာ

ရန်ကုန်မြို့လည်ခေါင် အချက်အချာကျသော တရုတ်တန်းတွင် ၇ ထပ်ပုံးချင်းတိုက်အသစ်၊ ၂၆ ပေနှင့် ပေ ၆၀၊ ပြင်ဆင်ပြီး၊ ဓာတ်လှေကားပါ၊ တိုက်အသစ် ငှားမည်။ အကျိုးဆောင် မလိုပါ၊ တစ်လ-သိန်း-၁၂၀။ ဖုန်း-၀၉-၈၆၁-၃၃၈၈။

ကမာရွတ်

စီးပွားရေးလုပ်ရန် အချက်အချာကျပြီးလူစည်ကားသော အင်းစိန်လမ်းမပေါ်တွင် ငှားရန်ရှိပါသည်။ ငှားမည်သူသာ ဆက်သွယ်ပါ။ အကျိုး ဆောင်မလိုပါ။ ဖုန်း-၀၉-၅၀၀-၆၆၁၃။

မုဒိတာအိမ်ရာ

၁၅ ပေနှင့် ၄၅ ပေ၊ 7th floor, lift, 1MBR, 1BR, ပါကေးခင်း၊ မီးဖိုခန်း/ရေချိုးခန်း/အိမ်သာ ကြေပြားခင်း။ ဖုန်း-၀၉-၄၄၀၀-၀၆၅၂၀။

စံပြဈေးအနီး

အမြိုနှိုင်း စာသင်ခန်း ငှားရန်ရှိသည်။ ဖုန်း-၀၉-၈၃၀၄-၅၁၆။

ရန်ကုန်မြို့

အခြေခံကျသောနေရာ၊ ကားပါကင်ကောင်းမွန်ကျယ်ဝန်းစိတ်ချရသောနေရာ၊ 1260 Sqft အကျယ်ရှိသောမြေညီထပ်၊ လှုပ်ရှားဆောင်ရွက်လိုပါက ဆက်သွယ်ပါ။ ဖုန်း-၀၉-၈၆၃-၈၁၉၃၊ ၀၉-၅၀၁-၂၆၃၅။

သဃ်ိန်းကျွန်း

မဓေအိမ်ရာအနီး၊ တိုက်သစ်၊ ပထပ်၊ ၁.၅ ၅၅ ပေနှင့် ပေ ၅၀၊ ရေချိုးခန်း/အိမ်သာ (ဘိုထိုင်) ကြေပြားကပ်၊ ပြင်ဆင်ပြီး၊ ဖုန်း-၀၉-၄၃၀၄-၂၂၃၃။

အလုံ

မနော်ဟရိရိပ်သာ၊ ဗဟိုလမ်း၊ ၁၃ ပေနှင့် ၄၈ ပေ၊ တတိယထပ်၊ ထပ်ပိုးပါ၊ 1 BR, 2 AC, ပါကေး၊ လိုင်းဖုန်းပါ။ ၃.၅ သိန်း။ (ပွဲစား မလိုပါ) ဖုန်း-၀၉-၀၂၀၄-၀၂၁၆။

ငှားလိုသည်

လှုပ်ငန်းလှုပ်ကိုင်ရန်

သင့်လျော်သော နေရာများငှားလို သည်။ အင်းယားလမ်း၊ တက္ကသိုလ် ရိပ်သာလမ်း၊ ရွှေဂုံတိုင်လမ်းမ၊ သံသုမာလမ်းမ၊ ရတနာသာလမ်းမ။ ဖုန်း- ၀၉-၄၂၀၁-၀၀၀၇၄။

ဝယ်လိုသည်

ပုဇွန်တောင်/ ဗိုလ်တထောင်

လမ်းသန့်ရှိ ၂၅ ပေနှင့် ပေ ၅၀ ရှိ မြေညီထပ်တိုက်အနှစ်။ မစီစီပြင့် အောင်-ဖုန်း-၀၉-၄၂၀၁-၀၀၉၉၅။

လှိုင်သာယာ

စက်မှုဇုန် ၁၊ ၂ တွင် မြေ ၂ ဧက အပြန်ဝယ်လိုသည်။ ပိုင်ရှင်ကိုယ် တိုင်ဆက်သွယ်ပါ။ ကိုနိုင်မျိုးဦး- ဖုန်း-၀၉-၄၂၁၁-၀၀၉၉၅။

အရှေ့ဒဂုံ

ရပ်ကွက်-၆၁၊ ဂိတအစည်းအရုံး အကွက်အမှတ် (၃၁၅၇)၊ လက်ဝယ်ရှိသူထံမှ ဝယ်ယူလိုပါသည်။ အကျိုးဆောင်များလည်း ဆက်သွယ်နိုင်ပါသည်။ ဖုန်း-၀၉-၈၆၁-၃၃၈၈။

ရန်ကုန်မြို့

အတွင်းရှိ မြေလခစား မြေရှင်များ ထံမှ မြေကန်သီးသန့် ဝယ်ယူလိုပါသည်။ အကျိုးဆောင်များလည်း ဆက်သွယ်နိုင်ပါသည်။ ဖုန်း-၀၉-၈၆၁-၃၃၈၈။

မြေကွက်

ဒလပြိုနယ်အတွင်းရှိမြေကွက်များ ဝယ်ယူလိုပါသည်။ ဖုန်း-၀၉-၈၆၁-၃၃၈၈။

ကွန်ဒို

မြို့နယ်စုံ၊ လုံခြုံရေး၊ ကားပါကင် ပါ။ ကိုနေလင်းဦး- ဖုန်း-၀၉-၄၂၁၁-၀၀၉၉၅။

ရောင်း/ဝယ်/ငှား/လဲ

ဗိုလ်တထောင်/ ကျောက်တံတား

(၁) ၄၆ လမ်း၊ ၁.၅ ၅၅ ပေနှင့် ပေ ၆၀၊ ပြင်ဆင်ပြီး၊ အခန်းဖွဲ့ပြီး၊ မြေညီ၊ ရောင်း-သိန်း-၉၀၀၊ ငှား-၃.၅ ၅ သိန်း။ (၂) ပန်းဆိုးတန်း လမ်း၊ ၁၈ ပေနှင့် ပေ ၆၀၊ ပြင် ဆင်ပြီး၊ ဖုန်း အခန်းဖွဲ့ပြီး၊ ထပ်မိုး ပါ၊ မီတာ ၂ လုံး၊ ဒုထပ်၊ ရောင်း-သိန်း-၉၀၀၊ ငှား-၄ သိန်း။ မသန္တာ-ဖုန်း-၀၉-၅၀၉-၃၆၉၃။

၁၀ မိုင်

၂ ထပ်ပျဉ်ထောင်၊ ၁၂ ပေနှင့် ပေ ၃၀၊ ရေမိုး၊ သိန်း-၁၂၀၊ ငှား-ရ သောင်း။ ဖုန်း-၀၉-၄၂၀၀-၁၄၃၆၃။

ဟိုတယ်

အမြန်ငှားမည်/ရောင်းမည်။ ဖုန်း-၀၉-၄၂၀၀-၀၆၂၅၆။

မော်ဘိ/ မြောက်ဥက္ကလာ/ ကြည့်မြင်တိုင်

(၁) ရန်ကုန်-မော်ဘီပြည်လမ်းမ၊ ၂.၅ ၀၅ ကေမြေ (၂) သုဓမ္မလမ်းမ၊ ပေ ၃၉ နှင့် ပေ ၆၀၊ 8RC, 35 MBR (၃) အောက်ကြည့်ပြင်တိုင် စက်မှုဇုန် ၁၊ ၂ တွင် မြေ ၂ ဧက အပြန်ဝယ်လိုသည်။ ဝိုင်ရှင်ကိုယ် တိုင်ဆက်သွယ်ပါ။ ကိုနိုင်မျိုးဦး- ဖုန်း-၀၉-၄၂၁၁-၀၀၉၉၅။

အရှေ့ဒဂုံ

(၁) Junction Mawtin, 2550 Sqft, 2MBR, 3BR (သစ်)၊ (၂) ရွှေဟင်္သာကွန်ဒို၊ 2100Sqft, 1MBR, 2BR (၃) ပညာဝတီ +ကွန်ဒို၊ 1800 Sqft, 2MBR, 2BR. ဖုန်း-၀၉-၀၃၁၀-၆၂၆၊ ၀၉-၅၀၀-၅၄၅၂။

ပါရမီရိပ်သာ

ချော်တွင်းကုန်းမီးပွိုင်အနီး၊ ဘိုးဘွားပိုင်တိုက်နှင့် ခြံ၊ ပေ ၁၀၀ နှင့် ပေ ၉၀၊ 1 Sqft-၂.၃ ၃ သိန်း။ ငှား-၄၅၅ သိန်း။ ဖုန်း-၀၉-၅၀၂-၂၈၂၄။

မရမ်းကုန်း/ အင်းစိန်/ တာမွေ

(၁) ဝိဇ္ဇာလမ်း၊ ၉ မိုင်၊ ၅၅ ရပ်ကွက်၊ ပေ ၁၀၀ နှင့်ပေ ၁၉၀၊ 2RC, 7BR, Ph, ရေမီး။ ငှား-၃၅၅ သိန်း။ ရောင်း-သိန်း-၁၃၀၀။ (၂) အောင်ဆန်းရွာမဘူတာ၊ အောက် မင်္ဂလာခုံလမ်းမပေါ်၊ ပေ ၄၀ နှင့် ပေ ၁၂၀၊ အိမ် ၃ လုံး၊ သိန်း-၂၅၀၀။ (၂) အင်းဝလမ်း၊ ၁၅ ပေနှင့် ၅၅ ပေ၊ မြေညီ၊ ကြေခင်း၊ ငှား-၂.၅ ၅ သိန်း။ ရောင်း-သိန်း-၆၀၀။ (၄) သုခလမ်း၊ ၁၅ ပေနှင့် ၅၅ ပေ၊ မြေညီ၊ ထပ်နိုးတစ်ဝက်၊ ဖုန်း၊ ငှား-၃.၅ ၅ သိန်း။ ရောင်း-သိန်း-၁၀၀၀။ (၅) သုခလမ်း၊ ၁၅ ပေနှင့် ၅၅ ပေ၊ ပထပ်၊ RC ခင်း၊ မီးဖိုကြွေခင်း၊ ငှား-၂၂သိန်း။ ပုလဲဇွေ အကျိုးဆောင်-ဖုန်း-၀၉-၈၆၀-၁၄၆၀။

သာကေတ

အေးခန့်အိမ်ရာရှိ ဧတော်မီ ၂ ထပ် တိုက် 5BR, AC, ကြိုးဖုန်း၊ တန်လျားသီးသန့်၊ ယာဉ် ၅ စီးထား ရန် နေရာ၊ နိုင်ငံခြားသားလုပ်ငန်း များအတွက် သင့်တော်။ ငှား-$ 3500. ရောင်း-သိန်း-၁၁၀၀၀။ ဒေါ်သွန်တင်-၅၁၀၉၄၊ ၅၁၅၅၈၊ ဒေါ်ခင်စီလွင်-၂၀၀၄၄၂၊ ၂၃၀ ၃၀၂၄။ Dr မို့မို့ထွန်း-၀၉-၅၀၆-၀၂၁၄။

ရန်ကုန် (အရောင်း)

သဃ်ိန်းကျွန်း

သွား ကောလိပ်အနီး၊ ၁၀ ပေ နှင့် ပေ ၆၀၊ ဟောတိုက်၊ မြေညီ- သိန်း-၄၅၀၊ ပထပ်-သိန်း-၄၀၀၊ ဒုထပ်-သိန်း-၃၅၀၊ တထပ် သိန်း-၃၀၀၊ စတုတ္ထထပ်-သိန်း-၂၅၀။ ဖုန်း-၀၉-၈၆၁-၃၃၈၈။

ဗဟန်း

Hote ဆောက်ရန်၊ Service Apartment ဆောက်ရန်၊ သင့်တော်ပြီးကျပန်သံဝံုးနှင့် ရွှေတိဂုံဘုရား အနီး၊ ဘိုးဘွားပိုင် မြေ ၀.၁၄ ဧကမြေပေါ်ရှိ ၂ ထပ် တိုက်နှင့်ကားဂိဒေါင်၊ ပိုင်ရှင်ကိုယ် တိုင်ရောင်းမည်။ ဖုန်း-၀၉-၄၂၁၁-၆၅၅၅၂။

လမ်းမတော်/ မြောက်ဥက္ကလာ

(၁) ဗဟိုစည်အိမ်ရာ၊ ၃၅ ပေပတ် လည်၊ 3BR, 3Flr. သိန်း-၆၀၀။ (၂) သုဓမ္မလမ်းမပေါ်၊ ပေ ၃၀ နှင့် ပေ ၆၀၊ 7RC, တိုတယ် သစ်/ လုပ်ငန်း ပါ၊ သိန်း-၁၅၀၀၀။ ရာပြည့်အကျိုးဆောင် - ဖုန်း-၀၉-၈၆၀-၁၄၆၀၊ ၀၉-၄၂၀၁၅-၅၅၅၃။

ဗဟန်း

ရွှေဂုံတိုင်လမ်း၊ 1150 Sqft, Hall, RC ခင်း၊ နောက်ကြွေကပ်ခင်း၊ Lift ပါ။ ကိုငင်းထွန်း-ဖုန်း-၀၉-၄၂၀၃၀-၆၆၉၉။

မင်္ဂလာခုံဥယျာဉ်မြို့တော်

ကုံကော်ရိပ်သာ၊ ပေ ၁၀၀ ပတ်လည်၊ ၄ ကွက်။ ၁ ကွက်-၁၉၉၇ သိန်း။ ဖုန်း-၀၉-၇၃၁၅-၂၃၂၇။

သန်လျင်

၃၇၊ ဗိုးသိန်းလမ်းသွယ်၊ မြို့ဟောင်း အရှေ့ရပ်ကွက်၊ ပေ ၃၀ နှင့် ပေ ၆၀-ပျဉ်ထောင်အိမ်ပါ၊ ၄၅ ပေနှင့် ၆၅ ပေ-ပျဉ်ထောင်အိမ်ပါ။ ဖုန်း-၀၉-၅၁၀၉-၁၇၈၀။

ဒဂုံဆိပ်ကမ်း

စက်မှုဇုန်ရှိ ကမ်းနားမေးတင်၊ ခြံ ၁တိ၊ မြေဖို့ပြီး ၅.၇ ဧက။ ၁ ဧက-သိန်း-၂၆၀၀။ ကိုနိုင်မျိုးဦး -ဖုန်း-၀၉-၄၂၁၁-၀၀၉၉၃။

မင်္ဂလာခုံ

(၁) ထောင့်ကြန့်၊ ရဲစုတောင်ရပ် ဖုန်း-၀၉-၈၆၁-၃၃၈၈။

ဗဟန်း

(၁) သံလွင်လမ်း၊ ၁၀၅ ပေနှင့် ၇၅ ပေ၊ 2RC (၂) အင်းယားမြို့ပြင်လမ်း၊ ပေ ၇၀ နှင့် ပေ ၁၀၀ မြေ (၃) ရွှေတောင်ကြား၊ ၉၀၀၀ Sqft ကျော်မြေ။ ဖုန်း-၀၉-၇၃၁၀-၅၂၆၊ ၀၉-၅၀၅-၅၄၅၂။

လှိုင်သာယာ/ မင်္ဂလာခုံ

(၁) ၉၉၆/က၊ သုမင်္ဂလာလမ်း၊ ၁၉ ရပ်ကွက်၊ ပေ ၂၀ နှင့် ပေ ၆၀၊ အိမ်၊ သိန်း-၁၃၀။ (၂) ကာယ ၆ လမ်း၊ သက်နံးကျွန်းကြီး၊ အ မှတ် ၃ လမ်းမကြီး မနီးမဝေးရှိ ၂၅ ပေ နှင့် ပေ ၁၀၀ ခြံမြေ၊ သိန်း-၄၅၀။ ဖုန်း-၀၉-၈၅၀-၂၃၁၄။

ဗဟန်း

အာဇာနည်လမ်း၊ နှစ် ၉၀ ဂရုံ မြေတမတ်၊ သိန်း-၂၀၀၀။ ဖုန်း-၀၉-၄၃၁၈-၄၁၃၈။

သံလျင်

(၁) စံချိန်မီ ၂၂ အကွက်အမှတ်- ၁၁၂၈၊ ၈၃၇၊ ၂၀၅၅။ (၂) အောင်ချမ်းသာ ကျေ ၂၆၇၊ ကျေ ၂၄၀၊ ကျေ ၁၈၉။ ဖုန်း-၀၉-၄၃၁၈-၄၁၃၈။

မင်္ဂလာခုံဥယျာဉ်မြို့တော်

ခြံအမှတ် ၁၇၉/၁၈၀၊ ၂ ကွက်တွဲ၊ တစ်ကွက်လျှင် ၈၆ ပေနှင့် ၁၂၅ ပေ၊ ခရေပင်လမ်း၊ ကုမ္ဘဏီဖွင့် ရန်၊ ပုဂ္ဂလိကဆေးရုံဆောက်ရန်၊ ကျောင်းဆောက်ရန် သင့်တော် သည်။ လက်ရှိ ၀.၅ ဧကခြံပြီး မြေအကျယ် ထပ်မံလိုအပ်ပါက ၀.၅၅ ဧကေ ရရှိရန်ဆောင်ရွက် ပေးမည်။ ဖုန်း-၀၉-၈၃၀-၃၃၂၁၊ ၀၉-၄၂၀၀၄-၆၀၃၈။

FMI City ကွန်ဒို

Condo C-9 တစ်ခန်းရောင်းမည်။ ပြင်ဆင်ပြီး၊ အသင့်နေထိုင်နိုင် သည်။ ၅၅၉၉-သိန်း။ ကိုမင်းမင်း- ဖုန်း-၀၉-၄၃၀၀၅-၅၆၆၄။

၉ မိုင်

မရမ်းကုန်း၊ ဗိုလ်ဘုဏ်းလမ်းသွယ်၊ ပေ ၅၀ နှင့် ပေ ၈၀၊ အိမ်နှင့် ခြံ၊ ပွဲစားမလို၊ သိန်း-၃၅၀၀။ ညှိနှိုင်း


t r w i ; t v q iEi t rjcajr











ဧရာ။ ဖုန်း–၀၉–၆၀၃–၆၅၁၉၊ ၀၉–၄၂၁၀–၂၉၉၁။

စမ်းချောင်း

၁၂ ၆ ပေနှင့် ပေ ၅၀၊ ၃ လွှာ၊ သုခမိန်လမ်း၊လျှာထိုးခင်း၊ ဘိုထိုင်၊ သံပန်း၊ အဲကွန်း။ ဖုန်း–၀၉–၇၃၀၂–၉၀၆။

မြေကွက်ကျယ်

လိုချင်သူများ ဆက်သွယ်နိုင်ပါသည်။ဖုန်း–၀၉–၄၂၂၂–၀၈၁၅၃။

ယုဇနဥယျာဉ်မြို့တော်

စီဘလောက် ၁လမ်း၊ ၂၅ပေနှင့်ပေ ၃၀၊ 1 MBR , 1 BR Sunshade ပါ၊ ဘေစင်ကြွေပြားကပ်၊ ဖိုက်ဘာတိုင်ကီပါ၊ အသင့်နေနိုင်။ ပထမထပ်။ ၈၂–သိန်း။ ဖုန်း–၀၉–၄၂၀၁–၈၂၉၄။

တောင်ဒဂုံ

၂၃၀၊ မေခလမ်း၊ ၁၈ ရပ်ကွက် (အေ)၊ ယဉ်ကျေးမှုတက္ကသိုလ်အနီး၊ ပေ ၂၀ နှင့် ပေ ၆၀၊ ဂရန်မြေ၊ သွပ်မိုးပျဉ်ခင်း၊ ရေစီးစုံ၊ ခြံဝင်ပြီး။ ၁၅၅–သိန်း။ ဖုန်း– ၀၉–၅၁၅–၄၉၆၈၊ ၀၉–၅၀၅–၀၃၄၂။

ဆန်စက်

ညောင်တုန်းမြို့၊ မဲဇလီအောက်စု စံပြကျေးရွာ၊ ၁၅ တန်ကျ ဆန်စက်၊ မြေပေ ၆၀ နှင့် ပေ ၂၀၀ ကျော်၊ စက်ရှေ့လမ်း၊ စက်နောက် မြစ်ချောင်း၊ အဆောက် အအုံ ၄၅ ပေ နှင့် ၈၂ ပေ၊ သွပ်မိုး အုတ်ပတ်ထားပြီး။ ၁၅၅–သိန်း။ ဖုန်း–၀၉–၅၁၁၅–၉၃၈၂၊ ၀၉–၅၀၅–၀၃၄၂။

သာကေတ

ကွေ့မအိမ်ရာ၊ ၂၅ ပေနှင့် ပေ ၃၀၊ မြေညီထပ်၊ တိုက်ခန်း။ သိန်း–၂၀၀။ ဖုန်း–၀၉–၀၃၁၄–၃၆၃၈၊ ၀၉–၅၉၁၁–၁၅၅၈။

မြဝတီ

ဂျ ဇောတိကလမ်း၊ မြေညီ(၀)၊ ရေချိုးခန်း၊ အိမ်သာ၊ မီးဖိုဆောင်၊ အားလုံးကြွေပြားခင်းပြီး။ ကိုယ်ပိုင်မီတာ/ရေစုပ်စက်၊ ပြင်ဆင်ပြီးအသင့်နေနိုင်၊ စီးပွားရေးလုပ်ရန်ကောင်း၊ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ ဖုန်း–၀၉–၄၄၈၀–၀၅၈၄၊ ၀၉–၄၂၁၀–၁၄၃၆။

အရှေ့ဒဂုံ

၃၇ ရပ်ကွက်၊ ထောင့်ကွက်၊ ရေမီးစုံ၊ သွပ်မိုး၊ ထရံကာ၊ RC, ပေ ၎၀ x ၄၅ x ၆၀။ ဖုန်း–၀၉–၇၃၀၎–၄၄၀၀။

တာမွေ

ဇာတိဂုဏ်လမ်း၊ မေတ္တာညွှန် ရပ်ကွက်၊ ၁၃.၅ ပေနှင့် ပေ ၅၀ ပတ်လည်၊ သံပန်းတံပြီး၊ ဆန့်ကျင်ဘက်ပါ။ ၂၉၅ သိန်း။ ကိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ ဖုန်း–၀၉–၅၁၀၂–၀၆၅၅။

သဃ်နဲ်းကျွန်း/ စမ်းချောင်း/ တောင်ဥက္ကလာ/ တာမွေ

(၁) BOC အနီး၊ ၁၂ ပေနှင့် ၅၅ ပေ၊ မြေညီ၊ ဟော။ သိန်း–၂၀၀။ (၂) ကျွန်းတောလမ်း၊ ၁၄ ပေနှင့် ၅၅ ပေ၊ ပထပ်၊ ဟော၊ သိန်း–၆၅၀။ (၃) အင်းဝလမ်း၊ ပေ ၃၀ နှင့် ပေ ၆၀၊ Land, ဂရန်၊ သိန်း–၁၅၀၀။ (၄) ၉ ရပ်ကွက်၊ ပေ ၂၀ နှင့် ပေ ၆၀၊ Land, ဂရန်၊ သိန်း–၅၅၀။ (၅) သုခလမ်း၊ ၁၃ ပေနှင့် ၅၅ ပေ၊ မြေညီ ဟော၊ သိန်း–၅၅၀။ ဝေဠုဝန်၊ ၆ ပေနှင့် ပေ ၆၀၊ 2RC, ဂရန်။ သိန်း–၂၅၀၀။ ကိုမင်းအောင်–ဖုန်း–၀၉–၅၂၁၀–၁၄၃၆။

ထောက်ကြို

ဇိနပန်အောင်ဘုရားရှေ့၊ ကာယလမ်း၊ ဂေဇာဖရုဝ်ကွက်၊ မြို့ရှောင်လမ်းအနီး၊ ရန်ကုန်–ပဲခူးလမ်းအနီး၊ မင်္ဂလာဒုံ၊ လူနေရပ်ကွက်၊ လမ်းအကျယ် ၁၄ ပေ၊ ခြံ ၁၅ ပေနှင့် ၆၂ ပေ၊ ခြံထဲကားဝင်လို့ ရသည်။ ဃ/နဥ၃၉ ကျပြီး။ သိန်း–၅၀။ ကိုမင်းအောင်–ဖုန်း–၀၉–၅၂၁၀–၁၄၃၆။

မင်္ဂလာဒုံ

(၁) လေဆိပ်မိုရိယာလမ်း၊ ပေ ၁၅၀ နှင့် ပေ ၁၀၀၊ ကားအစီး ၃၀ ဆန့်သည်။ 1RC, 2MBR, 2WH, 5AC, Ph. ၁ လ–၁၂ သိန်းမှ သိန်း ၂၀ ကြား။ (၂) ပြည်လမ်းမကြီး အနီး၊ ၁ ထပ်တိုက်ခံအိမ်၊ ပေ ၂၀ နှင့် ၃၅ ပေ၊ အိမ်အပြည့်ဆောက်ထားသည်။ လမ်း ၂ ဖက်ပါ၊ ထောင့်ကွက်၊ မျက်နှာစာတွင် ပေ ၂၀ ကတ္တရာလမ်းရှိသည်။ သိန်း–၁၀၀။ ကိုမင်းအောင်–ဖုန်း–၀၉–၄၂၁၀–၁၄၃၆။

တောင်ဒဂုံ

၅၇ ရပ်ကွက်၊ ဒဂုံသိရိဈေး၊ နေရာကောင်း၊ ဆိုင်ခန်း ၆ ခန်းတွဲ။ ဖုန်း–၀၉–၄၅၀၀–၂၅၈၉၅၊ ၀၉–၄၂၈၀–၂၄၃၄၆။

စမ်းချောင်း/ သဃ်နဲ်းကျွန်း

(၁) ဝင်ဆာလမ်း၊ လုံးချင်း၊ 5MB, AC, ရေယူရေအေး၊ (၂) မလိခ အိမ်ရာ၊ Fully Furnished. ဖုန်း–၀၉–၄၂၀၀–၀၆၂၅၆။

သုဝဏ္ဏ

ဂန္ဓမာလမ်း၊ ပေ ၄၀ နှင့် ပေ ၆၀၊ လုံးချင်း၊ ၂ ထပ်တိုက်၊ 6MBA, AC, ဖုန်းပါ၊ ပါကေး၊ ကြွေပြား၊ သီးခြားသန့်စင်ခန်း ၂၊ ရေချိုးခန်း ၂၊ ကားဂိုဒေါင်ပါ။ သိန်း–၃၅၀၀။ ဖုန်း–၀၉–၄၂၀၁–၈၈၆၄၂၊ ၀၉–၈၆၂–၁၆၄၂။

မြောက်ဒဂုံ

၅၁ ရပ်ကွက်၊ ရွှေသဖြိုလမ်း၊ ပေ ၂၀ နှင့်ပေ ၆၀၊ အိမ်၊ မီးပါ၊ ဖုန်း–၀၉–၄၉၂၂–၃၄၄။

တာမွေ

ဂျ ဇောတိကလမ်း၊ မြေညီ(၀)၊ ရေချိုးခန်း၊ အိမ်သာ၊ မီးဖိုဆောင်၊ အားလုံးကြွေပြားခင်းပြီး။ ကိုယ်ပိုင်မီတာ/ရေစုပ်စက်၊ ပြင်ဆင်ပြီးအသင့်နေနိုင်၊ စီးပွားရေးလုပ်ရန်ကောင်း၊ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ ဖုန်း–၀၉–၄၄၈၀–၀၅၈၄၊ ၀၉–၄၂၁၀–၁၄၃၆။

အရှေ့ဒဂုံ

၃ ရပ်ကွက်၊ ထောင့်ကွက်၊ မေမီးစုံ၊ သွပ်မိုး၊ ထရံကာ၊ RC, ပေ ၎၀ x ၄၅ x ၆၀။ ဖုန်း–၀၉–၇၃၀၎–၄၄၀၀။

တာမွေ

ဇာတိဂုဏ်လမ်း၊ မေတ္တာညွှန် ရပ်ကွက်၊ ၁၃.၅ ပေနှင့် ပေ ၅၀ ပတ်လည်၊ သံပန်းတံပြီး၊ ဆန့်ကျင်ဘက်ပါ။ ၂၉၅ သိန်း။ ကိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ ဖုန်း–၀၉–၅၁၀၂–၀၆၅၅။

လှိုင်/ အရှေ့ဒဂုံ

(၁) မြကန်သာအိမ်ရာ ၂၊ ၃၂ ပေ ပတ်လည်၊ အခန်း ၂ ခန်း၊ ရှာထိုးအပြည့်ခင်း၊ သံမန်းရေ့နောက်၊ ရေမီးစုံ၊ ၃ လွှာ၊ အဲကွန်း ၂ လုံး၊ သီရိမင်္ဂလာစျေးသစ်အနီး။ သိန်း–၂၆၀။ (၂) အင်းဝလမ်း၊ ပေ ၃၀ နှင့် ပေ ၆၀၊ လူနေရပ်ကွက်၊ အကွက်ကောင်း။ သိန်း–၎၀။ ဖုန်း–၀၉–၅၁၆–၉၃၈၆၊ ၀၉–၄၂၁၀–၅၅၉၆၊ ၀၉–၄၂၁၀–၅၅၉၇။

သဃ်နဲ်းကျွန်း / စမ်းချောင်း/ တောင်ဥက္ကလာ

(၁) သုမနလမ်း၊ ၁၈ ပေနှင့် ၅၅ ပေ၊ 2F, 1MBR. သိန်း–၃၃၀။ (၂) သုဝဏ္ဏ ၁ အနီး၊ ၁၃ ပေနှင့် ပေ ၅၀၊ GF, Hall, သိန်း–၂၅၀။ (၃) ကျွမ်းတောလမ်း၊ ၁၄ ပေနှင့် ၅၅ ပေ၊ 1F, Hall. သိန်း–၎၀။ (၄) သုမင်္ဂလာလမ်း၊ ပေ ၂၀ နှင့် ပေ ၆၀၊ 2RC, ဂရန်။ သိန်း–၂၅၀။ ဖုန်း–၀၉–၅၁၃–၆၆၆၉၊ ၀၉–၅၁၃–၆၆၆၁။

လှိုင်

၁၃ ရပ်ကွက်၊ ၅ လမ်း၊ သီရိမြို့ငှင် လမ်းမကြီး၊ အမှတ် ၅၊ ပျဉ်ထောင် ၁ ထပ်ခွဲ၊ လုံးချင်းအိမ်။ သိန်း–၃၀၀။ ဖုန်း–၀၉–၄၂၀၂–၂၉၆၇။

ဝါးတစ်ရာ

၁၆၅၊ အနောက်ပိုင်းတက္ကသိုလ်အနီး၊ ထန်းတပင်ကားလမ်းဘေး၊ ပေ ၅၀ နှင့်ပေ ၈၀၊ သိန်း–၃၀၀။ ညှိနှိုင်းပေးမှု။ ဖုန်း–၀၉–၄၉၂၈–၆၀၄၆။

ကမာရွတ်

သီရိမင်္ဂလာလမ်း (အာတီးယား လမ်း)၊ 2RC, 4MR, Hall, 10000 Sqft, ရေမီးစုံ၊ မွဲစားမလို။ ဖုန်း–၃၈၉၃၀၆၊ ၀၉–၂၀၀–၄၄၆၅။

သာကေတ/ ကျောက်တန်း

(၁) ၎၆၊ အရှေ့ဘိုင်လွှေငါလမ်းမကြီး၊ (၇) အရှေ့၊ ၂ ထပ်တိုက်၊ ရေမီးစုံ၊ ကြွေပြား၊ လျှာထိုးခင်း၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ နှစ် ၆၀ ၎ရန်၊ သိန်း–၎၅၀။ (၂) ဝေဖယ်လွှာ ၁၅ လမ်း၊ ၆ ရပ်ကွက်၊ ၂ ထပ် တိုက်၊ ရေမီး၊ ကြွေပြား၊ လျှာထိုး၊ ပြင်ဆင်ပြီး၊ ၂၂၅ သိန်း။ (၃) ၁၀၄ + ၁၀၀၅၊ ရွှေညောင်ပင် လမ်းမအနီး၊ ပေ ၈၀ နှင့် ပေ ၆၀၊ ပါမစ်၊ စံခိုနိုမိရပ်ကွက်၊ သီလဝါ ဇုန်အနီး။ သိန်း–၄၀၀။ ဖုန်း–၀၉–၅၃၀၀–၃၂၂၉၊ ၅၄၃၀၁၄။

တောင်ဒဂုံ

(၁) ၄၂၅၊ လှော်ကားလမ်းမကျောကပ်၊ ပေ ၄၀ နှင့် ပေ ၆၀၊ ပါမစ်၊ အမှတ် ၂ လမ်းမကြီးနှင့် စီးပွားရေးတက္ကသိုလ်အနီး။ ၂၄ သိန်း။ (၂) ၁၂၅၆၊ ပေ ၄၀ နှင့် ပေ ၆၀ ပါစမ်၊ ရတနာပုံလမ်းမကျောကပ်၊ အမှတ် ၂ လမ်းမ၊ ၁၂၄ ရပ်ကွက်။ သိန်း–၂၀။ (၃) ၉၈၅၊ ပေ ၄၀ နှင့် ပေ ၆၀၊ ပါမစ်၊ ရတနာပုံလမ်းမကျောကပ်၊ ၁၅၄ ရပ်ကွက်။ သိန်း–၂၀။ ဖုန်း–၀၉–၄၂၁၀–၁၈၄၆၅၊ ၅၄၃၀၉၃၄။

ကမာရွတ်

သီရိမင်္ဂလာလမ်း (အာတီးယား လမ်း)၊ 2RC, 4MR, Hall, 10000 Sqft, ရေမီးစုံ၊ မွဲစားမလို။ ဖုန်း–၃၈၉၃၀၆၊ ၀၉–၂၀၀–၄၄၆၅။

စမ်းချောင်း/ အင်းစိန်

(၁) သံတံတားလမ်း၊ 6F, သိန်း–၂၂၀။ (၂) မိုးမခလမ်း၊ 3F, သိန်း–၂၂၀။ (၃) ဇလွန်လမ်း၊ 3F, 2B, ပါကေး၊ သိန်း–၂၀၀။ (၄) မင်းလမ်း၊ 3F, ၁၅ ပေနှင့် ပေ ၅၀၊ ပြင်ဆင်ပြီး၊ သိန်း–၄၆၀။ (၅) ညောင်တုန်းလမ်း၊ 5F, ပြင်ဆင်ပြီး၊ သိန်း–၂၈၀။ (၆) ဂါးဒယ်မလမ်း၊ 3F, သိန်း–၂၃၀။ (၇) မုဒိတာအိမ်ရာ၊ မြေညီ၊ 1MB, 1SB, ပါကေး။ သိန်း–၄၅၀။ ဖုန်း–၀၉–၄၂၀၀–၀၆၂၅၆။

တောင်ဥက္ကလာ

၁၄/၁၊ စီမံကိန်းရပ်ကွက်၊ ဂန္ဓမာလမ်း၊ ၂၄ပေနှင့်ပေ၆၀၊ ဂရန်ကြီးပါ၊ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ ပွဲစား မလို။ သိန်း–၄၅၀။ ဖုန်း–၀၉–၄၂၀၀–၃၂၈၀၁။

သဃ်နဲ်းကျွန်း

ရန်အောင်ရပ်ကွက်၊ ဦးဘဟန်လမ်း သွယ်၊ ဘဏ်ရိပ်သာအနီး၊ ဂုတ်ခြံ ပေ ၆၀ နှင့် ပေ ၈၀၊ ဘိုးဘွားပိုင်၊ ကိုယ်ပိုင်မိတာ၊ အဝိစိတွင်း၊ ၂ ထပ်ပျဉ်ထောင်သွပ်မိုး။ သိန်း–၂၅၅၀။ ဖုန်း–၀၉–၅၀၁–၄၆၆၉၊ ၀၉–၅၂၁၅–၄၃၁၅။

စမ်းချောင်း/ ကြည့်မြင်တိုင်

(၁) အာရှတော်ဝင်အနီး၊ ၅၄ ပေနှင့် ပေ ၁၃၀၊ M5, B2, AC7, RC 2, ဘိုးဘွားပိုင်။ သိန်း–၁၆၀၀၀။ (၂) ရှမ်းကုန်းလမ်း၊ ၂၆ ပေနှင့် ပေ ၅၀၊ M2, RC6, ဂရန်။ သိန်း–၁၀၀၀၀။ (၃) စကားဝါပင်လမ်း၊ ၂၅၅ ပေနှင့် ပေ ၅၀၊ ဂရန်အမည်ပေါက်၊ BN2. သိန်း–၁၃၀၀။ ဖုန်း–၀၉–၈၆၃–၆၆၆၁၊ ၀၉–၄၂၁၅–၄၃၈၂။

ဗဟန်း

(၁) မိုးမြင့်စံကွန်ဒို၊ ၂၄၀၀ စတုရန်း ပေ၊ 2MB, 1BR, 5AC, အဆင့်မြင့်ပြင်ဆင်ပြီး၊ ပစ္စည်းစုံ၊ သိန်း–၃၆၀၀။ (၂) တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဒုထပ်၊ ၁၂၀၀ စတုရန်းပေ၊ 1MB, 2BR, 3AC, ပါကေး၊ ပြင်ဆင်ပြီး။ သိန်း–၁၄၀၀။ ဖုန်း–၀၉–၅၅၁၈–၈၃၂၂၀။

သာကေတ

မြွှာညိုအိမ်ရာ (ဝါဝါဝင်း)၊ မြေပေ ၆၀ နှင့် ၈၃ ပေ–၂ ကွက်၊ မြေပေ ၄၀ နှင့် ၈၃ ပေ–၁ ကွက်၊ ပြေဂရန် ပါပြီး။ ဖုန်း–၀၉–၅၁၀၁–၅၂၈၅၊ ၀၉–၇၃၂–၈၃၂၀။

ကမာရွတ်/ ဗဟန်း

(၁) ဗဟိုလမ်းမ၊ ၎၅ ပေနှင့် ၈၅ ပေမြေ၊ ထောင့်ကွက် (၂) ဧရိယာ တောင်ကြားလမ်းမ၊ ၈၆ ပေနှင့် ၉၃ ပေမြေ (၃) ဓမ္မစေတီလမ်းမ၊ ၀. ၄၅၅ ၎ ပေ၊ 2RC. ဖုန်း–၀၉–၅၁၀၁–၅၂၈၅၊ ၀၉–၅၅၁၈–၈၃၂၂၀။

ကြည့်မြင်တိုင်/ အင်းစိန်

(၁) ၁၂.၅ ပေ နှင့် ပေ ၅၀၊ ၃လွှာ၊ ပြင်ဆင်ပြီး။ သိန်း–၂၇၀။ (၂) ဗားရာလမ်းမ၊ မြေညီ ၁၅ ပေနှင့် ပေ ၅၀၊ ဟော၊ သိန်း–၇၀၀။ (၃) ပေ ၂၀ နှင့် ပေ ၆၀၊ အုတ် ညှပ်နှစ်ထပ်ခွဲ။ သိန်း–၁၈၀၀။ (၄) ပေ ၂၀ နှင့် ပေ ၁၀၀၊ ပျဉ်အိမ်၊ သိန်း–၎၅၀။ ဖုန်း–၀၉–၄၂၀၀–၀၆၂၅၆။

ဗဟန်း

ဆရာစံမြောက်အနောက် ပေ ၂၀ နှင့် ပေ ၄၀၊ (၁) မြေညီ၊ ရေချိုးခန်း၊ မီးဖိုကြွေခင်း၊ အိမ်မတစ်ဝက်၊ ပျဉ်းကတိုးရှာထိုးခင်း၊ (၂) ပထပ်၊ ရေချိုးခန်း၊ အိမ်သာကြွေခင်း/ကပ်၊ ဒီလင်ထိုင်၊ မီးဖိုကြွေခင်း၊ အိမ်မ–ပါကေးခင်း။ ဖုန်း–၀၉–၅၁၅–၄၆၉၃။

သီလဝါဖွံ့ဖြိုးရေးစုန်

အနီးမြေ၊ စံခိုနိုမို(၂)၊ ပေ ၄၀ နှင့် ပေ ၆၀၊ ပါမစ်၊ ထောင့်ကွက်။ သိန်း–၁၂၀။ ဖုန်း–၀၉–၄၃၁၁–၃၀၃၈။

တောင်ဒဂုံ

တန်ဖိုးနည်းအိမ်ရာ စီမံကိန်းနား ဇောဝဏ်လမ်းမပေါ်ရှိ အိမ်ရာမြေ ၈၅ ပေနှင့် ပေ ၈၀ ပေါ်၊ ခေတ်မီအဆင့်မြင့်ပြင်ပြီး နှစ်ထပ်တိုက် သစ်၊ အိမ်မတည်ဆောက် စရိတ်ခန့် ချိုသာသောစျေးနှုန်း သိန်း ၂၄၀၀ ဖြင့် အပြန်ရောင်းမည်။ အသင့်နေရုံ ဦးရောလူရေမည် ဖုန်း–၀၉–၄၃၁၁–၃၀၃၈။

စမ်းချောင်း/ သံလျင်/ ကျောက်ခြောင်း

ဒီနှစ်ပွဲမှာ မစ္စဆုရရှိသူကို ဆုငွေကျပ် သိန်း ၃၀၊ ဒုတိယဆုရှင်ကို ကျပ်သိန်း ၂၀ နဲ့ တတိယဆုအတွက်ကိုတော့ ကျပ်သိန်း ၁၀ ချီးမြှင့်သွားဖို့ သတ်မှတ်ထားတယ်လို့ သိရပါတယ်။

ညနေ ၆ နာရီခွဲမှာ ပွဲစဉ်စတင်မှာဖြစ်ပြီး ကြည့်ရှုအားပေးချင်တယ်ဆိုရင် ပွဲလက်မှတ်များကို Myanmar Tourism Service (MTS) ရုံးဖုန်း-၀၁ ၅၅၂၆၄၂ ကို ဆက်သွယ်ပြီး အခမဲ့ထုတ်ယူနိုင်ကြပါတယ်။ ■

အမေရိကန်သူ ရေးသားထားတဲ့ မြန်မာဟင်းလျာစာအုပ်

ဇွန်ပန်းပွင့်

ရာသီပေါ် အသီးအနှံတွေကို စိတ်ကူးစိတ်သန်းနဲ့ ပေါင်းစပ်ပြီး အရသာရှိတဲ့ ဟင်းတစ်ခွက်ဖန်တီးတတ်တဲ့ မြန်မာလူမျိုးတွေရဲ့ အစားအသောက်နဲ့ ဟင်းအမယ်ပေါင်း ၁၂၅ မျိုးကို အမေရိကန်လူမျိုးစာရေးဆရာမ Naomi Duguid ကိုယ်တိုင် မြည်းစမ်းရေးသားထားတဲ့ "Burma: Rivers of Flavor" စာအုပ်ကို ဖေဖော်ဝါရီ ၁၆ ရက်နေ့က Monument စာအုပ်ဆိုင်မှာ စာရေးဆရာမကိုယ်တိုင် တက်ရောက်ပြီး မိတ်ဆက်ပေးခဲ့ပါတယ်။

"မြန်မာပြည်မှာ ထူးခြားတဲ့ယဉ်ကျေးမှုရှိသလို ဒေသအလိုက် ချက်ပြုတ်ပုံ ဟင်းပွဲတွေကလည်း ထူးကဲပုံအကြောင်းကို မြန်မာပြည်အကြောင်း စိတ်ဝင်စားနေတဲ့ ကမ္ဘာတစ်ဝန်းက လူတွေကို ပြောပြချင်တယ်။ ဥပမာ - ကချင်ဟင်းလျာတွေဆို အင်မတန်ထူးကဲပြီး အရသာရှိတယ်။ ရှမ်းအစားအစာဆိုလည်း ကျွန်မ စားကြည့်တာပဲ။ ရခိုင်တိုင်းရင်းသားတွေမှာလည်း ရိုးရာဓလေ့တွေက စိတ်ဝင်စားဖို့ကောင်းသလို အစားအသောက်ဆိုလည်း တကယ်ပဲ လျှာတွေ့ပါတယ်"လို့ စာအုပ်ကို ရေးသားပြုစုသူ မစ္စနာအိုမီက မိတ်ဆက်ပွဲမှာ မြန်မာတိုင်း(မ်)ကို ပြောပါတယ်။

ကြက်သွန်ဖြူဆီချက်လေး ဆွတ်၊ သံပရာသီးစိတ်ညှစ်၊ ကြက်သွန်နီကြော်လေး ဖြူးပြီး လက်နဲ့ နယ်ဖတ်ရတဲ့ နေ့စဉ်ဟင်းပွဲတွေမှာ မပါမဖြစ် အသုပ်မျိုးစုံ အကြောင်းကိုလည်း သူက စာအုပ်ထဲမှာ ဖော်ပြထားပါတယ်။

ရန်ကုန်မှာရှိတဲ့ စားသောက်ဆိုင်တွေနဲ့ လက်ဖက်ရည်ဆိုင်တွေတင်သာမကဘဲ စစ်တွေ၊ မြောက်ဦး၊ အင်းလေး၊ ကလော၊ ပခုက္ကူ၊ ပုသိမ်၊ မော်လမြိုင်၊ ဘားအံ၊ ဘိုကလေး၊ မန္တလေး၊ မြစ်ကြီးနား၊ ထားဝယ်စတဲ့ မြို့တွေဆီပါ သွားရောက်ပြီး ဒေသခံရိုးရာအစားအစာတွေကိုပါ လေ့လာကာ ဓာတ်ပုံတွေပါရိုက်ကူးခဲ့ပါတယ်။



စာရေးသူ Naomi Duguid ကို Monument စာအုပ်ဆိုင်မှာ ကျင်းပခဲ့တဲ့ စာအုပ်မိတ်ဆက်ပွဲမှာ တွေ့ရစဉ်။ ဓာတ်ပုံ - အောင်ဌေးလှိုင်

"ရှမ်း၊ မွန်နဲ့ ကချင် အစားအစာတွေ အကြောင်းကို ကြိုးစားလေ့လာတယ်။ ပြီးတော့ လမ်းဘေးမှာရောင်းတဲ့ မုန့်ဟင်းခါးဆိုင်တွေမှာ စားကြည့်တယ်။ သူတို့ မုန့်ပြင်တာကို ထိုင်ကြည့်တယ်။ ပြီးတော့ မေးကြည့်တယ်"လို့ သူက ပြောပါတယ်။

သူကိုယ်တိုင်လည်း ဓာတ်ပုံဆရာမ တစ်ဦးဖြစ်တာကြောင့် စာအုပ်မှာ ကိုယ်တိုင်ရိုက်ကူးထားတဲ့ မြန်မာပြည်အနှံ့ အပြားက စိတ်ဝင်စားဖွယ် ဓာတ်ပုံတွေနဲ့ အတူ ထူးကဲတဲ့ဟင်းပွဲတွေကို လေ့လာရမှာ ဖြစ်ပါတယ်။

"၁၉၈၀ မှာ မြန်မာပြည်ကို ပထမဆုံးရောက်ခဲ့ပါတယ်။ ၁၉၉၀ နှောင်းပိုင်းမှာ တစ်ခေါက် ရောက်ပါတယ်။ မြန်မာပြည်ကို ကျွန်မ အရမ်းစိတ်ဝင်စားတယ်။ ဒါကြောင့် စာရေးဆရာ Jeffrey Alford နဲ့တွဲပြီး အရှေ့တောင်အာရှ ဒေသတွေက ဟင်းလျာတွေအကြောင်းကို ရေးသားခဲ့ပါတယ်။ စာအုပ်အမည်က "Hot Sour Salty Sweet" ပါ။ ဒါပေမဲ့ မြန်မာပြည်က ထူးကဲအမယ်စုံတဲ့ဟင်းလျာတွေက စိတ်ဝင်စားဖို့ကောင်းလွန်းတော့ ထပ်ပြီးလေ့လာဖော်ထုတ်ချင်စိတ်ပေါ်လာတယ်" လို့ မစ္စနာအိုမီက ပြောပါတယ်။

"မြန်မာ့အစားအစာတွေကို ပိုပြီး နားလည်သဘောပေါက်ချင်တယ်။ မြည်းစမ်းချင်တယ်။ မြန်မာပြည်ကိုစီးပွားရေး ပိတ်ဆို့ထားတုန်းက ဒီကို လာတဲ့ခရီးသွားတွေကို မြန်မာပြည်က ဘယ်လောက်စိတ်ဝင်စားဖို့ ကောင်းတယ်ဆိုတဲ့အကြောင်းကို အဲဒီအချိန်က ပြောပြချင်ခဲ့တယ်။ မြန်မာပြည်ကိုလာတဲ့ ခရီးစဉ်တိုင်းမှာလည်း အစားအသောက်တွေအကြောင်းကို ပိုပိုပြီး နှိုက်နှိုက်ချွတ်ချွတ် လေ့လာခဲ့တယ်။ ဒါဟာ ကျွန်မ စာအုပ်ရေးသားပုံအစပါ" လို့လည်း သူက ပြောပါတယ်။

နာအိုမီ အကြိုက်ဆုံး မြန်မာအစားအစာတွေကတော့ ပဲနံပြားနဲ့ မုန့်ဟင်းခါးပဲ ဖြစ်ပါတယ်။

"မြန်မာအစားအသောက်တွေကို နိုင်ငံခြားသားတချို့က မနှစ်သက်ကြတာက သူတို့က ဘယ်အချိန်မှာ စားရမှာလဲဆိုတာမသိလို့ပါ။ တစ်ခါတလေညဘက်ကျမှထွက်စားတော့ အစားအသောက်က ပူပူနွေးနွေးမရှိတော့ မကောင်းဘူးလို့ ထင်ရပါတယ်။ ဒါကြောင့် မြန်မာအစားအစာတွေကို နေ့လယ်စာစားတဲ့ အချိန်ဝန်းကျင်မှာ စားဖို့ အကြံပေးချင်ပါတယ်" လို့ သူက ပြောပါတယ်။

သုံးနှစ်ခွဲကြာ ပြုစုခဲ့တဲ့ "Burma: Rivers of Flavor" စာအုပ်ကို ကနေဒါနိုင်ငံမှာ ပြီးခဲ့တဲ့နှစ် အောက်တိုဘာလက ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဒီနှစ်ထဲမှာ ဒုတိယအကြိမ် ထပ်မံထုတ်ဝေခဲ့တယ်လို့ဆိုပါတယ်။ ဓမ္မစေတီလမ်းမှာ တည်ရှိတဲ့ Monument စာအုပ်ဆိုင်မှာ ကျပ်သုံးသောင်းခွဲနဲ့ ဝယ်ယူရရှိနိုင်ပါပြီ။

နာအိုမီရေးသားခဲ့တဲ့ တခြားစာအုပ်တွေကတော့ "Beyond the Great Wall: Recipes and Travels in the Other China" နဲ့ "Mangoes and Curry Leaves: Culinary Travels Through the Great Subcontinent" တို့ဖြစ်ပြီး နိုင်ငံတကာဆုတွေလည်း ရရှိခဲ့ပါတယ်။ ■

စိတ်ဖိစီးမှုကင်းတဲ့ဘဝကို ပိုင်ဆိုင်ထားတဲ့...

စာမျက်နှာ ၄၂ မှ

ပေါက်တဲ့အိမ်ကို အကြောင်းကြားပေမယ့် အဲဒီအချိန်မှာ ထီလက်မှတ်ကို သူတို့က အမှိုက်ထုပ်ထဲပစ်ပြီး အမှိုက်ကားဆီ သွားလွှင့်ပစ်လိုက်ပြီလေ။ အဲဒါ အမြန်ပြန်ရှာတော့ ထီလက်မှတ်ပြန်တွေ့ပြီး ဆုငွေထုတ်လို့ ရသွားတယ်"လို့ ဖောက်သည်ချပါတယ်။

ဦးသန်းဇော်တို့လို ထီလှည်းရောင်းသူတွေက လှည်းအတွက်အပြင်အဆင်ကို အကုန်ခံရပေမယ့် လွန်ခဲ့တဲ့နှစ်နှစ်က စပြီး ထီကိုယ်စားလှယ်တွေက ထီလှည်းထောင်ပေးတဲ့စနစ် ရန်ကုန်မြို့မှာ ခေတ်စားလာခဲ့ပါတယ်။

"ကျွန်တော်က မနက်နဲ့ ညနေ ထီလှည်းလေးနဲ့ သတ်မှတ်ထားတဲ့ နေရာတွေမှာထီရောင်းရုံ။ ညဘက်ကျွန်တော်တို့တည်းတဲ့ အိမ်ပြန်ရောက်ရင် ထီရောင်းခဲ့တဲ့စာရင်းနဲ့ ရောင်းရငွေကို ပြန်အပ်ရတယ်။ လမကုန်ခင် ထီလက်မှတ်ကုန်အောင် ရောင်းဖို့မလိုပေမယ့် စာရင်းနဲ့ ရောင်းရငွေမကိုက်ရင်တော့ လျော်ရပါတယ်"လို့ ဧရာဝတီတိုင်းဒေသကြီး၊

အမြန်ပြန်ရှာတော့ ထီလက်မှတ်ပြန်တွေ့ပြီး ဆုငွေထုတ်လို့ ရသွားတယ် ...

မြောင်းမြမြို့နယ်ကနေ ရန်ကုန်မှာ ထီလခစားလာရောင်းနေတဲ့ကိုသန်းဝင်းကပြောပါတယ်။

သူလို လခစားထီရောင်းသမားတွေဟာ တည်းခိုနေထိုင်ဖို့နဲ့ စားသောက်စရာတွေပါ ရရှိပြီး ထီစရောင်းခိုရှိမှာ တစ်လကို လစာ ကျပ်လေးသောင်းကနေစပြီး ရရှိကာ နှစ်အလိုက် လစာငွေတိုးရရှိတယ်လို့ ဆိုပါတယ်။

ထီစောင်ရေရောင်းချနှုန်းပေါ် ကော်မရှင်ခ ရရှိတာမျိုးမရှိသလို သူတို့အတွက် နေ့စဉ် (သို့) လစဉ် ထီစောင်ရေ ရောင်းရနှုန်းကို သတ်မှတ်ပေးတာမျိုး မရှိတာကြောင့် ကိုယ်ပိုင်လှည်းနဲ့ ရောင်းသူတွေထက် ပိုပြီးတော့ ဖိစီးမှုနည်းတယ်လို့လည်း သူက ဆိုပါတယ်။

"အရင်က လယ်ပဲလုပ်တာဆိုတော့ အခုထီရောင်းတာက လယ်လုပ်တာထက်စာရင် အပုံကြီးသက်သာပါတယ်။ ကိုယ်ကြွေကြက်တဲ့သီချင်းတွေလည်း နားထောင်လို့ရတယ်။ ထီရောင်းပြီးတော့ လယ်တောင် ပြန်မလုပ်ချင်တော့ဘူး။ အခု တစ်လကို ငါးသောင်းရနေပြီ"လို့ ထီရောင်းသက် နှစ်နှစ်နီးပါး ရှိနေပြီဖြစ်တဲ့ ကိုသန်းဝင်းက ပြောပါတယ်။

အလုပ်လုပ်ရတာ သက်သောင့်သက်သာရှိပေမယ့် လှည်းမှာ ဆင်ထားတဲ့ ထီလက်မှတ်တွေကို အလစ်သုတ်ဖြုတ်တတ်ကြပြီး အံဆွဲထဲက ရောင်းရငွေတွေကိုလည်း နှိုက်တတ်သူတွေ ရှိတာကြောင့် မျက်စိတော့ လျင်ရတယ်လို့လည်း သူက ဆိုပါသေးတယ်။

ဒါပေမဲ့ သူကြည့်ရတာ နေ့လယ်ခင်း ပိုင်းကြီးမို့ ထင်ရရဲ့။ အိပ်ချင်နေပုံရပါတယ်။

ထီဆိုတာ ကံနဲ့ ဆိုင်တယ်ဆိုတဲ့ အယူအဆကြောင့်လည်း ထီသည်တွေဟာ ဖော်သည်မမြဲတတ်ဘူးလို့လည်း ကိုသန်းဝင်းက ပြောပါတယ်။

"ဒီလ ကျွန်တော့်လှည်းမှာ ထိုးလို့ စကားပြောရတာ အဆင်ပြေရင် နောက်လတွေမှာလည်း သူရှိတဲ့နေရာကိုရောက်အောင် သွားရတယ်။ သူကလည်း တခြားလှည်းတွေမှာ ထိုးပေမယ့် ကျွန်တော့်လှည်းမှာလည်း ထီထပ်ထိုးတတ်တယ်။ ဒါပေမဲ့ သုံးလေးလလောက်ထိုးပြီးလို့ ထီမပေါက်ရင် ကျွန်တော်နဲ့ ကံမစပ်ဘူးဆိုပြီး ဆက်မထိုးတော့ဘူး" လို့ သူဖောက်သည်တွေရဲ့ သဘောသဘာဝကို ပြောပြပါတယ်။

ထီလှည်းသမားတွေဟာ လကုန်ရက်မှာ နေ့လယ်နားချိန်မရှိတော့ဘဲ ကိုယ်ရောင်းနေကျနေရာတွေထက် ပိုဝေးတဲ့ ရပ်ကွက်တွေဆီ ထီလှည်းတွန်းပြီး ရောက်အောင်သွားရောင်းရလို့ ပင်ပန်းပေမယ့် လကုန်လို့ ကိုယ့်လှည်းက ထီဆုပေါက်ရင် အမောပြေတယ်လို့ ဆိုကြပါတယ်။

ထီထိုးထားသူတိုင်း ကိုယ်ကံကောင်းချိန်နဲ့ တိုက်ဆိုင်မယ့် ထီဖွင့်ရက်ကို စောင့်မျှော်နေချိန်မှာ ထီထိုးသူတွေနဲ့ ထပ်တူ လိုက်ရင်ခုန်ရတဲ့ ထီလှည်းရောင်းသူအရေအတွက်ကလည်း ရန်ကုန်မြို့မှာ တစ်နေ့ထက်တစ်နေ့ ပိုများလာနေပါတယ်။ ■



အနောက်နိုင်ငံက အနုပညာရှင်တွေနဲ့ 'ဗယ်လင်တိုင်းနေ့'

အဆိုတော် ဘရစ်တနီစပီးယားးဟာ သူ့ရဲ့ကိုယ်စားလှယ်ဟောင်းဖြစ်သူ ဂျေဆန်ထရက်ဗ့စ်ခ်နဲ့ ဧစ့စပ်ထားတာကို ဖျက်သိမ်းလိုက်ပြီး တစ်လအကြာ 'ဗယ်လင်တိုင်းနေ့'မှာတော့ ကယ်လီဖိုးနီးယားပြည်နယ် Calabasas မှာ လူတစ်ဦးနဲ့ ညစာထွက်စားခဲ့ပါတယ်။ ဂျင်းဘောင်းဘီ၊ အဖြူရောင်ရှပ်နဲ့ အနက်ရောင်ဂျက်ကက် တွဲဝတ်ထားပြီး ဘွတ်ဖိနပ်စီးထားတဲ့ ဘရစ်တနီဟာ ဆံပင်ကိုလည်း ဖြစ်သလိုထုံးဖွဲ့ထားပြီး အိတ်အကြီးကြီးတစ်လုံးလည်း လွယ်ထားပါတယ်။ သူနဲ့အတူ တွဲတွေ့ရတဲ့သူကတော့ ရော့ခ်အဖွဲ့ ရိုးလင်းစတုန်းပုံပါ တီရှပ်နဲ့ အနက်ရောင်အားကစား ဂျက်ကက်တွဲဝတ်ထားပြီး ဘော့စ်ဘောဦးထုပ် ဆောင်းထားပါတယ်။

ရှပ်သစ်တား ကင်မ်ကာဒက်ရှီယန် ကတော့ 'ချစ်သူများနေ့'မှာ ပန်းစည်းလက်ဆောင် ရရှိခဲ့ပါတယ်။ ချစ်သူ ကာနေးဝက်စ်ထံကတော့ မဟုတ်ပါဘူး။ ကိုယ်ဝန်ဆောင်ထားရတဲ့ ကင်မ်ကို အားကစားရုံအသွားလမ်းမှာ အနီရောင် နှင်းဆီပန်း ၁၂ ပွင့်ပါတဲ့ ပန်းစည်းကို ပေးတဲ့သူကတော့ ပါပါရာဇီတစ်ဦးပဲ ဖြစ်ပါတယ်။ ကင်မ်က သူ့ကိုပေးလာတဲ့ ပန်းစည်းကို ယဉ်ယဉ်ကျေးကျေးပဲ လက်ခံခဲ့ပြီး ကျေးဇူးတင်ကြောင်း ပြန်ပြောလိုက်တဲ့ အခါမှာတော့ ပန်းပေးသူ ပါပါရာဇီမှာ အပြုံးပန်းတွေနဲ့ ကျန်ရစ်ခဲ့ပါတော့တယ်။

ရီဟားနားနဲ့ ခရစ္စဘရောင်းတို့အတွက်တော့ ချစ်သူများနေ့ဟာ သာယာကြည်နူးဖွယ်နေ့တစ်နေ့ ဖြစ်ဟန်မတူပါဘူး။ ကွဲလိုက်၊ တွဲလိုက်ဖြစ်နေတဲ့ သူတို့စုံတွဲဟာ ဟောလိဝုဒ်က ပလေးဟောက်စ်နိုက်ကလပ်မှာ အဲဒီနေ့ညက ဆုံခဲ့ကြပေမယ့် အတူတူမထိုင်ခဲ့ကြဘူးလို့ မျက်မြင်သက်သေတွေက ပြောပါတယ်။ ခရစ္စရောက်ပြီး နာရီဝက်အကြာမှာ ရီဟားနား ရောက်လာတာ ဖြစ်ပြီး သူ့ကိုကြည့်ရတာ တစ်ခုခုကို ကြောက်လန့်နေပုံရပြီး စိတ်ကသိကအောက် ဖြစ်နေပုံရတယ်လို့ တွေ့လိုက်ရသူတွေက ပြောကြပါတယ်။

ခရစ္စထိုင်တဲ့ စားပွဲမှာ မထိုင်ချင်တာကို အသိပေးလိုက်ပုံရပါတယ်။ စားပွဲထိုးက သူမကို ခရစ္စနဲ့ ခပ်ဝေးဝေးစားပွဲမှာ နေရာစီစဉ်ပေးခဲ့ပါတယ်။ ရီဟားနား ရောက်နေတာကို သတိထားမိသွားတဲ့အခါ ခရစ္စကလည်း သူ့စားပွဲအတွက် အရက်ပုလင်းတွေ အများကြီးမှာလိုက်တယ်လို့ မျက်မြင် တစ်ဦးက ဆိုပါတယ်။ ရီဟာနားကတော့ ကလပ်ထဲမှာ တစ်နာရီလောက်ပဲနေပြီး ပြန်ထွက်သွား ပါတယ်။ ခရစ္စရှိနေတဲ့အတွက် မလျော်တဲ့ ပုံပါပဲလို့ မျက်မြင်တွေက ပြောကြပါ တယ်။ **(အီးအွန်လိုင်း) သီရိမင်းထွန်း ဘာသာပြန်သည်။** ■



ချောအိသိမ်းလက်ရာကို ပြန်လည်ခံစားရတဲ့ ကံ့ကော်ရွာငွေရတုအကြိုပန်းချီပွဲ

ဖေဖော်ဝါရီလ ၁၈ ရက်နေ့ကစပြီး လောကနတ်ပြခန်းမှာ ကျင်းပနေတဲ့ ကံ့ကော်ရွာအဖွဲ့ရဲ့ ငွေရတုအကြိုပြပွဲမှာ ပန်းချီဆရာမ ချောအိသိမ်းရဲ့ 'သစ်ပုတ်ပင်'အမည်ရ ပန်းချီကားကို ခံစားကြည့်ရှုနေသူတစ်ဦးကို တွေ့ရစဉ်။ ဒီပွဲမှာ ပန်းချီဆရာပေါင်း ၄၀ နီးပါးရဲ့ ပန်းချီကားပေါင်း ၈၅ ကားကို ပြသနေပြီး ရန်ကုန်ပန်းချီပွဲတွေမှာ မတွေ့ရတာကြာပြီဖြစ်တဲ့ အမေရိကန်နိုင်ငံရောက် ပန်းချီဆရာမ ချောအိသိမ်းလက်ရာကားနှစ်ကား ပါဝင်ပါတယ်။ ကံ့ကော်ရွာအဖွဲ့ကို ရန်ကုန်တက္ကသိုလ် အနုပညာအသင်းပန်းချီခန်းကနေ ထွက်ပေါ်လာတဲ့ ပန်းချီဆရာတွေနဲ့ ဖွဲ့စည်းထားပြီး အဖွဲ့ဝင်ပန်းချီဆရာများရဲ့ ပန်းချီပွဲပေါင်း ၂၄ ပွဲကို အောင်အောင်မြင်မြင် ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ ဒီပန်းချီပွဲကိုတော့ ဖေဖော်ဝါရီလ ၂၃ ရက်နေ့အထိ ပြသသွားမှာ ဖြစ်ပါတယ်။ သတင်း-ဇွန်ပန်းပွင့်၊ ဓာတ်ပုံ-အောင်ဌေးလှိုင်



မြန်မာပြည်မှာ သီဆိုဖျော်ဖြေမယ့် Micheal Learns to Rock ဂီတအဖွဲ့

၁၉၉၀ ပြည့်လွန်နှစ်တွေမှာ နာမည်ကျော် လူကြိုက်များခဲ့တဲ့ Micheal Learns to Rock၊ ဒါမှမဟုတ် MLTR လို့လည်း လူသိများတဲ့ ဒိန်းမတ်ဂီတအဖွဲ့ရဲ့ဖျော်ဖြေပွဲကို မတ်လ ၃၁ ရက်နေ့မှာ မြန်မာနိုင်ငံမှာ ပြုလုပ်သွားမယ်လို့ ဒီပွဲကို စီစဉ်တဲ့ Pascel ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက မြန်မာတိုင်း(မ်)ကို ပြောပါတယ်။

ဖျော်ဖြေပွဲကို ပြည်သူ့ရင်ပြင်မှာ ပြုလုပ်သွားမှာဖြစ်ပြီး လက်မှတ်ဈေးနှုန်းတွေကိုတော့ အတိအကျ သတ်မှတ်မှု မပြုလုပ်ရသေးဘူးလို့ ဆိုပါတယ်။

MLTR အဖွဲ့ဟာ အဖွဲ့ဝင်လေးဦးနဲ့ ၁၉၈၈ ခုနှစ်က စတင်ဖွဲ့စည်းထားတာ ဖြစ်ပြီး သူတို့ရဲ့ပေါ့ပ်နဲ့ slow rock တေးသွားများကို ပိုင်နိုင်စွာဖန်တီးနိုင်မှုကြောင့် အထူးသဖြင့် အာရှနိုင်ငံတွေမှာ အောင်မြင်မှုကို ရရှိခဲ့တဲ့အဖွဲ့ ဖြစ်ပါတယ်။ ၂၀၀၀ ပြည့်နှစ်မှာတော့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ Søren Madsen ဟာ အဖွဲ့ကနေ နုတ်ထွက်ခဲ့တာကြောင့် အဖွဲ့သားသုံးဦးသာ ဖျော်ဖြေတင်ဆက်ခဲ့ကြပါတယ်။

သူတို့ရဲ့အကောင်းဆုံးတေးလို့ဆိုနိုင်တဲ့ "Take Me to Your Heart" တေးသီချင်းဆိုရင် "Most downloaded single of the Year 2006" ဆုကို ဆွတ်ခူးရရှိခဲ့သလို တခြားဆုပေါင်းများစွာကိုလည်း ရရှိခဲ့ပါတယ်။

သူတို့အဖွဲ့ရဲ့ တေးသီချင်းတော်တော်များများကို မြန်မာတေးသံရှင်များက ပြန်လည် ဖန်တီးသီဆိုထားကြတာကြောင့် မြန်မာပရိသတ်တွေအနေနဲ့ သူတို့အဖွဲ့ရဲ့သီချင်းတွေနဲ့ မစိမ်းလှပါဘူး။

ဒီပွဲမှာ မြန်မာပြည်မှ တေးသံရှင်များ ဖြစ်တဲ့ ဇော်ဝင်းထွဋ်နဲ့ ဖြူဖြူကျော်သိန်းတို့ကလည်း ပါဝင်ဖျော်ဖြေကြမှာ ဖြစ်ပါတယ်။ **နွမ်ဘွိုင်း** ■

ရုပ်သံပရိုဂရမ်များ ပြသရောင်းချပွဲကို ကိုရီးယားရုပ်သံဌာနများစွာ ပါဝင်ဆင်နွှဲခဲ့ကြ

နွမ်ဘွိုင်း

တောင်ကိုရီးယား နာမည်ကျော်ရုပ်သံဌာနများမှ ရုပ်သံပရိုဂရမ်များ ပြသရောင်းချပွဲကို ဖေဖော်ဝါရီလ ၁၈ ရက်နေ့က ချက်ထရီယမ်ဟိုတယ်မှာ ကျင်းပခဲ့တာကြောင့် စိတ်ဝင်စားတဲ့ ပြည်တွင်းရုပ်သံလိုင်းတွေအနေနဲ့ ရုပ်သံလိုင်းများကို မိခင်ကုမ္ပဏီတွေကနေ အလွယ်တကူ တိုက်ရိုက်ဝယ်ယူပြီး ထုတ်လွှင့်ပြသနိုင်တော့မှာဖြစ်ပါတယ်။

ဒီလိုကိုရီးယားနိုင်ငံရဲ့ လူကြိုက်များတဲ့ တီဗီပရိုဂရမ်တွေကို နိုင်ငံတကာမှာ ပြသရောင်းချတာ ပထမဆုံးအကြိမ်ဖြစ်ပြီး Korea Communications Commission (KCC) နဲ့ Korea Internet & Security Agency (KISA) တို့ ပူးပေါင်းစီစဉ်ခဲ့ကြတာဖြစ်ပါတယ်။

ကမ္ဘောဒီးယားနိုင်ငံမှာ ပြုလုပ်အပြီး မြန်မာနိုင်ငံကို လာရောက်ခဲ့ကြခြင်းဖြစ်ပြီး မလေးရှားနိုင်ငံမှာလည်း သွားရောက်ပြသရောင်းချသွားမယ်လို့ KCC မှ Deputy Director of International Cooperation Bureau ဖြစ်သူ Mr Chang Yong, Son က မြန်မာတိုင်း(မ်) ကို ပြောပါတယ်။

နောက်ပိုင်းမှာ အာရှအပြင် အနောက်နိုင်ငံတွေမှာပါ သွားရောက်ပြုလုပ်သွားမယ်လို့လည်း သူက ဆိုပါတယ်။

"တစ်ဆင့်ဝယ်ယူတာဖြစ်ဖြစ်၊ ရုပ်သံဌာနကနေ တိုက်ရိုက်ဝယ်ယူတာပဲဖြစ်ဖြစ် ဒီကရုပ်သံလွှင့်ဌာနတွေနဲ့ ကိုရီးယားက ရုပ်သံဌာနတွေ ကောင်းမွန်တဲ့ ဆက်ဆံရေးတစ်ခုကို ဖန်တီးစေချင်တာပါ။ အရင်ကဆိုရင် မြန်မာမှာရှိတဲ့ ရုပ်သံဌာနတွေက ကိုရီးယားရုပ်သံလိုင်းတွေကို သိပေမယ့် အဲဒီကဇာတ်ကားတွေကို ဝယ်ချင်ရင် ဘယ်သူ့ကို ဆက်သွယ်ရမလဲ ဆိုတာကို မသိကြဘူး"လို့ Mr Chang Yong က ပြောပါတယ်။

ပြည်တွင်းရုပ်သံလိုင်းတွေကလည်း ကိုရီးယားတီဗီပရိုဂရမ်တွေကို ထုတ်လွှင့်တင်ဆက်ပြသနေတဲ့ မိခင်ရုပ်သံဌာနတွေကိုယ်တိုင် ခုလိုမျိုးလာရောက်ပြသရောင်းချခြင်းကြောင့် အရင်ကတွေ့ကြုံခဲ့ရတဲ့ အဆင်မပြေမှုတချို့တွေ အတွက် ကောင်းမွန်တဲ့လမ်းစပဲလို့ ဆိုကြပါတယ်။

"အရင်တုန်းက ဒီကိုရီးယားတီဗီစီးရီးတွေကို indirectly ဝယ်ရတာလေ။ ဒီမှာက distributor or dealer တစ်ယောက် ရှိတယ်။ သူ့ဆီကတစ်ဆင့် ဝယ်ရတယ်။ ဒါပေမဲ့ ပွင့်လင်းမြင်သာမှု မရှိခဲ့ဘူး။ ဇာတ်ကားတစ်ကားဝယ်ချင်လို့ သူ့ကို ပြောရင် သူပေးမှ၊ သူပြမှ၊ သူရောင်းမှရမယ်ဆိုတဲ့ အနေအထားမျိုး ဖြစ်ခဲ့တယ်။ အဲဒါကြောင့် ဇာတ်ကားတွေက လည်း up-to-date မဖြစ်ဘူး။ အဟောင်းတွေ များတယ်။ အခုတော့ station တွေ ကိုယ်တိုင်ဆင်းလာတဲ့အတွက် ကျွန်တော်တို့အတွက် direct dealing ဖြစ်ပြီဆိုတော့ up-to-date ပိုဖြစ်နိုင်လိမ့်မယ်"လို့ ပြည်တွင်းမီဒီယာတစ်ခု

ဇာတ်ကားတစ်ကား ဝယ်ချင်တဲ့အခါ သူပေးမှ၊ သူပြမှ၊ သူရောင်းမှရမယ်ဆိုတဲ့..

ဖြစ်တဲ့ Laser World Trading & Services ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ကျူဟိန်းက ပြောပါတယ်။

လေဆာဝေါလ်ကတော့ အခုလက်ရှိ မြန်မာ့အသံရုပ်သံလိုင်းမှာ သီချင်းချစ်သူ၊ မြန်မာစီးရီးနဲ့ အင်တာဗျူးအစီအစဉ်တွေကို ပြသနေတဲ့အပြင် အက်ဖ်အမ်တွေမှာလည်း ဝါသနာရှင်တွေရဲ့ အစီအစဉ်၊ အင်တာတိန်းမန့်၊ edutainment တွေကို ၂၀၀၀ ပြည့်နှစ်ကတည်းက ထုတ်လွှင့်တင်ဆက်ပြသနေတဲ့ မီဒီယာကုမ္ပဏီတစ်ခုဖြစ်ပြီး သူတို့ ဦးစားပေးတင်ဆက်တဲ့ ပရိုဂရမ်တွေဟာ ကိုယ်တိုင်ဖန်တီးတဲ့အစီအစဉ်တွေပါလို့ဦးအောင်ကျူဟိန်းက ဆိုပါတယ်။

"ကျွန်တော်ကတော့ local production, own creation ကို ဖန်တီးထုတ်လွှင့်တင်ဆက်ရတာကို ဦးစားပေးတယ်။ ဒါပေမဲ့ ကျွန်တော်တို့က တီဗီလိုင်းသစ်တစ်ခု ဒီနှစ်အတွင်းလွှင့်ဖို့ စီစဉ်နေတာဆိုတော့ အဲဒီတီဗီလိုင်းအတွက် contents တွေကို လာရွေးတာပါ။ အဲဒီလိုင်းမှာတော့ ကျွန်တော်တို့ရဲ့ own creation ကို ၉၀ ရာခိုင်နှုန်း၊ ၈၀ ရာခိုင်နှုန်းလောက်ထည့်ပြီး ကျန်တဲ့ရာခိုင်နှုန်းတွေကိုတော့ နိုင်ငံတကာအစီအစဉ်တွေနဲ့ သွားမှာပါ။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ရဲ့ ပရိသတ်တွေကို ဒီထဲမှာပဲ ပိတ်လှောင်ထားလို့ မရဘူးလေ"လို့ သူက ပြောပါတယ်။

ပြပွဲမှာတော့ ကိုရီးယားနိုင်ငံက နာမည်ကျော်ရုပ်သံဌာနတွေ ဖြစ်တဲ့ KBS Media၊ MBC၊ EBS၊ JTBC၊ MBN၊ Arirang၊ CJ E&M၊ MBC+ Media၊ OUN နဲ့ Every Show တို့မှ ပရိသတ် စိတ်ဝင်စားမယ့် ကိုရီးယား ဒရမ်မာဇာတ်လမ်းတွဲများ၊ ပြိုင်ပွဲအမျိုးမျိုး၊ အသိပညာဆိုင်ရာ မှတ်တမ်းရုပ်ရှင်များစတဲ့ ကောင်းနိုးရာရာ တီဗီပရိုဂရမ်များကို လာရောက်ပြသရောင်းချခဲ့ကြပါတယ်။ ■

အော်စကာပွဲမှာ ကိုးနှစ်သမီးလေး အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆု ရသွားလေမလား



ဧဖေဖော်ဝါရီ ၄ ရက်နေ့က ဘာဗလီဟေးမှာ ကျင်းပခဲ့တဲ့ အော်စကာဆန်ခါတင်စာရင်းဝင်များ ကြေညာပွဲကို တက်ရောက်လာခဲ့တဲ့ Wallis ။

ရုပ်ရှင် ရိုက်ကူးထုတ်လုပ်သူတွေက ဇာတ်လမ်းအတွက် ကလေးသရုပ်ဆောင်ကို အနည်းဆုံးအသက်ခြောက်နှစ်ရှိရမယ်လို့သတ်မှတ်ပြီး လူတွေ့စစ်ဆေးခဲ့ပေမယ့် အသက် ငါးနှစ်သာရှိသေးတဲ့ Quven zhane Wallis ဟာ သူ့အသက်ကို လိမ်ညာပြီး ပါဝင်အစစ်ဆေးခံခဲ့ရာ ဇာတ်လမ်းမှာ သရုပ်ဆောင်ဖို့ အရွေးခံခဲ့ရပါတယ်။

အသက်လိမ်ထားတာကို လူတွေ့စစ်ဆေးသူတွေကယုံကြည်ပြီး သူ့ကိုအစမ်းသရုပ်ဆောင်ခိုင်းခဲ့ပါတယ်။ သူ့ရဲ့ အရည်အချင်းက တခြားကလေးတွေထက် သာနေတာကြောင့် စရိတ်အနည်းငယ်နဲ့ ရိုက်ကူးမယ့် "Beasts of the Southern Wild" ဆိုတဲ့ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ဖို့ ရွေးချယ်ခဲ့ကြပါတယ်။

အခုတော့ ဒီကလေးမလေးဟာ သူပထမဆုံး ရိုက်ကူးခဲ့တဲ့ ဇာတ်ကားနဲ့ လာမယ့် ၂၄ ရက်နေ့မှာ ကျင်းပမယ့် (၈၅) ကြိမ်မြောက် အော်စကာဆုပေးပွဲမှာ အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုနဲ့ အသက်အငယ်ဆုံးအော်စကာဆုရှင် ဖြစ်လာနိုင်တဲ့ အလားအလာတွေ ရှိနေပါပြီ။

"ဒါကတော့ အရမ်းကို ရှင်းပါတယ်။ ဒီလိုအရည်အချင်းရှိတဲ့ ခြောက်နှစ်အရွယ်ကလေးမျိုးကို တွေ့ဖူးကြမှာ မဟုတ်ဘူးရှင့်"လို့ "Beasts of the Southern Wild" ဇာတ်ကားဒါရိုက်တာ Benh Zeitlin က အစမ်းသရုပ်ဆောင်ခိုင်းခဲ့တုန်းကအချိန်ကို ပြန်စဉ်းစားပြီး ပြောပြပါတယ်။

"ဒီကလေးမှာ သရုပ်ဆောင်နိုင်တဲ့ ပင်ကိုအရည်အသွေးတွေ ရှိတယ်။ အာရုံစူးစိုက်မှုရှိပြီး စိတ်ဓာတ်လည်း ခိုင်မာတယ်။ ပြီးတော့ ဆုံးဖြတ်နိုင်စွမ်းရှိပြီး အကျင့်စာရိတ္တလည်း ကောင်းတယ်" လို့ သူမက ထပ်ပြောပါတယ်။

"သူ့ရဲ့နုနယ်တဲ့စိတ်ဓာတ်လေးကနေ ထွက်ပေါ်လာတာတွေက အစိမ်းသက်သက်လေးပါပဲ။ အဲဒီအရိုးခံအစိမ်းသက်သက်လေးကိုက သရုပ်ဆောင်လိုက်တဲ့ အခါ ကြည့်ရှုသူတွေရဲ့ရင်ကို တိုက်ရိုက်ထိမှန်စေပါတယ်။ ဒါက ရုပ်ရှင်ထဲမှာ အမှန်တရားကို ဖော်ထုတ်ပေးနိုင်တဲ့ သူ့ရဲ့စွမ်းဆောင်ရည်ပါပဲ"လို့လည်း ပြောပါတယ်။

ခုတော့ Wallis ဟာ အသက်ကိုးနှစ်ရှိပါပြီ။ "Beasts of the Southern Wild" ဇာတ်ကားဟာ အော်စကာဆုအတွက် အကောင်းဆုံးရုပ်ရှင်ဆု အပါအဝင် ဆုအမျိုးအစား လေးမျိုးအတွက် ဆန်ခါတင်စာရင်းထဲ ပါတဲ့အကြောင်း မသိရသေးခင် လအနည်းငယ်အကြာက ပြုလုပ်ခဲ့တဲ့ ရုပ်ရှင်ပရိုမိုးရှင်းပွဲမှာ

ဒီကလေးမှာ သရုပ်ဆောင်နိုင်တဲ့ ပင်ကို အရည်အသွေးတွေ ရှိတယ်။ အာရုံစူးစိုက်မှု ရှိပြီး စိတ်ဓာတ်လည်း ခိုင်မာတယ်...

သူ့ကို အင်တာဗျူးကြတုန်းကလည်း သူ့ရဲ့အရိုးခံစိတ်လေးကို အထင်အရှားတွေ့ခဲ့ကြရပါတယ်။

မကြာသေးခင်ကမှ ပြုလုပ်ခဲ့တဲ့ Talk ရှိုးမှာလည်း အစီအစဉ်မှူး ဂျေးလီနိုကို "သမီးက အဲဒီအချိန်မှာ အိပ်ရာကနိုးခါစမို့ အိပ်ချင်မူးတူးဖြစ်နေပါတယ်" လို့ Jessica Chastain၊ ဂျနီဖာလောရင့်စ်၊ နာအိုမီဝပ်နဲ့ အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆု အမျိုးအစားအတွက် အသက်အကြီးဆုံးဆန်ခါတင်စာရင်းဝင်သူဖြစ်တဲ့ ၈၅ နှစ်အရွယ် Emman uelle Riva တို့နဲ့အတူ အကြောင်းနဲ့ ပတ်သက်ပြီး ပြောပြခဲ့ပါတယ်။

"တကယ်တော့ အပြင်ပန်းကြည့်ရင်တော့ ဘာမှ မဖြစ်ပါဘူး။ ဒါပေမဲ့ သမီးကျွမ်းထိုးပစ်လိုက်ချင်တာ။ သမီးစိတ်ကို ထိန်းထားခဲ့တာ"လို့လည်း Wallis က အော်စကာဆန်ခါတင်စာရင်းဝင်ဖြစ်ရတဲ့ ခံစားချက်ကိုလည်း ကလေးဝီဝီခုလိုပွင့်ပွင့်လင်းလင်းပြောခဲ့သေးတာပါ။

ရေခဲပြင်အရည်ပျော်သွားတဲ့အတွက် ရေလွှမ်းမိုးမှုဒဏ်ခံနေရတဲ့ ပတ်ဝန်းကျင်မှာ စိတ်တိုတတ်တဲ့ ရောဂါသည် ဖခင်နဲ့ အတူ လူဝီစီယားနားမြစ်ဘေးမှာ နေထိုင်ရတဲ့ Hushpuppy အဖြစ် Wallis လေးက ဇာတ်လမ်းထဲမှာ သရုပ်ဆောင်ထားပါတယ်။

ဒီဇာတ်ကားဟာ ပြင်သစ်မှာ ပြီးခဲ့တဲ့ နှစ်က ကျင်းပခဲ့တဲ့ ကန်းစ်ရုပ်ရှင်ပွဲတော်မှာ Camera d'Or ဆုကို ရရှိခဲ့သလို ဆူဒန်က ပေးတဲ့ ဂရန်းဂျူရီဆုကိုလည်း ရရှိခဲ့ပါတယ်။

ဒီဇာတ်လမ်းရဲ့ ဆက်တင်ကို Wallis ရဲ့ အိမ်နားမှာပဲ ဆင်ပြီး ရိုက်ကူးခဲ့တာဖြစ်ပါတယ်။ Wallis ကို ၂၀၀၃ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့မှာ လူဝီစီယားနားပြည် Houma မြို့မှာ မွေးဖွားခဲ့တာဖြစ်ပြီး သူ့အမည်မှာပါတဲ့ zhane ဟာ ဆွာဟီလီဘာသာစကားအရ 'နတ်သမီး'လို့ အဓိပ္ပာယ်ရပါတယ်။

"Beasts of the Southern Wild" ဇာတ်လမ်းဟာ သူပထမဦးဆုံး သရုပ်ဆောင်တဲ့ဇာတ်လမ်းဖြစ်ပြီး ရုပ်ရှင်ထုတ်လုပ်သူတွေရဲ့ ဇာတ်ကောင်နဲ့ပတ်သက်ပြီး ချမှတ်ထားတဲ့ စည်းမျဉ်းတွေကို လျစ်လျူရှုကာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီးတဲ့နောက် ဒီဇာတ်လမ်းမှာ ပါဝင်သရုပ်ဆောင်ခွင့် ရရှိခဲ့တာဖြစ်ပါတယ်။

"ရုပ်ရှင်ထုတ်လုပ်သူတွေက ခြောက်နှစ်ကနေ ကိုးနှစ်အရွယ်ကလေးသာ ပြိုင်ပွဲဝင်ရမယ်လို့ သတ်မှတ်ထားတာပါ။ ဒါကြောင့် သမီးက ငါးနှစ်ပဲရှိသေးလို့ဝင်ပြိုင်လို့မရဘူးလို့ အမေက ပြောပါတယ်။ ဒါပေမဲ့ သမီးတို့ အဲဒီကိုသွားပြီး ဘာမှမဖြစ်သလို ဝင်ပြိုင်ခဲ့ပါတယ်။ သမီးတို့ ဘာအမှားအယွင်းမှ မလုပ်ခဲ့ပါဘူး" လို့ Wallis က သူသရုပ်ဆောင်အရွေးခံခဲ့ပုံကို ပြန်ပြောပြပါတယ်။

"ဇာတ်ကောင် Hushpuppy က ဆုံးဖြတ်ချက်မှန်ပြီး မကြောက်တတ်ပါဘူး။ ဒီပုံစံကို သမီးအစမ်း သရုပ်ဆောင်ပြခဲ့ရတာပါ"လို့လည်း ပြောပြပါတယ်။

Wallis ဟာ လေးနှစ်အတွင်းမှာ အော်စကာဆု အမျိုးသမီးသရုပ်ဆောင် အမျိုးအစားအတွက် အသက်အငယ်ဆုံးဆန်ခါတင်စာရင်းဝင် ဖြစ်လာခဲ့ပါတယ်။ ဒုတိယမြောက်အငယ်ဆုံး ဆန်ခါတင်စာရင်းဝင်ကတော့ ၂၀၀၃ ခုနှစ်မှာ "Whale Rider" ဇာတ်ကားအတွက် ဆန်ခါတင်အရွေးခံရစဉ် အသက် ၁၃ နှစ်အရွယ်ဖြစ်တဲ့ Keisha Castle-Hughes ပဲ ဖြစ်ပါတယ်။ နောက်တစ်ယောက်ကတော့ "Winter's Bone" ဇာတ်ကားအတွက် အသက် ၂၀ အရွယ် ၂၀၁၀ ပြည့်နှစ်မှာ သရုပ်ဆောင်စဉ်ဆန်ခါတင်စာရင်းဝင်ခဲ့တဲ့ လောရန့်စ်ပဲ ဖြစ်ပါတယ်။

အော်စကာဆုရ အငယ်ဆုံးအမျိုးသမီးသရုပ်ဆောင်ကတော့ ၁၉၈၆ ခုနှစ်မှာ "Children of a Lesser God" ဇာတ်ကားနဲ့ဆုရခဲ့တဲ့ Marlee Matlin ပဲ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ သူ့ရဲ့ အသက်ဟာ ၂၁ နှစ်နဲ့ ၂၁၈ ရက်ဖြစ်ပါတယ်။

တခြားဆုအမျိုးအစားနဲ့ အော်စကာဆုရ အငယ်ဆုံးသူကတော့ ၁၉၇၃ ခုနှစ်မှာ အကောင်းဆုံးဇာတ်ပို့ဆု အိမ်သယ်သွားနိုင်ခဲ့တဲ့ ၁၀ နှစ်သမီးလေး Tatum O'Neal ပဲ ဖြစ်ပါတယ်။

Wallis ကတော့ အခုအချိန်မှာ သူ့ရဲ့တတိယမြောက် ဇာတ်လမ်းဖြစ်တဲ့ "Twelve Years a Slave" မှာ ဘရတ်ပစ်၊ Benedict Cumberbatch၊ Michael Fassbender တို့နဲ့ တွဲဖက်သရုပ်ဆောင်နေပါတယ်။သူပါဝင်ထားတဲ့ ဒုတိယဇာတ်လမ်းကတော့ အမေရိကမှာ ပျောက်သွားတဲ့ အာဖရိကမိသားစုအကြောင်း ရိုက်ပြထားတဲ့ "Boneshaker" ပဲ ဖြစ်ပါတယ်။

လာမယ့်တနင်္ဂနွေနေ့မှာ အော်စကာဆုရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ Wallis ကတော့ ဆုအတွက် ထည့်သွင်းစဉ်းစားရလောက်တဲ့သူတစ်ဦး ဖြစ်ခဲ့တာ ထင်ရှားပြီး နောင်တစ်ချိန်မှာ ပေါ်ထွက်လာမယ့် သရုပ်ဆောင်တစ်ဦးအဖြစ် စောင့်ကြည့်ရမှာတော့ သေချာပါတယ်။ **(အေအက်ဖ်ပီ)**

သီရိမင်းထွန်း ဘာသာပြန်သည်။ ■








"Express Your Love"
Valentine's Celebration
ဆင်နွှဲနေသူများ

ဖေဖော်ဝါရီလ ၁၄ ရက် (ကြာသပတေးနေ့) စီးတီးစတားဟိုတယ်မှာ
ပြုလုပ်သွားတဲ့ **Power Tree** ရဲ့ ကံစမ်းမဲဖွင့်ပွဲ



ဒေါ်အေးအေးချို




ဒေါ်စန္ဒာမြင့်



ပွဲတက်ရောက်သူတစ်ဦး

ဖေဖော်ဝါရီလ ၁၂ ရက် (အင်္ဂါနေ့) ဆီဒိုးနားဟိုတယ်မှာ ကျင်းပခဲ့တဲ့
ရွှေပါရမီပညာရေးဖောင်ဒေးရှင်းရဲ့ ပညာသင်ဆုပေးပွဲ



စိမ်းဟန်နီ



ချစ်သုဝေ




ဦးရွှိုင်းဝင်း



ပပဝင်းခင်

ဖေဖော်ဝါရီလ ၁၅ ရက် (သောကြာနေ့) အမ်စီစီခန်းမမှာ
ကျင်းပခဲ့တဲ့ **Myanmar Beauty Expo** ပွဲ



စိန်ဂေဟာရဲ့
တက်ဝီးဗယ်လင်တိုင်း
ပြိုင်ပွဲမှ မရီနာ




ဒေါ်ဖုန်းမွန်၊ သန္တာဗို၊ Mr. Narong Skikriengthong နှင့် ကျော်မျိုးတင်

Myanmar Beauty Expo ပွဲမှ
မော်ဒယ်တစ်ဦး



မော်ဒယ်တစ်ဦး



မော်ဒယ်တစ်ဦး

ဖေဖော်ဝါရီလ ၁၄ ရက် (ကြာသပတေးနေ့) ပိုလ်အောင်ကျော်
လမ်းမှာ ဖွင့်လှစ်လိုက်တဲ့ **Run Ygn** ဖက်ရှင်ဆိုင်ဖွင့်ပွဲ



ရန်ရန်ချန်း



ဆိုင်ပိုင်ရှင်



မော်ဒယ်တစ်ဦး

ဖေဖော်ဝါရီလ ၁၄ ရက် (ကြာသပတေးနေ့) စိန်ဂေဟာလှည်းတန်းမှာ
ကျင်းပခဲ့တဲ့ **စိန်ဂေဟာရဲ့ တက်ဝီးဗယ်လင်တိုင်းပြိုင်ပွဲ**



ပြိုင်ပွဲဝင်မော်ဒယ်နှစ်ဦး



ပြိုင်ပွဲဝင်မော်ဒယ်နှစ်ဦး

ဖေဖော်ဝါရီလ ၁၄ ရက် (ကြာသပတေးနေ့)မှာ ပြုလုပ်ခဲ့တဲ့
Nescafe ရဲ့ **Stupid Cupid** တေးစီးရိုးမိတ်ဆက်ပွဲ



အိမ့်ချစ်၊ စည်သူလွင်နှင့် မရီနာ



ဖွေးဖွေး



ဘေဘီမောင်



ဖေဖော်ဝါရီလ ၁၄ ရက် (ကြာသပတေးနေ့) Ocean Super Center (Pazundaung) မှာ ကျင်းပခဲ့တဲ့
"Express Your Love" Valentine's Celebration





Grand Royal ရဲ့
၁၅ နှစ်ပြည့်အထိမ်းအမှတ်
ကံထူးရှင်ရွေးချယ်ပွဲမှ
ဟဲလေး



မြူးမြူးကြွကြွ
စုံတွဲအက



နွမ်ဘွိုင်း
စီစဉ်သည်။

ဆိုရှယ်ပရိသတ်ကြီးလည်း
ချစ်သူများနေ့ကို ကိုယ့်ရဲ့ချစ်တဲ့သူတွေနဲ့
ပျော်ရွှင်စွာ ဖြတ်သန်းခဲ့ကြမယ်လို့
မျှော်လင့်မိပါတယ်။ ဆိုရှယ်မမလည်း
ချစ်သူများနေ့ ဖိတ်ထားတဲ့ပွဲတွေတက်ရင်း
ပျော်ရွှင်စွာဖြတ်သန်းခဲ့တဲ့အပြင်
ပညာရေးဖောင်ဒေးရှင်းတွေရဲ့
မင်္ဂလာရှိတဲ့ ပညာသင်ဆုပေးပွဲတွေ၊
ကျောင်းတွေရဲ့ သင်တန်းဆင်းပွဲတွေအပြင်
တေးစီးရီးမိတ်ဆက်၊ ပြပွဲပြိုင်ပွဲတွေနဲ့
အားလုံးအတွက် ပျော်စရာအတိနဲ့ပြီးတဲ့
ရက်သတ္တပတ်ဖြစ်ခဲ့တယ်လို့
ဆိုနိုင်ပါတယ်လို့ ပြောရင်း ...။



ဖေဖော်ဝါရီလ ၁၁ ရက် (တနလ်ာနေ့) ဒဂုံစင်တာ(၁) မှာ ကျင်းပခဲ့တဲ့ **Dipso** ပွဲ



Mr. Daew

နန်းဖြူဖုန်းနွဲ့၊ ခိုင်ဝေလင်း၊ တင်တင်ဦးနှင့် ဝါဝါနိုင်


ဖေဖော်ဝါရီလ ၁၂ ရက် (အင်္ဂါနေ့) Capital မှာ ကျင်းပခဲ့တဲ့
Grand Royal ရဲ့ ၁၅ နှစ်ပြည့်အထိမ်းအမှတ်
ကံထူးရှင်ရွေးချယ်ပွဲ



ကိုထွန်းနိုင်



ချစ်ကောင်း




Lဆိုင်းဇီ



ဝန်ထမ်းများ

ဖေဖော်ဝါရီလ ၁၂ ရက် (အင်္ဂါနေ့) ဆီဒိုးနားဟိုတယ်မှာ ပြုလုပ်ခဲ့တဲ့
ပရော်ဖက်ဆာရဲမင်းကျော်ရဲ့ စာအုပ်သစ်မိတ်ဆက်ပွဲအခမ်းအနား



မသက်



ဒေါက်တာစိုးလွင်



ဂျယ်ရီအံ့ခင်




ပရော်ဖက်ဆာ ရဲမင်းကျော်

ဖေဖော်ဝါရီလ ၁၂ ရက် (အင်္ဂါနေ့)မှာ ကျင်းပခဲ့တဲ့
Royal Rose English Center ရဲ့ပါတီပွဲ



ခင်ခင်နှင့် ဆရာမ ရိုစီအန်ဒီ



ဆရာမ ဂျင်နီဖာ



မင်းချမ်းလင်း



အေးငြိမ်းဖြူနှင့် မှိုးမင်းလင်း



မော်ဒယ်တစ်ဦး

ဖေဖော်ဝါရီလ ၁၄ ရက် (ကြာသပတေးနေ့) အမ်စီစီခန်းမမှာ ကျင်းပခဲ့တဲ့
Lolane ရဲ့ အထူးအစီအစဉ်ပွဲ



ကိုရဲ၊ အန်တိနူနူရီ၊ ယဉ်ယဉ်တင့်၊ ဦးတင်အောင်စောနှင့် ရဲမင်းအောင်



မော်ဒယ်တစ်ဦး





တစ်ပတ်စာ သင်္ဘေါဂကဏ္ဍ

ပရောဖက်မြတ်သစ် (နက္ခတ္တဝေဒပညာရှင်)
အခန်း(၂၀၁)၊ ဒုတိယထပ်၊ တိုက်(၄)၊ သီရိဂုဏ်အိမ်ရာ
ဝေဇယန္တာလမ်း၊ ၁၆/၂ ရပ်ကွက်၊ သယံနိုးကျွန်း။
ဖုန်း - ၀၉ ၇၃၀၀ ၄၉၃၂ ၅၆၄၃၆၅ ၅၇၇၉၉၀။

၂၀၁၃၊ ဖေဖော်ဝါရီလ ၂၂ ရက်မှ ၂၈ ရက်အထိ

မိဿရာသီဖွား (Aries) မတ် ၂၂ မှ ဧပြီ ၂၀ - ၂၂ ရက်နှင့် ၂၄ ရက်တို့ ကံအကျိုးပေးကောင်းမွန်နေမည်။ အထူးသဖြင့် ပညာရေး၊ နေရေးထိုင်ရေး၊ ကားကိစ္စတို့အား ဦးစားပေးဆောင်ရွက်အဆင်ပြေနိုင်၏။ မိတ်ကောင်းဆွေကောင်းတို့၏ ပံ့ပိုးကူညီမှုကြောင့် လုပ်ငန်းများ ချဲ့ထွင်နိုင်မည်။ ရုပ်ပိုင်းဆိုင်ရာ လိုအင်ဆန္ဒများလည်း ပြည့်ဝလာမည်။ လုပ်ငန်းကျွမ်းကျင်မှုနှင့်ပတ်သက်သော သင်တန်းများ၌ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်။ ဆရာကောင်းသမားကောင်းတွေ့မည်။ ယတြာ – ရွှေသင်္ကန်းကပ်လှူပူဇော်ပါ။

ပြိဿရာသီဖွား (Taurus) ဧပြီ ၂၁ မှ မေ ၂၁ - ၂၄ ရက်နေ့သည် ကံကောင်းသောနေ့ရက်ဖြစ်ပြီး အလုပ်အကိုင်သစ်များ ပေါ်ပေါက်ကမ်းလှမ်းခံရတတ်သည်။ ငွေပေးငွေယူကိစ္စများ အဆင်ပြေမည်။ မိမိ၏ နယ်ပယ်၌ တိုးတက်အောင်မြင်မှုများ ကြုံတွေ့ရလိမ့်မည်။ မိဘအမွေအနှစ်တို့နှင့်ပတ်သက်၍ ရရှိခံစားရတတ်သည်။ ဝင်ငွေအကျိုးအမြတ် တိုးပွားလိမ့်မည်။ ယတြာ – ရာဟုထောင့်၌ ရွှေဖယောင်းတိုင်များ ပူဇော်ပါ။

မေထုန်ရာသီဖွား (Gemini) မေ ၂၂ မှ ဇွန် ၂၂ - ကံကောင်းသည့် ရက်များဖြစ်သည်။ ပြောဆိုဆွေးနွေးညှိနှိုင်းမှုများ အောင်မြင်မှုရမည်။ ဝင်ငွေနှင့် စုဆောင်းငွေတိုးတက်အောင် ကြိုးစားဆောင်ရွက်လိမ့်မည်။ မိသားစုပျော်ရွှင်ချမ်းမြေ့မှုရမည်။ ဝင်ငွေကောင်းသလို ထွက်ငွေလည်းများနေမည်။ ရင်းနှီးမြှုပ်နှံမှုများ ထပ်မံပြုလုပ်သင့်၏။ ဆန္ဒစောၦ လုပ်ငန်းဆောင်ရွက်ခြင်းမျိုး မပြုလုပ်သင့်။ ယတြာ – အုန်းဆွမ်းကပ်လှူပါ။

ကရကဋ်ရာသီဖွား (Cancer) ဇွန် ၂၃ မှ ဇူလိုင် ၂၃ - ၂၄ ရက်နေ့သည် အထူးကံကောင်းနိုင်ပြီး အကြံအစည်များ အောင်မြင်ကာ ပျော်ရွှင်ဝမ်းမြောက်ရတတ်သည်။ ရပ်ဝေးခရီးသွားရောက်ရန် စီစဉ်ထားပါက ထမြောက်အောင်မြင်လိမ့်မည်။ ကျန်းမာရေး ဂရုစိုက်ရန် လိုအပ်သည့် ရက်များဖြစ်သည်။ ဝင်ငွေနှင့် ထွက်ငွေမျှတနေမည်။ ကုန်ပစ္စည်းချင်း လဲလှယ်ရောင်းဝယ်သည့် အလုပ်များ အကျိုးရှိနိုင်၏။ ယတြာ – တနင်္ဂနွေထောင့်၌ အခင်းကော်ဇောတစ်မျိုးမျိုး လှူပါ။

သိဟ်ရာသီဖွား (Leo) ဇူလိုင် ၂၄ မှ သြဂုတ် ၂၃ - ယေဘုယျကံကောင်းသော ရက်များဖြစ်လိမ့်မည်။ ၂၄ ရက်နေ့၌ နစ်နာဆုံးရှုံးနိုင်သော ငွေကြေးကိစ္စများ ပြန်လည်ရရှိအောင် ဦးစားပေးဆောင်ရွက်သင့်၏။ အလှူဒါနပြုရန် စီစဉ်ထားမှုများ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်။ ဝေးမြေရပ်ခြား၊ စီးပွားရေးလုပ်ငန်းအဆက်အသွယ်ကောင်းများ ရရှိမည်။ မိတ်ကောင်းဆွေကောင်း တိုးပွားမည်။ နိုင်ငံရေးဂုဏ်သိက္ခာတိုးမည်။ ယတြာ – ဘက်စုံပြုပြင်ရန် အလှူငွေလှူပါ။

ကန်ရာသီဖွား (Virgo) သြဂုတ် ၂၄ မှ စက်တင်ဘာ ၂၃ - ၂၂ ရက်၊ ၂၄ ရက်တို့ ကံပွင့်လန်းတိုးတက်နေမည်။ အထူးသဖြင့် လုပ်ငန်းချဲ့ထွင်ခြင်း၊ ညီအစ်ကိုသားချင်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည်တို့၌ ကံကောင်းနိုင်၏။ နာမည်ကောင်းထွက်မည်။ ရင်းနှီးမြှုပ်နှံမှုများမှ အကျိုးအမြတ်ပေါထွက်မည်။ ရန်နှင့် အခက်အခဲ ပြဿနာမှန်သမျှကို ဖြေရှင်းအနိုင်ရလိမ့်မည်။ ယတြာ – သောကြာထောင့်၌ သစ်သီးဆွမ်းကပ်လှူပါ။

တူရာသီဖွား (Libra) စက်တင်ဘာ ၂၄ မှ အောက်တိုဘာ ၂၃ - ကံကောင်းသောနေ့ရက်များဖြစ်သည်။ အထူးသဖြင့် တာဝန်ယူဆောင်ရွက်သည့် လုပ်ငန်းများ အောင်မြင်ပြီးမြောက်မည်။ ဝင်ငွေအကျိုးအမြတ်များနိုင်သော ရက်များဖြစ်သည်။ လုပ်ငန်းလက်ကျန်ငွေများ ပြန်လည်ရရှိလိမ့်မည်။ စီးပွားရေးအမြင် ထက်မြက်ရှင်သန်နေမည်။ ဉာဏ်လွှာ၍ သုံးတတ်မှကြောင့် ယာယီအောင်မြင်မှု များစွာရရှိနိုင်၏။ ယတြာ – မွေးနံ့ထောင့်၌ ရွှေထီးတစ်လက်နှင့် အောင်သပြေပန်းများ ကပ်လှူပါ။

ဗြိစ္ဆာရာသီဖွား (Scorpio) အောက်တိုဘာ ၂၄ မှ နိုဝင်ဘာ ၂၂ - ၂၄ ရက်၊ ၂၆ ရက်တို့ ကံပွင့်လန်းနေသည်။ အကြီးအကဲဆရာသမားတို့ထံမှ အကူအညီကောင်းများ တိုးတက်ရရှိနိုင်သည်။ လျှို့ဝှက်ကြံစည်ထားသော စားသောက်ဆိုင်လုပ်ငန်း၊ စာနယ်ဇင်းလုပ်ငန်း၊ ဆိုင်လုပ်ငန်းများ စတင်အကောင်အထည်ဖော်နိုင်မည်။ အလုပ်အကိုင် ရှာဖွေနေသူများ ကံကောင်းနိုင်သည်။ ကုသိုလ်ရေးဦးစားပေးဆောင်ရွက်သင့်၏။ ယတြာ – မိခင်အား နို့ထွက်ပစ္စည်းများဖြင့် ကန်တော့ပါ။

ဓနုရာသီဖွား (Sagittarius) နိုဝင်ဘာ ၂၃ မှ ဒီဇင်ဘာ ၂၂ - ယေဘုယျကံကောင်းသော ရက်များဖြစ်သည်။ အထူးသဖြင့် ငွေကြေးနစ်နာဆုံးမှု ရပ်တန့်အောင် ဆောင်ရွက်နိုင်မည်။ လက်လွန်ထားသော ငွေများလည်း ပြန်လည်တောင်းခံရရှိနိုင်၏။ ခက်ခဲသည့် ပြဿနာများကို အလွယ်တကူ ဖြေရှင်းနိုင်မည်။ ၂၇ ရက်နေ့တွင် မလိုအပ်ဘဲ အပျော်ခရီးမသွားသင့်။ အမျိုးအနွယ်၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်မည်။ ဖခင်ကြောင့် ဂုဏ်ယူဝမ်းမြောက်ရမည်။ ယတြာ – တနင်္လာထောင့်၌ ငွေဖလားနှင့် နွားနို့ကပ်လှူပါ။

မကာရရာသီဖွား (Capricorn) ဒီဇင်ဘာ ၂၃ မှ ဇန်နဝါရီ ၁၉ - ၂၂ ရက်၊ ၂၄ ရက်တို့ ကံပွင့်လန်းနေမည်။ အိမ်ထောင်ရေးကိစ္စများ အဆင်ပြေအောင် ဆောင်ရွက်နိုင်မည်။ အထူးသဖြင့် အစုစပ်လုပ်ငန်းများ ပိုမိုချဲ့ထွင်လုပ်ဆောင်နိုင်လိမ့်မည်။ ယုဒ်ပြိုင်ကြိုးစားလိုစိတ်ကြောင့် အောင်မြင်မှုလမ်းများ ဖွင့်လှစ်နိုင်လိမ့်မည်။ ဝင်ငွေအကျိုးအမြတ်ရရှိအောင် ဆောင်ရွက်နိုင်မည်။ မိတ်ဆွေ၊ လုပ်ဖော်ကိုင်ဖက်များနှင့် စိတ်သဘောကွဲလွဲမှုများ ပေါ်ပေါက်နိုင်၏။ ထုတ်လုပ်သိုလှောင်ရောင်းဝယ်သော လုပ်ငန်းများ အကျိုးရှိမည်။ ငွေ ကျောက်မျက်၊ သယံဇာတတို့မှ ကောင်းကျိုးပေးနိုင်၏။ ယတြာ–ဒူးရင်းယို၊ နာနတ်ယိုတို့ ကပ်လှူလောင်းလှူပါ။

ကုံရာသီဖွား (Aquarius) ဇန်နဝါရီ ၂၀ မှ ဖေဖော်ဝါရီ ၁၉ - ၂၄ ရက်၊ ၂၆ ရက်တို့ ကံပွင့်လန်းနေသည်။ အပြိုင်အဆိုင်စီးပွားရေးလုပ်ငန်းများ အကျိုးရှိအောင် ဆောင်ရွက်နိုင်မည်။ စိတ်သဘောထား မတိုက်ဆိုင်သူများနှင့် အစုစပ်ဆောင်ရွက်မိတတ်၍ သတိထားသင့်၏။ အမှုအခင်းကိစ္စများ၊ ကြွေးမြီကိစ္စများ အဆင်ပြေအောင် ဆောင်ရွက်နိုင်မည်။ နေရေးထိုင်ရေး ပိုအဆင်ပြေမည်။ မိမိ၏ လူမှုဆက်ဆံရေး တတ်မြောက်မှုကြောင့် လုပ်ငန်းနယ်ပယ်ချဲ့ထွင်နိုင်ချိန်ဖြစ်သည်။ မိတ်ကောင်းဆွေကောင်း တိုးပွားမည်။ အကူအညီနှင့် အကြံဉာဏ်ကောင်းများလည်း ရလိမ့်မည်။ ယတြာ – ဘုရားစေတီတို့သို့ လှည်းလည်ဖူးမြော်ပါ။

မိန်ရာသီဖွား (Pices) ဖေဖော်ဝါရီ ၂၀ မှ မတ် ၂၁ - ၂၄ ရက်နှင့် ၂၆ ရက်တို့ ကံပွင့်လန်းနေပြီး ယာယီပေါ်ပင်အလုပ်များ၊ ငွေကံစမ်းမှုများ၊ လေလံတင်ဒါကိစ္စများ၌ အကျိုးရှိနိုင်ပေသည်။ သားသမီးတပည့်တပန်းကောင်းကျိုးပေးမည်။ ချစ်သူခင်သူ ပေါများနေမည်။ နိုင်ငံရေးသမားများအဖို့ ကံဇာတာစန်းလင်္ကပွင့်လန်းနေချိန်ဖြစ်သည်။ ဉာဏ်လွှာသုံးတတ်မှကြောင့် လုပ်ငန်းကိစ္စအဝဝပြီးစီးအောင် ဆောင်ရွက်နိုင်လိမ့်မည်။ အတိုက်အခံတို့ကြောင့် ပိုမိုဂုဏ်သတင်းကျော်စောမည်။ ရန်နှင့် အခက်အခဲတို့ကို အောင်မြင်ကျော်လွှားနိုင်လိမ့်မည်။ ယတြာ – ဖခင်ဖြစ်သူအား ဆေးဝါးဓာတ်စာတို့ဖြင့် ကန်တော့ပါ။



ကဲ . . . ကိန်းဂဏန်းတွေကို နေရာချရအောင် . . .

ကိန်းဂဏန်းတွေကို စိစဉ်နေရာချရမှာပါ။ ကစားနည်းရဲ့စည်းကမ်းကတော့ အလျားလိုက်ပဲဖြစ်ဖြစ်၊ ထောင်လိုက်ပဲဖြစ်ဖြစ်၊ မည်မည်ဘာအကွက်ကလေးမှာ တစ်ခုချင်းစီအနေနဲ့ ခွဲကြည့်ပြီးဖြစ်ဖြစ် ၁ ကနေ ၉ အထိ စီစဉ်နေရာချပေးရမှာပါ။ ဒီကစားနည်းအဖြေကို လာမယ့် တနင်္လာနေ့နောက်ဆုံးထားပြီး Tea Break ကဏ္ဍလို့ ခေါင်းစဉ်တပ်၊ မှတ်ပုံတင်၊ ဆက်သွယ်ရန် ဖုန်းနံပါတ် ဖော်ပြလို့ မြန်မာတိုင်း(မ်)ဆီကို စာ (သို့) teabreak.timeout@gmail.com ကတစ်ဆင့် ပေးပို့ရပါမယ်။ ကံထူးရှင်တစ်ဦးတည်းကိုသာ ရွေးချယ်လို့ နေ့လယ်စာကျွေးမှာဖြစ်ပြီး အချိန်ကို ဖုန်းဆက်အကြောင်းကြားမှာဖြစ်ပါတယ်။

အမှတ်စဉ်(၃၃၅)

	6		3		8	4		
2	7		9					6
3				2		1	8	
		2			9		7	
6				7				4
	9		4			2		
	8	6		9				5
5					7		9	1
		4	5		3		6	

အမှတ်စဉ်(၃၃၄)အတွက် အဖြေမှန်

7	3	5	2	4	1	6	8	9
8	1	4	3	9	6	7	2	5
9	6	2	8	5	7	3	1	4
5	7	1	6	2	4	8	9	3
2	9	6	7	3	8	4	5	1
3	4	8	5	1	9	2	7	6
4	8	9	1	7	3	5	6	2
1	2	7	4	6	5	9	3	8
6	5	3	9	8	2	1	4	7

အမှတ်စဉ် (၃၃၄) ကံထူးရှင် – မကေဇင်မျိုး၊ ၁၄/ဘကလ(နိုင်)၂၀၉၈၉၈။ ဖုန်း – ၀၉-၄၄၈၀၁၁၅၁၉။

Events flash

ဂန္ဓင်္ဂါရွာ ပန်းချီပြပွဲ

ဂန္ဓင်္ဂါရွာပန်းချီအဖွဲ့ရဲ့ (၂၄) ကြိမ်မြောက် ပန်းချီပြပွဲကို အမှတ် (၆၂) ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်မှာ တည်ရှိတဲ့ လောကနတ်ပြခန်းမှာ ဖေဖော်ဝါရီ ၁၈ ရက်ကနေ ၂၃ ရက်နေ့အထိ ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

Classic Rock

သောကြာနေ့ ညမှာလည်း Friendship တီးဝိုင်းအဖွဲ့ရဲ့ classic rock သံစဉ်တွေကို 50th Street Bar မှာပဲ နားဆင်ခံစားနိုင်ပါတယ်။

Plus Tree Stars ပန်းချီပြပွဲ

ပန်းချီဆရာ ကျော်မင်း၊ ရွှေမြင့်နဲ့ သာဆန်းတို့ သုံးယောက်ပေါင်း တင်ဆက်မယ့် 'Plus Tree Stars' ပန်းချီပြပွဲ ကတော့ ဖေဖော်ဝါရီလ ၂၅ ရက်ကနေ မတ်လ ၂ ရက်နေ့အထိ အမှတ် ၆၂ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်မှာရှိတဲ့ လောကနတ်ပန်းချီပြခန်းမှာ ကျင်းပသွားမှာပါ။

ဗုဒ္ဓဟူးနေ့ဝိုင်ကလပ်

QP Inya Shop (အမှတ် - ၃၀၊ အင်းလျားလမ်း)မှာ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း လူတစ်ဦးစာ ဝိုင်လေးမျိုး (သို့) ငါးမျိုးကို ကျပ်တစ်သောင်းနှစ်ထဲနဲ့ ပျော်ပျော်ပါးပါး မြည်းစမ်းနိုင်တဲ့ Wednesday Wine Club အစီအစဉ်ရှိပါတယ်။ အသေးစိတ်သိချင်တယ်ဆိုရင် chad. quarto@gmail.com(သို့) ဖုန်း - ၀၉၇၃၂၁၈၇၁၁ ကို ဆက်သွယ်မေးမြန်းနိုင်ပါတယ်။

Salsa အကသင်တန်း

ချက်ထရိယံဟိုတယ်နား၊ ဦးထွန်းမြတ်လမ်းထဲမှာရှိတဲ့ The Hola Bar မှာ ကြာသာပတေးနေ့ညတိုင်း ၈ နာရီခွဲကနေ ၁၁ နာရီအတွင်း salsa အကသင်တန်းရှိပါတယ်။ စတင်လေ့လာတဲ့သူတွေကို သင်တန်းကြေးအခမဲ့နဲ့ လက်ခံသင်ကြားပေးမှာဖြစ်ပါတယ်။ ဒါပေမဲ့ ဖျော်ရည်ဝယ်ယူမယ်ဆိုရင် ပထမဆုံးတစ်ခွက်အတွက် ကျပ် ၅,၀၀၀ သတ်မှတ်ထားပါတယ်။

အီလက်ထရိုတေးသွားညည

ကြာသာပတေးနေ့ညတိုင်း 50th Street Bar ရဲ့ ပထမထပ်မှာ ၈ နာရီက စတင်ပြီး အီလက်ထရိုတေးသွားတွေကို နားဆင်ခံစားနိုင်မှာ ဖြစ်ပါတယ်။

ဧရာဝတီအိပ်မက် ဓာတ်ပုံပြပွဲ

မသန်စွမ်းသူတွေရဲ့ ဘဝရှင်သန်မှုတွေကို အဓိကတင်ပြထားတဲ့ "Ayeyarwady Dreaming: Images from Myanmar and Beyond" ဓာတ်ပုံပြပွဲကို အလံပြဘုရားလမ်းနဲ့ နဝဒေးလမ်းထောင့်မှာရှိတဲ့ New Zero အနုပညာပြခန်းမှာ ဖေဖော်ဝါရီလ ၂၂ ရက်ကနေ ၂၄ ရက်နေ့အထိ ကျင်းပသွားမှာပါ။ ဓာတ်ပုံတွေရောင်းချရာက ရလာတဲ့ ငွေကြေးတွေကို ဧရာဝတီတိုင်းဒေသကြီးမှာရှိတဲ့ မသန်စွမ်းသူတွေအတွက် လှူဒါန်းသွားမှာ ဖြစ်ပါတယ်။

ကချင်ပြည်နယ်စစ်ဘေးပြည်သူများအတွက် ရန်ပုံငွေဂီတပွဲ

ကချင်ပြည်နယ်ရှိ စစ်ဘေးသင့်ပြည်သူတွေအတွက် ရန်ပုံငွေရရှိဖို့ ရည်ရွယ်ကျင်းပမယ့် ဂီတဖျော်ဖြေပွဲကို ကချင်တိုင်းရင်းသားဂီတအနုပညာရှင်များနဲ့ ဖေဖော်ဝါရီလ ၂၃ ရက်နေ့ညမှာ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်းက မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အသင်းချုပ်ရှိ အောက်မေ့ဘွယ်ရာခန်းမ (MBC Hall) မှာ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ပွဲလက်မှတ်များကို ကျပ် ၁၀,၀၀၀ နဲ့ ၅,၀၀၀ သတ်မှတ်ထားပြီး စမ်းချောင်းမြို့နယ်ရှိ ဂျိမ်းဖောမြေစားသောက်ဆိုင်မှာ ဝယ်ယူရရှိနိုင်ပါတယ်။

ဇနီးပျောက်သူ . .



အမျိုးသား - ကျွန်တော့်ဇနီး ပျောက်သွားလို့ပါ။
ရဲအရာရှိ - ခင်ဗျားဇနီးအရပ်က ဘယ်လောက်မြင့်လဲ။
အမျိုးသား - ကျွန်တော်သတိမထားမိဘူး . . ဆရာ။
ရဲအရာရှိ - ပိန်လား ၊ ကျန်းမာရေးရော ကောင်းလား။
အမျိုးသား - မပိန်ပါဘူး . . ဆရာရယ်။ ကျန်းမာရေးတော့ ကောင်းတယ်ထင်တာပဲ။
ရဲအရာရှိ - မျက်လုံးက ဘာအရောင်လဲ . . ။
အမျိုးသား - သတိမထားမိဘူး။
ရဲအရာရှိ - ဆံပင်အရောင်ကရော . . . ။
အမျိုးသား - ခဏခဏကို ပြောင်းနေတာ . . ဆရာရဲ့။
ရဲအရာရှိ - ဘယ်လိုအဝတ်အစား ဝတ်ထားသလဲ။
အမျိုးသား - စကတ်လား၊ ဘောင်းဘီလား။ (အင်း . . အတိအကျမမှတ်မိဘူး . . ဆရာရဲ့)
ရဲအရာရှိ - သူတစ်ယောက်တည်း ပျောက်သွားတာလား . . ၊ အဖော်ရော ပါသွားသေးလား။
အမျိုးသား - ပါတယ် . . . ဆရာရဲ့။ ကျွန်တော့ရဲ့ 'ရိုမီရို' လို့ခေါ်တဲ့ ခွေးလေး အတူပါသွားတယ်။ သူမှာ ရွှေရောင်သံ ကြိုးလေးတပ်ပေးထားတယ်။ အရပ်လက်မ ၃၀ လောက်ရှိတယ်။ ကျန်းမာတယ်။ မျက်လုံးက အညိုရောင်၊ အမွေးက အညိုနဲ့ အမဲရောထားတဲ့အရောင်လေး၊ ဘယ်ဘက်ခြေမက ခြေသည်းလေး နည်းနည်းကျိုးနေတယ်။ အပြာရောင် ခေါင်း လောင်းလေးတွေတပ်ထားတဲ့ ရွှေရောင်ခါးပတ်လေးပတ်ထားတယ်။ သူက အသားမှကြိုက်တာ။ ကျွန်တော်တို့ အတူစား၊ အတူပြေးခုန်ကြတာ . . ။ (အဲဒီနောက် အမျိုးသားဟာ စပြီးငိုပါတော့တယ်။)
ရဲအရာရှိ - အိုကေ . . သိပြီ။ ကျွန်တော်တို့ ခွေးကို အရင်ရှာလိုက်ကြတာပေါ့။ **မိုမိုသော် ဘာသာပြန်သည်။** ■



Phyo's Cooking Adventure

Phyo cuts through culture to reveal life's true taste

ဆီတို့ဟူး



ဆီတို့ဟူးဆိုရင် ရှမ်းအစားအစာတစ်မျိုးလို့ သိကြပြီးသားပါ။ ငရုတ်သီးဆီထဲမှာ စိမ်ထားတဲ့ တို့ဟူးချဉ်ကို မြီးရှည်ခေါက်ဆွဲလုပ်ရာမှာပဲဖြစ်ဖြစ်၊ ထမင်းနဲ့တို့မြှုပ်စားတာပဲဖြစ်ဖြစ် သုံးလေ့ရှိကြပါတယ်။ ဒီတစ်ပတ်တော့ ဆီတို့ဟူးကိုသုံးပြီး ရှမ်းရိုးရာအစားအသောက်တွေကို အတုယူအားကျပြီး ချက်ထားတဲ့ ဟင်းနဲ့အသုပ်ကို မျှဝေဖော်ပြသွားပါ့မယ်။

တချို့ကလည်း အရသာနဲ့အနှံပြင်းလို့ သိပ်မကြိုက်ကြပါဘူး။ ဒါပေမဲ့ ဆီတို့ဟူးဟာ အရသာကို လေးနက်ထူးခြားစေတာအမှန်ပါ။ အသုပ်ထဲမှာ ထည့်သုံးလို့ရသလို ကြော်၊ လှော်၊ ချက်၊ ပြုတ်ရာမှာလည်း သုံးလို့ရပါတယ်။ ဆီတို့ဟူးကို ဆီလေးနဲ့ဖော်၊ ကြက်သွန်ဖြူလေးထောင်းပြီး ရောလိုက်ရင်တောင် အတို့အမြှုပ်အတွက် ဟင်းတစ်ပွဲဖြစ်သွားပါတယ်။

ဖြိုးရဲ့ အမျိုးသားပူဆာ လွန်းတဲ့ ရှမ်းဟင်းများကို ဆီတို့ဟူးနဲ့ ကြံဖန်ချက်ပြုတ်ရာကနေ အခုဖော်ပြမယ့် ဟင်းလေးတွေကို ချက်ဖြစ်သွားတာပါ။ ရှမ်းစတိုင် ထမင်းဟင်းစားချင်ပြီး မိတ်ဆွေများကို ကြွားလုံးထုတ်ချင်တဲ့ အမျိုးသားက ရှမ်းစတိုင် ထမင်းဟင်းချက်ပေးဖို့ ပြောလွန်းတော့ အဲဒီအချိန်က ဆစ်ဒ်နီမှာ ပဲပုပ်တို့၊ မုန်ညင်းချဉ်တို့ လိုက်ရှာလိုက်တာ ဆီတို့ဟူးပဲတွေ့တာနဲ့ ရှမ်းဟင်းတွေကို အားကျပြီးချက်တဲ့ ရှမ်းဟင်းဆိုပြီး ထွင်လိုက်တာပေါ့။ သူတို့တွေလည်း ဆီတို့ဟူးကို စွဲသွားတော့တာပေါ့။ ငါးကြင်းကြော်နှပ်ကို ဆီတို့ဟူးလေးနဲ့ပြန်နှပ်ထားတဲ့ ငါးကြော်နှပ်ကတော့ အားပေးခံရဆုံးပေါ့။

ဆီတို့ဟူးနှင့်ငါးကြော်နှပ်

ပါဝင်ပစ္စည်းများ (လေးယောက်စာ)

ငါးကြင်း ၁ရမ် ၅၀၀
ဟင်းသီးဟင်းရွက်ဆီ ၁/၃ ခွက်
ပဲငံပြာရည် အကြည်
လက်ဖက်ရည်ဇွန်း နှစ်ဇွန်း
ဆီတို့ဟူး စားပွဲဇွန်း တစ်ဇွန်း
(ရေ ၁/၄ ခွက်တွင်
ချေပြီး ဖျော်ထားပါ)
ကြက်သွန်မိတ် ၈-၁၀ ပင်
(အဖြူရောင်ထိပ်ပိုင်းနှင့် အရွက်နုများကို ထောင့်ဖြတ်လှီးထားပါ)
ရှမ်းကြက်သွန်ဖြူချဉ်
စားပွဲဇွန်း နှစ်ဇွန်း
ရေ ၁/၂ ခွက် (၁၂၅ မီလီလီတာ)

ပြင်ဆင်ပုံ

ငါးကြင်းကို ဆေးကြောပြီး အနေတော် အရွယ်ခုတ်ကာ ပဲငံပြာရည်နဲ့ နယ်ပြီး အနည်းဆုံး မိနစ် ၃၀ လောက်နှပ်ထားပါ။ နောက် ဆီတို့ဟူးကို ရေ ၁/၄ခွက်ဖြင့် ကျေအောင်ဖျော်ထားပါ။ ဒယ်အိုးထဲ ဆီထည့်ကာ ငါးတွေကို ရွှေဝါရောင် သမ်းလာတဲ့အထိ ကြော်ပါ။ ပြီးရင် ငါးတွေကို ဆယ်ထားပါ။

ကြက်သွန်မြိတ်၊ ငရုတ်သီး၊ ကြက်သွန်ဖြူချဉ်တို့ကို တစ်ခုပြီးတစ်ခုထည့်ကာ ဆီသတ်ပါ။ ကြက်သွန်မြိတ်တွေ နွမ်းစပြုရင် ငါးကြော်တွေကို အိုးထဲပြန်ထည့်ကာ မွှေပါ။ ပြီးရင် ဆီတို့ဟူးရေကို လောင်းထည့်ကာ ရေ ၁/၂ ခွက် ထပ်ထည့်ပါ။ နောက် မီးကို လျှော့ကာ ရေများပွက်လာသည်အထိ တည်ပါ။ ဟင်းရည်ပွက်ပြီး ၃-၄ မိနစ်မျှကြာရင် မီးကိုပိတ်ကာ အဖုံးအုပ်ပြီး နောက် ထပ် ငါးမိနစ်လောက် နှပ်ထားပါ။

ဖြင်ဆင်ပုံ

ပဲရွက်တွေကို အရွက်နုလေးတွေနဲ့ အညွှန့်လေးများ ခူးကာ ရေဆေးပါ။ ပြီးရင် ဆားအနည်းငယ် ထည့်ထားတဲ့ ရေနွေးဆူဆူထဲ ၂-၃ မိနစ်မျှ ရေနွေးဖျော်ပြီး ရေခဲရေထဲသို့ ချက်ချင်းထည့်ကာ စိမ်ထားပါ။ နောက် ရေစင်အောင် စစ်ကာထားပါ။

ဒယ်အိုးပြားလေးထဲမှာ ဆီကိုထည့်ကာ မီးမပြင်းတပြင်းနဲ့ အပူပေးပြီး ဆီတို့ဟူးကို ဖြည်းဖြည်းချင်းဖျော်ကာ ကြော်ပါ။ နောက် သကြားနဲ့ ငရုတ်သီးတို့ကို ထည့်ကာမွှေပါ။ ဒါမှမဟုတ် မိုက်ခရိုဝေ့ဖ်ထဲတွင် ၁၀ စက္ကန့်လောက် အပူပေးပါ။ နောက် အားလုံးကို သမအောင် မွှေပြီးရင် နောက်ထပ် ၁၀ စက္ကန့်မျှ အပူပေးပါ။

ပါဝင်ပစ္စည်းများအားလုံး ပေါင်းစပ်ပြီး အနှစ်ကဲ့သို့ ပျစ်ပျစ်နှစ်နှစ်လေး ဖြစ်နေပါစေ။ နောက် ပဲရွက်တွေကို ပန်းကန်ပြားပေါ် ခင်းပြီးရင် dressing ကို အရွက်တွေပေါ် မျှအောင် လောင်းချကာ ကြက်သွန်ဖြူကြော်တွေကို ဖြူးကာ စားသုံးနိုင်ပါတယ်။

အပူချိန်နွေးနွေးလေးရှိမယ့် အချိန်မှာ စားသုံးဖို့အကောင်းဆုံးဖြစ်ပါတယ်။ ■

အနောက်တိုင်းစတိုင် ဟင်းရွက်သုပ်နှင့် ဆီတို့ဟူး dressing

ပါဝင်ပစ္စည်းများ (လေးယောက်စာ)

ဆီတို့ဟူး စားပွဲဇွန်း တစ်ဇွန်း
ဟင်းသီးဟင်းရွက်ဆီ
စားပွဲဇွန်း တစ်ဇွန်း
နှမ်းလှော်ဆီ
လက်ဖက်ရည်ဇွန်း ၁/၂ ဇွန်း
ငရုတ်သီးအနီအရှည်တောင့် တစ်တောင့် (ပါးပါးလှီးပါ)
သကြား
လက်ဖက်ရည်ဇွန်း တစ်ဇွန်း
ကြက်သွန်ဖြူကြော်
လက်ဖက်ရည်ဇွန်း နှစ်ဇွန်း
ပဲရွက် တစ်စည်း

ထမင်းဖြူနဲ့ စားရင် ပိုမိုလိုက်ဖက်ပါတယ်။

TIPS

ဆီတို့ဟူးကို ဆီနှစ်အောင် ပုလင်းထဲ ထည့်ကာ ရေခဲသေတ္တာထဲမှာ ထားလို့ ရပါတယ်။

ဝိုင်နီ

Grandes Serres Cotes du Ventoux 2010



ဒီဝိုင်နီကတော့ အကောင်းစားကြီး မဟုတ်ပေမယ့် ပင်ပန်းနွမ်းနယ်နေတဲ့ ညမျိုးကို ဖြတ်ကျော်ဖို့တော့ လုံလောက်ပါတယ်။ အစားနဲ့တွဲသောက်မယ်ဆိုရင်တော့ ဆော့စ်နဲ့ တွဲဖက်စားရတဲ့ အသားဟင်းလျာမျိုး၊ အချဉ်ဖောက်ထားတဲ့ ချိစ်စတာတွေနဲ့ လိုက်ဖက်ပါတယ်။

Score Box 6/10

ကျပ် ၆,၈၅၀

ဝိုင်ဖြူ

Capsula Viola TOscana 2010



အီတလီက trebbiano စပျစ်သီး ၈၅ ရာခိုင်နှုန်းပါဝင်တဲ့ ဒီဝိုင်ဖြူဟာ အယ်လ်ကိုဟော ၁၀ ရာခိုင်နှုန်းပဲ ပါဝင်တဲ့အတွက် အရသာမပြင်းသလို သောက်ပြီးရင်လည်း ခံတွင်းထဲမှာ စပျစ်သီးအရသာလေး စွဲကျန်နေခဲ့ပါတယ်။

Score Box 8/10

ကျပ် ၁၁,၈၀၀

သီရိမင်းထွန်း ဘာသာပြန်သည်။

FOOD REVIEW > > Ajishin ဂျပန်စားသောက်ဆိုင်

စနစ်တကျ ပြင်ဆင်ပေးထားတဲ့ ဂျပန် အစားအစာတွေကို စားပြီးတိုင်း ကျွန်တော့်ရဲ့အသက် သက်တမ်းဟာ ထပ်ပြီး တိုးလာတယ်လို့ ခံစားမိပါတယ်။ လတ်ဆတ်တဲ့ ဆာရှိမိတစ်လုပ်စားလိုက်တိုင်း ပရိုတိန်း၊ အိုမီဂါသရီးအဆီ၊ ဆလီနီယမ်၊ နိုက်ယာစင်း၊ ဗီတာမင်ဘီ ၆ နဲ့ ဘီ ၁၂ ဖော့စ်ဖောရပ်စ်၊ မဂ္ဂနီစီယမ်နဲ့ တခြားအသုံးဝင်တဲ့ သတ္တုဓာတ်တွေနဲ့ အာဟာရဓာတ်တွေဟာ ကျွန်တော့်ခန္ဓာကိုယ်ထဲ တလိမ့်လိမ့် စီးဝင်လာတယ်လို့ ခံစားမိပါတယ်။

ကံအားလျော်စွာပဲ ဂျပန်အစားအစာကောင်းကောင်းရတဲ့ စားသောက်ဆိုင်တွေ ရန်ကုန်မှာ အများကြီးတွေ့ရပါတယ်။ ဒီလိုအစားအစာမျိုးတွေက စျေးကြီးပေမယ့် ကုန်ရကျိုးနပ်တယ်လို့ ကျွန်တော် ထင်ပါတယ်။

ရန်ကုန်မှာဖွင့်ထားတဲ့ အဆင့်မြင့် ဂျပန်စားသောက်ဆိုင်တွေထဲမှာ ဆီဒိုးနားဟိုတယ် အနောက်ဘက်လမ်းသွယ်လေးထဲမှာ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့က ဖွင့်လှစ်ခဲ့တဲ့ Ajishin ဆိုတဲ့ဆိုင်လည်း ပါဝင်ပါတယ်။ ဆိုင်လေးရဲ့အပြင်ပိုင်းအပြင်အဆင်က ရိုးရိုးယဉ်ယဉ်လေးဖြစ်သလို အတွင်းပိုင်းအပြင်အဆင်ကလည်း ခပ်ရိုးရိုးရှင်းရှင်းပါပဲ။

သစ်သားကြမ်းခင်းထားတဲ့ ခန်းမကြီးထဲက စားပွဲဝိုင်းတွေကို သီးသန့်ဆန်အောင် လက်ဖြစ်စက္ကူ အကာအရံလေးတွေနဲ့ခြားပေးထားပါတယ်။ ကြိုတင်မှာလို့ရတဲ့ သီးသန့်ခန်းသုံးခန်းလည်းရှိပြီး နှစ်ခန်းက ဂျပန်စတိုင်ကြမ်းပြင်မှာ ထိုင်ရတဲ့စားပွဲ (လူရှစ်ယောက်စာဝိုင်း) ဖြစ်ပြီး ကျန်တစ်ခန်းကတော့ အနောက်တိုင်းစတိုင်စားပွဲနဲ့ခုံနဲ့ ထိုင်ရတဲ့ပုံစံ (လူခြောက်ယောက်စာဝိုင်း)ပါ။

ကျွန်တော်တို့က နှစ်ယောက်တည်းပဲ ဆိုတော့ ခန်းမကြီးမှာပဲ စားဖြစ်ကြပါတယ်။ ကျွန်တော်တို့ နှုတ်မြိန်စာတွေကို မစားတော့ဘဲ ဆာရှိမိကိုပဲ တန်းမှာ လိုက်ကြပါတယ်။ ကန် ၂၃ ဒေါ်လာပေးရတဲ့ buri (yellow tail ငါးကြီး) ဆာရှိမိနဲ့ ၂၃ ဒေါ်လာတန် ဆာရှိမိသုံးမျိုး (maguroakami၊ ရောဘဲနဲ့ ဆော်လ်မွန် ငါး) အတွဲတစ်ပွဲ မှာလိုက်ပါတယ်။



ဆာကူရာဆူရှီပွဲ (၁၈ ဒေါ်လာ)၊ tori momo ကြက်သားကင် (သုံးဒေါ်လာ)နဲ့ ဆလပ်ရွက်၊ သခွါးသီး၊ ကြက်သွန်မြိတ်နဲ့ စားမြိန်ရည်ပါ Ajishin အရွက်သုပ် (ငါးဒေါ်လာ) ကိုလည်း မှာစားဖြစ်ကြပါတယ်။

စားစရာအားလုံး လတ်ဆတ်ပြီး အရသာရှိသလို အသေအချာလည်း ပြင်ဆင်ပေးထားပါတယ်။ အထူးသဖြင့် yellow tail ဆာရှိမိနဲ့ ရောဘဲဆာရှိမိတို့ပါ။ ကြက်ကင်နဲ့ အရွက်သုပ်လည်း ကောင်းပါတယ်။ ဒါပေမဲ့ ကျွန်တော့်အတွက်တော့ ဆားနဲနဲငန်နေပါတယ်။ ဝါဆာဘီကလည်း လတ်ဆတ်ပြီး အရသာမြိုးမြိုးမြက်မြက်ရှိပါတယ်။ ဒါကြောင့် မှာထားတဲ့အမယ်တွေနဲ့အတူ အစုံအလင်တည်ခင်းပေးထားတဲ့ စားစရာတွေကိုလည်း အလွတ်မပေးဘဲ စားပစ်လိုက်ပါတယ်။

ဒီဆိုင်ရဲ့ ဝန်ဆောင်မှုကတော့ အပြစ်ပြောစရာမရှိပါဘူး။ လိုအပ်တဲ့အခါ အကူအညီပေးနိုင်အောင် တစ်ယောက်မဟုတ်တစ်ယောက် ခပ်လှမ်းလှမ်းမှာ စောင့်ပေးနေတတ်ပါတယ်။ ကျွန်တော်တို့ ထိုင်နေတဲ့ စားပွဲအပေါ် ဖက်က လေအေးပေးစက်ပိုက်မှာ ကြေးခေါင်းလောင်းလေးချိတ်ထားတာကို စားသောက်လို့ပြီးခါနီးမှာ ကျွန်တော် သတိပြုမိသွားပါတယ်။ စမ်းကြည့်တဲ့အနေနဲ့ ခေါင်းလောင်းလေးကို ကျွန်တော်ဆွဲကြည့်လိုက်တဲ့အခါ စားပွဲထိုးလေးသုံးယောက် အပြေးအလွှား ရောက်လာပါတယ်။

လေအေးပေးစက်အကြောင်း ပြောရမယ်ဆိုရင် အေးစိမ့်နေတဲ့လေတွေ စီးဆင်းနေတဲ့ စားသောက်ဆိုင်ရဲ့ မျက်နှာကြက်တစ်လျှောက် တပ်ထားတဲ့ပိုက်လိုင်းက သိသိသာသာ လှုပ်ရှားနေပါတယ်။ ပိုက်လိုင်းက ထွက်နေတဲ့ ဆူညံသံတွေကို ကိုတိုဂန္ဆင်ဂီတညင်းပျောင်းပျောင်းအသံက ပျောက်သွားအောင် လုပ်ပေးကောင်း လုပ်ပေးနိုင်မှာပါ။

ဒါပေမဲ့ ဒီအသံလောက်ကတော့ ကျွန်တော့်ကို စိတ်အနှောင့်အယှက် မဖြစ်စေပါဘူး။ ဂျပန်အီလက်ထရွန်းနစ် ဂီတဆူဆူညံညံတွေကို နှစ်သက်တဲ့သူဖြစ်တာရယ်၊ ဘဝက ဘာပဲဖြစ်ဖြစ် နေပျော်ပါတယ်လို့ ကိုယ့်ကိုယ်ကိုယ်လှည့်စားနှစ်သိမ့်တာမျိုးကို အားပေးတဲ့သူဖြစ်တာရယ်ကြောင့် ကျွန်တော့်အကြိုက် ဂျပန်တီးဝိုင်း Violent Onsen Geisha ရဲ့ သီချင်းကို နားထောင်ရင်းနဲ့ ရောဘဲအစိမ်းကို ဘာမှမဖြစ်သလို ခပ်တည်တည်နဲ့ စားလိုက်နိုင်ခဲ့ပါတယ်။

အခက်အခဲကိုဖြတ်ကျော်နိုင်ခဲ့တာမို့ ညနေခင်းလေးကလည်း ပိုကောင်းသွားပါတယ်။ DL

Ajishin ဂျပန်စားသောက်ဆိုင်
အမှတ်(၁၈)(ဘီ)၊သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ■

DOMESTIC FLIGHT SCHEDULES

YANGON TO NAY PYI TAW

Days	Flight	Dep	Arr
MON	UB-A1	07:45	08:45
	UB-B1	11:30	12:30
	UB-C1	16:00	17:00
TUE	UB-A1	07:45	08:45
	UB-B1	11:30	12:30
	UB-C1	16:00	17:00
WED	UB-A1	07:45	08:45
	UB-B1	11:30	12:30
	UB-C1	16:00	17:00
THUR	UB-A1	07:45	08:45
	UB-B1	11:30	12:30
	UB-C1	16:00	17:00
FRI	UB-A1	07:45	08:45
	UB-B1	11:30	12:30
	UB-C1	16:00	17:00
SAT	UB-A1	08:00	09:00
SUN	UB-A1	15:30	16:30

NAY PYI TAW TO YANGON

Days	Flight	Dep	Arr
MON	UB-A2	09:15	10:15
	UB-B2	13:00	14:00
	UB-C2	17:30	18:30
TUE	UB-A2	09:15	10:15
	UB-B2	13:00	14:00
	UB-C2	17:30	18:30
WED	UB-A2	09:15	10:15
	UB-B2	13:00	14:00
	UB-C2	17:30	18:30
THUR	UB-A2	09:15	10:15
	UB-B2	13:00	14:00
	UB-C2	17:30	18:30
FRI	UB-A2	09:15	10:15
	UB-B2	13:00	14:00
	UB-C2	17:30	18:30
SAT	UB-A2	10:00	11:00
SUN	UB-A2	17:00	18:00

YANGON TO MANDALAY

Days	Flight	Dep	Arr
MON	W9 501	06:00	07:25
	YH 909	06:00	07:40
	YJ 901	06:00	08:05
	YJ 891	06:10	08:15
	YH 917	06:10	08:30
	6T 401	06:20	08:25
	K7 222	06:30	08:40
	Y5 131	08:00	09:00
	YJ 911	09:15	10:40
	W9 503	11:00	12:25
	YJ 761	11:00	12:55
	YH 727	11:15	13:25
	W9 119	11:45	13:40
	K7 622	12:00	13:25
	6T 501	13:45	15:45
	W9 109	14:00	15:55
	YJ 109/W97109	14:00	15:55
	6T 341	15:00	16:25
	YJ 791	15:00	16:55
	YH 731	15:00	17:10
TUE	W9 141	06:00	07:25
	YJ 901	06:00	08:05
	YH 909	06:00	08:25
	YJ 891	06:10	08:15
	YH 917	06:10	08:30
	6T 401	06:20	08:25
	K7 222	06:30	08:40
	W9 143	06:45	08:50
	Y5 131	08:00	09:00
	8M 6603	09:00	10:10
	YJ 761	11:00	12:55
	YH 729	11:15	12:55
	W9 251	11:30	12:55
	K7 822	11:30	12:55
	K7 622	12:00	13:25
	6T 501	13:45	15:45
	W9 109	14:00	15:55
	6T 341	15:00	16:25
	YH 731	15:00	17:10
	YJ 791	15:45	17:10
WED	YH 917	06:00	07:40
	YJ 891	06:10	08:15
	6T 401	06:20	07:25
	K7 222	06:30	08:40
	6T 331	06:45	08:10
	W9 143	06:45	08:50
	W9 201	07:30	08:55
	Y5 131	08:00	09:00
	YJ 911	10:00	11:25
	YJ 751/W97751	11:00	12:55
	YH 737	11:15	13:25
	W9 119	11:45	13:40
	K7 622	12:00	13:25
	W9 501	12:00	13:25
	6T 501	14:30	16:30
	YH 731	15:00	17:10
	W9 129	15:30	17:25
	YJ 791	15:45	17:40
THUR	W9 205	06:00	07:25
	YJ 891	06:10	08:15
	6T 401	06:20	08:25
	YH 909	06:30	08:10
	K7 222	06:30	08:40
	W9 143	06:45	08:50
	Y5 131	08:00	09:00
	8M 6603	09:00	10:10
	YJ 201	10:00	11:25
	YJ 761	11:00	12:55
	YJ 116/W97116	11:00	12:55
	K7 226	12:00	13:25
	6T 501	13:45	15:45
	W9 129	14:30	16:25
	6T 341	15:00	16:25
	W9 501	15:00	16:25
FRI	YJ 891	06:10	08:15
	6T 401	06:20	08:25
	YJ 211	06:30	07:55
	K7 222	06:30	08:40
	Y5 131	08:00	09:00
	YJ 751/W97751	11:00	12:55
	K7 824	13:00	14:25
	6T 501	13:45	15:45
	YJ 791	14:30	16:25
	6T 341	15:00	16:25
SAT	YJ 891	06:10	08:15
	6T 341	06:15	07:40
	6T 401	06:20	08:25
	K7 222	06:30	08:40
	K7 244	06:45	08:10
	Y5 131	08:00	09:00
	YJ 601/W97601	11:00	12:25
	YJ 761	11:00	12:55
	6T 501	14:45	16:45
	YJ 211/W97211	15:00	16:25
SUN	YJ 901	06:00	07:25
	YJ 141/W97141	06:00	07:25
	YJ 891	06:10	08:15
	6T 401	06:20	08:25
	K7 222	06:30	08:40
	Y5 131	08:00	09:00
	8M 6603	09:00	10:10
	YJ 211	11:00	12:25
	YJ 751/W97751	11:00	12:55
	K7 622	12:00	13:25
	6T 501	13:45	15:45
	YJ 129/W97129	14:30	16:25
	6T 341	15:00	16:25

MANDALAY TO YANGON

Days	Flight	Dep	Arr
MON	YH 910	07:40	10:30
	YJ 892	08:30	10:25
	YH 918	08:30	10:25
	6T 402	08:45	10:45
	K7 223	09:00	11:05
	W9 502	09:10	11:05
	Y5 132	09:30	10:30
	W9 504	15:45	17:10
	6T 502	16:05	17:30
	W9 109	16:10	18:15
	YJ 762	16:35	18:00
	K7 623	16:40	18:05
	YH 728	16:45	18:10
	6T 342	16:45	18:50
	YH 732	17:10	19:15
	YJ 792	17:10	19:15
	W9 120	17:50	19:15
TUE	YH 910	07:40	10:30
	YJ 902	08:20	09:45
	YH 918	08:30	10:25
	YJ 892	08:30	10:25
	6T 402	08:45	10:45
	K7 223	09:00	11:05
	W9 143	09:05	11:00
	Y5 132	09:30	10:30
	6T 502	16:05	17:30
	W9 109	16:10	18:15
	YJ 762	16:35	18:00
	K7 623	16:40	18:05
	6T 342	16:45	18:50
	YH 732	17:10	19:15
	8M 6604	17:20	18:30
	YJ 791	17:25	19:30
	YH 730	17:35	19:00
	K7 823	18:00	19:25
	W9 252	18:35	20:00
WED	6T 401	08:05	10:55
	YH 910	08:10	10:15
	6T 332	08:30	09:55
	YJ 892	08:30	10:25
	K7 223	09:00	11:05
	W9 144	09:05	11:10
	YH 918	09:10	11:05
	Y5 132	09:30	10:30
	K7 623	16:40	18:05
	6T 502	16:50	18:55
	YH 732	17:10	19:15
	YH 738	17:25	18:50
	W9 129	17:40	19:45
	W9 120	17:50	19:15
	YJ 752/W97752	17:50	19:15
	YJ 792	17:55	20:00
THUR	W9 205	07:40	09:45
	YJ 892	08:30	10:25
	6T 402	08:45	10:45
	K7 223	09:00	11:05
	W9 143	09:05	11:10
	Y5 132	09:30	10:30
	YJ 117/W97117	13:10	15:05
	YJ 202	14:30	15:55
	K7 227	15:50	17:15
	6T 502	16:05	17:30
	YJ 762	16:35	18:00
	W9 129	16:40	18:05
	6T 342	16:45	18:50
	8M 6604	17:20	18:30
FRI	YJ 892	08:30	10:25
	6T 402	08:45	10:45
	K7 223	09:00	11:05
	Y5 132	09:30	10:30
	YJ 212	11:30	12:55
	6T 502	16:05	17:30
	YJ 792	16:40	18:45
	6T 342	16:45	18:50
	YJ 752/W97752	16:55	18:20
	YH 732	17:10	19:15
	K7 825	17:40	19:05
SAT	6T 342	08:00	10:05
	YJ 892	08:30	10:25
	6T 402	08:45	10:45
	K7 223	09:00	11:05
	Y5 132	09:30	10:30
	YJ 602/W97602	15:40	17:45
	YJ 762	16:35	18:00
	YJ 211/W97211	16:40	18:45
	6T 502	17:50	19:10
SUN	YJ 892	08:30	10:25
	6T 402	08:45	10:45
	K7 223	09:00	11:05
	Y5 132	09:30	10:30
	YJ 212	16:00	17:25
	6T 502	16:05	17:30
	K7 623	16:40	18:05
	YJ 129/W97129	16:40	18:45
	6T 342	16:45	18:50
	8M 6604	17:20	18:30
	K7 823	17:20	18:45
	YJ 752/W97752	17:50	19:15

YANGON TO NYAUNG U

Days	Flight	Dep	Arr
MON	YJ 901	06:00	07:20
	W9 501	06:00	08:10
	YH 909	06:00	08:25
	YH 917	06:10	07:45
	YJ 891	06:10	07:30
	6T 401	06:20	07:40
	YJ 141/W97141	06:30	07:50
	6T 351	06:30	07:50
	K7 222	06:30	07:50
	W9 141	06:30	07:50
	W9 143	07:00	08:20
	YJ 911	09:15	11:25
	W9 109	14:00	16:40
	YJ 109/W97109	14:00	16:40
	6T 341	15:00	17:15
	YJ 791	15:00	17:40
	YH 731	15:00	17:55
TUE	W9 205	06:00	07:20
	YJ 901	06:00	07:20
	W9 141	06:00	08:10
	YH 909	06:00	08:25
	YJ 891	06:10	07:30
	YH 917	06:10	07:45
	6T 401	06:20	07:40
	6T 351	06:30	07:50
	YJ 141/W97141	06:30	07:50
	K7 222	06:30	07:50
	W9 143	06:45	08:05
	W9 109	14:00	16:40
	6T 341	15:00	17:15
	YH 731	15:00	17:55
	YJ 791	15:45	17:55
WED	YJ 901	06:00	07:20
	YH 917	06:00	08:25
	YJ 891	06:10	07:30
	YH 909	06:10	07:45
	6T 401	06:20	07:40
	YJ 141/W97141	06:30	07:50
	K7 222	06:30	07:50
	W9 141	06:30	07:50
	W9 143	06:45	08:05
	K7 242	06:45	08:05
	YJ 911	10:00	12:10
	6T 351	11:15	12:35
	YJ 129/W97129	14:00	16:40
	6T 501	14:30	17:20
	YH 731	15:00	17:55
	W9 129	15:30	18:10
	YJ 791	15:45	18:25
THUR	YJ 901	06:00	07:20
	W9 205	06:00	08:10
	YJ 891	06:10	07:30
	6T 401	06:20	07:40
	YJ 141/W97141	06:30	07:50
	K7 222	06:30	07:50
	W9 141	06:30	07:50
	6T 351	06:30	07:50
	W9 143	06:45	08:05
	W9 501	15:00	17:10
	6T 341	15:00	17:15
FRI	YJ 891	06:10	07:30
	6T 401	06:20	07:40
	YJ 141/W97141	06:30	07:50
	6T 351	06:30	07:50
	K7 222	06:30	07:50
	K7 242	06:45	08:05
	YJ 791	14:30	17:10
	6T 341	15:00	17:15
SAT	YJ 911	06:00	07:20
	YJ 891	06:10	07:30
	6T 341	06:15	08:30
	6T 401	06:20	07:40
	YJ 141/W97141	06:30	07:50
	K7 222	06:30	07:50
	6T 451	10:30	11:50
	6T 501	14:45	17:35
	YJ 211/W97211	15:00	17:10
SUN	YJ 901	06:00	08:10
	YJ 141/W97141	06:00	08:10
	YJ 891	06:10	07:30
	6T 401	06:20	07:40
	K7 222	06:30	07:50
	6T 351	06:30	07:50
	K7 224	14:15	16:25
	YJ 129/W97129	14:30	17:10
	6T 341	15:00	17:15

NYAUNG U TO YANGON

Days	Flight	Dep	Arr
MON	YJ 902	07:35	08:55
	YH 918	07:45	10:25
	YJ 891	07:45	10:25
	6T 401	07:55	10:45
	YJ 141/W97141	08:05	11:05
	6T 351	08:05	11:10
	YH 910	08:25	10:30
	W9 502	08:25	11:05
	W9 144	08:35	09:55
	YJ 911	11:40	14:45
	K7 225	16:40	18:00
	W9 109	16:55	18:15
	YJ 211/W97211	17:25	18:45
	6T 342	17:30	18:50
	YH 732	17:55	19:15
	YJ 792	17:55	19:15
TUE	YJ 901	07:35	09:45
	YJ 891	07:45	10:25
	YH 918	07:45	10:25
	6T 401	07:55	10:40
	YJ 141/W97141	08:05	11:05
	6T 351	08:05	11:10
	W9 143	08:20	11:00
	YH 910	08:25	10:30
	W9 141	08:25	11:25
	YH 712	12:50	14:45
	W9 109	16:55	18:15
	6T 342	17:30	18:50
	YH 732	17:55	19:15
	YJ 792	18:10	19:30
WED	YJ 902	07:35	09:40
	YJ 891	07:45	10:25
	YJ 141/W97141	08:05	11:05
	W9 141	08:05	11:05
	YH 918	08:25	11:05
	6T 402	08:50	10:55
	YH 910	09:35	10:55
	W9 144	09:50	11:10
	YJ 911	12:25	15:30
	6T 351	12:50	15:55
	K7 225	16:40	18:00
	6T 502	17:35	18:55
	YH 732	17:55	19:15
	W9 129	18:25	19:45
	YJ 792	18:40	20:00
THUR	YJ 901	07:35	09:40
	YJ 891	07:45	10:25
	6T 401	07:55	10:45
	YJ 141/W97141	08:05	11:05
	W9 141	08:05	11:05
	6T 351	08:05	11:10
	W9 143	08:20	11:10
	W9 205	08:25	09:45
	6T 342	17:30	18:50
FRI	YJ 891	07:45	10:25
	6T 401	07:55	10:45
	YJ 141/W97141	08:05	11:05
	6T 351	08:05	11:10
	K7 225	16:40	18:00
	YJ 792	17:25	18:45
	6T 342	17:30	18:50
SAT	YJ 911	07:35	10:40
	YJ 891	07:45	10:25
	6T 401	07:55	10:45
	YJ 141/W97141	08:05	11:05
	6T 342	08:45	10:05
	6T 451	12:05	15:10
	K7 225	16:40	18:00
	YJ 211/W97211	17:25	18:45
	6T 502	17:50	19:10
SUN	YJ 891	07:45	10:25
	6T 401	07:55	10:45
	6T 351	08:05	11:10
	YJ 902	08:25	10:30
	K7 225	16:40	18:00
	YJ 129/W97129	17:25	18:45
	6T 342	17:30	18:50

YANGON TO MYITKYINA

Days	Flight	Dep	Arr
MON	W9 503	11:00	13:55
	K7 622	12:00	14:55
TUE	W9 251	11:30	14:25
	K7 622	12:00	14:55
WED	K7 622	12:00	14:55
THUR	YJ 201	10:00	12:50
FRI	YJ 211	06:30	09:20
SUN	YJ 211	11:00	13:50
	K7 622	12:00	14:55

MYITKYINA TO YANGON

Days	Flight	Dep	Arr
MON	W9 504	14:15	17:10
	K7 623	15:10	18:05
TUE	K7 623	15:10	18:05
	W9 252	17:05	20:00
WED	K7 623	15:10	18:05
THUR	YJ 202	13:05	15:55
FRI	YJ 211	09:35	12:55
SUN	YJ 211	14:05	17:25
	K7 623	15:10	18:05

YANGON TO HEHO

Days	Flight	Dep	Arr
MON	YH 909	06:00	09:20
	YJ 891	06:10	09:00
	YH 917	06:10	09:15
	6T 401	06:20	09:20
	W9 141	06:30	08:45
	6T 351	06:30	08:45
	YJ 141/W97141	06:30	08:45
	YJ 911	09:15	12:20
	K7 828	10:00	11:15
	YJ 761	11:00	12:10
	YH 727	11:15	12:40
	W9 119	11:45	12:55
	6T 501	13:45	14:55
	W9 109	14:00	15:10
	YJ 109/W97109	14:00	15:10
	K7 224	14:15	15:30
	YJ 791	15:00	16:10
	YH 731	15:00	16:25
TUE	W9 141	06:00	09:05
	YH 909	06:00	09:20
	YJ 891	06:10	09:00
	YH 917	06:10	09:15
	6T 401	06:20	09:20
	6T 351	06:30	08:45
	YJ 141/W97141	06:30	08:45
	W9 143	06:45	09:35
	W9 201	09:30	10:40
	YJ 761	11:00	12:10
	YH 711	11:00	12:25
	K7 822	11:30	13:45
	6T 501	13:45	14:55
	W9 109	14:00	15:10
	YH 731	15:00	16:25
WED	YJ 901	06:00	08:15
	YH 909	06:10	08:40
	YJ 891	06:10	09:00
	6T 401	06:20	09:30
	YJ 141/W97141	06:30	08:45
	W9 141	06:30	08:45
	W9 201	07:30	09:40
	YJ 911	10:00	13:05
	YJ 751/W97751	11:00	12:10
	YH 737	11:15	12:40
	6T 351	11:15	13:30
	W9 119	11:45	12:55
	K7 826	12:30	13:45
	K7 224	14:15	15:30
	6T 501	14:30	15:40
	YH 731	15:00	16:25
	W9 129	15:30	16:40
	YJ 791	15:45	16:55
	YJ 129/W97129	16:55	18:15
THUR	YJ 901	06:00	08:15
	YJ 891	06:10	09:00
	6T 401	06:20	09:20
	YJ 141/W97141	06:30	08:45
	6T 351	06:30	08:45
	W9 141	06:30	08:45
	W9 143	06:45	09:35
	K7 828	10:00	11:15
	YJ 761	11:00	12:10
	YJ 116/W97116	11:00	12:10
	6T 501	13:45	14:55
	W9 129	14:30	15:40
FRI	YJ 891	06:10	09:00
	6T 401	06:20	09:20
	YJ 141/W97141	06:30	08:45
	6T 351	06:30	08:45
	K7 242	06:45	09:00
	YJ 751/W97751	11:00	12:10
	6T 501	13:45	14:55
	K7 224	14:15	15:30
	YJ 791	14:30	15:40
SAT	YJ 911	06:00	08:15
	YJ 891	06:10	09:00
	6T 401	06:20	09:20
	YJ 141/W97141	06:30	08:45
	K7 224	06:45	09:00
	6T 451	10:30	12:45
	YJ 761	11:00	12:10
	K7 826	12:30	13:45
	K7 224	14:15	15:30
	6T 501	14:45	15:55
SUN	YJ 891	06:10	09:00
	6T 401	06:20	09:20
	6T 351	06:30	08:45
	YJ 751/W97751	11:00	12:55
	K7 822	11:30	13:45
	6T 501	13:45	14:55
	K7 224	14:15	15:30
	YJ 129/W97129	14:30	15:40

HEHO TO YANGON

Days	Flight	Dep	Arr
MON	W9 141	09:00	11:05
	YJ 141/W97141	09:00	11:05
	6T 352	09:00	11:10
	YJ 892	09:15	10:25
	YH 918	09:15	10:25
	YH 910	09:20	10:30
	6T 402	09:35	10:45
	K7 223	09:50	11:05
	W9 502	09:55	11:05
	YJ 912	12:35	14:45
	YJ 109/W97109	14:00	15:10
	6T 501	15:10	17:30
	W9 109	15:25	18:15
	YJ 762	15:50	18:00
	YH 728	16:00	18:10
	YH 732	16:25	19:15
	YJ 791	16:25	19:15
	K7 829	16:30	17:45
	W9 120	17:05	19:15
TUE	YJ 141/W97141	09:00	11:05
	6T 352	09:00	11:10
	YJ 892	09:15	10:25
	YH 918	09:15	10:25
	YH 910	09:20	10:30
	W9 141	09:20	11:25
	6T 402	09:45	10:55
	W9 143	09:50	11:00
	K7 223	09:50	11:05
	W9 202	10:55	12:05
	YH 712	12:25	14:30
	6T 501	15:10	17:30
	W9 109	15:25	18:15
	YJ 762	15:50	18:00
	YH 732	16:25	19:15
	K7 823	17:10	19:25
WED	YJ 902	08:30	09:40
	YH 910	08:40	10:55
	W9 141	09:00	11:05
	YJ 141/W97141	09:00	11:05
	K7 243	09:15	11:30
	YJ 892	09:15	10:25
	6T 402	09:45	10:55
	K7 223	09:50	11:05
	YH 918	09:55	11:05
	W9 201	09:55	11:05
	YJ 912	13:20	15:30
	6T 352	13:45	15:55
	6T 501	15:55	18:55
	YH 732	16:25	19:15
	K7 827	16:30	17:45
	YH 738	16:40	18:50
	W9 129	16:55	19:45
	W9 120	17:05	19:15
	YJ 791	17:10	20:00
THUR	YJ 902	08:30	09:40
	YJ 141/W97141	09:00	11:05
	6T 352	09:00	11:10
	YJ 892	09:15	10:25
	6T 402	09:35	10:45
	K7 223	09:50	11:05
	W9 143	09:50	11:10
	YJ 117/W97117	13:55	15:05
	6T 501	15:10	17:30
	YJ 762	15:50	18:00
	W9 129	15:55	18:05
	K7 829	16:30	17:45
FRI	YJ 141/W97141	09:00	11:05
	6T 352	09:00	11:10
	YJ 892	09:15	10:25
	K7 243	09:15	11:30
	6T 402	09:35	10:45
	K7 223	09:50	11:05
	6T 501	15:10	17:30
SAT	YJ 912	08:30	10:40
	YJ 141/W97141	09:00	11:05
	YJ 892	09:15	10:25
	6T 402	09:35	10:45
	K7 223	09:50	11:05
	6T 452	13:00	15:10
	YJ 762	15:50	18:00
	6T 501	16:10	19:10
	K7 827	17:10	18:25
SUN	6T 352	09:00	11:10
	YJ 892	09:15	10:25
	YJ 902	09:20	10:30
	6T 402	09:35	10:45
	K7 223	09:50	11:05
	6T 501	15:10	17:30
	YJ 129/W97129	15:55	18:45

YANGON TO SITTWE

Days	Flight	Dep	Arr
MON	6T 611	11:30	12:55
TUE	K7 422	06:45	08:40
	6T 611	11:30	12:55
WED	6T 607	10:15	11:40
THRU	6T 611	11:30	12:55
FRI	6T 611	11:30	12:55
SAT	6T 611	11:15	12:40
SUN	K7 422	06:45	08:40
	6T 611	11:30	12:55

SITTWE TO YANGON

Days	Flight	Dep	Arr
MON	6T 612	13:15	14:40
TUE	K7 423	08:55	10:50
	6T 612	13:15	14:40
WED	6T 608	12:00	14:00
THUR	6T 612	13:15	14:40
FRI	6T 612	13:15	14:40
SAT	6T 612	13:00	14:25
SUN	K7 423	08:55	10:50
	6T 612	13:15	14:40

YANGON TO MYEIK

Days	Flight	Dep	Arr
MON	K7 319	07:00	09:05
TUE	K7 319	07:00	09:05
WED	K7 319	07:00	09:05
THUR	K7 319	07:00	09:05
FRI	K7 319	07:00	09:05
SAT	K7 319	07:00	09:05
SUN	K7 319	07:00	09:05

MYEIK TO YANGON

Days	Flight	Dep	Arr
MON	K7 320	11:30	13:35
TUE	K7 320	11:30	13:35
WED	K7 320	11:30	13:35
THUR	K7 320	11:30	13:35
FRI	K7 320	11:30	13:35
SAT	K7 320	11:30	13:35
SUN	K7 320	11:30	13:35

YANGON TO THANDWE

Days	Flight	Dep	Arr
MON	W9 141	06:30	10:00
	6T 351	06:30	10:00
	YJ 141/W97141	06:30	10:00
	K7 420	06:45	07:40
	YH 503	11:00	12:05
	6T 601	11:15	12:10
TUE	W9 141	06:00	10:20
	6T 351	06:30	10:00
	YJ 141/W97141	06:30	10:00
	K7 422	06:45	07:40
	YH 711	11:00	13:40
	6T 601	11:15	12:10
WED	W9 141	06:30	10:00
	YJ 141/W97141	06:30	10:00
	6T 607	10:15	12:50
	6T 351	11:15	14:45
	YH 711	11:30	12:35
THUR	W9 141	06:30	10:00
	YJ 141/W97141	06:30	10:00
	6T 351	06:30	10:00
	K7 420	06:45	07:40
	YH 711	10:30	13:55
	6T 601	11:15	12:10
FRI	6T 351	06:30	10:00
	YJ 141/W97141	06:30	10:00
	6T 601	11:15	12:10
	YH 503	11:15	12:20
SAT	YJ 141/W97141	06:30	10:00
	YH 505	10:30	13:10
	6T 451	10:30	14:00
	6T 601	15:30	16:25
SUN	6T 351	06:30	10:00
	K7 422	06:45	07:40
	YH 505	10:30	13:10
	6T 601	11:15	12:10

THANDWE TO YANGON

Days	Flight	Dep	Arr
MON	K7 421	07:55	08:50
	W9 141	10:15	11:05
	YJ 141/W97141	10:15	11:05
	6T 352	10:15	11:10
	YH 504	12:05	12:55
	6T 602	12:25	13:20
	YJ 912	13:50	14:45
TUE	K7 423	09:55	10:50
	YJ 141/W97141	10:15	11:05
	6T 352	10:15	11:10
	W9 141	10:35	11:25
	6T 602	12:25	13:20
	YH 712	13:40	14:30
WED	W9 141	10:15	11:05
	YJ 141/W97141	10:15	11:05
	YH 712	12:35	13:25
	6T 608	13:05	14:00
	YJ 912	14:35	15:30
	6T 352	15:00	15:55
THUR	K7 421	07:55	08:50
	YJ 141/W97141	10:15	11:05
	W9 141	10:15	11:05
	6T 352	10:15	11:10
	6T 602	12:25	13:20
	YH 712	13:55	14:45
FRI	YJ 141/W97141	10:15	11:05
	6T 352	10:15	11:10
	K7 243	10:35	11:30
	YH 504	12:20	13:10
	6T 602	12:25	13:20
SAT	YJ 141/W97141	10:15	11:05
	K7 245	10:35	11:30
	YH 506	13:10	14:00
	6T 452	14:15	15:10
	6T 602	16:40	17:35
SUN	K7 423	09:55	10:50
	6T 352	10:15	11:10
	YJ 141/W97141	10:35	11:25
	6T 602	12:25	13:20
	YH 506	13:10	14:00

Domestic

- 6T = Air Mandalay
- W9 = Air Bagan
- YJ = Asian Wings
- K7 = AIR KBZ
- YH = Yangon Airways
- UB = FMI UB Charter
- Y5 = Golden Myanmar Airlines

Subject to change without notice

အမ်အေအိုင် လက်မှတ်များကို အမ်ပီယူကတ်များဖြင့် အွန်လိုင်းမှ ဝယ်ယူနိုင်ရန် ဆွေးနွေးနေ

ယုယုမော်

အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း (MAI) ၏ လက်မှတ်များကို မြန်မာကျပ်ငွေဖြင့် အွန်လိုင်းမှ ဝယ်ယူရရှိနိုင်စေရန် ပြည်တွင်းဘဏ်များနှင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်ဟု လေကြောင်းလိုင်းမှ တာဝန်ရှိသူ ဒေါ်အေးမရသာက ပြောကြားသည်။

“လေကြောင်းလိုင်းဘက်ကတော့ စတင်ဖို့ အဆင်သင့်ဖြစ်နေပြီ။ ဘဏ်တွေဘက်က ဖွင့်လိုက်ပြီဆိုရင် သုံးလို့ရပြီ။ သိပ်မကြာခင်မှာ ဖြစ်လာနိုင်အောင် ကြိုးစားနေတယ်။ လောလောဆယ်မှာတော့ ကမ္ဘောဇဘဏ်နဲ့ ဆွေးနွေးထားတယ်” ဟု ၎င်းကပြောသည်။

အမ်အေအိုင်လေယာဉ်လက်မှတ်များကို ၂၄ နာရီအွန်လိုင်းစနစ်ဖြင့် ၂၀၀၉ ခုနှစ်မှ စတင်ခဲ့ ဗီဇာ၊ မာစတာ၊ K Bank Credit Card များဖြင့် E ticket များဝယ်ယူရရှိနိုင်ခဲ့ပြီး ယခုထပ်မံ၍ ပြည်တွင်းဘဏ်ကတ် ကွန်ရက်ဖြစ်သည့် Myanmar Payment Union (MPU) ကတ်များဖြင့် အွန်လိုင်းမှ E Ticket များကိုဝယ်ယူနိုင်စေရန် ဆွေးနွေးဆောင်ရွက်နေခြင်း ဖြစ်သည်။

ထို့ပြင် အမ်အေအိုင်သည် ယခင်က Code Share Partner များဖြစ်သည့် Thai Airways၊ Malaysia Airlines နှင့် Quatar Airways တို့နှင့် စာချုပ်ပြန်လည်ချုပ်ဆိုမည်ဖြစ်သည့်အပြင် Air India၊ Air France၊ Korean Air နှင့် All Nippon Airways လေကြောင်းလိုင်းများနှင့်ပါ စာချုပ်ချုပ်ဆိုသွားရန်ရှိသည်ဟု ဒေါ်အေးမရသာက ဆိုသည်။

လေကြောင်းလိုင်းအနေဖြင့် SITA Reservation System ကိုအသုံးပြု၍ လေယာဉ်လက်မှတ်ရောင်းချခြင်း၊ ကြိုတင်နေရာ Booking/ Reservation လုပ်ခြင်းများကို ဆောင်ရွက်ပေးနေပြီး တစ်ကမ္ဘာလုံးရှိ လေယာဉ်လိုင်းပေါင်း ၃၃ ခုနှင့် ချိတ်ဆက်ထားကာ Interline E-Ticket ပူးပေါင်းထုတ်နိုင်သော လေကြောင်းလိုင်းပေါင်း ၁၉ ခုရှိသည်။

ထို့ပြင် လေကြောင်းလိုင်းမှ နိုင်ငံတကာခရီးစဉ်များအဖြစ် ရန်ကုန်မှ ဟောင်ကောင်သို့ ယခုနှစ်လယ်ပိုင်းတွင် တိုက်ရိုက်ပျံသန်းသွားရန်ရှိသည့်အပြင် မန္တလေး-စင်ကာပူ-မလေးရှား-မန္တလေး ဆက်တိုက်ခရီးစဉ်ကို ယခုနှစ်အတွင်း စတင်ပြေးဆွဲသွားမည်ဟု ဒေါ်အေးမရသာက ပြောကြားသည်။

အမ်အေအိုင်လေကြောင်းလိုင်းသည် ပြည်ပခရီးစဉ်များအပြင် ပြည်တွင်းခရီးစဉ်များပြေးဆွဲနိုင်ရန်လည်း သက်ဆိုင်ရာသို့ တင်ပြထားပြီး ဖြစ်သည်။ ■

ရန်ကုန် ကန်တော်ကြီးအနီးရှိ ရှန်ဂရီလာတာဝါ စီမံကိန်း ၂၀၁၃ မတိုင်ခင် ပြီးစီးမည်

ယုယုမော်

ရှန်ဂရီလာအုပ်စုမှ တာဝန်ယူကာ ရန်ကုန်မြို့၊ ကန်တော်ကြီးအနီးတွင် ဆက်လက်တည်ဆောက်လျက်ရှိသော Shangri-la Residence စီမံကိန်းကို ယခုနှစ် တတိယကာလပတ်တွင် ပြီးစီးနိုင်မည်ဟု အဆိုပါကုမ္ပဏီအုပ်စုမှ Communication Manager ဒေါ်ဖြိုးမေဝင်းက မြန်မာတိုင်း(မ်)ကို ပြောကြားသည်။

ရှန်ဂရီလာ Residence မှာ Twin Tower အမျိုးအစားဖြစ်ပြီး တာဝါတစ်ခုလျှင် ၂၁ထပ်ဖြင့်အခန်း ၁၂၀ပါဝင်သည်။ မြေအကျယ်အဝန်းမှာ ၁၅ ဧကရှိပြီး ရေရှည်ငှားရမ်းတည်းခိုမည့် သူများအတွက် ဆောက်လုပ်ထားခြင်းဖြစ်သည်။ တာဝါတွင် လေ့ကျင့်ခန်းမ၊ ရေကူးကန်၊ တင်းနစ်ကွင်း၊ ကလေးကစားကွင်းနှင့် မီနီမတ်စသည်တို့ ပါဝင်မည်ဖြစ်သည်။

“မြန်မာနိုင်ငံမှာ ရေရှည်ငှားရမ်းနေထိုင်နိုင်မယ့် Residence ဈေးကွက်လိုအပ်ချက် ရှိနေတယ်။ ဒါကြောင့် ဒီစီမံကိန်းကို ပြန်လည်စတင်ဖြစ်တာပါ” ဟု ဒေါ်ဖြိုးမေဝင်းက ဆိုသည်။

မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ဟိုတယ်စီမံကိန်းများကို လိုက်လံစစ်ဆေးစဉ် အဆိုပါ တာဝါနှင့် တွဲလျက်တွင် အခန်း ၈၀၀ ပါ အဆင့်မြင့်ဟိုတယ်နှစ်လုံး၊ ရုံးအဆောက်အအုံနှင့် ဈေးများကိုလည်း ဆက်လက်တည်ဆောက်သွားမည်ဟု ပြောကြားခဲ့သည်။

သို့သော် ရှန်ဂရီလာအုပ်စုက အဆိုပါ အဆင့်မြင့်ဟိုတယ်နှစ်လုံးနှင့် ပတ်သက်ပြီး ဖြေကြားခြင်း မပြုခဲ့ပေ။

လက်ရှိတွင် ရှန်ဂရီလာအုပ်စုက ဆူးလေဘုရားအနီး Traders Hotel နှင့် ကပ်လျက်တွင် Traders Square ဟိုတယ်စီမံကိန်းကို ၂၀၁၅ ခုနှစ်တွင် အပြီးတည်ဆောက်နိုင်ရန် လျာထားသည်။ အဆိုပါ ဟိုတယ်ကို လက်ရှိ Traders Hotel နှင့်ချိတ်ဆက်သွားမည်ဖြစ်ပြီး ရုံးခန်းများ၊ retail space (ငှားရမ်းသည့်နေရာများ)နှင့် ကားရပ်နားရန်နေရာများလည်း ပါဝင်မည် ဖြစ်သည်။



တရားရုံးချုပ်ကို ပုဂ္ဂလိကထံ လွှဲပြောင်းမပေးရန် ရှေ့နေများက ဆန္ဒထုတ်ဖော် အရေးဆိုနေကြစဉ် ။ ဓာတ်ပုံ - ကိုတိတ်

တရားရုံးချုပ်နှင့် စုပေါင်းရုံးတို့ ခရီးသွားစွဲဆောင်မှု ဖြစ်လာမည်

စိုးသန်းလင်း

ရန်ကုန်မြို့ရှိ သက်တမ်း ၁၀၇ နှစ်ရှိပြီဖြစ်သော ယခင်တရားရုံးချုပ်(ရန်ကုန်)နှင့် သက်တမ်း ၉၀ ခန့်ရှိသော ယခင်လမ်းစဉ်ပါတီဌာနချုပ်ရုံး၊ ယခုရန်ကုန်တိုင်းစုပေါင်းရုံး အဆောက်အအုံတို့အား ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လွှဲပြောင်းပေးခြင်းမဟုတ်ဘဲ နိုင်ငံပိုင်အဖြစ် ဆက်လက်ထားရှိမည်ဖြစ်ကြောင်း ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ၁၆ ရက်မြောက်နေ့ ဖေဖော်ဝါရီ ၇ ရက်၌ လွှတ်တော်သို့ဖြေကြားခဲ့သည်။

"ဒီအဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲဖို့ ထိန်းသိမ်းရမယ့် လုပ်ငန်းဟာ အသစ်ဆောက်လုပ်တာထက် ငွေကုန်ကြေးကျများမယ့်အပြင် အတွေ့အကြုံရှိတဲ့ ပညာရှင်တွေကို ခေါ်ယူအသုံးပြုရမှာဖြစ်ပါတယ်။ နှစ်ခုစလုံးဟာ သက်တမ်းကြာမြင့်ပြီး အကြီးစားပြင်ဆင်ရမယ့် အခြေအနေတွင်ရှိကာ နိုင်ငံတော်က ဒေါ်လာသန်းချီ၍ အကုန်အကျခံပြုပြင်မယ့်အစား ပုဂ္ဂလိကလုပ်ငန်းရှင်များရဲ့ ရင်းနှီးမြှုပ်နှံမှုဖြင့် ပြုပြင်မွမ်းမံထိန်းသိမ်းကာ အရှည်သဖြင့် ထိန်းသိမ်းကာကွယ်ထားနိုင်စေရန်လည်းကောင်း၊ တစ်ဖက်ကလည်း ခရီးသည်များအားဆွဲဆောင်ကာ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဝင်ငွေတိုးလာစေရန်လည်းကောင်း၊ တရားရုံးချုပ်အဆောက်အအုံရှိ အခန်းလွတ်များအား တရားရုံးဆိုင်ရာပြတိုက်အဖြစ်လည်းကောင်း၊ စုပေါင်းရုံးကြီးအား ရှေးမူမပျက်မွမ်းမံပြင်ဆင်စေပြီး နိုင်ငံတကာအဆင့်မီ ကြယ်ငါးပွင့်ဟိုတယ်အဖြစ် ပြုပြင်ပြောင်းလဲရန်လည်းကောင်း စေတနာဖြင့်စဉ်းစားစီမံခဲ့ခြင်းဖြစ်ပါတယ်။"

"တရားရုံးချုပ်အဆောက်အအုံ၏ အခန်းလွတ်အချို့ကိုသာ ပြခန်းအဖြစ် အသုံးပြုလျက် ကျန်အစိတ်အပိုင်းများကို လက်ရှိတရားရုံးများအဖြစ် ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်ရှိကြောင်း၊ High Court ကိုချစ်မြတ်နိုးသော၊ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းလို သော ပြည်သူတစ်ဦးက မိမိဆန္ဒအလျောက် ထိန်းသိမ်းရန် ကူညီခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံပိုင်အဆောက်အအုံ အဖြစ်သာ လက်ရှိအခြေအနေအတိုင်း ထားရှိမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်"ဟု ၎င်းက ကန်ပက်လက်မြို့နယ် ပြည် သူ့လွှတ် တော် ကို ယ် စား လှ ယ် သူရဦးအောင်ကို၏ ကြားဖြတ်အဆိုနှင့် ပတ်သက်ပြီး ဖြေကြားခဲ့ခြင်းဖြစ်သည်။

High Court အဆောက်အအုံ အတွက် လစ်လပ်သည့်အခန်းအချို့ကို ပြတိုက်အသွင်ဆောင်ရွက်နိုင်ရန်တစ်ဦးတည်းသော တင်ဒါသွင်းသူဖြစ်သည့် ထွန်းဖောင်ဒေးရှင်းက နိုင်ငံတော်ကို တင်ပြရာတွင် နိုင်ငံတကာဥပဒေစာအုပ်များအပါအဝင် e-book နှစ်သန်းနှင့် စာအုပ်နှစ်သိန်းခန့်ထားရှိမည့် တရားဥပဒေဆိုင်ရာ Reference Library ကြီး တစ်ခုအဖြစ်ထားရှိမည်ဖြစ်ရာ ပြည်တွင်းပြည်ပမှ ကျမ်းပြုပညာရှင်များ၊ ဥပဒေပညာရှင်များမှီငြမ်းနိုင်ရန် ၁၉၄၉ ခုနှစ်မှ ယနေ့အထိထုတ်ဝေထားသည့် ဥပဒေဆိုင်ရာများ၊ ဖြတ်ထုံးများလည်း ပါဝင်ထားရှိမည်ဖြစ်ပြီး တရားရုံးချုပ်တစ်ခုလုံးအား ပြတိုက်အသွင် ဆောင်ရွက်ခြင်းမဟုတ်ဘဲ မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်ကို စိတ်ဝင်စားသူများ လာရောက်လေ့လာကြည့်ရှုနိုင်ရန် တရားရုံးများကို မူလအတိုင်း ထားရှိမည်ဖြစ်ကြောင်း၊ အဆောက်အအုံကို မူရင်းပုံသဏ္ဌာန် မပျက်စေဘဲ မွမ်းမံပြင်ဆင်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ထိုသို့ ဆောင်ရွက်မည့် အစီအစဉ်များသည် တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးရှိသဖြင့် ထွန်းဖောင်ဒေးရှင်းဘဏ်အား စိစစ်ရွေးချယ်ခဲ့သည်ဟု ဦးထွန်းထွန်းဦး၏ဖြေကြားချက်တွင် ဖော်ပြပါရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး စုပေါင်းရုံးအား ဟိုတယ်အဖြစ်ဆောင်ရွက်ရန်အတွက်လည်း မြန်မာနိုင်ငံအား Flying Tiger Co.,ltd ကို စိစစ်ရွေးချယ်ခဲ့ပြီး ၎င်းကုမ္ပဏီအနေဖြင့် စင်ကာပူနိုင်ငံမှ Dymom Asia Capital ကုမ္ပဏီနှင့် ပေါင်းစပ်ကာ ဖက်စပ်လုပ်ငန်းဖြင့် ဟိုတယ်လုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အထောက်အထားများနှင့် တင်ပြလာသည်ကိုမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က နိုင်ငံတော်သမ္မတရုံးသို့ တင်ပြအတည်ပြုချက်ရယူခဲ့ရာ နိုင်ငံတော်သမ္မတရုံးက အတည်ပြုသဖြင့် ၎င်းကုမ္ပဏီနှစ်ခုအား ရွေးချယ်တာဝန်ပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် နိုင်ငံတော်ပိုင် အဆောက်အအုံအဖြစ်သာ လက်ရှိအခြေအနေအတိုင်းထားရှိမည် ဖြစ်ပါကြောင်း ၎င်းကရှင်းလင်းဖြေကြားခဲ့သည်။

"ရှေးဟောင်းသမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းဖြစ်တဲ့ ယခင်တရားရုံးချုပ်(ရန်ကုန်) High Court နဲ့ ကမ်းနားလမ်း စုပေါင်းရုံးအဆောက်အအုံတို့ကို လွှဲပြောင်းပေးသည့် ကိစ္စအားအမြန်ပြန်လည်သုံးသပ်၍ လိုအပ်သော ပြုပြင်မှုများပြုလုပ်ကာ ရှေးဟောင်းသမိုင်းဝင် ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း" အဆိုအားတင်သွင်းခဲ့သော အဆိုရှင် သူရဦးအောင်ကိုက ဒုတိယရှေ့နေချုပ်၏ရှင်းလင်းဖြေကြားချက်နှင့် ပတ်သက်ပြီး ဤသို့သဘောတူခဲ့သည်။

"High Court တရားရုံးချုပ်အဆောက်အအုံကြီးကို အပေါ်ဆုံးထပ်တစ်ခုတည်းကိုပဲ တရားရုံးဆိုင်ရာစာကြည့်တိုက်၊ ပြတိုက်အဖြစ်ထားမယ်။ ကျန်တဲ့အထပ်တွေကိုတော့ဖြင့် မူရင်းမပျက် တရားရုံးများအဖြစ် ဆက်လက်ထားရှိသွားမယ်ဆိုရင်တော့ ဒါကို ကျွန်တော်တို့လက်ခံပါတယ်။ ဒီအဆိုကို မှတ်တမ်းတင်ပေးဖို့ တင်ပြလိုပါတယ်" ဟု သူရဦးအောင်ကိုကပြောကြားခဲ့သည်။ ထို့ပြင် ကမ်းနားလမ်းနှင့် ဘဏ်လမ်းအကြားရှိ စုပေါင်းရုံးအဆောက်အအုံနှင့် ပတ်သက်၍လည်း မူလအဆိုရှင်က မည်သို့သဘောထားမည်နည်းဟူသည့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၏အမေးကို ၎င်းက . . .

"စုပေါင်းရုံးအဆောက်အအုံကြီးကလည်း ရာခိုင်နှုန်း ၃၀ လောက်ပြုပြင်ဖြို့ဖျက်ပြီးနေပြီလို့ သိရပါတယ်။ နောက်ပြီး ခုနကဦးထွန်းထွန်းဦးကရှင်းပြတဲ့အခါမှာလည်းပဲ ပြုပြင်ထိန်းသိမ်းစရိတ်က ကြီးမားတဲ့အတွက်ကြောင့် ဒါကိုကန့်ကွက်လိုခြင်းမရှိတော့ပါဘူး" ဟု ဖြေကြားခဲ့သည်။ ■

INTERNATIONAL FLIGHT SCHEDULES

DAYS	Flight	Dep	Arr
YANGON TO BANGKOK			
MON	PG 706	07:15	09:30
	8M 335	08:40	10:25
	TG 304	09:50	11:45
	PG 702	10:45	12:40
	TG 302	14:45	16:40
	8M 331	16:30	18:15
	PG 704	18:45	20:40
	TG 306	19:40	21:35
TUE	PG 706	07:15	09:30
	8M 335	08:40	10:25
	TG 304	09:50	11:45
	PG 702	10:45	12:40
	TG 302	14:45	16:40
	8M 331	16:30	18:15
	PG 704	18:45	20:40
	TG 306	19:40	21:35
WED	PG 706	07:15	09:30
	8M 335	08:40	10:25
	TG 304	09:50	11:45
	PG 702	10:45	12:40
	TG 302	14:45	16:40
	8M 331	16:30	18:15
	PG 704	18:45	20:40
	TG 306	19:40	21:35
THUR	PG 706	07:15	09:30
	8M 335	08:40	10:25
	TG 304	09:50	11:45
	PG 702	10:45	12:40
	TG 302	14:45	16:40
	8M 331	16:30	18:15
	PG 704	18:45	20:40
	TG 306	19:40	21:35
FRI	PG 706	07:15	09:30
	8M 335	08:40	10:25
	TG 304	09:50	11:45
	PG 702	10:45	12:40
	TG 302	14:45	16:40
	8M 331	16:30	18:15
	PG 704	18:45	20:40
	TG 306	19:40	21:35
SAT	PG 706	07:15	09:30
	8M 335	08:40	10:25
	TG 304	09:50	11:45
	PG 702	10:45	12:40
	TG 302	14:45	16:40
	8M 331	16:30	18:15
	PG 704	18:45	20:40
	TG 306	19:40	21:35
SUN	PG 706	07:15	09:30
	8M 335	08:40	10:25
	TG 304	09:50	11:45
	PG 702	10:45	12:40
	TG 302	14:45	16:40
	8M 331	16:30	18:15
	PG 704	18:45	20:40
	TG 306	19:40	21:35
YANGON TO DON MUENG			
MON	FD 2752	08:30	10:20
	FD 2756	12:50	14:40
	FD 2754	17:35	19:25
TUE	FD 2752	08:30	10:20
	FD 2756	12:50	14:40
	FD 2754	17:35	19:25
WED	FD 2752	08:30	10:20
	FD 2756	12:50	14:40
	FD 2754	17:35	19:25
THUR	FD 2752	08:30	10:20
	FD 2756	12:50	14:40
	FD 2754	17:35	19:25
FRI	FD 2752	08:30	10:20
	FD 2756	12:50	14:40
	FD 2754	17:35	19:25
SAT	FD 2752	08:30	10:20
	FD 2756	12:50	14:40
	FD 2754	17:35	19:25
SUN	FD 2752	08:30	10:20
	FD 2756	12:50	14:40
	FD 2754	17:35	19:25
YANGON TO SINGAPORE			
MON	MI 509	00:25	05:00
	8M 231	08:30	13:00
	SQ 997	10:25	14:45
	8M 6232	11:30	16:05
	3K 586	11:30	16:05
	MI 517	16:40	21:15
TUE	8M 231	08:30	13:00
	SQ 997	10:25	14:45
	3K 586	11:40	16:25
	8M 6232	11:40	16:25
	MI 517	16:40	21:15
WED	8M 231	08:30	13:00
	SQ 997	10:25	14:45
	8M 6232	11:30	16:05
	3K 586	11:30	16:05
	MI 517	16:40	21:15
THUR	8M 231	08:30	13:00
	SQ 997	10:25	14:45
	3K 586	11:40	16:25
	8M 6232	11:40	16:25
	MI 517	16:40	21:15
FRI	8M 231	08:30	13:00
	SQ 997	10:25	14:45
	3K 586	11:30	16:05
	8M 6232	11:30	16:05
	8M 6232	11:40	16:25
	8M 233	13:45	18:15
	MI 517	16:40	21:15
SAT	8M 231	08:30	13:00
	SQ 997	10:25	14:45
	8M 6232	11:30	16:05
	3K 586	11:30	16:05
	8M 233	13:45	18:15
	MI 517	16:40	21:15
SUN	8M 231	08:30	13:00
	SQ 997	10:25	14:45
	3K 586	11:40	16:25
	8M 6232	11:40	16:25
	8M 233	13:45	18:15
	MI 517	16:40	21:15
YANGON TO KUALA LUMPUR			
MON	AK 1425	08:30	12:45
	8M 501	08:55	12:55
	MH 741	12:15	16:30
	AK 1421	17:15	21:30
TUE	AK 1425	08:30	12:45
	8M 501	08:55	12:55
	MH 741	12:15	16:30
	AK 1421	17:15	21:30
WED	AK 1425	08:30	12:45
	8M 501	08:55	12:55
	MH 741	12:15	16:30
	AK 1421	17:15	21:30
THUR	AK 1425	08:30	12:45
	MH 741	12:15	16:30
	AK 1421	17:15	21:30
FRI	AK 1425	08:30	12:45
	8M 501	08:55	12:55
	MH 741	12:15	16:30
	AK 1421	17:15	21:30
SAT	AK 1425	08:30	12:45
	8M 501	08:55	12:55
	MH 741	12:15	16:30
	AK 1421	17:15	21:30
SUN	AK 1425	08:30	12:45
	MH 741	12:15	16:30
	AK 1421	17:15	21:30

Days	Flight	Dep	Arr
YANGON TO BEIJNG			
TUE	CA 906	14:15	21:55
WED	CA 906	14:15	21:55
THUR	CA 906	14:15	21:55
SAT	CA 906	14:15	21:55
SUN	CA 906	14:15	21:55
YANGON TO FRANKFURT			
WED	DE 2369	05:35	16:40
YANGON TO GAUNGZHOU			
MON	CZ 3056	17:40	22:15
TUE	8M 711	08:40	13:15
WED	CZ 3056	11:20	15:50
THUR	8M 711	08:40	13:15
FRI	CZ 3056	17:40	22:15
SAT	CZ 3056	11:20	15:50
SUN	8M 711	08:40	13:15
YANGON TO TAIPEI			
MON	CI 7916	10:50	16:10
TUE	CI 7916	10:50	16:10
	BR 288	11:35	17:20
WED	CI 7916	10:50	16:10
THUR	CI 7916	10:50	16:10
FRI	CI 7916	10:50	16:10
	BR 288	11:35	17:20
SAT	CI 7916	10:50	16:10
	BR 288	11:35	17:20
SUN	CI 7916	10:50	16:10
YANGON TO KUNMING			
MON	MU 2032	14:40	18:00
TUE	CA 906	14:15	17:35
	MU 2032	14:40	18:00
WED	CA 906	14:15	17:35
	MU 2032	14:40	18:00
THUR	CA 906	14:15	17:35
	MU 2032	14:40	18:00
FRI	MU 2032	14:40	18:00
SAT	CA 906	14:15	17:35
	MU 2032	14:40	18:00
SUN	CA 906	14:15	17:35
	MU 2032	14:40	18:00
YANGON TO KOLKATA			
MON	AI 234	13:40	16:55
FRI	AI 234	13:40	16:55
	AI 228	18:45	19:45
YANGON TO CHIANG MAI			
THUR	W9 9607	14:20	16:10
SUN	W9 9607	14:20	16:10
YANGON TO HANOI			
MON	VN 956	19:10	21:30
TUE	VN 956	19:10	21:30
WED	VN 956	19:10	21:30
THUR	VN 956	19:10	21:30
FRI	VN 956	19:10	21:30
SAT	VN 956	19:10	21:30
SUN	VN 956	19:10	21:30
YANGON TO HO CHI MINH			
TUE	VN 942	14:25	17:10
THUR	VN 942	14:25	17:10
SAT	VN 942	14:25	17:10
SUN	VN 942	14:25	17:10
YANGON TO GAYA			
MON	8M 601	07:00	08:20
	AI 234	13:40	15:00
WED	8M 601	07:00	08:20
FRI	8M 601	07:00	08:20
	AI 234	13:40	15:00
SAT	8M 601	07:00	08:20
YANGON TO DOHA			
MON	QR 619	08:00	11:45
TUE	QR 619	08:00	11:45
WED	QR 619	08:00	11:45
THUR	QR 619	08:00	11:45
FRI	QR 619	08:00	11:45
SAT	QR 619	08:00	11:45
SUN	QR 619	08:00	11:45
YANGON TO PHNOM PENH			
WED	8M 403	16:45	19:10
SAT	8M 403	16:45	19:10
YANGON TO SEOUL			
MON	KE 472	00:05	08:00
TUE	KE 472	00:05	08:00
WED	KE 472	00:05	08:00
THUR	KE 472	00:05	08:00
FRI	KE 472	00:05	08:00
SAT	KE 472	00:05	08:00
SUN	KE 472	00:05	08:00
YANGON SIEM REAP			
MON	8M 401	17:05	19:15
FRI	8M 401	17:05	19:15
YANGON TO HONGKONG			
MON	KA 251	01:00	06:00
TUE	KA 251	01:00	06:00
THUR	KA 251	01:00	06:00
SAT	KA 251	01:00	06:00
YANGON TO TOKYO			
MON	NH 914	22:00	06:40+1
WED	NH 914	22:00	06:40+1
SAT	NH 914	22:00	06:40+1
MANDALAY TO DON MUENG			
MON	FD 2761	11:05	13:30
TUE	FD 2761	11:05	13:30
THUR	FD 2761	11:05	13:30
SAT	FD 2761	11:05	13:30
MANDALAY TO KUNMING			
MON	MU 2030	14:40	17:20
	MU 7524	18:20	21:00
TUE	MU 2030	14:40	17:20
WED	MU 2030	14:40	17:20
	MU 7524	18:20	21:00
THUR	MU 2030	14:40	17:20
FRI	MU 2030	14:40	17:20
	MU 7524	18:20	21:00
SAT	MU 2030	14:40	17:20
SUN	MU 2030	14:40	17:20
MANDALAY TO GAYA			
TUE	8M 603	11:10	12:15
THUR	8M 603	11:10	12:15
SUN	8M 603	11:10	12:15

Days	Flight	Dep	Arr
BANGKOK TO YANGON			
MON	8M 336	06:40	07:25
	TG 303	08:00	08:45
	PG 701	09:05	09:55
	TG 301	13:00	13:45
	PG 703	17:05	17:55
	TG 305	17:55	18:40
	8M 332	19:20	20:05
	PG 705	20:15	21:30
TUE	8M 336	06:40	07:25
	TG 303	08:00	08:45
	PG 701	09:05	09:55
	TG 301	13:00	13:45
	PG 703	17:05	17:55
	TG 305	17:55	18:40
	8M 332	19:20	20:05
	PG 705	20:15	21:30
WED	8M 336	06:40	07:25
	TG 303	08:00	08:45
	PG 701	09:05	09:55
	TG 301	13:00	13:45
	PG 703	17:05	17:55
	TG 305	17:55	18:40
	8M 332	19:20	20:05
	PG 705	20:15	21:30
THUR	8M 336	06:40	07:25
	TG 303	08:00	08:45
	PG 701	09:05	09:55
	TG 301	13:00	13:45
	PG 703	17:05	17:55
	TG 305	17:55	18:40
	8M 332	19:20	20:05
	PG 705	20:15	21:30
FRI	8M 336	06:40	07:25
	TG 303	08:00	08:45
	PG 701	09:05	09:55
	TG 301	13:00	13:45
	PG 703	17:05	17:55
	TG 305	17:55	18:40
	8M 332	19:20	20:05
	PG 705	20:15	21:30
SAT	8M 336	06:40	07:25
	TG 303	08:00	08:45
	PG 701	09:05	09:55
	TG 301	13:00	13:45
	PG 703	17:05	17:55
	TG 305	17:55	18:40
	8M 332	19:20	20:05
	PG 705	20:15	21:30
SUN	8M 336	06:40	07:25
	TG 303	08:00	08:45
	PG 701	09:05	09:55
	TG 301	13:00	13:45
	PG 703	17:05	17:55
	TG 305	17:55	18:40
	8M 332	19:20	20:05
	PG 705	20:15	21:30
DON MUENG TO YANGON			
MON	FD 2751	07:15	08:00
	FD 2755	11:35	12:20
	FD 2753	16:20	17:05
TUE	FD 2751	07:15	08:00
	FD 2755	11:35	12:20
	FD 2753	16:20	17:05
WED	FD 2751	07:15	08:00
	FD 2755	11:35	12:20
	FD 2753	16:20	17:05
THUR	FD 2751	07:15	08:00
	FD 2755	11:35	12:20
	FD 2753	16:20	17:05
FRI	FD 2751	07:15	08:00
	FD 2755	11:35	12:20
	FD 2753	16:20	17:05
SAT	FD 2751	07:15	08:00
	FD 2755	11:35	12:20
	FD 2753	16:20	17:05
SUN	FD 2751	07:15	08:00
	FD 2755	11:35	12:20
	FD 2753	16:20	17:05
SINGAPORE TO YANGON			
MON	SQ 998	07:55	09:20
	3K 585	09:10	10:40
	8M 6231	09:10	10:40
	8M 232	14:10	15:40
	MI 518	14:20	15:45
TUE	SQ 998	07:55	09:20
	3K 585	09:10	10:40
	8M 6231	09:10	10:40
	8M 232	14:10	15:40
	MI 518	14:20	15:45
WED	SQ 998	07:55	09:20
	3K 585	09:10	10:40
	8M 6231	09:10	10:40
	8M 232	14:10	15:40
	MI 518	14:20	15:45
THUR	SQ 998	07:55	09:20
	3K 585	09:10	10:40
	8M 6231	09:10	10:40
	8M 232	14:10	15:40
	MI 518	14:20	15:45
FRI	SQ 998	07:55	09:20
	3K 585	09:10	10:40
	8M 6231	09:10	10:40
	8M 232	14:10	15:40
	MI 518	14:20	15:45
	8M 234	19:15	20:45
	MI 520	22:10	23:35
SAT	SQ 998	07:55	09:20
	3K 585	09:10	10:40
	8M 6231	09:10	10:40
	8M 232	14:10	15:40
	MI 518	14:20	15:45
	8M 234	19:15	20:45
SUN	SQ 998	07:55	09:20
	8M 6231	09:10	10:40
	3K 585	09:10	10:40
	8M 232	14:10	15:40
	MI 518	14:20	15:45
	8M 234	19:15	20:45
	MI 520	22:10	23:35
BEIJNG TO YANGON			
TUE	CA 905	8:05	13:15
WED	CA 905	8:05	13:15
THUR	CA 905	8:05	13:15
SAT	CA 905	8:05	13:15
SUN	CA 905	8:05	13:15

Days	Flight	Dep	Arr
FRANKFURT TO YANGON			
TUE	DE 2368	12:40	04:25+1
KAULA LUMPUR TO YANGON			
MON	AK 1424	06:55	08:00
	MH 740	10:05	11:15
	8M 502	14:00	15:00
	AK 1420	15:40	16:45
TUE	AK 1424	06:55	08:00
	MH 740	10:05	11:15
	8M 502	14:00	15:00
	AK 1420	15:40	16:45
WED	AK 1424	06:55	08:00
	MH 740	10:05	11:15
	8M 502	14:00	15:00
	AK 1420	15:40	16:45
THUR	AK 1424	06:55	08:00
	MH 740	10:05	11:15
	AK 1420	15:40	16:45
FRI	AK 1424	06:55	08:00
	MH 740	10:05	11:15
	8M 502	14:00	15:00
	AK 1420	15:40	16:45
SAT	AK 1424	06:55	08:00
	MH 740	10:05	11:15
	8M 502	14:00	15:00
	AK 1420	15:40	16:45
SUN	AK 1424	06:55	08:00
	MH 740	10:05	11:15
	AK 1420	15:40	16:45
GUANGZHOU TO YANGON			
MON	CZ 3055	14:45	16:35
TUE	8M 712	14:15	15:50
WED	CZ 3055	08:40	10:30
THUR	8M 712	14:15	15:50
FRI	CZ 3055	14:45	16:35
SAT	CZ 3055	08:40	10:30
SUN	8M 712	14:15	15:50
TAIPEI TO YANGON			
MON	CI 7915	07:00	09:50
TUE	CI 7915	07:00	09:50
	BR 287	07:30	10:35
WED	CI 7915	07:00	09:50
THUR	CI 7915	07:00	09:50
FRI	CI 7915	07:00	09:50
	BR 287	07:30	10:35
SAT	CI 7915	07:00	09:50
	BR 287	07:30	10:35
SUN	CI 7915	07:00	09:50
KUNMING TO YANGON			
MON	MU 2031	13:30	14:00
TUE	CA 905	13:00	13:15
	MU 2031	13:30	14:00
WED	CA 905	13:00	13:15
	MU 2031	13:30	14:00
THUR	CA 905	13:00	13:15
	MU 2031	13:30	14:00
FRI	MU 2031	13:30	14:00
SAT	CA 905	13:00	13:15
	MU 2031	13:30	14:00
SUN	CA 905	13:00	13:15
	MU 2031	13:30	14:00
KOLKATA TO YANGON			
MON	AI 227	10:10	12:55
FRI	AI 227	10:10	12:55
	AI 233	13:30	16:00
CHIANG MAI TO YANGON			
THUR	W9 9608	17:20	18:10
SUN	W9 9608	17:20	18:10
HANOI TO YANGON			
MON	VN 957	16:35	18:10
TUE	VN 957	16:35	18:10
WED	VN 957	16:35	18:10
THUR	VN 957	16:35	18:10
FRI	VN 957	16:35	18:10
SAT	VN 957	16:35	18:10
SUN	VN 957	16:35	18:10
HO CHI MINH TO YANGON			
TUE	VN 943	11:40	13:25
THUR	VN 943	11:40	13:25
SAT	VN 943	11:40	13:25
SUN	VN 943	11:40	13:25
GAYA TO YANGON			
MON	8M 602	09:20	12:30
WED

အားကစား Sport
နိုင်ငံတကာ ■ မြန်မာ့ဘောလုံး

သောကြာနေ့၊ ဖေဖော်ဝါရီ ၂၂ - ၂၈၊ ၂၀၁၃

အသင်းကြီးတွေ စိတ်ဝင်စားမှုခံနေရတဲ့ ဆွမ်ဆီးမန်နေဂျာ မိုက်ကယ်လောဒရပ်

ဇေအင်ပိုင်းဇော်

လာမယ့်ဘောလုံးရာသီမှာ ဥရောပက ကလပ်အသင်းကြီးအတော်များများဟာ နည်းပြလစ်လပ်လျက်ရှိမယ့် အနေအထားမှာ ရှိနေပါတယ်။ လာလီဂါက ရီးယဲလ်မက်ဒရစ်၊ ပြင်သစ်လီဂူးက ပီအက်စ်ဂျီ၊ စီးရီးအေက အေစီမီလန်၊ အင်တာမီလန်၊ ပရီမီယာလိဂ်က ချယ်လ်ဆီးနဲ့ မန်စီးတီးတို့ဟာ နည်းပြအသစ်တွေနဲ့ ခရီးဆက်မယ့် သဘောမှာ ရှိနေခဲ့ကြပါတယ်။ ရီးယဲလ်မက်ဒရစ်ရဲ့ မော်ရင်ညိုဟာ ဒီရာသီကုန်ရင် ရီးယဲလ်ကနေ ထွက်ခွာတော့မှာဖြစ်သလို ပီအက်စ်ဂျီရဲ့ အန်ဆယ်လော့တီ၊ မန်စီးတီးရဲ့ မန်ချီနီ၊ အေစီမီလန်ရဲ့ အောလက်ဂရီတို့ဟာလည်း အစားထိုးအလဲခံရဖွယ်ရှိနေလို့ လာမယ့်ရာသီမှာ မန်နေဂျာအပြောင်းအရွှေ့ဟာ ကစားသမားအပြောင်းအရွှေ့နဲ့ အပြိုင်ဖြစ်လာဖွယ်ရှိနေခဲ့ပါတယ်။ ဒါကြောင့်လည်း ဘွန်ဒက်စ်လီဂါရဲ့ ဘိုင်ယန်မြူးနစ်ဟာ ဂွာဒီယိုလာကို လာမယ့်ရာသီအတွက် စောစောစီးစီးပဲ ကြိုတင်စာချုပ်ပြီး လက်ဦးမှူယူလိုက်ကြတာပဲဖြစ်ပါတယ်။ အဲဒီမန်နေဂျာသုံးပုံတော်ခရီးထဲမှာ ကလပ်အသင်းကြီးတွေရဲ့ စိတ်ဝင်စားမှုကို ခံနေရသူတစ်ယောက်ကတော့ ပရီမီယာလိဂ်က ဝေးလံကလပ်အသင်းလေး ဆွမ်ဆီးကို နည်းပြနေသူ ဒိန်းမတ်နည်းပြ မိုက်ကယ်လောဒရပ်ဖြစ်နေခဲ့ပါတယ်။ မိုက်ကယ်လောဒရပ်ဟာ ဒီရာသီမှာ အထင်ရှားဆုံး ဥရောပရဲ့ နည်းပြတွေထဲမှာ ထိပ်တန်းအဆင့်က ပါဝင်လာခဲ့သူတစ်ဦးပဲဖြစ်ပါတယ်။

ပြီးခဲ့တဲ့ တနင်္ဂနွေက ဆွမ်ဆီးဟာ လီဗာပူးကို ငါးဂိုးပြတ်နဲ့ ရှုံးနိမ့်သွားခဲ့တော့ မိုက်ကယ်လောဒရပ်ဟာ ဆွမ်ဆီးပရီသတ်တွေကို တောင်းပန်စကားဆိုခဲ့ပါတယ်။ ဆွမ်ဆီးကိုကိုင်တွယ်တဲ့ ဒီရာသီအတွင်းမှာ အခုလီဗာပူးကိုရှုံးတဲ့ပွဲဟာ အဆိုးရွားဆုံး ရှုံးနိမ့်တဲ့ပွဲဖြစ်ပါတယ်။ ရှေ့မှာ လီဗာပူးနဲ့ ဒီရာသီမှာ နှစ်ကြိမ်တွေ့ခဲ့ပြီး နှစ်ကြိမ်စလုံး အနိုင်ရခဲ့ပေမယ့် ဒီတစ်ခါအတွေ့မှာ ဂိုးပြတ်နဲ့ ဆိုးဆိုးရွားရွား ရှုံးသွားခဲ့ရပါတယ်။ ဒီဂိုးပြတ်ရှုံးတဲ့ပွဲမှာ လောဒရပ်ဟာ သူ့ရဲ့ဦးစားပေးကစားသမားခုနစ်ဦးကို ပွဲမထုတ်ချန်လှပ်ပြီး လီဗာပူးကို ကစားသွားခဲ့တာဖြစ်ပါတယ်။

လီဗာပူးကို ဂိုးပြတ်နဲ့ ဘယ်လိုပဲရှုံးနိမ့်သွားခဲ့ပါစေ။ လာမယ့်ရာသီအတွက် သူ့ကိုစိတ်ဝင်စားနေတဲ့ဥရောပထိပ်တန်းကလပ်အသင်းကြီးတွေကတော့ အများအပြားရှိနေခဲ့ပြီဖြစ်ပါတယ်။ ပရီမီယာလိဂ်က ချယ်လ်ဆီး၊ မန်စီးတီး၊ လာလီဂါက ရီးယဲလ်မက်ဒရစ်၊ ပြင်သစ်က ပီအက်စ်ဂျီတို့ဟာ သူ့ကိုလိုချင်တဲ့ဆန္ဒတွေရှိနေခဲ့ကြပါတယ်။ အဓိကအချက်ကတော့ သူ့ရဲ့စွမ်းဆောင်ရည်ပဲဖြစ်ပါတယ်။ ၄-၂-၃-၁ ကစားကွက်အောက်မှာ ဆွမ်ဆီးအသင်းလေးဟာ တည်ငြိမ်တဲ့ Passing ကစားဟန်နဲ့အတူ လောဒရပ်ရဲ့ပွဲစဉ်ချဉ်းကပ်ပုံတွေက စနစ်တကျရှိခဲ့တာကြောင့် ဆွမ်ဆီးမှာ အဓိကကျခဲ့တဲ့ ဆင်ကလဲယား၊ ဂျိုအယ်လင်တို့ ထွက်ခွာသွားသော်လည်း အသင်းက မနှစ်ကထက်တောင် ပိုကောင်း၊ ပိုတည်ငြိမ်သွားခဲ့ပါတယ်။ ဒါကြောင့်လည်း ဥရောပအသင်းကြီးတွေက သူ့ကိုစိတ်ဝင်စားလာခဲ့ကြတာပါ။

သူဟာ ဆွမ်ဆီးမရောက်ခင်က ဘရိုင်ဘီ၊ ဂီတာဖေး၊ စပါးတပ်မော်စကို့၊ မာယောဒ်ကာတို့ကို ကိုင်တွယ်ခဲ့ပေမယ့် အခုလောက် ဥရောပအသင်းကြီးတွေရဲ့



မိုက်ကယ်လောဒရပ်

ကေားလင်းဖလားမှာ ဆွမ်ဆီး ဗိုလ်လုပွဲတက်နိုင်ခြင်းဟာ သူ့ရဲ့ Pick-up ကောင်းခြင်းကြောင့်ဆိုတာ ထင်ရှား...

စိတ်ဝင်စားမှုကို ရခဲ့ကြတာမဟုတ်ပါဘူး။ သူဟာ အိမ်ကွင်းလေဗာတီစတေဒီယမ်မှာ မန်ယူ၊ ချယ်လ်ဆီး၊ လီဗာပူးတို့ကို ရှုံးပွဲမတွေ့အောင်ကစားနိုင်ခဲ့သလို အိမ်ကွင်းမှာ နှစ်ပွဲသာ ရှုံးနိမ့်ထားခဲ့ပါတယ်။ အာဆင်နယ်၊ အဲဗာတန်တို့ကို အဝေးကွင်းမှာ ရှုံးပွဲမတွေ့အောင်ကစားနိုင်ခဲ့တဲ့အချက်က သူ့ရဲ့ပွဲစဉ်ချဉ်းကပ်ပုံစွမ်းရည်ကြောင့် သာပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း ဆွမ်ဆီးဟာ ပရီမီယာလိဂ်မှာ ရုန်းကန်ရနိုင်ခြင်းမရှိဘဲ တင်ကျန်နိုင်တော့မှာပဲဖြစ်ပါတယ်။ ကားလင်းဖလားမှာ ဆွမ်ဆီးဗိုလ်လုပွဲတက်နိုင်ခြင်းဟာ သူ့ရဲ့ Pick-up ကောင်းခြင်းကြောင့်ဆိုတာ ထင်ရှားနေခဲ့ပါတယ်။ မီချူး၊ ဖလောရက်စ်၊ ပါဘလိုဟာနန်ဒက်၊ ဂူစမန်ဆိုတဲ့ မထင်မရှားကစားသမားတွေလည်း သူနဲ့တွေ့မှအဖိုးတန်တွေဖြစ်လာခဲ့ကြပါတယ်။

ဒီလို အခြေအနေတွေအောက်မှာ ရီးယဲလ်မက်ဒရစ်ရဲ့ မော်ရင်ညိုဟာ ဒီရာသီကုန်ရင် ရီးယဲလ်ကထွက်ခွာတော့မှာဖြစ်လို့ ဘာနေဗျူးပရိသတ်တွေက တစ်ချိန်က ရီးယဲလ်မက်ဒရစ်ကစားသမားဖြစ်ခဲ့တဲ့ မိုက်ကယ်လောဒရပ်ကို နည်းပြခန့်စေချင်လာခဲ့ပြီဖြစ်ပါတယ်။ ရီးယဲလ်ရဲ့အရှင်သခင် ဖလော်ရင်တီနိုတယ်။

စာမျက်နှာ ၅၃ သို့

ပရီမီယာလိဂ်ပွဲစဉ်(၂၇)

ချယ်လ်ဆီး အခက်တွေ့နိုင်

ဇေအင်ပိုင်းဇော်

အာဆင်နယ်-ဗီလာ

အက်စ်တွန်ဗီလာက တန်းမဆင်းရဖို့ ရုန်းကန်နေတဲ့အသင်းဖြစ်ပါတယ်။ ဗီလာနောက်ဆုံးကစားထားတဲ့ ခြောက်ပွဲမှာ တစ်ပွဲသာ နိုင်ထားပေမယ့် သုံးပွဲသရေကစားထားလို့ လျှော့တွက်လို့မရပါဘူး။ ခံစစ်ပေါက်နေပေမယ့် တိုက်စစ်က ဂိုးသွင်းနိုင်စွမ်းရှိပါတယ်။ အာဆင်နယ် ကွင်းမှီနိုင်မယ်ထင်ရပေမယ့် ဂိုးပြတ်ဖို့မလွယ်ပါဘူး။ အာဆင်နယ်ဂိုးသွင်းခံရရှိနိုင်ပြီး ဂိုးမပြတ်နိုင်တဲ့ပဲဖြစ်ပါတယ်။

ဖူလ်ဟမ်-စတုတ်

စတုတ်ရဲ့ နောက်ပိုင်းပွဲတွေမှာ ကစားပုံပြောင်းသွားတာတွေ့ရပါတယ်။ ဖူလ်ဟမ် အိမ်ကွင်းဆိုရင် ကစားအားကောင်းပါတယ်။ ဂိုးလည်းသွင်း ဂိုးလည်းပေးရနိုင်တာကြောင့် အသင်းထက် ဂိုးအများကိုရွေးတာ အကောင်းဆုံးပါ။

နော်ဝစ်ချ်-အဲဗာတန်

နော်ဝစ်ချ်ရဲ့ နောက်ပိုင်းပွဲတွေ ခြေပျက်သွားတာတွေ့ရပါတယ်။ အဲဗာတန်က အက်ဖ်အေဖလားပွဲကစားထားပြီး နော်ဝစ်ချ်ကအနားရထားလို့ အားသာနေပါတယ်။ ပြီးတော့အိမ်ကွင်းလည်းဖြစ်ပါတယ်။ အဲဗာတန်တိုက်စစ်ကောင်း ပေမယ့် အဝေးကွင်းမို့ ကစားရခက်မယ့်ပွဲဖြစ်ပါတယ်။ သရေကျနိုင်တဲ့ပဲဖြစ်ပါတယ်။

ကျူပီအာရ်-မန်ယူ

ကျူပီအာရ်က တန်းဆင်းဇုန်က ရုန်းနေတဲ့အသင်း၊ မန်ယူကချန်ပီယံဖြစ်ဖို့ ကြိုးစားနေတဲ့အသင်း၊ ဒီလိုနှစ်သင်းထိပ်တိုက်တွေ့နေတာ စိတ်ဝင်စားစရာပဲဖြစ်ပါတယ်။ မန်ယူရဲ့လက်ရှိခြေစွမ်းက ကောင်းနေပေမယ့် ပွဲဆက်တွေများနေလို့ အားမကိုးသင့်ပါဘူး။မန်ယူကိုရှောင်တာအကောင်းဆုံးပါ။

ရက်ဒင်း-ဝီဂန်

ရက်ဒင်းရော ဝီဂန်ပါတန်းဆင်းဇုန်ထဲရောက်နေကြတဲ့အသင်းတွေပါ။ ဒါကြောင့် ဒီပွဲက နှစ်သင်းစလုံးအတွက် အရေးပါတဲ့ပွဲဖြစ်နေပါတယ်။ နှစ်သင်းစလုံး ဖွင့်ကစားကြမယ့်ပွဲဖြစ်ပါတယ်။ အခုပွဲက အပြန်အလှန် ဂိုးသွင်းနိုင်ပြီး ရက်ဒင်းအနိုင်ရသွားနိုင်ပါလိမ့်မယ်။

ဝက်စ်ဘရွန်း-ဆန်းဒါးလန်း

ခြေသိပ်ပြီးမကွာဘူးလို့ ထင်ရပါတယ်။ ဝက်စ်ဘရွန်းက ဆန်းဒါးလန်းထက်တော့ ဒီနှစ်မှာပိုကောင်းပေမယ့် ဆန်းဒါးလန်းကို လျှော့တွက်လို့မရပါဘူး။ ကစားပုံကလည်း သိပ်မကွာကြပါဘူး။ ဝက်စ်ဘရွန်းအိမ်ကွင်းမို့အားသာတယ်ထင်ရပေမယ့် သရေကျနိုင်တဲ့ပွဲဖြစ်ပါတယ်။

မန်စီးတီး-ချယ်လ်ဆီး

ဒီတစ်ပတ်ရဲ့ အကောင်းဆုံးပွဲတစ်ပွဲဖြစ်ပါတယ်။ မန်ချီနီနဲ့ ဘင်နီတက်ဇ်တို့ အားပြိုင်ပွဲမှာ ဖိအားများမယ့်သူက မန်ချီနီဖြစ်သွားနိုင်ပါတယ်။ ပထမအကျော့တုန်းက ချယ်လ်ဆီးကွင်းမှာ ဂိုးမရှိသရေကျခဲ့သလိုမျိုးတော့ ဒီပွဲက ဖြစ်လာမှာမဟုတ်ပါဘူး။ ဂိုးအပြန်အလှန်သွင်းနိုင်တဲ့ပွဲဖြစ်ပါတယ်။ ဂိုးအများနဲ့ အိမ်ရှင်ကိုရွေးတာ အကောင်းဆုံးပါ။

နယူးကာဆယ်-ဆောက်သမ်တန်

နှစ်သင်းစလုံး ခြေကောင်းနေကြပါတယ်။ နှစ်သင်းစလုံးရမှတ်တွေတူနေကြပါတယ်။ ခံစစ်ပိုင်းမှာ နယူးကာဆယ်အားနည်းမှု ပိုများနေပြီး ဆောက်သမ်တန်ရဲ့ကစားပုံက ပိုပြီးတည်ငြိမ်နေပါတယ်။ ဆောက်သမ်တန်ကို ရွေးရမှာပါ။

ဝက်စ်ဟမ်း-စပါး

ဒီပွဲက လန်ဒန်ဒါဘီပွဲဖြစ်လို့ ကြည့်ကောင်းမယ့်ပွဲဖြစ်လာပါလိမ့်မယ်။ စပါးပွဲမန်းနေပြီး ဝက်စ်ဟမ်းက လန်းနေပါတယ်။ စပါးရဲ့ခြေစွမ်းက လက်ရှိမှာကောင်းနေလို့ ကြိုက်နှစ်သက်စရာမျိုး ဖြစ်နေပေမယ့် ဝက်စ်ဟမ်းကို လျှော့တွက်မထားသင့်ပါဘူး။ ဒါဘီပွဲမို့ ဂိုးအပြန်အလှန်သွင်းကြမယ့်ပွဲဖြစ်ပါတယ်။ ဝက်စ်ဟမ်းလန်းနေလို့ ဝက်စ်ဟမ်းနိုင်သွားနိုင်တဲ့ပွဲ ဖြစ်ပါတယ်။ ■

ပရီမီယာလိဂ် ပွဲစဉ် (၂၆)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရတိုး	ပေးဂိုး	ရမှတ်
မန်ယူ	၂၆	၂၁	၂	၃	၆၂	၃၁	၆၅
မန်စီးတီး	၂၆	၁၅	၈	၃	၄၈	၂၄	၅၃
ချယ်လ်ဆီး	၂၆	၁၄	၇	၅	၅၅	၂၈	၄၉
စပါး	၂၆	၁၄	၆	၆	၄၄	၃၀	၄၈
အာဆင်နယ်	၂၆	၁၂	၈	၆	၅၀	၂၉	၄၄
အဲဗာတန်	၂၆	၁၀	၁၂	၄	၄၀	၃၂	၄၂
ဆွမ်ဆီး	၂၆	၉	၁၀	၇	၃၈	၂၉	၃၇
ဝက်စ်ဘရွန်း	၂၆	၁၀	၄	၁၀	၃၆	၃၅	၃၇
လီဗာပူး	၂၆	၉	၉	၈	၄၄	၃၄	၃၆
စတုတ်	၂၆	၇	၁၂	၇	၂၆	၃၁	၃၃
ဝက်စ်ဟမ်း	၂၆	၈	၆	၁၂	၂၉	၃၈	၃၀
ဖူလ်ဟမ်	၂၆	၇	၈	၁၁	၃၆	၄၂	၂၉
ဆန်းဒါးလန်း	၂၆	၇	၈	၁၁	၂၈	၃၄	၂၉
နော်ဝစ်ချ်	၂၆	၆	၁၁	၉	၂၅	၄၀	၂၉
ဆောက်သမ်တန်	၂၆	၆	၉	၁၁	၃၆	၄၅	၂၇
နယူးကာဆယ်	၂၆	၇	၆	၁၃	၃၄	၄၆	၂၇
ဗီလာ	၂၆	၅	၉	၁၂	၂၅	၅၀	၂၄
ရက်ဒင်း	၂၆	၅	၈	၁၃	၃၄	၄၈	၂၃
ဝီဂန်	၂၆	၅	၆	၁၅	၃၀	၅၁	၂၁
ကျူပီအာရ်	၂၆	၂	၁၁	၁၃	၁၉	၄၁	၁၇

ပရီမီယာလိဂ်ပွဲစဉ် (၂၆)

စပါး	၂-၁	နယူးကာဆယ်	
ချယ်လ်ဆီး	၄-၁	ဝီဂန်	
နော်ဝစ်ချ်	၀-၀	ဖူလ်ဟမ်	
စတုတ်	၂-၁	ရက်ဒင်း	
ဆန်းဒါးလန်း	၀-၁	အာဆင်နယ်	
ဆွမ်ဆီး	၄-၁	ကျူပီအာရ်	
ဆောက်သမ်တန်	၃-၁	မန်စီးတီး	
လီဗာပူး	၀-၂	ဝက်စ်ဘရွန်း	
ဗီလာ	၂-၁	ဝက်စ်ဟမ်း	
မန်ယူ	၂-၀	အဲဗာတန်	

သွင်းဂိုးအများဆုံး

ဗန်ပါစီ (မန်ယူ)	၁၉ ဂိုး
ဆွာရက်ဇ် (လီဗာပူး)	၁၇ ဂိုး
မီချူ (ဆွမ်ဆီး)	၁၅ ဂိုး
ဒမ်ဘာဘ (ချယ်လ်ဆီး)	၁၄ ဂိုး
ဂါရတ်ဘေးလ် (စပါး)	၁၃ ဂိုး

ဘရာဇီးလ်အိုးပင်းချန်ပီယံဆုဖလားနဲ့ တစ်ကျော့ပြန် နာဒါးလ်

ကျော်ကျော်မင်း

The King of Clay ဆိုပြီး တင်းနစ်ကမ္ဘာမှာ ထင်ရှားကျော်ကြားသူ စပိန်တင်းနစ်စူပါစတား ရာဖေးလ်နာဒါးလ်ဟာ ဒူးဒဏ်ရာကြောင့် အားကစား ပရိသတ်မြင်ကွင်းအောက်ကကွယ်ပျောက်နေခဲ့တာ ခုနစ်လကျော် ကြာမြင့်ခဲ့ပြီဖြစ်ပေမယ့် အခု ၂၀၁၃ ကိုတော့ ဘရာဇီးလ်အိုးပင်းချန်ပီယံဆုဖလားနဲ့အတူ မင်္ဂလာနှုတ်ခွန်းဆက်စကားဆိုလိုက်နိုင်ပြီပဲဖြစ်ပါတယ်။


၂၀၀၅ ကာလမှာ ပွဲဦးထွက်ဘရာဇီးလ်အိုးပင်းဆုဖလား ပိုင်ဆိုင်ခွင့်ရခဲ့ပြီး အခု ဒုတိယမြို့ ဆော်ပေါ်လိုမြေမှာ အောင်ပွဲခံခွင့်ရခဲ့တာကိုလည်း နာဒါးလ်ကိုယ်တိုင်က ကြည်နူး ဂုဏ်ယူမဆုံး ဖြစ်နေသလို ဘရာဇီးလ် ပရိသတ်တွေကလည်း မြေးစေးဘုရင်ရဲ့ တစ်ကျော့ပြန် အောင်ပွဲအတွက် ကျေနပ်မဆုံးဖြစ်နေကြပါတယ်။ ဂရင်းဆလမ်ဆုဖလား ၁၁ လုံး ပိုင်ရှင် နာဒါးလ်နဲ့ ဝိုလ်လုပွဲမှာတွေ့ဆုံယှဉ်ပြိုင်ခဲ့သူက ကမ္ဘာအဆင့် (၉၃) အာဂျင်တီးနား ငွေကြေယ်ပွင့် နာဘန်ဒီယန် ဖြစ်ပြီး ပွဲကစားခိုန် တစ်နာရီနဲ့ ၁၈ မိနစ် အတွင်းမှာ စပိန်စတားက ၆-၂၊ ၆-၃ နဲ့ ပွဲပြတ်အနိုင်ရရှိခဲ့ခြင်းပဲဖြစ်ပါတယ်။ နာဒါးလ်နဲ့ နာဘန်ဒီယံတို့ရဲ့ ခြောက်ကြိမ်မြောက်ဆုံတွေ့မှုမှာ စပိန်ငွေကြေယ်ပွင့်က လေးကြိမ်အောင်ပွဲခံနိုင်ခဲ့တာနဲ့ ပတ်သက်ပြီး နာဘန်ဒီယံက "ကျွန်တော် ကြိုးစားခဲ့ပေမယ့် အကောင်းဆုံးပုံစံ မရခဲ့ပါဘူး။ နာဒါးလ်က ပိုအကွက်မြင်ပြီး ပိုလက်မှန်ခဲ့တာကြောင့် ဒီဆုဖလားဟာ သူနဲ့ထိုက်တန်ပါတယ်။ မြေစေးဘုရင်လို့ ကျော်ကြားထိုက်သူပါပဲ"လို့ ဂုဏ်ပြုစကားဆိုခဲ့ပါတယ်။

Career Golden Slam ဆုရှင်လို့ တင်းနစ်ကမ္ဘာမှာ ကမ္ဘည်းမှတ်တမ်း ရေးထိုးထားနိုင်သူကတော့ ပူပူနွေးနွေး ဘရာဇီးလ်အိုးပင်းချန်ပီယံ အပါအဝင် နှစ်ဦးတိတိပဲရှိပါသေးတယ်။ ဂန္ထဝင်ကြီးလေးကြီးဆုဖလား လေးလုံးအပြင် အိုလံပစ်ရွှေတံဆိပ်ကို ပူးတွဲရယူနိုင်သူကို ရည်ညွှန်းတဲ့ Career Golden Slam ဆုရှင် နာဒါးလ်ဟာ စပိန်ဒေးဗစ်ဖလားအဆင့်ကိုလည်း ချန်ပီယံလေးကြိမ်ဖြစ်အောင် ဦးဆောင်ကူညီပေးခဲ့သူ စပိန်အချစ်တော်တင်းနစ်ငွေကြေယ်ပွင့်ပဲဖြစ်ပါတယ်။

ဦးလေးအရင်းဖြစ်သူ မီးဂွယ်က ဘာစီလိုနာနဲ့စပိန်လက်ရွေးစင်ဘောလုံးသမားတစ်ဦးဖြစ်ပေမယ့် နာဒါးလ်က တင်းနစ်ရက်ကက်ကိုပဲ ရွေးချယ်ခဲ့ပြီး သူရဲ့ Favourite အသင်းက ဘာစီလိုနာရဲ့မဟာပြိုင်ဘက် တော်ဝင် ရီးယဲလ်ပဲဖြစ်တာကတော့ အံ့သြစရာပဲပေါ့။ Titanic နဲ့ Gladiator ဇာတ်ကားတွေကို စွဲစွဲလမ်းလမ်းရင်ခုန်ခံစားတတ်သူဟာ အားလပ်ချိန်တွေကို ဂေါက်ရိုက်ရင်း၊ ငါးမျှားရင်းနဲ့ ကုန်ဆုံးတတ်သူတစ်ဦး ဖြစ်ပြီး အပျင်းပြေတင်းနစ်ကစားရင် တော့ ညာလက်နဲ့ ကစားတတ်သူပဲ ဖြစ်ပါတယ်။

လန်ဒန်အိုလံပစ်၊ ယူအက်စ် အိုးပင်းနဲ့ အခုနှစ်ဦးမှာ ကျင်းပခဲ့တဲ့ ဩစတြေးလျအိုးပင်း ပြိုင်ပွဲနဲ့ပါ လွဲချော်ခဲ့ရသူဟာ ပြီးခဲ့တဲ့ ရက်သတ္တပတ်က ချီလီအိုးပင်းမှာလည်း သရဖူဆောင်းခွင့်ရဖို့ ကြိုးစားခဲ့ပေမယ့် အထမမြောက်ခဲ့ပဲ အခု ဘရာဇီးလ် အိုးပင်းကျမှ ရည်မှန်းချက် ပြည့်ဝခဲ့ခြင်းပဲဖြစ်ပါတယ်။ အသက် ၁၉ နှစ် အရွယ်မှာ ပြင်သစ်အိုးပင်းဂရင်းဆလမ် ဆုဖလားကို စတင်ထွေးပွေ့ခွင့်ရခဲ့ပြီး အမြင့်ဆုံး ကမ္ဘာ့အဆင့် (၁) နေရာအထိ တက်လှမ်းခွင့်ရခဲ့သူ ရာဖေးလ်နာဒါးလ်ဟာ တင်းနစ်အားကစားစာမျက်နှာထက်မှာ စံချိန်သစ်တွေ အများအပြား ရေးထိုးထားနိုင်ခဲ့သူပဲ ဖြစ်ပါတယ်။

မာယောကာ ဇာတိဖွား ရာဖေးလ်ဟာ အခုဘရာဇီးလ်ပြိုင်ပွဲမှာ အနိုင်ရရှိခဲ့တဲ့ အတွက် ဆုကြေးငေါ်လာရှစ်သန်းနဲ့ အတူ ကမ္ဘာ့အဆင့် (၅)နေရာမှာ ရပ်တည် ခွင့်ရခဲ့ပြီပဲဖြစ်ပါတယ်။ မြေစေးကွင်း ပြိုင်ပွဲချည်းမှာတင် ချန်ပီယံဆုဖလား ၃၇ လုံး ပိုင်ဆိုင်ခဲ့သူ စပိန် ငွေကြေယ်ပွင့်ဟာ ချန်ပီယံဆုဖလားရယူ အပြီးမှာ အခုလိုဝမ်းမြောက်စကားဆို သွားခဲ့ပါတယ်။ "လှိုက်လှိုက်လှဲလှဲ အားပေးခဲ့ကြတဲ့ ဘရာဇီးလ်ပရိသတ်တွေကို ကျေးဇူးကမ္ဘာပါ။ ခုနစ်လကြာ တင်းနစ်ကမ္ဘာနဲ့ ဝေးကွာနေခဲ့ရပြီး အခုလို တစ်ကျော့ပြန်အောင်ပွဲခံခွင့်ရတာဟာ ပထမဆုံးချန်ပီယံဆုဖလားရသလိုပဲ စိတ်မှာခံစားရပါတယ်။ အရမ်းကို ကြည်နူးချမ်းမြေ့ရပါတယ်။ ဘရာဇီးလ်မြေက ကျွန်တော့်အတွက်တော့ အောင်မြေလို့ ဆိုရမှာပါပဲ။ ၂၀၀၅ မှာ ကျွန်တော်ချန်ပီယံဆု (၁၁) ကြိမ်ရခဲ့တာ သာဓကရှိပါတယ်။ လာမယ့်ပြင်သစ် အိုးပင်းမှာလည်း အောင်ပွဲခံနိုင်ဖို့ ကြိုးစားနေပါတယ်"လို့ ဆိုခဲ့ပါတယ်။ ဂန္ထဝင်ဖက်ဒါးရာရဲ့ စံချိန်ဂရင်းဆလမ် ၁၇ ဆုကို ရာဖေးလ် အမီလိုက်နိုင်ပါ့မလား ဆိုတာကို စောင့်စားရင်း. . . ။ ■



ကိုယ်ရေးအကျဉ်း

အမည်	-	ရာဖေးလ်နာဒါးလ်
အမည်ပြောင်	-	King of Clay
ဇာတိ	-	မာယောကာ
မွေးသက္ကရာဇ်	-	၃.၆.၈၆
ကမ္ဘာ့အဆင့်	-	၅
ဂရင်းဆလမ်	-	၁၁



ရာဖေးလ်နာဒါးလ်

အသင်းကြီးတွေ စိတ်ဝင်စားမှုခံနေရတဲ့ . . .

စာမျက်နှာ ၅၂ မှ

ပီရက်စ်ဟာလည်း စိတ်ဝင်စားနေခဲ့ပါတယ်။ ရီးယဲလ်မက်ဒရစ်လိုပဲ ချယ်လ်ဆီးကလည်း နည်းပြရှာပုံတော်ဖွင့်နေတာပါ။ ဂွာဒီယိုလာကို လက်လွှတ်လိုက်ရလို့ သူတို့ဟာ ပရီမီယာလိဂ်က ဆွမ်ဆီးမန်နေဂျာ မိုက်ကယ်လောဒရပ်နဲ့ အဲဗာတန်မန်နေဂျာ ဒေးဗစ်မိုယက်စ်တို့ကို ပစ်မှတ်ထားနေခဲ့ပါတယ်။ ဒါပေမဲ့ လောဒရပ်ရဲ့ ကစားဖော်ဟောင်း၊ ချယ်လ်ဆီးရဲ့ အားကစားဒါရိုက်တာ ဟောင်း ဖရန့်အာနီဆင်ကတော့ လောဒရပ်ကို ချယ်လ်ဆီးကို မသွားသင့်ဘူးဆိုတဲ့ စကားမပါဝင်သော်လည်း သူပြောတဲ့စကားတွေက ချယ်လ်ဆီးကို သွားစေချင်တဲ့ ပုံမပေါ်တာတွေ့ရပါတယ်။ "ကျွန်တော့်အထင်တော့ ဆွမ်ဆီးကနေ တခြားကလပ်တွေကို မသွားသင့်သေးပါဘူး။ သူအခုအချိန်မှာ ဘယ်လောက်လုပ်နိုင်တယ်ဆိုတာ မြင်နေရပေမယ့် အသက်က ၄၈ နှစ်ဆိုတော့ အသင်းပြောင်းဖို့မှာ အသက်အရွယ်အရ ငယ်ရွယ်ပါသေးတယ်။ မိုက်ကယ်အတွက်အရေးကြီးတာက ဆွမ်ဆီးရဲ့ တိကျတဲ့ဖီလော်ဆိုဖီရှိတဲ့အသင်းမျိုးဖြစ်ဖို့ဟာ အရေးကြီးပါတယ်"လို့ ပြောဆိုသွားခဲ့တာပါ။

အခုအချိန်မှာ မန်စီးတီးအသင်းက ပရီမီယာလိဂ်မှာ ရလဒ်မကောင်းဖြစ်နေလို့ မန်နေဂျာအပြောင်းအလဲလုပ်ဖို့ ကြိုးစားလာနေခဲ့ပြန်ပါတယ်။ အဲဒီအပြောင်းအလဲအတွက် သူတို့ရဲ့ရေဒါထဲမှာ မိုက်ကယ်လောဒရပ်ဆိုတာက ဝင်လာနေခဲ့ပါတယ်။ မန်စီးတီးရဲ့ စီအီးအို ဘီဂျီရီစတိန်းက ဘာစီလိုနာမှာ မိုက်ကယ်လောဒရပ်နဲ့ ကစားခဲ့ကြတဲ့ သူငယ်ချင်းတွေဖြစ်ပါတယ်။ ဒီဆက်ဆံရေးအောက်မှာ အခုလောဒရပ်ကလည်း ဆွမ်ဆီးမှာ အကောင်းဆုံးစွမ်းဆောင်နေပြန်တော့ လောဒရပ်ကို ခေါ်ယူဖို့



စိတ်ဝင်စားလာခဲ့တာဖြစ်ပါတယ်။ မန်စီးတီးရဲ့အနေအထားက ချယ်လ်ဆီးနဲ့ယှဉ်ရင်လိုက်ရင်တော့ နည်းပြအပြောင်းအလဲတည်ငြိမ်မှုရှိတော့ တကယ်ထိထိမိမိကမ်းလှမ်းရင် ဖြစ်လာနိုင်ဖွယ်ရှိနေပါတယ်။

ပြင်သစ်ကလပ် ပီအက်စ်ဂျီကလည်း အန်ဆယ်လော့တီရဲ့ လက်ရှိစွမ်းဆောင်ရည်ကို အားမရလို့ နည်းပြပြောင်းချင်နေတာပါ။ သူတို့က မော်ရင်ညိုကို ဦးစားပေးနေပေမယ့် မော်ရင်ညိုက ပရီမီယာလိဂ်ကို စိတ်အားထက်သန်နေခဲ့ပါတယ်။ ဒါကြောင့် သူတို့ဟာ လောဒရပ်နဲ့ ကွန်တီတို့ကို ပစ်မှတ်ထားလာခဲ့ကြပါတယ်။ လောဒရပ်အနေနဲ့ ရွေးချယ်စရာတွေက များပြားနေတဲ့အတွက် ပီအက်စ်ဂျီကိုသွားပါ့မလားဆိုတာ စဉ်းစားစရာပဲဖြစ်ပါတယ်။ သူ့အနေနဲ့ ရီးယဲလ်မက်ဒရစ်ဆိုရင် အမြန်ဆုံးသွားချင်တဲ့ပုံမှာ ရှိနေပါတယ်။ အခု မန်စီးတီးကလည်း ထပ်ပြီး စိတ်ဝင်စားမှုပြလာနေပြန်တော့ ဆွမ်ဆီးဟာ သူတို့နည်းပြကို ဆုံးရှုံးမှာ စိုးရိမ်လာခဲ့ကြပါတယ်။ မနှစ်က လီဗာပူးဟာ ဆွမ်ဆီးမန်နေဂျာ ဘရန်ဒန်ရော်ဂျာကို လျော်ကြေးပေးပြီးခေါ်သွားသလိုမျိုး အခုလည်း လောဒရပ်ကို လျော်ကြေးပေးပြီး ခေါ်မယ်ဆို ခေါ်လို့ရနေလို့ စိုးရိမ်နေကြတာပါ။

သေချာတာကတော့ လောဒရပ်အနေနဲ့ ဒီရာသီကုန်ရင်တော့ထိပ်တန်းကလပ် အသင်းကြီးတစ်သင်းကို ရောက်ဖို့သေချာနေပါတယ်။ ကြိုးစားမှုနဲ့ စွမ်းဆောင်ရည်ကောင်းခြင်းတွေ အောက်မှာ မိုက်ကယ်လောဒရပ်အနေနဲ့ ထိပ်တန်းဆိုတဲ့ကလပ်အသင်းတစ်သင်းဆီကို ရောက်ဖို့က အလှမ်းမဝေးတော့ဘူးလို့ ယူဆနေမိပါရဲ့။ ■



အိတလီစီးရီးအေပွဲစဉ်(၂၆)

ပါးမားတို့ နိုင်ပွဲပြန်ရနိုင်

ဝက္ကာ(စမ်းချောင်း)

ပါလာမို–ဂျီနိုအာ

နိုင်ပွဲပျောက်နေပြီး ပါလာမိုခြေစွမ်းကို အမြင့်ဆုံးသရေလို့ပဲတွက်ရမယ်။ ထူးခြားတာကတော့ ပါလာမိုဟာ ပြီးခဲ့တဲ့လေးပွဲမှာ သုံးပွဲက ၁-၁ သရေကျထားတယ်။ ဂျီနိုအာကတော့ ဖေဖော်ဝါရီလထဲမှာ ပြန်ညှစ်လာခြင်းနဲ့အတူ ခြေစွမ်းရော၊ ရလဒ်တွေပါ သိသိသာသာတိုးတက်လာတယ်။ အခုပွဲမှာလည်း ဂျီနိုအာတို့ အနိမ့်ဆုံး သရေကစားသွားပါလိမ့်မယ်။

ဆမ်ဒိုးရီးယား–ချီယေဗို

နာပိုလီကွင်းမှာ သရေခံကစားသွားတဲ့ ဆမ်ဒိုးရီးယားဟာ လက်ရှိမှာ ရစ်သမ်မ်ပြီး 'ကြွေ'တက်နေတယ်။ ပြီးခဲ့တဲ့ အိမ်ကွင်းနှစ်ပွဲဆက်တိုက်မှာ ဆမ်ဒိုးရီးယားဟာ ခြေစွမ်းရော၊ ဂိုးသွင်းအားပါ ထက်မြက်တာ ပေါ်လွင်နေတယ်။ ချီယေဗိုခြေစွမ်းက အကျဘက်ရောက်နေပြီး အဝေးကွင်းပွဲတွေမှာဆိုရင် နောက်တန်းက ရုန်းကန်နေရတတ်တယ်။ ဆမ်ဒိုးရီးယားအနိုင်ပါ။

ပါးမား–ကာတာနီးယား

တောက်လျှောက်စိုက်ဆင်းလာတဲ့ ပါးမားဟာ အိမ်ကွင်းဖြစ်တဲ့ အခုပွဲမှာ အနိုင်ကစားပြီး အသင်းကို ပြန်ပြီး 'ဆွဲတင်' နိုင်မယ်လို့ ယူဆရတယ်။ ကာတာနီးယားကတော့ ပြီးခဲ့တဲ့ အဝေးကွင်းနှစ်ပွဲဆက်တိုက်ဂိုးမိုးခေါင်နေတယ်။ အခြေအနေအရ ပါးမားကို ပိုကြိုက်တယ်။

ဘိုလော့နာ–ဖီအိုရင်တီးနား

နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းပွဲစဉ်မှာ ဆီနာကို ၁-၁ သရေကျခဲ့ပေမယ့် ယေဘုယျအားဖြင့် ဘိုလော့နာဟာ အိမ်ကွင်း 'မာ'ပြီး ဂိုးသွင်းအားရှိတဲ့အသင်းပါ။ ဒါပေမဲ့ဖီအိုရင်တီးနား ခြေစွမ်းကလည်း အတက်ဘက်ပြန်လည်ရောက်ရှိပြီး ဂိုးသွင်းနှုန်းပါ တိုးတက်လာတယ်။ အိမ်ရှင်အားသာချက်ရှိပေမယ့် ဘိုလော့နာဟာ ဖီအိုရင်တီးနားကို နိုင်ခြေမရှိပါဘူး။

အတ္တလန္တာ–ရိုးမား

အတ္တလန္တာခြေစွမ်း ကျဆင်းမှုအနေအထားက အတော်လေးကို ဆိုးရွားနေတယ်။ ဇန်နဝါရီလထဲမှာ ကွင်းလယ်စတား ရှလော့တိုနဲ့ နောက်ခံလူ ပလူဆိုတို့ အသင်းပြောင်းသွားကြလို့အတ္တလန္တာအထိနာသွားတယ်။ ရိုးမားကတော့ ဂျူဗင်တပ်ကို ၁-၀ နဲ့ နိုင်ခဲ့တဲ့ပွဲမှာ ကစားကွက်မိပြီး စိတ်ဓာတ်ပါကောင်းလာတယ်။ ဒါကြောင့် တိုက်စစ်ကောင်းတဲ့ ရိုးမားကို ပိုကြိုက်တယ်။

ကက်ဂလီယာရီ–တိုရိနို

ကက်ဂလီယာရီခြေစွမ်းက တက်လာပေမယ့် အိမ်ကွင်းမှာတော့ သရေပွဲတွေများနေသေးတယ်။ တိုရိနိုကလည်း လူညီခြေညီပြီး တွန်းတွန်းတိုက်တိုက်ကစားတယ်။ အဝေးကွင်းမှာခံစစ်လုံတယ်။ အခြေအနေအရ တိုရိနိုကို ပိုကြိုက်တယ်။

အင်တာမီလန်–အေစီမီလန်

အင်တာမီလန်ဟာ လတ်တလော စီးရီးအေမှာ 'ကြွေ'ကျနေပြီးအေစီမီလန်လည်း ချန်ပီယံလိဂ်မှာ ဘာစီလိုနာနဲ့ ရင်ဆိုင်ထားရလို့ပွဲပန်းနိုင်တဲ့အချက်ကို ထည့်တွက်ရမယ်။ ဒါပေမဲ့လက်ရှိသွားနေတဲ့ လမ်းကြောင်းတွေပေါ်မှာ အခြေခံပြီးတွက်ချက်မယ်ဆိုရင်တော့ အေစီမီလန်ကိုပဲ ရွေးချယ်သင့်တယ်။

ယူဒီးနိစ်–နာပိုလီ

ပြီးခဲ့တဲ့ အိမ်ကွင်းသုံးပွဲဆက်တိုက်မှာတော့ ယူဒီးနိစ်ဟာ ပြိုင်ဘက်ကို အနိုင်ကစားခဲ့သလို နာပိုလီဟာ ဂျူဗင်တပ်ကို ဖိအားလိုက်ပေးနေတဲ့အသင်းဖြစ်ပြီး လက်ရှိမှာလည်း ခြေစွမ်း၊ တိုက်စစ်နဲ့ ရည်မှန်းချက်တွေ မြင့်မားကောင်းမွန်တဲ့အသင်းဖြစ်နေတယ်။ ဒါကြောင့် ပုံမှန်အတိုင်းတွက်ရင် အခုပွဲမှာတော့ ပြိုင်ဘက်က နာပိုလီဖြစ်နေလို့ ယူဒီးနိစ်တို့ နိုင်ခြေနည်းပါးတယ်။

လာဇီယို–ပက်စ်ကာရာ

ယူရိုပါလိဂ်ပြိုင်ပွဲဘက် အာရုံစိုက်လိုက်လို့ လာဇီယိုဟာ စီးရီးအေဘက်မှာ 'လျော့'သွားတယ်။ ဒါပေမဲ့ ပက်စ်ကာရာကလည်း နောက်တန်း 'ပွင့်'ပြီး စိုက်ဆင်းနေတဲ့ အသင်းဖြစ်လို့ လာဇီယိုအတွက် အခွင့်အလမ်းသာတယ်။ အိမ်ရှင်အားသာချက်ကို အသုံးချပြီး ဖိဖိစီးစီးကစားရင် လာဇီယိုတို့ အနိုင်ရဖို့ အခက်အခဲမရှိနိုင်ပါဘူး။ ■

အိတလီ စီးရီးအေပွဲစဉ်(၂၅)

ဆီနာ	၃-၀	လာဇီယို	
ကာတာနီးယား	၁-၀	ဘိုလော့နာ	
ဂျီနိုအာ	၁-၀	ယူဒီးနိစ်	
နာပိုလီ	၀-၀	ဆမ်ဒိုးရီးယား	
တိုရိနို	၂-၁	အတ္တလန္တာ	
ပက်စ်ကာရာ	၀-၂	ကက်ဂလီယာရီ	
ဖီအိုရင်တီးနား	၄-၁	အင်တာ	
ချီယေဗို	၁-၁	ပါလာမို	
ရိုးမား	၁-၀	ဂျူဗင်တပ်	
အေစီမီလန်	၂-၁	ပါးမား	

သွင်းဂိုးအများဆုံး

ကာဗာနီ (နာပိုလီ)	၁၈ ဂိုး
အယ်လ်ဗာရာဒို (အေစီ)	၁၅ ဂိုး
ဒီနာတယ်လီ (ယူဒီးနိစ်)	၁၄ ဂိုး
အော်ဆာဗဲလ်ဒိုး (ရိုးမား)	၁၁ ဂိုး
လာမယ်လာ (ရိုးမား)	၁၁ ဂိုး

အိတလီ စီးရီးအေပွဲစဉ်(၂၅)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရလဒ်ဂိုး	ပေးဂိုး	ရမှတ်
ဂျူဗင်တပ်	၂၅	၁၇	၄	၄	၅၁	၁၈	၅၅
နာပိုလီ	၂၅	၁၅	၆	၄	၃၆	၂၁	၅၁
အေစီမီလန်	၂၅	၁၃	၅	၇	၄၄	၃၁	၄၄
လာဇီယို	၂၅	၁၃	၅	၇	၃၅	၂၉	၄၄
အင်တာ	၂၅	၁၃	၄	၈	၄၀	၃၃	၄၃
ဖီအိုရင်တီးနား	၂၅	၁၂	၆	၇	၄၅	၃၀	၄၂
ကာတာနီးယား	၂၅	၁၁	၆	၈	၃၂	၃၀	၃၉
ရိုးမား	၂၅	၁၁	၄	၁၀	၅၁	၄၉	၃၇
ယူဒီးနိစ်	၂၅	၉	၉	၇	၃၅	၃၄	၃၆
ပါးမား	၂၅	၈	၈	၉	၃၁	၃၃	၃၂
တိုရိနို	၂၅	၇	၁၁	၇	၂၉	၂၈	၃၁
ဆမ်ဒိုးရီးယား	၂၅	၈	၆	၁၁	၃၁	၃၀	၃၀
ချီယေဗို	၂၅	၈	၅	၁၂	၂၆	၄၀	၂၉
ကက်ဂလီယာရီ	၂၅	၇	၇	၁၁	၂၈	၄၁	၂၈
အတ္တလန္တာ	၂၅	၈	၅	၁၂	၂၂	၃၅	၂၉
ဘိုလော့နာ	၂၅	၇	၅	၁၃	၃၃	၄၂	၂၆
ဂျီနိုအာ	၂၅	၆	၇	၁၂	၂၆	၃၃	၂၅
ဆီနာ	၂၅	၇	၆	၁၂	၂၃	၃၄	၂၁
ပက်စ်ကာရာ	၂၅	၆	၃	၁၆	၂၀	၅၁	၂၁
ပါလာမို	၂၅	၃	၁၀	၁၂	၂၂	၃၉	၁၉

အိမ်ကွင်းမှာ ဂျူဗီတို့ ဂိုးပြတ်နိုင်ပါ့မလား

ဝက္ကာ(စမ်းချောင်း)

ဂျူဗင်တပ်–ဆီနာ

ဆဲလ်တစ်ကို စကော့တလန်မြေပေါ် သုံးဂိုးပြတ်နိုင်ပြီးနောက် ချန်ပီယံလိဂ် အပြန်လမ်းတွင် ရိုးမားကို ရှုံးနိမ့်ခဲ့ခြင်းကြောင့် ဂျူဗင်တပ်သည် ပုံမှန်ရစ်သမ်ရဖို့ ပြန်လည်ကြိုးစားရဖွယ်ရှိသည်။ နည်းပြကွန်တီကိုယ်တိုင်က ဂျူဗင်တပ်သည် ခုနစ်ရက်အတွင်း ဖီအိုရင်တီးနား၊ ဆဲလ်တစ်၊ ရိုးမားတို့နှင့် ဆက်တိုက် ကစားခဲ့ရပြီး အထူးသဖြင့် ဆဲလ်တစ်နှင့် ရိုးမားတို့ကို အဝေးကွင်းနှစ်ပွဲ ဆက်တိုက် ကစားလိုက်ရခြင်းကြောင့် ပွဲပန်းကာ မောဟိုက်နွမ်းနယ်နေကြောင်း ထုတ် ဖော်ပြောဆိုခဲ့သည်။

ပြီးခဲ့သော စီးရီးအေပွဲစဉ်တွင် ရိုးမား ကို အရေးနိမ့်ခဲ့ခြင်းကြောင့် အမှတ်ပေး ဇယားထိပ်ဆုံးမှ အရှိန်ကောင်းကောင်း နှင့် ပြေးနေသော ဂျူဗင်တပ်ကို 'မြင်း ဇက်ကြိုးဆောင့်ဆွဲ' လိုက်သကဲ့သို့ရှိသည်။ ဂျူဗင်တပ်သည် အလားတူ ဖြစ်ရပ်မျိုးရှိခဲ့ဖူးပြီး ချန်ပီယံလိဂ်ပွဲစဉ် အပြီး ထိပ်သီး အေစီမီလန်ကို ၁-၀ ဖြင့် အရေးနိမ့်ဖူးသည်။ သို့ရာတွင် ဂျူဗင်တပ် ၏ 'ကောင်းကွက်'မှာ ထိုသို့ အရေးနိမ့်ပြီး နောက် ကပ်လျက်ရှိသော အမှတ်ပေးပွဲ တွင် အနိုင်ရအောင် ရှိသမျှအစွမ်းအစ နှင့် ခွန်အားကို မခိုမကပ်ဘဲ ညှစ်ထုတ် ကစားနိုင်ခြင်းဖြစ်သည်။ သို့ကလို ကြောင့်လည်း ယခုရာသီ စီးရီးအေ အမှတ်ပေးပွဲများတွင် ဂျူဗင်တပ်သည် နှစ်ပွဲဆက်တိုက် နိုင်ပွဲပျောက်သွားသည် မှာ ရှားပါးသည်။

ဂျူဗင်တပ်ကွင်းလယ်တွင် ဝါရင့် ကစားသမား ပီယာလိုကို အတွေ့အကြုံ လည်းရှိ၊ အရွယ်ကောင်းပြီး ကစားအား လည်းရှိကြသော မာချီစီယို (၂၇နှစ်)နှင့် အာတူ ရိုဗီဒယ် (၂၅နှစ်)တို့နှင့်ဝန်းရံပေး ထားသောကြောင့် ထိပ်တန်းကွင်းလယ် အဖြစ် ရပ်တည်နိုင်သည်။ တစ်ဖန် ၎င်းတို့နှစ်ယောက်သည် 'ဂျူဗင်တပ်သွေး' (Juventus DNA) အပြည့်ရှိနေခြင်း ကြောင့် အမှန်တကယ်ညှစ်ရမည့် ပွဲများ တွင် စွမ်းဆောင်ရည်ပိုင်းကို သိသိ သာသာ မြှင့်တင်နိုင်သည်။

နောက်ပိုင်းပွဲများတွင် ဂျူဗင်တပ် နည်းပြ ကွန်တီသည် ကစားအားကောင်း ပြီး လုပ်ရည်ကိုင်ရည်၊ 'အမြင်'ရှိသော ပေါ်ဂ်ဘာ(၁၉နှစ်)နှင့် အဆာမို (၂၄နှစ်) တို့ကို ထည့်သွင်းလာခြင်းကြောင့် ဂျူဗင်တပ်ကွင်းလယ်၏ အလုပ်လုပ်နှုန်း (work-rate) မြင့်တက်လာသည်ကို တွေ့ရသည်။ ပွဲချိန်အတွင်း အမှန် တကယ် လိုအပ်သော အချိန်ပိုင်းတွင် ဂျူဗင်တပ်ကွင်းလယ်သည် ညှစ်ထုတ် ကစားနိုင်စွမ်းရှိသည်။

ဂျူဗင်တပ်ကွင်းလယ်သည် ခံစစ် ကြောင်းကိုလည်း ထိရောက်စွာ ကာကွယ် ပေးနိုင်သကဲ့သို့ တစ်သင်းလုံးကိုလည်း မောင်းနှင်နိုင်စွမ်းရှိသည်။ သို့ကလို ကြောင့် ပြိုင်ဘက်အတော်များများသည် ကွင်းလယ်ပိုင်းတွင် ဂျူဗင်တပ်ကို မယှဉ်နိုင်ဖြစ်နေကြသည်။

သို့ရာတွင် ဂျူဗင်တပ်တိုက်စစ်မှုးများ ၏ ဂိုးသွင်းခြေစွမ်းသည် လတ်တလော တွင် မေးခွန်းထုတ်စရာ ဖြစ်လာသည်။

နည်းပြကွန်တီလက်ထဲတွင် ဝါရင့် တိုက်စစ်မှုးများဖြစ်သော ဗူချိုနစ်၊ အီယန် ကွင်တာနှင့် အနယ်လ်ကာ၊ အီတလီ တိုက်စစ်မှုးများဖြစ်သော မာထရီ၊ ဂျီယိုဗင်ကို၊ ကွာဂလီရယ်လာ၊ ဒိန်းမတ် တိုက်စစ်မှူး ဘန့်တနာတို့ ရှိနေသော ကြောင့် စာရွက်ပေါ် အနေအထားအရ ဂျူဗင်တပ် တိုက်စစ်အင်အားစုသည် တောင့်တင်းခိုင်မာသည်။ သို့ရာတွင် ဂျူဗင်တပ်ရှေ့တန်း၌ ဂိုးရရှိရေးအတွက် ပုံမှန်အားထားရမည့် တိုက်စစ်မှူး မရှိဘဲဖြစ်နေသည်။

တစ်ဖက်တွင် ဂျူဗင်တပ်နှင့် ရင်ဆိုင် ရမည့် ဆီနာသည် တန်းမဆင်းရရေး အတွက် အားထည့်ကစားလာသည်ကို တွေ့ရသည်။ အထူးသဖြင့် အိမ်ကွင်းပွဲ များတွင် ဆီနာသည် အမှတ်ဆုံးရှုံးမှု မဖြစ်ရအောင် စိတ်ဓာတ်အပြည့်အဝ ထည့်သွင်းကစားလာသည်။ သို့ရာတွင် ဆီနာ၏ အဝေးကွင်းခြေစွမ်းနှင့် ရလဒ် မှာ များစွာအားရဖွယ်ရာ မရှိသေးဘဲ ထိပ်တန်းအသင်းကြီးများကို အဝေးကွင်း တွင် ရင်ဆိုင်ရာတွင်လည်း အတော်လေး ရုန်းကန်နေရသည်။

ယေဘုယျအားဖြင့် ဆီနာခံစစ် ကြောင်းသည် တိုက်အားကောင်းသော အသင်းများနှင့် ထိပ်တန်းအသင်းကြီး များကို ရင်ဆိုင်သောအခါတွင် ပုံပျက် သွားတတ်သည်။ တစ်ဖန် အဝေးကွင်း ပွဲစဉ်များ သွားရောက်ကစားသောအခါ သရေကျအောင် ပိတ်ဆို့ကစားမည် ဆိုသော နည်းပရိယာယ်ကို ရှေ့တန်း တင်ထားသောကြောင့် ခံစစ်ဘက်ယိုင် သွားပြီး စိတ်ဓာတ်ရေးရာအားဖြင့် တစ်ပန်းရှုံးနေလေ့ရှိသည်။

ခြုံငုံကြည့်လျှင် ဂျူဗင်တပ်သည် ရိုးမားကို ရှုံးနိမ့်ခဲ့ခြင်းကို ချေဖျက် ကုစား ရန်အတွက် ယခုပွဲတွင် ပြိုင်ဘက်ကို အနိုင်ယူကာ အသင်းကိုပြန်လည် 'ဆွဲတင်' ရတော့မည်ဖြစ်သည်။ အိမ်ရှင်အားသာ ချက်ရှိသော ဂျူဗင်တပ်သည် ဘက်စုံ ထောင့်စုံမှ အားသာနေသည်။ သို့ရာတွင် ဂျူဗီတိုက်စစ်မှူးများသည် ပုံမှန်ဂိုးသွင်း ခြေစွမ်းရရှိရန် ရုန်းကန်နေရသေး သောကြောင့် ယခုပွဲသည် ဂျူဗင်တပ် အတွက် သုံးမှတ်ရရန် အခက်အခဲမရှိဘဲ ဂိုးသွင်းအားမှာမူ တိုက်စစ်သမားများ၏ အပြီးသတ်ဂိုးသွင်းယူမှု သေချာခြင်းရှိ မရှိပေါ်တွင် မူတည်နေသည်။ ■



ရိုးမားကွင်းလယ်လူ ဗီဟိုး၏ ထိုးဖောက်မှုကို ဂျူဗင်တပ်ကစားသမားများ ဟန့်တားရန် ကြိုးပမ်းနေစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

ဒဗွလျူအေဒီအေ၏ စွပ်စွဲချက်ကြောင့် တရုတ်တုန်လှုပ်

ပေကျင်း – ကမ္ဘာ့မူးယစ်ဆေးဝါး သုံးစွဲမှုတိုက်ဖျက်ရေးအေဂျင်စီ(ဒဗွလျူအေဒီအေ)က တရုတ်နိုင်ငံသည် တရားမဝင်သော ဓာတုပစ္စည်း ၉၉ ရာခိုင်နှုန်းကို ထုတ်လုပ်နေကြောင်း စွပ်စွဲပြောဆို လိုက်သဖြင့် တုန်လှုပ်မိကြောင်း တရုတ်နိုင်ငံ၏ မူးယစ်ဆေးဝါးသုံးစွဲမှု တိုက်ဖျက်ရေးအကြီးအကဲက ဂျင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

"ဒီ ၉၉ ရာခိုင်နှုန်းဆိုတာကို သူဘယ်ကရတာလဲ။ သူမှာ ဘာသက်သေပြစရာအထောက်အထားရှိသလဲဆိုတာ ကျွန်တော်တို့စဉ်းစားမရဘူး"ဟု တရုတ်နိုင်ငံ၏ မူးယစ်ဆေးဝါးသုံးစွဲမှုတိုက်ဖျက်ရေးအကြီးအကဲ ကျန်ကျိရွဲက ဒဗွလျူအေဒီအေ ညွှန်ကြားရေးမှူးချုပ် ဒေးဗစ် ဟောင်းမန်း လွန်ခဲ့သော သီတင်းပတ်က ပြောကြားခဲ့သော စကားကို တုံ့ပြန်ပြောကြားလိုက်သည်။

"ဒီအတွက် ဒဗွလျူအေဒီအေက အသေးစိတ်ဖြေရှင်းချက်ပေးဖို့လည်း တောင်းခံထားပါတယ်။ မစ္စတာဟောင်းမန်းရဲ့စကားကြောင့် ကျွန်တော်တို့ တုန်လှုပ်မိပါတယ်"ဟု ၎င်းက ပြောကြောင်း တရုတ်နိုင်ငံ၏ နိုင်ငံပိုင် ရှင်ဟွာသတင်းဌာနတွင် ဖော်ပြခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် အားကစား စွမ်းဆောင်ရည်တက်လာစေသော မူးယစ်ဆေးဝါးပစ္စည်းများကို သုံးစွဲသည်ဟူသော စွပ်စွဲမှုများကို ယခင်ကလည်း ကြုံခဲ့ရသည်။

ဒဗွလျူအေဒီအေသည် အမေရိကန် လူမျိုးစက်ဘီးစီးချန်ပီယံ လန့်စ်အမ်းစထရောင်း၏ မူးယစ်ဆေးဝါးအရှုပ်တော်ပုံကို ကိုင်တွယ်ပုံနှင့်ပတ်သက်၍ ထိရောက်မှုမရှိဟူ၍ လွန်ခဲ့သောသီတင်းပတ်က ဆွစ်ဇာလန်အခြေစိုက် ယူနီစပို့ ပရိုဖိုင်၏ ပြစ်တင်ဝေဖန်မှုကိုလည်း ခံခဲ့ရသည်။

(အေအက်ဖ်ပီ)

တင်ဦး ဘာသာပြန်သည်။ ■

ရီယေးဇားမှာဆိုရင် ရီးယဲလ်အခက်တွေ့တတ်တယ်

ဟိန်းသန့်

ဒီပို့တီဗို – ရီးယဲလ်မက်ဒရစ်

အရင်ကဆိုရင် ဒီနှစ်သင်းဆုံတဲ့ ပွဲတိုင်း စိတ်ဝင်စားစရာကအတော်လေးကို ကောင်းခဲ့ပါတယ်။ ဒါပေမဲ့ အခုနောက်ပိုင်းမှာတော့ အခြေအနေတွေက အတော်လေးကိုပြောင်းသွားခဲ့ပါပြီ။

ဒီပို့တီပိုဟာ ၂၀၀၀ ပြည့်လွန် နှစ်တွေတုန်းက လာလီဂါကို ဦးဆောင်နိုင်တဲ့ အသင်းတစ်သင်းအဖြစ် ရပ်တည်နိုင်ခဲ့ပြီး လာလီဂါမှာသာမက ဥရောပမှာပါ ထိုက်တန်တဲ့ခြေစွမ်းမျိုးကို ပြနိုင်ခဲ့တဲ့ အသင်းတစ်သင်းဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ လည်း နောက်ပိုင်းမှာတော့ အသင်းဟာ ငွေကြေးအကျပ်အတည်းတွေကြားမှာ တဖြည်းဖြည်းနိမ့်ပါးလာခဲ့ပြီး ၂၀၁၀-၁၁ ဘောလုံးရာသီအပြီးမှာ ဆီဂန်ဒါကို တန်းဆင်းလိုက်ရတဲ့အထိ အခြေအနေဆိုးရွားခဲ့ပါတယ်။ ဒါပေမဲ့ ဆီဂန်ဒါမှာ တစ်ရာသီကြာနေပြီး ဆီဂန်ဒါချန်ပီယံအဖြစ်နဲ့ လာလီဂါကို ပြန်ရောက်လာခဲ့ပါတယ်။ ဒါပေမဲ့ အသင်းကတော့ အခုချိန်အထိ လာလီဂါအဆင့်မျိုးမရှိသေးဘူးလို့ပဲ ပြောရမလိုဖြစ်နေပါတယ်။



ရီးယဲလ်ကွင်းလယ်လူ ခီဒီရာ ရာယိုအသင်းဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းနေစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

ကစားသမားအင်အားအရ ကြည့်မယ်ဆိုရင်တော့ ဒီပို့တီပိုအသင်းဟာ လာလီဂါတန်းဝင် အသင်းတစ်သင်းအဖြစ် ရှိနေပေမယ့်လည်း တကယ် ကစားတဲ့အခါမှာတော့ အသင်းဟာ သက်ကြီးကစားသမားတွေများနေပြီး အသင်းလိုက်ကြွံခိုင်မှုပိုင်းမှာ အားနည်းမှုတွေရှိနေခဲ့တယ်။ ဒါကြောင့်လည်း အခုဆိုရင် နည်းပြနှစ်ယောက်ပြောင်းလိုက်ရတဲ့အထိ အခြေအနေဆိုးရွားခဲ့ပြီး အမှတ်ပေးဇယားမှာလည်း အောက်ဆုံးအဆင့်မှာ ရောက်နေခဲ့ရပါပြီ။

ပူပူနွေးနွေး နည်းပြပါစီယန်စီယာနေရာမှာ ဖာနန်ဒိုဗက်စ်ကွက်နဲ့ အစားထိုးထားတာလည်း တစ်ပွဲသာရှိသေးပြီး ဗက်စ်ကွက်ရဲ့ ပွဲဦးထွက်ပွဲဟာ ဆီဗီလာကို ဂိုးပြတ်အနှုံးနဲ့ စပြီးကြုံလိုက်ရတယ်။ အခု ဒုတိယမြောက်ပွဲမှာလည်း ရီးယဲလ်မက်ဒရစ်လိုအသင်းမျိုးနဲ့ ထပ်ပြီးကစားရဦးမှာဆိုတော့ ဗက်စ်ကွက်အတွက်တော့ ဒီပို့ကို ရောက်ရောက်ချင်းမှာပဲ တကယ့်ကိုကြီးမားတဲ့စိန်ခေါ်မှုမျိုးကို ဆုံလိုက်ရသလိုပါပဲ။

ရီးယဲလ်မက်ဒရစ်ကလည်း ဒီရာသီမှာ မထင်မှတ်လောက်အောင် နိမ့်ဆင်းသွားတာမျိုးနဲ့ ကြုံနေရပေမယ့်လည်း အရှိန်ကတော့ ကျန်နေဆဲလို့ပြောရမယ်။ အဝေးကွင်းပွဲတွေမှာ ရီးယဲလ်ရဲ့ခြေစွမ်းဟာ မှန်းဆရခက်နေပေမယ့် တစ်ခါတလေမှာ မထင်မှတ်ထားတဲ့ရလဒ်တွေထွက်အောင် ကစားပြတတ်သလို လက်ရှိခြေစွမ်းအရလည်း ရီးယဲလ်ဟာ ဟန်ချက်အတက်အကျမမှန်သလိုမျိုးတွေ့နေရတယ်။ ဒါကြောင့်လည်း ဇယားအောက်ဆုံးက ဒီပို့တီပိုလိုအသင်းမျိုးနဲ့ အတွေ့မှာ ရီးယဲလ်ဆီက အပြည့်အဝ ရနိုင်ဖို့ ဖြစ်နိုင်ပါ့မလားဆိုတာကလည်း သေချာစဉ်းစားဖို့ လိုအပ်နေပါပြီ။

ရီးယဲလ်ရဲ့ လက်ရှိအနေအထားကို ကြည့်ရင် အသင်းအတွင်းမညီညွတ်မှုသတင်းတွေနဲ့အတူ အသင်းရဲ့ ရလဒ်ပိုင်းကလည်း တည်ငြိမ်မှုမရှိပါဘူး။ ဒီကြားထဲမှာ အခုပွဲကစားပြီးရင် ဘာစီလိုနာနဲ့ ကစားရမယ့် ကိုပါဒယ်ရေး ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲကလည်း ရီးယဲလ်ရဲ့ အနာဂတ်အတွက် အရေးပါနေတဲ့ပွဲမျိုး ဖြစ်နေလို့ ဇယားအောက်ဆုံးက ဒီပို့လို အသင်းမျိုးနဲ့ကစားရတဲ့ပွဲမှာ ရီးယဲလ် ဆီက အင်အားကုန်သုံးကစားတာမျိုးကို မြင်ရဖို့လွယ်နိုင်ပါ့မလားဆိုတာကလည်း စဉ်းစားစရာအချက်ပါပဲ။

ဒီပို့တီပိုကွင်း ရီယေးဇားမှာ ကစားခဲ့ရတဲ့ ရီးယဲလ်ရဲ့ ရလဒ်ပိုင်းတွေကိုကြည့်မယ်ဆိုရင်လည်း သိပ်ပြီးအကောင်းကြီးမဟုတ်တာကို တွေ့ရပါလိမ့်မယ်။ ၂၀၁၁ ခုနှစ်က ရီယေးဇားကွင်းမှာ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ ဒီပို့တီပိုကို ဂိုးမရှိသရေသာ ကစားနိုင်ခဲ့ပြီး ၁၉၉၉ ခုနှစ်နောက်ပိုင်း ရီယေးဇားကွင်းကရလဒ်တွေကို ပြန်ကြည့်မယ်ဆိုရင် ရီးယဲလ်ဟာ ၂၀၁၀ ပြည့်နှစ်က ၃-၁ နဲ့နိုင်ထားခဲ့တဲ့ တစ်ပွဲသာ နိုင်ပွဲရှိခဲ့တာကိုလည်း တွေ့ရတယ်။ ဒါကြောင့် ရီယေးဇားကွင်းဟာ ရီးယဲလ်အတွက်တော့ ခက်ခဲတဲ့ပြိုင်ဘက်ကွင်း တစ်ကွင်းလို့ ပြောလို့ရတယ်။

ဒီအချိန်မှာပဲ ရီးယဲလ်အတွက် အာရုံမျှထားဖို့ ရှိနေတဲ့အပြင် ဒီပို့တီပိုရဲ့ အနေအထားကလည်း နည်းပြသစ် အောက်မှာ အမှတ်ရဖို့အစွမ်းကုန် ရုန်းပြီး တန်းဆင်းဇုန်အောက်ဆုံးမှ လွတ်အောင် ကစားရမယ့်အချိန်မျိုးလည်း ဖြစ်နေတာကြောင့် ရီးယဲလ်အတွက်တော့ ဒီပွဲဟာ ပွဲကျပ်တစ်ပွဲဖြစ်လာဦးမှာ သေချာသလောက်ပါပဲ။

ဒီပို့တီပိုရဲ့ကစားပုံကလည်း တိုက်စစ်ပိုင်းမှာ သမ္ဘာရင့်ကစားသမားတွေကြောင့် ကစားပုံမဆိုးဘူးလို့ပြောနိုင်တယ်။ အခွင့်အရေးရရင်အကောင်းဆုံး အသုံးချနိုင်တဲ့ တိုက်စစ်မှူးမျိုးတွေလည်း ရှိနေလို့ ပုံမှန်အနေအထားမှာမရှိတဲ့ ရီးယဲလ်ခံစစ်ကို အချိန်မလွှဲ ဒုက္ခပေးသွားနိုင်တဲ့ အနေအထားမျိုးကိုလည်း ပိုင်ဆိုင်ထားတယ်။ ဒါပေမဲ့ ဒဏ်ရာအနာတရတွေများပြီး ကြံ့ခိုင်မှုအပြည့်အဝမရှိတဲ့ ဒီပို့တီပိုရဲ့ ခံစစ်ကစားပုံကတော့ ရီးယဲလ်တိုက်စစ်သာ တကယ်ကိုဖွင့်ကစားလာခဲ့မယ်ဆိုရင် တားဆီးနိုင်ဖို့ဆိုတာမဖြစ်နိုင်သလောက်ပါပဲ။ လက်ရှိ ဒီပို့တီပိုရဲ့ခံစစ်ကစားပုံဟာ ဦးဆောင်သူကင်းမဲ့နေသလိုတွေ့ရပြီး ဂိုးသမားအရန် ဇူဘီယာကလည်း အကျဘက်ကိုရောက်နေချိန်ဖြစ်လို့ ဒီပို့ရဲ့ခံစစ်အနေအထားဟာ ဒီရာသီမှာ အခုချိန်အထိ နာလန်မထူနိုင်အောင်ဖြစ်နေခဲ့ပါတယ်။ နောက်ဆုံးကစားထားခဲ့တဲ့ ပွဲတွေမှာလည်း ဒီပို့တီပို ခံစစ်ဟာ အိမ်ကွင်းမှာ ဂရန်နာဒါလို အသင်းကို သုံးဂိုးအထိပေးပြီး အရေးနိမ့်ထားခဲ့လို့ နည်းပြ ဘက်စ်ကွက်ဇနေနဲ့ ဒီလိုခံစစ်ကစားပုံကို ပြင်ဆင်မထားနိုင်သေးဘူးဆိုရင် ရီးယဲလ်ရဲ့တိုက်စစ်ကိုလည်း ဘယ်လိုမှ ထိန်းနိုင်ဖို့မရှိပါဘူး။

ဒါပေမဲ့ ဒီပို့တီပိုဟာ ပြိုင်ဘက်အသင်းကြီးတွေနဲ့ဆိုရင် ရဲရဲတင်းတင်းကစားတတ်ပြီး အိမ်ကွင်းအားကိုလည်း အကောင်းဆုံးအသုံးချတတ်တဲ့အသင်းမျိုးဖြစ်လို့ ဘာစီလိုနာလိုအသင်းကို ရှုံးခဲ့စဉ်ကတောင် ဂိုးတွေအပြန်အလှန် လိုက်သွင်းပြီး ဂိုးပြတ်ရှုံးတာမျိုး မရှိခဲ့ပါဘူး။ ဒါကြောင့်လည်း နဝိုကတည်းက အစဉ်အလာအရမှာလည်း ခက်ခက်ခဲခဲ ယှဉ်ပြိုင်ရလေ့ရှိတဲ့ ရီးယဲလ်ကိုလည်း အပြန်အလှန်လိုက်ကစားနိုင်မယ့် အနေအထားမျိုးတော့ ရှိနိုင်လိမ့်မယ် ထင်ပါတယ်။ ဒါကြောင့်လည်း အာရုံတွေများနေပြီး ညီညွတ်မှုအနည်းငယ်လျော့နေတဲ့ ရီးယဲလ်ထက် ဒီပို့တီပိုကိုပဲ အရဲစွန့်ရွေးထားရမယ့်ပွဲမျိုးလို့ ထင်ပါတယ်။ ■

အခြားပွဲစဉ်များ

ဘီလ်ဘာအို	-	ဆိုစီဒက် *
* မာယော့ကာ	-	ဂိတာဖေ
ဇာရာဂိုဇာ	-	ဗလင်စီယာ *
* ဘာစီလိုနာ	-	ဆီဗီလာ
* ရာယို	-	ဗယ်လာဒိုးလစ်
* ဆယ်လ်တာ	-	ဂရန်နာဒါ
အလက်တီကို	-	အက်စ်ပန်ညို *
* ဘက်တစ်	-	မာလာဂါ
လီဗန်တေး	-	အိုဆာဆူနာ *



စပိန်လာလီဂါ ပွဲစဉ် (၂၄)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရ/ဂိုး	ပေးဂိုးရမှတ်
ဘာစီလိုနာ	၂၄	၂၁	၂	၁	၈၀	၂၃	၆၅
အလက်တီကို	၂၄	၁၇	၂	၅	၄၃	၂၃	၅၃
ရီးယဲလ်	၂၄	၁၅	၄	၅	၆၀	၂၂	၄၉
မာလာဂါ	၂၄	၁၂	၆	၆	၃၃	၂၀	၄၂
ဗလင်စီယာ	၂၄	၁၂	၄	၈	၃၄	၃၅	၄၀
ဆိုဆီဒက်	၂၄	၁၀	၇	၇	၃၈	၃၀	၃၇
ရာယို	၂၄	၁၂	၁	၁၁	၃၃	၄၁	၃၇
ဘက်တစ်	၂၄	၁၀	၃	၁၀	၃၁	၃၅	၃၆
လီဗန်တေး	၂၄	၁၀	၄	၁၀	၃၀	၃၆	၃၄
ဆီဗီလာ	၂၄	၉	၅	၁၀	၃၃	၃၅	၃၂
ဂိတာဖေ	၂၄	၉	၅	၁၀	၃၂	၄၃	၃၂
အက်စ်ပန်ညို	၂၄	၈	၇	၉	၃၁	၃၄	၃၁
ဗယ်လာဒိုးလစ်	၂၄	၈	၆	၁၀	၃၂	၃၂	၃၀
ဂရန်နာဒါ	၂၄	၇	၅	၁၂	၂၃	၃၄	၂၆
ဘီလ်ဘာအို	၂၄	၇	၅	၁၂	၂၉	၃၄	၂၆
အိုဆာဆူနာ	၂၄	၆	၇	၁၁	၂၀	၂၇	၂၅
ဇာရာဂိုဇာ	၂၄	၇	၄	၁၃	၂၃	၃၄	၂၅
ဆယ်လ်တာ	၂၄	၅	၅	၁၄	၂၂	၃၁	၂၀
မာလော့ကာ	၂၄	၄	၆	၁၄	၂၃	၄၅	၁၈
ဒီပို့တီပို	၂၄	၃	၇	၁၄	၂၈	၃၄	၁၆

စပိန်လာလီဂါ ပွဲစဉ် (၂၄)

ဆိုစီဒက်	၁-၁	လီဗန်တေး
ဗလင်စီယာ	၂-၀	မာလော့ကာ
ဗယ်လာဒိုးလစ်	၀-၃	အလက်တီကို
အက်စ်ပန်ညို	၁-၀	ဘက်တစ်
ရီးယဲလ်	၂-၀	ရာယို
ဂိတာဖေး	၃-၁	ဆယ်လ်တာ
မာလာဂါ	၁-၀	ဘီဘာအို
ဂရန်နာဒါ	၁-၂	ဘာစီလိုနာ
အိုဆာဆူနာ	၁-၀	ဇာရာဂိုဇာ
ဆီဗီလာ	၃-၁	ဒီပို့တီပို

သွင်းဂိုးအများဆုံး

မက်ဆီ (ဘာစီလိုနာ)	၃၅ ဂိုး
ရိုနယ်ဒို (ရီးယဲလ်)	၂၄ ဂိုး
ဖယ်လ်ကာအို (အလက်တီကို)	၁၉ ဂိုး
အဒူရစ်ဇ် (ဘီဘာအို)	၁၂ ဂိုး
ကက်စ်ထရို (ဘက်တစ်)	၁၂ ဂိုး

ပရိသတ်ထဲ အကျိုပစ်ပေးမိခဲ့၍ အိုးလ်ဟမ်းအသင်းမှ စမစ်ဒဏ်ရိုက်ခံရ

လန်ဒန် – စနေနေ့က အက်ဖ်အေဖလားပဉ္စမအကျော့ပွဲစဉ်အဖြစ် ပရီမီယာလိဂ် အသင်း အဲဗာတန်နှင့် ယှဉ်ပြိုင်ကစားရသောပွဲတွင် နာကျင်အချိန်ပိုကာလ အတွင်းတွင်မှ ချေပဂိုးကို သွင်းပေးနိုင်ခဲ့သော လိဂ်ဝမ်းအသင်းဖြစ်သည့် အိုးလ်ဟမ်းမှ ကစားသမားမက်စမစ် အား ၎င်း၏အကျိုကို ပရိသတ်အတွင်းသို့ ပစ်ပေါက်ပေးခဲ့ခြင်းအတွက် တနလ်ာနေ့တွင် ၎င်းအား တစ်ပတ်လုပ်ခလစာ ဒဏ်ငွေတပ်လိုက်သည်။

ကလပ်အသင်းက ၎င်း၏အားကစားသမားများအား ပြိုင်ဘက်ပရီမီယာလိဂ် အသင်းများနှင့် အကျီချင်းမလဲလှယ်ရန် သတိပေးထားပြီးဖြစ်သောကြောင့် ထိုသို့ ဒဏ်ငွေတပ်ရိုက်ခြင်းဖြစ်သည်။ ထို့သို့ ပြုခြင်းမှာ အားကစားစိတ်ဓာတ်မရှိသောကြောင့်မဟုတ်ဘဲ ဝတ်စုံအသစ် ဝယ်မပေးနိုင်သောကြောင့်ဖြစ်သည်ဟု ဆိုသည်။

ထိုနေ့ကပွဲတွင် စမစ်၏ ချေပဂိုးကြောင့် ၂-၂ ဖြင့် သရေကျသွားခဲ့သည်။

ထို့ကြောင့် အိုးလ်ဟမ်းသည် ဖေဖော်ဝါရီ ၂၇ ရက်တွင် အဲဗာတန်အသင်းနှင့် ပြန်ကစားရမည်ဖြစ်သည်။

(အေအက်ဖ်ပီ)

တင်ဦး ဘာသာပြန်သည်။ ■

TRADE MARK CAUTION

BEN FOODS (S) PTE LTD. a company organized and existing under the law of Singapore and having principal place of business at 1 Fishery Port Road Jurong, Singapore 619729, is Owner of the following Trade Mark.

Reg. No. 13809/2012

in respect of "**Class 29:** milk and dairy products, butter, cheese and cheese products, yoghurt and yoghurt products, milk and products,; diary products and margarine, under the trade mark "Cowhead" Fraudulent imition or unathorised use of the said Trade Mark will be dealt with according to law"

Daw Yi Yi Tin (Advocate)
for **BEN FOODS (S) PTE LTD.**
P.O. Box. 387 Yangon.
Dated: 22nd February, 2013.

TRADE MARK CAUTION

BEN FOODS (S) PTE LTD. a company organized and existing under the law of Singapore and having principal place of business at 1 Fishery Port Road Jurong, Singapore 619729, is Owner of the following Trade Mark.

Reg. No. 13810/2012

in respect of "**Class 29:** canned sardines, canned fruits, frozen french fries, frozenchips, frozen potato products, frozen vegetables, hashed brown potatoes, fish, foods prepared from fish, margarine, meat, poultry, not live, under the trade mark "farmland" Fraudulent imitation or unauthorised use of the said Trade Mark will be dealt with according to law."

Daw Yi Yi Tin (Advocate)
for **BEN FOODS (S) PTE LTD**
P.O. Box. 387 Yangon.
Dated: 22nd February, 2013.



We have the largest classified listings in Myanmar.

In our print editions

THE MYANMAR TIMES မြန်မာတိုင်းမ်(စ်)

And now online at

www.mmtimes.com/classifieds

Post a classified ad for free now!

YANGON: 01-392928 , 01-253642 | MANDALAY: 02-24450-60 , 02-65391-2 | NAYPYITAW: 067-23064 , 067-23065

ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၂၃)

ဒေါ့မွန်ကို လက်ရှောင်ပြီး လေဗာကူဆင်ကိုရွေးမယ်

လက်ကျန် ၁၂ ပွဲသာ ကျန်တော့တဲ့အချိန်မှာ သချိုင်္ဂနည်းအရ ဘာကိုမှအပြတ်ပြောလို့မရသေးပါဘူး။ ဒီတစ်ပတ်ကြားရက်တွေမှာလည်း ချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ်ကစားထားကြရတဲ့ အသင်းမျိုးတွေဆီ ချဉ်းကပ်ရင် သတိထားပြီး အားပေးကြဖို့ နှိုးဆော်လိုက်ပါရစေ။

ကိုထွဋ်(စိန်ရွှန်း)



အော့စ်ဘတ်ကွင်းလယ်လူ ကီဗင်၏ထိုးဖောက်မှုကို လေဗာကူဆင်နောက်ခံလူ ဗျက်ထုတ်နေစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

ဖရိုင်းဘတ် – ဖရန့်ဖတ်

ပကျော့ - ဖရန့်ဖတ် ၂-၁ ဖရိုင်းဘတ်

အိမ်ရှင်ဖရိုင်းဘတ်ဟာ အဆင့်(၅) နေရာကိုတောင် ရောက်ရှိနေပြီး ဥရောပဝင်ခွင့်တစ်နေရာ(ဒါမှမဟုတ်)ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာကိုတောင် ခြိမ်းခြောက်လာတဲ့ သဘောရှိပါတယ်။ သွားနေတဲ့ ရစ်သမ်အရ အိမ်ရှင်ဟာ ဟော့ဖန်ဟိမ်းကို အဝေး ကွင်းမှာ ၂-၁ နဲ့ ရှုံးခဲ့ပေမယ့် နောက်ပိုင်းမှာတော့ ဒတ်ဆယ်လ်ဒေါ့ဖ်ကို ၁-၀ အနိုင်၊ ဝါဒါဘရီမင်ကိုတောင် ၂-၃ အနိုင်တွေနဲ့ ပြန်တက်လာခဲ့ပါတယ်။ ဖရန့်ဖတ်က ဒေါ့မွန်ကို အခုနောက်ဆုံးပွဲမှာ သုံးဂိုးပြတ်ရှုံးခဲ့တာပါ။ အဲဒီပွဲမှာ ပွဲပယ်ခံလိုက်ရတဲ့ ဂျပန်တိုက်စစ်ဖူး အင်ယူအီကတော့ ပွဲပယ်ပြစ်ဒဏ်ကြောင့် အခုပွဲစဉ်ကို လွဲချော်မှာဖြစ်ပါတယ်။ အိမ်ရှင်ဖရိုင်းဘတ်နဲ့ နှစ်သင်းပေါင်းသွင်းဂိုးအများကို ကြိုက်ပါတယ်။

ဘိုင်ယန်မြူးနစ် – ဝါဒါဘရီမင်

ပကျော့- ဝါဒါဘရီမင် ၀-၂ ဘိုင်ယန်

ဘိုင်ယန်မြူးနစ်ကတော့ Cross ဖြတ်တင်ဘောတွေကို အတိအကျ အားကိုးနေပြီး မိန့်ဇ်နဲ့တွေ့တဲ့ပွဲမှာ တိုနီခရူစ်၊ အာလာဘာ၊ ဖိလစ်လမ်းတို့ရဲ့ဖြတ်တင်ဘောတွေကို သောမတ်စ်မူလာနဲ့ မန်ဇူကစ်တို့ကောင်းကောင်း အသုံးချနိုင်တာ တွေ့ရတယ်။ ဝါဒါဘရီမင်မှာ ပီတာဆန်ကို သတိထားရမှာဖြစ်ပြီး သူဟာ ဘိုင်ယန်ကနေ အငှားလာကစားနေရတာမို့ အသင်းဟောင်းကို ပြန်ရင်ဆိုင်ရမှာပါ။ သူတို့ကလည်း အီလီယာရဲ့ Cross ဖြတ်တင်ဘောတွေကို အားကိုးပါတယ်။ သူတို့ရဲ့ အက်စကိစီ၊ အေရွှန်ဟန့်နဲ့ ဘရိုင်နီတို့ဟာလည်း ဂိုးပေါက်တွေ့လွယ်တဲ့သူမျိုးတွေဖြစ်ပါတယ်။ ဘိုင်ယန်ရဲ့နောက်ခံလူ အာလာဘာ၊ ခြေကျနေပြီလို့ သတ်မှတ်ခံထားရတဲ့ ရှူဝိန်းစတိုင်ဂါနဲ့ ဒဏ်ရာကနေ ပြန်လာတဲ့ ဂိုမက်ဇ်တို့ကလည်း ဂိုးတွေသွင်းပြနေတော့ ဘိုင်ယန်နဲ့ နှစ်သင်းပေါင်း ဂိုးသွင်းအများဆိုရင် ဆယ်ပေစည်းထဲမှာ အပိုင်ရိုက်ချသလိုပါပဲ။

အော့စ်ဘတ် – ဟော့ဖန်ဟိမ်း

ပကျော့-

ဟော့ဖန်ဟိမ်း ၀-၀ အော့စ်ဘတ်

အော့စ်ဘတ်ဟာ သူဦးဆောင်ဂိုးပေးလိုက်ရပြီဆိုရင် လိုက်ချေတတ်တဲ့ သဘောရှိပါတယ်။ ဟော့ဖန်ဟိမ်းကို တော့တင်ဟမ်ကနေ ဘရာဇီးလ် ဂိုးသမား ဂိုမက်ဇ်ရောက်ရှိနေပါတယ်။ အော့စ်ဘတ်ရဲ့ မိုရာဗက်၊ မိုလ်ဒါးတို့ ဂိုးသွင်းခြေရှိပြီး အော့စ်ဘတ်ဟာ ပိတ်ကစားတတ်တဲ့အသင်းမဟုတ်ဘဲ အပြန်အလှန်တိုက်စစ်ဆင် ဖွင့်ကစားတတ်တဲ့ အသင်းဖြစ်ပါတယ်။ နှစ်သင်းစလုံး တန်းဆင်းဇုန်ထဲမှာရှိလို့ တိုက်ပွဲက ပြင်းထန်ပါလိမ့်မယ်။ တန်ပြန်တိုက်စစ်ကနေ အော့စ်ဘတ်ဂိုးရနိုင်ပါတယ်။

စတုဂတ် – နုရင်ဘတ်

ပကျော့- နုရင်ဘတ် ၀-၂ စတုဂတ်

စတုဂတ်က အဆင့်(၁၂)နေရာမှာ ရမှတ် ၂၈ မှတ်ရပြီး ရဂိုး ၂၄ ဂိုးဆိုတော့ တစ်ပွဲနှစ်ဂိုးနှုန်းသွင်းနိုင်တဲ့သဘောပါပဲ။ နုရင်ဘတ်ကလည်း တန်းဆင်းဇုန် နားကပ်နေပြီး ရမှတ် ၂၆ မှတ်နဲ့ အဆင့်(၁၄)ရထားတာမို့ သူတင်၊ ကိုယ်တင်ပဲ ဖြစ်ပါတယ်။ သူကလည်း ၂၂ ပွဲကစားပြီးချိန် ၂၂ ဂိုးသွင်းထားနိုင်လို့ တစ်ပွဲတစ်ဂိုးလောက်တော့ ပြန်ချေနိုင်ပါတယ်။ ဒီပွဲဟာ ၂-၁ နဲ့ ပြီးချင်ပြီး၊ ဒါမှမဟုတ် သရေဖြစ်သွားမယ်ဆိုလည်း အများကြီး အံ့သြမနေပါနဲ့။

ဟန်နိုဗာ – ဟမ်းဘတ်

ပကျော့- ဟမ်းဘတ် ၁-၀ ဟန်နိုဗာ

ဟန်နိုဗာရော၊ ဟမ်းဘတ်ပါ အဆင့်(၈)အတွင်း ရပ်တည်နေနိုင်တဲ့အသင်းတွေဖြစ်ပါတယ်။ ဟန်နိုဗာက ရမှတ်(၃၀)နဲ့ အဆင့်(၈)နေရာယူထားပြီး ဟမ်းဘတ်က ရမှတ်(၃၄)နဲ့ အဆင့်(၆) နေရာရယူထားတာမို့ သူတို့နှစ်သင်းကလည်း အမှားအယွင်းလုပ်လို့ရတဲ့ အသင်းတွေမဟုတ်ပါဘူး။ ဟမ်းဘတ်ရဲ့ အဝေးကွင်းတိုက်စစ်ကို လန့်ဖြိုကောင်းပြီး ရက်နက်ခ်၊ ဟန်ယောင်မင်းတို့ ခြေဝွမ်းပြဂိုးသွင်းနိုင်ပါတယ်။ ဟမ်းဘတ်ကို အရဲစွန့်အားပေးချင်ပါတယ်။

မိန့်ဇ် – ဝုဖ်ဘတ်

ပကျော့- ဝုဖ်ဘတ် ၀-၂ မိန့်ဇ်

ဝုဖ်ဘတ်ဟာ ၂၆ မှတ်နဲ့ တန်းဆင်းဇုန်နဲ့ ကပ်လျက်တည်ရှိနေတဲ့အသင်းဖြစ်ပါတယ်။ ဝုဖ်ဘတ်ကလည်း ၂၂ ပွဲမှာ ၂၂ ဂိုးသွင်းထားနိုင်တော့ တစ်ပွဲတစ်ဂိုးလောက်တော့ သွင်းနိုင်ပါတယ်။ မိန့်ဇ်ဟာ အဆင့်(၇)မှာ ရပ်တည်နေပြီး ၃၂မှတ် ပိုင်ဆိုင်ထားနိုင်ပါတယ်။ အုံသြစရာကောင်းတာက မိန့်ဇ်ကွင်း နောက်ဆုံးသုံးကြိမ်တွေ့ချိန် တစ်ဂိုးမှ မသွင်းနိုင်ခဲ့တာပါ။ ဒုံပြင် ဝုဖ်ဘတ်ဟာ ဘောလုံးအသားစီးရအောင်လည်း မကစားတတ်ပါဘူး။ ဒါကြောင့် အစဉ်အလာတွေအရတော့ မိန့်ဇ်ကိုပဲ အားကိုးရမှာပါ။

ရှော်လ်ကေး – ဒတ်ဆယ်လ်ဒေါ့ဖ်

ပကျော့-

ဒတ်ဆယ်လ်ဒေါ့ဖ် ၂-၂ ရှော်လ်ကေး

ရှော်လ်ကေးဟာ ခံစစ်ပိုင်းပေါ့ဆပါတယ်။ နောက်ပြီးကွင်းလယ်လူတွေက မသေချာပါဘူး။ ရှော်လ်ကေးကိုလိုင်ယွန်ကနေ ဘရာဇီးလ်ကွင်းလယ်လူ ဘက်စတို့စ်ရောက်နေပြီး ဂရုသာဖတ်ချဲ့နဲ့ပွဲမှာ ဂိုးသွင်းနိုင်ခဲ့ပါတယ်။ ဘက်စတို့စ်ဟာ ပင်နယ်တီဓရိယာထိပ်ကနေ ဂျရတ်၊ လမ်းပတ်တို့လို ကန်သွင်းတတ်ပါတယ်။ ရှော်လ်ကေးရဲ့ နောက်ဆုံးကစားခဲ့တဲ့ ၂၁ ပွဲမှာ ၁၁ ပွဲတိတိ နှစ်ဂိုးနဲ့အထက် ဂိုးပေးရပါတယ်။ ရှော်လ်ကေးနဲ့ နှစ်သင်းပေါင်း ဂိုးအများကိုကြိုက်ပါတယ်။

မိုချင်ဂလက်ဘတ် – ဒေါ့မွန်

ပကျော့- ဒေါ့မွန် ၅-၀ မိုချင်

ဒေါ့မွန်မှာ မာစယ်ရှမယ်ဇာ၊ မာကို ရူးစ်၊ မာရီယိုဂျဲဇာတို့ ဒဏ်ရာကြောင့် ပါဝင်နိုင်ရန် မသေချာဘဲ တိုက်စစ်မူးလီဝမ်ဒေါစကီးလည်း သုံးပွဲပယ်ခံထားရပါတယ်။ မိုချင်မှာ စထရန်၊ ဒီဂျောင်၊ ဟာမန်းတို့ ဂိုးသွင်းခြေရှိတာ သတိထားရပါမယ်။ ဒါပေမဲ့ ဒေါ့မွန်မှာ ဖန်တီးရှင်တွေဖြစ်တဲ့ ဘလက်ဇီဘောစကီး၊ မက်ဟင်းမဲလ်၊ ဂျဲဇီတို့အတွဲမိပြီး ဘောလုံးဖန်ပေးနိုင်တာတွေတော့ ရှိတယ်။ သရေရလဒ်ကို ဦးတည်မယ်လို့ထင်မိတယ်။ ဒေါ့မွန်ကိုငြင်းချင်ပါတယ်။

ဂရုသာဖတ်ချဲ့ – လေဗာကူဆင်

ပကျော့-

လေဗာကူဆင် ၂-၀ ဂရုသာဖတ်ချဲ့

ဂရုသာဖတ်ချဲ့က အခုအချိန်ထိ အိမ်ကွင်းနိုင်ပွဲတစ်ပွဲမှ မရသေးပါဘူး။ လေဗာကူဆင်က ဆစ်ဒနီဆမ်၊ ကီစလင်း၊ ရှခါလီတို့ ဂိုးသွင်းခြေစွမ်းရှိပြီး ကီစလင်းက ယခုလက်ရှိ ဘွန်ဒက်စ်လီဂါရဲ့ ထိပ်တန်းဂိုးသွင်းရှင်ပါ။ လေဗာကူဆင်ဟာ အပြန်အလှန်တိုက်စစ်ဆင်တတ်တဲ့အသင်းဖြစ်ပြီး ကီစလင်းနဲ့ ဘန်ဒါတို့ဟာ ဖြတ်တင်ဘောတွေကနေ မြေမကျဘောသွင်းယူတတ်တဲ့ ကစားသမားတွေဖြစ်ပါတယ်။ အဝေးကွင်းဖြစ်ပေမယ့် လေဗာကူဆင်ကို အိတ်ကပ်ထဲ ဆောင်ထားရမယ့်ညပါ။ ■

ဘွန်ဒက်စ်လီဂါပွဲစဉ်(၂၂)

နုရင်ဘတ်	၂-၂ ဟန်နိုဗာ
ဟော့ဖန်ဟိမ်း	၀-၁ စတုဂတ်
လေဗာကူဆင်	၂-၁ အော့စ်ဘတ်
ဒတ်ဆယ်လ်ဒေါ့ဖ်	၁-၀ ဂရုသာဖတ်ချဲ့
ဟမ်းဘတ်	၁-၀ ဂလက်ဘတ်
မိန့်ဇ်	၂-၂ ရှော်လ်ကေး
ဝါဒါဘရီမင်	၂-၃ ဖရိုင်းဘတ်
ဒေါ့မွန်	၃-၀ ဖရန့်ဖတ်
ဝုဖ်ဘတ်	၀-၂ ဘိုင်ယန်

သွင်းဂိုးအများဆုံး

မန်ဇူကစ် (ဘိုင်ယန်)	၁၅ ဂိုး
ကိုင်းဘလိန်း (လေဗာကူဆင်)	၁၅ ဂိုး
လီဝမ်ဒေါစကီး (ဒေါ့မွန်)	၁၄ ဂိုး
မီယာ (ဖရန့်ဖတ်)	၁၂ ဂိုး

ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၂)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ဘိုင်ယန်	၂၂	၁၈	၃	၁	၅၇	၃	၅၇
ဒေါ့မွန်	၂၂	၁၂	၆	၄	၅၀	၂၆	၄၂
လေဗာကူဆင်	၂၂	၁၂	၅	၅	၄၃	၃၀	၄၁
ဖရန့်ဖတ်	၂၂	၁၁	၄	၇	၃၈	၃၄	၃၇
ဖရိုင်းဘတ်	၂၂	၉	၇	၆	၂၉	၂၂	၃၄
ဟမ်းဘတ်	၂၂	၁၀	၄	၈	၂၇	၂၇	၃၄
မိန့်ဇ်	၂၂	၉	၅	၈	၃၀	၂၇	၃၂
ဟန်နိုဗာ	၂၂	၉	၃	၁၀	၄၁	၄၁	၃၀
ရှော်လ်ကေး	၂၂	၈	၆	၈	၃၅	၃၃	၃၀
ဂလက်ဘတ်	၂၂	၇	၉	၆	၃၁	၃၃	၃၀
ဝါဒါဘရီမင်	၂၂	၈	၄	၁၀	၃၈	၄၁	၂၈
စတုဂတ်	၂၂	၈	၄	၁၀	၂၄	၃၉	၂၈
ဒတ်ဆယ်လ်ဒေါ့ဖ်	၂၂	၇	၆	၉	၂၇	၂၉	၂၇
နုရင်ဘတ်	၂၂	၆	၈	၈	၂၂	၂၉	၂၆
ဝုဖ်ဘတ်	၂၂	၇	၅	၁၀	၂၂	၃၂	၂၆
ဟော့ဖန်ဟိမ်း	၂၂	၄	၄	၁၄	၂၆	၄၆	၁၆
အော့စ်ဘတ်	၂၂	၂	၉	၁၁	၁၈	၃၅	၁၅
ဂရုသာဖတ်ချဲ့	၂၂	၂	၆	၁၄	၁၃	၃၆	၁၂



မိမိနေရာအတွက် ရုန်းကန်သွားရန်သာ ဆန္ဒရှိကြောင်း တယ်ရီပြော

လန်ဒန် – ဂျွန်တယ်ရီက မိမိအနေဖြင့် ချယ်လ်ဆီးတွင် မိမိနေရာအတွက် တိုက်ပွဲဝင်သွားရန် ဆန္ဒရှိကြောင်းနှင့် အကယ်၍ ချယ်လ်ဆီးအသင်း မူလ လမ်းကြောင်းပေါ်ပြန်ရောက်ရေးအတွက် အထောက်အကူဖြစ်မည် ဆို လျှင် အရန်ခုံပေါ်ထိုင်နေရခြင်းကိုပင် လက်ခံမည်ဖြစ်ကြောင်း ပြောကြားသည်။

တယ်ရီသည် ဖူးဒဏ်ရာကြောင့် သုံးလမျှ အနားယူခဲ့ရပြီးနောက် နည်းပြ ဘင်နီတက်ဇ်လက်ထက်တွင် တနင်္ဂနွေနေ့က ဘရန့်ဖို့ဒ်နှင့် ယှဉ်ပြိုင်ရသည့် အက်ဖ်အေဖလား စတုတ္ထအကျော့ ပြန်ကန်ပွဲစဉ်တွင်မှ တတိယအကြိမ်မြောက်ပွဲစဉ်အဖြစ် ပြန်လည်ကစားနိုင်ခဲ့သည်။

ထိုနေ့က ချယ်လ်ဆီးက ပွဲတွင် ၄-၀ ဖြင့် အနိုင်ရရှိခဲ့ရာ စတုတ္ထဂိုးမှာ ၎င်းသွင်းယူပေးခဲ့သောဂိုးဖြစ်သည်။ တယ်ရီသည် ဘင်နီတက်ဇ်လက်ထက်၌ လွန်ခဲ့သော သီတင်းပတ်တွင် ယှဉ်ပြိုင်ခဲ့ရသည့် ယူရိုပါလိဂ်ပွဲတွင်လည်း ပဉ္စမအကြိမ်မြောက်အဖြစ် ပွဲထွက်ခွင့်မရသော အရန်ကစားသမားဖြစ်ခဲ့သည်။



ချယ်လ်ဆီးအသင်း၏ ပွဲစဉ်တစ်ပွဲတွင် အရန်ထိုင်ခုံ၌ ထိုင်နေရသည့် ဂျွန်တယ်ရီ။

တယ်ရီက အသင်းအတွက် ကောင်းမည်ဆိုလျှင် စွန့်လွှတ်အနစ်နာခံသွားရမည်မှာ အသင်းခေါင်းဆောင်တစ်ဦး အနေဖြင့် မိမိ၏တာဝန်ဖြစ်ကြောင်းနှင့် အခြားနောက်တန်းကစားသမားများက ပိုကောင်းနေခဲ့ပါလျှင် မိမိအရန်ခုံပေါ်ထိုင်နေရခြင်းအတွက် စိတ်မှာ စနောင့်စနင်းဖြစ်စရာမရှိကြောင်းလည်း ပြောကြားသွားသည်။

ဘင်နီတက်ဇ်သည် လီဗာပူးတွင် ကိုင်ခဲ့စဉ်က မအောင်မြင်မှုများကြောင့် ချယ်လ်ဆီးပရိသတ်၏ ထောက်ခံမှုရရန် ရုန်းကန်နေရသည်ဖြစ်ရာ ထိုကိစ္စနှင့် ပတ်သက်လျှင် ဘင်နီတက်ဇ် ဘာလုပ်ဖို့ လိုမည်နည်းဟု မေးသည့်အခါ တယ်ရီက "ပွဲတွေ့ရှုံးနေမယ်ဆိုရင်တော့လည်း နည်းပြအပေါ် ဖိအားတွေဖြစ်လာမှာပဲလေ။ ဒါပေမဲ့ ကျွန်တော်တို့ဟာ နိုင်ပွဲတွေ ရလာရင်တော့လည်း အဲဒီဖိအားတွေကို ဖယ်ချလို့ရသွားနိုင်မှာပေါ့"ဟု ဖြေကြားသွားသည်။ **(အေအက်ဖ်ပီ)**

တင်ဦး ဘာသာပြန်သည်။ ■

အမှုရင်ဆိုင်နေရသဖြင့် ပြိုင်ပွဲ အစီအစဉ်များ ဖျက်သိမ်း

ဂျိုဟန်နက်စဘာ့ဂ် – အော်စကာပစ္စတိုရီးယပ်စ်သည် ဗယ်လင်တိုင်းနေ့တွင် သူ၏ချစ်သူရည်းစားအား သတ်ဖြတ်ခဲ့သည်ဟူသော အမှုကို ရင်ဆိုင်နေရသဖြင့် လာမည့်လများအတွင်း၌ ပြိုင်ပွဲဝင်ရန်ရှိသော အပြေးပြိုင်ပွဲများကို တရားဝင်ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း ၎င်း၏မန်နေဂျာက တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

အိုလံပစ်နှင့် မသန်စွမ်းသူများ အိုလံပစ်အားကစားသမားဖြစ်သူ ပစ္စတိုရီးယပ်စ်သည် သောကြာနေ့က အသက် ၂၉ နှစ်အရွယ် ရီဗာစတီးနဲကမ့်အား ကြိုတင်ကြံရွယ်သတ်ဖြတ်ခဲ့မှုဖြင့် တရားစွဲဆိုခံရခြင်းဖြစ်သည်။ စတီးန်ကမ့်သည် ပရီတိုးရီးယားမြို့ရှိ ပစ္စတိုရီးယပ်စ်၏နေအိမ်တွင် သေနတ်ဖြင့် ပစ်သတ်ခံရခြင်းဖြစ်သည်ဟု ဆိုသည်။

စပွန်ဆာပေးသူများနှင့် ၎င်း၏ ပါတနာများက လောလောဆယ်တွင် ကန်ထရိုက်စာချုပ်အရ သဘောတူထား ချက်များအတိုင်း ငွေကြေးထောက်ပံ့သွားမည်ဖြစ်ကြောင်း ၎င်း၏မန်နေဂျာ ပီဗန်ဇီးလ်က ကြေညာချက်ထုတ်ပြန်သည်။ **(အေအက်ဖ်ပီ)**

တင်ဦး ဘာသာပြန်သည်။ ■

ဝစ်ဂင်းက အီတလီတိုးတွင် အောင်နိုင်ဖို့သာ အာရုံထား

ဒမတ်စကတ် – ပြိတိသျှစက်ဘီးစီးချန်ပီယံ ဘရက်ဒလီဝစ်ဂင်းက ယခုနှစ် ရာသီတွင် ၎င်း၏ တိုးဒီဖရန့်တံခွန်စိုက် ဖလားကို ကာကွယ်သွားဖို့ထက် ပထမဦးဆုံး စပြိုင်မည့် အီတလီတိုးပြိုင်ပွဲတွင် အောင်နိုင်ရေးအတွက် အာရုံစိုက်သွားမည်ဟု ပြောကြားလိုက်သည်။

ဝစ်ဂင်းသည် တိုးဒီဖရန့်တံခွန်စိုက်ဖလားကို ပထမဦးဆုံးရရှိခဲ့သော ပြိတိန်နိုင်ငံမှ စက်ဘီးစီးသမားဖြစ်ပြီး လန်ဒန်အိုလံပစ်တွင် စတုတ္ထမြောက် ရွှေတံဆိပ်ကို ဆွတ်ခူးနိုင်ခဲ့သူလည်းဖြစ်ကာ ဆာဘွဲ့ဖြင့် သူကောင်းအပြုခံခဲ့ရသည့်အပြင် ဘီဘီစီစပို့က တစ်နှစ်အတွင်း အထူးချွန်ဆုံးပုဂ္ဂိုလ်အဖြစ် သတ်မှတ်ခံခဲ့ရသည်။

(အေအက်ဖ်ပီ) တင်ဦး ဘာသာပြန်သည်။ ■

အီတလီချန်နယ် La 7 ကို ဝယ်ယူရန် အရာရှိတစ်ဦး ရွေးချယ်

ရောမ – တယ်လီကွမ် အီတာလီယာကုမ္ပဏီပိုင်ရှင်က အီတလီရုပ်မြင်သံကြားချန်နယ် La7 ကို ဝယ်ယူရေးနှင့် ပတ်သက်၍ သီးသန့်ဆွေးနွေးမှုများပြုရန် ဘာလူစကိုနီ၏ မီဒီယာအင်ပါယာမှ အမှုဆောင်အရာရှိဟောင်းကို တနလ်ာနေ့တွင် ရွေးချယ်လိုက်ကြောင်း ကြေညာသည်။

တယ်လီကွမ် အီတာလီယာ၏ ဘုတ်အဖွဲ့သည် " La7 တွင်ရှိသော အစုရှယ်ယာ အားလုံးကို ရောင်းချရန် အတွက် ကိုင်ရိုကွန်မြူနီကေးရှင်းနှင့် သီးသန့်ဆွေးနွေးညှိနှိုင်းမှုများ စတင်ဆောင်ရွက်သွားရန် ယနေ့ သဘောတူ" ခဲ့ကြကြောင်း ထိုကြေညာချက်တွင် ဖော်ပြထားသည်။

ကိုင်ရိုကွန်မြူနီကေးရှင်းသည် ၁၉၉၀ ပြည့်လွန်နှစ်များအထိ ဘာလူစကိုနီနှင့် အတူတူလုပ်ကိုင်လာသူ အူရ်ဘာနီကိုင်ရိုပိုင်ဆိုင်သော ကုမ္ပဏီဖြစ်သည်။ ထို ၁၉၉၀ ပြည့်လွန်နှစ်များမှစ၍ ကြော်ငြာနှင့် ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းများကို တစ်ဦးတည်းလုပ်ကိုင်လာခဲ့သည်။ **(အေအက်ဖ်ပီ)**

တင်ဦး ဘာသာပြန်သည်။ ■

သရေရလဒ်သာ ထွက်ပေါ်ခဲ့သည့် မြန်မာပြည်ချန်ပီယံလုပွဲ

ကျော်ငင်လိုင်

အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် KSM Group တို့ ပူးပေါင်းကျင်းပသော 'မြန်မာပြည်ချန်ပီယံလုပွဲ' ရိုးရာလက်ဝှေ့ပွဲကြိုးကို ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၁၇ ရက်နေ့ မွန်းလွဲ ၂ နာရီတွင် သိမ်ဖြူအားကစားရုံ၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါလက်ဝှေ့ပွဲကြိုးတွင် အဓိကတွဲဆိုင်းအဖြစ် တွေ့မရှောင်(နဂါးမာန်)နှင့် စောငမန်း(ရွှေဖူး)တို့၏ပွဲစဉ်၊ သတ္တိအောင်(တောင်ကလေး)နှင့် တူးတူး(နဂါးမာန်)တို့၏ပွဲစဉ်များအပြင် မိုးသီး(ရွှေဖူး)နှင့် အောင်ခဲစော(တောင်ကလေး)၊ လှစ်လှစ်လေး(အဖြူရောင်သွေးသစ်)နှင့် ဖိုးလပြည့်(ရွှေဖူး)နှင့် ရဲမြင့်အောင်(အဖြူရောင်သွေးသစ်)၊ ဒေါင်းသည်းခြေ(ဝါဆို)နှင့် စောဂေါ်မူတို့(သတ္တိ)တို့၏ပွဲစဉ်အပါအဝင် စုစုပေါင်း ငါးချိပွဲစဉ် ခုနစ်ပွဲပါဝင်ခဲ့သည်။

ရွှေခါးပတ်ချန်ပီယံ မိုးသီး(ရွှေဖူး)နှင့် အောင်ခဲစော(တောင်ကလေး)၊ လှစ်လှစ်လေး(အဖြူရောင်သွေးသစ်)နှင့် ဖိုးလပြည့်(ရွှေဖူး)၊ ဒေါင်းသည်းခြေ(ဝါဆို)နှင့် စောဂေါ်မူတို့(သတ္တိ)တို့၏ ငါးချိပွဲစဉ်များသည် ပရိသတ်အတွက် ကျေနပ်စရာဖြစ်ခဲ့ပြီးနောက် အလူးအလဲဖြင့် ပူးတွဲသရေပွဲစဉ်များဖြစ်ခဲ့သည်။ ဝင်းမောက်(ရွှေဖူး)နှင့် နေလင်းအောင်(အဖြူရောင်သွေးသစ်)တို့၏ပွဲစဉ်တွင် ဝင်းမောက်၏ ဘယ်ဖြောင့်လက်သီးဒဏ်ကို ခံစားခဲ့ရသော နေလင်းအောင်(အဖြူရောင်သွေးသစ်) ပထမအချီတွင်



မြန်မာပြည်ချန်ပီယံလုပွဲတွင် ယှဉ်ပြိုင်ထိုးသတ်နေသည့် တွေ့မရှောင်နှင့် စောငမန်း။ ဓာတ်ပုံ - အောင်ဌေးလိုင်

ပင် အလဲထိုးခံခဲ့ရပြီး ဝင်းမောက်က အနိုင်ရရှိခဲ့သည်။ တတိယတန်း၊ ဒဂုံရွှေအောင်လံဆုရှင် ရဲမြင့်အောင်(အဖြူရောင်သွေးသစ်)နှင့် ပြည်နယ်/တိုင်းရွှေတံဆိပ်ဆုရှင် ကြယ်လေးတို့၏ပွဲစဉ်တွင် ရဲမြင့်အောင်က တစ်ဖက်သတ် ဖိထိုးနိုင်ခဲ့သော်လည်း ခံနိုင်ရည်နှင့် စိတ်ဓာတ်ကောင်းမွန်သော ကြယ်လေးကို အလဲထိုးနိုင်ခြင်းမရှိဘဲ သရေပွဲဖြင့် ကျေနပ်ခဲ့ရသည်။

လူငယ်လက်ဝှေ့သမား တူးတူး(နဂါးမာန်)နှင့် ဝါရင့်လက်ဝှေ့ကျော် သတ္တိအောင်(တောင်ကလေး)တို့ပွဲစဉ်သည်လည်း ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပြီး တူးတူးကို ရင်ဆိုင်ထိုးသတ်နိုင်ခြင်းမရှိသော သတ္တိအောင်သည် ငါးချိမြောက်တွင် အနှုံးပေးခဲ့သည်။ အဓိကတွဲဆိုင်းဖြစ်သည့် တွေ့မရှောင်(နဂါးမာန်)နှင့် စောငမန်း(ရွှေဖူး)တို့၏ပွဲစဉ်သည် ပရိသတ်မျှော်လင့်ထားသလောက် ကြည့်ကောင်းသောပွဲစဉ်တစ်ပွဲမဖြစ်ခဲ့ဘဲ သရေပွဲစဉ်ဖြင့်သာ ပြီးဆုံးခဲ့သည်။ ဝါရင့်လက်ဝှေ့သမား စောငမန်းက ပွဲကို ဦးဆောင်ထိုးသတ်ခဲ့ပြီး ပရိသတ်အသည်းစွဲ တွေ့မရှောင်ကတော့ ခံစစ်ဖြင့်သာ ရင်ဆိုင်ခဲ့သည်။ မြန်မာပြည်၏ လက်ဝှေ့ကျော်နှစ်ဦးဖြစ်သော စောငမန်းနှင့် တွေ့မရှောင်တို့၏ပွဲစဉ်ကို ပရိသတ်အများအပြားစိတ်ဝင်စားခဲ့ပြီး ရုံပြည့်ရုံလျှံမျှ လာရောက်အားပေးခဲ့ကြသော်လည်း ပွဲအပြီးတွင် ပရိသတ်၏ ဝေဖန်သံများ ကြားနေရဆဲပင်ဖြစ်သည်။ ■

ပြိုင်ပွဲဝင်ကစားသမားများ၏ စာမေးပွဲရှုခြင်းကြောင့် ဆီးဂိမ်းအကြို ပြိုင်ပွဲရက်ရွှေ့ဆိုင်း

ကျော်ဇင်လှိုင်နှင့် ဒေါ်စည်ဟိန်း

၂၀၁၃ ခုနှစ် မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးအတွက် ရည်ရွယ်ကျင်းပသော ဆီးဂိမ်းအကြို ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့်တိုင်းနှင့် ပြည်နယ်မှ အားကစားသမားလူငယ်များ၏ စာမေးပွဲများကြောင့် ရက်ရွှေ့ဆိုင်းလိုက်ကြောင်း နေပြည်တော် အားကစားဝန်ကြီးဌာနက မြန်မာတိုင်း(မ်)ကို ပြောကြားသည်။

အဆိုပါ ဆီးဂိမ်းအကြို အားကစားပြိုင်ပွဲကို မူလက ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဟု ကြေညာခဲ့သော်လည်း ဖေဖော်ဝါရီ ၂၈ ရက်နေ့သို့ ရွှေ့ဆိုင်းခဲ့ပြီး ယခုအခါအားကစားသမားများ၏ စာမေးပွဲကြောင့် ခေတ္တထပ်မံရွှေ့ဆိုင်းခဲ့ရပြီး ပြန်လည်ကျင်းပပြုလုပ်မည့် ပြိုင်ပွဲအစီအစဉ်ကို လာမည့် သုံးရက်အတွင်း ကြေညာသွားမည်ဟု အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးဌေးအောင်က ပြောသည်။

ကာယကြံခိုင်မှုပြိုင်ပွဲကို ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရန်ကုန်မြို့၊ MCC ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး ကျန်ပြိုင်ပွဲများကို နေပြည်တော်ရှိ သက်ဆိုင်ရာအားကစားကွင်းများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အားကစားသမားများစွာဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။



နေပြည်တော်ရှိ လေ့ကျင့်ရေးကွင်းတွင် မြားပစ်အားကစားသမားများ လေ့ကျင့်နေစဉ်။ ဓာတ်ပုံ - ကျော်ဇင်လှိုင်

ပြေးခုန်ပစ်၊ကြက်တောင်၊ဘတ်စကက်ဘော၊ ဘိလိယက်နှင့် စနူကာ၊ လက်ဝှေ့၊ စစ်တုရင်၊ စက်ဘီး၊ ဘောလုံး၊ ဖူဆယ်၊ ဂျူဒို၊ ကရာတေးဒို၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ တိုက်ကွပ်ဒို၊ တင်းနစ်၊ ပန်ကြပ်ဆီလက်၊ ရိုးရာလက်ဝှေ့၊ ဘော်လီဘော၊ အလေးမ၊ ဝူရှူး၊ နပန်းစသည့် အားကစားနည်းများစွာ ပါဝင်မည် ဖြစ်သည်။

ပြိုင်ပွဲဝင်အသင်းများ၏ အုပ်ချုပ်သူများက ကျောင်းသားအရွယ်အားကစားသမားများ၏ စာမေးပွဲများကြောင့် အားကစားဝန်ကြီးက တာဝန်ရှိသူများထံသို့ တောင်းဆိုမှုများပြုလုပ်ခဲ့ပြီး အားကစားဝန်ကြီးအနေဖြင့်လည်း ယခုပြိုင်ပွဲကို လူအင်အားတောင့်တောင့်တင်းတင်းဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပချင်သောကြောင့် ယခုကဲ့သို့ ရက်ရွှေ့ဆိုင်းရခြင်းဖြစ်သည်။

ဆီးဂိမ်းအကြိုပြိုင်ပွဲကို ကျင်းပပြုလုပ်ခြင်းဖြင့် လက်ရှိလေ့ကျင့်နေသော အားကစားသမားများထဲမှ အလားအလာကောင်းသော ကစားသမားများပေါ်ထွက်လာနိုင်ပြီး (၂၇)ကြိမ်မြောက် ဆီးဂိမ်းအတွက် ရွေးချယ်နိုင်ရန် ကစားသမားများရရှိနိုင်သဖြင့် အထောက်အကူပြုသောပြိုင်ပွဲတစ်ခုဖြစ်သည်။ ■

၂၀၁၄ ကမ္ဘာ့ဖလားပွဲစဉ်များ စကိုင်းနက်မှ ထုတ်လွှင့်မည်

ထွန်းနေဒေါင်

၂၀၁၄ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲစဉ်များအားလုံးကို စကိုင်းနက်ရုပ်သံလိုင်းမှ တိုင်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်သည်။ ယင်းထုတ်လွှင့်မှုနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ပြီးခဲ့သည့် အင်္ဂါနေ့က ရန်ကုန်မြို့ စထရင်းဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည်။

စကိုင်းနက်ရုပ်သံလိုင်းသည် လက်ရှိအချိန်တွင် စပိန်လီဂါဘီဘီဒေ၊ အီတလီဘီးနီအေ၊ ဂျာမန်ဘွန်ဒက်စ်လီဂါ၊ အင်္ဂလန် အက်ဖ်အေဖလား၊ Capital One ဖလား အစရှိသည့် ဥရောပထိပ်တန်းပြိုင်ပွဲကြီးများအပြင် အမေရိကန် မေဂျာလိဂ်၊ ဘရာဇီးလ်လိဂ်၊ ဂျပန် ဂျေလိဂ်၊ ကိုရီးယား ကေလိဂ်၊ ဩစတြေးလျ အေလိဂ်ပြိုင်ပွဲများကိုလည်း ထုတ်လွှင့်ပေးနေသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)နှင့် စကိုင်းနက်ရုပ်သံလိုင်းတို့သည် ယခင်ကတည်းက ရုပ်သံထုတ်လွှင့်မှုအတွက် သဘောတူညီချက်များရရှိခဲ့ပြီး ဖီဖာမှ ကျင်းပသည့် ပြိုင်ပွဲများကို မြန်မာနိုင်ငံတွင် ထုတ်လွှင့်ပြသနိုင်ခဲ့သည်။ ယခုအခါ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲကြီးကိုပါ ထုတ်လွှင့်ရန် သဘောတူညီမှု ထပ်မံရရှိခဲ့ခြင်းဖြစ်သည်။ ■

ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပသွားမည်

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေးကော်မတီက ကြီးမှူး၍ (၁၁)ကြိမ်မြောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီတွင် မြန်မာဂေါက်သီးရိုက်အသင်း (၉ မိုင်)၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ဂေါက်သီးဝါသနာရှင် အင်ဂျင်နီယာများနှင့် အသင်းဝင် CMC Companies များ ပါဝင်ကစားနိုင်ကြောင်း သိရှိရသည်။ ပြိုင်ပွဲအား Main Sponsor အဖြစ် CEO Co., Ltd မှ လည်းကောင်း၊ Cosponsors များအဖြစ် CMC Companies များမှလည်းကောင်း တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် လက်ဆောင်ပေးလိုသူများ Companies အသင်းအဖွဲ့များအနေဖြင့် ဦးတင်အောင်မြင့် (၀၉-၅၀၁၀၃၈၈)၊ ဦးလှမြင့်(၀၉-၅၀၀၁၁၂၃)၊ ဦးမြင့်လွင် (၀၉-၅၀၀၅၂၅၂)၊ ဦးကျော်ကျော်စိုး (၀၉-၅၀၁၀၆၁၂)၊ ဦးဖိုးအေး(၀၉-၅၁၂၄၃၃၀) တို့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ ■

ဘောလုံးလောကတိုးတက်ရေး 100 Plus နှင့် ဘောလုံးအဖွဲ့ချုပ်ပူးပေါင်း

ဒေါ်စည်ဟိန်း

100 Plus ခွန်အားဖြည့် အချိုရည်သည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ Official hydration partner အနေဖြင့် အဖွဲ့ချုပ်၏ ဘောလုံးလောကတိုးတက်ရေးလုပ်ငန်းစဉ်များ၌ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ရာ 100 Plus နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့အကြား နားလည်မှုစာချွန်လွှာ ရေးထိုးပွဲကို ဖေဖော်ဝါရီလ ၁၅ ရက်နေ့၌ ရန်ကုန်မြို့၊ ဂိုးလ်တိုတယ်ရှိ အဖွဲ့ချုပ် အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။ 100 Plus သည် နှစ်နှစ်တာအတွင်း မြန်မာဘောလုံးအဖွဲ့ချုပ်က ကျင်းပသည့် ဘောလုံးပွဲများတွင် 100 Plus ရေဓာတ်ဖြည့် အချိုရည်များ ထောက်ပံ့ပေးသွားမည် ဖြစ်သည်။ ထို့ပြင် နိုင်ငံခြားမှ hydration ပညာရှင်များကို ခေါ်ယူကာ ပြည်တွင်းရှိဘောလုံးနည်းပြများနှင့် ပူးပေါင်းလုပ်ကိုင်နိုင်ရန် 100 Plus က စီစဉ်ပေးပြီး ကျောင်းပွဲများအထိ ပညာပေးလုပ်ငန်းများကို ကူညီအထောက်အပံ့ပြုသွားမည်ဖြစ်ကြောင်း သိရှိရသည်။

"ကျွန်တော်တို့ ဒီနေ့လို အခိုက်အတန့်ကို လွှန်ခဲ့တဲ့ နှစ်နှစ်ကတည်းက စောင့်မျှော်ခဲ့တာပါ"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူး ဦးတင်အောင်က



မြန်မာဘောလုံးအဖွဲ့ချုပ်နှင့် 100 Plus တို့ နားလည်မှုစာချွန်လွှာရေးထိုးအပြီး တွေ့ရစဉ်။ ဓာတ်ပုံ - အမ်အက်ဖ်အက်ဖ်

အခမ်းအနားတွင် ပြောကြားသည်။

100 Plus သည် ၎င်း၏ ဖြစ်နိုင်ဖွယ်လုပ်ငန်းစဉ်များအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် လေးပတ်ကြာဆွေးနွေး ညှိနှိုင်းခဲ့သည်။

"မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နဲ့ ကျွန်တော်တို့ ပူးပေါင်းလုပ်ဆောင်ထားတာကို ဆီးဂိမ်းပြိုင်ပွဲရောက်ရင် တွေ့ရမှာပါ။ ဆီးဂိမ်းပြိုင်ပွဲက ကျွန်တော်တို့လို စပွန်ဆာတွေကို အပူတပြင်း ရှာဖွေနေပေမယ့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နဲ့ လက်တွဲရတဲ့ သဘောက မြန်မာ့အားကစားလောကမှာ ရေရှည်လုပ်ကိုင်ချင်လို့ပါ။ ကျွန်တော်တို့က ဆီးဂိမ်းပြီးသွားတာနဲ့ ကျွန်တော်တို့ရဲ့ ပူးပေါင်းမှုတွေ မပြီးသွားချင်ဘူး။ အားကစားဆိုတာ အချိန်ယူရပါတယ်"ဟု 100 Plus ၏ Country Marketing Manager Mr. Graham Lim က မြန်မာတိုင်း(မ်)ကို ပြောကြားသည်။

"မြန်မာနေရှင်နယ်လိဂ်က ပရိသတ်သိပ်မရှိဘူးဆိုတာ ကျွန်တော်တို့ရဲ့ market research အရ သိထားပါတယ်။ ဒါပေမဲ့ အလားအလာကောင်းတွေ အများကြီး ရှိနေပါတယ်။ အဖွဲ့ချုပ်နဲ့ ပူးပေါင်းပြီး ဘောလုံးအဆင့်အတန်းကို မြှင့်တင်သွားမှာပါ"ဟု ၎င်းက ပြောသည်။ ■

မြန်မာတိုင်း(မ) နေ့စဉ်ထုတ်ဝေမည့်
အင်အားကောင်းတဲ့ မီဒီယာကုမ္ပဏီမှာ အလုပ်လုပ်ချင်သူများအတွက်

53 Newspaper Jobs

ရာထူးပေါင်းစုံ (၅၃) နေရာ

မြန်မာတိုင်း(မ)တာဝန်ကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ထုတ်ဝေနေသော မြန်မာကွန်ဆိုလီဒိတ်တက်မီဒီယာလီမိတက်သည်
ဦးဆောင်နေသည့် မီဒီယာအဖွဲ့အစည်းများအနက် တစ်ခု ဖြစ်ပါသည်။ လက်ရှိတွင် ဝန်ထမ်း (၃၆၀) ကျော်ရှိပြီး မန္တလေးနှင့်
နေပြည်တော်တို့၌ ရုံးခွဲများထားရှိကာ သတင်းစုဆောင်းသူအင်အား (၁၀၀) ကျော်ရှိသော ကွန်မြူနီကေးရှင်းအဖွဲ့အစည်း ဖြစ်ပါသည်။
ယခုအခါ မြန်မာတိုင်း(မ)နေ့စဉ်သတင်းစာကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ထုတ်ဝေရန် ပြင်ဆင်နေပြီဖြစ်ပါသဖြင့်
ဇာတ်ခင်းပြပါအလုပ်အကိုင်ရာထူးနေရာများအတွက် အရည်အချင်းရှိသူများအား အလိုရှိပါသည်။

လျှောက်လွှာဖိတ်ရက် - ၂၀၁၃ ခုနှစ် ဧပြီလ ၂၈ ရက်၊ သောကြာနေ့၊ ညနေ (၅) နာရီ

ရုံးကုန်သတင်းဝန်းမ	-	သတင်းထောက်	(၁၅) ဦး
ရုံးကုန်သတင်းဝန်းမ	-	လက်ထောက်အယ်ဒီတာ	(၂) ဦး
ရုံးကုန်သတင်းဝန်းမ	-	ဓာတ်ပုံသတင်းထောက်	(၂) ဦး
ရုံးကုန်သတင်းဝန်းမ	-	ဘာသာပြန်	(၆) ဦး
နေပြည်တော်ရုံးခွဲ	-	သတင်းထောက်	(၃) ဦး
နေပြည်တော်ရုံးခွဲ	-	ဓာတ်ပုံသတင်းထောက်	(၁) ဦး
မန္တလေးရုံးခွဲ	-	ဓာတ်ပုံသတင်းထောက်	(၁) ဦး
အထူးထုတ်အဖွဲ့ပို	-	သတင်းဆောင်းပါးရေးသူ	(၂) ဦး
အထူးထုတ်အဖွဲ့ပို	-	လက်ထောက်အယ်ဒီတာ	(၁) ဦး
ထုတ်လုပ်ရေးဌာန	-	DTP	(၃) ဦး
ရောင်းချေးဌာန	-	Marketing Assistants	(၇) ဦး
မူဝါဒ/ကာဗရတ်ကာ	-	သတင်းထောက်	(၂) ဦး
IT/ System	-	ပညာရှင်	(၂) ဦး
စီမံခန့်ထုဌာန	-	Executive Assistants	(၂) ဦး
On Line/ Web	-	Web Developer	(၂) ဦး
ပုံနှိပ်ဌာန	-	ပုံနှိပ်စက်မောင်း	(၂) ဦး

ရာထူးတစ်ခုစီအတွက် ဖလျှောက်ထားလိုပါက ဖအောက်ပါအချက်ကို အထူးဂရုပြုပါ။

ဖလျှောက်ထားသူသည် ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံ ၂ ပါ (၁) ဖျက်နှာနှင့် လျှောက်ထားသည့် ရာထူးအတွက် အရည်အချင်းပြည့်မီကြောင်း
ရေးသားတင်ပြသည့် စာ(၁)ဖျက်နှာကို လှုက်သိမ်းတိုင်း သတ်လည်းဆောင်း ဓာတ်ပုံတင်ဖြစ် သတ်လည်းဆောင်း အီးမေးလ်ဖြင့် သတ်လည်းကောင်း ပေးပို့ရပါမည်။

administration@myanmartimes.com.mm
The Human Resources Manager
Myanmar Consolidated Media Ltd
၃၇၉ - ၃၈၃ ဗိုလ်ချုပ်အောင်ဆွေလမ်း ဓလျှောက်ထံဘာဖြန့်ယမ်း ရန်ကုန်မြို့

ပါကစ္စတန် မဟာဗျူဟာဆိပ်ကမ်း တရုတ်အခြေချလာ

နိုင်ငံတော် လမ်းမကြီးကွန်ရက်မှ အဆက်အသွယ် ပြတ်တောက်လျက်ရှိကာ စီးပွားဖြစ် ဆောင်ရွက်နိုင်ခြင်းမရှိသည့် ဂွာဒါဆိပ်ကမ်းကို ပါကစ္စတန် အစိုးရအဖွဲ့သည် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် စင်ကာပူကုမ္ပဏီထံမှ တရုတ်နိုင်ငံတော်ပိုင်ထံသို့ လွှဲပြောင်းပေးရန်အတည်ပြုပေးခဲ့ပြီးဖြစ်



ရေနံနှင့် သဘာဝဓာတ်ငွေ့များကို တရုတ်နိုင်ငံသို့ ရောက်ရှိရေးအတွက် ခရီးကျဉ်းသွားမည့် ဂွာဒါဆိပ်ကမ်း။ ဓာတ်ပုံ - အေအက်ဖ်ပီ

အစ္စလမ္မာဘတ် – ပါကစ္စတန်နိုင်ငံရှိ မဟာဗျူဟာကျသော ဆိပ်ကမ်းတစ်ခုကို တရုတ်နိုင်ငံကဦးစီး၍ လုပ်ငန်းများ ဆောင်ရွက်ခွင့်ရယူနိုင်ခဲ့မှုသည် စွမ်းအင်ဖူလုံရေးနှင့် ပင်လယ်ရေကြောင်းသွားလာမှု လုံခြုံစိတ်ချရရေးအတွက် ၎င်း၏ နောက်အကျဆုံးသော ကြိုးပမ်းမှုတစ်ရပ်ပင်ဖြစ်ပြီး အာရေဗျ ပင်လယ်အတွင်း ရေတပ်အခြေစိုက်စခန်းတစ်ခု တည်ဆောက်လာနိုင်သည့် အခြေအနေတစ်ခု ရရှိလာကာ အိန္ဒိယနိုင်ငံကို နေမထိထိုင်မသာ ဖြစ်စေလိမ့်မည်ဖြစ်သည်။

နိုင်ငံတော် လမ်းမကြီးကွန်ရက်မှ အဆက်အသွယ် ပြတ်တောက်လျက်ရှိကာ စီးပွားဖြစ် ဆောင်ရွက်နိုင်ခြင်းမရှိသည့် ဂွာဒါဆိပ်ကမ်းကို ပါကစ္စတန် အစိုးရအဖွဲ့သည် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် စင်ကာပူနိုင်ငံ၏ PSA International ထံမှ တရုတ်နိုင်ငံတော်ပိုင် China Overseas Port Holdings Limited ထံသို့ လွှဲပြောင်းပေးရန် အတည်ပြုပေးခဲ့ပြီးဖြစ်သည်။

အာရေဗျပင်လယ်နှင့် ကမ္ဘာ့လောင်စာသုံးပုံတစ်ပုံကို ကုန်သွယ်ရာ ဟောမုဇ်ရေလက်ကြားဆီသို့ ကာရာကို ရမ် အဝေးပြေးလမ်းမကြီးမှတစ်ဆင့် စွမ်းအင်နှင့် ကုန်သွယ်ရေးလမ်းကြောင်းတစ်ခုအဖြစ် တရုတ်နိုင်ငံကို ဆက်သွယ်ပေးမည့် သဘောတူညီချက်ကို ပါကစ္စတန်နိုင်ငံက တိုက်တွန်းဆောင်ရွက်ခဲ့ခြင်းလည်းဖြစ်သည်။

အာဖရိကနှင့် အရှေ့အလယ်ပိုင်း ဒေသမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များကို တရုတ်နိုင်ငံသို့ ရောက်ရှိရေးအတွက် အဆိုပါ ဂွာဒါဆိပ်ကမ်းကြောင့် ခရီးမိုင်ထောင်ချီ၍ ကျဉ်သွားမည်ဖြစ်ကြောင်း ကျွမ်းကျင်သူများက ဆိုသည်။

ဆိပ်ကမ်းတည်ဆောက်ရေးအတွက် အသုံးပြုရန် တရုတ်နိုင်ငံသည် ကနဦးပေးအပ်ငွေ အမေရိကန်ဒေါ်လာ သန်း ၂၅၀ ၏ ၇၅ ရာခိုင်နှုန်းကို ပေးထားပြီးဖြစ်သော်လည်း ၂၀၀၇ ခုနှစ်၌ ပါကစ္စတန်ခေါင်းဆောင် ပါဗက်ဇ်မူရှာရက်ဖ်သည် တရုတ်နိုင်ငံကို ပေးခြင်းအားဖြင့် အမေရိကန်ပြည်ထောင်စုကို စိတ်အနှောင့်အယှက် မဖြစ်စေလိုသည့် အတွက်ဟူသော သတင်းများထွက်ပေါ်ခဲ့သည့်နည်းတူပင် PSA International ကသာ နှစ် ၄၀ ငှားရမ်းလုပ်ကိုင်ခွင့် ရရှိခဲ့လေသည်။

အမေရိကန်ပြည်ထောင်စု၏ ဆိပ်ကမ်းများကဲ့သို့ပင် ရေတပ်အခြေစိုက်စခန်းများ ဖြစ်လာဖွယ်ရှိသည့် အဆိုပါ ဆိပ်ကမ်းများကို တရုတ်နိုင်ငံ၏ အိန္ဒိယသမုဒ္ဒရာဆိုင်ရာ 'ပုလဲသွယ်မဟာဗျူဟာစီမံကိန်း' ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၏ ၂၀၀၄ ခုနှစ် အစီရင်ခံစာတစ်ရပ်တွင် အမည်ပေးခေါ်ဆိုထားသည်။

သို့ရာတွင် တရုတ်နိုင်ငံသည် အိန္ဒိယသမုဒ္ဒရာအတွင်း၌ ရေတပ်အခြေစိုက်စခန်းများ ရယူရေးအတွက် ကြိုးပမ်းလျက်ရှိသည်ဟု အချို့သော လေ့လာသုံးသပ်သူများက ယခုအခါတွင် ဝေဖန်ပြောဆိုလျက်ရှိကြသည်။

တရုတ်-ပါကစ္စတန် ဆက်ဆံရေးရာ ကျွမ်းကျင်ပညာရှင် အင်ဒရူးစမောလ်က တရုတ်နိုင်ငံ၏ စိုးရိမ်ပူပန်မှုများစွာကို ယမန်နှစ်က အေဒင်ပင်လယ်ကွေ့၌ အမေရိကန်နှင့်အတူ ပူးတွဲလေ့ကျင့်ခဲ့ခြင်းအပါအဝင် ပင်လယ်ဓားပြတားဆီးဆန့်ကျင်ရေး စစ်ရေးလေ့ကျင့်မှုမျိုးမှ တစ်ဆင့် ပြေလည်စေရန် ဖြေရှင်းသွားနိုင်သည်ဟု ပြောခဲ့သည်။

"တရုတ်နိုင်ငံရဲ့ ကမ္ဘာ့ဒီဘက်ခြမ်းမှာ စိတ်ဝင်စားမှုဟာ ပင်လယ်ရေကြောင်းဆက်သွယ်ရေး၊ ပြည်ပရောက် တရုတ်နိုင်ငံသားတွေရဲ့ အရေးစတာတွေထက် ခြိမ်းခြောက်မှုတွေနဲ့ ရင်ဆိုင်ရာမှာ စွမ်းဆောင်ရည်မြင့်တင်ဖို့က ပိုပါတယ်" ဟု ၎င်းက အေအက်ဖ်ပီသတင်းဌာနကို ပြောကြားခဲ့သည်။

(အေအက်ဖ်ပီ)

စာတည်း ဘာသာပြန်သည်။ ■

မြောက်ကိုရီးယား သတိပေးချက်ထုတ်



နိုင်ငံခြေါင်းဆောင်ကြီး ကင်အင်ဆွန်းနှင့်ကင်ဂျုံအီးတို့၏ ရုပ်တုများ။ အေအက်ဖ်ပီ

ဂျနီဗာ – မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားအစီအစဉ်အပေါ် ကုလသမဂ္ဂက ပိုပြီးပြင်းထန်သည့် ဆုံးဖြတ်ချက်များချမှတ်နိုင်ရန်အတွက် တောင်ကိုရီးယားနှင့် ၎င်း၏ မဟာမိတ်များက ဆက်ပြီး တွန်းအားပေးနေမည်ဆိုလျှင် တောင်ကိုရီးယားနိုင်ငံသည် အကြီးအကျယ်ပျက်စီးမှုကြီးနှင့် ရင်ဆိုင်ရမည်ဟု မြောက်ကိုရီးယားနိုင်ငံက ဖေဖော်ဝါရီလ ၁၉ ရက်နေ့က ပြောကြားခဲ့သည်။

"အရေးယူ ပိတ်ဆို့မှုတွေအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီရဲ့ တစ်ဖက်သတ် ဆုံးဖြတ်ချက်တွေကို ကျွန်တော်တို့ဘယ်တော့မှ အသိအမှတ်ပြုမှာမဟုတ်ပါဘူး" ဟု ကုလသမဂ္ဂ လက်နက်ဖျက်သိမ်းရေး အစည်းအဝေးတစ်ရပ်တွင် မြောက်ကိုရီးယားနိုင်ငံ၏ သံတမန် ဂျန် ယောင်ရောင်းက ပြောကြားသည်။

"မွေးကင်းစခွေးပေါက်လေးက ကျားကြီးကို ကြောက်ရမှန်းမသိဆိုတဲ့ ဆိုရိုးစကားလိုပဲ တောင်ကိုရီးယားနိုင်ငံရဲ့ မူမမှန်တဲ့အပြုအမူက အကြီးအကျယ် ပျက်စီးမှုနဲ့ရင်ဆိုင်ရမယ့် ရှေ့ပြေးနိမိတ်ပဲဖြစ်ပါတယ်"ဟု ၎င်းကပြောခဲ့သည်။

ကုလသမဂ္ဂ လက်နက်ဖျက်သိမ်းရေးညီလာခံကို ဂျနီဗာမြို့၌ ပုံမှန်ကျင်းပပြီး ကမ္ဘာ့လက်နက်ထိန်းချုပ်ရေး ကိစ္စရပ်များကို အဓိကထား ဆွေးနွေးလေ့ရှိကာ ထိုအစည်းအဝေးပွဲတွင် မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားနိုင်ငံတို့က တစ်ဖက်နှင့်တစ်ဖက် မခံချမခံသာ စကားများပြောဆိုကြသည်မှာ အစဉ်အလာပင်ဖြစ်သည်။

သို့သော်လည်း ပြီးခဲ့သည့်ရက်သတ္တပတ်က မြောက်ကိုရီးယားနိုင်ငံက နျူကလီးယား ဒုံးပျံပစ်လွှတ်ပြီးနောက်ပိုင်းတွင် တစ်ကမ္ဘာလုံးက ပြစ်တင်ဝေဖန်မှုများ ပေါ်ပေါက်ခဲ့ပြီး ဖေဖော်ဝါရီလ ၁၉ ရက်နေ့အစည်းအဝေးတွင် အချေအတင်ပြောဆိုမှုများ အမြင့်ဆုံးအနေအထားသို့ရောက်ရှိခဲ့သည်။

(အေအက်ဖ်ပီ)

ဝင်းသော်တာ ဘာသာပြန်သည်။ ■

မလေးရှားနိုင်ငံ လာဘ်စားမှုတိုက်ဖျက်ရေး လျှို့ဝှက်သတင်းပေးများ အရေးပါ

ကွာလာလမ်ပူ – မလေးရှားနိုင်ငံသားများ စိုးရိမ်ပူပန်မှုများထဲမှ စိုးရိမ်မှုအမြင့်ဆုံးအနေအထားသို့ ရောက်နေသော မရပ်မနား ဖြစ်ပွားနေသည့် လာဘ်စားမှုများနှင့်အတူ မလေးရှားပြည်သူများသည် လာမည့်လအနည်းငယ်အတွင်းပြုလုပ်မည့် ရွေးကောက်ပွဲတွင် မဲပေးရန်ပြင်ဆင်နေကြပြီး ၎င်းတို့အထဲတွင် ရက်ဖ်ဖီဇီ ရမ်မလီထက်ပိုပြီး ရွေးကောက်ပွဲ အောင်မြင်အောင် ကြိုးပမ်းလုပ်ဆောင်နေသူ မရှိသေးပေ။

အတိုက်အခံခေါင်းဆောင် အန်ဝါ အီဗရာဟင်မ်၏ နိုင်ငံရေးပါတီအတွက် တရားဝင်နည်းဗျူဟာမှူး တစ်ဦးအဖြစ် ဆောင်ရွက်ပေးနေသည့် ရက်ဖ်ဖီဇီရမ်မလီကို အရာရှိများ လာဘ်စားသည့် ကိစ္စနှင့်ပတ်သက်၍ မလေးရှားနိုင်ငံ၏ မမှန်မကန်လုပ်ရပ်များကို လျှို့ဝှက်သတင်းပေးသူတစ်ဦးအဖြစ် အာဏာရညွှန့်ပေါင်းအဖွဲ့က သိကြသည်။

နိုင်ငံပိုင် ရေနံကုမ္ပဏီ Petronas ၏ ယခင်က ထိပ်တန်းအမှုဆောင်တစ်ဦးဖြစ်သူ ရက်ဖ်ဖီဇီသည် လွန်ခဲ့သည့်ငါးနှစ်ကစပြီး အတိုက်အခံများနှင့် အချိန်ပြည့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး အခုအချိန်တွင် ၎င်း၏ကြောက်လန့်ဖွယ် အချက်အလက် မှတ်တမ်းများဖြင့် အစိုးရ၏ လာဘ်စားမှုများကို ဖော်ထုတ် သတင်းပေးပြီး တိုက်ခိုက်ရန် သူပိုင်ငွေကြေးများကို ပံ့အောအသုံးပြုလျက်ရှိသည်။

၁၉၅၇ ခုနှစ် မလေးရှားနိုင်ငံ လွတ်လပ်ရေးရပြီးချိန်မှစ၍ အမျိုးသားတပ်ဦးပါတီကို မဲအရေအတွက် လျော့နည်းသွားအောင် ယှဉ်ပြိုင်နိုင်ခဲ့ပြီးနောက် နောက်နှစ်လအတွင်းပြုလုပ်မည့် ရွေးကောက်ပွဲမှာ ယှဉ်ပြိုင်မှုအပြင်းထန်ဆုံးဖြစ်လာမည်ဖြစ်သည်။

> **လာဘ်စားမှုမှာ မဲပေးသူ ၅၁ ရာခိုင်နှုန်း၏ အဓိက စိုးရိမ်ပူပန်မှု တစ်ခုဖြစ် ...**

ရွေးကောက်ပွဲ နီးလာပြီဖြစ်သည့် အလျောက် လာဘ်စားမှုမှာ မဲပေးသူ ၅၁ ရာခိုင်နှုန်း၏ အဓိက စိုးရိမ်ပူပန်မှုတစ်ခုဖြစ်ကြောင်း ဒီဇင်ဘာလအတွင်း ပြုလုပ်သည့် လေ့လာဆန်းစစ်မှုတစ်ခု အရသိရသည်။ အတိုက်အခံများကလည်း ရက်ဖ်ဖီဇီထံမှရရှိသော လာဘ်စားမှုသတင်းများနှင့် အစိုးရကို ထိုးနှက်လျက်ရှိသည်။

ပြီးခဲ့သည့်နှစ်ကုန်ပိုင်းက ရက်ဖ်ဖီဇီထုတ်ပြန်သော စာရွက်စာတမ်းများတွင် ဖော်ပြထားချက်အရ ဩဇာတိက္ကမရှိသော နိုင်ငံခေါင်းဆောင်တစ်ဦးက ဒေါ်လာ ၁၃ သန်းလာဘ်စားထားကြောင်းနှင့် အစိုးရဝန်ကြီးတစ်ဦး၏ သားက သစ်ထုတ်ယူမှု ကန်ထရိုက်ရရှိရေးအတွက် အတို့အလှုယ်သဘောဖြင့် Hummer SUV ဇိမ်ခံကားတစ်စီးကို လက်ခံခဲ့ကြောင်း သိရသည်။ **(အေအက်ဖ်ပီ)**

ဝင်းသော်တာ ဘာသာပြန်သည်။ ■

သီရိလင်္ကာ သတင်းထောက် လုပ်ကြံခံရ

ကိုလံဘို – သီရိလင်္ကာနိုင်ငံတွင် သတင်းဓိဒီယာသမားများ တိုက်ခိုက်ခံရမှုများအနက်မှ မကြာမီကဖြစ်ပွားခဲ့သော တိုက်ခိုက်မှု၌ သတင်းဖြစ်ရပ်တစ်ခုကို အစမှအဆုံး ဘက်ပေါင်းစုံက သေသေချာချာ စူးစမ်းလေ့လာ သတင်းရေးသားသည့် သတင်းထောက် (စုံစမ်းစစ်ဆေး သတင်းရေးသားသူ) တစ်ဦး လုပ်ကြံသတ်ဖြတ်ခံခဲ့ရပြီး အသက်အန္တရာယ်မှ လွတ်မြောက်လာပြီးနောက်တွင် သီရိလင်္ကာနိုင်ငံမှ သတင်းစာတစ်စောင်က 'ခြောက်တိုင်း ကြောက်မည်မဟုတ်ကြောင်း' ဖေဖော်ဝါရီလ ၁၇ ရက်နေ့က ရေးသားခဲ့သည်။

ပဉ္စလိကပိုင် Sunday Leader သတင်းစာမှ သတင်းထောက်တစ်ဦး ဖြစ်သူ အသက် ၅၄ နှစ်အရွယ် ဖာရက်ဇ် ရှာကက်တလီ၏ လည်ပင်းကို ထိမှန်သွားသောကျည်ဆန်ကို ပြန်လည် ထုတ်ယူပြီးနောက် ၎င်းမှာ ကိုလံဘို ဆေးရုံတစ်ရုံရှိ အထူးကြပ်မတ် ကုသဆောင်တွင် ဆေးကုသမှုခံယူနေရပြီး



ကိုလံဘိုဆေးရုံရောက် သတင်းထောက် ဖရက်စ်ရှာကတ်တလီ။ အေအက်ဖ်ပီ

ကျန်းမာရေးအခြေအနေ တဖြည်းဖြည်း ကောင်း မွန်လာပြီဖြစ်ကြောင်း ဆေးရုံမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ပွတ်ရှ်ပါ ဆွိုင်ဆာက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

အဆိုပါသတင်းထောက်မှာ ကိုလံဘို မြို့ ဆင်ခြေဖုံးအရပ်ဒေသတစ်ခုရှိ၎င်း၏ နေအိမ်တွင် ဖေဖော်ဝါရီလ ၁၅ ရက် နေ့ညက တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်ပြီး ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလကလည်း လာဆန်သာ ဝစ်ခ်ရီမာတွန်ဂ်ဆိုသူ Sunday Leader သတင်းစာ၏ အယ်ဒီတာတစ်ဦး ပစ်သတ်ခံခဲ့ရသည်။

"သေချာတာတစ်ခုကတော့ ဖာရက်ဇ်ကို တိုက်ခိုက်တဲ့လုပ်ရပ်က ကျွန်တော်တို့ သတင်းစာကို ဟန့်တားနိုင်မှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ကြောက်စိတ် မဝင်ဘဲ ရှေ့ဆက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်" ဟု Sunday Leader သတင်းစာက ပြောကြားခဲ့သည်။

အကျင့်ပျက်ခြစားမှုများ ရှိသည်ဟု ဆိုသော သီရိလင်္ကာနိုင်ငံ၏ စွမ်းအင် ကဏ္ဍအကြောင်း ရှာကက်တလီက သတင်းရေးသား ပေးပို့ခဲ့သည့်အတွက် သူရေးသားခဲ့သည့် သတင်းများကြောင့် သေနတ်သမားများက လုပ်ကြံခဲ့သည်ဟုယူဆရကြောင်း ၎င်း၏အယ်ဒီတာ ဖြစ်သူ ရာကွန်တာလာ ပီရီယာက ပြောကြားခဲ့သည်။

ဗြိတိသျှနှင့် သီရိလင်္ကာနိုင်ငံ နှစ်နိုင်ငံ စလုံး၏ နိုင်ငံသားအဖြစ် ခံယူထားသော ရှာကက်တလီကို ၎င်းတက်ရောက် ကုသနေသောဆေးရုံ၌ ကိုလံဘိုမြို့ရှိ ဗြိတိသျှ သံရုံးဝန်ထမ်းများက လာရောက် ကြည့်ရှုခဲ့သည်။

တိုက်ခိုက်မှုကြောင့် ထိတ်လန့်အံ့သြ မိကြောင်း ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့ရှိ နိုင်ငံခြားရေးရုံးက ပြောကြားခဲ့ပြီး ဗြိတိန်နိုင်ငံ၏ အရှေ့တောင်အာရှ ဝန်ကြီး အလစ္စတဲ ယားဘာ့တ်ကလည်း တိုက်ခိုက်မှု နောက်ကွယ်မှ လူများကို ရှာဖွေဖော်ထုတ်ရန် သီရိလင်္ကာနိုင်ငံ အစိုးရအာဏာပိုင်များကို တိုက်တွန်း ပြောကြားခဲ့သည်။

(အေအက်ဖ်ပီ)

ဝင်းသော်တာ ဘာသာပြန်သည်။ ■



ဝန်ကြီးချုပ်များဖြစ်သည့် လီရှန်လွန်း(ယာ)နှင့် နာဂျစ်ရာဇက်။ အေအက်ဖ်ပီ

မြန်နှုန်းမြင့်ရထားလမ်း ဖောက်ရန် စင်ကာပူနှင့် မလေးတို့ သဘောတူ

စင်ကာပူ – မြို့ပြနိုင်ငံတစ်နိုင်ငံဖြစ်သည့် စင်ကာပူနှင့် မလေးရှားနိုင်ငံတို့ကြား ဆက်သွယ်ထားသည့် မြန်နှုန်းမြင့်ရထားလမ်းတစ်ခုကို ၂၀၂၀ ပြည့်နှစ် ဝန်းကျင်တွင် အပြီးဖောက်လုပ်မည်ဟု ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် စင်ကာပူနှင့်မလေးရှားနိုင်ငံတို့က ထုတ်ပြန်ကြေညာခဲ့သည်။

"ယင်းသို့ ဆောင်ရွက်ခြင်းသည် နှစ်နိုင်ငံကြား ဆက်ဆံရေးတိုးတက်ကောင်းမွန်စေသည့် မဟာဗျူဟာတစ်ခု ဖြစ်ပြီး မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံကြား ဆက်သွယ်ဆောင်ရွက်မှုများ ဖြည်းဖြည်းချင်း တိုးတက်လာဖွယ်ရှိသည်" ဟု စင်ကာပူနှင့် မလေးရှားနိုင်ငံတို့မှ ဝန်ကြီးချုပ်များဖြစ်သည့် လီရှန်လွန်းနှင့် နာဂျစ်ရာဇတ်တို့နှစ်ဦးပြုလုပ်သည့် ဆွေးနွေးပွဲအပြီး ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

"ယင်းဆုံးဖြတ်ချက်သည် နှစ်နိုင်ငံ စလုံးအတွက် ကြီးပွားတိုးတက်ရေးတွင် အားကောင်းစေပြီး အခွင့်အလမ်း ကောင်းများ ပေါ်ပေါက်စေမည့် ခေတ်စနစ်သစ်ကို လမ်းပြပေးနိုင်လိမ့်မည်။ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့ကြား သွားလာရာတွင် လွယ်ကူချောမွေ့ပြီး စီးပွားရေးအရ ချိတ်ဆက်လုပ်ဆောင်မှုများ ပိုမိုတိုးတက်ကာ နှစ်နိုင်ငံ ပြည်သူများကြားတွင်လည်း ယခင်ထက် ရင်းနှီးမှု ပိုမိုရရှိမည်ဖြစ်သည်" ဟု ယင်းထုတ်ပြန်ချက်က ဆိုသည်။

ခေါင်းဆောင်နှစ်ဦးသည် ရထားလမ်း ဆောက်လုပ်မည့် စီမံကိန်းအကောင်အထည်ဖော်ရေးနှင့်အသေးစိတ်အချက် အလက်များ ချမှတ်ဆောင်ရွက်ရန် ဝန်ကြီးအဆင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီကို တာဝန်ခွဲဝေခဲ့ကြသည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

(အေအက်ဖ်ပီ)

သဲသဲထွေး ဘာသာပြန်သည်။ ■

အင်ဒိုနီးရှားတွင် ရေကြီး၊ မြေပြို

ဂျကာတာ – ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း အင်ဒိုနီးရှားတွင် မိုးသည်းထန်စွာသွန်းမှုကြောင့် ရေကြီးခြင်း၊ မြေပြိုခြင်းများ ဖြစ်ပွားခဲ့ပြီးနောက် သေဆုံးသူ ၁၃ ဦးထက်မနည်းရှိခဲ့ကြောင်း တာဝန်ရှိသူများက ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ပြောကြားသည်။

ဖေဖော်ဝါရီလ ၁၇ ရက်နေ့ စောစော ပိုင်းတွင် ဆူလာဝေစီပြည်နယ် မြောက်ပိုင်း၏မြို့တော် မာနာဒိုတွင် ရေကြီး၍ မြေပြိုမှုများ ဖြစ်ပွားရာ သေဆုံးသူ ၁၀ ဦး ရှိခဲ့ပြီး လူပေါင်း ၁,၂၀၀ အား ဘေးလွတ်ရာသို့ ချက်ချင်း ပြောင်းရွှေ့ပေးထားကြောင်း ပြည်တွင်းဘေးအန္တရာယ်များဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဆူတိုပို ပူရာဝို ၈၂ဂရိုတိုက ပြောကြားသည်။

ဆူမာတြာကျွန်းပေါ်မှ ဂျပ်ဘီပြည် နယ်သည် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ရေလွှမ်းမိုးခဲ့ပြီးနောက် ရေစီးဖြင့် မျောပါသွားသည့် ၁၄ နှစ်အရွယ် ယောကျ်ားလေး တစ်ဦးအပါအဝင် လူသုံးဦးသေဆုံးခဲ့ကြောင်း ဒေသတွင်း ဘေးအန္တရာယ်များဆိုင်ရာ အဖွဲ့မှ တာဝန်ရှိသူ ဒယ်လ်မင်တိုက အေအက်ဖ်ပီသို့ ပြောကြားသည်။

"ရက်အတန်ကြာ မိုးအကြီးအကျယ် ရွာပြီး မြစ်ကမ်းပါးတွေပြိုတယ်။ ရေလမ်းကြောင်း ကျဉ်းတဲ့နေရာတွေမှာ ရေကြီးတယ်။ အဲဒီအချိန် ရေစီးကြောင်းတစ်ခုမှာ ရေချိုးနေကြတဲ့ လူငယ်လေးတွေက ဝါးလုံးထိုးစီးနေတဲ့ ရေစီးကြောင်းထဲ ပါသွားတာပဲ" ဟု ၎င်းကဆိုသည်။

မြို့တော် ဂျကာတာတွင်လည်း ဇန်နဝါရီလအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးခဲ့ရာ ၃၂ ဦး သေဆုံးပြီး လူပေါင်း ၄၆,၀၀၀ နီးပါး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

(အေအက်ဖ်ပီ)

သဲသဲထွေး ဘာသာပြန်သည်။ ■



'လိမ္မော် ပွဲတော်'

ပြင်သစ်နိုင်ငံတွင် ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှ မတ်လ ၂ ရက်နေ့အထိ ကျင်းပမည့် နှစ် (၈၀) ကြာက် လိမ္မော်သီးပွဲတော်မစမီ မင်တန်မြို့၌ လိမ္မော်သီး၊ သံပရာသီးများဖြင့် ပြင်ဆင်ပြုလုပ်ထားသော "Massif de l'Inde" ဆင်ရုပ်ပန်းပုကို အနုပညာရှင်တစ်ဦးက ပြုလုပ်နေပုံဖြစ်သည်။ ဓာတ်ပုံ - အေအက်ဖ်ပီ

ဖိလစ်ပိုင်တွင်သဘော်နစ် လူတစ်ဦးသေ၊ ၁၄ ဦးပျောက်ဆုံး

မနီလာ– ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း မလှမ်းမကမ်းရှိ ပင်လယ်ရေပြင်တွင် ကုန်တင်သဘော် နစ်မြုပ်သွားပြီးနောက် လူတစ်ဦးသေဆုံးပြီး အခြား ၁၄ ဦး ပျောက်ဆုံးနေကြောင်း ကမ်းခြေစောင့်တပ်မှ ပြောဆိုခွင့်ရှိသူတစ်ဦးက ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ပြောသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ကမ်းခြေမြို့ ဘိုလီနောင်အနီး ဖေဖော်ဝါရီလ ၁၇ ရက် အရှေ့ မတက်မီ MV Arita Bauxite သဘော် နစ်မြုပ်သွားပြီး ပျောက်ဆုံးနေသော မြန်မာနိုင်ငံသား ၁၄ ဦးကို ဆက်လက် ရှာဖွေနေဆဲဖြစ်ကြောင်း ဒုတိယဗိုလ်မှူး ချုပ် အာမန်ဘာလီလိုက ပြောသည်။

သဘော်သား ၂၄ ဦး သယ်ဆောင်လာသောသဘော်သည် အင်ဂျင်စက် ချို့ယွင်းမှုဖြစ်ပေါ်လာပြီး နစ်မြုပ်သွားခဲ့ကြောင်းနှင့် အကြောင်းရင်းမှာ မရေရာသေးကြောင်း ဘလီလိုကပြောသည်။

အခင်းဖြစ်ရာဒေသကို ဖြတ်သန်းသွားသော တရုတ်သဘော်တစ်စင်းက အသက်ရှင်ကျန်သူကိုးဦးနှင့် သေဆုံးသွားသူကို ဆယ်တင်ခဲ့ကြောင်း အဆိုပါ အရာရှိကပြောကြားခဲ့သည်။

"အဲဒီအချိန်မှာ ရာသီဥတုက သာယာနေတာမို့ သဘော်သားတွေကို ဘယ်လို ဖြစ်ပြီး သဘော် နစ်တယ်ဆိုတာကို သဘော်သားတွေကို မေးရဦးမယ်"ဟု ၎င်းက ဖြည့်စွက်ပြောခဲ့သည်။

ကမ်းခြေစောင့်တပ်မှ ရဟတ်ယာဉ် တစ်စင်းနှင့် သဘော်တစ်စင်းကို ပျောက်ဆုံးသူများအား ရှာဖွေရန် ထိုနေရာသို့ စေလွှတ်ခဲ့သည်ဟု ၎င်းက ပြောသည်။ **(အေအက်ဖ်ပီ)**

ညွန့်ညွန့်ဝင်း ဘာသာပြန်သည်။ ■



ရေဘေးလွတ်ရာသို့ မြင်းလှည်းဖြင့် ရွှေ့ပြောင်းနေကြသူများ။ ဓာတ်ပုံ-အေအက်ဖ်ပီ

Notice to all Advertisers & Subscribers

MCM

THE MYANMAR TIMES

မြန်မာတိုင်း(မြ)

The Myanmar Times is produced weekly in both languages by MCM Ltd. The publications produced by the group comprise The Myanmar Times (English), The Myanmar Times (Myanmar) NOW! Magazine & The Crime Journal / Wheels. We ask our advertisers and subscribers to note our group is not associated or owns any other journal, magazine or newspaper. You will see our entities below. Remember, when you need to hit the decision makers and spenders in Myanmar no one does it more comprehensively than The Myanmar Times, for almost 13 years now. Call us now for all your advertising requirements.

The Myanmar Times အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် မြန်မာတွန်ဆိုလီဒိတ်တက်ဒီဒီယာ (MCM) တာ့မကီမှ မိုက်နှိပ် ထုတ်ဝေလျက်ရှိသည်။ MCM မှ ထုတ်ဝေသော စာတောင်များမှာ The Myanmar Times (English) မြန်မာတိုင်း(မြ) NOW! Magazine နှင့် The Crime Journal / Wheels တို့ဖြစ်သည်။ ကျွန်ုပ်တို့ MCM Ltd သည် အထက်ပါ စာစောင်(၄)ခုမှတစ်ပါး အခြားမည်သည့်ဂျာနယ်၊ မဂ္ဂဇင်း၊ သတင်းစာကိုမျှ ဦးဆိုင်ခြင်းလည်းမရှိ၊ သက်ဆိုင်ပတ်သက်ခြင်းလည်း မရှိကြောင်း ကျွန်ုပ်တို့၏ကြော်ငြာရှင်များနှင့် လာဘေးကြည့်ရှုသူများအား သိစေအပ်ပါသည်။ မြန်မာနိုင်ငံတွင် သင်တို့ကုမ္ပဏီဆုတ်ကွန်နှင့် ဝန်ဆောင်မှုပုဂ္ဂိုလ်များသည် သတင်းစကားများကို အဆုံးအဖြတ်ပေးနိုင်သူများနှင့် ပွေ့ပြေးသုံးစွဲသူများထံ ကြားသိစေလိုလျှင် မြန်မာတိုင်း(မ)ထက် ပိုမိုထိရောက်သော မီဒီယာမရှိနိုင်ကြောင်း (၁၃) နှစ်ကြာ သတ်သေထူခဲ့ပြီး ဖြစ်ပါသည်။ သင်၏ကြော်ငြာအတွက် လိုအပ်ချက်တို့ ပေးတင်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လိုက်ပါ။

Yangon: 392 676, 392 928, 253 642
Mandalay: 02-24450 60, 02-65391-2
Nay Pyi Taw: 067-23064 067-23065

NOW! NOW! Magazine

The Crime Journal and Wheels

MCM Book Publishing

TIMESONLINE Times Online

MCM Commercial Printing

There is only one Myanmar Times

Established in 2000



ရှီးယာမွတ်စလင်တို့ကို ပစ်မှတ်ထားသည့် ဗုံးခွဲမှုအား ကန့်ကွက်ဆန္ဒပြနေကြသည့် ဒေသခံများ။ ဓာတ်ပုံ - အေအက်ဖ်ပီ

ပါကစ္စတန် အကြမ်းဖက်တိုက်ခိုက်မှုများကို ကန့်ကွက်ဆန္ဒပြခဲ့ကြ

၈၁ ဦးသေ၊ ၁၇၈ ဦး ဒဏ်ရာရသောတိုက်ခိုက်မှု ကာကွယ်ပေးရေးတောင်းဆို

ကွက်တာ – ပါကစ္စတန်နိုင်ငံ၌ မတူကွဲပြားသော မျိုးနွယ်စုချင်းဖြစ်ပွားသည့် သွေးထွက်သံယို တိုက်ခိုက်မှုများထဲမှ မကြာသေးမီက ပေါ်ပေါက်ခဲ့သော လူနည်းစု ရှီယာမွတ်စလင်တို့ကို ပစ်မှတ်ထား၍ တိုက်ခိုက်ခဲ့သော ဗုံးခွဲတိုက်ခိုက်မှု တစ်ခုတွင် လူ ၈၁ ဦးသေဆုံးခဲ့ပြီး ၁၇၈ ဦး ဒဏ်ရာရရှိခဲ့ရာ ရှီယာမွတ်စလင်များအတွက် အကာအကွယ်ပေးရေး တောင်းဆိုရန် ဖေဖော်ဝါရီလ ၁၇ ရက်နေ့က ပါကစ္စတန်နိုင်ငံတစ်ဝန်း ဆန္ဒပြမှုများပေါ်ပေါက်ခဲ့သည်။

ပါကစ္စတန် အနောက်တောင်ပိုင်း ဘာလူချီစတန်ပြည်နယ်၏ ပြည်နယ်မြို့တော် ကွက်တာအစွန်ဘက်ရှိ ရှီယာမွတ်စလင်များနေထိုင်ရာ ဟာဇရာမြို့၏ လူစည်ကားသည့် စျေးတစ်ခုတွင် ဖေဖော်ဝါရီလ ၁၆ ရက်နေ့ ညနေပိုင်းက ပေါက်ကွဲစေသည့်ပစ္စည်းများ တစ်တန်ခန့်ပါဝင်သည့် ဗုံးတစ်လုံးကို ရေသယ်ယာဉ်တစ်စီးတွင် တပ်ဆင်ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။

ယင်းတိုက်ခိုက်မှုမှာ မြို့တော် ကွက်တာရှိ စနူကာအားကစားရုံတစ်ခုတွင် ဇန်နဝါရီလ ၁၀ ရက်နေ့က အသေခံဗုံးခွဲတိုက်ခိုက်မှုနှစ်ခုကြောင့် လူပေါင်း ၉၂ ဦး သေဆုံးခဲ့ရသည့် အဖြစ်အပျက် နောက်ပိုင်း ယခုနှစ်အတွင်း ဒုတိယအကြိမ်ဖြစ်ပွားသော တိုက်ခိုက်မှုဖြစ်သည်။

ဖေဖော်ဝါရီလ ၁၇ ရက်နေ့ ညနေပိုင်းမှစ၍ အမျိုးသမီး ၄,၀၀၀ ခန့်က ဟာဇရာမြို့လမ်းတစ်လမ်းကို ပိတ်ကာ တိုက်ခိုက်မှုနောက်ကွယ်က အစွန်းရောက်သမားများကို အာဏာပိုင်များက အရေးယူမပေးမချင်း သေဆုံးသူများကို မမြှုပ်နှံဟု ဆန္ဒပြ တောင်းဆိုလျက်ရှိသည်။

ပါကစ္စတန် အရှေ့ပိုင်းရှိ မြို့တော် လာဟိုရီ၏ လမ်းများတွင် ရှီယာမျိုးနွယ် ၁,၅၀၀ ကျော်က တိုက်ခိုက်မှုများကို အရေးယူဆောင်ရွက်ပေးရန် ဆန္ဒပြ တောင်းဆိုလျက်ရှိပြီး နိုင်ငံအလယ်ပိုင်း ရှိ မူလတန်မြို့နှင့် ပါကစ္စတန်အုပ်ချုပ်မှု အောက်ရှိ ကက်ရှ်မီးယားဒေသ၏ အခိကမြို့ မူဇက်ဖာရာဘတ်တို့တွင်လည်း အကြီးအကျယ်မဟုတ်သည့် ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့သည်။

ဘာလူချီစတန် ပြည်နယ်သည် ပါကစ္စတန်နိုင်ငံ၏ လူများစုဖြစ်သော ဆွန်နီ မွတ်စလင်များနှင့် နိုင်ငံလူဦးရေသန်း ၁၈၀ ၏ ငါးပုံတစ်ပုံရှိသော ရှီယာမွတ်စလင်တို့အကြား သွေးထွက်သံယိုဖြစ်ပွားမှု အများဆုံး နေရာတစ်ခုဖြစ်လာသည်။

ယခုနှစ်တွင် ပါကစ္စတန်နိုင်ငံ၌ မျိုးနွယ်စုတိုက်ခိုက်မှုများကြောင့် သေဆုံးသည့် အရေအတွက်မှာ ၂၀၀ နီးပါး ရှိလာပြီး ပါကစ္စတန်နိုင်ငံ၏ ရှီယာမျိုးနွယ်စုများ အသေအပျောက် အများဆုံး နှစ်တစ်နှစ်အဖြစ် လူ့အခွင့်အရေး စောင့်ကြည့်သူများက ဖော်ပြခဲ့သော ၂၀၁၂ ခုနှစ် တစ်နှစ်လုံးတွင် လူပေါင်း ၄၀၀ ကျော်သေဆုံးခဲ့သည်။

(အေအက်ဖ်ပီ)

ဝင်းသော်တာ ဘာသာပြန်သည်။ ■

ဖိလစ်ပိုင် စူလ်တန်နှင့်နောက်လိုက်များက ဘော်နီယိုကျွန်းမှ ထွက်ခွာရန်ငြင်းဆို

မနီလာ – မလေးရှားပိုင်ဖြစ်သော ဆားဘားပြည်နယ်သို့ ယခုလ အတွင်း ဝင်ရောက်နေထိုင်နေကြသည့် ဖိလစ်ပိုင် စူလ်တန်စော်ဘွား၏ နောက်လိုက်တပည့်များသည် ယင်းနယ်မြေအတွင်းမှ ထွက်ခွာမည်မဟုတ်ဘဲ ၎င်းတို့၏ ဘိုးဘွားပိုင်နယ်မြေအား ပြန်လည် သိမ်းယူသွားမည်ဖြစ်ကြောင်း အခြေအနေများ တင်းမာနေသည့်ကြားမှ စူလ်တန်စော်ဘွားက ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင် ပြောကြားသည်။

သေနတ်သမား အယောက် ၂၀ အပါအဝင် လူပေါင်း ၄၀၀ ခန့်ရှိသည့် ၎င်း၏ နောက်လိုက်များသည် လုံခြုံရေးတပ်များ၏ ချောင်ပိတ်ခြင်းကိုခံနေရပြီး ဖိလစ်ပိုင်သို့ပြန်ရန် မလေးရှားအစိုးရက အတင်းအကျပ် တောင်းဆိုနေသည့် ကြားမှ ဇွဲမလျှော့ဘဲ ဆက်လက်နေထိုင်ခဲ့ကြသည်ဟု စူလ်တန်စော်ဘွား ဂျမာလူကီရမ်က ဆိုသည်။

"ကျွန်တော်တို့ပိုင်တဲ့ အိမ်ကနေ ကျွန်တော်တို့က ဘာကြောင့် ထွက်သွားရမှာလဲ။ အမှန်တကယ်က မလေးလူမျိုးတွေက ကျွန်တော်တို့တွေကို ပိုက်ဆံပေးပြီးငှားနေရမှာ" ဟု မနီလာမှ သတင်းထောက်များကို ၎င်းက ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံမှ စူလ်တန်စော်ဘွားနှင့် ၎င်း၏နောက်လိုက်တပည့်များက အကြမ်းဖက်ခြိမ်းခြောက်မှုကို တိုက်ရိုက်လုပ်ဆောင်ခြင်း မရှိခဲ့သော်လည်း "ကျွန်တော်တို့အတွက် နောက်ကြောင်းပြန်လှည့်စရာ မရှိပါဘူး" ဟုဆိုသည်။

ဝင်ရောက်နေထိုင်သည့် အုပ်စုများတွင် လက်နက်များရှိသည်ဟု မလေးရှားတာဝန်ရှိသူများက ပြောကြားထားသော်လည်း နောက်လိုက်များသည် လက်နက်မပါဘဲ သွားခဲ့ခြင်းသာဖြစ်သည်ဟု စော်ဘွားကီရမ်က အခိုင်အမာဆိုသည်။

လိပ်ခဲတည်းလည်း ဖြစ်နေသော အပိုင်းအပါအဝင် ဘော်နီယိုကျွန်း၏ အစိတ်အပိုင်းများကို တစ်ချိန်က ဖိလစ်ပိုင်တောင်ပိုင်း အခြေစိုက် အစွန်လမ္ဘစ်များက အုပ်ချုပ်ခဲ့ပြီး ဆော့ဘက်ပြည်နယ်ပိုင်ဆိုင်မှုအတွက် အချိန်အတန်ကြာခဲ့ပြီဖြစ်သော သဘောတူညီမှုအောက်တွင် မလေးရှားမှပေးသော မဆိုစလောက် လျော်ကြေးငွေ ပမာဏကို ၎င်း၏ အမွေဆက်ခံသူများက နှစ်စဉ်နှစ်တိုင်း လက်ခံနေဆဲဖြစ်သည်။

ဖေဖော်ဝါရီ ၁၄ ရက်နေ့တွင် မလေးရှား ပြည်ထဲရေးဝန်ကြီး ဟစ်ရှာမတ် ဒင်ဟူစိန်က သေနတ်ကိုင်တပ်ဖွဲ့ကို အယောက် ၈၀ နှင့် ၁၀၀ ကြား ထားရှိခဲ့သည်။

"မလေးရှားရဲ့ စွမ်းဆောင်ရည်ကို ကျွန်တော်တို့ အသိအမှတ်ပြုပါတယ်။ ကျွန်တော်တို့မှာ လက်နက်အင်အားရော၊ တိုက်ခိုက်ရေးစွမ်းရည်ပါ မရှိပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့မှာ သမိုင်းကြောင်း အရအမှန်တရားတွေရှိတယ်" ဟု ၎င်းက ပြောကြားခဲ့ပြီး ၎င်း၏နောက်လိုက် အုပ်စုများအား "သူတို့တွေကို ဘယ်သူဘယ်ဝါဆိုပြီး ခေါင်းစဉ်တပ်ပြီး အသိအမှတ်ပြုဖို့၊ သို့တည်းမဟုတ် သူတို့ရဲ့ ဘိုးဘေးတွေရဲ့ ရပိုင်ခွင့်အတွက် တိုက်ပွဲဝင်ရင်း အသေခံမလားဆိုတာ ကံတရားက အဆုံးအဖြတ်ပေးသွားမှာပါ" ဟုလည်း ၎င်းကဆိုသည်။

(အေအက်ဖ်ပီ)

သဲသဲထွေး ဘာသာပြန်သည်။ ■



စူလ်တန်စော်ဘွား ဝင်ရောက်နေထိုင်သည့်နေရာသို့ ရောက်ရှိလာသည့် မလေးရှားပြည်ထဲရေးဝန်ကြီး။ ဓာတ်ပုံ-အေအက်ဖ်ပီ



သန်းခြီရှိသော အိန္ဒိယအလုပ်သမားများ ဆန္ဒပြ

နယူးဒေလီ – ပြဿနာ ပတ်လည်ပိုင်းနေသော အိန္ဒိယအစိုးရ၏ အလုပ်သမား ဆန့်ကျင်ရေးမူဝါဒများအား ကန့်ကွက်ရန် အလုပ်သမားအစည်းအရုံးက စည်းရုံးပြီး နှစ်ရက်ကြာပြည်လုံးကျွတ် ဆန္ဒပြပွဲတစ်ခု ပြုလုပ်ခဲ့ရာ လူပေါင်း သန်းခြီရှိသည့် အိန္ဒိယအလုပ်သမားများသည် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ၎င်းတို့၏ အလုပ်ခွင်များဆီသို့ လမ်းလျှောက် ဆန္ဒပြခဲ့ကြသည်။

အင်အားအများဆုံး အလုပ်သမား အုပ်စုပေါင်း ၁၁ အုပ်စုက ငွေကြေးနှင့် ဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်း များနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အားဆန္ဒပြခဲ့ကြသည်။ ယင်းအုပ်စုများသည် ပြီးခဲ့သည့်နှစ်တွင် အစိုးရက ကြေညာခဲ့သော စီးပွားရေးစျေးကွက် ပြုပြင်ပြောင်းလဲမှုများ ဆက်တိုက် လုပ်ဆောင်မည့် အစီအစဉ်များ၊ ငွေကြေးဖောင်းပွမှုနှုန်း မြင့်မားလာခြင်းနှင့် လောင်စာဆီစျေးနှုန်း များမြင့်တက်လာသည့်ကိစ္စများကို ကန့်ကွက်ရန် ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။

ဆန္ဒပြမှုများကို ရပ်တန့်ရန် အဖွဲ့အစည်းများသို့ ဝန်ကြီးချုပ် မန်မိုဟန်ဆင်းက မေတ္တာရပ်ခံခဲ့သည်။ နိုင်ငံ၏ နှစ်စဉ်တိုးတက်မှုနှုန်းသည် ဆယ်စုနှစ်တစ်စုအတွင်း အနည်းဆုံးဖြစ်သည့် အတွက် နေသားတကျရှိနေပြီးဖြစ်သည့် နိုင်ငံစီးပွားရေးကို ဆုတ်ယုတ်မှုဖြစ်စေလိမ့်မည်ဟုလည်း သတိပေးပြောကြားခဲ့သည်။

"အလုပ်သမားတွေက လုံဝလျစ်လျူရှုခံထားရတာပါ။ အစိုးရက အလုပ်သမားတွေအပေါ် ဆန့်ကျင်ရေးမူဝါဒတွေရှိလာတဲ့အတွက် ရောင်ပြန်ဟပ်လာတဲ့သဘောပါပဲ" ဟု အိန္ဒိယ အလုပ်သမားအစည်းအရုံး ဗဟိုဌာနမှ အထွေထွေအတွင်းရေးမှူး တာပန်ဆင်းက ပြောကြားလိုက်သည်။

"၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလမှာ နောက်ဆုံးအကြိမ် ဆန္ဒပြခဲ့တယ်။ အလုပ်သမား သန်းတစ်ရာနီးပါး ပါဝင်ခဲ့တယ်။ ဒီတစ်ကြိမ်မှာ ဆန္ဒပြသူဦးရေတိုးလာဖို့ မျှော်လင့်နေကြတယ်" ဟုဆင်းက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

ဆန္ဒပြမှုကြောင့် ဆုံးရှုံးမှုပေါင်း ခန့်မှန်းခြေ ရူပီး ၂၀၀ ဘီလျံနီးပါး (အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ ဘီလျံ) ရှိမည်ဟု ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (The Associated Chambers of Commerce and Industry) ကဆိုသည်။

မြောက်ပိုင်းရှိ ပန်ဂျပ်ပြည်နယ်၊ အမ်ဘာလာခရိုင်တွင် ဘတ်စ်ကားတစ်စီးအား ရပ်တန့်ရန်ကြိုးစားသော အလုပ်သမားအစည်းအရုံးမှ ခေါင်းဆောင်တစ်ဦး ကားတိုက်ခံရခဲ့ရသည်ဟု ဆိုသည်။ **(အေအက်ဖ်ပီ)**

သဲသဲထွေး ဘာသာပြန်သည်။ ■



ရွှေမြွေဟောက်စစ်ဆင်ရေး

ဖေဖော်ဝါရီလ ၂၀ ရက်က ထိုင်းနိုင်ငံ၌ ပြုလုပ်သော ၂၀၁၃ ခုနှစ် ရွှေမြွေဟောက် နှစ်ပတ်လည်ပူးပေါင်းစစ်ရေးလေ့ကျင့်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သော တောတွင်း အသက်ရှင်နေထိုင်ရေးအစီအစဉ်ကာလတွင် အမေရိကန်မရိုင်းတပ်သားတစ်ဦးက မြွေဟောက်သွေးကို သောက်နေစဉ်။ ရွှေမြွေဟောက် စစ်ဆင်ရေးတွင် အမေရိကန်၊ ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဂျပန်၊ တောင်ကိုရီးယားနှင့်မလေးရှားနိုင်ငံတို့ပါဝင်သည်။ ဓာတ်ပုံ-အေအက်ဖ်ပီ

ရှုထောင့်



ပီနန်ကျွန်းသို့ ဖေဖော်ဝါရီလ ၁၁ ရက်နေ့က မဲဆွယ်စည်းရုံးရေးဆင်းနေသည့် မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

နာဂျစ် မဲဆွယ်တရားပွဲပြီ

နာဂျစ်ရဲ့ဂါဇာခရီးစဉ်ဟာလည်း မလေး - မွတ်စလင် မဲဆန္ဒရှင်တွေ အထင်ကြီးအောင်လုပ်ခဲ့တာကိုက ဆွပေးသလို အန္တရာယ်များပြီး အနုမစိတ်ဘူး။ ဒါပေမဲ့လည်း အလွန်ပဲ ချီးကျူးထိုက်ပါပေတယ်။



အောက်တွင်ဖော်ပြမယ့် ကိစ္စတွေကို လုပ်တဲ့ နိုင်ငံရေးသမားရဲ့ နာမည်ကို အလွယ်လေးနဲ့ သိနိုင်တာဖြစ်ပေမယ့်၊ လေ့လာသူအချို့မှာ ရက်သတ္တပတ်အတွင်း အစမ်းသတ်ခံကြရာမှာ ခေါင်းရှုပ်သွားကြတယ်။

ဒီနိုင်ငံရေးသမားဟာ ပြီးခဲ့တဲ့လက ဟားမာစ်တို့ ထိန်းချုပ်ထားတဲ့ဂါဇာရှိ ပါလက်စတိုင်းတို့ရဲ့နယ်မြေကို သွားရောက်ခဲ့တယ်။ ပြီးတော့ဆွစ်ဇာလန် နိုင်ငံ၊ ဒါးပို့စ်မှာကျင်းပနေတဲ့ ကမ္ဘာ့စီးပွား ရေးဖိုရမ်ကို တက်ရောက်ခဲ့တယ်။

အဲဒီမှာ ရင်းနှီးမြှုပ်နှံသူတွေကို ဘယ် လိုပြောခဲ့သလဲဆိုရင် အရှေ့တောင် အာရှမှာ အစ္စလမ္မစ်စစ်သွေးကြွတွေရဲ့ ခြိမ်းခြောက်မှုဟာ ပျက်ပြားသွားပြီလို့ ပြောခဲ့တယ်။ ဒါပေမဲ့ သူနိုင်ငံပြန်ရောက် တဲ့အခါမှာတော့ ချက်ချင်းပဲအကြမ်း ဖက်သုံးယောက်တို့ကို အဖျက်အမှောင့် လှုပ်ရှားမှုတွေလုပ်တယ်ဆိုကာ ထိန်း သိမ်းစေခဲ့တယ်။

သိပ်မကြာခင်မှာပဲ စင်ကာပူနိုင်ငံမှ တာရှည်အုပ်ချုပ်လာတဲ့ ပြည်သူ့လုပ် ဆောင်မှုပါတီ (PAP) ဟာ ၁၃ ဒသမ ၅ ရာခိုင်နှုန်းရှိတဲ့အစိုးရဆန့်ကျင်လှုပ်ရှား မှုကြောင့် အမတ်နေရာဟောင်းတစ်ခုကို ကြားဖြတ်ရွေးကောက်ပွဲမှာ ဆုံးရှုံးခဲ့တာ ကြောင့်အရှက်ရခဲ့တယ်။

ဖေဖော်ဝါရီလ ၁၁ ရက်လည်း မဲရရှိ ရေးအတွက် တရုတ်နှစ်သစ်ကူးပွဲကျွဲ ပွဲကိုတက်ရောက်ခဲ့သေးတယ်။

ပြီးခဲ့တဲ့ ရက်သတ္တပတ်က အီဂျစ်နဲ့ ဆော်ဒီအာရေဗျနိုင်ငံများကို သွားရောက် ခဲ့တဲ့ မကြာမီသူပါတီဟာ ရွေးကောက်ပွဲ တွေနဲ့ ရင်ဆိုင်ရတော့မယ်။ အင်ဒိုနီးရှား သမ္မတ ဆူစီလိုဘမ်ဘန်း ယူဒိုယိုနိုတော့ မဟုတ်ပေဘူး။ သူဟာ ဒါးပို့စ်ဆွေးနွေး ပွဲကို ၂၀၁၁ ခုနှစ်က တက်ရောက်ခဲ့တာ ဖြစ်တယ်။ ဒီနှစ်တက်တာမဟုတ်ပါဘူး။

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန် လည်းမဟုတ်ပါဘူး။ သူလည်း ရွေးကောက်ပွဲတွေကို ဇူလိုင်လမှာ ရင်ဆိုင်ဖို့ရှိပေမယ့် PAP ကိုနှုန်နိမ့်ဖို့ လည်းမရှိတဲ့အတွက် မဲပေးသူတွေကို ဆွဲဆောင်ဖို့လည်းမလိုဘူး။ ဒါးပို့စ် ဆွေးနွေးပွဲကိုလည်း တက်ရောက်ဖို့ အလားအလာမရှိဘူး။

အဲဒီနိုင်ငံရေးသမားကတော့ တစ်ခြား လူမဟုတ်ပါဘူး။ ဇွန်လ ၂၇ ရက်မှာ အထွေထွေရွေးကောက်ပွဲရင်ဆိုင်ဖို့ရှိတဲ့ အားနည်းချက်ရှိသူ မလေးရှားဝန်ကြီး ချုပ် နာဂျစ်ရာဇတ်ဖြစ်တယ်။ သူဟာ လည်း အခုဆိုရင် မဲဆွယ်ရေးကိုအားသွန် ခွန်စိုက် ဆောင်ရွက်နေပြီဖြစ်တယ်။

အာရပ်လူမျိုးမဟုတ်တဲ့ မွတ်စလင် ဘာသာဝင်ခေါင်းဆောင်အနေနဲ့ ၂၀၀၇ ခုနှစ်နောက် ပထမဆုံးအကြိမ်သွား ရောက်ခဲ့တဲ့ နာဂျစ်ရဲ့ ဂါဇာခရီးစဉ်ဟာ လည်း မလေး - မွတ်စလင် မဲဆန္ဒရှင်တွေ အထင်ကြီးအောင် လုပ်ခဲ့တာကိုက ဆွပေးသလို အန္တရယ်များပြီး အနုမစိတ် ဘူး။ ဒါပေမဲ့လည်းအလွန်ပဲချီးကျူးထိုက် ပါပေတယ်။

ပြောရရင်တော့ ဂါဇာမှာရှိတဲ့ဟားမာစ် ထိန်းချုပ်ထားတဲ့အစိုးရဟာ ၂၀၀၆ ခုနှစ် ကတည်းက ဒီမို ကရေစီ ကျကျ ရွေးကောက်တင်ခြင်းခံထားရတဲ့ အစိုးရ ဖြစ်တယ်။ ပြီးတော့ ဒီဒေသတွင်းမှာရှိတဲ့ အချို့နိုင်ငံတွေထက် တရားဝင်တယ်။

ထင်ထားသလိုပဲပြိုင်ဘက် ဖာတာ အဖွဲ့ဦးဆောင်တဲ့ အနောက်ဘက်ကမ်း မှာရှိတဲ့ ပါလက်စတိုင်းအာဏာပိုင် အဖွဲ့က ရာဇတ်လာရောက်တာကို ရွှတ်ချခဲ့တယ်။ သတိထားမိတဲ့အနောက် အုပ်စုနိုင်ငံတွေကလည်း ဒီအတိုင်းရှုတ် ချခဲ့တယ်။ မထင်မှတ်တဲ့မလေးရှား အတိုက်အခံ အဖွဲ့ခေါင်းဆောင် အနံဝါ အီဘရာဟင်ကလည်း ရှုတ်ချခဲ့တယ်။

အန်ဝါဟာ စိတ်အပြောင်းအလဲမြန် တဲ့လူလို့ပြောရမှာပဲ။ သူ ငယ်ရွယ်တဲ့ အချိန်တုန်းက တော်လှန်ရေးအမြင်တွေ ရှိခဲ့တယ် အင်မတန်မှ ထက်သန်တဲ့ အစွန်းမွစ်တစ်ယောက်ဖြစ်ခဲ့တယ်။ အခု ဆိုရင် သူသဘောထားတွေဟာ၊ အထူး သဖြင့် သူ့ရဲ့နိုင်ငံခြားရေးမူဝါဒဟာ အမေ ရိကန်နိုင်ငံနဲ့ ပိုပြီးသဟာဇာတဖြစ်တယ်။

ဒီကိစ္စကို နားလည်သဘောပေါက်လို့ ရတယ်။ သူအတော်ကြာထိန်းသိမ်းခံခဲ့ရ ခြင်းနဲ့ အာဏာရှင်ဆန့်တဲ့ ဝန်ကြီးချုပ် ဟောင်း မဟာသီယာမိုဟာမက် အစိုးရ ရဲ့ အနှောင့်အယှက်ပေးခြင်းခံခဲ့ရတဲ့ အတွက် အန်ဝါကို အမေရိကန်အစိုးရ လောက် ဘယ်သူမှ ထောက်ခံအားမပေး ခဲ့ဘူး။ နာဂျစ်ရဲ့ဂါဇာခရီးစဉ်ကို အမေရိ ကန်အစိုးရရဲ့ ခြေရာအတိုင်းလိုက်ပြီး အန်ဝါကရှုတ်ချခဲ့ခြင်းဟာ အန်ဝါအတွက် အဓိကကျတဲ့ ခြေလှမ်းမှားဖြစ်တယ်။

နာဂျစ်ဟာ သူရဲ့ခရီးစဉ်ကို လူသား ချင်း စာနာထောက်ထားတဲ့ ခရီးလို့ မယုံနိုင်စရာ ကာကွယ်ပြောဆိုခဲ့ရုံတင် မကဘဲ ရန်လိုတဲ့ အစ္စရေးနိုင်ငံကို ပြစ်တင်ဝေဖန်ဖို့ အခွင့်ကောင်းယူခဲ့ပြီး ငွေးကြေးမတတ်နိုင်တဲ့ ပါလက်စတိုင်း ကျောင်းသားတွေကို ပညာသင်ဆုတွေ ကမ်းလှမ်းခဲ့တယ်။

ချီတုံချတုံအလွန်ဖြစ်တတ်တဲ့ နိုင်ငံရေး သမားတစ်ယောက်အဖို့ ရဲရင့်ပြတ်သား တဲ့ဆုံးဖြတ်ချက်ဟာ အလိုအလျောက် နာဂျစ်ရဲ့ National Front အစိုးရကို မလေးရှားနိုင်ငံရဲ့ အချက်အချာ ဖြစ်ကြတဲ့ကီးဒါး၊ ပီရတ်နဲ့တီရင်ဂါနူးပြည် နယ်တွေကို ထိန်းထားနိုင်တယ်။

မလုပ်နိုင်တာတစ်ခုကတော့ မလေး မဟုတ်တဲ့ မဲဆန္ဒရှင်တွေရဲ့မဲတွေကို ရနိုင် မှာမဟုတ်ဘူး။

တီးခေါက်ချက်တွေအရ တရုတ်နဲ့ အိန္ဒိယမျိုးနွယ်စု အသိုင်းအဝိုင်းတွေက အန်ဝါခေါင်းဆောင်တဲ့အတိုက်အခံပါတီ ကို ထောက်ခံကြလိမ့်မယ်လို့သိရတယ်။

ဝန်ကြီးချုပ်ရဲ့ National Front ပါတီ ဟာ လူဦးရေအများစုဖြစ်တဲ့ မွတ်စလင် တွေရှိတဲ့ မလေးရှားကျွန်းဆွယ်မှာ ဆက်လက်ရှင်သန်နိုင်ပါတယ်။ ဒါပေမဲ့ အရှေ့ဘက် မလေးရှားပြည်နယ်တွေဖြစ် တဲ့ဆားဘားနဲ့ဆာရာဝပ်မှာတော့ နာဂျစ် အတွက် မလွယ်ဘူးလို့သိရပါတယ်။

ဒီလိုအခြေအနေ ဖြစ်လာနိုင်တယ်။ ဘာကြောင့်လဲဆိုရင် 'မဲပေးရင် နိုင်ငံသား ခံယူခွင့်ရမယ်'ဆိုတဲ့အစီအစဉ် ပေါ်လာ တဲ့အတွက် အရှေ့မလေးရှားပြည်သူတွေ အပေါ် ချဉ်းကပ်မှုဟာ ထိခိုက်ခဲ့တယ်။ တရားမဝင် ရွှေ့ပြောင်းအလုပ်သမား ရာထောင်ချီဖြိုခွဲတဲ့တရားမဝင်ရွှေ့ပြောင်း အလုပ်သမားတွေကို ဒီအစီအစဉ်အရ မှတ်ပုံတင်ကတ်တွေ ထုတ်ပေးခဲ့တယ်။

ပြီးခဲ့တဲ့လကဆိုရင် စုံစမ်းရေးကော် မရှင်တစ်ခုကိုအရာရှိဟောင်းတစ်ဦးက ပြောကြားရာမှာ National Front ပါတီ ကို မဲပေးမယ်လို့ကတိပေးခဲ့ကြတဲ့ တရား မဝင်တဲ့ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနဲ့ ပါကစ္စ တန်မှ မွတ်စလင်တွေကို နိုင်ငံသား အဖြစ်ဆောင်ရွက်ပေးဖို့ အမေရိကန် ဒေါ်လာ ၂၅,၀၀၀ လက်ခံခဲ့တယ်တဲ့။

ကိန်းဂဏန်းအရေအတွက်ဟာ ဒီစွပ် စွဲချက်ကိုထောက်ခံနေတယ်။ ၁၉၆၀ ခုနှစ်တုန်းက ဆားဘားပြည်နယ်ရဲ့ မွတ်စလင်ဘာသာဝင်လူဦးရေဟာ ၄၀ ရာခိုင်နှုန်းအောက်မှာရှိခဲ့တယ်။ အခုဆိုရင် ၇၀ ရာခိုင်နှုန်းခန့်ဖြစ်နေပြီ။

လာမယ့်ရွေးကောက်ပွဲမှာ ဒီကြီးကျယ် တဲ့လိမ်လည်မှုကြီးကို မလေးရှားနိုင်ငံ သားတွေ ဘယ်လိုတုံ့ပြန်မလဲဆိုတာ ခန့်မှန်းရတာခက်ပေမယ့် ဖြစ်နိုင်ခြေရှိ တာကတော့ မလေးရှားနိုင်ငံမှာဖြစ်လာ မယ့်တုန်လှုပ်မှုဟာ စင်ကာပူမှာဖြစ်ခဲ့တဲ့ တုန်လှုပ်မှုထက် လွန်ကဲဖို့သေချာတယ်။

ဤဆောင်းပါးသည် ရော်ဂျာမစ်တန်၏ အာဘော်သာဖြစ်သည်။

(MTE) သောင်းညွန့်ဘာသာပြန်သည်။ ■

ဂျပန် စာရေးဆရာကြီး၏ အမွေခံလက်ရာကို ဖော်ထုတ်

တိုကျို– 'ဆီးနှင်းနိုင်ငံ' (Snow Country) ဝတ္ထုရှည်နှင့်ဆက်စပ်၍ လူသိများသော ဂျပန်နိုင်ငံ၏ ပထမဆုံး နိုဘယ်ဆုရ စာရေးဆရာ ယာဆုနရီ ကာဝါဘာတာ ၏ လူသိနည်းလှသော ဝတ္ထုတိုတစ်ပုဒ်ကို ၎င်းကွယ်လွန်ပြီးနောက် ဆယ်စု နှစ်ပေါင်း နှစ်ခေတ်ကျော် သုံးခေတ် နီးပါးကုန်လွန်ပြီးနောက်တွင် သုတေ သနပြုသူများက ပြန်လည်ဆန်းသစ် ဖော်ထုတ်ခဲ့ကြသည်။

ကာဝါဘာတာ၏ စာရေးဆရာဘဝ အစောပိုင်းက ရေးသားခဲ့သော 'အွတ်ဆု ကုရှိ' (လှရက်ပါပေ့) ဟူသော ဝတ္ထုတိုကို ၁၉၂၃ ခုနှစ်၊ ဧပြီလနှင့် မေလများတွင် ဂျပန်ပြည်အနောက်ပိုင်း ဖူကူအိုကာ ဒေသတွင် ထုတ်ဝေသည့် သတင်းစာ တစ်စောင်တွင်ရစ်ကျိတက္ကသိုလ်မှတ္ဘုတ် မိအီရှိကာဝါနှင့် ၎င်း၏ သုတေသန ပြုဘက်တို့က တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အိရှိကဝက အေအက်ဖ်ပီအား ဖေဖော်ဝါ ရီလ ၁၈ ရက်နေ့က ပြောကြားခဲ့သည်။

ဖူကူအိုကာမြို့ရှိ စာပေပြတိုက်တစ်ခု တွင် ထုတ်ဝေသူနှင့် ဒါရိုက်တာများ ဖြစ်ကြသော အီရှိကာဝါနှင့် ဟိရောရှိ ဆာကဂုချိတို့သည် အဆိုပါသတင်းစာ ဟောင်းများအား စုဆောင်းသိုမှီးထား သည့် စာပေသိုမှီးခန်းအတွင်းရှိ သတင်း စာဟောင်းများအား ပြန်လည်လေ့လာ ကြည့်ရှုစဉ် အတောအတွင်း၌ အဆိုပါ မှတ်တမ်းတင်ထားခြင်းမရှိသည့် ဝတ္ထုတို လက်ရာကို တွေ့ရှိခြင်းဖြစ်သည်။

၎င်းက ဆက်လက်၍ အဆိုပါဝတ္ထု တိုအား ကာဝါဘာတာ ဖောင်ဒေးရှင်း က ကာဝါဘာတာ၏ လက်ရာအစစ် အမှန်ဖြစ်ကြောင်း စစ်ဆေးအတည်ပြုခဲ့ သည်ဟု ၎င်းက ဆက်လက်ပြော ကြားသည်။

ကာဝါဘာတာ ဖောင်ဒေးရှင်းသည် ကွယ်လွန်သူ စာရေးဆရာကြီး၏ လက်ရာများကို မပျောက်မပျက်အောင် သိုမှီးသိမ်းဆည်းသည့် လုပ်ဆောင်မှု များအား အစဉ်တစိုက် လုပ်ဆောင်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်း ဖြစ်သည့်အပြင် အဖွဲ့က ကာဝါဘာတာ ၏ အမည်ဖြင့် ခီးမြှင့်သောစာပေဆုကို လည်း ဆုရရှိသူများအား နှစ်စဉ် ပေးကမ်းခီးမြှင့်သည်။

'အွတ်ဆုကုရှိ'ဝတ္ထုတိုသည် ၎င်း၏ မသန်စွမ်းသော သားငယ်၏ ဂူသခြိုင်း ရှိရာသို့ သွားရောက်လည်ပတ်ရင်း မတော်တဆမှုတစ်ခုကြောင့် သေဆုံး သွားခဲ့သော မိန်းမငယ်တစ်ဦးအား ၎င်း၏ သား၏ ဂူသခြိုင်းတွင်း၌ အတူတကွ မြှုပ်နှံထားခဲ့သော စက်မှုလုပ်ငန်းရှင် တစ်ဦး၏အကြောင်းကို ရေးဖွဲ့ထားခြင်း ဖြစ်သည်။

၎င်းတို့အား အတူမြှုပ်နှံထားသည့် သခြိုင်း၀ူ၏ စာတန်းထိုး ကျောက်ပြား ထက်တွင် ဖခင်ဖြစ်သူက ချောမော လှပတဲ့လုလင်ပျိုတစ်ဦးနဲ့ "ချောမော လှပတဲ့ မိန်းမပျိုတစ်ဦးတို့ ဤနေရာတွင် အတူ အနားယူအိပ်စက်နေကြပါတယ်" ဟူသော ကျောက်စာဖြင့် ကမ္ဘည်းထိုး ထားခဲ့လေသည်။

အထီးကျန်ဘဝနှင့် အားအင်ချည့်နဲ့ သူတို့အတွက် ကိုယ်ချင်းစာတရားဖြင့် ခံစားတတ်မှုတို့သည် အဆိုပါဝတ္ထုတို၏ ခိုင်ခံ့သော ဇာတ်လမ်းဖွဲ့မှုတွင် ဖော်ပြ ထားပြီး 'အီဇူက ကချေသည် ဝတ္ထုရှည် ထုတ်ဝေပြီး များမကြာမီ ၎င်း အသက် ၂၇ နှစ်အရွယ်တွင် ပထမအကြိမ်

ဝတ္ထုတိုကို ကာဝါဘာတာဖောင်ဒေးရှင်းက သူ့လက်ရာအစစ်ဖြစ်ကြောင်းစစ်ဆေးအတည်ပြုခဲ့...

ထုတ်ဝေခဲ့ခြင်းဖြစ်ကြောင်း အီရှိကာဝါက ပြောကြားသည်။

"အဲဒါ တိုကျိုအခြေစိုက် အဓိကရ သတင်းစာကြီးတွေ ၁၉၂၃ ခုနှစ် ကန်တို မြေလျင်လှုပ်မှုကြီးအတွင်းက ရစရာ မရှိအောင် ပြိုကွဲပျက်ပြန်းသွားပြီးနောက် ထင်ရှားတဲ့ စာရေးဆရာ အများအပြား က သူတို့ရဲ့စာပေဖန်တီးမှုတွေ ထုတ်ဝေဖို့ နယ်ဘက်မှာရှိတဲ့ ဒေသတွင်း ထုတ်ဝေ သူတွေဆီမှာ ထွက်ပေါက်ရှာနေတဲ့ အချိန်မှာ ဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

"ဒီဝတ္ထုတိုဟာ ကာဝါဘာကာ ၁၉၅၄ ခုနှစ်မှာ ထုတ်ဝေတဲ့ 'အွတ်ဆုကုရှိ' ဟာ့ကာ့ (လှပတဲ့သခြိုင်း၀ူ) ဆိုတဲ့ ဝတ္ထုနဲ့လည်း တူညီတဲ့အချက် အများ အပြားကို တွေ့ရပါတယ်"ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။

(အေအက်ဖ်ပီ)

ခင်အောင် ဘာသာပြန်သည်။ ■

သတင်းတို

သမ္မတအိုဘားမား မီးတောက်များကြား ရောက်ရှိနေသော ဗီဒီယို မြောက်ကိုရီးယားထုတ်လွှင့်

ဆိုးလ် – ၎ကလီးယားဗုံးတစ်လုံး ပေါက်ကွဲပြီး ထွက်လာသည့်မီးတောက်များ ကြားတွင် အမေရိကန်သမ္မတ ဘာရက် အိုဘားမားနှင့် အမေရိကန်စစ်သားများ ရောက်ရှိနေသည့် ဝါဒဖြန့် ဗီဒီယို ပြကွက်အသစ်တစ်ခုကို မြောက်ကိုရီးယားက ထုတ်လွှင့်ခဲ့ကြောင်းသိရသည်။

ဒုံးလက်နက်ဖြင့် တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် မီးလောင်နေသော နယူးယောခ်ပြို့အကြောင်း ရိုက်ကူးထားသော ဗီဒီယိုခွေတစ်ခွေထွက်ပေါ်ပြီး နှစ်ပတ် အကြာ ဖေဖော်ဝါရီ ၁၈ ရက်နေ့တွင် လူအသုံးများသည့် You Tube ပေါ်တွင် ယင်းပြကွက်ကို တင်ခဲ့ခြင်းဖြစ်သည်။ ယင်းဗီဒီယိုဖိုင် နှစ်ခုစလုံးသည် နိုင်ငံပိုင်သတင်းဌာနများမှ သတင်းနှင့် ဝါဒဖြန့်သတင်းများ ထုတ်လွှင့်နေသော မြောက် ကိုရီးယား၏ တရားဝင်ဝက်ဘ်ဆိုက် Uriminzokkiri က လွှင့်တင်ခဲ့ခြင်းဖြစ်သည်။ **(အေအက်ဖ်ပီ)**

သဲသဲထွေး ဘာသာပြန်သည်။

ADVERTORIAL

Spine Architect မှ Principal Architect ဦးဇော်မိုးရွှေနှင့်တွေ့ဆုံခြင်း

ယခင်တစ်ပတ်မှအဆက်

Decoration နဲ့ မတူဘူး၊ အမာစားတွေပေါ့၊ နံရံ၊ ကြွေပြား၊ ကျောက်ပြား စတာတွေပေါ့၊ ယေျဘုယျအားဖြင့်ကြည့်ရင်ပေါ့။ Decoration ကျတော့ အပျော့စား အလှတန်ဆာဆင်တာလေးတွေပေါ့။ ခေါင်းအုံးစွပ်ဘယ်အရောင်စွပ်မယ်၊ ပန်းချီကားဘယ်နေရာ ချိတ်မယ် စတာမျိုးလိုပေါ့။

ကျွန်တော်တို့လုပ်နေတဲ့ practice နဲ့ ယှဉ်ပြောရင်တော့ interior design ချည်းပဲ သိပ်လုပ်လေ့လုပ်ထ မရှိဘူး၊ architecture လုပ်ပေးနေတဲ့ အိမ်တွေဆိုရင် အပြင်ဘက်ကို လုပ်ပေးနေရင်းနဲ့ အတွင်းဘက်ကိုပါ တစ်ခါတည်းတွဲလုပ်ပေးတယ်၊ ဘာဖြစ်လို့လဲဆိုရင် interior design ဆိုတော့ အပြင်ဘက်က design element တွေအထဲဘက်ကို ခေါ်တာ၊ အပြင်နဲ့အတွင်းနဲ့က ချိတ်ဆက်ထားရတယ်၊ တချို့က အပြင်ဘက်က classical ပုံစံလုပ်ပြီးအတွင်းဘက်က modern ပုံစံလုပ်ချင်တယ်လို့လာပြောတာကို ဘယ်လိုမှလက်ခံလို့မရဘူး။ ဒါက အစစ်အမှန်မဟုတ်တော့ဘူး။ လူခန္ဓာကိုယ်လိုပေါ့၊ အပြင်ကရုပ်နဲ့ အထဲက စိတ်နဲ့ပေါင်းမှ တစ်ဦးထဲဖြစ်တာ၊ အဲဒါကို တစ်မျိုးစီသွားလုပ်လို့ အဓိပ္ပာယ်မရှိဘူး၊ ဒီလိုပဲ Exterior နဲ့ Interior ဒီဇိုင်းဆိုတာလည်း ယှက်နွှယ်နေသင့်တယ်။

*** ဒါဆိုရင် Interior design industry တိုးတက်ဖို့ ဘာတွေဆောင်ရွက်သွားဖို့ လိုမယ်လို့ ထင်ပါသလဲ။**

ကျွန်တော်ထင်တာကတော့ Interior design industry တိုးတက်ဖို့ အတွက် ဆိုရင် material supplier တွေအတွက်ရော သုံးစွဲသူတွေအတွက် ပါကွာလတီကောင်းတဲ့ပစ္စည်းတွေကို သွင်းစေချင်တယ်၊ အရင်ကတော့ တရုတ်ကသွင်းတဲ့ reject ပစ္စည်းတွေ သုံးတဲ့အတွက် ကြွေပြားတစ်ပြား သုံးမယ်ဆိုရင် အဲဒီကြွေပြားက တစ်နှစ်လောက် နေရင် အရောင် လွင့်သွားတာတွေ ဖြစ်တဲ့အတွက် နောက်ဆုံးကျတော့ Interior designer ရော၊ သုံးစွဲသူအတွက်ရော မကောင်းဘူး၊ ကိုယ်လုပ်တဲ့ဒီဇိုင်း တစ်ခုက ကြာရှည်မခံဘဲ ကာလတို အတွင်းမှာပဲ ပုံပျက်သွားတဲ့အတွက် ကွာလတီကောင်းတဲ့ ပစ္စည်းတွေကို သုံးစေချင်တယ်၊ ဒါက professional တစ်ယောက်အနေနဲ့ အကြံပြုတာပါ။ အခု နောက်ပိုင်းပစ္စည်းတွေလည်း တဖြည်းဖြည်းဝင်လာပြီဆိုတော့ ဒီဇိုင်နာတစ်ယောက်အနေနဲ့ ရွေးဖို့ပိုများလေလေ ဒီဇိုင်းပိုကောင်းလေပဲပေါ့။ Choice မရှိဘဲနဲ့ ရှိတာပဲ သုံးနေရမယ်ဆိုရင် ထွက်လာတဲ့ ဒီဇိုင်းကလည်းစိတ်တိုင်းကျ ဖြစ်မှာမဟုတ်သလို Interior designer အတွက်လည်း အဆင်ပြေမှာမဟုတ်ဘူး။ ဒါပေမဲ့ Interior design ဆိုင်တွေများလာပြီးသွင်းလာတဲ့ ပစ္စည်းတွေလည်းများလာတဲ့အတွက် Interior design အတွက် variety တော့ရှိလာပါပြီ။

ဆက်လက်ဖော်ပြပါမည်။

“အိမ်ဆိုတာ သန့်ရှင်းသပ်ရပ်ပြီး နေချင်စဖွယ်ဖြစ်ရမယ်”

ဒီတစ်ပတ်အတွက် "Best Beauti ful Home"ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင် ဖို့ စီစဉ်နေတဲ့ဒုံမြို့နယ်၊ ပန်တျာလမ်းက New Excellent Condo မှာနေထိုင်တဲ့ ပိုင်ရှင်မခင်ဆွေမြင့်ကို မြန်မာတိုင်း(မ်)မှ အိမ်ခြံမြေစာတည်း ထားထားခင်က အခုလို တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

*** မြန်မာတိုင်း(မ်)က စီစဉ်တဲ့ “Best Beautiful Home” ပြိုင်ပွဲမှာ ဝင်ရောက် ယှဉ်ပြိုင်ဖြစ်ခဲ့ပုံကို အရင်ဆုံးသိချင်ပါတယ်။**

ဝင်ရောက်ယှဉ်ပြိုင်ဖို့ စိတ်ကူးရခဲ့တာကတော့ Lorenzo က မမာလာတို့နဲ့က အရမ်းခင်တယ်မိတ်ဆွေတွေလည်း ဖြစ်တယ်၊ ဒီအခန်းမှာဆိုလည်း ခန်းဆီး၊ ဆိုဖာ၊ ကုတင်နဲ့ အိပ်ခန်းအသုံးအဆောင်ကအစ ထမင်းစားစားပွဲတွေပါ Lorenzo က ပစ္စည်းတွေကိုသုံးထားတာပါ၊ ဟို တစ်နေ့က ခန်းဆီးလာတပ်ရင်းနဲ့ Lorenzo က မမေမြတ်ကျော်တို့ကလည်း ဝင်ပြိုင်ဖို့ အကြံပေးတာနဲ့ ဝင်ပြိုင်ဖြစ်ခဲ့တာပါ။

*** Best Beautiful Home မှာ ပြိုင်ပွဲဝင်မယ်ဆိုတဲ့အတွက် ဒီအိမ်ခန်းပြင်ဆင်မှုက ကိုယ့်အတွက် စိတ်တိုင်းကျမှု ဘယ်လောက်အတိုင်းအတာဖြစ်စေခဲ့တယ်လို့ ပြောနိုင်ပါလဲ။**

ဒီကွန်ဒို့ကို Naing Group က ဆောက်တာပါ၊ ဒီနေရာကို ရွေးချယ်ခဲ့တာကတော့ facility ပြည့်စုံတယ်၊ ဟိုတယ်တစ်ခုမှာနေရသလိုပါပဲ၊ ဒီကွန်ဒို့ စဆောက်ကတည်းက ဝယ်ခဲ့ပြီးဆောက်ပြီးသွားတဲ့အခါမှာလည်း အခန်းအကျယ် အဝန်းကအစ စိတ်တိုင်းကျအနေအထားဖြစ်အောင် Naing Group က ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီတော့ ကိုယ်လိုချင်တဲ့ပုံစံအတိုင်း အစကတည်းက ပြင်ဆင်နိုင်ခဲ့တာပါ။ ဒီအခန်းကို interior designer နဲ့ ပြင်ဆင်ခဲ့တာ မဟုတ်ပေမယ့် အစိတ်အပိုင်းလိုက်၊ အခန်းလိုက် ကိုယ့်စိတ်ကြိုက်ပြင်ဆင်ခဲ့တာပါ။

*** ဒီလို ကိုယ့်စိတ်ကြိုက်ပြင်ဆင်လိုက်တာက ဘယ်လိုအားသာချက်မျိုး ရှိနိုင်မယ်လို့ ထင်ပါလဲ။**

ကိုယ့်စိတ်ကြိုက်ပြင်ဆင်လိုက် တာက ပိုအဆင်ပြေတယ်လို့ ထင်တယ်၊ ကိုယ့် စိတ်ကြိုက်ပစ္စည်းတွေကို သုံးထားတဲ့အတွက် ပိုသပ်ရပ်ပြီးတာရှည်လည်း ပိုခံမယ်လို့ ထင်ပါတယ်။ အမျိုးသားကလည်း အခန်းကို ပြင်ဆင်ဖို့အတွက် idea လည်း ရှိတယ်ဆိုတော့။ ကိုယ့်စိတ်ကြိုက်ပြင်တယ်ဆိုတော့ ရိုးရိုးရှင်းရှင်းနဲ့ ပိုကောင်းတယ်လို့လည်း မြင်ပါတယ်။ Naing Group နဲ့ ညှိနှိုင်းပြီးတော့ living room ပိုကျယ်သွားအောင် အိပ်ခန်းနံရံကို နောက်ကိုရွှေ့လိုက်တယ်၊ အခန်းပြင်ဆင်ဖွဲ့စည်းမှုတွေမှာလည်း နေရာပိုကျယ်အောင် အတတ်နိုင်ဆုံးစဉ်းစားခဲ့တယ်။ အိမ်တွင်းပြင်ဆင်မှုမှာလည်း တံခါး၊ ကြွေပြားတွေကအစ အခန်းနဲ့လိုက်ဖက်ပြီး လှပတင့်တယ်တဲ့ အသုံးအဆောင်တွေကို သုံးထားပါတယ်။ တံခါးတွေဆိုလည်း Home Plus က၊ ကြွေပြားဆိုလည်း Roma တံဆိပ်တွေနဲ့ အလှဆင်ထားပါတယ်။ Kitchen cabinet ဆိုလည်း Outlee Kitchen ကပါ။

*** ဟုတ်ပါပြီ။ ဒီတော့ ပြီးပြည့်စုံတဲ့ နေအိမ်တစ်အိမ်ဆိုတဲ့ အဓိပ္ပာယ်ကိုရော ဘယ်လိုမြင်ပါသလဲ။**

ပြီးပြည့်စုံတဲ့ နေအိမ်တစ်ခုဆိုတာ အစ်မအမြင်မှာတော့ သန့်ရှင်းသပ်ရပ်ပြီး နေချင်စဖွယ် ဖြစ်ရမယ်၊ ပြီးတော့ နေထိုင်သူအတွက် စိတ်ချမ်းသာမှုကို ပေးစွမ်းနိုင်ရမယ်လို့ မြင်ပါတယ်။

*** ဒီလို ပြုံင်ပွဲဝင်လိုက်တဲ့ အတွက် ဘယ်လို အကျိုးကျေးဇူးတွေ ရရှိလာမယ်လို့ရော ထင်ပါသလဲ။**

ပြိုင်ပွဲဝင်လိုက်တဲ့အတွက် ကိုယ့်ရဲ့ အိမ်နဲ့ ပတ်သက်တဲ့ ခံစားချက်၊ အမြင်တွေကို စာဖတ်ပရိသတ်ကို ဝေမျှပြီး သားဖြစ်သွားမယ်။နောက်ပြီး ပြိုင်ပွဲဝင်တစ်ယောက်ဖြစ်တဲ့အတွက်သူများတွေရဲ့ အိမ်နဲ့ပတ်သက်တဲ့ idea တွေကိုလည်း မျှဝေခံစားခွင့်ရမှာပါ။ ■



စတိုင်ကျကျ အိမ်အလှပြုင်ပွဲ

ယခုပဲ ပါဝင်ယှဉ်ပြိုင်လိုက်ပါ

အလှပဆုံးသောအိမ်

အထူးဆုကြီး

GRAND PRIZE - LORENZO SOFA SET

LORENZO
LIVING STARTS HERE...

ပြိုင်ပွဲဝင်များအတွက် သတ်မှတ်ချက်များ
(၁) မြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) ပေါင်းရမည့် အတိုဝုံအရေအတွက် - ၄ ဝုံ
(ဧည့်ခန်း + ပင်မအိပ်ခန်း + ထမင်းစားခန်း + အိမ်တော်အိပ်ခန်းများကြည့်ရှုခွင့်ဆောက်ဝုံ)
(၃) တင်ပြရမည့်ဓာတ်ပုံအရွယ် - ၁၀" x ၁၅"

** ဝင်ရောက်ယှဉ်ပြိုင်မှုသော ပြိုင်ပွဲဝင်အားလုံးအား ကျော်ငှာ ၂၀၁၀ ခုနှစ် Castella လက်ဆောင် ဆွဲသောက်ရှားပေးမည်။ ***

(၇ကြိမ်မြောက်)
HONORABLE MENTIONS - 2 PRIZES
DUNLOPILLO KING SIZE MATTRESS
OSIM UPHORIA FOOT MASSAGER

Dunlopillo
OSIM

ပြိုင်ပွဲရက်
ပေါင်းရန်နေ့ရက်ဆုံးရက် - ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်
ဆုံးဖြတ်ပွဲကျင်းပမည့်ရက် - ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်

အကောင်းဆုံး INTERIOR DESIGN

အထူးဆုကြီး

PACKAGE TOUR TO BANGKOK
FOR 2 PERSONS (4 NIGHTS /5 DAYS)

ပြိုင်ပွဲဝင်များအတွက် သတ်မှတ်ချက်များ
၁။ မြန်မာနိုင်ငံသားဖြစ်ရမည်။
၂။ Interior Design သင်တန်းများ တက်ရောက်ဖြေဆိုခဲ့ကာ သက်ဆိုင်ရာလက်မှတ်ရရှိထားရမည်။
၃။ Association of Myanmar Interior Designs သို့မဟုတ် မိမိတက်ရောက်ခဲ့သော သင်တန်းကြေးမှတ်ပုံတင်ထားသော
အသင်းအဖွဲ့တစ်ခုခုတွင် အသင်းဝင်အဖြစ် ဝင်ရောက်ထားရှိရမည်။

တင်ပြရမည့် ဒီဇိုင်း
၁။ မြန်မာနိုင်ငံအတွင်း မည်သည့်နေရာတွင်ဖြစ်စေ တည်ဆောက်ပြီးစီးသော Interior Design လက်ရာတို့ကို ရွေးချယ်ရမည်။
၂။ Design အချို့အား ကြိုတင်ရေးဆွဲထားခြင်း မပြုရပါ။ (၁၀" x ၁၅" တစ်ပုံတည်းသာ)
ဥပမာ - ဂျုံနေရောင်၊ အလှဆင်ပြီးနောက် ပြီးသော်၊ စသောအတိုင်းသော်လည်းကောင်း တည်ဆောက်ပြီး Interior Design ကိုဖြစ်စေရမည်။
၃။ တင်ပြသောဒီဇိုင်း Design ၏ ပြီးပြည့်စုံမှုနှင့် ပေးသည့်အလင်္ကာ ပြိုင်ပွဲဝင်ကိုယ်တိုင်ဖြစ်သော 3D Rendering (သို့မဟုတ်) ပြီးမြောက်ပြီးသည့်ပုံ) ပြီးမှသာ ရွေးချယ်ခံစားခွင့်ရှိသော
Orthographic Plan Elevation Section များကိုလည်း ပုံတွဲတင်ပြရမည်ဖြစ်ပြီး (၁၀" x ၁၅" အတိုင်းတာဖြင့်)
၄။ အထက်ပါ ၁၀" x ၁၅" ခွံမှုံ (၂ပုံ) နှင့်အတူ Design ဖြစ်ပေါ်ထင်ရှားခဲ့ပုံ Design ယဉ်ပုံများ (Concept) ကိုလည်း A4 တစ်ရွက်စာအတိုင်းရေးသားတင်ပြရမည်။
ဓာတ်ပုံများ ၁၀" x ၁၅" အတိုင်းရရှိသည့် Design ဖိုင်တွဲသည် Design Company ဖြစ်သည့် Logo ပေးသည့်အတိုင်းသာမျှ (၄ဖွဲ့) ပေးပို့ရမည်။

ဆုကြီးများ ရယူနိုင်ပါ

ပြိုင်ပွဲစီမံ
ပေးပို့ရန်နေ့ရက်ဆုံးရက် - ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၀ ရက်
ဆုံးဖြတ်ပွဲကျင်းပမည့်ရက် - ၂၀၁၃ ခုနှစ်၊ မေလ ၂၄ ရက်
Sponsor - Natlay Co.,Ltd & Casabella Home Furnishing Center
Organizer - The Myanmar Times
Supported by - Association of Myanmar Interior Design (AMID) & Natlay Design Studio (NDS)

(၇ကြိမ်မြောက်)
HONORABLE MENTIONS - 2 PRIZES
massimo
- **MASSIMO RECLINER CHAIR**
eko
Office Solution
- **OFFICE CHAIR**

"အကောင်းဆုံးသောအိမ်" ပြိုင်ပွဲအတွက် အကဲဖြတ်ဆုံးဖြတ်မည့်ပုဂ္ဂိုလ်များ
(၁) နိုင်ငံတော်
Association of Myanmar Interior Design
(၂) ဒေါ်စော်ဝတာ
(NatRay Co.,Ltd)
(၃) မဟာဇေယျစံပယ်ဝင်း
(Myanmar Consolidated Media Limited)
(၄) မဟာဘုဝနသိန်းဝင်း
(NatRay Design Studio)မှ Interior Designer

ဆက်သွယ်ရန် Interior Design အတွက် ဆက်သွယ်ရန်လိပ်စာများ
(၁) ဒေါ်စော်ဝတာ (NatRay Co.,Ltd)
(၂) မဟာဇေယျစံပယ်ဝင်း (Myanmar Consolidated Media Limited)
(၃) ဒေါ်မြင့်မြင့် (Former Principal ZK School of Design)
(၄) ဦးဝင်းမြင့် (Architect)
(၅) ဦးဇော်မိုး (Senior Interior Designer)
(၆) မဟာဘုဝနသိန်း (NatRay Design Studio)မှ Interior Designer
ဖုန်းနံပါတ်
၁။ ပြိုင်ပွဲဝင်များ ဆက်သွယ်ရန် ဖုန်းနံပါတ်များ (Interior Design များတွင် ဆက်သွယ်ရန်ဖုန်းနံပါတ်များ ပါရှိစေရန်)
၂။ AMID အသင်းဝင် အတော်အများ ဖုန်းနံပါတ်များ ပြောင်းလဲသွားခြင်းကြောင့်
09 5090 575 | 09 5109 253 | 09 7359 3676 Email: interior.amid@gmail.com

---

အမည် ..... အမျိုးအမှတ်(နိုင်ငံသား/တိုင်းရင်းသား) ..... ဘဝင်ထောက်(ဖြူ/မည်း) ..... အသက် ..... ကျား/မ .....
အလုပ်အကိုင် ..... ဖုန်းနံပါတ် .....
အကဲဖြတ်ပေးမည့်ပုံစံ (ပုံစံနံပါတ်) ..... ဖုန်းပေးရန် ..... ဖြတ်ပုံ ..... ဖြတ်ပုံနေ့ ..... လက်မှတ် .....

Main Sponsors
MYANMAR TIMES | NatRay Design Studio | Castella
LORENZO | Dunlopillo
Co- Sponsors
NOW! | OSIM

THE MYANMAR TIMES
World
အာဆီယံကား ■ ဥရောပ ■ အမေရိကန်ပြည်ထောင်စု
သောကြာနေ့၊ ဖေဖော်ဝါရီ ၂၂ - ၂၈၊ ၂၀၁၃

ဆီးရီးယားသူပုန်များ အာဆတ်အိမ်တော်ကို စိန်ပြောင်းဖြင့်ပစ်

ဖေဖော်ဝါရီလ ၁၈ ရက် တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သူများတွင် ကလေး ၁၄ ဦးနှင့် အမျိုးသမီး ငါးဦးပါဝင်ပြီး သေဆုံးသူအရေအတွက်မှာ မြင့်တက်လာဖွယ်ရှိကြောင်း ဆီးရီးယားလူ့အခွင့် အရေး စောင့်ကြည့်လေ့လာသည့်အဖွဲ့ကပြောကြားခဲ့၊ မြေပြင်မှ မြေပြင်ပစ်ဒုံးကျည်ဖြင့် တိုက်ခိုက်ခြင်းဖြစ်နိုင်



ဆီးရီးယားနိုင်ငံမြောက်ပိုင်း အလပ်ပို့မြို့ ဒုံးကျည်ဖြင့်တိုက်ခိုက်ခံရသည့်နေရာကို ဒေသခံများက စစ်ဆေးကြည့်ရှုနေကြစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

ဒမတ်စကတ် – ဆီးရီးယားနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် အလက်ပို မြို့အစွန်ရှိ လူနေဒေသတစ်ခုသို့ ဖေဖော်ဝါရီလ ၁၈ ရက်နေ့ နှောင်းပိုင်းက ဆီးရီးယားအစိုးရက မြေပြင်မှမြေပြင် ပစ်သည့် ဒုံးကျည်ဟုယူဆရသည့် ဒုံးကျည်ဖြင့် ပစ်ခတ်ခဲ့ခြင်းကြောင့် လူ ၃၁ ဦးထက်မနည်း သေဆုံးခဲ့ပြီးနောက် ဖေဖော်ဝါရီလ ၁၉ ရက်နေ့က ဆီးရီးယား မြို့တော်ရှိ သမ္မတ ဘာရှာ အယ်လ်-အာဆတ်၏ အိမ်တော်များထဲမှတစ်ခုကို သူပုန်များဘက်မှ စိန်ပြောင်းများဖြင့် ပစ်ခတ်ခဲ့သည်။

ဖေဖော်ဝါရီလ ၁၈ ရက် တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သူများတွင် ကလေး ၁၄ ဦးနှင့် အမျိုးသမီး ငါးဦးပါဝင်ပြီး သေဆုံးသူအရေအတွက်မှာ မြင့်တက်လာဖွယ်ရှိကြောင်း ဆီးရီးယားလူ့အခွင့် အရေး စောင့်ကြည့်လေ့လာသည့်အဖွဲ့က ပြောကြားခဲ့သည်။

ဒုံးကျည်နှင့်ပစ်ခတ်ခံရစဉ်က ကောင်းကင်တွင် လေယာဉ်ပျံများ မတွေ့ရကြောင်း ဒေသခံများ၏ ပြောကြားချက်အရသိရပြီး ပျက်စီးမှုပမာဏကြောင့် ယင်းတိုက်ခိုက်မှုမှာ မြေပြင်မှမြေပြင် ပစ်သည့်ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့ခြင်း ဖြစ်နိုင်ကြောင်း လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့မှ ရာမီအဗွဒလ်ရာမန်းက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

လူအမြောက်အများကို ဘေးလွတ်ရာသို့ ပိုမိုပြောင်းရွှေ့ပေးနိုင်ရန် အတွက် ရုရှားရေတပ်က မြေထဲပင်လယ်သို့ စစ်သင်္ဘောလေးစင်း စေလွှတ်လိုက်သည်ဟုဆိုခြင်းကြောင့် ဆီးရီးယားရှိ ရုရှားလူမျိုးဒါဇင်ပေါင်းများစွာက ရုရှားနိုင်ငံက စေလွှတ်လိုက်သည့် လေယာဉ်တစ်စင်းဖြင့် ထွက်ခွာသွားပြီးနောက် ထိုတိုက်ခိုက်မှု ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပြီး လွတ်လပ်သော ဆီးရီးယားတပ်မတော် (FSA) က ယင်းတိုက်ခိုက်မှုမှာ ၎င်း တို့၏လက်ချက်ဟု ပြောကြားခဲ့သည်။

ဒမတ်စကတ်မြို့ရှိ ဆေးရုံနှစ်ရုံနှင့် Tishreen အိမ်တော်၏ တောင်ဘက် စွန်းရှိ အုတ်တံတိုင်းအနီး နေရာတစ် ခုတွင် အမြောက်ဆန်များ ကျရောက် ပေါက်ကွဲခဲ့ပြီး အပျက်အစီးများဖြစ် ပေါ်ခဲ့ကာ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း အမည်မဖော်လိုသူ အရာရှိ တစ်ဦး၏ ပြောကြားချက်ကို ကိုးကားပြီး နိုင်ငံပိုင်သတင်းဌာန SANA က ဖော်ပြ ခဲ့သည်။

ဒမတ်စကတ်မြို့ အနောက်ဘက်ရှိ Tishreen အိမ်တော်မှာ ပုံမှန်အားဖြင့် ရာထူးဌာနန္တရကြီးသူများ နေထိုင်ရာ နေရာဖြစ်ပြီး ပဋိပက္ခဖြစ်ပွားနေသည့် ၂၃ လတာ အတောအတွင်း အိမ်တော် တစ်ခုအနားသို့ ထိုသို့ အမြောက်ဆန် ကျရောက်ပေါက်ကွဲခြင်းမှာ ပထမဆုံး အကြိမ်ဖြစ်ကြောင်း သမ္မတအာဆတ်၏ အစိုးရက ထုတ်ပြန်ကြေညာခဲ့သည်။ တိုက်ခိုက်ခံရမှုနှင့်ပတ်သက်ပြီး သမ္မတ အာဆတ်ဘက်မှ လှုပ်ရှားဆောင်ရွက်မှု များကိုမသိရှိရသေးပေ။ **(အေအက်ဖ်ပီ) ဝင်းသော်တာ ဘာသာပြန်သည်။** ■

ရီးဒါးဒိုင်ဂျက်မဂ္ဂဇင်း ဘဏ္ဍာရေးအကျပ် အတည်း ကြုံတွေ့နေရ

စာဖတ်သူဦးရေ လျော့ကျလာကာ ဆက်လက်ရပ်တည်ရန် အခက်အခဲ များနှင့်ရင်ဆိုင်နေရသည့် ရီးဒါးဒိုင်ဂျက် မဂ္ဂဇင်း၏ မိခင်ကုမ္ပဏီကြီးသည် လေးနှစ်အတွင်း ဒုတိယအကြိမ်အဖြစ် (အမေရိကန်ပြည်ထောင်စုရှိ ဒေဝါလီခံခြင်းဥပဒေ အခန်း ၁၁ ဟုလူသိများသော) ဒေဝါလီမခံဘဲ ကြွေးမြီများတင်ရှိလျက်ပင် ဆက်လက်လုပ်ကိုင်လည် ပတ်ခွင့်ကို တင်ထားရပြန်ပြီဖြစ်သည်။

RDA Holding Co သည် ခြောက်လ မတိုင်မီပင် အခန်း ၁၁ မှ ပြန်လည် ရုန်းထရန် ရည်ရွယ်ထားကြောင်း ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင်ပြောကြား ခဲ့ကာ ယင်းတို့၏ ပြုပြင်ပြောင်းလဲမှု ကြောင့် အဆိုပါကာလ၌ ကုမ္ပဏီ၏ ကြွေးမြီများကို ၈၀ ရာခိုင်နှုန်း၊ သို့မဟုတ် အမေရိကန်ဒေါ်လာသန်း ၁၀၀ ထိ လျှော့ချသွားနိုင်မည်ဟုဆိုသည်။ ကုမ္ပဏီ သည် ယင်းကာလအတောအတွင်း မဂ္ဂဇင်းကို ဆက်လက် ထုတ်ဝေသွား မည်ဖြစ်သည်။

ကုမ္ပဏီအပေါ် တင်ရှိနေသည့် ဘဏ်ကြွေးများ အပြီးသတ်ပေးချေ ရမည့် ချေးငွေဒေါ်လာ ၁၀၅ သန်း၏ အစိတ်အပိုင်းအဖြစ် မြီရှင်တစ်စုက ကုမ္ပဏီကို ဆက်လက်လည်ပတ်ရန် ဖော်ပြပါကာလအတွင်း ဒေါ်လာ ၄၅ သန်း ပေးချေနေခဲ့ကြောင်း ရီးဒါး ဒိုင်ဂျက်ကုမ္ပဏီက ပြောသည်။

"ဒါဟာ ရီးဒါးဒိုင်ဂျက်အတွက် နောက်ဆုံးအခြေအနေ ဖြစ်ကောင်း ဖြစ်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ကုမ္ပဏီဟာ စာဖတ်သူဦးရေနဲ့ ကြော်ငြာတွေ အရမ်းကိုကျနေပါတယ်" ဟု ဘောလ်စတိတ်တက္ကသိုလ်မှ သတင်း စာပညာရပ်ဆိုင်ရာ ပါမောက္ခဒေးဗစ် ဆွမ်နာက ပြောသည်။

ကုမ္ပဏီသည် ဘဏ္ဍာရေးအကျပ် အတည်းကာလအတွင်း ဖြေရှင်းမှုတချို့ ကိုလည်း ပြုလုပ်ခဲ့ကြောင်း အေပီ သတင်းဌာနက ဖော်ပြခဲ့သည်။

> **ဒါဟာ ရီးဒါးဒိုင်ဂျက် အတွက် နောက်ဆုံး အခြေအနေ ဖြစ်ကောင်းဖြစ်မယ် လို့ထင်ပါတယ်..**

"ဘဏ္ဍာငွေကျဆင်းလာသဖြင့် ရီးဒါး ဒိုင်ဂျက်သည် ယင်း၏ ပိုင်ဆိုင်မှုများကို ရောင်းချလာခဲ့သည်။ ယင်း၏ အစားအစာဝက်ဘ်ဆိုက် Allrecipes.com ကို ယမန်နှစ်က ဒေါ်လာ ၁၇၅ သန်းဖြင့်လည်းကောင်း၊ Every Day with Rachael Ray အချက်အပြုတ် မဂ္ဂဇင်းကို ၂၀၁၁ ခုနှစ်တွင်လည်း ကောင်း ရောင်းချခဲ့သည်" ဟု အေပီ သတင်းက ဆိုသည်။ အောဒစ်တက် မီဒီယာ၏အဆိုအရ ယမန်နှစ်ကုန်တွင် ရီးဒါးဒိုက်ဂျက် မဂ္ဂဇင်းအတွက် ငွေပေး သွင်းဝယ်ယူသောစောင်ရေမှာ သုည ဒသမ ၆ ရာခိုင်နှုန်းကျဆင်းပြီး ၅ ဒသမ ၅ သန်းသာရှိတော့သည်။ ၁၉၅၅ ခုနှစ်က စောင်ရေမှာ ၁၅ သန်း ကျော်ရှိသည်ဟုဆိုသည်။ **(အင်နီပီအာရ်) ဇော်ဝင်း ဘာသာပြန်သည်။** ■



စောင်ရေကျဆင်း၍ ကြွေးမြီများဖြင့်ခရီးဆက်နေရသည့် ရီးဒါးဒိုက်ဂျက်မဂ္ဂဇင်း။

ဆော်ဒီ ဘုရင့်အတိုင်ပင်ခံ ရှူရာကောင်စီ အမျိုးသမီးများ ပထမဆုံးအကြိမ် ရွေးချယ်ခံရ

ရီယတ် – ဆော်ဒီအာရေဗျနိုင်ငံ၏ ဘုရင့်အတိုင်ပင်ခံဖြစ်သော ရှူရာ ကောင်စီ (Shura Council) တွင် ဆော်ဒီ အမျိုးသမီး အယောက် ၃၀ နေရာရရှိပြီး ရီယတ် ဘုရင့်နန်းတော်၌ ဖေဖော်ဝါရီ လ ၁၉ ရက်နေ့က ဘုရင် အဗ္ဗဒူလာ ရှေ့မှောက် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြကာ ရွေးချိုးအလွန်ဆန်ပြီး သက်ဦးဆံပိုင် ဘုရင်အုပ်ချုပ်သည့် နိုင်ငံသမိုင်းတစ် လျှောက် ပထမဆုံးအကြိမ်အဖြစ် အမျိုး သမီးများ နေရာရရှိခြင်းဖြစ်သည်။

လုပ်ဖော်ကိုင်ဖက် အမျိုးသား ၁၃၀ နှင့်အတူ အခန်းတစ်ခန်းတည်းတွင် တစ် ပေါင်းတည်း နေရာယူကာ ကျမ်းသစ္စာ ကျိန်ဆိုခဲ့ကြသည်ဟု နိုင်ငံပိုင် ရုပ်မြင် သံကြားက ကြေညာခဲ့သည်။

"နိုင်ငံဖွံ့ဖြိုးရေးအတွက် ကျွန်ုပ်တို့ အားလုံးပျော့ပျောင်းညင်သာစွာနဲ့ အတူ လက်တွဲလုပ်ဆောင်နေကြပါတယ်" ဟု ဘုရင်အဗ္ဗဒူလာက နိုင်ငံပိုင်ရုပ်မြင် သံကြားတွင်ထုတ်လွှင့်သော အတိုချုပ် ရှင်းလင်းချက်တွင် ပြောကြားခဲ့သည်။

တက္ကသိုလ်မှဘွဲ့ရများ၊ လူ့အခွင့် အရေးလှုပ်ရှားသူများနှင့် ဘုရင့်မျိုးနွယ် ဝင် မင်းသမီးနှစ်ပါးပါဝင်သည့် အမျိုး သမီးများအား ဆော်ဒီအတိုင်ပင်ခံ ကောင်စီအဖြစ် လူသိများသောအဖွဲ့၌ အမှုထမ်းဆောင်ရန် ဇန်နဝါရီလ ၁၁ ရက် နေ့တွင် ဘုရင်ကခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ကာကွယ်စောင့်ရှောက်သူ အမျိုးသား တစ်ဦး လိုက်ပါခြင်းမရှိဘဲ ခရီးသွားခွင့်၊ ကားမောင်းခွင့်အစရှိသည့် တင်းကျပ် သည့်စည်းမျဉ်းများဖြင့် ဆော်ဒီအမျိုး သမီးများအပေါ် စည်းကမ်းသတ်မှတ် ထားသည့် ဘုရင့်နိုင်ငံတွင် ယခုချမှတ် လိုက်သည့် အမိန့်က အထင်အရှား ထိုးဖောက်ကျော်လွှားနိုင်ခဲ့သည်။

အစ္စလမ္မစ်ရှရီယာဥပဒေ၏တင်းကျပ် သည့် ပြဋ္ဌာန်းချက်ကို လက်ခံထား သော ဆော်ဒီအာရေဗျနိုင်ငံ၏ဘာသာ ရေးခေါင်းဆောင်များနှင့် ဆွေးနွေး တိုင်ပင်ပြီးနောက် ယင်းဆုံးဖြတ်ချက်ကို ဘုရင်ကိုယ်တိုင် ချမှတ်ခဲ့ခြင်းဖြစ်သည်။

အဗ္ဗဒူလာသည် ၂၀၀၅ ခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် ဒေသန္တရ ဆိုင်ရာ ရွေးကောက်ပွဲများ ကျင်းပပြီး အပြောင်းအလဲများဆီသို့ ဦးတည်၍ ချင့် ချင့် ချိန် ချိန်ဖြင့် ဂရုတစိုက် လုပ်ဆောင်ခဲ့သည်။

၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် ဒေသ တွင်း ရွေးကောက်ပွဲတွင် အမျိုးသမီးများ မဲပေးခွင့်၊ ဝင်ရောက်အရွေးခံခွင့်ကို ၂၀၁၁ ခုနှစ်ကပေးခဲ့ပြီး "ဆော်ဒီ လူ့အဖွဲ့အစည်းမှာ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍကို ဘေးဖယ်ထားတာတွေ ကို ကျွန်တော်တို့ ကန့်ကွက်ပါတယ်" ဟု ဆိုသည်။ **(အေအက်ဖ်ပီ)**

သဲသဲထွေး ဘာသာပြန်သည်။ ■

အာဖဂန်လမ်းပေါ်ကလူငယ် ကလေးအော်စကာပွဲ တက်မည်

ကဘူးလ်– သူသည် ရုပ်ရှင်ဇာတ်ကား တစ်ကားတွင် ဇာတ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ခွင့်ရခဲ့သည်။ သူ့အဖို့မမျှော်လင့်သော အခွင့်အရေးတစ်ခုဖြစ်သည်။

အာဖဂန်လမ်းပေါ်မှ ကလေးတစ်ယောက်သည် ဒဏ္ဍာရီပုံပြင်တစ်ပုဒ်ဟု ဆိုရမလောက်ပင် အမေရိကန်နိုင်ငံ၊ ဟောလိဝုဒ်ရုပ်ရှင်မြို့တော်သို့ သွားရောက်ကာ အော်စကာဆုရွေးပွဲတွင် ကော်ဇောနီဖြင့် ကြိုဆိုခြင်းကို ခံရမည့် အဖြစ်ကြုံခဲ့ရသည်။

အသက် ၁၄ နှစ်ရှိ ဖာဝပ်မိုဟမ်မဒီသည် မိသားစုကို ထောက်ပံ့ရန် ကဘူးလ်မြို့၏ ကျော်ကြားသော Chicken Street လမ်းပေါ်တွင် သွားလာနေခဲ့သည့် နိုင်ငံခြားသားများအား မြေပုံများကိုရောင်းနေစဉ် အမေရိကန် ဒါရိုက်တာ ဆမ်ဖရင့်ချ်နှင့်တွေ့ဆုံခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ရုပ်ရှင်ဇာတ်ကားတစ်ကားလုံးကို ရိုက်ခဲ့ပြီး ဖေဖော်ဝါရီလ ၂၄ ရက်နေ့၌ အကယ်ဒမီရွေးပွဲတွင် "Best Live Action Short Film" အတွက် အဆိုပြုခံရသော "Buzkashi Boys" တွင် အဓိကဇာတ်ကောင်များထဲမှ တစ်ဦးအဖြစ်



အော်စကာဆုယူမည့် အသက် ၁၄ နှစ်ရှိ ဖာဝပ်မိုဟမ်မဒီ (ဝဲ)။ အေအက်ဖ်ပီ

ဖရင့်ချ်က မိုဟမ်မဒီကို သရုပ်ဆောင်စေသည်။

သူမိသားစုတွင် သားအငယ်ဆုံးဖြစ်သော မိုဟမ်မဒီသည် မြေပုံများနှင့် အဘိဓာန်များကို Chicken Street ပေါ်တွင်ရောင်းရင်း အင်္ဂလိပ်စာသင်ခဲ့သည်။ မိုဟမ်မဒီ၏ ကြင်နာတတ်ပြီး စိတ်ကောင်းစေတနာရှိသော ပင်ကို စရိုက်သည် ရုပ်ရှင်ထဲရှိ ဇာတ်ကောင်၏ စရိုက်နှင့်တူသောကြောင့် ၎င်းအား ထူးထူးခြားခြား သရုပ်မဆောင်စေဘဲ ပင်ကိုစရိုက်အတိုင်း နေစေခဲ့ခြင်းဖြင့် ဇာတ်လမ်းဇာတ်ကွက်တွင် အောင်မြင်စွာ သရုပ်ဆောင်နိုင်ခဲ့သည်ဟု ဖရင့်ချ်ကဆိုသည်။ **(အေအက်ဖ်ပီ)**

ညွန့်ညွန့်ဝင်း ဘာသာပြန်သည်။ ■

၂၀၁၂ ခုနှစ် အာဖရိကဆင် အသေဆုံးနှစ်ဖြစ်

နိုင်ရိုဘီ– ၂၀၁၂ ခုနှစ်တွင် အမဲလိုက်အသတ်ခံရသော အာဖရိက ဆင်အရေအတွက်မှာ ပြီးခဲ့သောနှစ်တွင် တရားမဝင်အသတ်ခံရသည့် အရေအတွက် ၂၅,၀၀၀ ထက် ပိုမိုများလာနိုင်ဖွယ်ရှိသည်ဟု ကုလသမဂ္ဂ တောရိုင်းတိရစ္ဆာန်ကုန်သွယ်မှု ထိန်းချုပ်ရေးအဖွဲ့ (CITES) အကြီးအကဲက ဖေဖော်ဝါရီလ ၁၉ ရက်တွင် ပြောကြားခဲ့သည်။

"အာဖရိကဆင်များ ကျက်စားရာ စားကျက်များမှာ ၂၀၁၁ ခုနှစ်က ဆင်အကောင်ရေ ၂၅,၀၀၀ ခန့် တရားမဝင်အသတ်ခံခဲ့ရတယ်။ ကျွန်တော်တို့ ယခုထိရရှိထားတဲ့ လေ့လာချက်တွေအရ ၂၀၁၂ ခုနှစ်မှာ အခြေအနေဟာ ပိုမိုဆိုးရွားလာဖွယ်ရှိတယ်"ဟု CITES အတွင်းရေးမှူးချုပ် ဂျွန်စကန်လွန်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

၂၀၁၁ ခုနှစ်တွင် အသတ်ခံခဲ့ရသော ဆင် ၂၅,၀၀၀ ခန့်တွင် ၁၇,၀၀၀ ခန့်မှာ ၎င်းတို့ကျက်စားရာ စားကျက် ၄၀ ရာခိုင်နှုန်းခန့်တွင် CITES က မှတ်တမ်းတင်နိုင်ခဲ့ခြင်းဖြစ်ပြီး ကျန်အရေအတွက်မှာမူ ခန့်မှန်းတွက်ချက်မှုဖြစ်သည်။

"Save the Elephants" အဖွဲ့တည်ထောင်သူ ဒေါက်တာလပ်စ်ဟမ်မီတန်က နိုင်ရိုဘီတွင်ကျင်းပခဲ့သော ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ် (UNEP) ဌာနချုပ်၏ အစည်းအဝေးပွဲ၀ေးထွက်ဆွေးနွေးပွဲတစ်ခုတွင် သတင်းထောက်များကို ပြောကြားရာ၌ ၁၉၇၀ ပြည့်လွန်နှစ်များနှင့် ၁၉၈၀ ပြည့်လွန်နှစ်များတွင် အသတ်ခံရသော ဆင်အရေအတွက်မှာ ပိုမိုများပြားခဲ့သော်လည်း ယနေ့အချိန်တွင် ဆင်ကောင်ရေလက်ကျန်မှာ အလွန်နည်းလွန်းပြီး ဆင်စွယ်ဝယ်လိုအားမှာလည်း ယခင်အချိန်များကထက် ပိုမို များပြားလာနေ၍ အခြေအနေမှာ အကျပ်အတည်းတစ်ခုပင်ဖြစ်သည်။ အင်တာပို (Interpol)

ရာဇဝတ်ဂိုဏ်းတွေကို မဖြေရှင်းနိုင်မချင်း ဆင်အမဲလိုက်ခံရမှု ဆက်လက် ဖြစ်ပွားနေဦးမှာပဲ ...

နိုင်ငံတကာ ရဲအဖွဲ့၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရာဇဝတ်မှုဌာနခွဲ အကြီးအကဲ ဒေးဗစ်ဟစ်ဂင်အဆိုအရ အမဲလိုက်သတ်ဖြတ်မှုများမှာ ရာဇဝတ်ဂိုဏ်းဖွဲ့၍ လုပ်ဆောင်ကြသည်များကြောင့် ၎င်းတို့တွင် အာဖရိကမှ သူပုန်အုပ်စုများအပြင် တခြားသော အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်စပ်မှုရှိသည်ဟုဆိုသည်။

"ဒီ ရာဇဝတ်ဂိုဏ်း ကွန်ရက်တွေကို မဖြေရှင်းနိုင်မချင်း ဆင်အမဲလိုက်ခံရမှုက ဆက်လက်ဖြစ်ပွားနေဦးမှာပဲ"ဟု ဟစ်ဂင်ကဆိုသည်။ အာဖရိကသည် ဆင်စွယ်နှင့် ကြံ့ချိုကဲ့သို့သော တောရိုင်းတိရစ္ဆာန်ထုတ်ကုန်များ တရားမဝင် ကုန်သွယ်မှု တစ်ဟုန်ထိုး တိုးမြင့်လာနေသော ဒေသတစ်ခုဖြစ်သည်။

ဆင်စွယ် တစ်ကီလိုဂရမ်ကို အာရှမှောင်ခိုဈေးကွက်တွင် အမေရိကန်ဒေါ်လာ ၂,၀၀၀ ခန့် တန်ဖိုးရှိပြီး ကြံ့ဦးချို့များမှာ တစ်ကီလိုဂရမ်ကို အမေရိကန်ဒေါ်လာ ၈၀,၀၀၀ ထိ ရရှိနိုင်သည်။ ပြီးခဲ့သောနှစ်နှစ်အတွင်း ကြံ့အကောင်ရေ ၂,၀၀၀ ခန့် အမဲလိုက်သတ်ဖြတ်ခံခဲ့ရသည်။ ၎င်းမှာ ကြံ့ကောင်ရေ ၂၅,၀၀၀ ခန့်သာ ကမ္ဘာပေါ်တွင် ကျန်ရှိတော့၍ များပြားသည်ဟုယူဆရမည်။ ဆင်စွယ်ရောင်းဝယ်မှုကို ခြွင်းချက်အနေဖြင့် ၁၉၈၉ ခုနှစ်ကတည်းက တရားမဝင် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ အာဖရိကရှိ ဆင်အရေအတွက် ၂၀ ရာစုအလယ်ပိုင်းတွင် သန်းချီရှိခဲ့ရာမှ ၁၉၈၀ ပြည့်နှစ်တွင် ခြောက်သိန်းခန့်အထိ လျော့ကျအပြီး ထိုသို့ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ အာဖရိကတွင် ယခုအချိန်၌ ဆင်ကောင်ရေ ၄၇,၀၀၀ ခန့် ကျန်ရှိကြောင်း သိရသည်။ **(အေအက်ဖ်ပီ)**

ဖြိုးဝင်းကိုကို ဘာသာပြန်သည်။ ■



ရုရှားတွင် ဥက္ကာပျံကျ၊ လူ ၁,၀၀၀ နီးပါးဒဏ်ရာရ

ယူရယ်တောင်တန်းဒေသ၊ ချီလျာဘင့်မြို့အထက် အနိမ့်ပိုင်း လေထုလွှာ အတွင်း ကျယ်လောင်သည့် ပေါက်ကွဲသံကြီးနှင့်အတူ လင်းထိန်သွားခဲ့



ချီလျာဘင့်မြို့ပေါ်တွင် ဥက္ကာပျံကျလာစဉ် တွေ့ရသည့် မီးခိုးတန်းကြီး။ ဓာတ်ပုံ - အေအက်ဖ်ပီ

မော်စကို– ဖေဖော်ဝါရီလ ၁၅ ရက် နံနက်က ရုရှားနိုင်ငံ အလယ်ပိုင်း ကောင်းကင်ယံမှနေ၍ ဥက္ကာပျံတစ်ခု ပေါက်ကွဲပြီးကျလာသဖြင့် အဆောက်အအုံ ပြတင်းပေါက်မှန်များ ကွဲအက် လွင့်စဉ်ထွက်ရာမှ လူ ၁,၀၀၀ နီးပါး ဒဏ်ရာရရှိခဲ့သည်။

သို့သော် ယင်းဥက္ကာပျံပေါက်ကွဲပြီး နာရီပိုင်းကြာမှ ပညာရှင်များ 2012 DA 14 ဟု အမည်ပေးထားသော ဂြိုဟ်သိမ်တစ်ခု ကမ္ဘာနှင့်အနီးဆုံးအကွာအဝေး မိုင် ၁၇,၂၀၀ ခန့် (ကီလိုမီတာ ၂၇,၇၀၀) မှ ဖြတ်သန်းသွားခြင်းနှင့် ဆက်နွယ်မှု လုံးဝမရှိကြောင်း ဆိုသည်။

ယူရယ်တောင်တန်းဒေသ၊ ချီလျာဘင့်မြို့အထက် အနိမ့်ပိုင်း လေထုလွှာ အတွင်း ကျယ်လောင်သည့် ပေါက်ကွဲသံကြီးနှင့်အတူ မျက်စိကျိန်းမတတ် ဝင်းထိန်သွားသည့်ဖြစ်ရပ်ကို ယာဉ်မောင်းသူများပင် ရပ်တန့်ကြည့်ရှုခဲ့ကြသည်။

ယခုကဲ့သို့ တန်ခိုန် ဒါဇင်ပေါင်းများစွာလေးမည်ဟု ခန့်မှန်းရသည့် ဥက္ကာပျံကြီး မြေကမ္ဘာပေါ် သို့ မီးလောင် ကျလာမှုမျိုးသည် အလွန်ရှားပါးလှပြီး လူနေထူထပ်သည့် ဒေသပေါ် သို့ ကျရောက်လျှင်လည်း အသေအပျောက် မကြုံဖူးလောက်အောင် များပြားမည် ဖြစ်သည်။

ချီလျာဘင့်ဒေသ အုပ်ချုပ်ရေးမှူး၏ အဆိုအရ ယခုဖြစ်ရပ်ကြောင့် ထိခိုက် ဒဏ်ရာရသူပေါင်း ၉၅၀ ရှိသည့်အနက် သုံးပုံနှစ်ပုံသည် မှန်ကွဲစများ ထိမှန်၍ လည်းကောင်း၊ ပေါက်ကွဲသည့် လှိုင်း ဂယက်ကြောင့် လွင့်စဉ်သည့်ပစ္စည်းများ ထိမှန်၍လည်းကောင်း ဒဏ်ရာရသူများ ဖြစ်သည်။

ပေါက်ကွဲသည့် ဂယက်လှိုင်းကြောင့် ချီလျာဘင့်မြို့ပြဒေသတွင် ပြတင်းပေါက် မှန်ကွဲများ ပြည့်နေပြီး စာသင်ကျောင်းများ၊ ဆေးရုံများ၊ သွပ်ပြားစက်ရုံတစ်ရုံ နှင့် ရေခဲဟော်ကီကစားရုံတစ်ရုံ အပါအဝင် အဆောက်အအုံ ၃၀၀ နီးပါး ပျက်စီးသွားသည်။

"နံနက် ၉ နာရီ မိနစ် ၂၀ (ဂရင်းနစ် ၀၃၂၀ နာရီ) မှာ ချီလျာဘင့် ကောင်းကင်ယံမှာ သိပ်မြန်တဲ့အရှိန်နဲ့ ဖြတ်သွားတဲ့ အရာတစ်ခုကို တွေ့ရတယ်။ လမ်းတစ်လျှောက် မီးခိုးတန်းတစ်ခုလည်း ကျန်ခဲ့

> **ချီလျာဘင့်ဒေသတွင်းရှိ စာသင်ကျောင်းများနှင့် ပြဇာတ်ရုံများ ပိတ်ထားရ ...**

တယ်။ နှစ်မိနစ်အတွင်းမှာပဲ ပေါက်ကွဲသံ နှစ်ခုပေါ် ထွက်လာပါတယ်"ဟု ဒေသ တွင်း အရေးပေါ် ကိစ္စကူညီရေးကော်မတီမှ ယူရီဘာရင်ကိုက ပြောသည်။

ဒေသအုပ်ချုပ်ရေးမှူးရုံး၏ အဆိုအရ ဥက္ကာခဲသည် ချီလျာဘင့်ဒေသ ချီဘာကူမြို့ပြင်ရှိ ရေအိုင်တစ်ခုပေါ် သို့ ကျခဲ့ခြင်း ဖြစ်သည်။ ရေပြင်အေးခဲနေသော ယင်းရေကန်မှာ ခြောက်မီတာ (ပေ ၂၀) အချင်းရှိ တွင်းတစ်ခုကိုလည်း ရုပ်သံမှ တစ်ဆင့်တွေ့ရသည်ဟု ဆိုသည်။

သို့သော် ဥက္ကာခဲအစအနများ မြေကြီးပေါ် သို့ ကျရောက်ခြင်း ရှိမရှိ၊ ယင်းအစအနများ တိုက်ရိုက်ထိမှန်သူများရှိမရှိ ခိုင်လုံသည့်သတင်းများ ရယူရပေဦးမည်။ ချီလျာဘင့်ဒေသတွင်းရှိ စာသင်ကျောင်းများနှင့် ပြဇာတ်ရုံများ ပိတ်ထားရသည်။ ရာသီဥတုမှာလည်း ရေခဲအမှတ်အောက် ၁၈ ဒီဂရီ စင်တီဂရိတ် သို့ရောက်နေသည်။

လူနေဒေသများပေါ် သို့ တိုက်ရိုက်မကျရောက်၍ ကုသိုလ်ကံကောင်းကြောင်း၊ ယခုလိုဖြစ်ရပ်မျိုးနှင့် ကြုံတွေ့ရသည့် ပြည်သူများအား နှစ်သိမ့်အားပေး ကူညီရန် သမ္မတ ဗလာဒီမာပူတင်က အရေးပေါ် ရေးရာဝန်ကြီး ဗလာဒီမာ ပတ်ကော့ဗ်အား ညွှန်ကြားထားသည်။

ယခု မီးလောင်ကျရောက်ခဲ့သည့် ဥက္ကာပျံသည် မိတာအနည်းငယ်ရှည်ပြီး အလေးချိန်လည်း တန်ချိန် ဒါဇင်နှင့်ချီ ရှိမည်ဖြစ်ရာမြေပြင်မှ အမြင့်ပေ ၃၀မှ၅၀ အတွင်း မီးလောင်ပေါက်ကွဲခဲ့၍ အစအန များလည်း ဥက္ကာခဲများအဖြစ် မြေကြီး ပေါ် သို့ ကျရောက်ခဲ့ဖွယ်ရှိသည်ဟု ရုရှားသိပ္ပံအကယ်ဒမီမှ ကြေညာသည်။

ယခု ဥက္ကာပျံပေါက်ကွဲမှုသည် ၁၉၀၈ ခုနှစ်က ရုရှားတွင် ကြုံတွေ့ခဲ့သည့် '၁၉၀၈ တန်ဂတ်စကာဖြစ်ရပ်' နောက်ပိုင်းကာလ၌ စိတ်ဝင်စားဖွယ် အကောင်းဆုံး အာကာသဖြစ်ရပ် တစ်ခုပင်ဖြစ်သည်။ ထိုစဉ်က မြေပေါ် သို့ကျခဲ့သည့် တန်ဂတ်စကာ ဂြိုဟ်သိမ်၊ သို့မဟုတ် ကြယ်တံခွန်ကြောင့် အလွန် ကျယ်ပြန့်သည့် ဆိုက်ဘေးရီးယား ဒေသတစ်ခွင် သစ်တောများ အကြီး အကျယ် မီးလောင်ကျွမ်း ပျက်စီးသွား ခဲ့ဖူးသည်။

(အေအက်ဖ်ပီ)

အောင်သာလင်း ဘာသာပြန်သည်။ ■



ဥက္ကာခဲကျခဲ့သည့် ချီဘာကူမြို့ပြင်ရှိ ရေအိုင်တစ်ခု။ ဓာတ်ပုံ - အေအက်ဖ်ပီ

အစ္စရေးဝန်ကြီးချုပ် ရေခဲမုန့်အတွက် ပေါင်ငွေ ၂,၀၀၀ ခန့်သုံးစွဲခဲ့

အကျင့်ဆိုးများ၏ အတိုင်းအတာကို ကြည့်မည်ဆိုလျှင် ဘင်ဂျမင်နေတန်ယာဟု၏ အကျင့်ဆိုးမှာ သစ္စာခံနှံသတ် ရေခဲမုန့်ဟု ပြောရမှာဖြစ်ပါတယ်။ ရေခဲမုန့်ကို စွဲမက်သဖြင့် အစ္စရေးဝန်ကြီးချုပ်၏ ဘတ်ဂျက်ထက် ပေါင်ငွေ ၁,၇၀၀ ပိုသွားခဲ့ရာ အစ္စရေးနိုင်ငံ၏ မီဒီယာလောကကို တုန်လှုပ်စေခဲ့ပြီး နေတန်ယာဟု၏ နိုင်ငံရေးအတိုက်အခံ အတွက် လက်ဆောင်ပေးလိုက်သကဲ့သို့ ဖြစ်သွားသည်။

၂၀၁၂ ခုနှစ်က နေတန်ယာဟု၏ အိမ်တွင်းစာရင်းများအရ ဂျေရုဆလင်မြို့ ရေခဲမုန့်ဆိုင်မှ သူ့အမှုထမ်းများအား ရေခဲမုန့်ဝယ်ခိုင်းခဲ့ရာ ရှိကယ်လ် ၁၀,၀၀၀ (ပေါင်ငွေ ၁,၇၅၀) ခန့် သုံးခဲ့ကြောင်း Calcalist ဘဏ္ဍာရေးနေ့စဉ် သတင်းစာက ဖော်ပြခဲ့သည်။ ဤ ဘတ်ဂျက်သည် နေတန်ယာဟုနှင့် သူ၏ မိသားစုတို့အား တစ်လလျှင် ရေခဲမုန့် ၁၄ ကီလိုဂရမ် စားသုံးနိုင်စေသည်။

နေတန်ယာဟု၏ ကိုယ်တိုင်အရသာ ခံစားမှုများနှင့် ကိုက်ညီသည့် ဘာလိဖိုး လမ်းရှိ Metudela ရေခဲမုန့်ဆိုင်ကို ရက်ရောသည့် ကန်ထရိုက်ပေးခဲ့ခြင်း ဖြစ်သည်။

နေတန်ယာဟုသည် ကျယ်ပြန့်သည့် ညွှန့်ပေါင်းအဓိုးရကို ဖွဲ့စည်းရန် ရုန်းကန် နေချိန် စိန်ခေါ်ခြင်းခံရမည့် ခြိုးခြံ ချွေတာရေးဘတ်ဂျက်မူကို တင်သွင်းရန် ပြင်ဆင်ထားသည့်အချိန်မှာ ဤကိစ္စ ပေါ် ပေါက်လာခြင်းသည် နေတန်ယာဟု အတွက် နေရထိုင်ရခက်သည့် အခြေ အနေကိုရောက်ရန် ဖန်တီးလာသလို ဖြစ်ခဲ့သည်။ ဤ ခြိုးခြံချွေတာရေး ဘတ်ဂျက်သည် ကျောင်းဆရာများ၊ လူမှုဝန်ထမ်းများနှင့် ရဲအရာရှိများ၏ ဝင်ငွေကို ထိခိုက်စေမည်ဖြစ်သည်။

ဤသတင်းကို ကြားပြီးသည့်နောက် အဲတိုက်အခံ လေဘာပါတီခေါင်းဆောင် Shelly Yacimovich သည် ရေခဲမုန့် ကတော့ကိုင်ထားသည့် နေတန်ယာဟု၏ ဓာတ်ပုံကို ဖေ့စ်ဘွတ်ခ်ပေါ် မှာ တင်လိုက်ပြီး "ပေါင်မုန့်မရှိရင် သူတို့ ရေခဲမုန့်စားပါစေ။ ကျွန်မတို့ ရယ်ပဲရယ် ရမလား၊ ငိုပဲငိုရမလား။ 'အခဲ့အစားအစာ' မရှိဘူးလို့ သူပြောခဲ့တုန်းက ဒီအဓိပ္ပာယ်ကိုဆိုခဲ့တာလား"ဟု သူက ပြက်လုံးထုတ်ခဲ့သည်။

၂၀၁၂ ခုနှစ်က နေတန်ယာဟုနှင့်ဇနီး တို့အား သန့်ရှင်းရေး၊ အဝတ်အစားနှင့် စားနပ်ရိက္ခာ (ရေခဲမုန့်ဖိုးမပါ) အတွက် အခွန်ထမ်းများ၏ ငွေ ၂ ဒသမ ၄၆ သန်း ရှိကယ်လ် (ပေါင်ငွေ ၄၃၀,၀၀၀) ခွဲဝေ သတ်မှတ်ထားခဲ့သည်။ **(ဂါးဒီးယန်း)**



လွတ်တော်အစည်းအဝေးတွင်တွေ့ရသည့် ဝန်ကြီးချုပ်နေတန်ယာဟု (ဝဲဘွန်)။

သောင်းညွှန့် ဘာသာပြန်သည်။ ■

တောင်အာဖရိကစာရေးဆရာ ဇူလူးစာပေကို ပြန်လည်အသက်သွင်းရန်ကြိုးစား

ဂျိုဟန်နက်စဘာ့ဂ်– သက်လတ်ပိုင်းရှိ တောင်အာဖရိကအင်ဂျင်နီယာတစ်ဦးသည် သူ၏မိခင်ဘာသာစကားဖြင့် ဝတ္ထုတစ်ပုဒ်ကို ရေးသားရန်ကြိုးစားရာ ခေတ်သစ်ဘဝကိုဖော်ပြရန်စကားလုံးကင်းမဲ့နေကြောင်း တွေ့ရှိရသည်။

အင်္ဂလိပ်ဘာသာစကားကို အသုံးမပြုဘဲ ဖီယာယင်ကိုစီဘူယာဇီသည် တောင်အာဖရိကနိုင်ငံ လူဦးရေသန်း ၅၀ ၏ လေးပုံတစ်ပုံခန့်၏ မိခင်ဘာသာစကားဖြစ်သော ဇူလူးဘာသာစကားတွင် စကားလုံးအသစ် ၄၅၀ ခန့်ကို ဖန်တီးခဲ့ရသည်ဟုဆိုသည်။

သူ၏ Amayi phendleya ဟူသော စာအုပ်မှာ လူငယ်လေး လေးဦးက နည်းပညာ၏ အံ့ဖွယ်စွမ်းအင်တွေနှင့် စွန့်စားခန်းများကိုရေးသားထားသော ဝတ္ထုတစ်ပုဒ်ဖြစ်သည်။

ဂင်း၏ဝတ္ထုကြောင့် ဇူလူးဘာသာစကားတွင် ပထမဆုံးအကြိမ်အဖြစ် လေအေးပေးစက်၊ လေထုရေထု ညစ်ညမ်းမှု၊ ကိုလိုနီဝါဒ စသော စကားလုံးအသစ်များ ပေါ် ထွက်လာခဲ့ခြင်းဖြစ်သည်။

ဘူယာဇီ၏ ပြောကြားချက် အရ သူထိုသို့စကားလုံးသစ်များဖန်တီးရန် အတွေးရလာခြင်းမှာ ဇူလူးဘာသာစကားက အထွေထွေဗဟုသုတကဏ္ဍ အားလုံးနီးပါးမှာ နောက်ကျကျန်နေခဲ့ပြီး ဆိုသည်ကို သတိပြုမိခဲ့၍ဖြစ်ကြောင်း ဆိုထားသည်။ ဇူလူးဘာသာစကား သည် စာအုပ်ရေးသားရန်မဆိုထားနှင့် စကားပြောဆိုရန်ပင် ဝေါဟာရချို့တဲ့ နေပြီဟု ဂင်းကဆိုသည်။

ဘူယာဇီက ဂင်းဖန်တီးခဲ့သောစကား လုံးများသည် ဇူလူးဘာသာစကားကို မိခင်ဘာသာ၊ သို့မဟုတ် ဒုတိယဘာသာ စကားအဖြစ် အသုံးပြုသူများ နှစ်သက် ပါက နေ့စဉ်ဝေါဟာရတွင် အသုံးပြု လာကြရန်မျှော်လင့်ကြောင်း ဆိုသည်။

ဇူလူးစာပေအတွက် စျေးကွက်မရှိ သဖြင့် ဂင်းသည် မိမိကိုယ်ပိုင်ပုံနှိပ်တိုက် ထောင်ကာ စာအုပ်ထုတ်ဝေခဲ့ရသည်။ စစ်တမ်းကောက်ယူမှုများအရ ၂၀၁၁ ခုနှစ်အတွင်းဘာသာရေးနှင့် ကျောင်းသုံး စာအုပ်များမှအပ ဇူလူးဘာသာစကား ဖြင့် စာအုပ်တစ်အုပ်မျှ မထွက်ရှိခဲ့ပေ။

ဘူယာဇီက ဇူလူးဘာသာစာပေ စျေးကွက်ပေါ် ပေါက်လာအောင် ကြိုးပမ်းလိုခဲ့ခြင်းဖြစ်သည်။ အောက်စဖို့ဒ် တက္ကသိုလ်ထွက်ဖြစ်သော ဘူယာဇီ သည် Sunday Times သတင်းစာ၏ ဇူလူးဘာသာစာစောင်တွင် cross word ပဟေဠိများကို စုစည်းတင်ပြ နေသူဖြစ်ပြီး ဇူလူးဘာသာစာရေးဆရာ များကို ဂင်း၏ပုံနှိပ်တိုက်မှ စာအုပ် ထုတ်ဝေပေးလိုသည်။

Kwa ZuLu Natal တက္ကသိုလ်မှ အာဖရိကန်ဘာသာစကား သုတေသီ တစ်ဦးဖြစ်သော ပါမောက္ခ နာလန်လာ မက်သိစီကမူ ဝေါဟာရ အသစ်များကို ဖန်တီးမှုသည် ဘာသာစကားကိုနက်ရှိုင်း စွာနားလည်ရန်လိုအပ်ကြောင်း၊ စကား လုံးသစ်များသည် လူများကို ရှင်းလင်းစွာ နားလည်နိုင်စေရမည်ဖြစ်ကြောင်း ဆိုသည်။ **(အေအက်ဖ်ပီ)**

ဖြိုးဝင်းကိုကို ဘာသာပြန်သည်။ ■



WESTERN UNION

မြန်ဆန်စိတ်ချ ယုံကြည်ရတဲ့

ကမ္ဘာအနှံ့

ငွေလွှဲဝန်ဆောင်မှု

မြန်မာနိုင်ငံအနှံ့ဒေသပြောလျှင်
ဝန်ဆောင်မှုများ ရရှိနေပါပြီ

- ကမ္ဘာအနှံ့အပြားရှိ နိုင်ငံပေါင်း ၂၀၀[၂] ကျော်မှ ငွေလွှဲကို ပိုမိုစိတ်ချအာမခံ[၃] လက်ခံရရှိနိုင်ပါပြီ
- ငွေလွှဲလက်ခံသူမှ ကျသင့်ငွေတစ်စုံတစ်ရာပေးရန်မလိုခြင်း
- ဘဏ်အကောင့်ရှိရန်မလိုခြင်း
- နစ်ပေါင်း ၁၄၀ ကျော် ငွေလွှဲလုပ်ငန်းအဝတ္ထုအကြိမ်များနှင့် ဝန်ဆောင်မှု
- ငွေလွှဲမှုတိုင်းအတွက် ငွေလွှဲထိန်းချုပ်နုပါတ် ဂဏန်း(၁၀)လုံး (MTCN)

WESTERN UNION
moving money for better

ဆက်သွယ်ရန်ဘဏ်များ

CB BANK (+95) 1-378645 | (+95) 1-251749 | KBZ BANK (+95) 1-373964[1] | Myanma Apex Bank (+95) 1-398807 | (+95) 1-377384 | (+95) 9-42501 7414 | UNITED AMARA BANK (+95) 1-8551335

(၁) တစ်ခါတစ်ရံသက်ဆိုင်ရာဘဏ်များမှ အကြိုကြည်သာရေးအတွက်ယာယီပိတ်သိမ်းခြင်း ပိုင်းခံရတတ်ပါသည်။ ထိုသို့ပိတ်သိမ်းခြင်းခံရသော်လည်း ငွေလွှဲပေးပို့သူ၏ငွေသည် ဘဏ်တွင်ပြန်လည်ရောက်ရှိသွားမည်ဖြစ်ပါသည်။ ဘဏ်ပြန်ဖွင့်ပြီးပါက ငွေလွှဲပေးပို့သူ၏ငွေသည် ဘဏ်တွင်ပြန်လည်ရောက်ရှိသွားမည်ဖြစ်ပါသည်။

(၂) ခုတစ်ဖန်ပြန်လည် ၂၀၁ ကျော်လွှဲထားသော ဘဏ်များအတွင်း ငွေပေးပို့သက်သက်သာသာဖြင့်ပြုလုပ်ပေးနိုင်ခြင်းဖြစ်ပါသည်။

(၃) ပြဿနာတက်လျှင်ဖုန်းနံပါတ်တွင် ဆက်သွယ်နိုင်ပါသည်။

THE MYANMAR TIMES

သင်ယန္တဖတ်ရမည့် အနာဂတ်သတင်းစာစောင်

www.mmtimes.com

အတွဲ ၃၁၊ အမှတ် ၆၀၉ (၂၂ - ၂၈၊ ၂၊ ၂၀၁၃)

အချက်အလက်ခိုးယူဆိုသော 'ကန်'စွဲချက် အခြေအမြစ်မရှိ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပြည်သူ့လွှတ်တော်ရေးတပ်မတော် ရှုန်ဟိုင်းအခြေစိုက်တပ်ဖွဲ့ ၆၁,၃၉၈ သည် ဆိုက်ဘာခိုးယူမှု နာက်ကွယ်မှ အဖြစ်နိုင်ဆုံးသော အဓိကမောင်းနှင်အားဖြစ်သည်ဟု အမေရိကန်လုံခြုံရေးကုမ္ပဏီက ထုတ်ဖော်ပြောဆိုခဲ့၊ ယင်းတပ်ဖွဲ့သည် လုပ်ငန်းများကို အစဉ်တိုက်ခိုက်ခဲ့



ရှုန်ဟဲမြို့၊ မြောက်ဘက်ဆင်ခြေဖုံး ကောင်းချောင်ရှိ ကွန်ပျူတာတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည်ဆိုသော ဌာနချုပ်အဆောက်အုံ။ ဓာတ်ပုံ - အေအက်ဖ်ပီ

ကွန်ပျူတာဖြင့် အခြားကွန်ပျူတာမှ အချက်အလက်များစွာကို ခိုးယူနှောက်ယှက်မှုများစွာ၏ နောက်ကွယ်တွင် တရုတ်စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့တစ်ခုရှိနေသည်ဟူသော အမေရိကန်ကုမ္ပဏီတစ်ခု၏ စွပ်စွဲပြောဆိုမှုသည် နည်းပညာဆိုင်ရာ ချွတ်ယွင်းမှုများရှိနေသဖြင့် အခြေအမြစ်မရှိကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ပြောကြားခဲ့သည်။

အိမ်ဖြူတော်မှဖေဖော်ဝါရီ၁၉ရက်နေ့ညက ထုတ်ပြန်ခဲ့သည့် အိုဘားမားအစိုးရသည် တရုတ် စစ်ဘက်ဆိုင်ရာ အရာရှိများ အပါအဝင် တရုတ်အစိုးရ၏ အဆင့်မြင့် အရာရှိကြီးများအပေါ် ဆိုက်ဘာခိုးယူမှုများနှင့် စပ်လျဉ်း၍ စိုးရိမ်မှုများရှိခဲ့ရကြောင်း ပြောဆိုအပြီးတွင် ယင်းထုတ်ပြန်ကြေညာချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

လုံခြုံရေးကုမ္ပဏီ Mandiant က ပြည်သူ့လွှတ်မြောက်ရေး တပ်မတော်၏ ရှန်ဟိုင်းအခြေစိုက်တပ်ဖွဲ့ ၆၁,၃၉၈ သည် ဆိုက်ဘာခိုးယူမှု နောက်ကွယ်မှ အဖြစ်နိုင်ဆုံးသော အဓိက မောင်းနှင်အားဖြစ်သည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ ယင်းတပ်ဖွဲ့သည် လုပ်ငန်းများစွာအပေါ် တစ်စိုက်မတ်မတ် တိုက်ခိုက်ခဲ့သည်ဟု ယုံကြည်ကြောင်း Mandiant က ပြောသည်။

စွပ်စွဲပြောဆိုမှုများကို ငြင်းဆိုထားပြီးဖြစ်သော တရုတ် ကာကွယ်ရေးဝန်ကြီးဌာနသည် ယုတ္တိမရှိသော အချက်အလက်များအပေါ် အားထားပြောဆိုသည့်အတွက် Mandiant ကို ပြစ်တင်ပြောဆိုလျက် ထုတ်ပြန်ချက်အသစ်တစ်ခု ထပ်မံထုတ်ပြန်ခဲ့သည်။

"ဆိုက်ဘာ တိုက်ခိုက်မှုတွေဟာ တရုတ်နိုင်ငံမှာ စတင်အခြေခံတယ်ဆိုတဲ့ ကောက်ချက်တစ်ခုချဖို့အတွက် အိုင်ပီလီပ်စာအပေါ်မှာပဲ အားထားနေတဲ့ အစီရင်ခံစာဟာ နည်းပညာရပ်ဆိုင်ရာ သက်သေမဲ့နေတယ်" ဟု ဝန်ကြီးဌာနက ယင်း၏ဝက်ဘ်ဆိုက်ပေါ်မှ ထုတ်ပြန်ချက်တွင်ဆိုထားသည်။

"ကိုယ်ပိုင် အိုင်ပီလီပ်စာမဟုတ်တာတွေနဲ့ သူများကွန်ပျူတာတွေက အချက်အလက်တွေ ခိုးယူနေတာဟာ နေ့စဉ်လိုလို ဖြစ်ပျက်နေတယ်ဆိုတာကို လူတိုင်းသိတာပဲ" ဟု ၎င်းထုတ်ပြန်ချက်က ပြောသည်။

"ဒုတိယတစ်ခုက ကွန်ပျူတာအချက်အလက် တိုက်ခိုက်မှုတစ်ခုမှာ ဘာတွေပါဝင်တယ်ဆိုတဲ့ နိုင်ငံတကာ ရေးရာတိကျရေရာမှု မရှိသေးတာ၊ တိကျတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မရှိသေးတာတွေရှိနေသေးတယ်။ ပြီးတော့ အွန်လိုင်းကနေ နေ့စဉ်သတင်းအချက်အလက်ရယူနေတာဟာ အွန်လိုင်းသူလျှိုလုပ်တယ်ဆိုတဲ့ အစီရင်ခံမှုနဲ့ စပ်လျဉ်းလို့ ဘယ်လိုဥပဒေကြောင်းသက်သေပြချက်မှမရှိပါဘူး" ဟု တရုတ်ကာ ကွယ်ရေးဝန်ကြီးဌာနကဆိုသည်။

ကွန်ပျူတာအချက်အလက်ခိုးယူခြင်း၊ သို့မဟုတ် ဆိုက်ဘာခိုးယူခြင်းသည် ယင်း၏ သဘောသဘာဝအရပင် နယ်စည်းခြားနားမှုမရှိခြင်း၊ မည်သူမည်ဝါ မသိရှိရခြင်းနှင့် လှည့်ဖြားတတ်ခြင်း စသည် တို့ကြောင့် မည်သည့်နေရာတွင် အရင်းခံသည်ဆိုခြင်းကို ဖော်ထုတ်ရန်မှာ ခက်ခဲလှသည်ဟု ထုတ်ပြန်ချက်တွင် ဆိုထားသည်။

တပ်ဖွဲ့ ၆၁,၃၉၈ သည် တရုတ်နိုင်ငံ၏ စီးပွားရေးနှင့် ဘဏ်လုပ်ငန်းအခြေစိုက် ရှန်ဟိုင်းမြို့၏ ဖူတုန်းခရိုင်တွင်တည်ရှိပြီး ကွန်ပျူတာပရိုဂရမ်၊ နက်ဝပ်ပညာနှင့် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်သည့် ထောင်ပေါင်းများစွာသော ဝန်ထမ်းများ ခန့်အပ်ထားနိုင်ခြေရှိကြောင်း Mandiant က ပြောသည်။

ယင်းတပ်ဖွဲ့သည် ၂၀၀၆ ခုနှစ်ကာလမှစတင်ခဲ့ရာ လုပ်ငန်းအမျိုးမျိုးရှိအဖွဲ့အစည်းပေါင်း ၁၄၁ ခုထံမှ သန်းပေါင်းများစွာသော အချက်အလက်များကို ခိုးယူထားကြောင်း Mandiant က စွပ်စွဲတင်ပြခဲ့သည်။

(ရိုက်တာ)

စောဝင်း ဘာသာပြန်သည်။ ■

အွန်လိုင်း သူလျှိုလုပ်တယ်ဆိုတဲ့ အစီရင်ခံမှုနဲ့စပ်လျဉ်းလို့ သက်သေပြချက် မရှိပါဘူး ...





THE MANDALAY TIMES
မန္တလေး
Mandalay
မြဝတီကျွတ်

သောကြာနေ့၊ ဖေဖော်ဝါရီ ၂၂ - ၂၈၊ ၂၀၁၃

ကချင်ငြိမ်းချမ်းရေးအတွက် မိုင် ၄၀၀ ကျော်ရှိ လိုင်ဇာမြို့သို့ အုပ်စုလိုက် ခြေကျင်လျှောက်

ဖြိုးဝေကျော်နှင့် လှိုင်ကျော်စိုး

ဖြည်တွင်းစစ်ဖြစ်ပွားနေသော ကချင်ပြည်နယ်ငြိမ်းချမ်းရေးအတွက် နှစ်ဖက်တာဝန်ရှိသူများ အလေးထားအကောင်အထည်ဖော်ရန်နှင့် လူအများအာရုံစိုက်လာစေရန်ရည်ရွယ်လျက် လူပုဂ္ဂိုလ်နှင့် သံဃာတော်များက လိုင်ဇာမြို့အထိ မိုင်ပေါင်း ၄၀၀ ကျော်ခရီးကို အုပ်စုလိုက် ခြေလျင်သွားရောက်နေသည်။

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့မှ သံဃာတော်တစ်ပါးနှင့် လူနှစ်ဦးဖြင့် ယခုလ ၇ ရက်နေ့မှစတင်ခါ ခြေလျင်ထွက်ခွာလာရာ ယခုလ ၁၄ ရက်နေ့၊ မန္တလေးမြို့မှ ပြန်လည်ထွက်ခွာချိန်၌ အင်အားကိုးဦးအထိ ရှိလာကြောင်း လမ်းလျှောက်ရာ၌ ပါဝင်သူဦးသန့်စင်က မန္တလေးမြို့ကိုဖြတ်သန်းစဉ်ပြောသည်။

"မြင်းခြံမြို့မှာရရှိခဲ့တဲ့ ပြည်သူတွေရဲ့ လှူဒါန်းငွေကျပ်သိန်း ၃၀ ကိုလည်း ကချင်စစ်ဘေးဒုက္ခသည်တွေကို လှူဒါန်းသွားမှာပါ။ ဇန်နဝါရီလအတွင်းမှာ ရန်ကုန်ကနေ လိုင်ဇာကိုချီတက်နေကြတဲ့အဖွဲ့တွေက ရောဝတီမြစ်အနောက်ခြမ်းကနေ အခုသွားနေကြပါတယ်။ အင်အား ၄၀ လောက်ပါတယ်ကြားတယ်။ သူတို့အဖွဲ့နဲ့ ကျွန်တော်တို့အဖွဲ့ လိုင်ဇာမှာ တွေ့ဆုံပူးပေါင်းမယ်"ဟု ၎င်းက ပြောသည်။

၎င်းအဖွဲ့၌ ပါဝင်သူများ၏ ကျန်းမာရေးအခြေအနေအရလိုင်ဇာသို့ရောက်ရှိမည့်နေ့ရက်အတိအကျကို မပြောနိုင်သော်လည်း နောက်ထပ်ရက် ပေါင်း ၂၀ ခန့်အတွင်း ရောက်နိုင်မည်မှန်းကြောင်း၊ မြို့များကိုဖြတ်သန်းရာ၌ သက်ဆိုင်ရာတွင် ခံဝန်လက်မှတ်ထိုးရကြောင်း၊ ပြည်သူများနှင့် အင်နှအယ်လ်ဒီပါတီအဖွဲ့ဝင်များ၏ အားပေးပံ့ပိုးမှုကြောင့် အခြားအခက်အခဲမရှိကြောင်း ၎င်းက ပြောသည်။

"ဒီလိုလုပ်လို့ ကချင်ငြိမ်းချမ်းရေးအတွက် ဘယ်လောက်အကျိုးသက်ရောက်မယ်ဆိုတာ မပြောနိုင်ပေမယ့် ဘာမှမလုပ်ဘဲ ထိုင်နေတာထက်စာရင် ရန်ကုန်ကနေ မိုင်ပေါင်း ၈၀၀ လောက်ဝေးတဲ့ လိုင်ဇာမြို့အထိ သွေး၊ ချွေးတွေနဲ့ ရင်းပြီး ဇွန်ပဲနဲ့ အခုလိုလုပ်ဆောင်တာက မြန်မာစစ်ခေါင်းဆောင်တွေ၊ နိုင်ငံတကာနဲ့ လူထုကို (ငြိမ်းချမ်းရေးအတွက်) တစ်စုံတစ်ရာ အားထုတ်လာကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ရန်ကုန်မြို့မှ အဖွဲ့နှင့်လိုက်ပါခဲ့ပြီး မြင်းခြံမြို့မှ အဖွဲ့များကို ဝင်ရောက်အားဖြည့်ပေးသော ဦးအောင်မြင့်က ယခုလ ၁၄ ရက်နေ့တွင် ပြောသည်။ ■


ဓာတ်ပုံ - ဖြိုးဝေကျော်

ကချင်ပြည်နယ်ငြိမ်းချမ်းရေးအတွက် မိုင် ၄၀၀ ကျော် လမ်းလျှောက်မည့်အဖွဲ့ဝင်များ ကျူးတေးမှ ဖြတ်သန်းနေစဉ်။

ဟန်းဆက်ရောင်းအားများ လေးပုံသုံးပုံခန့်ကျ

ကြေးမုံဝင်း

၂၀၁၃ ခုနှစ်၊ နှစ်ဆန်းပိုင်းမှစ၍ ဖုန်းနှင့် ဖုန်းအပိုပစ္စည်း အရောင်းဆိုင်များတွင် ဖုန်းဟန်းဆက်ရောင်းအားများ ထက်ဝက်ကျော် ကျဆင်းလာကြောင်း လုပ်ငန်းရှင်များက ဆိုသည်။

"အစက တန်ဖိုးနည်းဖုန်းကတ်တွေ နှစ်ဆန်းမှာထွက်မယ်ဆိုလို့ လူတွေက စောင့်နေကြတာ။ မျှော်လင့်နေကြတဲ့ တန်ဖိုးနည်းဖုန်းကတ် အသစ်ကလည်း ထွက်မလာဘူး။ နှစ်သိန်းကတ်တွေကိုလည်း ကုမ္ပဏီတွေက ပြန်သိမ်းသွားကြတော့ ဖုန်းဟန်းဆက်ရောင်းအားက သိသိသာသာကျလာတယ်။ ဖုန်းကတ် ထွက်လာတဲ့အချိန်မှပဲ ရောင်းအားက ပြန်တက်လာတော့မှာပဲ"ဟု Anycall ဖုန်းနှင့် ဖုန်းအပိုပစ္စည်းအရောင်းဆိုင်မှ ကို မျိုးက မြန်မာတိုင်း(မဲ)ကို ပြောသည်။

လတ်တလောတွင် ကျပ်နှစ်သိန်းတန် ဖုန်းဆင်းမ်ကတ်အဟောင်းများကို ဆိုင်များက ကျပ် ၂၁၀,၀၀၀၊ ၂၂၀,၀၀၀ ဖြင့် ပြန်လည်ဝယ်ယူပြီး ကျပ် ၂၃၀,၀၀၀၊ ၂၄၀,၀၀၀ ဖြင့် ပြန်လည်ရောင်းချနေကြကြောင်း၊ အရေးတကြီးလိုအပ်သူများသာ ဝယ်ယူလျက်ရှိပြီး အများစုမှာ တန်ဖိုးနည်း ဖုန်းကတ်အသစ်ကိုသာ စောင့်မျှော်နေကြကြောင်း ၎င်းက ဖြည့်စွက်ပြောသည်။

ဖုန်းကတ်အသစ်များ စတင်ရောင်းချချိန်တွင် တန်ဖိုးနည်းဟန်းဆက်များ ရောင်းအားကောင်းသော်လည်း နောက်ပိုင်းတွင် ကျပ်တစ်သိန်းနှင့် နှစ်သိန်းကြားရှိဖုန်းများသာ ပိုမိုရောင်းချရကြောင်းနှင့် လတ်တလောဖုန်းဈေးကွက်တွင် Huawei ဟန်းဆက်က ၄၀ ရာခိုင်နှုန်းနှင့် Samsung ဟန်းဆက်က ၂၀ ရာခိုင်နှုန်းနေရာယူပြီး ကျန်အမှတ်တံဆိပ်များက ၄၀ ရာခိုင်နှုန်းသာ ရှိကြောင်းလည်း သိရသည်။

"ဖုန်းကတ်အသစ်တွေက ဧပြီလ ၁ ရက်နေ့ထွက်မယ်ဆိုတဲ့ အသံတွေ ကြားနေပြန်ပြီ။ စေ့းကလည်း ကျပ် ရှစ်သောင်းနဲ့ တစ်သိန်းနှစ်သောင်းကြားလို့ ကြားသလိုတစ်ကတ်ကို ကျပ်နှစ်သောင်းလောက်ပဲ ရှိတော့မယ်လို့လည်းကြားတယ်။ အက်ဖ်အိုစီလို့လည်း ကြားတယ်။ ဆင်းမ်ကတ်ကို အလကားပေးရင် ဖုန်းဟန်းဆက်နဲ့တွဲဝယ်ရတာ၊ ဒါမှမဟုတ် တစ်လကို ဖုန်းပြောခဘယ်လောက်သုံးရမယ်ဆိုပြီး သတ်မှတ်တာမျိုးတွေ ဖြစ်လာမှာပေါ့။ သတင်းတွေက အမျိုးမျိုးပဲ။ ဘယ်ဟာအတည်ဖြစ်မလဲတော့ မသိသေးဘူး။ ဆင်းမ်ကတ်အလကားပေးတယ်ဆိုတာက အခုလောလောဆယ် ဖြစ်ချင်မှ ဖြစ် နိုင်လိမ့်ဦးမယ်။ ဒါပေမဲ့ ၂၀၁၅ မတိုင်ခင်တော့ ဖြစ်လာမှာပါ"ဟု ဖုန်းအရောင်းဆိုင်လုပ်ငန်းရှင်တစ်ဦးကလည်း ဆိုသည်။

ဖုန်းဆင်းမ်ကတ် ထွက်မလာသေး၍ အရောင်းပါးသည့်ကာလများတွင် ဖုန်းငွေဖြည့်ကတ်ရောင်းခြင်း၊ ဖုန်းပြုပြင်ရေး ဝန်ဆောင်မှုပေးခြင်းများကိုသာ အားထား နေရကြောင်း အဆိုပါလုပ်ငန်းရှင်က ပြောသည်။

ယခင်ထွက်ရှိခဲ့သော ဖုန်းကတ်များထက် တန်ဖိုးနည်းသည့် ဖုန်းကတ်များ ထွက်ရှိလာပါက ယခင်ကျပ်ငါးသိန်း၊ ကျပ်နှစ်သိန်း ဖုန်းကတ်များထွက်စဉ်က ထက် ရောင်းအားအဆများစွာ မြင့်တက်နိုင်သဖြင့် အဆိုပါအချိန်အတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ထားသင့်ကြောင်း ကိုမျိုးက ဆိုသည်။

"အခုက အသစ်ကိုစောင့်နေတဲ့အနေအထားမို့ပါ။ အသစ်ထွက်လာရင်လည်း ဟန်းဆက်တွေက တစ်လ၊ နှစ်လလောက် ဆက်တိုက်ရောင်းအားကောင်းလိမ့်မယ်။

"ဆိုင်သေးသေးကြီးကြီး အကုန်ရောင်းရလောက်တယ်။ ဖုန်းဆိုင်တွေ အနေနဲ့က အဲဒီအချိန်အတွက် ပစ္စည်းကြိုစုတာတို့၊ ဝန်ထမ်းဖြည့်တာမျိုး ကြိုတင်ပြင်ဆင်ထားဖို့လိုလိမ့်မယ်။ အသစ်ထွက်လာမယ့်ဖုန်းက တန်ဖိုးနည်းလေ ရောင်းအားများလေဖြစ်မှာပဲ။ ဒီလို အကျိုးခံစားခွင့်မျိုး ဆယ်နှစ်မှာတစ်ခါ ရနိုင်ဖို့မလွယ်ဘူး။ နောင်တစ်ချိန် ဒီလို ရောင်းကောင်းဖို့ လွယ်ချင်မှ လွယ်တော့မှာပါ"ဟု ၎င်းက ဖြည့်စွက်ပြောပြသည်။

ဖုန်းအရောင်းဆိုင် လုပ်ငန်းများမှာ လာမည့်ငါးနှစ်မှ ဆယ်နှစ်အတွင်း အရောင်းပါးလာနိုင်သည့်အတွက် ဖုန်းဆိုင်များသည် ဟန်းဆက်ရောင်းဝယ်ခြင်းထက် ဝန်ဆောင်မှုနှင့် ပြုပြင်ရေး အပိုင်းကို ပိုမိုအားထည့်လုပ်ဆောင်သင့်ကြောင့် လုပ်ငန်းရှင်တစ်ဦးကလည်း ဆိုသည်။ ■

ဟန်းဆက်ဝယ်ယူသူတစ်ဦးအား ဟန်းဆက်သုံးစွဲပုံကို ဆိုင်ဝန်ထမ်းတစ်ဦးက ပြသနေစဉ်။ ဓာတ်ပုံ - အောင်ရဲသွင်

နည်းပညာပြပွဲ ကျင်းပမည်

မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာအသင်းနှင့် ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ပူးပေါင်း၍ (၁၁)ကြိမ်မြောက် ကွန်ပျူတာနှင့် သတင်းအချက်အလက်နည်းပညာပြပွဲ ကျင်းပမည်ဟု မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာအသင်း ဥက္ကဋ္ဌ ဦးလှကောင်းက ပြောသည်။

အဆိုပါပြပွဲတွင် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ Notebookများ၊Tablets များ၊ Digital Deviceများ၊ Mobile Phone များ၊ အသုံးချ Software များ၊ Computer Related Electronic Device များ၊ နိုင်ငံတကာ အသိအမှတ်ပြုသင်တန်းများ၊ နောက်ဆုံးပေါ် ခေတ်မီနည်းပညာရပ်များကို အများပြည်သူကြည့်ရှုအားပေးနိုင်ရန် ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။

"အများပြည်သူတွေကို ကွန်ပျူတာနဲ့ ပတ်သက်တဲ့ပစ္စည်းတွေ၊ နည်းပညာတွေ အကြောင်းကိုလေ့လာနိုင်စေရန်၊ ICT နည်းပညာပြန့်ပွားသိရှိစေရန်၊ ICT လုပ်ငန်းရှင်များရဲ့ ထုတ်ကုန်နဲ့ ဝန်ဆောင်မှုများကို လူထုအကြား ပို့ဆောင်ပေးနိုင်ရန်ရည်ရွယ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အသင်းဝင်များကိုလည်း ပြပွဲကာလအတွင်း၌ အသင်းရုံးပြခန်းတွင် ဗလာမပါ ကံစမ်းမဲအစီအစဉ် ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

"ဒီပြပွဲမှာ ပြခန်းပေါင်း ၇၃ ခန်းနဲ့ ကုမ္ပဏီပေါင်း ၄၅ ခုကျော်က ဝင်ရောက်ပြသကြမှာဖြစ်ပြီး၊ ယှဉ်ပြိုင်ရောင်းချမှာဖြစ်တဲ့အတွက် ဈေးနှုန်းတွေလည်း သက်သာနိုင်ပါတယ်။ ပြပွဲကအခန်းခနှုန်းတွေကို ကျပ် ၂၀၀,၀၀၀ ကနေ ကျပ် ၅၀၀,၀၀၀ထိ အခန်းအကျယ်အဝန်းအလိုက်သတ်မှတ်ထားပါတယ်"ဟု ဦးလှကောင်းက ပြောသည်။

အဆိုပါနည်းပညာပြပွဲကို မတ်လ ၁ ရက်နေ့မှ ၃ ရက်နေ့ထိ၊ နံနက် ၉ နာရီမှ ညနေ ၆ နာရီအချိန်အတွင်း ပြသမည်ဖြစ်ပြီး မြို့တော်ခန်းမ (၁) တွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။ **ရွှေဝါလွင်** ■

UPPER MYANMAR
www.mmtimes.com
jrefrmjynftxufykdowif;2

ငလျင်ကြောင့် ပညာသင်ကြားရေး၌ အခက်အခဲဖြစ်နေ

စည်သူလွင်



အမိုးအကာမဲ့ ပညာသင်ကြားနေရသော တွင်းငယ်ကျေးရွာအုပ်စုရှိ အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းသားများကို တွေ့ရစဉ်။ ဓာတ်ပုံ - စည်သူလွင်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်တွင်းရှိ ကျေးရွာပေါင်း ၁၆ ရွာမှ ကျောင်းသား ၁,၅၀၀ ခန့် ပညာသင်ကြားနေရသော တွင်းငယ်ကျေးရွာအုပ်စုရှိ အခြေခံပညာအထက်တန်းကျောင်းခွဲမှာ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားခဲ့ရာ ပညာသင်ကြားရေးအတွက် အခက်အခဲဖြစ်နေကြောင်း သိရသည်။

"ကျောင်းမှာ အဆောင်လေးဆောင် ရှိတယ်။ သုံးဆောင်က အားလုံးပြိုကျသွားတာ။ ကျန်တဲ့အဆောင်ထဲမှာလည်း ကလေးတွေ စာသင်လို့မရဘူး။ ငလျင်က နေ့စဉ်နဲ့အမျှ လှုပ်နေတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ လာသွားပြီးတော့ ကျောင်းအတွက် မိုးကာလေးချပ်ပဲ ပေးသွားတယ်။ တောထဲက သစ်လုံးနဲ့ အမိုးကပ်တွေခုတ်ပြီး ယာယီတဲနဲ့ စာသင်နေရတယ်"ဟု တွင်းငယ်ကျေးရွာအုပ်စုမှ ရပ်မိရပ်ဖတစ်ဦး ဦးလေးဝင်းက ပြောသည်။

သပိတ်ကျင်းမြို့နယ်တွင် အထက်တန်းကျောင်းငါးကျောင်းရှိပြီး၊ တွင်းငယ်ကျေးရွာအုပ်စုရှိ ကျောင်းမှာအထက်တန်းကျောင်းခွဲသာဖြစ်သည့်အတွက် အထက်တန်းကျောင်းဖြစ်ရန် သက်ဆိုင်ရာသို့တင်ပြထားသော်လည်း ခွင့်ပြုချက် မရရှိသေးကြောင်း ကျောင်းကော်မတီဝင်တစ်ဦးက ပြောသည်။

သပိတ်ကျင်းမြို့နယ်အတွင်းရှိ အခြားစာသင်ကျောင်းများ ပြန်လည်တည်ဆောက်ပြုပြင်ရာတွင် ရာခိုင်နှုန်းတော်တော်များများ ပြုပြင်ဆောင်ရွက်ပြီးစီးနေသော်လည်း တွင်းငယ်ကျောင်းမှာ အကူအညီမဲ့နေရခြင်းအတွက် ဝမ်းနည်းမိကြောင်း ဒေသခံများက ဆိုသည်။

"ရာသီဥတုကလည်း ပြောင်းနေပြီ။ နွေရဲ့အပူဒဏ်၊ မိုးရဲ့ ရိုက်ခတ်မှုတွေကို အကာအကွယ် အမိုးမဲ့ပြီး စာသင်နေရတဲ့ ကလေးတွေအတွက် ကြာလာမယ်ဆိုရင် ကျန်းမာရေးလည်း ထိခိုက်လာနိုင်ပါတယ်။ အခုကို ဖျားနာမှုတွေ စဖြစ်နေပါပြီ"ဟု သီးကုန်းကျေးရွာ မှ ဦးမျိုးကြိုင်က ပြောသည်။

ငလျင်ဒဏ် သင့် သူ များ အတွက် အထောက်အပံ့ အကူအညီများပေးရာတွင် တန်းတူညီမျှပေးခြင်း မရှိသည့် အတွက်ကိုလည်း ခံစားနေကြရကြောင်း ၎င်းက ဆက်လက် ပြောသည်။

"အဝတ်အထည်တွေကို တန်းတူ မရတုန်းက ဘာမှမပြောခဲ့ပါဘူး။ ငွေကြေး ထောက်ပံ့တဲ့အခါတော့ ကျွန်တော်တို့ သီးကုန်းရွာအတွက် တစ်ကြိမ်ပဲရပါတယ်။ ဝါးရုံကုန်းမှာဆိုရင် ငွေကြေး ထောက်ပံ့မှုသုံးကြိမ်ရှိတယ်။ နိုင်ငံတော် ကပေးတဲ့ အကူအညီတွေကို ဘယ်လို ပုဂ္ဂိုလ်က ဘယ်သူ့ကို ဘယ်လောက်ပေး၊ ဘယ်သူ့ကို ဘယ်လောက်ပေး ဆိုပြီး တော့များ ခွဲခြားထားလားမသိပါဘူး၊ သတင်းကလည်း အမှောင်ကျနေပါတယ်"ဟု ဦးမျိုးကြိုင်က ပြောသည်။

အခြားကျေးရွာများတွင်လည်း ကူညီထောက်ပံ့မှု တန်းတူမရရှိသော အဖြစ်များရှိနေကြောင်း တောင်သူများက ဆိုသည်။

တွင်းငယ်ကျေးရွာမှာ စာသင်ကျောင်းအပြင် ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီနှင့် သိမ်များပြုပြင်ရန် လိုအပ်နေသေးကြောင်း တွင်းငယ်ကျေးရွာဘုန်းတော်ကြီးကျောင်းမှ အရှင် ဥဠုပညာသာရက မိန့်ကြားသည်။

"အပျက်အစီးက အရမ်းများတော့ တစ်ဆင့်ပြီး တစ်ဆင့်ပဲ ပြုပြင်မှုတွေကို ဆောင်ရွက်နေရပါတယ်။ နိုင်ငံတော် အစိုးရဘက်ကလည်း သုံးစွဲဖို့ရာတဲ့ ငွေနဲ့ ချိန်ရတယ်။ ဖြည်းဖြည်းချင်းတော့ ပြုပြင်မှုတွေ အဆင်ပြေသွားအောင်ဆောင်ရွက်ပေးနေပါတယ်။ တွင်းငယ်စာသင်ကျောင်းအတွက်ကို မိုးကာလေးချပ် အပြင် ပေ ၃၀၀ ရှိတဲ့ ပိုးကာလိပ် ငါးခုကိုလည်း ပေးထားပြီးပါပြီ။ အကူအညီ မရသေးဘူးဆိုရင်တော့ ပစ္စည်းထုတ်ယူထားတဲ့ သူတွေရဲ့ လက်မှတ်တွေလည်း ရှိပါတယ်။

"ပြန်စစ်ဆေးဆောင်ရွက်သွား မှာပါ" ဟု သပိတ်ကျင်းမြို့နယ်၊ အုပ်ချုပ်ရေးအရာရှိတစ်ဦးက မြန်မာတိုင်း(မ်) ကို ပြောသည်။

သပိတ်ကျင်းမြို့နယ် စာသင်ကျောင်းများမှ ကလေးငယ်များအတွက် ဗလာစာအုပ် ၁၊၈၎၀ ကိုလည်း ပေးအပ်လှူဒါန်းထားပြီးဖြစ်ကြောင်းနှင့် ဆက်လက်လှူဒါန်းရန် ကျန်ရှိနေသေးကြောင်း ၎င်းက ပြောသည်။

သပိတ်ကျင်းမြို့နယ်တွင် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့က ပြင်းအား ၆ ဒသမ ၈ ရစ်ချ်စတာစကေးအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ရာ ယနေ့အချိန်ထိ နောက်ဆက်တွဲ ငလျင်များလှုပ်ခတ်နေဆဲဖြစ်ပြီး၊ အကြိမ်အရေအတွက်အားဖြင့် ၁၀၀ ကျော်ရှိနေပြီဖြစ်သည်။ ■

စက်မှုဇုန်တွင် တားမြစ်ချိန် အတွင်း အိမ်သုံး မီးကိုသာ အသုံးပြုရန် မေတ္တာရပ်ခံ

သန်းနိုင်စိုး

မန္တလေးစက်မှုဇုန်တွင် စက်မှုလုပ်ငန်းရှင်များသည် တားမြစ်ချိန်အတွင်း၌ အိမ်သုံးမီးကိုသာ အသုံးပြုရန် မီးလင်း ရေကြီးကြပ်မှုအဖွဲ့က မေတ္တာရပ်ခံထား ကြောင်း သိရသည်။

"စက်မှုဇုန်ထဲမှာ ညပိုင်းမီးမပေးတာ ကြာပါပြီ။ ဒါပေမဲ့ စာမေးပွဲဖြေမယ့် ကျောင်းသူ ကျောင်းသားတွေအတွက် ရယ်၊ နွေရာသီ မီးဘေးအန္တရာယ်ကင်း ဝေးဖို့ရယ်၊ နောက်ပြီး ညအချိန် စက်မှုဇုန်အတွင်းမှာ ဒုစရိုက်မှုတွေမဖြစ်အောင် ရယ်ဆိုပြီး ကျွန်တော်တို့ မီးလင်းရေးကြီးကြပ်မှုအဖွဲ့ကနေ ညပိုင်းလျှပ်စစ်မီး ရရှိအောင် ဆောင်ရွက်နေပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ အိမ်သုံးမီးအတွက်ပဲ ဖြစ်ပါတယ်။ ညပိုင်း စက်မှုလုပ် ငန်းတွေ မလည်ပတ်ဖို့အတွက် တစ်ဦးချင်းတာဝန်သိသိနဲ့ လိုက်နာဖို့လိုအပ်ပါတယ်။ ဒီအတွက် လုပ်ငန်းရှင်တွေကိုလည်း မေတ္တာရပ်ခံထားပါတယ်"ဟု မန္တလေးစက်မှုဇုန် မီးလင်းရေးကြီးကြပ်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နွေရာသီလျှပ်စစ်ဓာတ်အားမလုံလောက်ချိန်တွင် အများပြည်သူဓာတ်အားသုံးစွဲမှုအဆင့်ပြေစေရေးနှင့် ပို့အား ကျဆင်းမှု မဖြစ်ပေါ်စေရေးတို့အတွက် စက်မှုဇုန်များကို နေ့စဉ် ညနေ ၅ နာရီမှ နောက်တစ်နေ့နံနက် ၅ နာရီအထိနှင့် ရုပ်ကွက်ကျေးရွာအတွင်းရှိ စက်မှုလက် မှုလုပ်ငန်းများကို ညနေ ၄ နာရီမှ နောက် တစ်နေ့နံနက် ၅ နာရီအထိ စက်မှုလက်မှုလုပ်ငန်းဓာတ်အားသုံးစွဲခြင်း မပြုရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်းက တားမြစ်ချက်ထုတ်ပြန်ထားသည်။

"တားမြစ်ချိန်အတွင်းမှာ လုပ်ငန်း လုပ်ကိုင်ခဲ့ရင် ပထမအကြိမ် သတိပေးမယ်။ ဒုတိယအကြိမ်ဆိုရင် ရုပ်ကွက်အလိုက် မီးပေးထားတဲ့ ထရန်စဖော်မာကနေ ဓာတ်အား ဖြတ်တောက်မယ်။ ဒုံကြောင့် သူများအိမ်က ကန့်သတ်ချိန်အတွင်းမှာ ဦးပြီးစက်လည်ရင် အိမ်နီးချင်းတွေကနေ အချင်းချင်းထိန်းဖို့လိုပါတယ်။ ဒီလိုမှ မဟုတ်ဘူးဆိုရင် ဖိဒါအလိုက် ဓာတ်အား ဖြတ်တောက်သွားပါမယ်" ဟု အဆိုပါ အဖွဲ့ဝင်က ပြောသည်။

မန္တလေးစက်မှုဇုန်အတွင်း၌ အကြီး စားစက်မှုလုပ်ငန်း ၃၆၇ ခု၊ အလတ်စား စက်မှုလုပ်ငန်း ၃၁၂ ခု၊ အသေးစားစက် မှုလုပ်ငန်း ၈၂၃ ခုရှိကြောင်း သိရ သည်။ ■

ဖောင်းကြွနံပါတ်ပြား တပ်ဆင်မထားသော ဆိုင်ကယ်များကို အရေးယူသွားမည်

လှိုင်ကျော်စိုး

မန္တလေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ကညန ဖောင်းကြွနံပါတ်များ တပ်ဆင်ခြင်းမရှိသော မော်တော်ဆိုင်ကယ်များကို ပူးပေါင်းအဖွဲ့မျှဖွဲ့၍ အရေးယူသွားမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက မော်တော်ဆိုင်ကယ်ဖောင်းကြွ နံပါတ်ပြားများကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါလ ၁၅ ရက်နေ့ နောက်ဆုံးထားထုတ်ယူရန် ကြေညာထားသော်လည်း လာရောက်ထုတ်ယူရန် ကျန်ရှိနေကြသေးကြောင်း သိရသည်။

"ဖောင်းကြွနံပါတ်ပြားတွေ ထုတ်ယူဖို့ အစီးရေ ၁၂၂,၅၇၅ စီးကျန်နေသေးတယ်။ နောက်ဆုံးရက်ကိုလည်း အကြိမ်ကြိမ် ကြေညာထားတယ်။ ဒါပေမဲ့ ကျန်နေတဲ့အရေအတွက်က များနေတယ်။ ဖောင်းကြွနံပါတ်ပြားတွေကို ထုတ်မယူဘဲ ပြင်ပက ဆိုင်ကယ်နံပါတ်ပြားတွေ တပ်ဆင်အသုံးပြုနေတဲ့အတွက် သတိပေးကာလ ကျော်လွန်သွားရင် စစ်ဆေးအရေးယူသွားမှာပါ"ဟု ၎င်းက ဆက်လက်ပြောသည်။

"ဖောင်းကြွနံပါတ်ပြား သွားထုတ်တာ သုံးခါလောက်ရှိတယ်။သွားထုတ်ရင်မရသေးဘူးဆိုပြီးပြောတော့ သွားပြီးမထုတ်ဖြစ်ဘူး။ အခုကျမှ စစ်ဆေးအရေးယူမယ်ဆိုတော့ သွားထုတ်တယ်။ ထုတ်တဲ့သူတွေများတော့ မစောင့်နိုင်လို့ ၂,၀၀၀ ပေးပြီးထုတ်ခိုင်းရတယ်"ဟု ဖောင်းကြွနံပါတ်ပြားထုတ်ခဲ့သူတစ်ဦးက ပြောသည်။

"သွားထုတ်တုန်းက မရသေးဘူးဆိုတော့ မထုတ်ဖြစ်ဘူး။ ချလံသိမ်းထားလိုက်တယ်။ အခုမရတော့ဘူးဆိုတော့ ချလံသိမ်းထားလိုက်တယ်။ အခုမရတော့ဘူးဆိုတော့ ခဏတော့စောင့်ရတယ်။ ချက်ချင်းရပါတယ်"ဟု ကိုယ်တိုင် ထုတ်ယူခဲ့သူ တခြားသူတစ်ဦးဖြစ်တဲ့ ကိုစိုးရာဇက ပြောသည်။

ကညန ဖောင်းကြွနံပါတ်ပြားများ တပ်ဆင်ခြင်းမရှိသော ဆိုင်ကယ်များကို ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ စည်ပင်သာယာရဲတပ်ဖွဲ့စသည့် စုစုပေါင်းအင်အား ၁၀ ယောက်ဖြင့် စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးရေးအဖွဲ့က မန္တလေးမြို့ပေါ်ရှိ အချက်အချာကျသော နေရာများကို လှည့်လည်စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ ■

> **ချလံသိမ်းထားလိုက်တယ်။ အခုမရတော့ဘူးဆိုတော့ ခဏတော့စောင့်ရတယ်။**

အရိုးကျန်းမာရေး ဟောပြော

မန္တလေးမြို့တွင် အရိုးကျန်းမာရေးနှင့် ပတ်သက်သည့် လူထုကျန်းမာရေး ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလ ၁၇ ရက်နေ့က Hotel Mandalay (Ballroom) ၌ ကျင်းပခဲ့သည်။

အဆိုပါပွဲတွင် အရိုးအကြော အဆစ်အထွေထွေအထူးကု ဆရာဝန်ကြီး၊ အကြောအဆစ်အထူးကုဌာန၊ မန္တလေးပြည်သူ့ဆေးရုံကြီး ပါမောက္ခ၊ ဌာနမှူး ဒေါက်တာဝင်းညီရှိန်က အရိုးပါးရောဂါ အကြောင်းနှင့်ပတ်သက်သော ကျော်ရိုး ကျိုးခြင်းဝေဒနာအကြောင်း သိကောင်း စရာခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး၊ အဆိုပါပွဲသို့ တက်ရောက်လာသူများအား ဒေါက်တာ ဖြူဖြူကျော်သိန်း၊ ဒေါက်တာချစ်သုဝေနှင့် နီနီခင်ဇော်တို့က အရိုးကျန်းမာရေးပတ်သက်သည့်၍ တစ်ဦးချင်း ဆွေးနွေးခဲ့ကြသည်။ **ရွှေဝါလွင်** ■

ကားမောင်းပြိုင်ပွဲ မန်းကို ဖြတ်မည်

ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ မြန်မာနိုင်ငံတို့ပါဝင်သည့် လေးနိုင်ငံကား မောင်းပြိုင်ပွဲ (BCIM) သည် မန္တလေးမြို့ကို ဖြတ်သန်းမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးဦးကျော်ဆန်းက ပြောကြားသည်။

"ဘင်္ဂလားဒေ့ရှ်ကနေ ဖေဖော်ဝါရီလ ၂၅ ရက်နေ့ကစပြီး ထွက်ခွာမယ်။ ၂၆ ရက်နေ့မှာ မြန်မာနိုင်ငံ တမူးမြို့၊ ၂၇ ရက်နေ့မှာ ကလေးမြို့နဲ့ ၂၈ ရက်နေ့မှာ မန္တလေးမြို့ကိုရောက်မယ်လို့ ခန့်မှန်းထားပါတယ်"ဟု လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးကျော်ဆန်းက ပြောသည်။

အဆိုပါ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ မြန်မာနိုင်ငံတို့ပါဝင်သည့် လေးနိုင်ငံကား မောင်းပြိုင်ပွဲဝင်များသည် မန္တလေးမြို့တွင် တစ်ညတာ တည်းခိုပြီး မတ် လ ၁ ရက်နေ့ နံနက် ၇ နာရီတွင် ပြန်လည်ထွက်ခွာမည် ဖြစ်ကြောင်း ၎င်းက ပြောသည်။

ပြီးခဲ့သော ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ အတွင်းကလည်း အိန္ဒိယ-အာဆီယံ ကားမောင်းပြိုင်ပွဲဝင် ကားများသည် မန္တလေးမြို့ကို ဖြတ်သန်းသွားခဲ့ကြသည်။ **သန်းနိုင်စိုး** ■

3 jrefmjynftxuf&kowif; UPPER MYANMAR
www.mmtimes.com

ခြံစည်းရိုးကြည်ချက်ကြောင့် အချင်းပွားမှု များပြားနေ

စည်ပင်ကို ခြံဝင်းခတ်ဖို့အတွက် ခွင့်ပြုမိန့်တွေလည်း တင်ထားပြီးပြီ။ ဒါကြောင့် ကိုယ်ပိုင်ဆိုင်တဲ့မြေကို ခြံခတ်ဖို့သွားတော့ စည်ပင်ရွာနဲ့ ရွာသစ်က လေးရွာက လူတွေထွက်လာပြီး ခြံဝင်းမခတ်ဖို့ ပြောကြတယ်။ ကျွန်မတို့မှာပိုင်ဆိုင်မှု အထောက်အထားရှိနေတာကို သူတို့ကခွင့်မပြုဘူး

စည်သူလွင်



ပြီးခဲ့သည့်နှစ်စက်တင်ဘာလအတွင်းက မြို့တော်စည်ပင်နှင့်အချင်းပွားမှုများဖြစ်ပွားခဲ့ကြစဉ်။ ဓာတ်ပုံ - စည်သူလွင်

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ချထားပေးသော မြေကွက်များကို အဆောက်အအုံ ဆောက်လုပ်ရန်နှင့် ခြံစည်းရိုးခတ်ကြရန် မန်းစည်ပင်က အသိပေးကြေညာခဲ့ရာ မြေယာပိုင်ဆိုင်မှုဂရန်ကိုင်ထားသူများက ခြံစည်းရိုးခတ်ရာတွင် လက်ရှိစိုက်ပျိုးလုပ်ကိုင်နေသူများနှင့် အချင်းပွားမှုများဖြစ်ပွားနေကြောင်း သိရသည်။

အချင်းပွားမှုများမှာ မန္တလေးမြို့တောင်ပိုင်းရှိနေရာများတွင် အများဆုံးဖြစ်ပွားနေပြီး၊ မြို့ကွက်သစ်ဖော်ထုတ်ရန် မြေယာသိမ်းယူခဲ့စဉ်က နစ်နာကြေးရသူများရှိခဲ့သကဲ့သို့ မရခဲ့သူများလည်းရှိကြောင်း ၁၉၉၇-၉၈ ခုနှစ် မြို့ကွက်သစ်ဖော်ထုတ်ရေးအတွက် လယ်မြေအသိမ်းခံခဲ့ရသောသူများက ဆိုသည်။

"စည်ပင်ကို ခြံဝင်းခတ်ဖို့အတွက် ခွင့်ပြုမိန့်တွေလည်း တင်ထားပြီးပြီ။ ဒါကြောင့် ကိုယ်ပိုင်ဆိုင်တဲ့မြေကိုခြံခတ်ဖို့သွားတော့ စည်ပင်ရွာနဲ့ ရွာသစ်က လေးရွာက လူတွေထွက်လာပြီး ခြံဝင်းမခတ်ဖို့ ပြောကြတယ်။ ကျွန်မတို့မှာပိုင်ဆိုင်မှု အထောက်အထားရှိနေတာကို သူတို့ကခွင့်မပြုဘူး။ အုပ်ချုပ်ရေးမှူးတွေနဲ့ မြို့နယ်ရဲအရာရှိတွေလည်းပါတယ်။ သူတို့လည်း ဘာမှလုပ်မပေးနိုင်ဘူး။ ကျွန်မတို့ခတ်ထားတဲ့ ခြံဝင်းတွေကို ညပိုင်းမှာ အကုန်လုံးဖျက်ဆီးပစ် ထားကြတယ်။

"ခြံဝင်းမခတ်ဘူးဆို ရင်လည်း စည်ပင်ကသိမ်းမယ်။ ခြံဝင်းခတ်ဖို့သွားတော့လည်း သွေးချောင်းစည်းရုံပဲရှိတော့တယ်"ဟု ပြည်ကြီးတံခွန်မြို့နယ်ရှိ လလ/၅၃ အကွက်အမှတ် ၇၉-၈၀ ကို ၂၀၀၆ ခုနှစ်တွင် အစိုးရဝန်ထမ်းတစ်ဦးထံမှဝယ်ယူ ထားခဲ့သူ ဒေါ်သီရိချိုက မြန်မာတိုင်း(မ)ကို ပြောသည်။

မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ကွက်သစ်ဖော်ထုတ်ရေးအဖွဲ့မှ ချထားပေးသော မြေကွက်များတွင် ခြံစည်းရိုးခတ်ခြင်းကို မတ်လ ၃၁ ရက်နေ့နောက်ဆုံးထား၍ လည်းကောင်း၊ အဆောက်အအုံဆောက်လုပ်ခြင်းကို ဒီဇင်ဘာလ ၃၁ ရက်နေ့နောက်ဆုံးထား၍လည်းကောင်း ဆောင်ရွက်ကြရန်နှင့် သတ်မှတ်ရက်အတွင်း ဆောင်ရွက်ခြင်းမရှိပါက မြို့တော်သာယာလှပ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားနိုင်ရန် ပြန်လည်သိမ်းယူသွား မည်ဖြစ်ကြောင်း နှိုင်ငံ ပိုင်သတင်းစာများတွင် နေ့စဉ်ကြေညာလျက်ရှိသည်ကို တွေ့ရသည်။

"၁၉၉၇-၉၈ ခုနှစ်က သိမ်းသွားတာမှန်တယ်။ ဘာစီမံချက်မှမလာဘူး။ လှပ်လဲ မလုပ်ဘူး။ အဲဒီတော့ ကိုယ်စိုက်ပျိုးနေကျ သီးနှံတွေကို ဆက်ပြီး စိုက်လာတာ ဆယ်စုနှစ်နီးပါးရှိနေပြီ။ အခုချိန်မှ ပိုင်ဆိုင်တယ်ဆိုပြီး ဝင်းခြံလာခတ်ကြတယ်။ ဖယ်ပေးရမယ်ဆိုရင်တော့ နစ်နာကြေးရမှပဲ ဖယ်ပေးနိုင်မယ်"ဟု ပြည်ကြီးတံခွန်၊ လလ -၃၄ အကွက်တွင် နေထိုင်သော ကိုစိုးမင်းထွန်းက ပြောသည်။

ပိုင်ရှင်များနှင့် ညှိနှိုင်းကြရာတွင် မြေနေရာအကွက်အကွင်းအလိုက် မြေကွက်တစ်ကွက်ကို ကျပ်သိန်းသုံးဆယ်မှ ကျပ်သိန်း၀ါးဆယ်ထိ နစ်နာကြေးအဖြစ် ရရှိရန် ဆန္ဒရှိကြကြောင်း ဒေသခံများကပြောသည်။

"ကျွန်တော်တို့ မြေကွက်အတွက် နစ်နာကြေး ဆိုပြီးသိန်း၀ါးဆယ်တောင်းတယ်။ ကျွန်တော်တို့လည်းပြန်ပြီး စဉ်းစားမှုမရှိတဲ့ပုံစံဖြစ်နေတယ်။ မှန်တဲ့သူကမှား၊ မှားတဲ့သူကမှန်ဖြစ်နေတယ်။ စည်ပင်က မြေယာပြဿနာတွေ ဖြစ်နေတာကို မထိန်းချုပ်နိုင်ဘဲ ဂရန်ပိုင်တဲ့သူ တွေကို ခြံဝင်းခတ်ခိုင်းတော့ ပြည်သူကိုပြည်သူနဲ့ ပြန်ပြီး ထိပ်တိုက်တွေ့ပေး သလိုဖြစ်နေတယ်"ဟု မြေယာပိုင်ဆိုင်မှုဂရန်ကိုင်ဆောင်ထားသူ ကိုသားကြီးက ပြောသည်။

ပြီးခဲ့သော ၂၀၀၆-၀၇ ဘဏ္ဍာနှစ်ကလည်း မြေကွက်လပ်များတွင် အဆောက်အအုံဆောက်လုပ်ရန် ညွှန်ကြားချက်ထုတ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မအောင်မြင်ခဲ့ကြောင်း သိရသည်။

"၂၀၀၆ တုန်းကလည်း ဝင်းခတ်ဆိုလို့ ခတ်ရတယ်။ လူအသွားအလာနည်းတယ်။ လယ်ကွက်တွေဖြစ်နေတော့ ခတ်ထားတဲ့ ခြံစည်းရိုးလည်း ရိုက်ဖျက်ခံရတယ်။အခုကျတော့ မလိုလားအပ်တဲ့ ပြဿနာတွေဖြစ်နေရပြီ"ဟု မြေကွက်ဝယ်ယူထားသူ တစ်ဦးက ပြောသည်။

ခြံဝင်းခတ်မှု ပြဿနာများနှင့် စပ်လျဉ်း၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြေယာဌာန၊ ဌာနမှူး ဦးခင်မောင်မြင့်က "ဝင်းခြံခတ်ဖို့အတွက် စည်ပင်ကိုစာတင်တယ်။ မြေတိုင်းဖို့ လိုအပ်ရင် ကျွန်တော်တို့ဘက်ကတော့ တတ်နိုင်တဲ့ ဘက်ကဆောင်ရွက်ပေးနေပါတယ်။ ဝင်းခြံခတ်လို့အဆင်မပြေတဲ့ နေရာတွေရှိရင်လည်း သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးရုံးတွေကို မှတ်တမ်းတင်ခိုင်းထားပါတယ်။ အခုလိုပြဿနာတွေဖြစ်နေတဲ့အတွက် သတ်မှတ်ရက်အတွင်း ခြံဝင်းခတ်တာ၊ အဆောက်အအုံဆောက်တာ မပြီးရင်တော့ ကော်မတီအနေနဲ့မှတ်တမ်းထားပြီး ဆောင်ရွက်ပေးမှာပါ" ဟု ပြောသည်။ ■

၆၂ လမ်း ယာဉ်ကြောပိတ်ဆို့မှု လျော့ချသွားမည်

သန်းနိုင်စိုး

မန္တလေးမြို့၏ တောင်မြောက်အရှည်ဆုံးလမ်းဖြစ်သော ၆၂ လမ်းပေါ်တွင် ယာဉ်ကြောပိတ်ဆို့မှုများကို လျော့ချသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှူး ဒေါ်ခင်မေဌေးက ပြောကြားသည်။

"မြို့သစ်ဧရိယာကိုသွားတဲ့ ၆၂ လမ်း တစ်လျှောက်မှာ အမြဲတန်းလို ယာဉ်ကြောက ကြပ်နေပါတယ်။

"ဒီယာဉ်ကြောကြပ်တာကို လျော့ချဖို့အတွက် ၅၈ လမ်းကို မနေပ်ဟရီလမ်းနဲ့ သံလမ်းကြားမှာ လမ်းပြင်နေပါတယ်။ ပြီးသွားတာနဲ့ ၆၂ လမ်းပေါ်မှာ ခရီးသည်တင်ဘတ်စ်ကားတွေကို မောင်းနှင်ခွင့်မပြုတော့ဘဲ ၅၈ လမ်းကနေပဲ သွားခိုင်းပါမယ်"ဟု ဒေါ်ခင်မေဌေးက ပြောသည်။

အဆိုပါ ၆၂ လမ်းမကြီးသည် မန္တလေးမြို့တွင် တောင်မြောက်အရှည်ဆုံးလမ်းမကြီးတစ်ခုဖြစ်ပြီး မြို့တွင်းဧရိယာနှင့် မြို့သစ်များ၊ စက်မှုဇုန်များကို အဓိကဆက်သွယ်ပေးသော လမ်းမကြီးတစ်ခုဖြစ်သည်။ မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ နယ်နိမိတ်အတွင်း နိုင်လွန်ကတ္တရာလမ်း၊ ကတ္တရာလမ်း၊ ကျောက်လမ်း၊ မြေလမ်း၊ ကွန်ကရိလမ်း စသည့်လမ်းအရေအတွက် ၁,၈၇၇ လမ်းနှင့် လမ်းမိုင် ၆၅၈ ဒသမ ၄၁ မိုင်ရှိကြောင်း သိရသည်။ ■

ဒီယာဉ်ကြောကြပ်တာကိုလျော့ချဖို့အတွက် ၅၈လမ်းကို မနော်ဟရီလမ်းနဲ့ သံလမ်းကြားမှာလမ်း

သပိတ်ကျင်း၌ စိုက်ပျိုးရေးနှင့် တံငါလုပ်ငန်းများ အခက်တွေ့

သီးနှံတွေရဲ့အရောင်တွေကလည်း မမြင်ဖူးတဲ့ အရောင်တွေဖြစ်ကုန်တယ်

စည်သူလွင်

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်ရှိ စိုက်ပျိုးရေးနှင့် တံငါလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းနေသူများအတွက် အခက်အခဲဖြစ်ပေါ်နေကြောင်း ဒေသခံများက ပြောသည်။

"လျင်ဒဏ်ကြောင့် စိုက်ပျိုးလယ်မြေတွေဆုံးရှုံးမှု အများကြီးရှိခဲ့ပါတယ်။ အခုချိန်ထိကို လျင်ကလှုပ်နေတုန်းပါပဲ။ အဲဒီအတွက် လက်ကျန်စိုက်ပျိုးထားတဲ့ သီးနှံတွေ မဖြစ်ထွန်းနိုင်တော့ပါဘူး။ ကြံတွေဆို ကြိတ်မယ်ဆိုရင်လည်း အချို ရည်မထွက်တော့ပါဘူး။ အပင်သေပြီး ခြောက်သွားတယ်။ အချဉ်ရည်တွေ အမြှုပ်တွေပဲ ထွက်နေပါတယ်။ ပဲစင်းငုံနဲ့ တခြားပဲတွေဆိုရင် အဖူးအပွင့်အသီးတွေမအောင်သလို ထပ်ပြီးစိုက်ပျိုးလို့ မဖြစ်နိုင်တော့ပါဘူး"ဟု သပိတ်ကျင်းမြို့နယ်၊ တွင်းငယ်ကျေးရွာမှ တောင်သူကြီး ဦးသက်ခိုင်က ပြောသည်။

သပိတ်ကျင်းမြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း ၁၉ အုပ်စုရှိကာ လယ်စိုက်ဧရိယာ ဧက ၆,၀၀၀ ကျော်၊ ယာစိုက်ဧရိယာ ဧက ၄၀,၀၀၀ ကျော်၊ ကိုင်းကျွန်းဧရိယာ ဧက ၇,၀၀၀ ကျော်နှင့် ဥယျာဉ်ဧရိယာ ဧက ၇၀ ကျော်အထိ ရှိကြောင်း သိရသည်။

၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့က လှုပ်ခတ်ခဲ့သောလျင်ကြောင့် စိုက်ပျိုးမြေအားလုံး၏ ၉၀ ရာခိုင်နှုန်းခန့် ပျက်စီးသွားကြောင်း ဒေသခံများက ခန့်မှန်းပြောဆိုကြသည်။ လျင်လှုပ်ခတ်ပြီးနောက်ပိုင်း သီးနှံစိုက်ခင်းများ ယခင်နှစ်များနှင့်မတူ အပျက်အစီးများခဲ့ပြီး အခြားထူးခြားမှုများ ဖြစ်ပေါ်နေကြောင်း တောင်သူများက ပြောကြသည်။

"စိုက်ခင်းတွေထဲမှာ အရင်ကမတွေ့ဖူးတဲ့ ပိုးမွှားတွေကျနေတယ်။ သီးနှံတွေရဲ့အရောင်တွေကလည်း မမြင်ဖူးတဲ့ အရောင်တွေဖြစ်ကုန်တယ်။ မိုးခေါင်တယ်။ အပျက်အစီးများတယ်။ ရေရှားသွားတယ်။ တူးထားတဲ့ အဝီစိတွင်းတွေ ကလည်း ငလျင်ဒဏ်ကြောင့် ပိုက်လိုင်းတွေ ပျက်ကုန်တယ်။ ပြန်တူးဖို့အတွက်လည်း ငွေကြေးမရှိဘူး။ သောက်သုံးရေရှားပါးပြီး နွားရေသောက်ဖို့အတွက်ကို အခက်အခဲဖြစ်နေပါတယ်"ဟု သီးကုန်းရွာမှ တောင်သူဦးမျိုးကြိုင်က ပြောသည်။

ငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းနေသူများမှာလည်း ငလျင်လှုပ်ပြီးခါနိမ့်မှစ၍ ယခုအချိန်ထိ စားဝတ်နေရေးနှင့် အလုပ်အကိုင် အခက်အခဲများရှိနေကြဆဲဖြစ်ကြောင်း သိရသည်။

"အင်းတွေကလည်း ငလျင်ဒဏ်ကြောင့် ရေခန်းခြောက်ကုန်တယ်။ ဒါကြောင့် ငါးဖမ်းပြီး ဝမ်းစာရှာဖို့အတွက် အခက်အခဲရှိနေတယ်။ တခြားလုပ်ငန်းရှင်တွေကလည်း အလုပ်အကိုင်အတွက် အခွင့်အရေးမပေးဘူး။ ဒီအင်းမှာ သားစဉ်မြေးဆက် လုပ်ကိုင်စားသောက်လာကြတာ အခုလိုအဖြစ်မျိုး တစ်ခါမှ မဖြစ်ဖူးဘူး"ဟု ဒေသခံတစ်ဦးဖြစ်သူ ကိုသန်းဇော်က ပြောသည်။

တောင်သူများမှာ စိုက်ပျိုးရန် ငွေကြေးအခက်အခဲရှိသဖြင့် အတိုးချေးငွေများယူကာ စိုက်ပျိုးရခြင်းဖြစ်ပြီး ယခုကဲ့သို့ ငလျင်လှုပ်ခတ်မှုကြောင့် သီးနှံအထွက်မရှိသည့်အတွက် အကြွေးသာ အဖတ်တင်ကျန်ခဲ့ပုံကို တောင်သူဦးသက်ခိုင်က "ဒီနှစ်ရှုံးတယ်။ နောက်နှစ်အတွက် အရင်းမရှိဘူး။ အားကိုးရာမဲ့ဖြစ်ပြီး အကူအညီတွေ သိပ်ကိုလိုအပ်နေကြပါတယ်" ဟု ပြောသည်။

သပိတ်ကျင်းမြို့နယ်မှ အုပ်ချုပ်ရေးတာဝန်ခံအား တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းရာ "စိုက်ပျိုးရေးအတွက် မြေဆီလွှာတွေနဲ့ သောက်သုံးရေ အခြေအနေတွေကို စစ်ဆေးဖို့အတွက် ရေအရင်းအမြစ် စစ်ဆေးရေးအဖွဲ့ဆီကို ပို့ထားပါတယ်။ သိရသလောက်ကတော့ တွင်းငယ်ကျေးရွာမှာ စိုက်ပျိုးမြေ ၁၅ ဧကလောက်ပဲ ပျက်စီးသွားပါတယ်။ တခြားလိုအပ်တဲ့ ကူညီထောက်ပံ့မှုတွေကိုလည်း ဆောင်ရွက်ပေးသွားမှာပါ"ဟု ယခုလ ၁၈ ရက်နေ့က ပြောသည်။ ■

ကျေးရွာ ၃၇ ရွာ အတွက် သိန်း ၄,၀၀၀ ကျော် ထုတ်ချေး

စည်သူလွင်

မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့၏ ဦးဆောင်မှုဖြင့် ကျေးရွာ ၃၇ ရွာမှ ကျေးလက်ဒေသ အသေးစားလုပ်ငန်း လုပ်ကိုင်သူများနှင့် ထန်းတက်တောင်သူများ အတွက် ဖေဖော်ဝါရီလ တတိယပတ်မှ စတင်ပြီး ချေးငွေကျပ်သိန်းလေးထောင် ကျော် ထုတ်ချေးနေကြောင်း မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးရုံးထံမှ သိရသည်။

"ချေးငွေကို ဒီလ ၁၈ ရက်ကနေ စပြီး ပေးနေပါတယ်။ အခုလိုချေးငွေ ထုတ်ပေးတဲ့အကြောင်းကတော့ ရာသီဥတု ဖောက်ပြန်လို့ တောင်ယာစိုက်ပျိုးမကောင်းတဲ့အခါမှာ တောင်သူတွေရဲ့ ဒုတိယဝင်ငွေတိုးတက်လာဖို့နဲ့ အခုထက် ပစ္စည်းအရည်အသွေး၊ ဒီဇိုင်းဆန်းသစ်လာနိုင်ဖို့အတွက် ရည်ရွယ်ပါတယ်" ဟု မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး၊ တိုင်းဒေသကြီးအင်ဂျင်နီယာ ဦးဇေယျာဆွေက ပြောသည်။

ချေးငွေပေးရာတွင် ကျောက်ဆည်ခရိုင်မှ ၁၁ ရွာ၊ မိတ္ထိလာခရိုင်မှ သုံးရွာ၊ ရမည်းသင်ခရိုင်မှ နှစ်ရွာနှင့် မြင်းခြံခရိုင်မှ ကိုးရွာဖြစ်ပြီး ကျေးလက်အသေးစား ကုန်ထုတ်လုပ်ငန်းရှင် ၄,၀၀၀ နီးပါး အတွက် ကျပ်သိန်းပေါင်း ၂,၆၀၀ ကျော် ကိုထုတ်ချေးပြီး မြင်းခြံခရိုင်အတွင်းရှိ ကျေးရွာ ၁၂ ရွာမှ ထန်းတက်တောင်သူ ၁,၅၀၀ ကျော်အတွက် ကျပ်သိန်း ၁,၅၀၀ ကျော်ထုတ်ချေးနေပြီဖြစ်သည်။

ချေးငွေအတွက် အတိုးနှုန်းကို နှစ်ကျပ်ခွဲသတ်မှတ်ထားပြီး ချေးငွေပြန်ဆပ်သည့်အချိန်တွင် ကျေးရွာအလိုက်ရရှိသောအတိုးများမှ တစ်ကျပ်နှုန်းကို ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် အသုံးပြုရန် ပြန်လည်ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

"၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလမှာ ၉၂ ရွာက ထန်းတက် တောင်သူသီးသန့် ၃,၀၀၀ ကျော်အတွက် သိန်း ၂,၇၀၀ ကျော်ကို လည်း ချေးနိုင်ခဲ့ပါတယ်။ မိတ္ထိလာ ခရိုင်မှာ ထန်းတက်တောင်သူ တစ်ဦးကို ကျပ် ၇၀,၀၀၀ နှုန်းနဲ့ တခြားခရိုင်က တောင်သူတွေကို တစ်ဦးကျပ်တစ်သိန်းနှုန်းနဲ့ချေးခဲ့တယ်"ဟု ဦးဇေယျာဆွေက ဆက်လက် ပြောပြသည်။

ချေးငွေပြန်ဆပ်ရာမှာ မိတ္ထိလာခရိုင်မှ တောင်သူများအတွက် ခြောက်လအသုံးပြုခွင့်ပေးထားပြီး အခြားခရိုင်များအတွက် ရှစ်လအသုံးပြုခွင့်ပေးကာ လေးလတစ်ဖြတ် အတိုးနှင့်အရင်းတစ်ဝက်ကို ပြန်လည်ပေးရမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရ အစီအစဉ်ဖြင့် ချေးငွေပေးရာမှာ ၂၀၁၁-၁၂ ဘဏ္ဍာနှစ်မှ စတင်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး၊ ယခုချေးငွေအပါအဝင် ကျပ်သိန်းပေါင်း တစ်သောင်းကျော်ထိ ချေးငွေပေးအပ်နိုင်ခဲ့ပြီး၊ ကျေးရွာများအတွက် လိုအပ်သောအလှူငွေ ကျပ်သိန်းပေါင်း ခြောက်ဆယ်ကျော်ကိုလည်း ပေးအပ်နိုင်ခဲ့ပြီးဖြစ်ကြောင်းသိရသည်။ ■

ယမန်နှစ်က မိုးခေါင်သောကြောင့် ယခုနှစ် သကာရည်ဈေးမြင့်တက်

ဇွဲဝါလွင်



သကာရည်များကို လုပ်သားများက သယ်ယူပို့ဆောင်နေကြစဉ်။ ဓာတ်ပုံ - ဇွဲဝါလွင်

ယမန်နှစ်က မိုးခေါင်သောကြောင့် ကြံထွက်နှုန်းလျော့ကာ သကာရည်ဈေးမြင့်တက်လာကြောင်း ဈေးချိုမှ သကာရည်ပွဲရုံ လုပ်ငန်းရှင်များက ပြောသည်။

"ဒီနှစ်က မိုးရွာနှုန်းကလည်း အရမ်းနည်းတဲ့အတွက် ကြံစိုက်ခင်းတွေကလည်း သိပ်မအောင်မြင်ကြဘူး။ ကြီပင်တွေလည်းကြဲလှီပြီး ထွက်နှုန်းလည်း လျော့တယ်။ မနှစ်ကနဲ့ယှဉ်ရင် ၃၀ ရာခိုင်နှုန်းလောက်ကို ထွက်နှုန်းလျော့သွားတယ်"ဟု ပြည့်စုံဟိန်းပွဲရုံမှ ကိုတင်မင်းစိုးက ပြောသည်။

ယမန်နှစ် ဖေဖော်ဝါရီလတွင် သကာရည်ပေါက်ဈေးမှာ တစ်ပိသာ ကျပ် ၄၃၀ သာရှိခဲ့သော်လည်း ယခုနှစ်တွင် ကျပ် ၅၆၀ ထိ ဖြစ်လာသည်ဟု သိရသည်။

"သကာရည်ကို အကောင်း၊ အဆင့် (အလတ်) နဲ့ အညံ့ဆိုပြီး သုံးမျိုးခွဲခြားထားတယ်။လက်ရှိမှာ အကောင်းကကျပ် ၅၄၀၊ အဆင့်က ၅၃၀ နဲ့ အညံ့က ၅၂၅ လောက်ထိရှိတယ်။ မနှစ်ကဆိုရင် အကောင်းဆုံးမှ ၄၃၀ လောက်ထိပဲရှိတာ။ မနှစ်ကဆိုရင်လည်း တစ်နှစ်လုံးကို ၆၅၀ လောက်နဲ့ပဲ အဆုံးသတ်သွားတာ။ ဒါပေမဲ့ ဒီနှစ်သက်္ကြန်အပြီးလောက်ဆိုရင် ကျပ် ၇၀၀ လောက်ထိ ရှိသွားနိုင်တယ်။ သက်္ကြန်ဆိုရင် ကုန်စျေးနှုန်းက တက်နေကျဖြစ်တာရယ်၊ နောက်ပြီး ဒီနှစ်သီးနှံထွက်နှုန်း လျော့တာရယ်ကြောင့်လည်း ပါတယ်"ဟု သကာရည်လုပ်ငန်းရှင် တစ်ဦးက ပြောသည်။

ယခုနှစ်တွင် ကုန်ကြမ်းရှားပါးပြီး စျေးကောင်းရနိုင်သောကြောင့် သိုလှောင်သူ ပိုမိုများပြားလာကာ ယခင်သကာရည် လှောင်နေကြသူများကလည်း ယခုနှစ်တွင် ပိုမိုသိုလှောင်လာကြသည်ဟု သိရသည်။

"သီတင်းကျွတ်လောက်ဆိုရင် ကုန်တွေ အားလုံးထုတ်လိုက်ကြပြီ။ နောက်အသစ်လည်း ပေါ်တော့မယ်ဆိုတော့ ကုန်တွေကို သိပ်ပြီးချန်မထားကြတော့ဘူး။ လွန်ခဲ့တဲ့ ၂၀၁၀ လောက်ကတော့ သကာရည်တစ်ပိသာကို ကျပ် ၁,၀၀၀ လောက်ထိ ဖြစ်သွားဖူးတယ်။ ဒါပေမဲ့ လက်ရှိမှာတော့ ကျပ် ၇၀၀ ဆိုတာ အမြင့်ဆုံးပဲ။ ကျပ် ၁,၀၀၀ လောက်ထိကတော့ တက်မသွားနိုင်လောက်ဘူး"ဟု ၎င်းက ခန့်မှန်းပြောပြသည်။

လက်ရှိတွင် သယ်ယူစရိတ်များလည်း မြင့်တက်လာကာ အလုပ်သမားရှားပါးမှုကြောင့် အလုပ်သမားနှုန်းများလည်း ပိုလာသဖြင့် ဈေးနှုန်းမြင့်တက်လာခြင်း ဖြစ်ကြောင်း အခြားသကာရည်ပွဲရုံ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"ဒီနှစ် ကြံစိုက်တောင်သူတွေအနေနဲ့ ဈေးကောင်းရတယ်ဆိုပေမယ့်လည်း အမြတ်တော့ သိပ်မကျန်နိုင်ဘူး။ အလုပ်သမားခတွေကလည်း ပိုလာတာကြောင့် ရယ်၊ အထွက်နှုန်းလျော့တာကြောင့်ရယ် လည်းပါတယ်"ဟု ၎င်းက ဆက်လက် ပြောပြသည်။

သကာရည်မှာ နှစ်စဉ်ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများတွင် ပိုမိုများပြားစွာ ထွက်ရှိပြီး ကြံကို ကသာ၊ သပိတ်ကျင်း၊ ရွှေကူ၊ ဗန်းမော်တို့၌ အများစုစိုက်ပျိုးကြပြီး မြန်မာနိုင်ငံတစ်နံတစ်လျားရှိ ဝစိုက်ပျိုးကြကြောင်း သိရသည်။ ■

ရောဝတီတံတားစီမံကိန်းတွင် မပါဝင်သောလယ်ယာမြေကို ပိုင်ရှင်မသိဘဲ လန ၃၉ ချပေးခြင်းအပေါ် ကန့်ကွက်မည်

ပြီးဝေကျော်နှင့် လှိုင်ကျော်စိုး

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်း လယ်ယာမြေအချို့ကို ဧရာဝတီမြစ်ကူးတံတား ရတနာပုံတည်ဆောက်ရေးအတွက် သိမ်းယူခဲ့ရာတွင် စီမံကိန်းအတွင်းမပါဝင်ဘဲ လွတ်နေသောလယ်ယာများကို ပြန်မပေးဘဲ ပိုင်ရှင်မသိဘဲ လန ၃၉ ချထားခြင်းနှင့် အခြားလယ်မြေများ ပြန်ရရေးအတွက် လယ်ယာမြေအသိမ်းခံရသူများက သက်ဆိုင်ရာသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

အမရပူရမြို့နယ်သို့ ရွှေကြက်ယက်ကျေးရွာအုပ်စုအတွင်း ရွာသားများ ဘိုးစဉ်ဘောင်ဆက် လုပ်ကိုင်ခဲ့သောယာမြေ ၄ ဒသမ ၁၈ ဧကမှာ စီမံကိန်းအတွင်း မပါဝင်သည့်တိုင် ပိုင်ရှင်များမသိဘဲ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ ၃၉ အရ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အမရပူရမြို့နယ်သို့ ခွင့်ပြုထားခြင်းနှင့် စီမံကိန်းအတွင်း မပါဝင်သော်လည်း ပြန်နေထိုင်အသုံးပြုခွင့်မရဖြစ်နေသော အခြားလယ်ယာနှင့် လူနေမြေဧကေ ၄၀ ကျော်ကို ပြန်ရရှိရေးအတွက် တင်ပြသွားမည်ဖြစ်ကြောင်း ရွာသူရွာသားများက ပြောသည်။

"ကျွန်တော်တို့ ဒီကိစ္စကို သမ္မတနဲ့ သက်ဆိုင်ရာဌာနတွေကို ဒီနေ့ရက်စွဲနဲ့ တင်ပြ အကြောင်းကြားသွားမှာပါ။ စီမံကိန်းနဲ့လည်း လွတ်ကင်းပြီး နှစ်ပေါင်းများစွာ ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်ခဲ့တဲ့လယ်ယာတွေကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအတွက်ဆိုပြီး ပိုင်ရှင်မသိဘဲ လန ၃၉ ချပေးထားတယ်။ အဲဒီချပေးထားတဲ့နေရာတွေတင်မကဘဲ ကျန်တဲ့နေရာတွေကိုလည်း အလွတ်မပေးဘဲ မူလပိုင်ရှင်ရွာသားတွေကို အသုံးပြုခွင့်မပေးပါဘူး။

"သမ္မတအမိန့်အတိုင်း၊ ဥပဒေပြဋ္ဌာန်းချက်အတိုင်း လုပ်ဆောင်မယ်ဆိုရင် ကျွန်တော်တို့ မလိုက်နာစရာအကြောင်း မရှိပါဘူး။ ဒါပေမဲ့ အဲဒါနဲ့ဆန့်ကျင်ပြီး ဥပဒေမဲ့ပုံစံတွေ လုပ်နေတာမျိုးကိုတော့ လက်မခံနိုင်ပါဘူး"ဟု ရွှေကြက်ယက် ရွာမှ ယာမြေအသိမ်းခံရသူ ကိုမိုးနောင်က ယခုလ ၁၉ ရက်တွင် ပြောသည်။

အထက်ပါလန ၃၉ ခွင့်ပြုထားခြင်းနှင့် ပတ်သက်ပြီးယခုလ ၁၃ ရက်နေ့က အမရပူရမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးက ရွာသူရွာသားများအား ခေါ်ယူအသိပေးခဲ့ပြီး အဆိုပါအမိန့်စာအရ တောင်သူများ မားမီးခုလုပ်ကိုင်သော နေရာဖြစ်သော်လည်း ဆောက်လုပ်ရေးလုပ်ငန်းပိုင်မြေနေရာ ဖြစ်သွားပြီဖြစ်ကြောင်း ပြောခဲ့သည်ဟု ရွာသူရွာသားများက ဆက်လက် ပြောသည်။

သို့ရာတွင် ၂၀၁၂ ခုနှစ်၊ မတ်လ ၃၁ ရက်က ထုတ်ပြန်ခဲ့သော လယ်ယာမြေ ဥပဒေပြဋ္ဌာန်းချက်အခန်း ၁၁၊ အပိုဒ် ၃၂ တွင် စီမံကိန်းများအတွက် လယ်ယာမြေကိုသိမ်းယူရာတွင် အနည်းဆုံးသော လိုအပ်သောပမာဏကိုသာ သိမ်းယူရမည်၊ စီမံကိန်းများ ဆောင်ရွက်ခြင်းမပြုတော့ပါက မူလလယ်ယာမြေလုပ်ပိုင်ခွင့် ရရှိထားသူများအား ပြန်လည်ပေးအပ်ရမည်ဟုပါရှိကြောင်း ရွာသူရွာသားများက ပြောသည်။

"အဘိုးအသက် ၈၄ နှစ်ရှိနေပြီ။ ဒီလယ်ယာမြေမှာ အဘိုးတို့ ဘိုးစဉ်ဘောင်ဆက်ကတည်းက စိုက်ပျိုးစားသောက်လာတာပါ။ ဟိုးအရင်ကတည်းက ယာခွန်ဆောင်ထားတာတဲ့ စာရွက်တွေလည်း အခုထိသိမ်းထားတယ်။ အခု ဒီလယ်ယာမြေက စီမံကိန်းထဲလည်း မပါပေမယ့် အသိမ်းခံထားရတယ်။ဘာမှ လုပ်ကိုင်စားလို့မရ ဖြစ်နေတယ်"ဟု ရွှေကြက်ယက်ရွာမှ အဘိုးဦးသိန်းက ပြောသည်။

ရောဝတီတံတား (ရတနာပုံ) စီမံကိန်းမှာ ၂၀၀၁ ခုနှစ်အတွင်း စတင်ခဲ့ကာ၊ ၂၀၀၈ ခုနှစ်၊ ဧပြီလတွင် ပြီးစီးခဲ့ပြီးနောက် စီမံကိန်းတွင်မပါဝင်ဘဲ လွတ်ကင်းသော နေရာများကို ပြန်ရလိုမှုများမှာ တံတားနှင့်အနီးတစ်ဝိုက်တွင် တစ်နေရာမက ဖြစ်ပွားနေသည်။ ■



ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်ခဲ့ပြီးစီမံကိန်းအတွင်းမပါသော်လည်း သံဆန်ခါကာရံကာ အသိမ်းခံထား ရသည်ဆိုသော ယခင်ယာမြေနေရာကို တောင်သူဦးသိန်းက ယခုလ ၁၅ ရက် က ပြသနေစဉ်။ ဓာတ်ပုံ - ပြီးဝေကျော်

မန္တလေးမြို့ အုတ်လုပ်ငန်းရှင်များ မတည်လှူဒါန်းသည့် ကျပ်သိန်း ၇၀၀ တန် တံတားတည်ဆောက်လျက်ရှိ

ဇအောင်ရဲသွင်



အုတ်လုပ်ငန်းရှင်များ မတည်လှူဒါန်းသည့် တံတားတည်ဆောက်မှုလုပ်ငန်းခွင်ကို တွေ့ရစဉ်။ ဓာတ်ပုံ - အောင်ရဲသွင်

မန္တလေးမြို့ အုတ်လုပ်ငန်းရှင်များ စုပေါင်းမတည်လှူဒါန်းသည့် သိန်းပေါင်း ၇၀၀ တန်ဖိုးရှိတံတားတစ်စင်းကို အများပြည်သူ သွားလာနိုင်ရေးအတွက် စတင်တည်ဆောက်နေပြီဖြစ်ကြောင်း မန္တလေးမြို့ရှိ အုတ်လုပ်ငန်းလုပ်ကိုင်သူ အုတ်သူကြီးများက ပြောသည်။

လက်ရှိ ဆောက်လုပ်နေသော တံတားမှာ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၊ ဒုံးကုံးကျေးရွာအနီးတွင်ဖြစ်ကြောင်းနှင့် ကွန်ကရစ်အမျိုးအစားတံတားဖြစ်ကာ တံတားဆောက်လုပ်မှုတွင် အုတ်သူကြီး ၂၄ ဦး ပါဝင်ကြောင်း အဆိုပါတံတား ဆောက်လုပ်မှုတွင်ပါဝင်သည့် ဦးကျော်တင့်က ပြောသည်။

"လတ်တလော ဆောက်လုပ်နေတဲ့ တံတားဘေးမှာ အသုံးပြုနေဆဲ နှစ် ၅၀ လောက်ရှိတဲ့ တံတားတစ်စင်းရှိပါတယ်။

"ဒါပေမဲ့ဒီတံတားက နှစ်ပေါင်းကြာပြီဆိုတော့ ကြံ့ခိုင်မှုအားနည်းနေပြီလေ။ အိုဟောင်းနေပြီဆိုတော့ လူတွေသွားရလာရတာ အခက်အခဲဖြစ်နေတာ တွေ့ရတယ်။ ဒါကြောင့် အုတ်သူကြီးတွေစုပြီး ကွန်ကရစ်တံတားတစ်စင်းဆောက်လုပ်ဖို့ဖြစ်လာတာပါ" ဟု ဦးကျော်က ပြောသည်။

ယင်းတံတားမှာ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလတွင် စတင်ဆောက်လုပ်ခဲ့ပြီး၊ ၂၀၁၄ ခုနှစ်တွင် အပြီးသတ်နိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ မတ္တရာမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်များသို့ လွယ်ကူစွာဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း ဦးကျော်တင့်က ပြောသည်။

"တံတားဆောက်လုပ်မှု ပြီးဆုံးသွားရင်တော့ ကျွန်တော်တို့ဒေသက ကျွန်းတည်း ၁၂ ရပ်လို့ခေါ်တဲ့ ပုသိမ်ကြီးမြို့နယ်ထဲက ရွာတွေဖြစ်ကြတဲ့ ဝေါတက်၊ ဆီးပင်ကုန်း၊ မြို့ရိုး၊ ကျောင်းကြီးစုအစရှိတဲ့ရွာပေါင်း ၁၂ ရွာ က ရွာသူ၊ ရွာသားတွေ စိတ်ချမ်းမြေ့စွာ သွားလာနိုင်တော့မှာပါ။ လောလောဆယ်တော့ ကျပ်သိန်း ၁၀၀ သုံးစွဲပြီးပါပြီ" ဟု ဦးကပြောသည်။

ကွန်ကရစ်တံတားမှာ စုစုပေါင်း ၆၅၇ ပေရှည်ပြီး နှစ်လမ်းသွားတံတားဖြစ်ကာ အလုပ်သမားပေါင်း ၁၅၀ ကျော်ဖြင့် ဆောက်လုပ်နေကြောင်း သိရသည်။■

တရုတ်ဦးထုပ်များကြောင့် တစ်နိုင်တစ်ပိုင်ဦးထုပ်လုပ်ငန်းများ ထိခိုက်မှုရှိ

ဇအောင်ရဲသွင်

မန္တလေးမြို့ တွင် မိသားစုတစ်နိုင်တစ်ပိုင် ဦးထုပ်ချုပ်လုပ်ငန်းများမှာ တရုတ်နိုင်ငံမှတင်သွင်းလာသော ဦးထုပ်များကြောင့် စျေးကွက်ထိခိုက်လျက်ရှိကြောင်း အဆိုပါ လုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

တရုတ်နိုင်ငံမှ တင်သွင်းလာသော ဒီဇိုင်းစုံဦးထုပ်များ စျေးကွက်တွင်း နေရာယူလာမှု၊ ဦးထုပ်ပြုလုပ်ရန်လိုအပ်သည့် ကုန်ကြမ်းများကို တရုတ်နိုင်ငံမှပင် ဝယ်ယူရသောကြောင့် အမြတ်တင်ရောင်းချခံနေရသည့်အတွက် စျေးကွက်ထိခိုက်မှုများ ကြုံတွေ့နေရကြောင်း ရာစုသစ် ဦးထုပ်ချုပ်လုပ်ငန်းမှ ကိုမောင်မောင်လွင်က ပြောသည်။

"အခုစျေးကွက်ထဲမှာ တရုတ်နိုင်ငံက ဦးထုပ်တွေက စျေးကွက်အသာစီးရနေတော့ ကျွန်တော်တို့လို တစ်နိုင်တစ်ပိုင်လုပ်ငန်းတွေအနေနဲ့ တော်တော်ရုန်းကန်ရပါတယ်။ ကျွန်တော်တို့လုပ်တဲ့ ဦးထုပ်တွေက အရည်အသွေးမမှီတာလည်းပါတယ်။ တရုတ်ကိုမယှဉ်နိုင်တဲ့နောက်တစ်ချက်က သူတို့ကပြည်တွင်းဖြစ်တွေနဲ့ အကုန်လုံးလုပ်လို့ရတယ်။ ကျွန်တော်တို့ကျတော့ ဦးထုပ်လုပ်ဖို့ လိုအပ်တဲ့ကုန်ကြမ်းဖြစ်တဲ့ ပိတ်စတွေကို သူတို့ဆီမှာပြီးလုပ်ရတော့ ကျွန်တော်တို့ဆီ ဒီပိတ်စတွေ မရောက်ခင်ကြားထဲမှာ အဆင့်နှစ်ဆင့်လောက်ရှိတယ်။ ကျွန်တော်တို့က ကုန်ကြမ်းကို ကုန်ချောပြန်လုပ်တဲ့သူဆိုတော့ စရိတ်တွေက အများကြီးတက်သွားပြီ။ အလုပ်သမားစရိတ်နဲ့ နောက်ထပ်လျှော့ချရမယ့် စရိတ်တွေ မလျှော့နိုင်တော့ဘူး" ဟု ဦးကပြောသည်။

ထို့ပြင် စျေးကွက်ထိခိုက်ရခြင်းအခြားအကြောင်းရင်းတစ်ခုမှာ ယခုနှစ် အစပိုင်းတွင် စျေးကွက်ကောင်းခဲ့သော်လည်း ဦးထုပ်စျေးနှုန်း ကြီးမြင့်မှုများကြောင့် မြန်မာချုပ်ဦးထုပ်များ ဝယ်ယူသူနည်းပါးသွားပြီး လက်ရှိတွင် စျေးနှုန်းချ၍ ရောင်းချနေရကာ ဦးထုပ်စျေးနှုန်းများမှာ အနိမ့်ဆုံး ဦးထုပ်စျေးနှုန်း ကျပ် ၅၀၀-၆၀၀ မှ အမြင့်ဆုံး ကျပ် ၁,၂၀၀-၁,၄၀၀ ထိရှိကြောင်း ၎င်းက ပြောကြားသည်။

"ဒီနှစ်အစပိုင်းက စျေးကွက်ကောင်းတယ်။ ကိုယ်သွင်းလိုက်တဲ့ပစ္စည်းက အကျိုးအမြတ်မရှိတာ။ မြန်မာချုပ်ဆိုစျေးမြင့်ရင် ဝယ်တဲ့သူက တော်တော်ရှားတယ်။ မြန်မာချုပ်ဆိုပြီး အထင်သေးတာလည်းပါတာပေါ့။ တကယ်တော့ ကျွန်တော်တို့ဦးထုပ်တွေက တရုတ်နဲ့ယှဉ်နိုင်ပါတယ်။ ဒါပေမဲ့ နိုင်ငံခြားဆိုရင် အထင်ကြီးတဲ့ဗီဇက မပျောက်နိုင်သေးဘူး"ဟုလည်း ကိုမောင်မောင်လွင်က ပြောသည်။

ဦးထုပ်ချုပ်လုပ်ငန်းမှာ တစ်နှစ်တာအတိုင်းအတာတွင်ဇန်နဝါရီလ၊ ဖေဖော်ဝါရီလနှင့် မတ်လပိုင်းအထိသာ အလုပ်ဖြစ်ပြီး အဆိုပါလများတွင်လည်း ရာသီဥတုအခြေအနေနှင့် အလုပ်သမားရရှိမှုအပေါ်လည်းမူတည်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

"အခုနှစ်လပိုင်းရောက်ပြီဆိုတော့ စျေးကွက်စပြီ။ အရင်နှစ်ကဆိုရင်တော့ စျေးကွက်ကောင်းရင် သင်္ကြန်မတိုင်ခင် အထိလုပ်ရတယ်။ မိုးတွင်းပိုင်းရောက်ရင်တော့ စျေးကွက်အေးပါတယ်။ တကယ်အလုပ်ဖြစ်တဲ့လ ရောက်ပြန်တော့လည်း ရာသီဥတုမကောင်းတာတို့ အလုပ်သမားမရှိတာတို့ ဖြစ်ပြန်ရင်လည်း အလကားပဲလေ။ တစ်နိုင်တစ်ပိုင် မိသားစုလုပ်ငန်းဆိုတော့ အလုပ်သမားအများကြီးမခေါ်နိုင်ဘူး။ ကိုယ့်ဆွေမျိုးသားချင်းတွေနဲ့ပဲလုပ်ရတယ်။ အခုရက်ပိုင်းကိုအလုပ်ကစလုပ်မယ်မရှိသေးဘူး။ လျှပ်စစ်မီးပျက်တော့ နစ်နာတာပေါ့။ အလုပ်ဖြစ်တဲ့သုံးလပြီးရင်တော့ ကျန်တဲ့လတွေမှာ စျေးကွက်ထိန်းပြီး ထမင်းပုံမှန်စားနိုင်ဖို့ ဦးထုပ်ပုံစံအမျိုးမျိုး ဒီဇိုင်းအဆန်းလေးတွေ လုပ်ရတယ်။ ပြီးတော့ ဆိုင်တွေလိုက်ပြလို့ အော်ဒါရရင်တော့ အသက်ရှူချောင်တာပေါ့"ဟု ကိုမောင်မောင်လွင် ကပြောသည်။

ဦးထုပ်များကို နယ်မြို့များသို့ ရောင်းချရခြင်းကြောင့် အဆိုပါမြို့များ၏ ကြိုက်နှစ်သက်သည့် ဒီဇိုင်းများအပေါ် မူတည်၍ တစ်နှစ်လျှင် ယောက်ျားဆောင်းနှင့် မိန်းကလေးဆောင်း ဒီဇိုင်းမျိုးစုံ ၃၀ ကျော်ထုတ်လုပ်ပြီး ကုမ္ပဏီများ၊ ကဏ္ဍပေါင်းစုံမှအဖွဲ့အစည်းများက အများဆုံးအော်ဒါလက်ခံရရှိကြောင်း သိရသည်။ ■



မန္တလေးမြို့မှ ဦးထုပ်လုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်။ ဓာတ်ပုံ - အောင်ရဲသွင်

တံတားဦးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ပြန်ရုပ်သိမ်းနိုင်ရေး ဥပဒေပြဋ္ဌာန်းပြီးသည် အထိ စောင့်ရဦးမည်

ဖြူဝေဝေကျော်နှင့် သန်းနိုင်စိုး

တံတားဦးမြို့နယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကို ကြိုက်နှစ်သက်ခြင်းမရှိတော့သည့် မဲဆန္ဒရှင် ပြည်သူများက ၎င်းတို့သဘောထား လက်မှတ်များကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ထံသို့ပေးပို့ပြီး ဖြစ်သော်လည်း တရားဝင် ရုပ်သိမ်းနိုင်ရန်မှာမူ ဥပဒေ ပြဋ္ဌာန်းပြီးမှသာ ဆက်လက်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း သိရသည်။

မဲဆန္ဒရှင်ပေါင်း ၉၀,၀၀၀ ကျော်ရှိသည့် တံတားဦးမြို့နယ်၌ အင်န်အယ်လ်ဒီပါတီမှ ဝင်ရောက်အရွေးခံကာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် အရွေးခံရသော ဒေါ်ခင်သန္တာကို ယခုအခါမဲဆန္ဒရှင်များက မနှစ်သက်တော့သဖြင့်ပြီးခဲ့သော ဇန်နဝါရီ လနောက်ဆုံးပတ်၌ သဘောထား လက်မှတ်ထိုး စုဆောင်းပွဲ ကျင်းပခဲ့ပြီးနောက် ယခုလ ၄ ရက်နေ့ တွင် လက်မှတ်ပေါင်း ၁,၂၄၀ စုဆောင်း ရရှိခဲ့၍ နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌထံ ပေးပို့ခဲ့သည်။

ယခုကိစ္စတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌထံမှ ယခုလ ၈ ရက်နေ့ရက်စွဲဖြင့် ပြန်ကြားစာအရ အဆိုပါကိစ္စကို ဖေဖော်ဝါရီလ ၅ ရက်နေ့ တွင် ကျင်းပသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အစည်းအဝေး၌ တင်ပြဆွေးနွေးခဲ့ကြောင်း၊ ယင်းသို့ဆွေးနွေးရာတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၉၇ အရ လွှတ်တော် ကိုယ်စားလှယ် တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကို ပြဋ္ဌာန်းပြီးမှသာ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး လက်ရှိအခြေအနေတွင် ယင်းဥပဒေ ပြဋ္ဌာန်းပေးရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်ထား၍ ယခုတင်ပြစာကို မှတ်တမ်းတင်ထားကြောင်း၊ ဥပဒေပြဋ္ဌာန်းပြီးပါက ဥပဒေနှင့်အညီ လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပါရှိသည်။ ■

သင့် စီးပွားရေးလုပ်ငန်းပျက် ဒေါင်ပြင်စေရန်
ပရဒ္ဓေးတားဆီးဖို့စာပျောက်နှာဘက်တွင် ဝင်ရောက်ကြော်ငြာပါ။

ကျိုက္ကာတွင်ကြော်ငြာလိုပါက
ဆက်သွယ်ရန်
၀၂-၆၅၃၉၁-၂၊ ၀၂-၂၄၄၅၀



HTC Smartphones များတွင်ထည့်သွင်းအသုံးပြုသော









မြို့လယ်ကောင်က မြေညီထပ်တိုက်ခန်းလေး



အောင်ရဲသွင်
အိမ်ခြံမြေသတင်းထောက်

ဒီတစ်ပတ်တော့ ကိုယ်ပိုင်စီးပွားရေးလုပ်ချင်တဲ့သူတွေ၊ ကုမ္ပဏီဖွင့်ချင်တဲ့သူတွေနဲ့ သင်တန်းတွေပို့ချဖို့ နေရာရှာနေတဲ့သူတွေအတွက်တော့ ခြောက်ထပ်တိုက်တန်းထဲက မြေညီထပ်တိုက်ခန်းလေးနဲ့ မိတ်ဆက်ပေးချင်ပါတယ်။

မန္တလေးမြို့ရဲ့ အချက်အချာကျရာနေရာလည်းဖြစ်၊ အစည်ကားဆုံးနေရာလည်းဖြစ်တဲ့ ၇၆ လမ်းပေါ်က ဒီတိုက်ခန်းလေးတွေဟာ ကိုယ်ပိုင်စီးပွားရေးဖြစ်တဲ့ ကော်ဖီဆိုင်ပဲဖြစ်ဖြစ်၊ အင်တာနက်ဆိုင်ပဲဖြစ်ဖြစ် ဖွင့်ချင်ရင်လည်း အဆင်ပြေစေတဲ့အနေအထား ရှိပါတယ်။

"တကယ်လို့ သင်တန်းဖွင့်မယ်ဆိုရင်လည်း မြို့လယ်ကောင်ဖြစ်တာကြောင့် သွားရေးလာရေး အဆင်ပြေချောမွေ့စေပါတယ်။

မိသားစုတွေအတွက်လည်း မြို့လယ်ကောင်ဖြစ်တာကြောင့် အဆင်ပြေစေနိုင်ပါတယ်။ မန္တလေးမြို့မှာ အကြီးဆုံး ပလာဇာဖြစ်တဲ့ ဒိုင်းမွန်းပလာဇာနဲ့နီးတာကြောင့် အိမ်ရှင်မတွေနဲ့ ရှော့ပင်းထွက်ချင်တဲ့လူငယ်တွေအတွက်တော့ ပျော်စရာအချိန်လေးတစ်ခုကို ဖန်တီးနိုင်တဲ့အပြင် ရထားစီးပြီးခရီးသွားချင်တယ်ဆိုရင်လည်း ဘူတာကြီးနဲ့ မနီးမဝေးမှာ ရှိနေပြန်ပါသေးတယ်။

အထပ်ခြောက်ထပ် တည်ဆောက်ထားတဲ့ ဒီတိုက်ခန်းလေးတွေအထဲမှာ လောလောဆယ်တော့ မြေညီထပ်က တိုက်ခန်းကို ဦးစားပေးငှားရမ်းသွားမှာဖြစ်တယ်လို့ သိရပါတယ်။ ဒါပေမဲ့ ငှားရမ်းလိုသူတွေအနေနဲ့ ထပ်မံလိုအပ်မယ်ဆိုရင်တော့ ပထမထပ်အပါအဝင် ကျန်တဲ့အခန်းတွေကိုလည်း ဆက်လက်ငှားရမ်းသွားမှာဖြစ်ပါတယ်။

မြေညီထပ်က တိုက်ခန်းလေးရဲ့ အကျယ်အဝန်းကတော့ ၁၆ ပေ × ၅၈ ပေ စတုရန်း ၉၂၈ ပေ ရှိတဲ့အပြင် ပေ ၁၆ × ၄၀ (စတုရန်းပေ ၆၄၀) အကျယ်အဝန်းရှိတဲ့ထပ်ခိုးလည်း ပါဝင်ပြန်ပါတယ်။ ဒီတိုက်ခန်းလေးထဲမှာ ရေချိုးခန်းနဲ့အိမ်သာ တွဲရက်ပါဝင်တဲ့ မိသားစုအိပ်ခန်းနှစ်ခန်းပါဝင်ပြီး ရိုးရိုးအိပ်ခန်းတစ်ခန်းပါဝင်ပြန်ပါတယ်။ အိမ်သာနဲ့ ရေချိုးခန်းလည်း သီးခြားထပ်မံပါဝင်ပါသေးတယ်။

ဒီတိုက်ခန်းလေးကို ကြွေပြားခင်းပေးထားပြီး ကြိုးဖုန်း၊ အင်တာနက်၊ အဲကွန်းသုံးလုံး၊ ရေပူ၊ ရေအေး၊ စလောင်း၊ အဝိစိတွင်းတစ်တွင်း၊ မီတာဘောက်နှစ်လုံးပါဝင်တဲ့အပြင် လျှပ်စစ်မီးအတွက်မီးလိုင်းအပြည့်အစုံသွယ်တန်းထားတယ်။

ဒီမြေညီထပ်တိုက်ခန်းလေးရဲ့အပြင်အဆင်က ကုမ္ပဏီဖွင့်ချင်တဲ့သူတွေအတွက် အထူးသင့်တော်တဲ့အပြင် ပိုင်ရှင်ကိုယ်တိုင်က ကုမ္ပဏီဖွင့်ချင်တဲ့သူတွေကို ဦးစားပေးငှားရမ်းပေးမယ်လို့ သိရပါတယ်။ အငှားဆိုပေမယ့် လက်ရှိတိုက်ခန်းအပြင်အဆင်ကို မကြိုက်လို့ မိမိကိုယ်တိုင် ပြင်ဆင်ချင်တယ်ဆိုရင်လည်း ပြင်ခွင့်ပြုထားတဲ့အပြင် နှစ်ရှည်ငှားရမ်းနိုင်တဲ့ ဒီတိုက်ခန်းလေးကို စိတ်ဝင်စားတယ်ဆိုရင်တော့ အောက်ပါလိပ်စာအတိုင်း စုံစမ်းနိုင်ပါတယ်။

ဆက်သွယ်ရန် - ၇၆ လမ်း ၃၃ × ၃၄ ကြား၊ ရတနာပုံစျေးအနီး။
ဖုန်း - ၀၉၄၃၅၆၉၉၉၉
စျေးနှုန်း - တစ်လကျပ် ၁၀သိန်း (အငှား)

တန်ဖိုးနည်းမြေရာကိုလည်း စဉ်းစားသင့်တဲ့ မန္တလေးအိမ်မြေ (၂)

ဖြိုးဝေကျော်

မြေစျေးနှုန်းကလည်း သာမန်လူတန်းစားတွေ လိုက်မီနိုင်ဖို့ခက်ခဲတဲ့ အနေအထားမှာရှိနေတယ်။ တန်ဖိုးနည်းအိမ်ရာရဲ့စျေးနှုန်းကလည်း သူ့ရဲ့တည်ဆောက်မှုကုန်ကျစရိတ် အနေအထားကြောင့် စျေးနှုန်းဟာမြင့်နေဦးမယ်ဆိုရင်တော့ 'တန်ဖိုးနည်းမြေရာ'ဆိုတဲ့ အစီအစဉ်မျိုးကို ထည့်စဉ်းစားသင့်ကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်နဲ့ အိမ်မြေအကျိုးဆောင်တချို့က ပြောပါတယ်။

ဒီလိုအနေအထားမှာ 'တန်ဖိုးနည်းအိမ်ရာ'နဲ့ 'တန်ဖိုးနည်းမြေရာ'တို့အကြားမှာ ထပ်စဉ်းစားလို့ရတဲ့ ကွာခြားချက်ကလေးတွေ ကျန်ရှိနေပါသေးတယ်။

"ကျွန်တော်တို့မြန်မာနိုင်ငံနဲ့ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံက တန်ဖိုးနည်းအိမ်ရာကို ကျွန်တော်တွေ့ခဲ့၊ လေ့လာမိခဲ့တာမှာ တွေ့ရတာကတော့ အဲဒီလို အိမ်ရာတွေ စုပေးထားတဲ့နေရာတွေမှာ ဒုစရိုက်မှုတွေ များများဖြစ်တတ်တာပါပဲ။ ဒီလိုနေရာတွေမှာက အုတ်နံရံတွေ လေးဖက် လေးတန် ကာပေးလိုက်သလို ဖြစ်သွားတယ်။ ချောင်ကြိုချောင်ကြားတွေများသွားတယ်"လို့ C.A.D ဆောက်လုပ်ရေး လုပ်ငန်းရှင် ဦးဇင်မင်းဆွေက ပြောပြပါတယ်။

မန္တလေးမြို့တော် စည်ပင်သာယာအနေနဲ့ အခုအခါ တန်ဖိုးနည်းအိမ်ရာတည်ဆောက်ဖို့ စီစဉ်နေရာမှာ အိမ်ရာတွေကြားမှာ စိမ်းလန်းစိုပြည်စေမယ့် အစီအစဉ်မျိုးကိုလည်း ထည့်သွင်းလုပ်ဆောင်ဖို့ပါဝင်မယ်လို့သိရပါတယ်။ ဒီနေရာမှာ ရေ၊ မီး၊ လမ်းစနစ်တွေလည်း အပြည့်အစုံ ထည့်သွင်းသွားမယ်လို့ ဆိုထားပါတယ်။

အခုလိုအနေအထားအတိုင်း တန်ဖိုးနည်းအိမ်ရာတွေမှာ အခန်းတစ်ခန်း အကျယ်ကလည်း ပျမ်းမျှပေ ၂၀×ပေ ၃၀ လောက် ရှိလိမ့်မယ်ဆိုတာကြောင့် လက်ရှိတည်ဆောက်မှု ကုန်ကျစရိတ်အနေအထားကြောင့် ခေါ်စျေးတန်ဖိုးထွက်လာတဲ့အခါမှာ ရှေ့တစ်ပတ်မှာ ပြောခဲ့သလိုပဲ သာမန်လူလတ်တန်းစားတွေအတွက်လည်း ဝယ်နိုင်ဖို့အတော်အားထုတ်ကြရမယ့် အခြေအနေပါပဲ။

နောက်ပြီး ဘယ်လိုဦးစားပေးပုံစံနဲ့ ရောင်းချသွားမလဲဆိုတာကလည်း ထည့်စဉ်းစားရမယ့်အချက်ဖြစ်ပြီး သတ်မှတ်ရောင်းချမယ့် အခန်းနှုန်းထားက မြင့်မားနေမယ်ဆိုရင်တော့ နေစရာအခက်အခဲဖြစ်နေပေမယ့် ငွေမလိုက်နိုင်တဲ့သူတွေအတွက် အကျိုးဖြစ်နိုင်ပါ့မလားဆိုတာလည်း ရှိပါသေးတယ်။

နောက်တစ်ချက် ထပ်စဉ်းစားသင့်တာက 'စိတ်ခံစားမှု' အပိုင်းဖြစ်ကြောင်း ဦးဇင်မင်းဆွေက သုံးသပ်ပြောပါတယ်။

"မြေပိုင်ဆိုင်ဖို့ ခက်ခဲနေတဲ့သူတွေအနေနဲ့ မြေကွက်ခပ်သေးသေး ပိုင်ဆိုင်နိုင်ပြီဆိုရင်ပဲ သူ့အနေနဲ့ တစ်ကမ္ဘာလုံးကို ပိုင်လိုက်ရတာနဲ့မခြားတဲ့ စိတ်ကျေနပ်မှုမျိုးကိုရနိုင်ပါတယ်။ တိုက်ခန်းကျဉ်းဆိုတာ အုတ်နံရံလေးဖက် လေးတန်ကြားမှာပဲ ခံစားချက်ကရနိုင်မှာလေ။

အထူးသဖြင့် မန္တလေးကလူတွေက တိုက်ခန်းယဉ်ကျေးမှုထက် မြေကိုပိုတပ်မက်ကြမယ်ထင်တယ်။ မြေကွက်ကျဉ်းကျဉ်းသေးသေးပေါ်မှာ တဲထိုးထန်းလက်ကာပြီးနေရရင်ကို အဲဒါကိုပို့နှစ်သက်ကြလိမ့်မယ် ထင်ပါတယ်" လို့ ဦးဇင်မင်းဆွေက ပြောပါတယ်။

ဒီအခြေအနေကြောင့် မကျဉ်းမကျယ် ပျဉ်ထောင်အိမ်လောက် ဆောက်နိုင်မယ့် မြေကွက်အကျယ်တွေကို နေစရာတကယ်အခက်အခဲ ဖြစ်နေတဲ့သူတွေအတွက် စိစစ်ပြီး အကွက်ဖော်ရောင်းချပေးမယ့် 'တန်ဖိုးနည်းမြေရာ' အစီအစဉ်ဆိုတာ ထည့်စဉ်းစားသင့်နေပါတယ်။

တန်ဖိုးနည်းမြေရာ ဆိုတာမှာလည်း အားနည်းချက်ဆိုတာကတော့ ရှိနေမှာပါပဲ။ ပြောရရင် မီးဘေးအန္တရာယ်မျိုးပါ။ ဒါကတော့ တိုက်ခန်းတွေမှာလည်း သတိထားကြရမယ့် ကိစ္စရပ်ဖြစ်ပြီး မြေရာတွေမှာတော့ လမ်းစနစ်၊ ခြံဝင်းစနစ်နဲ့ အဆောက်အအုံအမျိုးအစားစနစ်၊ သန့်ရှင်းရေးစနစ် စတာတွေကိုပါ စည်းကမ်းသတ်မှတ်ချက်နဲ့ စနစ်တကျ အတွက် စိစစ်ပြီး အကွက်ဖော်ရောင်းချပေးမယ့် 'တန်ဖိုးနည်းမြေရာ' အစီအစဉ်ဆိုတာ ထည့်စဉ်းစားသင့်နေပါတယ်။

တန်ဖိုးနည်းမြေရာ ဆိုတာမှာလည်း အားနည်းချက်ဆိုတာကတော့ ရှိနေမှာပါပဲ။ ပြောရရင် မီးဘေးအန္တရာယ်မျိုးပါ။ ဒါကတော့ တိုက်ခန်းတွေမှာလည်း သတိထားကြရမယ့် ကိစ္စရပ်ဖြစ်ပြီး မြေရာတွေမှာတော့ လမ်းစနစ်၊ ခြံဝင်းစနစ်နဲ့ အဆောက်အအုံအမျိုးအစားစနစ်၊ သန့်ရှင်းရေးစနစ် စတာတွေကိုပါ စည်းကမ်းသတ်မှတ်ချက်နဲ့ စနစ်တကျ ဖော်ဆောင်ဖို့ လိုအပ်ပါလိမ့်မယ်။

"တန်ဖိုးနည်းမြေရာဖြစ်ဖြစ်၊ တန်ဖိုးနည်းအိမ်ရာဖြစ်ဖြစ် သူဟာနဲ့သူ အားနည်းချက်၊ အားသာချက်ကတော့ ရှိတာပေါ့။ ဒါပေမဲ့မြေက ကိုယ်လိုက်မီတဲ့ တန်ဖိုးနဲ့ဆိုရင်တော့ မျက်စိစုံမှိတ်ပြီး ဝယ်ချင်တဲ့သူတွေကတော့ မန္တလေးမြို့မှာ မရှားနိုင်ပါဘူး။ တန်ဖိုးနည်းတယ်ဆိုပြီး ဝယ်ပြီးမှ မြေရာကိစ္စအရှုပ်အရှင်းတွေဖြစ်နေကြရတာတွေကို ခန့်မှန်းကြည့်ရင် သိနိုင်ပါတယ်"လို့ မြို့သစ်က အိမ်မြေအကျိုးဆောင်တွေက ဆိုပါတယ်။ ■



တန်ဖိုးနည်းသော်လည်းကျူးဟုသတ်မှတ်ခံရပြီးနောက် စည်ပင်မှဖျက်သိမ်းနေသောနေရာမှ သစ်များကို လူအချို့မှ သယ်ယူနေစဉ်။ ဓာတ်ပုံ - ဖြိုးဝေကျော်

မွေးနေ့ပွဲ


ဖာသာလဖုန်းကျောင်းသားဟောင်းများ


ဒေါ်အုန်းကြည်နဲ့ဒေါ်တင်တင်အေး


ဦးအုန်းမြင့်၊ ဦးနေဝင်း၊ ဦးခင်မောင်ချို၊ ဦးအေးသွင်နဲ့ဦးညီညီ


Chanlone ပွဲမှမအေးမိစံ

ချန်လုံးမိတ်ကပ်ပွဲ


မသိရိမြကျော်နဲ့ Mr Takano


ကိုနေနေနဲ့ Mr Itabashi Naoko


ကိုပိစိနဲ့ကိုချန်လုံး

Orchid Beauty ပွဲ


မစုနဲ့ယွန်းမိမိကျော်


ပြည့်ပြည့်၊ ယွန်းမိမိကျော်နဲ့အိမွန်



တိရစ္ဆာန်ဆေးကုဆရာဝန်များနှစ်ပတ်လည်ပွဲ

ဒေါက်တာဟိန်းစံ

Dr.ဝင်းနိုင်ကိုကိုနဲ့Dr.ခင်မောင်ထွေး

ဒေါက်တာစက်ရွှင်


Anlene ပွဲမှရတနာကျော်ဦး


Dr.မြင့်ဦးနဲ့ဒေါ်ချောစုမြတ်

Dr.နေသူရိန်နဲ့ဒေါ်မူဌသန်း

Dr.သန်းထွန်း

Anlene ပွဲ


ဖြူဖြူကျော်သိန်း


အေမိမိစော်


ဒေါ်ခင်စန်းရီ


သီရိဖိုလ်နဲ့ကိုနိုင်မင်းထွန်း


ချစ်သုဝေ


ဒေါ်ကြည်ကြည်တင့်


နီနီခင်စော်

Padamyar FM ပွဲ

ချမ်းချမ်း


စန်းစန်းဌေး၊ သိန်းသိန်းဌေးနဲ့အေးမြတ်နိုးလွင်


ကျော်ကျော်အောင်နဲ့မေသူကျော်


တက်ရောက်သူများ


ရွှင်းစော်ဦးနဲ့သီရိကျော်


ဆုချီးမြှင့်စဉ်


ဆိုတေး



ရွှေကြက်ယက်ဘုရားအနီး နေရာကောင်းမှ သိမ်းဆည်းခံ နေရာများပြန်ရရန် အိမ်ထောင်စု ၁၀ စုက ပြန်ကြိုးပမ်း

ဖြိုးဝေကျော်နှင့် လှိုင်ကျော်စိုး



ရွှေကြက်ယက်ဘုရားအနီး သိမ်းဆည်းခံထားရသော မြေကွက်လပ်ကြီးမျက်နှာစာရှိ ပျဲကျစျေးဆိုင်များကို တွေ့ရစဉ်။ ဓာတ်ပုံ - ဖြိုးဝေကျော်

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်း ရွှေကြက်ယက်ဘုရားအနီး၊ ကိုးသင်းရပ်ကွက်အတွင်းရှိနေရာကောင်းမှ သိမ်းဆည်းခံထားရသော မြေနေရာများကိုပြန်ရရှိရန် သက်ဆိုင်ရာသို့ တင်ပြထားကြောင်း သိမ်းဆည်းခံထားရသည်ဆိုသူများက ယခုလ ၁၅ ရက်နေ့ကပြောသည်။

ပြီးခဲ့သော ၂၀၀၁ ခုနှစ်အတွင်း၌ ဧရာဝတီမြစ်ကူး ရတနာပုံတံတားတည်ဆောက်ရာတွင် ကန်ပတ်လမ်းနှင့် ရွှေကြက်ယက်ဘုရားလမ်းကြားရှိ အဆိုပါနေရာကောင်းမှ အိမ်ထောင်စု ၁၀ စု၏ နေရာများပါမကျန် မလွတ်ကင်းဟုဆိုကာ တာဝန်ရှိသူများက အဓမ္မရွှေ့ပြောင်းစေခဲ့ကြောင်း၊ သို့ရာတွင် စီမံကိန်းပြီးဆုံးသွားပြီးနောက် အဆိုပါနေရာနှင့် လုံးဝလွတ်ကင်းသော်လည်း မူလပိုင်ရှင်များကို သက်ဆိုင်ရာက ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း မရှိသဖြင့် သမ္မတအပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းများထံသို့ပြီးခဲ့သော ဇန်နဝါရီလ ၁၃ ရက်နေ့စွဲဖြင့် စာပေးပို့တိုင်ကြားထားပြီးကြောင်း သိရသည်။

"ကျွန်မတို့နေရာက တံတားနဲ့ပေ ၈၀၀ လောက်ကွာပါတယ်။ စပြီးရွှေ့ခိုင်းတုန်းကမပါဘူး။ မပါလို့ထားခဲ့တာ။ နောက်ပိုင်းမှ ရွှေ့ရမယ့်ထဲပါတယ်ဆိုပြီး အတင်းဖျက်ခိုင်းတယ်။ အစားပြန်ပေးတဲ့နေရာက ရေနက်ကွင်းကြီးထဲမှာပါ။ အဲဒီနေရာကို သွားလည်းမနေနိုင်ပါဘူး။ အခုထိပေးတဲ့နေရာကိုလည်း မမှတ်မိဘူး။ ရေကြီးချိန်ဆို တစ်နှစ်ကို ရေက ခြောက်ကြိမ်လောက် တက်နေတော့ သွားပြီးမနေဘူး" ဟု မြေကွက်သိမ်းခံရသူတစ်ဦးဖြစ်သည့် မအေးဖြူဖြူဆွေက ယခုလ ၁၅ ရက်နေ့က ပြောသည်။

၎င်းတို့မှာ အဆိုပါနေရာများတွင် ဘိုးစဉ်ဘောင်ဆက် နေထိုင်ခဲ့ကြကြောင်း၊ စီမံကိန်းတွင် မပါဝင်သော်လည်း နေရာပြန်မရဘဲ ဘေးလုံးကွင်းလိုလို၊ ကစားကွင်းလိုလိုဖြစ်နေကာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှာလည်း အဆိုပါကွင်းအတွင်း ဆောက်လုပ်ထားကြောင်း အသက် ၆၀ နှစ်ရှိ ဒေါ်စန်းက ဖြည့်စွက်ပြောသည်။

"အခု စီမံကိန်းပြီးသွားတော့လည်း နေရာက ကွက်လပ်ကြီးကျန်နေတော့ ပြန်လိုချင်တယ်။ မပြောင်းရခင်က ကိုယ့်မြေပေါ်မှာ စားသောက်ဆိုင် ဖွင့်တာမို့လို့ ပြောင်းရတဲ့အခါ စီးပွားရေးပါ အခြေပျက်ခဲ့ရတယ်" ဟု ဒေါ်စန်းက မြန်မာတိုင်း(မ်)ကို ပြောပြသည်။

စီမံကိန်းကာလအတွင်း တံတားနှင့် ပတ်သက်ပြီး အဆိုပါနေရာကို မည်သည့်အတွက်ကြောင့်မှ အသုံးပြုခဲ့ခြင်းမရှိကြောင်း၊ ယခုအခါ ရပ်ကွက်တာဝန်ရှိသူကလည်း ၎င်းသဘောဆန္ဒဖြင့်စည်းကမ်းမဲ့စွာ လုပ်ဆောင်နေသည်ဟုယူဆကြောင်း၊ အဆိုပါနေရာတွင် ပျံကျစျေးသည်များလည်း ထွက်ရှိနေကြောင်း ၎င်းတို့က ပြောသည်။

"ဒီနေရာကို သိမ်းခဲ့စဉ်က အခုရပ်ကွက်အုပ်ချုပ်သူလည်း ပါခဲ့ပေမယ့် အခုဘာမှတာဝန်မယူပါဘူး။ ကိုယ့်နေရာမှာ မသက်ဆိုင်တဲ့ ပျံကျစျေးသည်တွေ ဖွင့်နေတာ၊ တာဝန်ရှိသူကလည်း ထင်ရာလုပ်နေတာကို မြင်နေရပြီး ကိုယ့်နေရာကိုယ်ပြန်မရဖြစ်နေတာ ရင်နာလို့မဆုံးဘူး"ဟု ၎င်းတို့က မြန်မာတိုင်း(မ်)ကို ရှင်းလင်းပြောပြသည်။ ■

ယခင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဟောင်းအား သက်ဆိုင်ရာမှ တရားစွဲဆိုမှုဖြစ်

ဇော်လှနွယ် (မကွေး)

မကွေးမြို့နယ်၊ ကမ်းရင်ကျေးရွာနေသူ ဦးဖိုးဆိတ်က ယခင်ကမ်းရင်ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်း ဦးအေးမြင့်အား ကျေးရွာမူလတန်းကျောင်း ရန်ပုံငွေအလွဲသုံးစားလုပ်မှုနှင့် တိုင်ကြားထားကြောင်း သတင်းရရှိသည်။ ဖြစ်စဉ်မှာ ကမ်းရင်ကျေးရွာရှိ အစိုးရမူလတန်းကျောင်းကို တည်ဆောက်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ကျောင်းရန်ပုံငွေအဖြစ် ကျေးရွာပိုင်ကျွန်းကိုင်းမြေ (၂၁) တာ၊ (တစ်လလျှင် အလျား ၄၅၀ ပေ၊ အနံ ၉၀ ပေ) ကို တစ်လလျှင် တစ်သိန်းကျပ်ဖြင့် တစ်နှစ်စာလုပ်ကိုင်ရန် ယခင်ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်း ဦးအေးမြင့်က လေလံစနစ်ဖြင့် ရောင်းချခဲ့ကြောင်း၊ ၎င်းကိုင်းတာ (၂၁) တာကို ကမ်းရင်ကျေးရွာနေ ဦးဟန်ထွန်းနှင့် တောင်သူ ၂၀ ဦးက လေလံဝယ်ယူပြီး ထိုနေ့မှာပင်ငွေ ၂၁ သိန်းကျပ်ကို ဦးအေးမြင့်ထံပေးအပ်ခဲ့ကြောင်း ယနေ့အထိ ဦးအေးမြင့်က အစိုးရမူလတန်းကျောင်း တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်မှုမရှိသဖြင့် ကျောင်းရန်ပုံငွေ ၂၁ သိန်းကို ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ထားသူ ဦးအေးမြင့်အား အရေးယူပေးပါရန် ဦးဖိုးဆိတ်က ဖေဖော်ဝါရီ ၁၈ ရက်နေ့တွင် တရားလိုပြုလုပ်တိုင်တန်းသဖြင့် မကွေးမြို့နယ်၊ မြို့မရဲစခန်းက (ပ) ၃၅/၁၃၊ ပုဒ်မ ၄၀၉ ဖြင့် အရေးယူထားကြောင်း သက်ဆိုင်ရာရဲစခန်းထံမှ သိရှိရသည်။ ■

တစ်ပတ်အတွင်း သတင်းတိုထွာ

ကံကုန်းကျေးရွာမှ တောင်သူ ၄၈ ဦးက မိုးကြိုး ဆာလ်ဗျူရစ်အက်စစ် စက်ရုံမှ တာဝန်ရှိသူများကို တရားမမှုဖြင့် ပြန်လည်တရားစွဲဆို

ဆားလင်းကြီးမြို့နယ် ကျောက်မျက်ကျေးရွာအုပ်စု ကံကုန်းကျေးရွာက လယ်သမား ၂၆ ဦးကို စီမံကိန်းပိုင်နက် ကျူးကျော်ထွန်ယက်မှုနဲ့ မိုးကြိုးဆာလဗျူရစ်အက်ဆစ်စက်ရုံမှ တာဝန်ရှိသူများက တရားလိုပြုကာ ဆားလင်းကြီးမြို့နယ်ရဲစခန်းမှာ ပုဒ်မ(၄၄၇) အမှုတွဲ ၁၀ ခုဖြင့် ၂၂-၁၀-၁၂ ရက်နေ့က အမှုဖွင့်ခဲ့ပြီး ၁၃-၂-၁၃ ရက်နေ့မှာ



တော့ ကံတက်ကုန်းကျေးရွာမှ တောင်သူ ၄၈ ဦးက ခရိုင်တရားရုံးမှာ မိုးကြိုးဆာလ်ဗျူရစ်အက်စစ်စက်ရုံမှ တာဝန်ရှိသူများကို တရားမမှုဖြင့် ပြန်လည်ကာ အမှုဖွင့်ခဲ့တဲ့အတွက် ၂၈-၂-၁၃ ရက်နေ့မှာ တရားပြိုင်များ လာရောက်မို့ ချိန်းဆိုလိုက်ကြောင်း ဖေဖော်ဝါရီလ ၂၀ ရက်နေ့ထုတ် မြန်နွာသတင်းဂျာနယ်မှာ ဖော်ပြထားပါတယ်။

လက်ပံတောင်းတောင် သပိတ်စခန်းများဖြိုခွင်းရာတွင် မြန်မာရဲတပ်ဖွဲ့ ဝင်များက ဖောင်စဖိတ် အဖြူများအသုံးပြုခဲ့ဟု ပြည်ပအစီအရင်ခံစာတစ်ခုတွင် ဖော်ပြ

မြန်မာရဲတပ်ဖွဲ့ဝင်များက အငြင်းပွားဖွယ် ကြေးနီမိုင်းတစ်ခုမှာ ဆန္ဒပြနေသူများကိုလူစုခွဲဖို့ စစ်မြေပြင်သုံး အဖြူရောင်ဖောဖိတ်များ အသုံးပြုခဲ့သည်ဟု အစီအရင်ခံစာအသစ်တစ်ခုမှာ ဖော်ပြခဲ့သည်ဟု ဖေဖော်ဝါရီ ၁၄ ရက် ဘီဘီစီသတင်းမှာဖော်ပြကြောင်း ဖေဖော်ဝါရီလ ၁၈ ရက်နေ့ထုတ် ရွှေမန္တလေးသတင်းဂျာနယ်မှာ ပါရှိပါတယ်။

စစ်တပ်သိမ်းထားတယ်ဆိုတဲ့ လယ်ယာမြေ ၈၊၀၀၀ ကျော်ကိစ္စ တိုင်ကြားစာပို့လို့ အဆင်မပြေရင် တရားဝင် ဆန္ဒထုတ်ဖော်မှုပြုလုပ်သွားမယ်

စဉ်ကူးမြို့နယ်၊ ညောင်ဝန်းကျေးရွာ မှာ စစ်တပ်ကသိမ်းထားတယ်ဆိုတဲ့ တောင်သူ ၃၆၀ ကျော်ပိုင်လယ်ယာ မြေကေ ၃,၀၀၀ ကျော်ကိစ္စ သက်ဆိုင် ရာဌာနတွေကို တိုင်ကြားစာပို့လို့မှ အဆင်မပြေရင် ဆန္ဒထုတ်ဖော်မှုတွေ ပြု လုပ်သွားမယ်လို့ ၁၃-၂-၁၃ ရက်နေ့က မန္တလေးမှာပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ လယ်သမားအရေးဆောင်ရွက်ပေးနေသူ ကိုအေးသိန်းက ပြောကြောင်း ဖေဖော်ဝါရီလ ၂၀ ရက်နေ့ထုတ် မြန်နွာသတင်းဂျာနယ်မှာ ဖော်ပြထားပါတယ်။ ■

မဏိပူရမှ လက်မှုအနုပညာ ပစ္စည်းများ ပြသမည်

ခင်ဆုဝေ

အိန္ဒိယနိုင်ငံ၊ မဏိပူရအိမ်တွင်းမှုနှင့် လက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်းက ကြီးမှူး၍ အိန္ဒိယ-မြန်မာ အိမ်တွင်းမှုအနုပညာပြပွဲကို ပထမဆုံး အကြိမ်အဖြစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အထိ မန္တလေးမြို့ အမျိုးသားကဇာတ်ရုံတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

"ယဉ်ကျေးမှုပညာရှင်တွေရဲ့ တိမ်မြုပ်နေတဲ့ အနုပညာတွေကို သိရှိအောင် ပြပွဲကျင်းပရခြင်းဖြစ်ပါတယ်။ ပြပွဲမှာ အိန္ဒိယဘက်က အနုပညာရှင် ၂၅ ဦးနဲ့ မြန်မာဘက်က ငါးဦး ပါဝင်ပါမယ်။ မန္တလေးမှာ ပထမအကြိမ် ကျင်းပပြုလုပ်တာပါ။ ကျွန်တော်အနေနဲ့ မန္တလေးမှာ ပြပွဲလုပ်ရတာ ပိုအဆင်ပြေပါတယ်။ မန္တလေးမှာ ယဉ်ကျေးမှု၊ သမိုင်းအငွေ့အသက်တွေ လည်းရှိတယ်။ မန္တလေးနဲ့ မဏိပူရတို့ဟာ အမြဲဆက်စပ်မှုရှိပါတယ်။ အနာဂတ်မှာ ပိုမိုရင်းရင်းနှီးနှီး ဆက်သွယ်နိုင်ဖို့ ရည်ရွယ်ထားပါတယ်" ဟု မန္တလေးမြို့ရှိ အိန္ဒိယကောင်စစ်ဝန်ရုံးမှ ကောင်စစ်ဝန်ချုပ် မဒန်းမိုဟန်ဆေသီက ပြောကြားသည်။

ပြပွဲတွင် ပြသမည့် အဓိကပစ္စည်းများမှာ ဝါးဖြင့်ပြုလုပ်ထားသော လက်မှုပစ္စည်းများ၊ လက်ယက်ထည်များ ပါဝင်မည်ဖြစ်သည်။ ပြပွဲတွင် အခန်းခုနစ်ခန်း မှ ၁၀ ခန်းလောက်ထိဖြစ်နိုင်ပြီး၊ ထိုင်းနိုင်ငံနှင့် ဂျပန်နိုင်ငံတို့တွင်ပြသလေ့ရှိသည့် ပစ္စည်းအမျိုးအစားတွေ ဖြစ်သည်ဟုလည်းသိရသည်။

"နယူးဒေလီ၊ ကာလကတ္တားမှာလည်း ဒီဘက်က အနုပညာရှင်တွေ စိတ်ဝင်စားတယ်ဆိုရင် အနုပညာပြပွဲမျိုးဆက်လက်ပြသသွားဖို့ ရည်ရွယ်ထားပါတယ်။ ဒီလိုမျိုးလက်မှု အနုပညာပစ္စည်းတွေဟာ ချမ်းသာတဲ့ လူ့အသိုင်းအဝိုင်းကလာတာမဟုတ်ပါဘူး။ အောက်ခြေကလူတန်း

မန္တလေးအထူးကဏ္ဍ ခ သို့

စာပေဈေးကွက်ကဏ္ဍ

ကျွန်တော်၊ ကျွန်မတို့၏ ဆရာ၊ ဆရာမများ

ဖြိုးဝေကျော်



ဘဝတစ်လျှောက်မှာ ဆရာတော်စပ်ခဲ့ဖူးသူ၊ ဆရာအဖြစ်သတ်မှတ်ဖူးသူတွေရှိခဲ့တဲ့သူတိုင်း နှစ်ခြိုက်နိုင်မယ့် ဆောင်းပါးတွေကို စုစည်းထားတဲ့စာအုပ်ဖြစ်ပါတယ်။

ဒီစာအုပ်ထဲက ဆောင်းပါးတွေကို စာရေးဆရာ မောင်ကိုကို(အမရပူရ)က စုစည်းစီစဉ်ထားတာပါ။ ဆောင်းပါးတွေမှာပါဝင်တဲ့ အကြောင်းအရာတွေကို ဖတ်ရှုရင်း စာဖတ်သူတွေအနေနဲ့ကိုယ့်ရဲ့ ကျန်ခဲ့တဲ့ အတိတ်ကပုံရိပ်တွေကိုလည်း ပြန်လည်မြင်ယောင်မိကြပါလိမ့်မယ်။

စာအုပ်မှာ ဆောင်းပါးပေါင်းအပုဒ် ၂၀ ပါဝင်ထားပါတယ်။ ဆောင်းပါးတွေမှာ မှတ်စရာအကြောင်းခြင်းရာတွေလည်း ပါဝင်တာကို တွေ့ရမှာဖြစ်သလို ခံစားမှုရသ ရောပြွမ်းနေတဲ့စာမူတွေကတော့ စာဖတ်သူစိတ်ကို ကျေနပ်မှုပေးမှာ ဖြစ်ပါတယ်။

ဆောင်းပါးတွေအဖြစ် စာအုပ်ရှေ့ပိုင်းမှာ လူထုစိန်ဝင်းရဲ့ 'ပညာရွာ ပညာစီးပွားရေး'၊ တင်စိန် (ပထဝီဝင်) ရဲ့ 'မှန်ကန်သေချာ ဖွေရှာမှမ်းတင်ကြည့်လွှမ်းချင်သည့်စိတ်က ဝေဖန်လာ'၊ ဦးတင်ဦး (ကျူရှင်) ရဲ့ 'ကျွန်တော့်ဆရာ၊ ဆရာမများ'၊ ကြူးနှစ်ရဲ့ 'အားကျခြင်းနှင့် အားမရခြင်း'၊ မောင်ကိုကို (အမရပူရ) ရဲ့ 'ဆရာ'၊ လဲ့ဝင်းကြည် (ခ်ျ) ရဲ့ 'စေတနာဖြင့် သွန်းထုဆစ်လက် မေတ္တာဖက်သည်'၊ မောင်အေးမြင့်(မြန်မာမှုဒဿီဝိုင်း သုတေသီ)ရဲ့ 'သတိရလေလေ ကျေးဇူးတင်မိလေလေ ဦးခိုက်မိလေလေ'၊ ကြည်မွေ့အိမ်ရဲ့ 'နွေလယ်တေး'၊ မြသဇင်ရဲ့ 'ဆရာမသို့'နဲ့ နောင်ကျော်ရဲ့ 'အနေဝေးသွားခဲ့သော်လည်း လေးစားတန်ဖိုးထားဖို့ မမေ့ခဲ့ပါ'တို့ကို ဖတ်ရှုရမှာပါ။

ဒီဆောင်းပါးတွေထဲမှာ တင်စိန် (ပထဝီဝင်)ရဲ့ဆောင်းပါးကတော့မြန်မာစာပေနယ်မှာထင်ရှားတဲ့ ဆရာနတ်နွယ်ရဲ့ ဘဝပုံရိပ်တစ်စွန်းတစ်စကို တွေ့မိကြပါလိမ့်မယ်။ ကြူးနှစ်နဲ့ ကြည်မွေ့အိမ်တို့ရဲ့ ရသနဲ့လှနေတဲ့ဆောင်းပါးတွေကိုလည်း နှစ်သက်ကြမှာဖြစ်သလို နောင်ကျော်ရဲ့လက်ရာကလည်း စာဖတ်သူရဲ့ အာရုံကို သိမ်းပိုက်နိုင်မယ့်လက်ရာကောင်းလို့ ဆိုပါရစေ။

ဒီအထဲမှာ ဆရာနောင်ကျော်ရဲ့'အနေဝေးသွားခဲ့သော်လည်း လေးစားတန်ဖိုးထားဖို့ မမေ့ခဲ့ပါ'ထဲက ဆရာတွေအကြောင်းကိုဖတ်ရတဲ့အခါ စာဖတ်သူကိုယ်တိုင်လည်း ကိုယ့်ဘဝထဲက အမှတ်တရဖြစ်ခဲ့ရတဲ့ ဆရာတွေအကြောင်းကိုပါ ချိန်ထိုးကြည့်မိသွားနိုင်ပါတယ်။

ဒီဆောင်းပါးထဲက ဆရာတစ်ယောက်ကတော့ တပည့်တွေကို ပြောရဲဆိုရဲစဉ်းစားရဲအောင်၊ တစ်ဦးချင်းဘဝအတွက်လွတ်လပ်စွာ စဉ်းစားတတ်လာအောင် တွန်းအားပေး လမ်းဖွင့်ပေးပုံက အားရစရာပါပဲ။

စာအုပ်ရဲ့နောက်ပိုင်းမှာ ဆောင်းဝင်းလတ်ရဲ့'ကျွန်တော်၏ ဆရာ၊ ဆရာမများ'၊ သွေး (စစ်ကိုင်း) ရဲ့ 'ကျေးဇူးတရားဖြင့် ရေးသားရမည့် ဘဝ၏ စာမျက်နှာများ'၊ မသက်သက်ရဲ့ 'အောက်တိုဘာ ၅'၊ မြူပေါ်ရဲရဲ့ 'သင်ယူခြင်း အိပ်မက်ရှည်'နဲ့ မောင်တင်ဆင့်ရဲ့'ချစ်သော ကဗျာဆရာ'တို့ ပါဝင်ထားပါတယ်။

နောက်ပြီး ကျော်မိုးမြင့်ရဲ့ 'သိဂ်ဂါရအလွမ်း'၊ မိုးလွင်ဟန်ရဲ့ 'ခပ်ဝါးဝါးနဲ့ ဝေးမှန်ပျောက်ကွယ်သွားဖို့ မဖြစ်နိုင်သော ကျွန်တော့်နှလုံးသားထဲက ဆရာ၊ ဆရာမများ'၊ သီတာမြင့်သိန်းရဲ့ 'ဘာသာပြန်ဆရာတစ်ဦး'၊ ကျော်ခန့်လူရဲ့'အောင်ပန်းမြို့ကလေးရဲ့ နှင်းဆီရောင်လွင်ပြင်'နဲ့ မောင်သစ္စာ (ယင်းတော်) ရဲ့ 'ကျွန်တော်ချစ်သော ဆရာ၊ ဆရာမများ'တို့ကို ခံစားနိုင်ပါလိမ့်မယ်။

စာအုပ်နောက်ပိုင်းက ဒီဆောင်းပါးတွေထဲမှာလည်း ခံစားချက်နဲ့ ရုန်းကြွေနေတဲ့ဆောင်းပါးကောင်းတွေကို တွေ့ရမှာပါ။

နယ်ပယ်အသီးသီးမှာ ချစ်တဲ့၊ မုန်းတဲ့၊ ကြည်ညိုစရာကောင်းတဲ့၊ လေးစားစရာကောင်းတဲ့ ဆရာ၊ ဆရာမတွေကို ပြန်အမှတ်ရမိစေမယ့် ဒီစာအုပ်ကို the book house ကနေ ၂၀၁၂ ဒီဇင်ဘာလမှာ ပထမအကြိမ်အုပ်ရေ ၁,၀၀၀ ထုတ်ဝေထားပြီး တန်ဖိုး ကျပ် ၂,၅၀၀ ဖြစ်ပါတယ်။ ■

ပစ္စည်းသစ်အဖြာဖြာ ဖတ်စရာ

ကြေးမုံဝင်း

ဒီတစ်ပတ်ကတော့ သားသားမီးမီးတွေအတွက်အထူးပါ။ သားသားမီးမီးတွေရဲ့ အခန်းလေးတွေကို အိပ်ချင့်စဖွယ်၊ နေချင့်စဖွယ်ဖြစ်အောင် အလှဆင်နိုင်မယ့် ကုတင်လှလှလေးနဲ့ ဆက်စပ်ပစ္စည်းတွေအကြောင်း မိတ်ဆက်ဖော်ပြလိုက်ပါတယ်နော်။


um;ykdkwif



ပြိုင်ကားပုံ၊ ရိုးရိုးကားပုံစသဖြင့် ဒီဇိုင်း ကွာခြားသလို တစ်ယောက်အိပ်၊ နှစ်ယောက်အိပ်ဆိုပြီးလည်း ရွေးချယ်ဝယ် ယူနိုင်ပါတယ်။ နှစ်ယောက်အိပ်ရဲ့ အောက်ဆင့်က လွယ်လွယ်ကူကူဖြုတ် လို့တပ်လို့လွယ်တာကြောင့် တခြားနေရာမှာသီးသန့်ထားလို့ရသလို မောင်နှမတွေ၊ ညီအစ်ကိုတွေ အထက်အောက်အိပ်လို့လည်းရပါတယ်။ ဘေးမှာလည်း အကာလေးတွေပါတာကြောင့် အပေါ် ဆင့်ကလူ အောက်ပြုတ်ကျမှာလည်း ပူစရာမလိုတော့ပါဘူး။ ဈေးနှုန်းကတော့ နှစ်ယောက်အိပ်ရော၊ တစ်ယောက်အိပ်ပါ ကျပ်သုံးသိန်းကျော် ဖြစ်ပါတယ်။


Edkifa,muftydkukwif

နှစ်ယောက်အိပ်ကုတင်ရဲ့ပုံစံက တီပုံစံဖြစ်ပြီး အောက်ကလူက ဒေါင်လိုက်နဲ့ အပေါ်ကလူက အလျားလိုက်ပုံစံအိပ်ရမှာဖြစ်ပါတယ်။ သူမှာလည်း အံဆွဲ၊ ဗီရို၊ စာအုပ်စင်တွေပါဝင်ပြီး ဗီရိုကသုံးယောက်အိပ်ရဲ့ ဗီရိုထက် ပိုကြီးပါတယ်။ ကုတင်နဲ့အတူ စာကြည့်စားပွဲပါ တွဲလျက်ပါတဲ့ နှစ်ယောက်အိပ် ကုတင်လည်း ရှိပါသေးတယ်။ သူရဲ့ အောက်ဆင့်ကုတင်ကလည်း ကလေးငယ်တွေဆို နှစ်ယောက်အိပ်လို့ရအောင် ကျယ်ဝန်းပါတယ်။ နှစ်ဆင့်၊ သုံးဆင့် ကုတင်တွေကို ကလေးတွေအတွက် အထူးခဲဒိုင်းခံအောင် ပြုလုပ်ထားတာမို့ ပြိုလဲပြုတ်ကျမှာ စိတ်မပူရပါဘူးတဲ့။ ဈေးနှုန်းကတော့ ကျပ် ကိုးသိန်းကျော် ဖြစ်ပါတယ်။



ok;kd,muftydkukwif

ညီအစ်ကိုမောင်နှမသုံးယောက်ရှိသူတွေအတွက် နေရာကျယ်ကျယ်မယူဘဲ တစ်ခန်းထဲမှာပဲ အဆင်ပြေပြေအိပ်လို့ရ စေမှာပါ။ အပေါ်ဆုံးဆင့်မှာ အိပ်မယ့်သူအတွက် လက်ရန်းပါ လှေကားပါဝင်ပြီး သူတို့ရဲ့ ကိုယ်ပိုင်ပစ္စည်းတွေကို ထားဖို့အတွက်လည်း ကုတင်ရဲ့ လှေကား ထစ်အောက်မှာ ဗီရိုအကြီးအသေး၊ အံဆွဲတွေလည်း ပါဝင်ပါတယ်။ စာအုပ်စင်ငယ်လေးလည်း ပါဝင်သေးသလို အောက်ဆုံးဆင့် အိပ်ရာရဲ့ အောက်မှာလည်း ပစ္စည်းပစ္စယတွေထည့်ဖို့ အံဆွဲလေးတွေ ပါပါသေးတယ် ဈေးနှုန်းက ကျပ် ကိုးသိန်းဝန်းကျင်ပါ။



မန္တလေးအထူးကဏ္ဍ ၈ သို့

မဏိပူရမှ လက်မှုအနုပညာ . . .

မန္တလေးအထူးကဏ္ဍ က မှ

စားက ဒီလိုမျိုးပစ္စည်း ထုတ်လုပ်နိုင်တယ်ဆိုတာ ပြသတာပဲဖြစ်ပါတယ်" ၎င်းကပြောသည်။

အိန္ဒိယကောင်စစ်ဝန်ရုံးသည် မြန်မာနိုင်ငံ၏ ခရီးသွားလာရေး လုပ်ငန်းကို ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပုဂံနှင့် မန္တလေးဒေသများရှိ အနုပညာလက်ရာများကိုလည်း ကမ္ဘာက သိရှိအောင် စီစဉ်မည်ဖြစ်ကြောင်းလည်း ပြောကြားသည်။

"ခရီးသွားလာရေးနဲ့ပတ်သက်တဲ့ပြဿနာကို ပြသဖို့ စီစဉ်ထားပါတယ်။ ဟိုတယ်၊ စားသောက်ဆိုင်တွေ၊ ခရီးသွားလမ်းညွှန်စတာတွေဟာ ခရီးသွားလာရေးလုပ်ငန်းတိုးတက်လာတာနှင့်အမျှ တိုးတက်လာတာပါ။ အနုပညာပစ္စည်းတွေဟိုဘက် သွားရောက်ပြသမယ်ဆိုရင် အနုပညာပစ္စည်းတွေ တိုးတက်သွားမှာဖြစ်ပါတယ်။ တပ်ခ်ျမဟာကို နေ့စဉ်ည့်သည် တစ်သိန်းကျော်လာပါတယ်။ အရင်က တပ်ခ်ျမဟာနားမှာ နေတဲ့လူတန်းစားဟာ အင်မတန်နိမ့်ကျတဲ့အထဲပါတယ်။ အခုဆိုရင် အဆင်ပြေပြေဖြစ်နေပါပြီ။ နောက်ပြီး အိန္ဒိယမှာ လူဦးရေသန်းပေါင်းတစ်ထောင်နှစ်ရာကျော် ရှိပါတယ်။ ဒီဘက်ကို တစ်ရာခိုင်နှုန်းပဲ လာတယ်ထားပါဦး။ ဒီဘက်က ဟိုတယ်တွေ၊ အခန်းတွေ လိုလာနိုင်ပါတယ်။ ကျွန်တော်တို့ မန္တလေးတိုင်းအစိုးရအဖွဲ့နဲ့တိုင်ပင်ထားပါတယ်"ဟု မစ္စတာ မဒန်မိုဟန်ဆေသီက ပြောသည်။ ■





ဒုတိယအကြိမ် ပြည်သူ့စစ်သင်တန်း ထပ်မံဆင်းခဲ့

ခင်ဆုဝေ



ပြည်သူ့စစ်သင်တန်းတွင် သင်တန်းသားများ လေ့ကျင့်နေကြစဉ် ဓာတ်ပုံ - ခင်ဆုဝေ

ဒုတိယအကြိမ်မြောက် ပြည်သူ့စစ်သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၉ ရက်နေ့က ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့မှ မိုင် ၂၀ ခန့် အကွာ ရောဝတီမြစ်ကမ်းဘေးရှိ တာလောကြီးရွာရှိ ပြည်သူ့စစ်နာယကဦးဆန်းဝင်းက ဆိုသည်။

"ခလရ ၇၃၇ တပ်ရင်းမှူးက ကြီးမှူးပြုလုပ်ခဲ့တာပါ။ သင်တန်းဆင်း ၃၉၂ ယောက် ရှိပါတယ်။ သင်တန်းဆင်းပွဲမှာ ရှမ်းတိုင်းရင်းသားရေးရာ ဝန်ကြီးက သဝဏ်လွှာပို့တယ်။ ကင်တားနားလာလို့ လူကိုယ်တိုင်တော့ မရောက်ခဲ့ပါဘူး။ ကျပ်တစ်သိန်း ချီးမြှင့်ပါတယ်။ သင်တန်းက နှစ်ပတ်ကျော် သုံးပတ်နီးပါး ကြာမြင့်ခဲ့ပါတယ်"ဟု ၎င်းက ဆိုသည်။

ပြည်သူ့စစ် သင်တန်းကို အခြေအနေပေးလျှင် ထပ်မံပေးဦးမည်ဖြစ်ပြီး၊ နောက်တစ်ကြိမ်သင်တန်းပေးဖြစ်ပါက အမျိုးသမီးများပါ ထည့်သွင်းပေးသွားမည်ဖြစ်ကြောင်း ဦးဆန်းဝင်းက ပြောသည်။

"ဖေဖော်ဝါရီ ၄ ရက်နေ့မှာ နှစ်ဖက်ရွှေလီမှာ ငြိမ်းချမ်းရေး ဆွေးနွေးတယ်။ ဒါပေမဲ့ ၅ ရက်နေ့ကျတော့ ရွာက ၁၀ မိုင် အကွာ ကျွန်တော်တို့ဆီက လူငါးယောက်ထဲက တစ်ယောက်အဖမ်းခံရတယ်။ အဖမ်းခံရတဲ့သူကလည်း ပြည်သူ့စစ်ထဲကပဲ။ ကျန်တာတွေတော့ လွတ်သွားတယ်။ ကေအိုင်အေဘက်က ငြိမ်းချမ်းရေးလုပ်ချိန်မှာ လူသစ်မစုဆောင်းသင့်ဘူးပေါ့။ အဲဒီတစ်ယောက်က ကြိမ်ခတ်သစ်ခွရှာ ထွက်သွားတာလေ။ အိမ်ထောင်သည်ပါ။ စီးမောင်လို့ခေါ်တယ်" ဟု၎င်းက ဆိုသည်။

အိမ်ခြေ တစ်ထောင်ကျော် ရှိသည့် တာလောကြီးကျေးရွာတွင် အဓိက အားဖြင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြပြီး၊ လက်ရှိအချိန်တွင် စိုက်ပျိုးရေးနှင့် လုံခြုံရေးကို အလှည့်ကျစနစ်ဖြင့်ဆောင်ရွက်နေရကြောင်း သိရသည်။

"အနီးအနားက ရွာလေးရွာလည်း သင်တန်းပေးကြပါတယ်။ ဒီသင်တန်းတွေက ရပ်ရွာကာကွယ်ဖို့အတွက်ပဲ ရည်ရွယ်တာ။ ရှမ်းလူမျိုးတွေ အေးအေးဆေးဆေး လုပ်ကိုင် စားသောက်နိုင်အောင် ဆောင်ရွက်ဖို့ပဲ ရည်ရွယ်ခဲ့တာပါ"ဟု ဦးဆန်းဝေက ဆိုသည်။

ပထမအကြိမ်ကို ယမန်နှစ် မေလတွင် စတင်ခဲ့ပြီး လက်နက်နှင့် ငြိမ်းချမ်းရေးယူပြီး ပြန်လာသည့် လူငယ်များနှင့် ပြည်သူ့စစ်ကို ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။

"လူအင်အား ၂၅၀ လောက်ရှိပါတယ်။ ယမန်နှစ် နှစ်ဆန်းလောက်က ဖွဲ့ထားခဲ့တာပါ။ ဒီလိုမျိုး ကိုယ်ရပ်ရွာက လူငယ်တွေနဲ့ ပြည်သူ့စစ် ဖွဲ့ထားတဲ့ ရွာတွေက ရှမ်း၊ ဗမာရွာတွေပဲ ဖွဲ့ကြတာပါ။ အခုဆိုရင် လက်နက်ကိုင်တွေ ကျွန်တော်တို့ကို မထိရဲဘူး။ အရင်တုန်းက ကျွန်တော်တို့ရွာကို နောက်ခံထားပြီး လက်နက်ကိုင် တပ်ဖွဲ့စစ်တပ်နဲ့ စစ်ဖြစ်ကြတော့ ကျွန်တော်တို့ ရွာနာပါတယ်"ဟု ဧရာဝတီမြစ်ကမ်းဘေးမှ ရှမ်းရွာတစ်ရွာက အမည်မဖော်လိုသူ တစ်ဦးက ဆိုသည်။

ကချင်ပြည်နယ်တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံစုပေါင်း နေထိုင်ကြပြီး ခရိုင် လေးခု၊ မြို့နယ် ၁၈ ခု၊ မြို့နယ်ခွဲ ၁၁ ခုဖြင့် ဖွဲ့စည်းထားပြီး လူဦးရေ ၁သမ၆ သန်းကျော်ရှိသည့်အနက် ကချင်လူမျိုး ငါးသိန်းကျော်၊ ဗမာလူမျိုး လေးသိန်းကျော်၊ ရှမ်းလူမျိုး သုံးသိန်းကျော်နှင့် အခြားတိုင်းရင်းသားလူမျိုး သုံးသိန်းကျော်နေထိုင်လျက်ရှိကြောင်း သိရသည်။ ■

ပစ္စည်းသစ်အဖြာဖြာ ဖတ်စရာ . . .

မန္တလေးအထူးကဏ္ဍ ခ မှ

oabmeÅ&Sdwpfpufum;ykdkwif

ဒီကုတင်လေးတွေကတော့ ကားပုံ ကုတင်နဲ့ပုံစံတူပေမယ့် အပေါ်ဆင့်နဲ့ အောက်ဆင့်က တော်တော်လေးကွာပါတယ်။ စင်ပုံစံလုပ်ထားတာမို့ အကာအရံတွေပါပေမယ့် လေဝင်လေထွက်ကောင်းအောင်လို့ သေချာ ပြုလုပ်ထားပါတယ်။ သဘော်ပုံစံရဲ့ စာအုပ်စင်က ပိုကြီးပါတယ်။ ဈေးနှုန်းကသဘော်ကုတင်က ကျပ် ခြောက်သိန်းဝန်းကျင်ဖြစ်ပြီး ဘတ်စ်ကားကုတင်ကတော့ ကျပ်ခြောက်သိန်းကျော်ဖြစ်ပါတယ်။



wpfa,muftydkukwiftjrifh

လှေကားနဲ့တက်သွားရမယ့် ကုတင်ပုံစံက ကလေးတွေအတွက်သာမက အပျိုမလေးတွေအတွက်ပါ အဆင်ပြေစေမှာပါ။ ဘီရိုကျယ်ကျယ်နဲ့ အံဆွဲကျယ်ကျယ်တွေပါသလို စာကြည့်စားပွဲနဲ့ ထိုင်ခုံလည်း ပါဝင်ပါတယ်။ ဈေးနှုန်းကတော့ ကျပ် ရှစ်သိန်းဝန်းကျင်ပါ။ အခုအထက်မှာ ဖော်ပြသွားတဲ့ ကုတင် အမျိုးအစားအစုံကို အရည်အသွေးကောင်းတဲ့ ကြိတ်သားနဲ့ ပြုလုပ်ထားပြီး အလျား က ခြောက်ပေ သုံးလက်မ လောက်ရှိတာမို့ ကလေးတွေ အပြင်လူငယ်တွေ၊ လူလတ်ပိုင်းတွေလည်း အသုံးပြုနိုင်ပါတယ်။ သတင်းကောင်းပါးချင်တာကတော့ အဲဒီကုတင်တွေ အားလုံးကို 10 % Discount ပေးထားပါတယ်တဲ့။ စိတ်ဝင်စားလို့ ဝယ်ယူချင်တယ်ဆိုရင်တော့ ၃၅ လမ်း၊ ၇၇ လမ်းနဲ့ ၇၈ လမ်းကြား က Wonderful House Furniture မှာ ဝယ်ယူရရှိနိုင်ပါတယ်နော်. . . ။ ■









မန်းဆေးကျောင်းသား ငါးရာခိုင်နှုန်းသာထွက်ရ

ရွှေကူသစ္စာ

မန္တလေးဆေးတက္ကသိုလ်မှ ကျောင်းထွက်ရသည့် ကျောင်းသားရာခိုင်နှုန်းမှာ တစ်နှစ်လျှင် ငါးရာခိုင်နှုန်းခန့်သာရှိသည်ဟု ပါမောက္ခချုပ် ဒေါက်တာသန်းဝင်းက ပြောသည်။

"ဒီကျောင်းမှာ ရာခိုင်နှုန်းနဲ့တွက်မယ်ဆိုရင် ငါးရာခိုင်နှုန်းလောက်တော့ ထွက်ရတာ ရှိပါတယ်။ ဒီလိုဖြစ်တာကလည်း ကျောင်းသားတွေ စာစိတ်မဝင်စားကြလို့ ဖြစ်ပါတယ်။ ဆရာက မုန်းပြီး ချတာမဟုတ်ပါဘူး။ ဒီဆေးကျောင်းကတော့ ပြည်သူတွေကို ကုသပေးဖို့ မွေးထုတ်ပေးရတဲ့ကျောင်းဖြစ်လို့ တကယ်တတ်မြောက်သွားမှ ဖြစ်မှာပါ။ ဒီအတွက် စည်းကမ်းချက်တွေရှိပါတယ်"ဟု ၎င်းက ပြောသည်။

မန္တလေးဆေးတက္ကသိုလ်မှ ကျောင်းထွက်ရသည့်ကျောင်းသားအရေအတွက်များပြားနေသည်ဟူသည့် သတင်းထွက်ပေါ်နေသည့်အတွက် ၎င်းက အထက်ပါအတိုင်း ရှင်းလင်းပြောကြားခဲ့သည်။

ဌာနနှစ်ခုထပ်၍ အ လုပ်ဆင်းခဲ့သည်ဆိုသော အလုပ်သင်ဆရာဝန်အား ထုတ်ပယ်လိုက်ခြင်းနှင့် ပတ်သက်၍လည်း "အလုပ်သင်ဆရာဝန်အဖြစ်ကနေ ထုတ်လိုက်တယ်ဆိုတဲ့ ကျောင်းသားဟာလည်း ဒီလိုပါပဲ။ ကျောင်းပြီးလို့ စာမေးပွဲထပ်မဖြေရတော့ပေမယ့် သားဖွား မီးယပ်တို့၊ ကျန်းမာရေးဌာနတို့မှာ အလုပ်သင်ဆိုတာ ဆင်းရပါတယ်။ ဘွဲ့တန်းမရသေးပါဘူး။ ဒီလို အလုပ်သင်ဆင်းတဲ့အခါမှာ နေ့စားသဘောနဲ့ အလုပ်သင်ရင်းနဲ့ ဆင်းရတာပါ။ အဲဒီမှာ ကျောင်းသားတွေရဲ့ စည်းကမ်းလိုက်နာမှု အားနည်းရင် မိဘတွေကို ခေါ်ယူသတိပေးတာရှိပါတယ်။ တစ်ခါတည်း လက်မှတ်ထိုးခိုင်းပါတယ်။ သားဖွားနဲ့ ကျန်းမာရေးမှာ ရက်ထပ်ပြီး တာဝန်ထမ်းဆောင်တဲ့ပုံ ဖြစ်နေပါတယ်။ အလုပ်နှစ်ခုကိုထပ်ဆင်းတဲ့အတွက် ထုတ်လိုက်တယ်လို့ပဲ ပြောနေပေမယ့်လည်း တစ်ဖက်မှာက အမှန်တကယ် တာဝန်ထမ်းဆောင်ခြင်းမရှိဘဲ လက်မှတ်ကို လိမ်လည်ထိုးတာ ဖြစ်ပါတယ်။ ပြီးတော့ တာဝန်ထမ်းဆောင်ဖို့ သတ်မှတ်ချိန်နှစ်နှစ်ထက်လည်း ကျော်လွန်ခဲ့တာ ဖြစ်ပါတယ်"ဟု ဒေါက်တာသန်းဝင်းက ပြောသည်။

မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးတွင် ၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အတွင်း အလုပ်သင်ဆရာဝန်အဖြစ်တစ်နှစ်ပုံမှန်တာဝန်ထမ်းဆောင်စဉ် ပျက်ကွက်ရက်များအတွက် ရက်စားတာဝန် ထမ်းဆောင်သည့် အလုပ်သင်ဆရာဝန်လေးဦးမှာ အလုပ်သင်တာဝန်များကို သတ်မှတ်ခွင့်ပြုကာလ နှစ်နှစ်အတွင်း ပြီးဆုံးအောင် ထမ်းဆောင်ခြင်းမရှိသဖြင့် ဆေးတက္ကသိုလ်တွင် ပြုလုပ်သည့် ပညာရေးအဖွဲ့အစည်းအဝေးများတွင် ဆုံးဖြတ်ချက်များအရ အလုပ်သင် ဆရာဝန်အဖြစ်မှ လေးဦးကို ရပ်စဲခဲ့သည်။

"ဒီဆေးကျောင်းတက်လာတာ ဘွဲ့ရဖို့ တစ်လအလိုမှာ ထုတ်လိုက်တယ်ဆိုတော့ အဝေးသင်ပြန်တက်ဖို့ဆိုရင်တော့ ကျွန်တော် စိတ်မပါတော့ပါဘူး။ အလုပ်သင်ဆရာဝန်အဖြစ်နဲ့ တာဝန်ရပ်စဲခြင်း ခံရတဲ့ထဲမှာ ကျွန်တော်ကတော့ အလုပ်တာဝန်ကို သားဖွားမီးယပ်ဌာနနဲ့ ရက်စား ၇၆ ရက် တာဝန်ထမ်းဆောင်စဉ် ကလေးကျန်းမာပညာဌာနတွင် ရက်စား ထမ်းဆောင်မည့် ၁၉ ရက်ကို ဌာနနှစ်ခု ထပ်ပြီး တစ်ပြိုင်တည်း ထမ်းဆောင်ခြင်းဆိုတဲ့အချက်နဲ့ တာဝန်ကနေရပ်စဲလိုက်တာပါ။ တကယ်ဆို ကျောင်းမထုတ်ဘဲနဲ့ တခြားပြစ်ဒဏ်မျိုးပေးသင့်ပါတယ်" ဟု ၂၀၁၂ ခုနှစ်၊ မတ်လတွင် ကျောင်းမှ ထုတ်ပယ်ခံခဲ့ရသော အလုပ်သင်ဆရာဝန် ကိုပိုင်စိုးက ပြောသည်။

ဒေါက်တာသန်းဝင်းကမူ "တစ်နှစ်ဆိုရင် ဝါနိုမ်ပေးပါတယ်။ ဒါပေမဲ့ နှစ်နှစ်ထိစောင့်ပါတယ်။ သူကတော့ နှစ်နှစ်ကို ကျော်သွားတဲ့အပြင် ၁၉ ရက်မှာ လက်မှတ်လိမ်ထိုးတာတွေအတွက် စစ်ဆေးမှုတွေ လုပ်ခဲ့ပါတယ်။ ဒီလို အဆင့်ဆင့် စစ်ဆေးပြီးမှသာ ထုတ်ပယ်ခဲ့တာဖြစ်တဲ့အတွက် ဝန်ထမ်းတစ်ယောက်ကို အရေးယူရာမှာ လွယ်လွယ်လုပ်လို့မရပါဘူး။ ဆေးသိပ္ပံပညာဦးစီးဌာနဆိုတာ ရှိပါတယ်။ ညွှန်ချုပ်ကို စာတင်ရပါတယ်။ ဝန်ကြီးကိုလည်း တင်ရပါတယ်။ ဒီလို အဆင့်ဆင့်ဖြတ်သန်းရတာပါ။ ဆရာ့သဘော တစ်ခုတည်းနဲ့တော့ အလွယ်တကူလုပ်ပစ်လို့ မရနိုင်ပါဘူး" ဟု ပြောကြားသည်။ ■



မန္တလေး–မြစ်ကြီးနားသွားလမ်း သပိတ်ကျင်းမြို့နယ်လမ်းကြောတွင် လူစီးမှန်လုံကားတစ်ဦးတိမ်းမှောက်နေသည်ကို ယနေ့လဒုတိယအပတ်ကတွေ့ရစဉ်။ ကားမှာလမ်းဘေး ကုန်းပေါ်တွင်တင်နေသည်ကို ကရိန်းဖြင့် မတင်ရာမှ စတီးကြိုးပြတ်ပြီး တိမ်းမှောက်သွားခြင်းဖြစ်ကြောင်း ကားတိမ်းမှောက်ခြင်းအတွက် တစ်ဦးတစ်ယောက်မှ ဒဏ်ရာရရှိခြင်းမရှိကြောင်း အနီးရှိ ဒေသခံများထံမှ သိရသည်။ ၎င်းလမ်းကြောင်းသည် မြန်မာပြည်မြောက်ပိုင်းအတွက် ကုန်စည်စီးဆင်းမှုဌာ အဓိကအရေးပါသောလမ်းဖြစ်သော်လည်း လမ်းခရီးမကောင်းမှုများကြောင့် မကြာခဏဆိုသလို ကားတိမ်းမှောက်မှုများဖြစ်ပွားနေကြောင်းသိရသည်။ သတင်း - သန်းနိုင်ဝိုး၊ ဓာတ်ပုံ - စည်သူလွင်

MANDALAY QuickGuide
Advertising Hotline:
02 65391 | 02 24450
www.mmtimes.com

GEMS & JEWELLERY
SILK
Fashion
Beauty Salon
Beauty Salon
Education
Travel agency
Diva fashion
Ditto fashion
Sanstar
Handbag& Fashion
Star Flower
Fashion
amara
fashion
Diamond
Beauty Spa
LECEA
Beauty Mandalay
Best Care
Beauty Center
Long Style
Beauty Saloon
Pink Lady
Beauty Salon
Angle
Beauty Salon
KMC
NEC
Nayyidaw Engineering Center
PEC
Hotel
Hotel Mandalay
HOTEL SHWE PYI THAR
MANDALAY MYANMAR
Hotel Queen
Mandalay
Mount Pleasant
Hotel
Arirang
Korean Language Centre
No.48, 40th St,
Bet; 72nd & 73rd St,
BJ Complex,
First Floor, Mandalay.
09-2023200
Joy House
Food Center
09-43146445
Seven Diamond
Express Travels
GI Group Express
Computer
CMSystemz
Furniture
ROYAL ROOFING
Sea Bird
Foam Store
Service
Super Mobile
Color Stones Mandalay
Gem Classes for Ruby
Sapphire Diamond & colo
Advertising here with
ONLY 5000 KYATS
Hotline : 02 65391, 02 24450